www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ




# အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို

## သင်္ချိုင်းပြုစုသည်။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မူရင်းစာအုပ်မှ ဓာတ်ပုံများ
အရည်အသွေးမကောင်းခြင်းအတွက်
စာရှုသူများသို့ မေတ္တာရပ်ခံပါသည်။

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မင်္ဂလာဒုံလမ်း၊ ရန်ကင်း။
မျက်နှာဖုံး - မှတ်သုန်
၂၀၁၃၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်ဦးဘချို
သခါ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၃။
စာမျက်နှာ ၃၆၀ မျက်နှာ၊ ၁၄ စင်တီ× ၂၀ စင်တီ
(၁) အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်ဦးဘချို

စိတ်ကူးချိုချိုစာအုပ်

# အာဇာနည်ခေါင်းဆောင်ကြီး
# ဒီးဒုတ်ဦးဘချို

## သခါ

ပြုစုသည်။

ဒုတိယအကြိမ်


www.burmeseclassic.com

www.burmeseclassic.com




ဆရာ ဦးဘချို၏ လွတ်လပ်ရေး မော်ကွန်းဝင် ပဌမဆင့် လက်မှတ်

# အာဇာနည်ခေါင်းဆောင်ကြီး
# ဒီးဒုတ်ဦးဘချို



နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံမှုဖြင့် ကျဆုံးခဲ့ရသော
အာဇာနည်အမျိုးသားခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို

www.burmeseclassic.com

www.burmeseclassic.com



**ဓမ္မိဝ်၊ဆောင်ကြီးများ** လုပ်ကြံမခံရမီ ဆရာဦးဘချို
**တွဲတော၊ရွှေဆံတော်**တုရားသို့ နောက်ဆုံး သွားရောက်ဖူးမြော်စဉ်



ချင်းတောင်သာသနာပြု ဆရာတော်နှင့်အတူ ဆာဦးသွင်နှင့် ဆရာဦးဘချို

www.burmeseclassic.com

www.burmeseclassic.com



## ဆရာဒီးဒုတ်ဦးဘချို၏ ဆွေစဉ်မျိုးဆက်ဇယား

တလိုင်းအမတ်ကြီး ဒေါ်ကွန်ဒယို

ရွှေလောင်သူကြီး ဦးရွှေပန်း | မြောင်းမြသူကြီး ဦးအိုးဘုတ် | ပုသိမ်သူကြီး (အမည်မသိ)

သမီးကြီးဒေါ်လုံ + ခုံမင်းကြီးဦးနို


ဒေါ်အုန်းဘူး၊ ဒေါ်ဖော့၊ ဒေါ်ဖာ၊ ဒေါ်ယုံ၊ ဒေါ်မိ၊ ဦးဖိုးမောင်၊ ဦးဖိုးသောင်၊ ဒေါ်မြစ်

ဒေါ်မြစ်+သမားတော်ကြီး ဦးဖိုးစာ

ဒေါ်မှီ | ဒေါ်ကြည် | ဦးဘစီ (ငွေတိုက်ဝန်ထောက်) (ကွယ်လွန်) | ဦးဘချို

**မှတ်ချက်။** ။ ဦးဘချိုမှာ အဘိုးဖြစ်သူ ခုံမင်းကြီး ဦးနို ဝင်စားသူဆိုကာ ငယ်စဉ်က အဖိုးကျန်ရစ်ခဲ့သော ပစ္စည်းများကို ပြန်လည်မှတ်မိ ပြောဆိုနိုင်သည်။ ကလေးတို့ဘာဝ စကားပြောသည့်အခါများတွင်လည်း ထူးခြားသော စကားအသုံးအနှုန်းတစ်ရပ်မှာ (ဒို့ငယ်ငယ်တုန်းကအစား) ဒို့ကြီးတုန်းက ဘာတွေလုပ်ခဲ့သည် စသော စကားလုံးများကို သုံးနှုန်းပြောဆိုတတ်သည် မှတ်၏။





ဒီးဒုတ် ဦးဘချို၏ လက်ရေးစာမူ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဘချို ငယ်စဉ် (၁၈)နှစ်သားပုံ



ရွှေတိဂုံဘုရားအနောက်မုခ် ၂၅ ကြိမ်မြောက် ရုပ်ရှင်ပြဇာတ်ပြပွဲကို ဘုရင်ခံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာဦးဘချိုတို့ ကြည့်ရှုနေပုံ

www.burmeseclassic.com

www.burmeseclassic.com



## စာရေးကြီးကတော် ညည်းချင်းလေးချိုးကလေး

မနက်ခြေ ပျော်စွာမမေ့နိုင်ဘု၊ လက်ဖက်ရည်ဖျော်ကာပေးရန်ဖို့၊ အော်ဒါ အရေးငယ်ကြောင့်၊ ရေနွေးတည်၊ မနက်လင်းပြန်တော့၊ ထမင်းကို အချိန်မှန်ဖို့၊ လိမ်တတန်အညာဖက်ပါလို့၊ ဈေးလယ်ကို ကြွေးဝယ်ထွက်ရတယ်ရှင်၊ ချက်ဖို့အသွယ် သွယ်။ ။ ရုံးတက်ခါ သင်ကြွပြန်တော့၊ ခုခန်းမျက်နှာ မှင်မသနိုင်ဘု၊ မြင်သမျှ ဝတ်အထည်ထည်။ ဖွပ်ဖွယ်ပ စုကာဆောင်း။ ။ချိန်တန်မှ အိမ်ပြန်သူ အလည် မထွက်ရအောင်ပ။ ပါးကွက်မှာ နံ့သာကျံလို့၊ ခဝါပြန်ထည်ဝတ်လဲငယ်နှင့်၊ မြင်မတော် လင်မျှော်ခဲ့ရသော်လည်း၊ ပြန်မလာ ညဏ်ရှာလို့ လွဲတော့တယ် (အမယ်မင်း) ဆဲရမကောင်းပြီဘု(ကျွန်မမှာရှင်) မရပ်မနား မောတဲ့ပြင် တမတ်နှစ်ပြား ချောစေဖို့၊ (ကပွလားရှောပြီး)၊ သနပ်ခါးကော အောင်၊ မွဲလှတဲ့ကံအကြောင်း။ ။

## ဥက္ကလာမခင်စိန် အမည်နှင့်ရေးသားသော မိုးဘွဲ့ ခွန်းထောက်လေးချိုး

ပတ်ကုန်းတဲ့ လဲ့လဲ့မှောင်။ ။မြူခိုးငယ်ထန်စွာနှင့်၊ ဒေဝရာ၊ ရွှေစည်နှိုးပါလို့၊ ရိုက်ကြိုးငယ်–ဘွေဘုံက။ မစုံသူ အနေကြို့အောင်၊ အားလုံ့မာန်ဆောင်။ ။ ဘွေနဘာစံ ဘုံဦးဆီက၊ ငွေခရာ သံစုံကျူးပါလို့။ မြူးလာတဲ့မိဿာရောင်၊ သိင်္ဂါ တောင်ဆီက၊ လှုပ်ချည်သား။ ။သဲလိုက်လိုက်ခုန်၊ ငွေအမွှံတင့်မရဲလိုက်ပါနဲ့၊ ယောက်ထဲချိန်ခါမို့၊ နေသာအောင်ခါအသင့်ပါငဲ့။ ဘွေဝဠာညာတာခွင့်ငယ်ကို၊ ပေးချင့်သနား။ ။

## ရွှေပြည်စိုးအမည်နှင့်ရေးသော မိုးရာသီ အလွမ်းဘွဲ့ စကြာလည် ကေပိုဒ်

ဝေးဘိသည်လည်း ဝေးဘိသည်။ မျှော်ရည်ကြဲထွေ၊ တစ်ကျွန်းနေသို့၊ တစ်မြေရပ်ခြား၊ ပျော်စံစားသည်၊ သက်ထားကလျာ၊ တင့်မျိုးဖြာသည့်၊ သူဇာချိုပြုံး၊ မောင့်မျက်လုံး။ ။ ဘဝင်ဆုံးမျှ၊ ဝသန္တဦ၊ သွန်းချမေဃီ၊ တံမြွာစီ၍၊ နာရီမတန့်၊ ယာယီဖြန့်ခဲ့၊ ဗိုလန့် စေရာ၊ ဒေဝရာလည်း၊ တေဇာထစ်ကြိုး၊ နတ်စည်နှိုးက၊ ဂျိုးတကျိမ့်ကျိမ့်၊ မိုးခြိမ့်ခြိမ့်နှင့်၊ ဖြိုးလိမ့်ဖုံတင်၊ လျှပ်ပန်းဆင်ခဲ့၊ ကိုးခွင်ရှိမှိုင်း၊ မင်းလွင်ဆိုင်း၍၊ ဒေါင့်တိုင်းဝေမှောင်၊ ငှက်ခါးတောင်သို့၊ ရောင်နီလာဆို့၊ ဗီလာကြို့က၊ ပူဖို့ချိန်ခါ၊ စာတမ်းဖြာခဲ့၊ သဥ္စာ သွေညောင်၊ မယ်တို့မောင်မှာ၊ မျှော်ယောင်ခေါ်ယောင်၊ တွေနီးမောင်နှင့်။ ရှာယောင်



မထူး၊ ဗျာလှိုင် ရှုးမိ၊ ချစ်ဦးငယ်ကြင်၊ လှမျိုးသွင်ကို၊ မြင်ယောင်မိသေး၊ တစ်ရပ်ကျေး သည်၊ ဝေးဘိသည်လည်း ဝေးဘိသည်။ ။

ဤရတုတွင် အဓိပ္ပာယ်မြုပ်ကွက်ကလေးများ ပါရှိပေသည်။ ရှေ့အခန်းများတွင် ထင်ရှားပါအံ့။ ယခု နောက်တစ်ပုဒ်ဖြစ်သော 'ကျွန်ရစ်' ဟူသောအမည်ဖြင့် ဆရာရေးခဲ့သည့် (ချစ်တဲ့သူနှင့် သည်ဘဝ၌ သည်မျှနှင့် အကြောင်းကုန်သော်လည်း ပေါင်းဆုံရန် ပန်ထွာနာပြု လိုကြောင်း) လေးချိုးငိုချင်းတစ်ပုဒ်ကိုလည်း စာပေ သုတေသီများအဖို့ ဖော်ပြပါဦးမည်။

'ရှေးဦးကြံ့ သမုဉ္ဇာနမရယ်က၊ ကျေးဇူးပုံပြုပါသမျှကိုဖြင့်။ ခုအခါ ကျွေးအောင်ပ မမေ့နိုင်၊(ခင်ရယ်) ရှုကာဆမိပါရဲ့၊ ယနေ့တိုင်။ ။အမြင်ဖြင့် ရှိုင်းရပေါ့ခင်ရဲ့၊ ယခင် အတိုင်းကိုဖြင့်၊ ကြင်ပိုင်းကို မကြုံသာသမို့ တစ်မူရာတစ်ဆင်နွဲ့ပါလို့၊ ကိန်းမမှန် စိမ်းဟန် နှင့်လွဲရတယ်၊ ထဲစိတ်မခိုင်။ ။ သို့ကလို အမြင်ခြား သော်လည်း၊ ပျို့အပျို့ အထင်မမှား လိုက်ပါနဲ့။ ကြင်အားထက် ချစ်အားလှိုင်။ ။ မြစ်တားငယ် အနိုင်နိုင်နှင့်၊ စိတ်ကသာတင်း၊ (အမယ်မင်း)ချစ်စလျားနော်မပြိုင်စေဖို့ အတိတ်ကြမ္မာယွင်း။ ။အကုန်မဖွင့်သာဘု ခင်ရေ။ ပုံချင့်လျှင်သောင်သီတာနှင့်၊ တောင်ဖီလာတန်တန်ဆီး သည်သို့၊ ခရီးမှာ အမှန် ကွာကြပေါ့၊ မကြံသာ တစ်လက် ပြောင်းသူရဲ့၊ ကံနှစ်ဖြာ အဆက်ဖြင့် ပေါင်းကြပြီမို့၊ သြော်...နောက်နှောင်းဘဝေဘဝတို့၌၊ ရန်ဘယာအခက် ဖုံဖုံ၊ အမှန်နော်ရှင်းတဲ့အောင် (စွဲမိသူရေ) နှစ်ယောက်အကြောင်း မသွေမှုရန်ဘို့၊ ပန်ပတ္တနာ ပနက်ကြပါစို့၊ ဒဂုန် ဆံတော်ရှင်း။ ။

ဆရာငယ်စဉ်ကရေးခဲ့သော ဤကဗျာစုများကို ဆရာ့လက်ရေးမှတ်စုစာအုပ်မှ ကာလကြာမြင့်စွာက ကူးယူရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခု ဆရာ၏ဘဝအတ္ထုပ္ပတ္တိအကြောင်း ကို ရေးသားနိုင်ရန် စုံလင်သထက်စုံအောင် ဆရာ၏ ထိုလက်ရေးမူကဗျာမှတ်စုစာအုပ် အကြောင်းကို မေးမြန်း စုံစမ်းကြည့်သည့်အခါ ဆရာကွယ်လွန်ပြီးနောက် စာအုပ်များ အပြောင်းအရွှေ့ အသိမ်းအဆည်းတွင် ပျောက်ဆုံးသွားရကြောင်း ဆရာ၏ဇနီးနှင့် သမီးများ ထံမှ ဝမ်းနည်းဖွယ် ကြားသိရပါသည်။

## ဆရာ၏အိမ်ထောင်ဘက်

ဤနေရာတွင် နောက်ဆုံးကျွန်ရစ် အမည်ဖြင့် ဆရာရေးခဲ့သော လေးချိုးကလေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်ပြီး အတွင်းစာသားများတွင် အဓိပ္ပာယ်မြုပ်ကွက်ကလေးတွေ အတော်များများ ရှိနေပါသည်။ ဆရာသည် ဤလေးချိုးကလေးကို အကြောင်းမဲ့ရေးခြင်းမဟုတ်ဘဲ သူ့ ရည်ရွယ်ချက်၊ သူ့အဓိပ္ပာယ်နှင့် ရေးသည့်အကြောင်းကို မဖော်ပြမီ၊ ဆရာ ပညာအုပ်ဘဝနှင့် ကျုံပျော်တွင်အမှုထမ်းစဉ် (၁၉၁၉ ခုနှစ်လောက်က) (ယခုဆို နှစ်ပေါင်း ၅၀ ကျော် ရှိပါပြီ) သူ၏ ချစ်ဦးသူကလေးသို့ သတိရတမ်းတလွမ်းဆွတ်ပြီး ရေးသားခဲ့သော (ညွန့်ထက်ညွန့်လန်း စကြာလည်)ရတုပိုဒ်စုံ သုံးပုဒ်ကို ဆက်လက်ဖော်ပြလျှင် ပို၍ အဓိပ္ပာယ်ထင်ရှား ပြည့်စုံပေလိမ့်မည်။

## ဆရာရေးခဲ့သော ညွန့်ထက်ညွန့်လန်း စကြာလည် အလွမ်းဘွဲ့ ရတု-သုံးပုဒ်

(၁) မွေးဘိသည်လည်း..မွေးဘိသည်။ သင်းကြည်ထုံလန်း၊ ခွာညိုသန်း၍၊ နတ် ပန်းသဇင်၊ ဆင်မြန်းလျှင်မျှ၊ သော်တာလသို့၊ ထွန်းပမျက်နှာ၊ တင့်မျိုးဖြာသည်၊ သူဇာ ချိုပြုံး၊ မောင့်မျက်လုံး။ ။ဘဝဂ်ဆုံးနှံ့မျှ၊ ဟေမန္တာ၌၊ သွင်းထမြောက်လေ၊ နှင်းဝေဝေနှင့် မြူခြေရစ်ဆိုင်း၊ ရံတံတိုင်းသို့၊ ပတ်ဝိုင်းဘယ်ညာ၊ ညှင်းလေလာက၊ ခွာပြာညိုသင်း၊ သဇင်မင်းသို့၊ ထုံသင်းကြိုင်ဖွာ၊ ရနံ့ဖြာသော်၊ သူဇာနတ်မျှ၊ မောင့်ကြင်စသို့၊ တမ်းတ စိတ်တွင်၊ လွမ်းမိုးဆင်ခဲ့၊ သဇင်ကြိုင်လန်း၊ ခွာညိုပန်းနှင့်။ နှင်းပန်းတဖြာ၊ ပန်းစုကာကို၊ ဆောင်ပါလေလား၊ မောင့်သက်ထားသို့၊ စေကြားရွှေကျေး၊ မှာတော်ရေးသည်၊ မွေးဘိသည်လည်း မွေးဘိသည်။

(၂) တွေးဘိသည်လည်း ... တွေးဘိသည်။ ရွှေရည်မှင်သ၊ နပေါင်းခ၍၊ အလှတွင် ဆုံး၊ အယဉ်တုံးမျှ၊ ချောလုံးနဂိုရ်၊ နွဲ့ပေါင်းယိုသည်၊ ကြင်လိုသက်ဆုံး၊ မောင့်မျက်လုံး။ တွက်ကြုံးဆကာ၊ ခင့်မျက်နှာသည်၊ သော်တာလလော၊ မျက်နှာလောဟု၊ မနောမောင့် တွင်၊ နှစ်သွယ်ထင်မိ၊ ကြိုင်ရွှင်မျက်လုံး၊ ပမာသုံးသော်၊ တစ်လုံးသောကြာ၊ ကြယ်ဥက္ကါသို့၊ ဒန္တာဖြူဖွေး၊ ပုလဲသွေးမျှ၊ ရွှေမုခလည်း၊ ကြိုင်သျှုထုံပြန့်၊ ကြာညိုနံ့သို့၊ အံ့လောက် ကောသီ၊ ပိတုံးချီလျက်၊ တလီစုတ်ရေး၊ မျက်တောင်သေးလည်း၊ လေးရက်လသွင်၊ တန်တန်ထင်ခဲ့၊ မြင်သူလိုက်မော၊ ပြာနွဲ့ချောသည်၊ ဘယ်သောအရာ၊ ဘယ်ချင်းရာ ကြောင့်၊ ဘဇာကိုတိမ်း၊ ဘယ်တွက်စိမ်းဟု၊ ခွေယိမ်းမှိုင်ငေး၊ သည်မောင်ဆွေးသည်၊ တွေးဘိသည်လည်း တွေးဘိသည်။



(၃) ဆွေးဘိသည်လည်း...ဆွေးဘိသည်။ ဖွေနည်းထောက်ထား မကြင်အားမျှ၊ စိမ်းကားရက်သာ၊ ငဲ့မညှာသည့်၊ တွယ်တာမချင့်၊ မာန်တော်ဝင့်သည်၊ သီးရင့်ဆွေမုန်း၊ မောင့်မျက်လုံး။ ။ရက်သုံးလကွာ၊ နှစ်မှာတာစား၊ ကုန်လများလျက်၊ စောင့်စားမောင့်ဝယ်၊ ချစ်မပျယ်တည့်၊ ဆဆယ်တပိုး၊ လျှင်ထက်တိုးမိ၊ တစ်မိုးသောက်လေ၊ တစ်ရက် ချွေသည်၊ တစ်နေဝင်သွား၊ တစ်လခြားခဲ့၊ နှစ်အားကုန်လည်း၊ တွေ့နိုးရည်၍၊ မကြည် စိတ်ဝမ်း၊ မျှောက်ကာလွမ်းရှင့်၊ ရော်ရမ်းလေလေ၊ ချစ်မပြေတည့်၊ ချစ်ဇွေချစ်မိုး၊ ချစ်စတိုး လျှက်၊ ချစ်ကြိုးဖွဲ့ယူ၊ မေတ္တာကြူမျှ၊ သည်းအူကြွေညောင်း၊ ဗျာပါလောင်းရှင့်၊ ရှေး ကြောင်းကြမ္မာ၊ ကံကိုသာလျှင်၊ ဖန်လာဆိုမူ၊ ငြိုးရန်ပြုရ၊ ရှုမဝသည့်၊ နှမရွှေလှော်၊ မောင့်မျက်ဖျော်၏။ နေတော်နိုင်အား၊ မသနားကြောင့်၊ ပူပွားလိုက်ခါ၊ မောင့်မျက်လွှာမှ၊ တျာတျာနှိုက်ထွေး၊ စိုရောင်ပြေးသည်၊ ဆွေးဘိသည်လည်း ဆွေးဘိသည်။

ထိုရတုသုံးပုဒ်ကို ဤစာရေးသူသည် ကာလအတော်ကြာကပင် ခဲခဲယဉ်းယဉ်း စုဆောင်းရရှိထားရာမှ ယခုဆရာ၏ ဘဝအတ္ထုပ္ပတ္တိကို မရေးသားမီ ဆရာကတော်ကြီး (ဒေါ်ဒေါ်)နှင့် တွေ့ဆုံခဲ့သည်။ ဒေါ်ဒေါ်အား ထိုရတု သုံးပုဒ်အကြောင်းကို ပြောပြကာ ရတု၏ အစချီအချို့ပိုဒ်များကို ရွတ်ပြသည့်အခါမှ ယင်းရတုပါ ချစ်ဦးသူကလေးဆိုသည်မှာ မည်သူဖြစ်ကြောင်း သိလာရတော့သည်။ ဆရာကတော်ကြီးသည် ကျွန်ုပ်၏စကားများကို ပြုံးယောင်ဖြင့် နားထောင်နေရာမှ ထိုရတုများမှာ သူ့ကို ရည်ရွယ်၍ ရေးသားသောရတုများဖြစ်ကြောင်း၊ ထိုစဉ်က (ပညာ့အလင်းသတင်းစာ)တွင် ရေးသားပေးပို့ခဲ့ကြောင်း၊ ထိုရတုများရေးပြီး သူ့ဆီသို့ပင် ယင်းသတင်းစာပါ ထိုရတုများကို ဖတ်မိရဲ့လားဟု မေးသေးရာ ဒေါ်ဒေါ်က 'ပညာ့အလင်းလည်း မဖတ်ဘူး၊ ပညာ့အမှောင်လည်း မဖတ်ဘူး'ဟု ပြန်ပြောခဲ့သည် ဆိုကြောင်း။

ထိုသို့ ပြောဆိုခဲ့ခြင်းမှာ ထိုအချိန်က ပညာ့အလင်းသတင်းစာမှ တိုက်ရှင်ဖြစ်သော ဦးထင်နှင့် ဗိုလ်တထောင်လူဆိုးကြီး ငမိုးလက်ချက်ကြောင့် မြန်မာ့အလင်းအယ်ဒီတာ ဆရာသင် သေဆုံးရသည့်အတွက် စိတ်နာနေ၍ဖြစ်ကြောင်း ပြန်ပြောပြခဲ့ပါသည်။ ယခုအချိန်တွင်မူ ချစ်ဦးသူ ဓာတုကလျာသို့ ရေးခဲ့သော ဘုရင်နတ်သျှင်နောင်၏ စာတော်များကဲ့သို့ ယခုဆရာ၏ ရတုသုံးပုဒ်မှာ အလွန်ရှားပါး အဖိုးထိုက်သော စာဟောင်းများ ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဆရာသည် ကျောင်းဆရာအဖြစ်မှ ပညာစာစစ်ဌာန၊ ပညာအုပ်ရာထူးအဆင့်အတန်းသို့ တိုးတက်အမှုထမ်းနေစဉ်၊ စာနယ်ဇင်းများသို့ ဆောင်းပါး ကဗျာများကို ရံဖန်ရံခါ ရေးသားနေသော အချိန်ဖြစ်သည်။ ထိုအချိန်က အစိုးရပိုင်းမှ လခစားအရာထမ်း အမှုထမ်းများအား သတင်းစာများတွင် စာပေရေးသားထည့်သွင်းခြင်းကို ယခုခေတ်ကဲ့သို့ ကြည်ကြည်ဖြူဖြူခွင့်ပြုခြင်းမရှိခဲ့ရာ မိမိစာပေနှလုံးရည်ကို ကလောင်ခွမ်းဖြင့် ကွန့်မြူးရေးသားလိုက်ကာ တစ်ဖက်မှလည်း အမျိုးသားစိတ်ဓာတ် ပြင်းထန်လှသော ဆရာအဖို့ ထိုအချိန်အတွင်းမှာပင် ၁၉၂၀ ခုနှစ်၊ ကျောင်းသားများ အရေးတော်ပုံ သပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။

ဤတွင် တိုင်းယက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင့်သင့်ဆိုသလို အစိုးရအမှုထမ်းအလုပ်ကို စိတ်ကုန်ငြီးငွေ့နေသောဆရာသည် ကျောင်းနေဖက် ငယ်သူငယ်ချင်းမိတ်ဆွေဖြစ်သော (ကွယ်လွန်သူ–ဒယ်လီကိတ်)ဦးထွန်းရှိန်က 'ခင်ဗျား အစိုးရအမှုထမ်းကျွန်အလုပ်ကိုလုပ်နေမယ့်အစား ကျွန်တော်တို့ရဲ့ သခင်ပညာရေး အလုပ်ထဲကို ဝင်ရောက်ကူပါ'ဟု တိုက်တွန်းနှိုးဆော်လာချက်အရ၊ အချို့အပေါင်းအသင်း မိတ်ဆွေများက မမာပင်စင်(ဆေးပင်စင်)ယူရန် အကြံပေးကြသော်လည်း ငြင်းပယ်ကာ မိမိ(၈)နှစ်ကြာမျှလုပ်ခဲ့သော အစိုးရအလုပ်မှ တစ်ခါတည်း ယတိပြတ် လမ်းခွဲထွက်လာခဲ့လေသည်။

ထို့နောက် အမျိုးသားကောလိပ် ဖွင့်လှစ်တည်ထောင်သောအချိန်တွင် မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီးဦးလွန်းနှင့်အတူ သပိတ်မှောက်ကျောင်းသားများအား ပညာပါရမီကို ဖြည့်ဆည်းသောအားဖြင့် အခမဲ့ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုသို့လုပ်ကိုင်စဉ် ဆရာကြီးအား 'ဆရာက ရာဇဝင်ကို အာရုံပြုပြီး သင်ကြားပို့ချပါ။ ကျွန်တော်က မြန်မာစာပေနှင့်ကဗျာလင်္ကာဖက်ကို ဂရုစိုက်သင်ကြားပို့ချပေးပါမည်၊ စိတ်ချပါ'ဟု ပြောကာ ၎င်းဘာသာရပ်များကို လုံးဝတာဝန်ယူခဲ့လေသည်။

ထိုကဲ့သို့ အမျိုးသားကောလိပ်ကျောင်းဆရာအလုပ်ကို ကိုယ်ကျိုးမဖက်ဘဲ ဆင်းရဲပင်ပန်းခံ ဝင်ရောက်လုပ်ကိုင်နေစဉ်မှာပင်၊ ရေးဘဝပရံပရမှ အကြောင်းကံ၏ စီမံဖန်လာချက်အရ ရန်ကုန်မြို့ မြန်မာအမျိုးသမီးများအသင်း၏ တွဲဖက်အကျိုးဆောင် (စက္ကရီတေရီ) ဖြစ်သော(နောင်အခါတွင် မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးဥက္ကဋ္ဌကြီးဖြစ်သည့်)ယခု ဆရာကတော်ကြီး ဒေါ်လှမေနှင့် တွေ့ဆုံကြကာ ၁၂၈၂–ခုနှစ်၊ နယုန်လတွင် အကြောင်းပါခဲ့လေသည်။



## ထိမ်းမြားမင်္ဂလာပြုသည့်သတင်း

ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း၊ အိမ်နံပါတ် (၇၀) နေ၊ လှည်းကုန်သည် မမကြီး၏သမီး၊ ရန်ကုန်မြို့ မြန်မာမိန်းမများ၏အသင်း တွဲဖက်စက္ကရီတေရီမလှမေနှင့် မြောင်းမြ မြို့အလယ်ပိုင်းရပ်၊ မေခလာဆေးဆိုင်ရှင် ဆရာဦးဖိုးစာ–ဆရာကတော်မမြင့်တို့၏သား ဟင်္သာတမြို့ သုစရိကယုဝအသင်း စက္ကရီထေရီ ပညာအုပ်မောင်ဘချိုတို့သည် ၁၂၈၂ ခု၊ နယုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့တွင် ထိမ်းမြားမင်္ဂလာပြုလေရာ အသင်းများက လူကြီးများနှင့်တကွ ကိုယ်စားလှယ်လူကြီးများပါလာရောက်ချီးမြှင့်ကြလေသည်။

(မြန်မာ့ဖြူပဘာ သတင်းစာ –၁၉၂၀ ခု၊ မေလ ၂၀ ရက်နေ့ထုတ်)

ဤကား ဆရာ၏ ပထမဘဝဖြစ်စဉ် အကျဉ်းချုပ်ဖြစ်ရာ ယခု ဆရာ၏ဝါသနာနှင့် စိတ်သဘောထားများကို စုံသထက်စုံလင်အောင် ထပ်လောင်းဖော်ပြဖို့လိုမည်ထင်သည်။ ဆရာသည် ငယ်စဉ်ကပင် သူ၏ဝါသနာများက သူများနှင့်မတူ ထူးခြားခဲ့သူတစ်ဦးဖြစ်၏။ ထိုဝါသနာများကပင် ဆရာအား ယခုကဲ့သို့ ထူးခြားကျော်ကြားသောဘဝသို့ ပို့ဆောင်ခဲ့သည်ဟု ဆိုလျှင် မမှားပေ။

အသက် (၆)နှစ် (၇)နှစ်အရွယ် ကလေးငယ်ဘဝမှစ၍ပင် ပင်ကိုယ်နူးညံ့ပျော့ပျောင်းသောစိတ်ဖြင့် အလှူရေစက် လက်နှင့်မကွာ ပြုတတ်သော သဒ္ဓါတရားနှင့် ဝါသနာများပါခဲ့သည်။ သူ့အား ကလေးတို့ဘဝ သွားရည်စာမုန့်ဖိုးပေးသည့်အခါများတွင် (ထိုခေတ်က ကြေးပြားပိုက်ဆံများ သုံးစွဲရသော ခေတ်ဖြစ်ရာ) သွားရည်စာမုန့်ဖိုးအဖြစ် ကြေးပြားများကို လက်တစ်ဆုပ်စာအပြည့်ရမှ ကျေနပ်တတ်သည်။

ထိုမုန့်ဖိုးများကိုလည်း သူမစားဘဲ တွေ့သမျှ ဒုက္ခသည်အလှူခံများကို ပေးကမ်းလှူဒါန်းခြင်းဖြင့် ပျော်ရွှင်နှစ်သိမ့်နေတတ်သည်။ အသန့်အပြန့်ကြိုက်ရာတွင်လည်း ယှဉ်စရာရှားလောက်အောင်ဖြစ်ကာ ငယ်စဉ်အခါများက 'မေမေရယ် သားကို ရေအလယ်သားကလေးခပ်ပြီး တိုက်စမ်းပါ။ ရေသန့်သန့်ကလေး သောက်ချင်လွန်းလို့'ဟု ကြံကြံဖန်ဖန် ရှာဖွေပူဆာတတ်သောဟူ၏။

ရေခပ်လျှင်လည်း ခြေကိုစုံရပ်ပြီးမှ ခပ်သည်ကို သဘောကျကာ ၎င်းကိုယ်တိုင်လည်း ဤသို့ပင်ခပ်၍ သောက်တတ်သည်။ ငယ်စဉ်ကပင် ဖွားအေကြီး'ဒေါ်လုံ'၏ လက်ကတုံးတောင်ဝှေးလက်စွဲအချစ်တော်ဖြစ်ရာ ဖွားအေကြီးသွားလေရာ ကျောင်းကန်တုရားများသို့ အမြဲတမ်းလိုက်ပါသွားလေ့ရှိသည်။ ဖွားအေကြီးက နှုတ်တိုက် ချပေးသော

www.burmeseclassic.com



ဘုရားရှိခိုးလင်္ကာရှည်ကြီးများကို နှုတ်တက်ရွရွ မြင်းကောင်းစိုင်းသကဲ့သို့ ရွတ်ဖတ်နိုင်သော အာဂမယုတ္တိဉာဏ်၊ လျင်မြန်သောဇဝနဉာဏ်များမှာ ပဋိသန္ဓေဗီဇကပင် ပါလာသည်ဟု ဆိုရပေမည်။

ဤကဲ့သို့ လျင်မြန်ထက်မြက်သော ဗီဇပါရမီဉာဏ်များနှင့် စိတ်ထားနူးညံ့သိမ်မွေ့ကာ အနုအယဉ်ကို ကြိုက်နှစ်သက်သော သဘောများကြောင့် ယခုကဲ့သို့ ကဗျာလင်္ကာ၊ တူရိယာ၊ ဂီတစသော အနုပညာဘက်တွင် စွမ်းစွမ်းတမံထွန်းပေါက် တတ်မြောက်ကျော်ကြားခြင်း ဖြစ်လေသလားဟု စဉ်းစားတွေးတောရန် ရှိပေသည်။ သို့သော် ဆရာ၏ဝါသနာနှင့်ပတ်သက်၍ အချို့လူများ တွေးပင်မတွေးမိ၊ မသိရှိကြသော အကြောင်းအရာအချက်များလည်း ရှိနေသေးသည်။

## ဆရာ၏သဘောထား

ဆရာသည် စိတ်သဘော နူးညံ့ပျော့ပျောင်းသူဖြစ်ကာ၊ မြန်မာစာ ကဗျာအလင်္ကာ ဂီတတူရိယာစသော အနုပညာဘက်တွင်သာ ဝါသနာထုံသူမဟုတ်ဘဲ ယောကျ်ားတို့၏ စွမ်းရည်သတ္တိနှင့်ဆိုင်သော ကာယဗလ ပြေးခုန်ပစ် ကျန်းမာရေးအားကစားဘက်တွင်လည်း ထူးချွန်နာမည်ကြီးခဲ့သူ တစ်ယောက်ဖြစ်သည်။ ကျောင်းနေစဉ်က အပြေးပြိုင်ပွဲ၊ အလျားခုန်ပွဲ၊ အမြင့်ခုန်ပွဲများတွင် ဆုအမျိုးမျိုးရရှိကာ နာမည်ရခဲ့သူ ဖြစ်သည်။

ထိုစဉ်က ယခု ကျားကူးကျောင်း၊ ဂျူဗလီဟောအနီးတွင် ဆောက်လုပ်ထားသော သံဘီးတပ်ဖိနပ်(စကိတ်)စီးအဆောက်အဦတွင် အင်္ဂလိပ်ကပြားကျောင်းသူကျောင်းသားများထဲမှာပင် ဆရာသည် နာမည်ရစန်းပွင့်ခဲ့သူ ဖြစ်သည်။ ထိုစဉ်က ဒိုင်ဗင်ခေတ် မပေါ်သေးသောအချိန်ဖြစ်ရာ ဆရာသည် ဒိုင်ဗင်ထိုး၊ ကင်းမြီးကောက်ထောင်၊ ကျွမ်းဘားများကို ကျင်လည်စွာ ကစားနိုင်သူဖြစ်သည်။

ထိုစဉ်က ဆရာဦးဘချိုမှာ ယခု ဦးဘချိုလို သျှောင်နှင့်ဆံပင်ရှည်နှင့် ခေါင်းပေါင်းနှင့် မဟုတ်ဘဲ ဗိုလ်ကေကို တိုတိုညှပ်ထားသူ ဖြစ်သည်။ သို့သော် မြန်မာဆန်ဆန် ပိန်းတန်းဖိနပ်၊ မန္တလေးအိမ်တော်ရာ ကတ္တီပါဖိနပ်များကိုကား အမြဲစီး၍ ပင်နီကိုဝတ်ကာ မြန်မာဆန်ဆန်နေခဲ့သူ ဖြစ်သည်။ ဤအချက်ကပင် ဆရာ၏ငယ်စဉ်က ထူးခြားသော စိတ်နေစိတ်ထားနှင့် ဝါသနာတစ်ခုအဖြစ် ပေါ်လွင်ထင်ရှားခဲ့သည်။

ကျောင်းနေစဉ်ကပင် အတီးအမှုတ်တူရိယာဂီတဘက်တွင် ဝါသနာထုံခဲ့သူဖြစ် ကာ ရှေးမြန်မာသီချင်းကြီး၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား စသည်များကို လေ့လာလိုက်စားခဲ့



သည်။ ဆရာချို အမြဲတမ်းဆိုညည်းလေ့ရှိသော အကြိုက်ဆုံးသီချင်းတစ်ပုဒ်မှာ – "တောမြိုင်ခြေလမ်း" (ယိုးဒယား)ဖြစ်သည်။ ဆရာသည် ရှေး(မွန်)ဘိုးဘေး မျိုးရိုးဗီဇက လေးပင်ပါလေသလားမသိ။ အခြားမွန်သီချင်း 'ကောင်းကြီးသခ်ါ' စသည်များကိုလည်း ကြိုက်နှစ်သက်လှသည်။

ကောလိပ်ကျောင်းတွင် ထိုအခါက မောင်ဘချိုနာမည်တူ နှစ်ယောက်ရှိရာ တစ်ယောက်ကို စာကလေးဘချို ခေါ်၍ သူ့အား ဒူတာဘချိုဟု သူငယ်ချင်းများကခေါ်လေ့ရှိကြသည်။ ပါဠိလို–ဒူတ၊ မြန်မာလို–တမန်ဟု အဓိပ္ပာယ်ရရာ ဆရာဦးဘချိုသည် သံတမန်များကဲ့သို့ အပေါင်းအသင်းဝင်ဆံ့ကာ လူမှုဆက်ဆံရေးတွင် ပြေပြေပြစ်ပြစ်လူချစ်လူခင်ပေါများသူ ဖြစ်သည်။

နှုတ်လက်ပေါ့ပါးသူ ဖြစ်၍ အပေါင်းအသင်းမိတ်ဆွေများအား မည်သူ့ကိုမဆို အကြောင်းကိစ္စကြုံလာသမျှကို ကူညီရိုင်းပင်းစောင့်ရှောက်တတ်သူလည်း ဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်းများက အလိုရှိသော မည်သည့်ပစ္စည်းလက်ဆောင်များကိုမဆို ၎င်းအိတ်ထဲမှ စိုက်ထုတ်ဝယ်ယူပေးရသည့်တိုင် မရ–ရအောင် ရှာဖွေ ဆောင်ကြဉ်းပေးလေ့ရှိခြင်းဖြင့် ကျောင်းသူကျောင်းသားများ၏ အကျိုးဆောင်အချစ်တော်ကြီးတစ်ဦး ဖြစ်ခဲ့သည်။

သူ ကျောင်းထွက်ပြီးနောက် စာနယ်ဇင်းလောကသို့ရောက်သွားသည့်အခါ၊ ပထမ သူ့ကလောင်အမည်က 'တောက်တဲ့'၊ နောက် သူထုတ်သော ဂျာနယ်အမည်က ဒီးဒုတ် ဖြစ်ရာ စနေနံနှစ်လုံးကို လက်မလွှတ်နိုင်သော သူ့ကို သူငယ်ချင်းမိတ်ဆွေဟောင်းအပေါင်းအဖော်များအား သတိရသောအထိမ်းအမှတ်ဖြင့် 'ဒူတမှ ဒီးဒုတ်'ဟု ပြောင်းလဲမှည့်ခေါ်ထားလေသလားဟုပင် မေးမိကြောင်း" ဆရာနှင့်ကျောင်းနေဖက် သူငယ်ချင်းဟောင်းတစ်ဦးဖြစ်သော စာရေးဆရာကြီး'မွန်းဓာတု' ပြောဖူးသောစကားများကို မှတ်သားရဖူးသည်။ နယ်ချဲ့လက်ပါးစေများ၏ လက်ချက်ဖြင့် ဆရာကျဆုံးခဲ့ရစဉ်အခါကလည်း ဆရာ၏ ဒီးဒုတ်ဂျာတွင် ဆရာကြီးမွန်းဓာတုက ထုတ်ဖော်ရေးသားခဲ့သည်များကို ဤအတိုင်း ဖတ်ရသည်။

## ဆရာတို့ခေတ်နှင့် အချိန်

ဤတွင် မေးစရာတစ်ချက်ရှိသည်ကား ယခုကဲ့သို့ အနုအယဉ်ကို ကြိုက်ကာ စိတ်သဘောထား နူးညံ့ပျော့ပျောင်း၍ ဂီတကဗျာ လင်္ကာသမားတစ်ဦးဖြစ်သော ဆရာကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံရေးနှင့်တကွ နီးနီးစပ်စပ်လုပ်ကိုင်ရသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအလုပ်ကို ဒုက္ခပင်ပန်းဆင်းရဲခံ၍ လုပ်ကိုင်ခဲ့ခြင်းများကို အချို့က အံ့ဩကြောင်း အံ့ဩပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖော်ပြခဲ့ပြီးဖြစ်သည့် ဆရာ၏မျိုးရိုးဗီဇနှင့် ငယ်စဉ်က ပါရှိလာခဲ့သော ပဋိသန္ဓေပါ အမျိုးချစ်သောစိတ်ဓာတ်တို့ကို သိပြီးသူများအဖို့မူ ထိုသို့ အံ့ဩလိမ့်မည် မဟုတ်ပေ။

ဆရာသည် နဂိုဝမ်းတွင်းသဘော နူးညံ့ပျော့ပျောင်း သိမ်မွေ့ဖြောင့်မတ်ကာ တစ်ဖက်သားအပေါ် ကြင်နာသနားသည်းခံတတ်သောစိတ်နှင့် လူချင်း ဆက်ဆံပေါင်းသင်းရာတွင် မာန်မာနတရား ကင်းစင်နှိမ့်ချသော စိတ်မျိုးရှိသော်လည်း ဤကဲ့သို့ နှလုံးရည်ဘက်တွင် ကြီးမားပြည့်ဝသော ဆရာကဲ့သို့ ပညာရှင်တစ်ယောက်အဖို့ မိမိလူမျိုးနှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသော အမျိုးနှင့် တိုင်းပြည်ကို ထိပါးလာက ဆတ်ဆတ်ထိမခံတတ်သော ဗီဇပဋိသန္ဓေ အမျိုးသားဓာတ်မာန်ဓာတ်သွေး မျိုးချစ်စိတ်နှင့်ပညာရှင်မာန မျိုးရှိတတ်စမြဲ ဖြစ်သည်။

ထိုအချက်များက ဆရာ၏ ဘဝတ္ထုပ္ပတ္တိတွင် အပြည့်အဝဖော်ပြပါရှိ၍ နေသည်များကို တွေ့ရသည်။ အမှန်အားဖြင့်လည်း ဆရာတို့ ငယ်စဉ်ဘဝ လူလားမြောက်လာခဲ့သော အချိန်ကာလများက မြန်မာပြည်ကြီး ကျွန်အောက်သဘောက်ဘဝသို့ ကျရောက်ကာ တိုင်းတစ်ပါးနယ်ချဲ့များ၏ ကြီးစိုးစော်ကားခြင်း အရှိန်အဟုန်ကလည်း ကြီးမားပြင်းထန်၍နေသော အချိန်ဖြစ်ရာ ထိုနာကျည်းဖွယ် အတွေ့အကြုံအဖြစ်အပျက်များက ဆရာကဲ့သို့ အမျိုးချစ်သူတစ်ဦးအဖို့ ပဋိသန္ဓေပါဓာတ်သွေးဓာတ်မာန်ကို နှိုးဆွပေးသကဲ့သို့ ရှိမည် မုချပင်။

တစ်နည်းဆိုရလျှင် ဆရာတို့၏ခေတ်မှာ မြန်မာပြည် နိုင်ငံရေး၏ အစပျိုးချိန်ဖြစ်သော ဝိုင်၊ အမ်၊ ဘီ၊ အေ* ခေတ်မှ မြန်မာ အသင်းချုပ်ကြီးဖြစ်ပေါ်လာခဲ့သော ဂျီ၊ စီ၊ ဘီ၊ အေ** ခေတ်ဖြစ်ရာ တစ်သက်တစ်ခါ မြန်မာပြည်တွင် တစ်ခါမျှ မကြုံတွေ့ခဲ့ဖူးအောင် အမျိုးသားများ စည်းလုံးညီညွတ်တန်ခိုးထွားခဲ့ရာမှ နောက်တဖန် အမျိုးသားများ၏ ခြေလှမ်းမမှန် ဖောက်ပြန်ပျက်စီး နိမ့်ဆင်းခဲ့ရသည်။ ထိုနာကျည်း ခါးသည်းဖွယ် တွေ့ကြုံရသော အဖြစ်အပျက်များက ဆရာအား ယခုကဲ့သို့ နာမည်ကျော် သတင်းစာဆရာ နိုင်ငံရေးသမားတစ်ဦးအဖြစ်သို့ ပို့ဆောင်ခဲ့သည်ဟုဆိုလျှင် မမှားပေ။

သို့သော် ဆရာ၏ ဘဝအတွေ့အကြုံများကား ကြမ်းတမ်းသော ခရောင်းလမ်းကို လျှောက်ရသကဲ့သို့ ဖြောင့်တန်းသော လမ်းခရီးတစ်ခုမဟုတ်ဘဲ ပင်ပန်းလှ၏။ ဆင်းရဲခြင်းအမျိုးမျိုးနှင့်လည်း တွေ့ကြုံခဲ့ရ၏။ တဒင်္ဂချမ်းသာခြင်းသုခနှင့်လည်း တွေ့ရ၏။ ငိုချင်လောက်အောင် စိတ်ပျက်ဖွယ်များနှင့်လည်း ဆုံဆည်းခဲ့ရပေရာ ဆရာ၏အကြောင်း အတ္ထုပ္ပတ္တိကား ဘဝမျိုးစုံလှပေသည်။ ထိုစဉ်က ဆရာ၏ သတင်းစာနယ်၊ နိုင်ငံရေးနယ်တွင် စတင်ဝင်ရောက် ကျင်လည်ကျက်စားခဲ့ရသော အတွေ့အကြုံအဖြစ်အပျက်အကြောင်းအရာများတွင် ယခုခေတ် မသိ မမှီလိုက်ကုန်သော သုတေသီလူငယ်များအဖို့ သိမှတ်ဖွယ် နည်းယူဖွယ်ကောင်းသောအချက်ပေါင်း မြောက်များစွာ ရှိလေသည်။

* Y. M. B. A.
** G. C. B. A.



## မြန်မာ့ရီဗျူးဂျာနယ်

ဆရာပိုင် ကိုယ်တိုင်ဦးစီးရေးသား ထုတ်ဝေခဲ့သော ဒီးဒုတ်ဂျာနယ်နှင့် သတင်းစာများကို မထုတ်မီ ပဝေသဏီအချိန်ကပင် ဗန္ဓုလဂျာနယ်၊ မြန်မာ့ရီဗျူးဂျာနယ်များတွင် ထိုခေတ် နိုင်ငံရေးနှင့်ပတ်သက်၍ ဆရာသည် ဆောင်းပါးပေါင်းများစွာ ရေးခဲ့သည်။ အထူးသဖြင့် ယခုအချိန်တွင် လူသိနည်းလှသော (စာပေနယ်မှ အချို့ပုဂ္ဂိုလ်များပင် မသိကြသော)ရက်သတ္တပတ်တစ်ကြိမ်ထုတ် မြန်မာ့ရီဗျူး*ဂျာနယ်ကို ဆရာကိုယ်တိုင် အယ်ဒီတာချုပ်အဖြစ် ဦးစီးထုတ်ဝေခဲ့သည်။ ထိုဂျာနယ်တွင် ကလောင်အမည် အမျိုးမျိုးဖြင့် အခန်းပေါင်းများစွာကို ဒိုင်ခံရေးခဲ့သည်။

ထိုဂျာနယ်တွင် မည်သည့်အခန်း၌ မည်သည့်နာမည်ဖြင့် ရေးသားခဲ့ကြောင်းကို ထိုအချိန်က သိမှီသူများနှင့် ဆရာ့ဇနီးသားသမီးများပင် တပ်အပ်မပြောနိုင်ခဲ့ပေ။ သို့သော် ဆရာ၏အကြောင်း စာတမ်းကို ဖတ်ကြားရန် ဤစာရေးသူသည် ထိုခေတ်က သတင်းစာဂျာနယ်အဟောင်းများကို လက်လှမ်းမှီသမျှ၊ အချိန်ရသမျှ လိုက်လံရှာဖွေ စုဆောင်းဖတ်ရှုရေးသားရသည့်အခါတွင် ဆရာကိုယ်ပိုင်ထုတ် ဒီးဒုတ်ဂျာနယ်တွင် ရေးသားပါရှိသောအခန်းများမှ လေယူလေသိမ်းအယူအဆ အရေးအသားများကို နှိုင်းယှဉ်ဖတ်ရှုရခြင်းဖြင့် ခန့်မှန်းသိနိုင်ခဲ့ရပေသည်။

အချို့ဆောင်းပါးများတွင် ရေးသူအမည် မဖော်ထားသော်လည်း (သို့မဟုတ်) အခြားကလောင်အမည်တစ်ခုခုနှင့် ရေးသားခဲ့သော်လည်း ထိုစဉ်က ဆရာရေးသားသုံးနှုန်းခဲ့သော စကားလုံးများအတိုင်း နောင်အခါ ဆရာ၏ဒီးဒုတ်ဂျာနယ် အချို့အခန်းများတွင် တွေ့မြင်ဖတ်ရှုခဲ့ရသည်။

* Burmese Review.

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မြန်မာ့ရီဗျူးဂျာနယ်တွင် ဆရာသည် 'ပေါ်ရာဏာဘဏ်တိုက်'အမည်ဖြင့် ကဗျာလင်္ကာအကြောင်းနှင့်ပတ်သက်၍ ကျမ်းတစ်စောင်တစ်ဖွဲ့ ထုတ်ဝေနိုင်လောက်အောင် ဆောင်းပါးများကို အပတ်စဉ်ရေးသားခဲ့သည်။ သို့သော် ရေးသူအမည် မပါရှိပေ။ နောင်အခါများတွင် ကဗျာလင်္ကာနှင့်ပတ်သက်၍ ထိုစဉ်က ဆရာရေးခဲ့သော အချို့ဆောင်းပါးများကို ဆရာ၏ဒီးဒုတ်ဂျာနယ်တွင်လည်းကောင်း၊ အခြားစာနယ်ဇင်းများတွင်လည်းကောင်း၊ ဆရာ့နာမည်ဖြင့်ပါရှိသည်ကို ကြိုကြားကြိုကြား ဖတ်ရှုရသည်။ ထိုသို့ဖတ်ရှုရခြင်းဖြင့် ခန့်မှန်းနိုင်ပေသည်။ အခြားအကြောင်းအရာများနှင့် အခန်းများသည်လည်း ထိုနည်းတူပင် ဖြစ်သည်။

ထိုစဉ်က မြန်မာ့ရီဗျူးဂျာနယ်တွင်ပါရှိသော အောက်ပါမာတိကာစဉ်ကို ကြည့်ခြင်းအားဖြင့်လည်း ဂျာနယ်၏အဆင့်အတန်းကို ခန့်မှန်းနိုင်ပေသည်။


(၁) ရာဇဝတ်မှုများနှင့် ၎င်းအကြောင်းခံများ (ခေါင်းကြီး) ၁
(၂) ငွေရှာလက်တွေ့ (စီးပွားရေး) ၂
(၃) နေရှင်နယ် မှန်ပြောင်း (ပညာရေး) ၄
(၄) လောကကြီး ကမောက်ကမ(နိုင်ငံရေးသတင်းစုံ) ၄
(၅) အဖိုးလက်ဆောင် (ဆေးနက္ခတ်ဓာတ်ကျမ်း) ၅
(၆) ပလဲနှင့်နံပ(စကားပြောခန်း) ၆
(၇) မှန်ပြရာဇဝင် (ရာဇဝင်ခန်း) ၈
(၈) ပေါ်ရာဏာဘဏ်တိုက်(ကဗျာလင်္ကာခန်း) ၁၀
(၉) လောကီပညာမှတ်သားစရာ(အင်းဓမ္မ–ကပ္ပလင်္ကာရ) ၁၂
(၁၀)စိုက်ပျိုးရေးဝိနစ္ဆယ ၁၄
(၁၁)ဘိုးဘိုးအောင်ဆောင်းပါး (ယောဂီရသေ့ကြီး၊ ဘိုးဘိုးအောင်) ၁၅
(၁၂)ဂျီ၊ စီ၊ ဘီ၊ အေ–ဥဆုံ(ဂျီ၊ စီ၊ ဘီ၊ အေ–သတင်းများ) ၁၇
(၁၃)မယ်ကုဝဏ်မှတ်တမ်း ၁၈
(၁၄)တိုင်းခြားအရေးတော်ပုံ(နိုင်ငံခြားသတင်းများ) ၁၉
(၁၅)မစ္စတာ–ဒီးဒုတ်၏ ပစ္စရလက်ခတ်ကျမ်း ၂၁
(၁၆)ချစ်အာရုံဝတ္ထု (ရေးသူ စံပယ်) ၂၃
(၁၇)ဝါဏိဇ္ဇလက်စွဲ (ကုန်သန်းဈေးနှုန်းဝယ်ရေး) ၂၅
(၁၈)ရယ်ရွှင်ဖွယ် နဝရတ်ရုပ်ပိုင်း ၂၆




အထက်ပါ မာတိကာကို ကြည့်ခြင်းအားဖြင့် ထိုစဉ်က ထွက်နေသော ဂျာနယ်များတွင် ဆရာ့ဂျာနယ်မှာ အတော်ပင် အဆင့်အတန်းမြင့်မားသည်ကို တွေ့ရ၏။ ယင်းမာတိကာစဉ်များမှာ အပြောင်းအလဲမရှိ၊ အမြဲတမ်း ပင်တိုင်ဆောင်းပါးရှင်များ ပါဝင်ရေးသားကြသော အခန်းများဖြစ်သည်။ ထိုအခန်းများ၌ ကဗျာလင်္ကာ၊ ဗေဒင်နှင့်နက္ခတ်၊ ဓမ္မ ဆေးဓာတ်ကျမ်းအခန်းများစသော လောကီပညာရပ်မျိုးစုံ ပါရှိသည်ကို တွေ့ရသည်။

## ဆရာမှိုင်း၏ ကလောင်အမည်တစ်ခု

ဤတွင် အထူးခြားဆုံး အချက်တစ်ချက်မှာကား ဆရာ၏အာစရိရင်းချာ တစ်ဦးဖြစ်သော မြန်မာပရော်ဖက်ဆာဆရာကြီး ဦးလွန်းအမည်ခံ ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းနှင့် ပတ်သက်သည့်အခန်းပင် ဖြစ်သည်။ ဆရာကြီးသည် တပည့် ဦးဘချို ဦးစီးထုတ်ဝေသော မြန်မာ့ရီဗျူးဂျာနယ်တွင် ဘယ်အခါမျှ မခွဲတမ်းလက်တွဲခဲ့သော ဆရာနှင့်တပည့် ဝတ္တုရားအညီ အခန်းတစ်ခန်း ပါဝင်ရေးသားခဲ့သည်။

သို့ရေးသားရာ၌ ထူးခြားချက်ကား ဆရာကြီးသည် မူလကလောင်အမည်ဖြစ်သော ယောဂီဆရာ မစ္စတာမောင်မှိုင်းအမည်ကို မသုံးဘဲ (ဘိုးဘိုးအောင်)အမည်နှင့်ဖြစ်၏။ ဤသည်ပင် စာပေမြုပ်ကွက်တစ်ခုဖြစ်ကာ၊ ဤအကြောင်းသည် ယနေ့စာပေနယ် သုတေသီတိုင်း မသိခဲ့သော မြုပ်ကွက်တစ်ခုပင် ဖြစ်သည်။ ဆရာကြီး၏ ယင်း(ဘိုးဘိုးအောင်) ဆောင်းပါးကို ဆရာကြီးလေယူလေသိမ်း(မူ)အတိုင်းပင် ပဏာမစကား နိဒါန်းချီကာ မြန်မာ့ရီဗျူးဂျာနယ် ပထမဆုံးစာစောင်အတွဲ ၁၊ ၁၂၈၅ ခု၊ ဝါခေါင်လဆုတ်(၈)ရက်၊ (၃/၉/၂၃)တွင် ဤသို့ ထူးထူးခြားခြား ဖတ်ရပေသည်။

ငွေနဝရတ်အရောင်၊ မြေဓာတ်ပြောင်သည့်၊ ရွှေနတ်တောင်မည်ရှိ၊ ကဋ္ဌနာဂီရိဟုဘွဲ့သာသည့်နဂရာမှ၊ ကွန်းထောက်ခါ တယ်မဝေးသည့်၊ လေးမြွာရှိရပ်ပမာတွင်၊ ဓာတ် သမ္မာထုံနှိပ်၍၊ လုံပိတ်ခါ ကျင်းကိုက်အောင်၊နဝင်းသိုက်ကြီးကို တူးတူးပြီး၊ တရှုးရှူး ဖိုထိုးလျှက်၊ လျှိုရိုးချောင်စခန်းမှ၊ ကမ္မဋ္ဌာန်းနဲ့ ပျော်မွေ့လိုမို့၊ ရသေ့မနှစ်ကျိုပ်ကျော်ကျော် တို့ကို၊ ကျိုပ်တော် နှိပ်သော်အပေါ်းတွင်ထားပြီး၊ တရားသဘင်များခင်ကျင်းဟောပြောလေ့ ရှိပေသော၊ အရညဝါသီ၊ တောမှီရသေ့ဆရာကြီးဦးအောင်က အထူးလက်ဆောင်ပါး၍ ဓမ္မဒ္ဒါရ မချို့ရအောင် ဥက္ကလာပမြို့ရပ်ဌာန်၊ မြန်မာ့ရီဗျူး ဗိမာန်သို့၊ စာပြန်ကာကြား ရောက်လိုက်ပါသည်။ အယ်ဒီတာ ဒါယကာကြီး ဗျား။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသော်တမူကား ယမန်နေ့အခါက ဆရာတို့ သီတင်းသုံးနေထိုင်ရာ၊ ကဋ္ဌနာဂီရိမြို့ကြီးအနီး အုံချီးဖွယ်ရာ၊ ဝနာရှိစခန်းတစ်လျှောက် လွမ်းလောက်ဖွယ်ရာကောင်းသည့် ဤမည်သော ရွှေနတ်တောင်ဘုရားကြီးရဲ့ တောင်ခြေအနား၊ ထိုမည်သော ကျုပ်တို့ရဲ့ဆွမ်းအမ ဖွားသီလကြီးရဲ့ ဇရပ်ကျောင်းမှာ ခတ်အပေါင်းထုံတွေဖွဲ့ပြီး ပြဒါးကလေး ခဲနေဆဲအခါ၊ ဘွားကနဲရောက်လာသော စာတစ်စောင်ကို ကျွန်ုပ်ဆရာကိုယ်တိုင် ဖောက်ကာကြည့်လိုက်ရာ မြန်မာ့ရီဗျူးဆိုတဲ့ရက်သတ္တသတင်းကို ဖြန့်ခင်းထုတ် ဝေမည်ဖြစ်ရာ ဒကာရင်း ဆရာရင်းဖြစ်သည့် အားလျော်စွာ သိုက်သမိုင်းရာဇဝင်သသောတို့ကို ဟောပြောကူညီသည့်အနေနှင့် တစ်ခန်းတစ်ဝါဒလောက်သာဖြင့် ဆွမ်းဒါကာ၊ ဒကာမတို့ရဲ့အကျိုးကို သယ်ပိုးရွက်ဆောင်သောအား၊ ချီးမြှောက်ရေးသား ပေးသနားတော်မူပါမည့်အကြောင်းနှင့် ဒကာတော် ဒီးဒုတ်ရဲ့လျှောက်လွှာကိုဖောက်ခါ ကြည့်၍ သိရသည်နှင့်တစ်ပြိုင်နက် များစွာပင်ဝမ်းမြောက်ခြင်းရှိသော်လည်း ဆရာ့မှာ အလုပ်မအားလှသဖြင့် စုတ်များတောင် သတ်လိုက်မိသော...ဟူ၏ ။

သို့ရာတွင် အကြင်သို့သော မင်းနန္ဒာ၊ မင်းစန္ဒာ စသည့်တပည့်မနှစ်ကျိပ်ကျော်တို့နှင့် တကွ တရားပြဟွစိုရ်မှီးတဲ့ အဖွားအိုကြီး သီလရှင်ပါ အလွန်ပင်သသောကျကြ၍ သောမနဿ ဖြစ်ကြသည့် အားလျော်စွာ ဆေးဒါန်းသတ္တုဖမ်းရာမှထပြီး ဝမ်းသာလှသော စိတ္တုပ္ပါဒ်ဖြင့် 'မိမယ်သူရသိ၊ သတီနတ်၊ ကောင်းမြတ်လှစွာ၊ သူတကာကို၊ ပညာကြီးကြောင်း၊ ဆောင်ပေကောင်းရှင့်၊ ထပ်လောင်းစီးပွား၊ ကျွန်ုပ်အားလည်း၊ စကားသာချိုတစ်ခွန်းဆိုက၊ အဟိုလူနတ်၊ စိတ္တုပ္ပါဒ်ဖြင့်။ ။ ညွှတ်အောင် မယ်စော၊ မစေသော' ဟူ၍၊ ဝန်ဇင်းမင်းရာဇာအမတ် ရေးစပ်ဖွဲ့စီအပ်သော ဟိဘကာရီလင်္ကာပါဠိနှင့်အညီ။ ဤမည်သော သူရဿတီနတ်သမီးကား ပညာအရာကောင်းစွာစောင့်ရှောက်တတ်သည့်ပြင်၊ အကြင်သို့သောစကား၊ အပြောအဆို၊ 'ထိုထိုစာရေးဆရာ။ ။ ကဗျာလင်္ကာအဖွဲ့အနွဲ့ အစီအကုံးတို့၌၊ လုံးလုံးကြီးစောင်မ နိုင်သည်ဟု၊ ရှေးပညာရှိ ကဝိသူမြတ်တို့ မိန့်မှာအပ်သည်နှင့်အညီ၊ ဤမည်သော သူရဿတီနတ်သမီးကို တိုင်တည်၍၊ မြတ်စွာဘုရားအား ဝပ်တွားဦးနှိမ်၊ သုံးကြိမ် သုံးတန် ပဏာမခံပြီးလျှင် မြန်မာ့ရီဗျူးဆိုတဲ့ အမည်နာမဂုဏ်ဒြပ်ကို ဘုံဒြပ်နှင့်တင်စားပြီး၊ မင်္ဂလာစကားကောက်ယူမိသည်မှာကား၊ ကျုပ်တို့ရဲ့ မြန်မာပြည် အညာတကောင်းပြည်ကြီးကို၊ လက်မွန်အစ ပထမ၊ မဟာသမ္မတမျိုးဖြစ်တဲ့၊ အဘိရာဇာ မင်းကြီးသည်၊ မြန်မာတို့ ဦးစွန်းကြီးကို ဘုန်းမီးနေ-လပမာ၊ စိုက်ပျိုးတည်ထောင် လာခဲ့သဖြင့် ယင်းသည် အခါမှစ၍ သုဝဏ္ဏဘုံ၊ သထုံ



ရွှေမြေ၊ သရေခေတ္တရာ၊ ပေါက္ကံ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ ရတနာသိင်္ဃ၊ ရတနာအင်းဝ၊ အမရပူရ၊ နဂရဖေယျ၊ ရတနာပုံ မန္တလေး၊ နေပြည်တော်ကြီးတိုင်အောင် တစ်လျှောက်၊ ဘုန်းရှိန် သမ္ဘာန်ရှိန် မပျောက်ဘဲ ထွန်းတောက်ခဲ့ရာ ယခုတိုင် မတိမ်ပဘဲ ဘိန္နကရဲ့ တကောင်းမျိုးမြန်မာတို့၊ ထွန်းရိုး ထွန်းစမြဲပင် ရှိပေသေးရကား ယင်းသည့်ပမာ၊ မြန်မာ့ရီဗျူးဆိုတဲ့ရက်သတ္တ သတင်းသည်လည်း၊ အဆက်မပြတ်ရာသမင်းဖြင့်၊ အမျိုးဘာသာ သာသနာအညွန့်တို့၊ အစွန့် နောင်လာ ထွန်းစိမ့်သောငှာ ဘဝဂ်တိုင်ကျော်ကြူး၍ အထူးထူးသော ဂုဏ်ဒြပ်တို့နှင့် ကမ္ဘာမှာ တံခွန်ဆောက်လောက်အောင်၊ ခေတ်အလိုက် ပထမဦးဆုံး ထွန်းတောက်ပေါ်လာခြင်းလည်း ဖြစ်ပေထသော၊

ဆင်မြန်းသောအရပ်ရပ်တို့မှာလည်း ထီးမူနန်းရာ ယဉ်ကျေးသောစကားအရာ၊ ဝါစာသီလိဋ္ဌ အလုံးတို့နှင့် ပညာရှိ အသုံးအနှုန်းတို့ကို စီကုံးဖွဲ့နွဲ့ရေးတဲ့ဦးမည်ဖြစ်ရကား၊ မြန်မာတို့ အစဉ်သုံးလောက်အောင် ဘုန်းနဲ့ကံနဲ့ပေါ်လာသဖြင့် လျှော်ရာလျှော်ရာဖြစ်သော မြန်မာတို့ အနုဇာတ်ကားကြီးကို အထူးမှတ်သားဖွယ်ရာကောင်းပေသောအဆီ အနှစ်တို့နှင့်၊ သည်ခေတ်မှာ ပေါ်လာသည့်အကောင်းအဆိုးတို့ကို အကြောင်းအကျိုးဆက်တွဲသဖြင့် တကောင်းမျိုးမြန်မာတို့၏ လက်စွဲလည်း ဖြစ်ထသော၊

စလေဆရာ၊ မင်းလှသင်္ချာ စသော ရှေးပညာရှိ ပုဂ္ဂိုလ်ကြီးတို့၏ ထုံးနည်းဥပဒေသ၊ နယဂ္ဂတို့နှင့် ခေတ်သမကြီးမှာ ပြည့်စုံကြွယ်တဲ့၊ အယ်ဒီတာဆရာကြီးတို့၏ ကျက်စားရာ အထူးကြေးမုံပြင် ရီဗျူးကြီးလည်း ဖြစ်ထသော။

ရှေးပညာရှိအမတ်၊ မင်းဆရာအရပ်ရပ်တို့၊ တသမတ်တည်း ဖူးမြင်၍ ဦးတင်ကြီးဖွင့်ရာ၊ မဟာရာဇ ဌာနီမင်းနေပြည်ကြီး၌ ကျောက်တွေးတစ်ဆူ အရေးယူ၍ လေးမှုရှိသေထိုက်သော၊ ပညာရှိမင်းဆရာ အပေါင်းတို့၊ နိုအောင်းမွေ့လျော်၊ အလေ့တော်ဖြစ်၊ စေ့ဆော် နှစ်ခြိုက် နှလုံးပိုက်အပ်သော လောကီလောကုတ္တရာအပေါင်းတို့ စုဝေးရာ မဟာပိဋကတ် တိုက်ဘကီးလည်း ဖြစ်ထသော၊

မုန်း-ဘာပသ။ အစောရတို့ကို၊ ဂါရဝပြုသည့်အလား၊ တစ်သပိတ်သော ဆွမ်းများနှင့်၊ ဆရာအားပင့်ဖိတ်သည်မှာ အခါဦးမင်္ဂလာအကြိုက်မို့၊ အစဉ်ထာဝရအလိုက် ကြီးပွား၍ ကြီးသား ငယ်သားမဟူ၊ ပြည်သူ သတ္တဝါတို့ အေးချမ်းပြီး၊ ဘေးဘမ်းသကြု ကင်းကွာရန်နှင့်၊ သာသနာအညွန့်၊ အစွန့်နောင်လာ၊ ကြီးပွားရန်၊ ပုဗ္ဗနိမိတ်ကြီးများလည်း ဖြစ်ထသော၊

ဤသို့စသော ဂုဏ်အထူးတို့ဖြင့်၊ ချီးကျူးမကုန်၊ အဖုံဖုံပြည့်စုံသော ဥက္ကလာဒဂုံတိုင်းကြီး၏ အလယ်၊ တင့်တယ်သိုက်မြိုက်သော မြန်မာ့ရီဗျူးကြီး၏ ...ပြုးပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခြင်းအကြောင်း၊ ကောင်းမြတ်သော မင်္ဂလာနှင့်၊ ပညာသိုက်ကြီးကို ထူးဆွယ် ပြီး၊ အထူးတလည် ဝမ်းမြောက်သဖြင့်၊ အောက်၌ပါသော ဩဘာမင်္ဂလာ၊ ကဗျာကြီး လေးကြော့ကို တျာနည်းတေးကျော့နှင့် ဆရာကြီးရေး ရော့ဦးမည်ဟုလို။

## မြန်မာ့ရီဗျူးဘွဲ့ ဩဘာမဟာကဗျာလေးချိုးကြီး

ငွေနရဝတ်အရောင် လျှမ်းဖြာခ ပေတဲ့၊ ရွှေနတ်တောင် ခန်းသာဝနဆီက။ အထွေ ထွေခာတ်ရှောင် ဖမ်းရာကထ,ပါလို့၊ ကမ္ဘဋ္ဌာန်း ဘာဝနာ ဓမ္မတွေနှင့်ကျင့်သိက္ခာ၊ အိုကွယ်...တစ်ခန်းတစ်ဝါဒသာကဖြင့်၊ စန်းပမာတမျှလို့သို့၊ လျှမ်းကာ ပ,ပပြီး၊ မြန်းလာ ကြွပါ ဘုရားရယ်ဟု၊ ဆရာ့ကိုကွယ် ဆွမ်းဒကာ ဒကာမတို့ရယ်က ပင့်ဖိတ်ရှာ။ ။ ဩော်...မြန်မာ့ရီဗျူးရယ်လို့နော အကြံဉာဏ် အစထူးလိုက်ပုံက၊ နဘံအဇ္ဈေသို့ ကြူး လောက်ပေရဲ့၊ ဘွဲ့ထူးတော် သမ္မာဂုဏ်မဖြင့်၊ ကမ္ဘာတုန်အောင် တံခွန်လွှစ်မှာမို့၊ ပြည်ချစ်ဖွယ်ကြေညာမဆုံးတဲ့အောင်၊ သည်ခေတ်ဝယ် တေဇာဖုံးမှာက၊ စလေဆရာ ကဝေသခ်ယာတို့ တန္တုန်းပေပ၊ ဩ...စန်းနဝရတ်အသွင်လိုနှယ်၊ အခန်းခန်း အရပ်ရပ် ဆင်တဲ့ အလုံးတွေမှာဖြင့်၊ ပန်းရပ်တစ်ခွင်မှာ ကျမ်းတတ်အသျှင်တို့ ထုံးလိုပ။ မန်းတစ် ခွင် နန်းစဉ်သုံးစေဖို့၊ အိုကွယ်...ဆန်းယဉ်အလုံးသနဲ့ဟာမို့၊ ငြိမ်းဆင်ကုံးသဖွဲ့သာပ။ ဘုန်းနဲ့ပေါ်လာ။ ။တန်ခိုးအလျှံ ရောင်ဝါ ကမ္ဘာ...ကမ္ဘာမှာလူးတဲ့ပြင်၊ အမျိုးမြန်ဆောင် မှာ၊ ဘာသာ့ သာသနာမြှူးစေဖို့၊ တစ်မျိုးကြံဆောင်ကာ သမ္မာ သမ္မာအမှုပေပ။ အဖိုးတန် အောင်ဟာ ဝစနာ့ ဝစနာအနှုးတွေနှင့်၊ မြန်မာ့ မြန်မာရီဗျူးကိုဖြင့် အပြီး ထုတ်ရှာ။ အို...အကြီးဥက္ကဋ္ဌမှာဖြင့်၊ မြန်ပြေဖန်လေမစောင်း။ ကျောင်းအမရယ် ဒီးဒုတ် ဒကာရယ် က၊ အကြံရည် ဉာဏ်ရည်လောင်း။ ။ခေတ်အလိုက်မှာ ဖြစ်ထိုက်အောင် အခါခါဖြင့်၊ နှစ်ခြိုက်အောင် တသာသာပ။ နဝင်ခရာအမော် ပညာအကျော်အထူးတွေ တို့၊ မြော်ဖူးတင် ဦးတင်ဖွင့်သကဲ့သို့၊ မြန်သပြေ ဉာဏ်ရည်ရင့်သူတို့ကဖြင့်၊ ဩ... ပြိုးပြိုးပြောင်းသရွေ့ တဝင့်ဝင့်ဝါပါသလေ။ ဘိုးဘိုးအောင်ရသေ့ကို၊ ပင့်ကြတာကား အမြင့်သမ္မာကြွယ်စေဖို့၊ မြန်မာတစ်နယ်တွင် ဆားဘမ်းသကြူ၊ ချမ်းသာလို့အေးတဲ့ အောင်၊ ပြန်စာကိုကွယ် ဆေးဒါန်းသတ္တုဖမ်းရာကံ၊ ရေးလိုက်ရ။ ဟိုရှေးနော် အောင်မြေပထဗျာမှ၊ ပြောင်ဝေသမ္မာ မောင်ရွှေမြန်မာတို့ ထူးတဲ့အောင်၊ ဆောင်ရ ဝေမှာ နောင်အရှည်သာမယ့် ရီဗျူးပါတဲ့နော၊ နှုန်းပြောင်ပြောင် ရုံးထောင်တဲ့ အမှုးမှာတော့၊ ကုန်းဘောင် ဘုန်းရောင်မြူးသလို၊ ဩ...ကျူးမြောင်ကနဦး ဖန်လာသမျှမှာတော့၊ လျှံဝါပ တဲ့ နာဂရာအပေါင်းပေကွယ့်၊ ဟံသာကစ၍ အဖြာဖြာ မစောင်းပေဘူး၊ အင်း...နဘံအဇ္ဈောကာသဗြဟ္မာတို့တောင် ပြောင်းရပါတဲ့



(အို...မင်းစန္ဒာတို့ရဲ့) အနှာသို့ အထူး လွှမ်းစရ သဘာမချို ပြာကတူးညွန်းသမျှတွေနှင့် မြန်မာတို့ ဦးစွန်းအစမှာတော့ ပထမ အညာတကောင်း။

ဘိုးဘိုးအောင်
အရှည်ဝါသီယောဂီကိုဏ်းကြီး ဥက္ကဋ္ဌ
ရွှေနတ်တောင်

ဆောင်းပါးနှင့် လေးချိုးကြီး၏ လေယူလေသိမ်းကို ဖတ်ရခြင်းဖြင့် ဆရာကြီး၏ လက်ရာအစစ်ဖြစ်ကြောင်း အကဲခတ်နိုင်သည်။ သို့သော် အဘယ်ကြောင့် ရှိပြီးကလောင် အမည်ကို မသုံးဘဲ 'ဘိုးဘိုးအောင်' အမည်ကို သုံးရသည့်အကြောင်းကို ကျွန်ုပ်တို့ဆရာများ ထံ စူးစမ်းမေးမြန်းခဲ့ဖူးသည်။

ထိုစဉ်က ဂျီ၊ စီ၊ ဘီ၊ အေကြီးအကဲ့တွင် အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်း များ ပျက်စီးခဲ့ရာ ထိုကျောင်းများကို အစိုးရအထောက်အပံ့မခံယူဘဲ တည်ထောင်နိုင်ရန် ကလည်း ရန်ပုံငွေမရှိ၊ အလှူခံလည်း လုံလုံလောက်လောက်မရ။ သို့ဖြင့် ရှေးက ရွှေဖြစ် ငွေဖြစ် ပထမံဆရာကြီးဦးအောင် (ရသေ့ကြီးဘိုးဘိုးအောင်)ဟူ၍ ပြည် သရေခေတ္တရာမြို့ တွင် ရှိခဲ့ဘူးရာ ထိုအချက်ကို ရည်ရွယ်လျက် ပြည် ရွှေတောင်နယ်သားတစ်ဦးဖြစ်သော ဆရာကြီးသည် ဤမည်သော (ရသေ့ကြီးဘိုးဘိုးအောင်)ကလောင်အမည်ကို ယူ၍ ရေး လိုက်ခြင်း ဖြစ်သည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ပင် မစ္စတာမောင်မှိုင်းအမည်ဖြင့် နောင်ဆရာကြီး ရေးသော ဘွိုင်ကောက်ဋီကာတွင် ယင်းကောလိပ်သပိတ်ရန်ပုံငွေကောက်ခံ ထည့်ဝင်ရေးနှင့် ပတ်သက်၍...


ခေမာ...'တပည့်တော်တို့ အစစ်ဆရာ၊ မစ္စတာဆိုတဲ့ မှိုင်းကလည်း၊ ဝိုင်းမှာဘဲ တော်မယ်၊ ကိုင်းဘယ်လောက် ထည့်မတုန်းဘုရာ့'

'ထည့်ချင်ပါသော်ကော ခေမာရယ်၊ စေတနာရှိသမျှ ပြောရမှာဖြင့်၊ တပည့်မပေါ တဲ့ ကဝိဆရာတပသက၊ တပည့်ဒကာ ဒကာမတွေကို အပူမရှာဘဲ၊ ဇမ္ဗူမြန်မာ အမြို့ မြို့/အရွာရွာမှာ၊ အဖြာဖြာသော ကျောင်းတွေဆောက်ဆောက်ပြီး ချီးမြှောက်ချင် တာပါပဲ၊ အနို့အရာတွင် ကိုယ့်အကြံစိတ်ရှိသမျှ သဒ္ဒိကမပေါက်သေးတော့ ဆောက်ပေးဖို့ အချက်ထဲမှာ လက်ဝဲကလည်း အတွက်မသာ၊ လက်ျာကလည်း အပေါက်မတည့်နဲ့ တကယ့်ကို ခက်နေတော့တာပဲ။


အော်–လက်ဝဲဆိုတာ လုပ်ရပ်အတတ် အင်္ဂရတ်နည်းအားဖြင့် အဖြူလင်းကိုဆို တယ်၊ လက်ျာဆိုတာကတော့ အဝါလမ်းကိုဆိုတယ်၊ လိုရင်းမတော့ ငွေနဲ့ရွှေပေါ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကောလိပ်(ဗဟန်း)တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာဦးဘချို့နှင့်တပည့်များ



(၂၉-၁၀-၄၆)နေ့ အုပ်ချုပ်ရေးကန့်ကွက်ပွဲတွင် ဗိုလ်ချုပ်နှင့်အတူ ရှေ့ဆုံးမှတွေ့ရသော ဆရာဦးဘချို့ပုံ

## မာတိကာ


- ပြုစုသူ၏အမှာစာ ဍ

**အခန်း (၁)။ ဆရာ၏ဘဝအစ** ၁

ဆရာ၏မျိုးရိုးနှင့် အိမ်ထောင်ဖက်၊ ဆရာ၏ ဝါသနာနှင့်သဘောထား၊ ဆရာတို့၏ ခေတ်နှင့်အချိန်အခါ၊ မြန်မာ့ရီဗျူးဂျာနယ်၊ ဆရာမှိုင်း၏ကလောင်အမည်တစ်ခု၊ အမျိုးသားကျောင်းများနှင့် ဂျီစီဘီအေ၊ အထောက်ခံ/မခံကွဲကြခြင်း၊ တစ်ခုရုပ် ၁၃ ဦး၊ ဆရာ၏ ကလောင်အမည်တစ်ခု၊ အကွဲရောဂါကြီး၊ အမျိုးသားကောလိပ်ကြီး၏ရှာပုန၊ (၃) ကြိမ်မြောက် အမျိုးသားနေ့၊ (၃) ဦးနှင့် (၂၁)ဦး ဂျီစီဘီအေအကွဲ၊ ဂျီစီဘီအေ ဌဆုံသတင်းများ။

**အခန်း (၂)။ အိန္ဒိယကွန်ဂရက်နှင့် မြန်မာ့ဂျီစီဘီအေ** ၄၃

ပူးသတ်နှင့်ပူးပေါင်းဝါဒ၊ ဒိုင်အာခီ(၂၂)ဌာန၊ ဒီးဒုတ်ငှက်တပ်ကြီးချီခန်း၊ နိုင်ငံရေး ကလိန်ခြို၊ ဂျီစီဘီအေ(သန်း)နှင့်(ကြမ်းပိုး)ဆွေးနွေးခန်း၊ နိုင်ငံရေးဝါဒကြီး (၃)ခု၊ ဆရာပီမိုးနင်း ပိုက်ဆံနှင့်ပိုက်စမ်း၊ ဆေးမတွေ့သောရောဂါ၊ ပညာ့အလင်း ဦးတင်နှင့်ညီညွတ်ရေး။

**အခန်း (၃)။ ပလဲနံ့ပအခန်း** ၆၅

လေပွေကြီးနှင့် စကားတောင်စား၊ အရိုးစိမ်းနှင့်ကျောင်းတော်ကရန့်စ၊ အရိုးစိမ်းနှင့် ရွှေဘိုသူမယ်ငြိမ်း။


www.burmeseclassic.com

www.burmeseclassic.com



ထိုးရတာကလည်း ပြတ်တောင်းပြတ်တောင်းနဲ့ ခတ်ကောင်းကောင်းအရည်မလည်တော့ ပြေနယ်မှာ အသရေဖြန်းအောင်ဟာ ရွှေမိုးငွေမိုးမပြောနဲ့ စကောမိုးတောင်မှ မရွာနိုင်သေးဘူး'ဟု ရေးထားသည်ကို တွေ့ရသည်။

ထို့နောက် ရှေးအခါက သရေခေတ္တရာ ပြည်မြို့မှ ရွှေဖြစ်ငွေဖြစ် ရသေ့ကြီး ဦးအောင် (ဘိုးဘိုးအောင်)နှင့် ပြည်ပေါက္ကံ(ပုဂံ)မှ ရှင်အဇ္ဇဂေါဏ(ရှင်မထီး)တို့ အကြောင်းအရာ မေတ္တာစာလေးချိုးကြီးတစ်ပုဒ်ကို ဤသို့ရေးသားသည်ကို ဖတ်ရသည်။

## ယူနီဘာစီတီဘွဲ့လေးချိုးကြီး (ကောက်နုတ်ချက်)

'ဘွဲ့ဂုဏ်းကောက်အဖြစ်မှာ မေတ္တာအထည် မသေးသော်လည်း၊ မှိုင်းတစ်ယောက် မစ္စရာ, ချစ်စရာမမယ်သေးနိုင်ဘု၊ သစ္စာတကယ့် သွေးတွေဟဲ့လို့ တွေးသနဲ့ နောင်အမို့ အလို့ (အိုကွယ်) ခေတ္တရာ နယ်တကျေးဆီက မေးရက်မောင်တို့ကို။ ။အော်– ဝေးခရီးကပေ မယ့်၊ အရေးကြီးလျှင်ဖြင့် သွေးနီးရာပါစမြဲပေမို့၊ ဆရာလည်းကွာ ပထမအရင် ကနဦးဆီ က မြန်မာ့တစ်ခွင်မှာ သမ္မတရှင် မလူးခင်ပ၊ (ထ) ဆင့်ထူးကို တမြည်မြည်သင်ခဲ့သမို့၊ (ထိ)မထင် ကျောင်းတော်သားတွေရဲ့၊ အမည်အစဉ်မှာ ခေါင်းအပေါ်ဖျားမှာလ၊ မင်းရို့ ဆရာကို စာရင်းတို့ကာ ထားလိုက်ကြပါတော့၊ (ဩ) ဘုရားသိကြားတွေမ,လို့မို့၊ အများဝေနေယျတို့ကို အရှည်ပမယပဝေ သရေခေတ်ဆီက၊ ငွေဖြစ်သူ ဆရာအောင်ရဲ့ ဖြင့်၊ မြန်မာဘောင်ပေါက္ကံတိုင်းတွင်မှ၊ သမိုင်းတစ်စောင်သစ်ခဲ့တဲ့၊ အဇ္ဇဂေါတာဆရာရှင် မထီးတို့လို့၊ ဖြစ်ကြသောအခါ၊ ဘာအဝင်မှာ ပြီးစေဖို့၊ ခရီးသည်ရောက်ရာ ကြိုးခဲ့တယ်၊ အမျိုးအတွက် သဒ္ဓါတရ ကိုယ်ပါနော်၊ မြိုးမြိုးမြက်မြက်၊ အကျိုးနက်စေဖို့၊ ထိုးရက်ပါကိုး...'

ဆရာတို့ သတင်းစာဆရာ နိုင်ငံရေးသမားများအဖြစ် ဝင်ရောက်စတင်လုပ်ကိုင်ခဲ့ရသော အချိန်ကလည်း နိုင်ငံရေးပွဲကြီးပွဲကောင်းများနှင့် တွေ့ကြုံရသော အချိန်ကြီးပင်ဖြစ်သည်။

## အမျိုးသားကျောင်းများနှင့် ဂျီ၊ စီ၊ ဘီ၊ အေ

မြန်မာနိုင်ငံတွင် နေလို လလို ထွန်းတောက်တန်ခိုးကြီးခဲ့သော ပထမမြန်မာအသင်းချုပ်ကြီး (ဂျီ–စီ–ဘီ–အေ)အတွင်း အစိုးရနှင့် မဆက်ဆံရေး၊ အခွန်မပေးရေး၊



ရာထူးလက်မခံရေး၊ ဝံသာနု သပိတ်သမားများက တစ်ဖက်၊ ဒိုင်အာခီအုပ်ချုပ်ရေးအတွင်း ဝင်ရောက်ရာထူးယူကာ အတွင်းလမ်းမှ ပူးသတ်မည်ဆိုသော ၂၁ ဦးဂိုဏ်းသားများက တစ်ဖက် စ၍ကွဲကာ မကြာမီ ဂျီ–စီ–ဘီ–အေ မြန်မာအသင်းချုပ်ကြီးသည်လည်း လှိုင် (ဦးချစ်လှိုင်)၊ ပု(သာယာဝတီဦးပု)၊ ကျော်(ဦးထွန်းအောင်ကျော်) ဦးစီးသော ၃ ဦး ဂျီစီဘီအေနှင့် ဦးဘဖေနှင့် ၂၁ ဦး ဂိုဏ်းသားများ ဦးစီးသော ဂျီစီဘီအေဟူ၍ နှစ်ဂိုဏ်းကွဲခဲ့ရပုံ၊ ယင်း ဂျီစီဘီအေ အကွဲအပြဲကြောင့် အမျိုးသားကောလိပ်ကြီးများလည်း ခန္ဓာကြွေ စုတေပျက်စီးခဲ့ပုံများ။

## အထောက်ခံ–မခံ

ထို့နောက် အစိုးရ အထောက်အပံ့ခံ–မခံ အမျိုးသားကျောင်း (ထိုစဉ်က အခေါ် နေရှင်နယ်ကျောင်း)များ အရေးတော်ပုံ၊ အရှုပ်တော်ပုံများသည် ထိုစဉ်က နိုင်ငံရေးပွဲကြီးပွဲကောင်းများ ဖြစ်ခဲ့သည်။ ထိုသို့ အချင်းချင်း ကွဲကြပြဲကြသော နိုင်ငံရေးခေါင်းဆောင်များအား ညီညွတ်ကြစေရန် ထိုစဉ်က စာနယ်ဇင်းများက ဝိုင်းဝန်းဆောင်ရွက်ကြရာမှ ထိုသတင်းစာ၊ ဂျာနယ်များအချင်းချင်းလည်း မညီမညွတ် ကွဲကြပြဲကြ၊ ကလော်ကြ၊ ဆဲကြ၊ ဆော်ကြသော အရေးတော်ပုံများသည် ယခင်ဆရာတို့ ကျင်လည်ခဲ့ရသော သတင်းစာလောက၊ နိုင်ငံရေးလောကများမှ မှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ်များပင် ဖြစ်သည်။

'ကွဲစရှိလျှင်၊ ကွဲချင်ချင်တည့်၊ ကွဲပင်ကွဲရိုး၊ ကွဲစပျိုးလျက်၊ ကွဲရိုးများမြောင် ကွဲစထောင်၍၊ ကွဲအောင်မောင်ထွေး၊ သင်ခဲ့လေး' ဆိုတဲ့ ကွဲလင်္ကာ ကွဲစာတန်းကဲ့သို့ ကွဲလက်စတန်းလန်းနဲ့ ကွဲဖာတ်လမ်း တစ်ခါမသိမ်းဘဲ ကွဲကိန်းချည်းဆင်ပြီးလျှင် ကွဲပင်တွေ ခါခါပျိုး၊ ကွဲမိုးတွေတစွေစွေ၊ ကွဲပန်းတွေတဝေဝေ၊ ကွဲဗိုလ်ခြေအထပ်ထပ်နဲ့၊ ကွဲတပ်တွေချီနေသော၊ ကွဲမြန်မာပြည်ကြီးသည် အတိသောကာလမှ ကွဲလက်စသတ်ပါမည်နည်းဟု တညည်းညည်း တညူညူ အဆူဆူစိမ္မွေပေါင်းမှာ ကွဲလက်စသတ်စေကြောင်း ဆုတောင်း၍ နေရပေတော့သည်' ဟု ထိုစဉ်– (၁၉၂၃ ခုနှစ်)က ဆရာအယ်ဒီတာချုပ်အဖြစ် ထုတ်ဝေခဲ့သော (၂၈၆၊ ဒါလ်ဟိုဇီလမ်း၊ မောရဝတီပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည့်) မြန်မာ့ရီဗျူးဂျာနယ်(တေနောင်)အခန်းမှ ဤသို့ရေးသားသည်များကို ဖတ်ရသည်။

ထို့နောက် ထိုအခန်းမှပင် ဆက်၍–

ယခင့်ယခင် အရင့်အရင်ကတော့ သာသနာရေးနဲ့ ပတ်သက်လို့ သုမ္မဟိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ လူငယ်ဂိုဏ်းဆိုပြီး ကွဲသဗျ။ အဲဒါပြီးပြန်တော့ ဝံသာနုဂိုဏ်း၊

www.burmeseclassic.com

www.burmeseclassic.com



အလိုတော်ရီ ဂိုဏ်းဆိုပြီး ကွဲပြန်သဗျ။ သဟာပြီးတဲ့နောက် လှိုင်ပုကျော်ဂိုဏ်း။ ၂၁ ဦးဂိုဏ်းဆိုပြီး ကွဲသဗျ။ အဲဒါနောက်လည်း နေရှင်နယ် အစိုးရ အထောက်မခံ ဘက်/ ခံဘက်ဆိုလို့ နှစ်ဂိုဏ်းကွဲပြန်သဗျ။ အဲဒီ အကွဲအပြဲကြီးတွေအပြင် အကွဲကလေးတွေကတော့ ပြော မဆုံးအောင် တောသုံးတောင်ဆိုတာလို ရှိသေးသဗျ၊ 'မွေးကတည်းက အကွဲပါ၊ ဗိန္ဓော ဆရာကုမရဘူး'ဆိုတဲ့စာလို အစကတည်းက ကွဲလာတဲ့လက်စနဲ့ ဆက်မရဘဲ တောက် လျှောက်ကြီးကွဲလာသည်မှာ အတန်ကြာပြီ ဖြစ်ကြောင်း။

အင်း–ဓနေ့ဓနေ့တွေးတော့ ရေးရေးပေါ်ဆိုသလို ကုလားဖြူလူမျိုးများက သူတို့ရဲ့ ဇာတိချက်ကြွေ နေရင်းဌာနနေဖြစ်တဲ့ အင်္ဂလန်မြေကို (မားသားလင်း) အမိ တိုင်းပြည် ခေါ် သလို တချို့သူတွေက သဟာကို အတုယူပြီးတော့ နောင် ဒို့မြန်မာ ပြည်ကိုလည်း (မားသားဘားမား)ဟူ၍လည်းကောင်း၊ အမိမြန်မာပြည်ဟူ၍လည်း ကောင်း ခေါ်ကြသဖြင့် ပညတ်သွားရာဇာတ်သက်ပါ ဆိုတာလိုများဖြစ်ပြီး မကွဲချင် ဘဲနဲ့ ကွဲနေရ လေတော့သလား။

သို့တည်းမဟုတ် မြန်မာပြည်မြေပုံကို ကြည့်လိုက်တော့ ဧရာဝတီမြစ်ကြီးက ခါးလယ်ကဖြတ်စီးနေတာကြောင့် ထက်ခြမ်းကွဲတိုင်းပြည်ကြီးဖြစ်ပြီး ဒီပြည်တွင်း နေတဲ့ လူတွေဟာလည်း ကွဲဇာတ်ရိုက်၊ ကွဲကပ်ဆိုက်၍ တကွဲတည်းကွဲ တကွာ တည်းကွာပြီး 'ရေကြက်မ' စတိုင်ပါ၍ နေလေတော့သလား။ ဟာ–မတွေးတော့ တတ်လောက်အောင် ဖြစ်နေတော့တာပဲဗျာတို့။

'မှုန်ပြာရီဝတီစံကြော့၊ အစနီနီနဲ့။ အောက်ဆီမှာ အာအာအက်တယ်၊ တွေးခက် နိုင်တော့' ဆိုသလို အလုပ်တစ်ခုခု လုပ်ကြပြီဆိုမှဖြင့် အစကနဦးတော့ ကြူးကြ၊ ရွှးကြ၊ တည်ကြ၊ နီကြ၊ ညီကြပါပေရဲ့။ နောက်အနယ်မထိုင် အဆုံးမသတ်ခင်ဘဲ ကြားက (ဂုံး)ဖြတ် ပြီးတင်လိုက်တာ တစ်ဦးနှင့်တစ်ဦး အမုန်းဇာတ်စင် တင်သလို တစ်စင်ပြောင်း၍ (တင်ခေါင်း) စတိုင်ပွသူတွေသာ များသဗျ။ ဒါကြောင့် သဟာ ကြောင့် ကွဲပြန် ကွာပြန်နဲ့ ခွာလန်ပြဲဇာတ် ခဏခဏက၍ နေရတာယ်လို့ ထင်သဗျ'ဟု ခပ်ရွှန်းရွှန်း ခပ်ပြောင်ပြောင် ရေးသားသည်များကို ဖတ်ရှုရသည်။

## တစ်ခုရုပ် ၁၃

ထိုဆောင်းပါးခန်းတွင် ပါရှိသော စကားအသုံးအနှုန်းလေသံ၊ လက်သံများမှာ



နောင် ဆရာ၏ ဒီးဒုတ်ဂျာနယ်တွင် ဆရာရေးသားသော အရေးအသားလေသံလေယူ လေသိမ်းများအတိုင်း ဖြစ်နေသည်များကိုလည်း ခန့်မှန်းရပေသည်။ ထိုစဉ်က တစ်ခုရုပ်– ၁၃ ဦး သတင်းစာ'ဟူသော အသုံးအနှုန်းတစ်ခုကိုလည်း တွေ့ရ ဖတ်ရသည်။

ထိုအချိန်က မြန်မာပြည်တွင် သတင်းစာဂျာနယ်ပေါင်း (၁၃)စောင်ရှိရာ ထို ၁၃ စောင်မှ တခုရုပ်သတင်းစာဖြစ်သော (ပညာအလင်း) သတင်းစာကတစ်ဖက်၊ ကျန် ၁၂ စောင်ဖြစ်သော ၁–သူရိယ(မောင်တုတ်ကြီး)၊ ၂–မြန်မာ့ဝန်ထမ်း(မောင်မောင်နှင့် ရွှေဘ)၊ ၃–မြန်မာ့အလင်း (မောင်စိန်းနှင့် မောင်မောင်ကြီး)၊ ၄–ကြယ်တံခွန်(မောင်ပုကလေး)၊ ၅–လေဘာတီ (မောင်ထွန်းသန်း)၊ ၆–ဘားမားအော့ဖ်ဗဇားဘား(မောင်ခင်မောင်)၊ ၇–နယူးဘားမား(မောင်ဘလှိုင်)၊ ၈–ဗန္ဓုလဂျာနယ်(မောင်စိန်)၊ ၉–အောင်ဇေယျ ဂျာနယ်(မောင်ရှိန်း)၊ ၁၀–မြန်မာ့ရီဗျူး(မောင်ဘချို)၊ ၁၁–ဝံသာနုသတင်းစာ (မောင်လှထွန်းဖြူ)၊ ၁၂–ယမ်းဘားမား(မောင်ထွန်းကြိုင်)၊ စသောသတင်းစာနှင့် (ကိုယ်တိုင်လက်မှတ်ထိုးကိုယ်စား လှယ်) အယ်ဒီတာများကတစ်ဖက် အပြန်အလှန် ထိုးနှက်ရေးသားချက်များ၊ ရံဖန်ရံခါ ထိုသတင်းစာ(၁၂)စောင် အချင်းချင်း တစ်ဦးကိုတစ်ဦး ရိသဲ့သဲ့ရေးသားချက်များကို ဖတ်ရသည်မှာ ထိုစဉ်က နိုင်ငံရေးမှတ်တိုင်သဖွယ် ပွဲကြီး ပွဲကောင်းများအဖြစ် ပျော်စရာ ရွှင်စရာ၊ မှတ်သားစရာများပင် ဖြစ်တော့သည်။

ထိုနောက် ထိုမြန်မာ့ရီဗျူးဂျာနယ် နဝရတ်ရုပ်ပြောင်ပိုင်းတွင် နေရှင်နယ်ကျောင်း များ၊ အစိုးရအထောက်အပံ့ခံ–မခံမှစ၍ ကွဲကြရာ အထောက်မခံကျောင်းများ ပျက်စီးရ သည့်အကြောင်း မြွေဥပမာနှင့်နှိုင်းကာ အစိုးရထောက်ပံ့ငွေ မားနှင့် ခါးလည်မှဖြတ်တောက် လိုက်ပုံ ဒွေးချိုး ဒိုချင်းကလေးဖြင့်...

'ပြေခွင်ဝယ်– နေရှင်နယ်ကျောင်းမှန်သမျှမှာဖြင့်၊ ခေါင်းအလံမကြွနိုင်၊ စာအသင်ခက်စေဖို့၊ မကြာခင် ပျက်အောင် ဗျူရိုညဏ်နှင့် မြူချိုသံနှော။ ခေါင်းမရှိပြီ ဘုကွယ်ရို့၊ အကြောင်းသိသူမှာ မြွေသေနှင့်နှိုင်းရပါတော့၊ ခေရိုင်းငယ်ရွှေကံချော်လို့၊ ပြေမြန်ပေါ် လှုပ်တဲ့အမြီးမှာတော့၊ ဒိဋ္ဌမသေ့စိတ္တဝါ တေမီးရုံပ(အမယ်မင်း) ခရီးမရောက် ချင်လို့ အသေစောမှာမို့ (ကယ်ကြပါအုံး အရပ်ကတို့ရေ...)မကြီးမမြောက်ခင်မို့ ထွေထွေ နှမြော'

ဟူ၍ ရေးသားဖော်ပြထားသည်မှာလည်း ရင်နင့်ဖွယ် ကောင်းလှသည်။

အချို့က ထိုရုပ်ပြောင်းပိုင်းကို ဆရာဦးဘချိုကိုယ်တိုင်ကိုင်၍ ဆရာပင်ရေးသော ဒွေးချိုး၊ အချို့က ဆရာ၏ဆရာဖြစ်သော ထိုစဉ်က အမျိုးသားကောလိပ် မြန်မာစာ

www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာ ဆရာကြီးဦးလွန်း (မစ္စတာမောင်မှိုင်း)ရေးသည်ဟူ၍ အမျိုးမျိုးပြောဆိုနေကြသည်။ ယခု ဆရာ၏ဇနီးများ၊ သားသမီးများထံမှ စာရေးသူလက်လှမ်းမှီသမျှ စုံစမ်းမေးမြန်းသည့်အခါတွင်လည်း အတိအကျ မသိရ၊ မပြောနိုင်ကြပေ။

သို့သော်လည်း ကဗျာ၏ရေးကွက်ရေးလက်များကို ဆင်ခြင်ကြည့်သည့်အခါ ဆရာကြီးမစ္စတာမောင်မှိုင်းထက် ဆရာဦးဘချို၏လက်ရာဖြစ်ဖို့က ပို၍နီးစပ်ဟန်ရှိသည်ကို တွေ့ရသည်။ ထိုဂျာနယ် ရုပ်ပြောင်ပိုင်းတွင်တင် ဒိုင်အာခီရာထူးယူရေးနှင့် ပတ်သက်၍ အိန္ဒိယမှ ဒတ်(စ်)ပါတီခေါ် အစိုးရနှင့်မဆက်ဆံရေး၊ ရာထူးလက်မခံရေး၊ သရာဇကိုဏ်းနှင့် မြန်မာပြည်မှ (၂၁)ဦးဂိုဏ်းကို နှိုင်းယှဉ်ပြကာ အိန္ဒိယခေါင်းဆောင်က 'ယနေ့အသေခံ ယနေ့သရာဇ (ကိုယ်ပိုင်အုပ်ချုပ်ရေး)ရမည်' မြန်မာခေါင်းဆောင်က 'သေမှတော့ ဘာလုပ်ရဦးမှာတုန်း' စသည်ဖြင့် ကုလားနှင့်မြန်မာ ရုပ်ပြောင်နှစ်ရုပ်ဆွဲ၍ ခေါင်းဆောင်ချင်းကွာခြားပုံ...

'နှစ်ခေါင်းဆောင်ကွာခြား၊ ကျောက်သားနှင့်ရွှံ့လို၊ ယောကျ်ားမို့ ရွံ့မဖိုပြီ၊ စွန့်ဆိုတဲ့စိတ်ထား၊ အိန္ဒိယတစ်ပြည်မှာ၊ အသေခံရဲတဲ့လူမျိုး။ မျိုးစင်ဆက်အနေ ပေါ်အောင်၊ အရှေ့မြော်ရှူစား၊ သေသော်ပင်မှုမထားပြီဘု။ နောက်သားတို့ကောင်းရန်၊ ပြည်မြန်မာ(အပိုရှင်း)သူတို့မြို့သွင်းနှင့် လိပ်ယက်ကိုကြံ။ ဘောက်မဲ့ကြောင့် အသေခံမယ်၊ ရွှေ ညဏ်တော်ဖောက်ပြားလို့၊ နောက်သားတွက် တွေးဆမဟူ၊ ရွှေးမှုမပူ၊ ဒို့ကောင်းက သည်ဇမ္ဗူမှာ၊ မည်သူကိုငဲ့ရန်တော့လေး'ဟူသော တေးတပ်တစ်ပုဒ် ရေးထားသည်ကို ဖတ်ရသည်။

ထိုနောက်ဂျာနယ်တစ်နေရာ(အဲဖိုးလက်ဆောင်အခန်း)မှ ဟုမ္မရူး၊ ခမည်းလိုနေသာ ဟုမ္မရူးရောဂါသည် မြန်မာတွေအတွက် စဉ်းစားရန် ဟုမ္မရူးဘွဲ့တေးထပ်တစ်ပုဒ်ကိုလည်း ဤသို့ ဖတ်ရပြန်သည်။

'မြန်မာတွေအမုန်းထူးပါလို့၊ မလုံးဘူးကွဲပြို၊ ဟုမ္မရူးခမည်းလိုတယ်၊ အလွဲကိုကြံခဲ့။ ကိန်းဒုက္ခစစ်မှန်သိလေတာ၊ ပဏ္ဍိတွေသုဉ်းမေ့ထင်ရဲ့၊ ဘယ်တော့မှမရမှာကို၊ တကွ သာမျှော်ငဲ့၊ မဆရှာချော်တရွဲ့ငယ်နှင့်၊ တော်မတဲ့မှတ်ယူ။ ခိုးရာပါပြန်ကာ ပေးမယ်လို့၊ ညဏ်မှာတွေးရူးသည်နှင့်တူ၊ မှန်စွာဘေးထူမဲ့လူတွေ၊ နူးတဲ့လူ (အရာဆပ်)တို့၏ တစ်ခါနှပ် မခံနိုင်၊ ကွဲပြိုလို့ယိုင်။ အောက်မက ထက်မတိုင်တယ်၊ ချက်မပိုင်ယောင်ဝါးတို့လေး။ ။'

ထိုတေးထပ်မှာလည်း ဆရာလက်သံပင် ဖြစ်အံ့ထင်သည်။ နောင်အခါ ဒီးဒုတ်ဂျာနယ်ကို ဆရာကိုယ်ပိုင် ထုတ်သည့်အခါ ဆရာကိုယ်တိုင် ရေးသော မစ္စတာဒီးဒုတ်၏



ပစ္စုရလက္ခတ်ကျမ်းအခန်းတွင် 'ခြေလှမ်းမှားကစားလိမ့်မည်' ဟူသော ခေါင်းစီးဖြင့် (၂၁)ဦးများအား သတိပေးရေးသားထားသည့် တေးထပ်တစ်ပုဒ်ကို ဤသို့ဖတ်ရှုခဲ့ရသည်။ စာဖတ်သူများ နှိုင်းယှဉ်ကြည့်ရန် ဖြစ်၏။

'မြန်မာတွေ တပ်ကော့စေဖို့၊ နှစ်ပတ်ကျော့ကြံစည်၊ မတ်မဟော့ ညဏ်နိုင်ယ်၊ မာပဋိတနှုန်း၊ ပူးသတ်နှင့် နူးနှပ်ခါငယ်၊ မူးမတ်ရာ လုတဲ့စက်ပုန်း။ အတွင်းနှင့်အပြင်ဆူမှာ၊ ယခင်မူစုံထုံး၊ အပြင်လူညဏ်မသုံးလျှင်ဖြင့်၊ ခံအုံးတော့သွယ်သွယ်၊ အတွင်းဝန်ကြား ချောင်သမားငယ်တို့၊ ငါးထောင်စားဖြစ်ဖို့သာရွယ်၊ သေဖူး၍ နားမလည်လျှင်၊ ပျဉ်အဝယ် နှစ်ကြိမ်လွဲမှာမို့၊ လိမ်ရဲတဲ့နှစ်ကျိပ် တစ်ယောက်မွေညဏ်၊ ထိတ်ကြောက်သွေလှန်။ သပိတ်မှောက် အနေမှန်လျှင်၊ ဧကန်အောင်ပွဲပလေး'

ဤတေးထပ်များ၏ လေယူလေသိမ်း အရေးအသားကို ကြည့်ခြင်းအားဖြင့် ဆရာရေးကြောင်း ခန့်မှန်းသိသာနိုင်ပါသည်။ ထို့နောက် ထိုစဉ်က အယ်ဒီတာချုပ်ကိုယ်တိုင်ရေးခဲ့သော မြန်မာ့ရီဗျူးဂျာနယ်ခေါင်းကြီးများကို ဖတ်ရှုရခြင်းဖြင့်လည်း သိသာထင်ရှားနိုင်ရာ ဤနေရာတွင် ရှည်အံ့စိုး၍ မဖော်ပြလိုက်တော့ပါ။ ရှေ့တွင် ထင်ရှားပါမည်။

## ဆရာ၏ကလောင်တစ်ခု

ဆရာဦးဘချိုနှင့်ပတ်သက်၍ ဤစာတမ်းကို ပြုစုရေးသားရာ၌ အကြီးဆုံးသော အမြတ်တစ်ခု ရလိုက်သည်မှာကား ယနေ့စာပေနယ်မှ အများသိနေကြသော ဆရာ၏နာမည်ကျော်'ဒွေးသီဟာ' ရာဇဝင်ဝတ္ထုကြီးကို ရေးသူ 'စံပယ်'ဟူသော ဆရာ၏ ကလောင်အမည်မှ ထိုစဉ်ကပင် စတင်ယူခဲ့ကာ ထိုမြန်မာ့ရီဗျူးဂျာနယ်တွင် ချစ်အာရုံ * ရေးသူစံပယ် **ဟူသော အမည်ဖြင့် ဝတ္ထုရှည်ကြီးကို ရေးသားခဲ့ကြောင်း တွေ့ရခြင်းပင် ဖြစ်သည်။

ထိုနောက် ဆရာ၏ဇနီးသမီးများထံမှ ထပ်မံကြားသိရသော စကားတစ်ခုမှာကား ထိုဝတ္ထုရှည်သာမက စံပယ်အမည်ဖြင့် ဆရာရေးခဲ့သော 'စိန်ပန်းခိုင်'လျို့ဝှက်သဲဖိုဝတ္ထုရှည်ကြီးတစ်ပုဒ်လည်း ရှိသေးရာ ထိုဝတ္ထုကော်ပီကို ဆရာ မကွယ်လွန်မီ စာအုပ်ထုတ်ဝေသူတစ်ဦးက စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် ယူသွားရာမှ စာအုပ်လည်း ထွက်မလာ၊ မူလည်း မပေါ်လာဘဲ အစတုံး ပျောက်ဆုံးခဲ့ရကြောင်း ဝမ်းနည်းဖွယ် သတင်းစကားတစ်ခုပင် ဖြစ်ပေသည်။

---

* The Spell Of Love

** By Sabe

www.burmeseclassic.com

www.burmeseclassic.com



ဂျီ–စီ–ဘီ၊ အေကြီး နှစ်ခြမ်းကွဲ၊ အမျိုးသားကောလိပ်ကြီးလည်း ပျက်စီး၊ နေရှင်နယ် (အမျိုးသား) ကျောင်းများလည်း အစိုးရအထောက်အပံ့ခံ–မခံမှစ၍ သဘောကွဲခဲ့ကြသည်များကို အနည်းငယ်မျှ ရေးသားခဲ့ရာ ထိုစဉ်က လှိုင်၊ ပု၊ ကျော်(သပိတ်) ဂျီ–စီ–ဘီ–အေတို့ နှစ်ခြမ်းကွဲသည့် အကြောင်းများနှင့် အမျိုးသားကောလိပ်နှင့် နေရှင်နယ်ကျောင်းများ ရင့်နင့်ဖွယ် ပြိုကွဲပျက်စီးခဲ့ရသည့်အကြောင်းများကို ရေးစရာများစွာ ရှိနေပေသည်။

ထိုစဉ်က မြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ)ခေတ် အမျိုးသားစိတ်ဓာတ်များ တစ်ခဲနက်အုံကြွစည်းလုံးညီညွတ်ခဲ့ကြသည်များမှာ တစ်သက်တစ်ခါ အားရဖွယ် မကြုံစဘူးလောက်အောင်လည်း ဖြစ်ခဲ့သည်။ ရှေးဖြစ်ဟောင်းသဖွယ် မှတ်တမ်းတင်လောက်အောင် လွမ်းရစ်စရာအဖြစ်မျိုးလည်း ဖြစ်ခဲ့လေသည်။

ထိုသို့ အမျိုးသားများ စည်းလုံးညီညွတ်ခဲ့သည့်အဖြစ်မျိုးမှ အစိတ်စိတ်အမွှာမွှာ ကွဲခဲ့ရသည်များကို ပြန်၍တွေးလျှင် ရေးလျှင်လည်း ရင်ကျိုးဖွယ် ရင်နာဖွယ်အကြောင်းများ များစွာရှိပေသည်။ ထိုစဉ်က ဆရာတို့ခေတ် မြန်မာနိုင်ငံနှင့် နိုင်ငံရေးရာဇဝင်ကို ရေးလျှင်လည်း ယင်းဂျီစီဘီအေဝံသာနုကြီးများ၏ နှစ်ခြမ်းကွဲ ဓာတ်လမ်းများနှင့် ထိုစဉ်က အမျိုးသားကောလိပ်ကြီးနှင့် နေရှင်နယ်ကျောင်းများ ရင်နာဖွယ် ပျက်စီးကွဲပြဲခဲ့ရသည်များကို မရေးဘဲ မတွေးဘဲ ချန်လှပ်ထား၍ မဖြစ်ပေ။

## အကွဲရောဂါကြီး

မြန်မာပြည်နိုင်ငံရေး မိုးလေဝသသည် ဘယ်တုန်းကမျှ ထိုစဉ်ကလောက် မတည်မငြိမ် ဗလောင်းဗလဲ ဖောက်ပြန်နေသော အချိန်မျိုးကလည်း မရှိသလောက်ပင်ဟု ဆိုရမလောက် ဖြစ်ခဲ့သည်။ ထိုစဉ်က မြန်မာစာနယ်ဇင်းများ မှန်သမျှ ဂျီစီဘီအေအကွဲ၊ ဝံသာနုအကွဲ၊ အမျိုးသားကျောင်း အကွဲများနှင့်ပတ်သက်သည့် သတင်းများမှာ နေ့စဉ်လိုပါရှိနေသော သတင်းများလို ဖြစ်နေသည်။

အထက်တွင် ပါရှိသော တခုရုပ်–၁၃ စောင်သော စာနယ်ဇင်းအချင်းချင်းများသည်ပင် စိတ်မချရဘဲ တစ်နေ့တစ်မျိုးအားဖြင့် သဘောထားများ ပြောင်းလဲကွဲပြားခဲ့ကြသည်များကလည်း အသည်းယားရင်ဖိုစရာကြီးတစ်ခုလို ဖြစ်ခဲ့သည်။ ထို့ကြောင့် (မွေးကတည်းက အကွဲပ၊ ဗိန္ဓောဆရာကုလို့မရဘူး)စကားကလေးအတိုင်း အကွဲရောဂါ၊ အကွဲနာနှင့် အလယ်တည့်တည့်မှ ရောဝတီမြစ်ကြီး ဖြတ်စီးထားသောကြောင့် ပင်ကိုယ်ကပင် နှစ်ဖက်နှစ်ခြမ်းကွဲသလိုဖြစ်နေသော အမိမြန်မာပြည်ကြီးမှာ ပညတ်သွားရာ ဓာတ်သက်



ပါသဘောလိုပင် မြန်မာလူမျိုးများ မွေးကတည်းက အကွဲစိတ်ပါလာလေရော့သလားဟု တွေးဖွယ်ရေးဖွယ်ရှိနေကာ 'ထပ်ထပ်သာကွဲတော့ အမြဲပ မြန်ပြည်မှာ၊ ကြံအစည် အတာန်ကြပ်ပါပေ့၊ မြန်မာစပ်ဗာလညာဏ်တို့၊ သဒ္ဒါလန်ခါခါပြနိုင်တဲ့ ဌာနပေ'ဟူ၍ပင် ရှေးစာဆိုကြီးများကဲ့သို့ လေးချိုးကြီးများ ဆိုရမလောက်ဖြစ်ခဲ့ရသည်။

'ကိုးပါသော်လည်း ကိုးရာမရောက် ဖုန်းသဇင်ခိုင်ရယ်၊ သုံးပင်တိုင်မှောက်ပါပေ့' ဆိုသလို ယင်းသို့ ဂျီစီဘီအေ ဝံသာနုကြီးများအချင်းချင်း နှစ်သင်း နှစ်ပက္ခတစ်မျိုးပြီး တစ်မျိုးကွဲခဲ့ကြရာ စာနယ်ဇင်းဆရာများကလည်း အမျိုးမျိုးမေတ္တာရပ်ခံ၍တစ်မျိုး၊ နှစ်နှစ်နာနာ ဝေဖန်ရေးသား၍တစ်ဖုံ၊ ကမ္ဘာ့နိုင်ငံရေးအိမ်နီးချင်း(ထိုစဉ်က အိန္ဒိယ ဂျီစီဘီအေကြီးဟု ဆိုလောက်သောအိန္ဒိယကွန်ဂရက်ကြီး၏) နိုင်ငံရေးစသော အကြောင်းစုံတို့ကို နှိုင်းယှဉ်ပြသော်လည်း ကောင်းကြိုးစားခဲ့ကြသည်။ သို့သော် 'ရောင်ကြီးငိုက်၊ လူကြီးမိုက်' ဆိုသောစကားအတိုင်း ပြောမရဆိုမရ ဖြစ်ရလေသည်။ အဆုံး၌ ဆရာတို့၏ မြန်မာ့ရိုဗျူးဂျာနယ်ဆောင်းပါးခန်းမှပင် 'အဖိုးလက်ဆောင်'အမည်ဖြင့် 'မြန်မာလူမျိုးများ ဗုဒ္ဓတရားတော်အရ မေတ္တာသာထားကြပါတော့'ဟု စိတ်ပျက်လက်ပျက် ရေးလိုက်သော လွမ်းချင်းကလေးတစ်ပုဒ်ကိုလည်း ဤသို့ ရင်ဆို့ဖွယ် ဖတ်ခဲ့ရသည်။

'ပါစင်အောင်လွဲကြပေ့၊ လူကွဲတဲ့ရောဂါ၊ ခုခေတ်တာကို၊ သူ့ထက်ငါစေ့စပ်ပေးကြမှ ပြည်အေးလို့ အကျိုးသာမည်၊ မျိုးမြန်မာ ရွှေပြည်၌ ရေကြည်လိုချမ်းသာလိမ့်မယ်လေး။

ခုအလိုမှာဆိုလျှင်၊ သူ့ကိုငါဖျက်၊ ငါလျှင်ပျက်ဟု၊ မျက်ကြုတ်ကိုးတန်၊ ငြိုးထားရန်နှင့်၊ အမှန်မသိ၊ ရမ်းကြဘိလျက်၊ ဘမိနှင့်သား၊ ညီသားအစ်ကို၊ မောင်ကိုနှမ၊ လင်ကမယား၊ ဟိုဘက်သားလို့၊ မျက်ပွားစိတ်ကောက်၊ သပိတ်မှောက်လျက်၊ ဗြဟ္မခြောက်ခမွေ၊ မြန်မာမျိုးမှာ ရန်မိုးစွေလျက်၊ သုံးထွေကပ်ပင်၊ ဆိုက်ကိန်းသာမြင်တော့၊ ဆင်ခြင်ဖို့အပြစ်ကွာအောင်၊ မေတ္တာသာပဓာနရယ်လို့ သတ္တဝါများဒုက္ခစင်အောင်၊ ဗုဒ္ဓရှင်ကုတဲ့ ဆေးပေလေး'

## အမျိုးသားကောလိပ်ဈာပန

ယင်းသို့ဖြင့် ဂျီစီဘီအေခေါင်းဆောင်ကြီးများ အချင်းချင်းအကွဲတွင် ပထမဦးဆုံး ဓာတ်ခံလိုက်ရသူကား မစ္စတာမောင်မှိုင်းအမည်ခံ မြန်မာစာပေ ပရော်ဖက်ဆာ ဆရာကြီး ဦးလွန်းနှင့် ဆရာ့တပည့်ဖြစ်သော ဆရာချို (ဒီးဒုတ်)တို့ အတူတကွ လုပ်ကိုင်ပျက်ရှိသည့်

www.burmeseclassic.com



အမျိုးသားကောလိပ်ကြီး အနိစ္စရောက်ရခြင်းပင် ဖြစ်၏။ ဤနေရာမှစ၍ပင် အမျိုးသား အကွဲဓာတ်လမ်းကြီးကို မှတ်တမ်းတင်ရန် စကြပါစို့။

ထိုသို့ အမျိုးသားကောလိပ်ကြီး ဈာပန ပြာကျရသည့်အကြောင်းနှင့်ပတ်သက်၍ နောင်အခါတွင် ဆရာချိုသည် လူသတ်သမားတို့၏လက်ချက်ဖြင့် ကျဆုံးရစဉ် 'လွတ်လပ် ရေးဆောင်းပါးတော်ကြီး'အမည်ဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း(ယခင်မစ္စတာ မောင်မှိုင်း) ရေးသော ထိုစဉ်က ဗဟန်းအမျိုးသားကောလိပ်အကြောင်း ဆောင်းပါးတွင်–

'၎င်း မောင်ဘချိုမှာ ဆရာနှင့်မကင်း၊ တစ်ရှဉ်းသောနွားပမာ မြန်မာပြည် ဂျီစီ ဘီအေခေတ်၌ အသစ်အဆန်းဖြစ်ပေါ်လာသော နေရှင်နယ်အမျိုးသားကောလိပ် ကျောင်း၌ ကျောင်းသူကျောင်းသားဟူသမျှတို့အား သင်ကြားပို့ချ ပြသသွန်သင်ခဲ့ ကြရပေကြောင်း။

ထို့နောက်တစ်ခါ မြန်မာပြည်သို့ ဒိုင်အာခီအုပ်ချုပ်ရေးရောက်လာသည်နှင့် တစ်ပြိုင်နက်တည်းပင် ယခင်ဆိုခဲ့သော ဂျီစီဘီအေကြီးက တစ်ထီးတစ်နန်းဖြစ် အောင် ထမ်းဆောင်ကြိုးပမ်းမည်ဆိုသော ဦးချစ်လှိုင်၊ သာယာဝတီဦးပု၊ ဦးထွန်း အောင်ကျော်တည်းဟူသော လှိုင်ပုကျော်တို့၏ လူများစု လူထုကတစ်ဖက်၊ ဦးဘဖေ၊ အမ်အေမောင်ကြီးစသည့်မယော်ဝိဒူ၊ ကတိအဆူဆူ ထင်မှတ်ကြတဲ့ (၂၁)ဦး လူနုး လူနပ်။ လူလတ်လူလိမ္မာဆိုသူ လူနည်းစုတစ်ဖက်၊ တကျက်ကျက်ရန်ဖြစ်ပြီး ပုဂံခေတ်က ကျန်ရစ်(ကျန်စစ်သား)နှင့် ငရမန်တိုက်ပွဲကဲ့သို့ မိုက်မဲချင်း အကိုက်ရဲ သဖြင့် ယခင်အဆိုပါအမျိုးသားကောလိပ်ကျောင်းကြီး ပျက်စီးပျောက်ကွယ်သွားရ တော့ကြောင်း' စသည်တို့ကိုလည်းကောင်း။

'အထက်နယ် အညာက ကြွခဲ့သကွယ့်၊ မျက်နှာငယ် ဈာပနပေမို့၊ မသာအချတွင် ဖြင့် ညှော်လည်းမလာ (အိုကွယ်)ဆရာ့မှုရယ်နဲ့ တပည့်အနည်းသာ၊ အော်–အခါ မကောင်းလိုက်ပုံကကွယ့် အရာချောင်းစရာပဲသွားကြရှာ့ထင့်၊ မသာ လောင်းခြောရဲ့ အပါးမှာ၊ သာပေါင်းညာစားတွေ ဆရာမမြင်ရတော့...'စသောအပိုဒ် တို့နှင့် ယင်းကောလိပ် သပိတ်သွပ်လေချိုးကြီးတွင်ပင် 'အော်–ဖမ္ဗူထိးတွေတဲ့ကွယ့်၊ အယူသည်းကြတဲ့၊ လူကြီးလူကျယ်တွေပေါ့၊ ဆူမဟယ်ပူမဟယ် တလလေ အပိုင် အနိုင်ပြုချင်တဲ့၊ အပူသည်နှစ်တွေပြိုင်ဆိုင်မှုတွေဖြင့် လှိုင်ပုကျော် သပိတ်သမားတွေရဲ့ ပြင်ပဋိက္ခရား နှုးကာနုပ်သလိုပ၊ နှစ်ကျိပ်တစ်ပါး မှုးလျာမတ်တွေကလည်း ပလူး စရာအတတ်ဝယ် နောင်အရှည်တွင်ဖို့ ပူးကာသတ်မယ် ကောင်စီဝင်လို့မို့၊ အနောင်



ပြည်အင် ကွဲရှာသနေ့ရယ်က၊ တစ်ကောင် တစ်ကောင် ထီမထင်ခွဲမာမာနဲ့ ခွေ့ကြ လေတော့၊ မစေ့နိုင်ယနေ့တိုင်အောင် မိုက်ချိန်နှင့်။ အခိုက်အခါကြုံမ်လို့မို့၊ ဂဏာ မငြိမ် တာဝတီသို့ ပြောင်းရှာတဲ့၊ ကျောင်းမသာ ကောလိပ်ဈာပနကိုဖြင့်၊ ပေါင်း သဟာ တောမိတ်လာသမျှတို့နှင့်၊ ပြာချကာ ကိစ္စတုန်းပြီမို့...' စသော အချို့အပိုဒ် များကို ဖော်ပြခြင်းဖြင့် ပို၍ ရှင်းလင်း သိမြင်နိုင်ပေသည်။

ထိုနောက် တစ်ဆက်တည်းပင် ယင်းသို့ သူကြီးအိမ်မှစ၍ လောင်ခဲ့သော မီးကြီး သည် ဤမျှနှင့်မပြီးဘဲ အစိုးရ အထောက်အပံ့ခံ–မခံနေရှင်နယ်ကျောင်းများလည်း တစ်စတစ်စ ကွဲကြ၊ ပြဲကြ၊ ပျက်စီးကြကုန် ပြန်သည်။ ထိုအခါက (စီအင်အီး)ခေါ် အမျိုးသားပညာရေးကောင်စီတွင် လှိုင်ပုကျော် ဂျီစီဘီအေ(သပိတ်) ဝံသာနုများနှင့် (၂၁) ဦး (သူလည်း) ဂျီစီဘီအေ (အမည်ခံအစိုးရနှင့် ပူးပေါင်းပူးသတ်မည်ဆိုသော ကောင်စီဝင် အမတ်များ) စသောလူစုနှစ်စု ပါဝင်ကြရာ ကောင်စီဝင် (၂၁)ဦးဘက်က လူများစု ဖြစ်၏။

ထို့ကြောင့် အစိုးရအထောက်မခံဘက်မှ ကိုယ်စားပြုကြသော လှိုင်ပုကျော် သပိတ်သမားများ အရေးနိမ့်ခဲ့ကြရာမှ နေရှင်နယ်ကျောင်းများလည်း ခံဘက်–မခံဘက် ဖြင့် နှစ်ဖက်နှစ်ခြမ်း ကွဲကြပြန်သည်။ ယခင်က မကြုံစဖူး စည်းလုံးညီညွတ်စွာ ယူနီဗာစီတီ အက်ဥပဒေကို တိုက်ပွဲဝင်ခဲ့ကြသော သပိတ်မှောက်အင်အားစုကြီးမှာလည်း ယင်းလူကြီး များအချင်းချင်း နှစ်သင်း နှစ်ပက္ခ ကွဲကြရသည်မှ အစပြု၍ နှစ်စဉ်ကျင်းပမြဲ အမျိုးသားနေ့ ကျင်းပရေး အခမ်းအနားပွဲပင် မရေမရာ မသေချာဖြစ်ခဲ့ရပြန်သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဆရာ၏ မြန်မာ့ရီဗျူးဂျာနယ်၊ နဝရတ်ရုပ်ပြောင်းပိုင်းတွင် ဖော်ပြပါရှိသော တေးထပ်နှင့် လေးဆစ်ချိုးကလေးများကို ဤသို့ ရင်နင့်ဖွယ် ဖတ်ရှုခဲ့ရသည်။

တေးထပ်။ 'နေရှင်နယ် အမည်ဒေးဟာက၊ ပြည်အေးဖို့ နာမံ၊ အထိ ရှေးကာ လံမှာ၊ သဘာယံစုံခင်း၊ ခေါင်းတံဆိပ်အမိမြေမှာ၊ ရဝိနေထွန်းတောက် ထိန်လင်း၊ မျိုးမြန်မာ့ဒိပ်ဇမ္ဗူမှာ၊ နိမိတ်ယူဖန်ဆင်း၊ ဘိသိက်မူ သဏ္ဌာန်သွင်းလိုက်သည့် မြန်ခပင်းကြေညာ။ တူရိယာခုန်အကတွေနှင့် ကြုံရတဲ့ပွဲမြတ်ခေါင်မဟာ။ ယခုနှစ် ဤအခါမှာ၊ မညီရှာ လူတစ်သင်းတွေကြောင့်၊ ကျင်းမကျင်းကိစ္စ စုံနှစ်ထွေ၊ ဒိဋ္ဌပုံ မသေ။ မျှော်ရတဲ့ခေါင်းတဆွေမှာ၊ ကြောင်းနှစ်တွေကွယ့်ဘူးပလေး'

လေးဆစ်ချိုး။ 'တန်ခိုးသစ်– မျိုးချစ်တဲ့တိုင်းမြန်မာ၊နေရှင်နယ်ပွဲတော်ဒေး ဟာက၊ ပြေခွင့်မှာ နွဲ့ပျော်ဖို့ အရေးကို၊ တွေးဖို့ခက်တာ၊ အတိတ်နှစ်အလှည့်မှာ တော့၊ စီစီညံ သနစ်ဖွဲ့ပါလို့၊ ဖြစ်ခဲ့တဲ့ပွဲမဟာ၊ တစ်နည်းသာပလွမ်းဖွယ်ကောင်း၊

www.burmeseclassic.com

www.burmeseclassic.com




**အခန်း (၄)။ ဒီးဒုတ်ကြီး၏ ဒီးဒုတ်ဂျာနယ်** ၇၅

ဘိုင်ဆပ်တပည့်တစ်သင်းအား ငှက်မင်းဆုံးမခန်း၊ ဆယ်ကုဋေကျော် အရေးတော်ပုံ၊ သိန်း စိန်း ချို လင်း စာပေတိုက်ပွဲ၊ စကားတောင် စားကြီးနှင့်သတ်ပုံ၊ ကျွတ်မုန်းဝင်နှင့်ကျားစိန်၊ ပညာရှိများ၏သည်း ခံစိတ်၊ ဆရာ၏သဘောထားကြီးမှု။

**အခန်း (၅)။ ဆိုင်မွန်းကော်မရှင်** ၉၉

စတုဒီသာ တစ်ရာကော်မတီ၊ ဒီးဒုတ်အယ်ဒီတာ ကန့်ကွက်ချက်၊ ဆရာတော်ကြီးများ၏ သစ္စာစာတမ်း၊ ပြည်သူပြည်သားပါတီ၏ ဖောက်လွဲဖောက်ပြန်၊ တစ်ရာကော်မတီစာရင်း၊ ဒါယကာမောင်ပု သို့ပေးစာ၊ ရွေးကောက်ပွဲအမတ် စာရင်းများ။

**အခန်း (၆)။ ဒီးဒုတ်ဂျာနယ်၏ နိုင်ငံရေးဟောကိန်း** ၁၂၁

ဂါဝါနာဖလားပွဲ ဆုငွေငါးထောင်၊ ဒီးဒုတ်ကွာစိညီလာခံ၊ ဥပဒေပြု ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့အဖွဲ့အမည်ခံ အမတ်များ၊ ဒီးဒုတ်၏တိုင်း ရေးပြည်မှုရာဇဝင်၊ ဆိုင်မွန်ကော်မရှင်နှင့် အခွဲအတွဲ။

**အခန်း (၇)။ (၉၁) ဌာနနှင့် (၂၁)ဦး** ၁၄၁

နိုင်ငံရေး မိုးလေဝသများ၊ အဲရှင်ဦးဝိစာရ ဈာပန၊ ဂျူနံဆရာစံ၊ ဘူး အသင်းများ၊ စီးပွားရေးကပ်နှင့် လယ်သမားများ၊ ဆရာစံ ဂျူနံသူပုန် ကြီး၊ ဒီးဒုတ်နှင့် ဂျူနံသတင်းများ၊ အစိုးရ အမိန့်ပြန်တမ်း၊ နိုင်ငံရေးနှင့် သတင်းစာ၊ သတင်းစာဆရာ ပီသခြင်း။

**အခန်း (၈)။ ဒေါက်တာဘမော်၏ကဏ္ဍ** ၁၆၃

ဒေါက်တာနှင့်အတွဲ၊ ဆရာမှိုင်းနှင့် ခွဲတွဲ ငြင်းခုံပြဿနာ၊ ခွဲတွဲယပ်လှဲ လေးချိုးကြီး၊ တပည့်မများနှင့် ခွဲတွဲဂယက်၊ အတွဲများ၏ ပေါက်ရှုံးကြီး၊ ဒီးဒုတ်၏ သစ္စာစကားနှင့် စိန်ဒိုး၊ စိန်ဒိုး ဘယ်သူလဲ၊ စိန်ဒိုး၏ကြပ်ငြိ ကာ၊ (၉၁) ဌာနအုပ်ချုပ်ရေးနှင့် ကိုယ်စားလှယ်များ၊ ပထမဆုံး နန်းရင်း ဝန်ကြီး၊ ဒေါက်တာကြီး၏ နိုင်ငံရေးဝါဒ၊ အရေးတော်ပုံအစ။





**အခန်း (၉)။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး** ၁၉၁

အလုပ်သမားနှင့် လယ်သမားတပ်ချီခန်း၊ လယ်သမားများ တောင်းဆိုချက်၊ လယ်သမားနှင့် အလုပ်သမား၊ ကျောင်းသား သပိတ်အရေးတော်ပုံ၊ ဗိုလ်ချုပ်အောင်ကျော်နှင့်အိပ်(ချ်)ဂျီဝဲလ်၊ ကျောင်းသားမိဘ အစည်းအဝေး၊ ဦးဘချိုအား ဖမ်းပြီ။

**အခန်း (၁၀)။ သတင်းစာဆရာပီသသော ဆရာ** ၂၁၇

ဆင်းရဲသောဆရာ့ဘဝ၊ သနားညှာတာတတ်သောဆရာ၊ အမျိုးကို တကယ်ချစ်သူ၊ ဆရာ၏အယူအဆ မှန်ခြင်း၊ မှိုင်း ချိုတို့၏အမျိုး သားရေးဝါဒ၊ ဆရာ၏မှတ်သားဖွယ်စကား၊ နိုင်ငံခြားကို အထင် မကြီးသောဆရာ၊ ဒီးဒုတ်အား တောင်းပန်ခြင်း၊ ရှေးသီချင်းကြီးများ မူမှန်ဖော်ထုတ်ခြင်း၊ ရှေးနှင့်ယခု အနုပညာမြန်မာ့အသံ၊ ဂျပန်ခေတ် လွှတ်တော်၊ လွမ်းမလေ့၊ ရေယမုန်၊ ချစ်သမျှကို အဖွင့်များ၊ ဥက္ကလာ မြန်မာ တလိုင်း(မွန်)သံ၊ ဆရာ၏လက်ရေးစာမူမှ။

**အခန်း (၁၁)။ စစ်ပြီးခေတ် အမှုဆောင်ဝန်ကြီး** ၂၄၉

စာရေးဆရာအသင်း နာယက၊ ဒီးဒုတ်ကြီး ပြန်လာခြင်း၊ နိုင်ငံရေးမှ ထွက်ချင်ပြီ၊ ဆရာ၏အနုပညာဆောင်းပါးများ၊ ဗိုလ်ချုပ်အောင် ဆန်းထံမှ သဝဏ်လွှာ၊ အချို့စွပ်စွဲချက်မမှန်၊ ဆရာနှင့်ဗိုလ်ချုပ်သံ ယောဇဉ်၊ ဆရာ၏နောက်ဆုံးဆောင်ရွက်ချက်၊ လူသတ်လက်ချက် ဖြင့် ကွယ်လွန်ခြင်း၊ ဆရာ၏ကျဆုံးမှု၊ ဦးသိန်းဖေမြင့်၏ ဆရာနှင့် စွယ်စုံ၊ ဆရာမဟာဆွေနှင့် ဆရာကြီး မွန်းဓာတုတို့အမြင်၊ မာနပယ် ဟာသကြွယ်သောဆရာ၊ ကွန်မြူနစ်ပုံပြင်ကလေး၊ မြန်မာ့စွယ်စုံ အဆို၊ တပည့်မမြယဉ်စိန်နီဂုံး၊ ဆရာကြီး၏တမ်းချင်းလေးချိုး၊ အမျိုးသား သစ္စာဖောက်မှုကြီး။

– ဆရာဦးဘချို အတ္ထုပ္ပတ္တိနောက်ဆက်တွဲများ ၂၈၁

၁။ မြဝတီဝန်ကြီး၏ လွမ်းမလေ့။ ၂၈၃


www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှာ–ပြုဖြစ်မည် မသေချာသမို့၊ ဆွေမြန်မာတစ်မိသားတို့ဝယ် အားမရှိတောင်း'

## (၃)ကြိမ်မြောက် အမျိုးသားနေ့

သို့သော် မကြာမီ နှစ်ဖက်လူကြီးများ၏ ကြိုးပမ်းစေ့စပ် စိုင်းပြင်းမှုများကြောင့် ကံအားလျော်စွာ ထိုနှစ်က (၃)ကြိမ်မြောက် အမျိုးသားနေ့ကြီး ခမ်းနားစွာကျင်းပဖြစ်ခဲ့သော်လည်း လှိုင်ပုကျော် ဂျီစီဘီအေလူကြီးများ ကြီးမှူးသောဘက်က အထောက်မခံ၊ (၂၁) ဦး ဂျီစီဘီအေလူကြီးများက အထောက်ခံ စသည်ဖြင့် နေရှင်နယ်ကျောင်းများလည်း ခေါင်းဆောင်လူကြီးများ ကွဲသလို နှစ်သင်းကွဲကာ အမျိုးသားနေ့ကျင်းပရာတွင်လည်း နှစ်သင်းနှစ်နေရာ ကျင်းပခဲ့ကြလေသည်။ ထိုစဉ်က (၃)ကြိမ်မြောက် အမျိုးသားနေ့ (နေရှင်နယ်ဒေး) ကျင်းပခဲ့ပုံများကို သတင်းစာများတွင် အကျယ်တဝင့် ရေးသားပါရှိသည်များကို ဤသို့ ဖတ်ခဲ့ရ၏။

၁၂၈၅–တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အမျိုးသားအောင်ပွဲနေ့ကြီးတွင် ရန်ကုန်မြို့ရှိ အစိုးရအထောက်အပံ့(မခံသော)တိုင်းရင်းသား ကျောင်းများတို့သည် ရန်ကုန်မြို့က သရက်တောကျောင်းတိုက်အတွင်းတွင် လူစု၍ ဘုန်းကြီးလမ်း၊ ကျုံးကြီးလမ်း၊ မော်တင်လမ်းသို့ကွေ့၍ ဒါလဟိုဇီလမ်းသို့ လှည့်ပြီးလျှင် သိမ်ကြီးဈေးတရုတ်တန်းမှ ရွှေတိဂုံဘုရားကြီးအရောက် စီတန်း၍ ချီတက်ခဲ့ကြသည်။

ဘုန်းကြီးလမ်းမှ ကျုံးကြီးလမ်းသို့အချိုးတွင် မြန်မာရုပ်ရှင်ကုမ္ပဏီတစ်ခု လာရောက်၍ ရုပ်ရှင်ရိုက်ကူးသည်ကို တွေ့ရသည်။ ပထမဦးစွာ ရှေ့ဆုံးမှ ကြေးစည်တီး၍ သံဃာသာမဂ္ဂီကိုယ်တော် ၂၆ ပါးက စီတန်း၍ ကြွကြသည်။ နောက်မှ ပင်နီပေါ်တွင် အပေါ်တန်းမှ (အစိုးရ အထောက်အပံ့မခံသော တိုင်းရင်းသားကျောင်းများ)ဟူသော မြန်မာစာတန်း၊ အောက်မှ (The Antiaid national Schools) ဟူသော အင်္ဂလိပ်စာတန်း ရေးသားထားသည့် ခေါင်းရုပ်နှစ်ခုနှင့် ဆိုင်းဘုတ်ကြီးကို ကျောင်းသားများက ကိုင်၍ ထိုနောက်မှ (မြို့မတိုင်းရင်းသူ အထက်တန်းကျောင်း)ဟူသော စာတန်းပါသော ဆိုင်းဘုတ်။

ထိုနောက်မှ လှပစွာ ဆင်ယင်ထားသော ပန်းမော်တော်ကားပေါ်တွင်လည်း ကောင်း မြို့မတိုင်းရင်းသူကျောင်းမှ (မတင်ဥ၊ မတင်အင်၊ မမြမေ)အမည်ရှိ အမျိုးသမီးကလေး (၃)ဦးက နန်းတွင်းသူ အဝတ်အစားဖြင့် ထိုင်မသိမ်းအကျႌ ထဘီများကို ဝတ်ဆင်ပြီးလျှင် အမိမြန်မာပြည် အခြေအရုံပုံသဏ္ဌာန် စီးနင်းလိုက်ပါလာကြသည်။ ထိုနောက်မှ စည်တော်ရှမ်း၍ ကျောင်းသမီးပေါင်း(၁၅၀)ကျော်နှင့် ဆရာမများက စီတန်းလိုက်ပါလာကြသည်။



ထိုနောက်တွင် (ရန်ကုန်မြို့မ တိုင်းရင်းသား အထက်တန်းကျောင်းကြီး)ဟူသော စာတန်းပါဆိုင်းဘုတ်။ ထိုနောက်မှ မော်တော်ဘတ်စကားပေါ်တွင် ဆင်ယင်ထားသော (ဦးသောမ ကိုယ်တော်)စီစဉ်ပြုလုပ်ထားသည့် ဟုမ္မရူးကရဝိက်ဖောင်ပေါ်တွင် လှေတော်သားများကဲ့သို့ ဝတ်ဆင်၍ထားသော မြို့မတိုင်းရင်းသား ကျောင်းသားကလေးများက လှော်တက်ကိုယ်စီကိုင်ကာ လှေတော်သံများကို သာယာနာပျော်ဖွယ် သီဆိုလိုက်ကြပါသည်။ ထိုနောက်မှ မြို့မတိုင်းရင်းသား ကျောင်းသား(၆၀၀)ကျော်နှင့် လိုက်ပါလာကြသည်။

ထိုနောက် အစိုးရအထောက်အပံ့မခံသော (မြို့မ တိုင်းရင်းသား၊ ကျောင်းသားများအသင်း)ဟူသော ဆိုင်းဘုတ်ကြီး။ ထိုနောက် ကျောင်းသားများအသင်းမှ တူရိယာအတီးအမှုတ်ဝိုင်း။ ထိုနောက်မှ ပန်းစွန့်တောင်(ပုဇွန်တောင်)တိုင်းရင်းသားအထက်တန်းကျောင်း ဆိုင်းဘုတ်။ ထိုနောက်မှ လှပစွာပြင်ဆင်ထားသော ယဉ်ပေါ်တွင် အမိမြန်မာပြည်သဏ္ဌာန်ဝတ်ဆင်ထားသော ကျောင်းသားနှင့် အနားမှ ဓားထမ်း၍ ရပ်နေသော သက်တော်စောင့်သဏ္ဌာန် ကျောင်းသားတစ်ယောက် စီးနင်းလိုက်ပါကာ စည်တော်ရှမ်း၍ ထိုနောက်မှ ပန်းစွန့်တောင်(ပုဇွန်တောင်)နှင့် ဗိုလ်တထောင်ကျောင်းမှကျောင်းသားများနှင့်ဆရာများ စီတန်းလိုက်ပါလာကြသည်။

ထိုနောက်တွင် ကြည့်မြင်တိုင် တိုင်းရင်းသားကျောင်းနှင့် တိုင်းရင်းသူကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် အတီးအမှုတ်ဝိုင်း။ ထိုနောက် ကျောင်းကော်မီတီများနှင့် ဂျီစီဘီအေလူကြီးများ။ အစိုးရအထောက်အပံ့မခံသော ပညာရေးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးထွန်းလှဖြူ၊ စက္ကရီတေရီ ဦးစောလှိုင်၊ ဗန္ဓုလဦးစိန်တို့နှင့် လမ်းမတော်အသင်း ကော်မတီလူကြီးများ၊ ဆီကုမ္ပဏီလူကြီးများ လိုက်ပါလာကြသည်။ အားလုံးလူပေါင်းနှစ်ထောင်ခန့်ရှိသည်။

မော်တင်လမ်းသို့ရောက်လျှင် ဒါနပရိစာဂသမဂ္ဂအသင်းမှ လိမ္မော်သီးများ ကမ်းလှမ်းကြသည်။ ဦးချစ်လှိုင်ကြီးမှူးသော ဂျီစီဘီအေမှ (ဝံသာနုဂျီစီဘီအေ အသင်းကြီးမှ ကျောင်းသူ ကျောင်းသားများသို့ မေတ္တာလက်ဆောင်၊ ဘုန်းတော် (၆) ပါးနှင့် ပြည့်စုံတော်မူ၍ မှန်ကန်ပြတ်သားသော ပညာဂုဏ်တော်ရှိ ပူဇော်အထူးခံထိုက်သော ဘုရားကို ရှိခိုးဦးညွှတ်ပါ၏။) 

* G. C. B. A Wunthanu!s Gift To School Children.
We Do Homage To Baghava Replete With
six Glories, Worthy of Worship And Possessed
of Unerring Knowledge.

www.burmeseclassic.com



ရှင်ဗုဒ္ဓမြတ်စွာအား ကျွန်ုပ်တို့ ပူဇော်မိ ပူဇော်ပါ၏။)* အဓိပ္ပာယ်ရှိသော အင်္ဂလိပ်စာတန်း ပါ ခေါင်းအလံကလေးများကို ဝေငှကမ်းလှမ်းကြသည်။

ရန်ကုန်မြို့ မောင်ခိုင်လမ်း၊ ဘားမားနေ့ရှင်နယ်ဆေးတိုက်မှ ၁၉၂၄ ခုနှစ်အတွက် လှပသော ပြက္ခဒိန်ကားချပ်ကလေးများ တစ်ချပ်စီကို လူတိုင်းစေ့ဝေငှကမ်းလှမ်းကြသည်။ ဆိုကုမ္ပဏီအသင်းများက အဖျော်ယမကာများနှင့် ဧည့်ခံသည်။ဒါလဟိုဇီလမ်း ရောက်လျှင် ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရုပ်ရှင်ရိုက်ကူးပြန်သည်။ သိမ်ကြီးဈေးသို့ရောက်သောအခါ အမျိုးသမီးအသင်းမှ လိမ္မော်သီးများ၊ အဖျော်ရည်များနှင့် တိုက်ကျွေးဧည့်ခံပြန်သည်၊ ယင်းနေရာ၌လည်း ရုပ်ရှင်ရိုက်ကူးသည်။

ထို့နောက် ဘုရားကြီးခြေရင်း စတုဒီသာဇရပ်ကြီးသို့ ရောက်လျှင် ကြည့်မြင်တိုင် အသင်းမှ မုန့်ဟင်းခါးများနှင့် ကျွေးမွေးဧည့်ခံပြန်၍ အိန်အန်တောင် ကျားတံဆိပ်ဆေး တိုက်မှ ဗလရှင်ဆေးပြားများဝေငှ ကမ်းလှမ်းကြပြန်သည်။ ထို့နောက် ဘုရားကြီးရင်ပြင် တော်သို့ အတီးအမှုတ် အကအခုန်များနှင့် တက်ကြသည်ကို ရုပ်ရှင်ကုမ္ပဏီများက ရုပ်ရှင်ရိုက်ကူးကြသည်။

ဘုရားကြီးရင်ပြင်တော်ပေါ်တွင်လည်း ကြည့်မြင်တိုင် နံပါတ်(၁)အသင်း။ ဒါနသုခ အမျိုးသမီးအသင်း၊ ဗုဒ္ဓအာသာ မာမက အသင်း၊ စမ်းချောင်းအသင်းနှင့် ဝံသာနုသတင်း[illegible] တိုက်သားများက တဖန်မုန့်ဟင်းခါး၊ ဆီထမင်းများနှင့် ကျွေးမွေးဧည့်ခံကြပြန်သည်။ ထို့နောက် သရက်တောကျောင်းတိုက်၊ ရတနာမန်းကျောင်း ဦးမေဓိကိုယ်တော်က ငါးပါး သီလပေး၍ အောင်ပွဲနေ့အကြောင်း အနည်းငယ်ဟောပြောပြီးနောက် အစိုးရ အထောက် အပံ့မခံပညာရေးအဖွဲ့ချုပ် စက္ကရီတေရီ ဦးစောလှိုင်က မြန်မာလူမျိုးများ အင်္ဂလိပ်အစိုးရ လက်အောက်၊ အုပ်ချုပ်ခံနေရသည်ကို ဝမ်းနည်းဖွယ်ကောင်းကြောင်းနှင့် ရှင်ဒုက္ခလနှင့် ပါရိကအကြောင်း ဖွဲ့နွဲ့စီကုံးထားသောရတု ၂ ပုဒ်ကို သံနေသံထားနှင့် ရွတ်ဆိုပြကာ အဓိပ္ပာယ်အကျယ်ကို နာပျော်ဖွယ်ဟောပြောသည်။ ထိုနေ့ည သရက်တောကျောင်းတိုက် အတွင်း အငြိမ့်ပွဲ၊ ခြင်းပွဲ၊ ရွှဲပွဲများဖြင့် ဧည့်ခံကျင်းပသည်။ (ဤကား ထိုနေ့က အမျိုးသားနေ့ ကျင်းပပုံ တမ်ပိုင်း)

အစိုးရအထောက်အပံ့ခံ တိုင်းရင်းသားကျောင်းများသည်လည်း ထိုနေ့ကတိုင်းရင်း သား အမျိုးသားကောလိပ်ကျောင်းနှင့်အတူ ရန်ကုန်မြို့၊ ဆူးလေဘုရားကြီးအနီး ဖိုက်စကွဲ ယား ဥယျာဉ်အနီးတွင် လူစုကြပြီး သိမ်ကြီးဈေးသို့ ဒါလဟိုဇီလမ်းမှ စီတန်းသွားကြသည်။ ရှေ့မှ (တိုင်းရင်းသား သိပ္ပံကျောင်း)ဟူသော စာတန်းပါသည့် ဆိုင်းဘုတ်၊ (တတိယမြောက်



တိုင်းရင်းသားနေ့)ဟူသော ဆိုင်းဘုတ်၊ (ပန်းစွန့်တောင် တိုင်းရင်းသားကျောင်း)ဟူသော ဆိုင်းဘုတ်များနှင့် ရှေးမြန်မာဘုရင်များရှိတော်မူစဉ်က အစဉ်အဆက်အသုံးပြုသော အလံ ကြီးငယ်တို့ကို ကိုင်ဆောင်၍ အတီးအမှုတ်များနှင့် စီတန်းလှည့်လည်ကြသည်။

ပန်းစွန့်တောင်(ပုဇွန်တောင်) တိုင်းရင်းသားကျောင်းမှ ကျောင်းသားမောင်လှစိန်က အမိမြန်မာပြည်သဏ္ဌာန် ဝတ်ဆင်၍ လှပစွာ ပြင်ဆင်ထားသော မော်တော်ကားပေါ်တွင် စီးနင်းလိုက်ပါကာ အခြားမော်တော်ကားတစ်စီးတွင် ၎င်းကျောင်းမှ မောင်မောင်နှင့် မောင်သိန်းလှတို့က မြန်မာစစ်သူကြီးများအသွင် ဝတ်ဆင်ပြီး လိုက်ပါလာကြသည်။

ထို့နောက်မှ ပန်းစွန့်တောင် ကျောင်းသားများနှင့် ဆရာများလိုက်ပါလာကြသည်။ ထို့နောက် ပညာရေးအဖွဲ့မှ လူကြီးများဖြစ်သော ဦးပု(ရွှေကျင်)၊ ဦးဘဖေ၊ ဦးဘလှိုင်၊ သတ္တု ကိုခင်မောင်၊ မြန်မာ့အလင်းဦးစိန်၊ သူရိယဦးစိန်တို့ လိုက်ပါလာကြသည်။ သိမ်ကြီး ဈေးသို့ ရောက်သောအခါ ကြည့်မြင်တိုင် တိုင်းရင်းသားကျောင်းမှ ကျောင်းသူများနှင့် တွေ့ဆုံပူးပေါင်းလိုက်ပါကြသည်။ အားလုံး လူပေါင်း တစ်ထောင်နီးပါးခန့် ရှိသည်။

သိမ်ကြီးဈေးအသင်းမှ အဖျော်ရည်များနှင့် တိုက်ကျွေး ဧည့်ခံကြသည်။ ဘုရား ရင်ပြင်တော်ရောက်လျှင် လက်ျာရစ် လှည့်ပြီးနောက် ဦးဘိုးသာတန်ဆောင်းတွင် ဝင်ရောက် ရပ်နား၍ ဘုရားရှိခိုး ပူဇော်ကြသည်။ ၎င်းနောက် ဗဟန်းဘက်သို့ တီးမှုတ်ကခုန်၍ ဆင်းသက်ကြသည်။

ထိုနေရာတွင် ရုပ်ရှင်ကုမ္ပဏီများက ရုပ်ရှင်ရိုက်ကြသည်။ ဗဟန်းသုခမ္မာဇရပ် သို့ ရောက်သောအခါ မုန့်ဟင်းခါးများ ကျွေးပြီးနောက် ငါးပါးသီလ ခံယူကြသည်။ အမျိုးသားကောလိပ်ကျောင်းအတွင်း၌ သထုံမြို့မှ ရောက်လာကြသော ကလေးများက [illegible]င်းရွဲခတ်ပွဲများနှင့် ဧည့်ခံဖြေဖျော်ကြသည်။ ထိုညတွင် ကောလိပ်ကျောင်းနှင့် ပန်းစွန့် တောင်(ပုဇွန်တောင်)ကျောင်းများတွင် အငြိမ့်ပွဲများနှင့် စည်စည်ကားကား ဧည့်ခံဖြေဖျော် ကြသည်။

ဤကား ထိုစဉ်က သုံးကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို အစိုးရအထောက် အပံ့(မခံ) တိုင်းရင်းသားနေ့ရှင်နယ် ကျောင်းများ၏ တစ်သီးတခြား ကျင်းပလှည့်လည် [illegible]ကြပုံများကို သတင်းစာများတွင် ဖတ်ရခြင်းပင် ဖြစ်သည်။

## ၃ ဦးနှင့် ၂၁ ဦးအကွဲ

ထိုသို့ ကျင်းပခဲ့ကြရာတွင် အထောက်မခံဘက်မှ လိုက်ပါ လှည့်လည်ခဲ့ကြသော

www.burmeseclassic.com

www.burmeseclassic.com



လူအင်အားက ပို၍ များသည်ကို တွေ့ရခြင်းဖြင့် ထိုစဉ်က ကောင်စီဝင် ၂၁ ဦး လူကြီး များနှင့် ဒိုင်အာခီ အစိုးရအပေါ် တိုင်းပြည်လူထု၏ သဘောထားကို ခန့်မှန်းသိနိုင် လောက်ပေသည်။ သို့သော် ထိုအချိန်တွင် ယင်းနှစ်သင်း နှစ်ပက္ခ အကွဲဂယက်ကြောင့် မြန်မာပြည်နိုင်ငံရေး၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်း သတင်းစာများလည်း ဟိုဘက်သည်ဘက် စသည်ဖြင့် ယိမ်းယိုင်စပြု၍လာလေရာ ယခင်သတင်းစာ (၁၃)စောင်တွင် တစ်ခုရပ် ဖြစ်သော ပညာအလင်းဦးတင်တို့က ဝံသာနု လှိုင်ပုကျော် သုံးဦး ဂိုစီဘီအဘက်သို့ လည်းကောင်း၊ မြန်မာ့အလင်း စကားတောင်စားကြီး ဦးစိန်းတို့ကလည်း ၂၁ ဦး ဂိုစီဘီအ ဘက်သို့လည်းကောင်း အသီးသီးယိမ်းယိုင်စ ပြုလာကြလေသည်။

နောက်ဆုံးတွင်ကား ယခင်အစိုးရအထောက်မခံ နေရှင်နယ်ကျောင်းများသည် လည်း အခြေမခိုင် ယိမ်းယိုင်ကာ တဖြည်းဖြည်း ကွဲပြိုစပြုလာကြပြန်သည်။ ယင်းသို့ ပြိုကွဲပျက်စီးရသည့်အကြောင်းကို ကျွန်ုပ်တို့က ထုတ်ဖော်ရေးသားခြင်းထက် ထိုစဉ်က မြန်မာ့ရီဗျူးဂျာနယ်နေရှင်နယ် မှန်ပြောင်းအခန်းမှ နေရှင်နယ်ကျောင်းဆရာနှင့် ဆရာမ နှစ်ဦးတို့၏ စုံတွဲတေးထပ်ကလေးနှစ်ပုဒ်ကို ရင်ဆိုင်ဖွယ် သရုပ်ပေါ်ပေါ် ဖတ်ရှုရခြင်းဖြင့် သိမြင်ထင်ရှားနိုင်ပေသည်။

ဆရာဆို 'နေရှင်နယ်စန်းမထ လေတော့၊ နှမ်းလျှ၍ဆွေးပူ၊ ဝမ်းမစ ကြေးကျ သည်၊ ဖေးကူသူအိုမဲ့။ လခကပေါ်မလာတယ်၊ မျှော်ရှာသူ ဆွေးမိပါရဲ့။ စား အသောက် မချောင်လည်၊ အပေါင်ဆိုင်ကိုလှည့်၊ ဖြောင်စတိုင် နဂိုပဲ့ရန်ပ၊ ငိုမဲ့၍ သွားကာ ဝတ်အထည် ကမ္ဗလာကိုဖြင့်၊ ကျပ်ပြားနှင့် လဲရသည်သာ။ ဖွတ်ကျော နှင့် မဲစွပြာလို၊ မွဲရတာသေလုပေါ့။ ခရုအဆံချောင်၊ ဝမ်းကဟောင်ဟောင် ဘန်းမလှ ဆရာမောင်မှာ ဗလာတောင်ကျင်းလှပေါ့လေး'

ဆရာမဆို 'နေရှင်နယ် ဆရာမရယ်လို့၊ အကျ်ီက ဝမ်းပြောင်၊ ဗလာပအတွင်း ဟောင်တယ်၊ မယွင်းပေါင်ခင်ခင့်။ လခရဲ့ မမှန်အင်ကို၊ မခံချင်ပြောရသရှိ တပည့်များခမျာတွေမှာ၊ သပြာငွေကိုချင့်၊ ဈေးဗုံးရန် မျှော်လင့်လို့၊ တော်သင့်သူ ထံမှာ သရေစာ မပျက်စားရုံဖြင့် ရှက်အားနှင့် ပြောရပြန်ရှာ။ ဆီဘိုးမှ မချမ်းသာ တယ်။ ဆံဗလာ ဖွာစုတ်ဖွားနှင့် ရထားခငွေမမြင်၊ စိုင်းရခြေကျင်။ မြန်မာတိုင်းကျော ဇမ္ဗူခွင်မှာ လှူချင်သူ ရှားတာမို့လေး'

(မှတ်ချက်)။ ။ အထက်ပါအခန်းများတွင် ဥက္ကလာ–ခင်စိန်အမည်ဖြင့် ဆရာ ဦးဘချို ငယ်စဉ်ရေးခဲ့သော စာရေးကြီးနှင့် စာရေးကြီးကတော် စုံတွဲညည်းချင်းနှစ်ပုဒ် ဖော်ပြဖူးခဲ့ရာစာရေးကြီးကတော် ညည်းချင်းလေးချိုးတွင် 'ကျွန်မမှာဖြင့် တမတ်နှစ်ပြား ချောစေဖို့၊ (ကမ္ဗလား)ရှောပြီး၊ သနပ်ခါးကောအောင်၊ မွဲလှတဲ့ကံအကြောင်း'ဟူသော စကား အသုံးအနှုန်းထည်ကမ္ဗလာကိုဖြင့်၊ ကျပ်ပြားနှင့်လဲရသည်သာ'ဟူသော အပိုဒ်များကို ယှဉ် ကြည့်ခြင်းဖြင့် ဤကဗျာများမှာ မည်သူ၏ လက်ရာဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။



ထိုစဉ်က နေရှင်နယ်ကျောင်းဆရာများ၏ ဘဝဖြစ်ပုံမှာ 'နေရှင်နယ်ဆရာအစ၊ ပုဆိုးပေါင်ရအလယ်၊ ငတ်ဖွယ်အဆုံး' ဟူ၍ပင် ပြောစမှတ်စကားများ ဖြစ်ခဲ့ရသည်။ (ထိုခေတ်က အမျိုးသားကောလိပ်ကျောင်းဆရာကြီး ဦးလွန်း(ဆရာမှိုင်း)ကြီးတို့ ပုဆိုး ပေါင်၍ ကျောင်း တက် စာပြခဲ့ရသည့်အဖြစ်များကို သတိရဖွယ်။)

အထက်ပါ တေးထပ်များ၏ နောက်ဆွယ်မှလည်း မြန်မာ့ရီဗျူးပင်တိုင်ဆောင်း ပါးရှင်ဖြစ်သော နေရှင်နယ်မှန်ပြောင်းကြီးကပင် ဆက်၍...

'အထက်ပါတေးထပ်နှစ်ပုဒ်ကို စဉ်းစားသည်ရှိသော်' နေရှင်နယ်ပညာရေးကို အားပေးမည့်သူနည်းကြောင်း ထင်ရှား၏။ အစိုးရအထောက်အပံ့ခံသူတို့ကို ခံရမလားဟု ဆဲဆိုကြ၏။

ဆဲဆိုသောသူများလည်း ရက်ရက်ရောရောငွေမလှူ၊ အလှူခံအဖြစ်လည်း အားကြိုး မာန်တက်လိုက်မတောင်း၊ ကျောင်းပျက်မည်ကိုလည်း မမျှော်တွေး၊ ကလေးများကိုလည်း မငဲ့ညှာ၊ ဘာတွေဖြစ်နေကြသလဲ အရပ်ကတို့ အထောက် မခံသည်ကို မကြိုက်လျှင် အထောက်မခံသော ကျောင်းတွေအတွက် ရက်ရက် ရောရော လောက်အောင် ထောက်ပံ့ ဖို့သင့်၏။

ကြည့်မြင်တိုင်ကျောင်းအချို့ ဆရာမတွေ လခအပြည့်မရချေ။ (ယခင်တေးထပ် ကလေးအတိုင်းပင်) ဆဲနေလို့ ဘာအကျိုး ရှိသလဲ လူကြီးလူကောင်းတို့ဗျ၊ ယခု အထောက်အပံ့မခံဟုဆုံးဖြတ်ထားသော နေရှင်နယ်ကောလိပ်ကျောင်းကြီးအတွက် လစဉ် မှန်မှန် လှူဒါန်းနိုင်သောပုဂ္ဂိုလ်များထံသို့ မြန်မာပြည်အတွင်း လှည့်လည်၍ ငွေအလှူ ခံလိမ့်မည်။

လူကြီးချင်းသဘောကွဲသည်မှာ အရေးမဟုတ်၊ နေရှင်နယ်ကောလိပ်ကြီး အထောက်အပံ့မယူဘဲ တည်မြဲ တည်ခြင်းသည်သာ၍ အရေးကြီး၏။ သို့ကြောင့် အထောက်အပံ့ကို မယူလိုသူများက မိမိတို့စကားနှင့်ညီအောင် ကောလိပ်ကြီး အတွက် သက်သေပြကြဖို့ သင့်တော်သည်။ ပညာရေး၏ အရေးကြီးခြင်းကို ယခု တိုင် မသိသေးဘူးလားအရပ်ကတို့။

မှန်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဤစကားစဉ်များဖြင့် အစိုးရအထောက်မခံ (လှိုင်ပုကျော် သုံးဦး ဂျီစီဘီအေ)နှင့် အစိုးရအထောက်ခံလိုသူများဖြစ်သော (၂၁ ဦး ဂျီစီဘီအေ)လူကြီးများ၏ သဘောထားများ အစင်းသားထင်ရှား ပေါ်လွင်နေသည်ကို တွေ့မြင်နိုင်သည်။ ယင်းအချက်များကို ချင့်ထောက်ခြင်းဖြင့် ထိုစဉ်က မြန်မာ့ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံ၏ မိုးလေဝသ အခြေအနေများကိုလည်း စိတ်မချမ်းမြေ့ဖွယ် ခန့်မှန်းသိမြင်နိုင် လောက်ပေသည်။ ဤတွင် ရှေ့ဆက်၍ဖတ်ရှုလျှင် ပို၍ ထင်ရှားပေလိမ့်ဦးမည်။

နောက်ဆုံးတွင်ကား အမျိုးသားကောလိပ်ကြီးရော နေရှင်နယ်ကျောင်းများပါ ချာပနပြာကျရသော ဘဝသို့ ရောက်ခဲ့ကြရသည့်အရေးကို အထူးဖော်ပြဖို့မလိုဘဲ ယခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဆောင်းပါးနှင့် လေးချိုးကြီးများအတိုင်းပင်ဖြစ်ရာ ဤ အကြောင်းများကို ဆရာ၏ မြန်မာ့ရီဗျူးဂျာနယ် ရုပ်ပြောင်းပိုင်းမှ 'နေရှင်နယ်ပညာရေး ကောင်စီနှင့်အမျိုးသားကောလိပ်အကြောင်း၊ မယားကြီး၊ မယားငယ် စုံတွဲသီချင်း' ကလေးများကို ဖတ်ကြည့်က ပို၍ထင်ရှား သိမြင်နိုင်လိမ့်မည်သာတည်း။

မယားကြီး (စီအင်အီး ပညာရေးအဖွဲ့ ၂၁ ဦး လူကြီးများကို...ဆိုလိုဟန်)

စကား။ 'ရှင့်ကို ကျွန်မ ရှာမကျွေးနိုင်ဘူး အေအေး ထိုင်စားရလျှင် မကြိုက်ဘူးလား'

တေးဆို 'ပိုက်ဆံရှာလို့မရနိုင်တယ်၊ ငွေစတိုင်တွေကများတာကြောင့် ခနချိုင်လိုအားငယ်နှင့်၊ ဟိုဘက်ကကုလားဖြင့် (အစိုးရအထောက်အပံ့ကိုဆိုလိုသည်) မြူကာတမင်၊ ဒုက္ခိတလင်မောင် ကျွေးမွေးနိုင်ရန် တံရားငယ်မို့ အေးအေးဒိုင်ခံစားရရင်ဖြင့်၊ လားလားမှ ဆူဖို့ မတော်ဘူးရှင်'

ဒုက္ခိတလင်။ (အမျိုးသားကောလိပ်နှင့် နေရှင်နယ်ကျောင်းများ)

စကား။ 'ငါဖို့ငွေတွေ ပင်လယ်ဝေနေပေမယ့် မင်းလင်ငယ်နေတာက အခံရခက်လှသကွာ'

တေးဆို။ 'ဒုက္ခိတလင်မဟာကို၊ အကြင်နာ ကင်းရှေ့သလား၊ အတွင်သာကမြင်းပုံက၊ စကင်းကဖြင့်မဟန်ပါ။ မျောက်မွေးသည့်နမူနာလို၊ သူတကာငွေနှင့် ကျွေးမှာဖြင့်၊ မယူသာ တဖေလင်ဆွေးမိတော့၊ အေးပေမယ့် အခံရ ခွကျသကွာ'

မယားငယ်။ (လှိုင်၊ ပု၊ ကျော် ၃ ဦး ဂျီစီဘီအေများကို ဆိုလိုဟန်)

စကား။ 'လောကမှာတော့ လင်တစ်ယောက်ကို ရင်ပေါက်ထွက်အောင် ကျွေးနိုင်ပါတယ်ရှင်'



တေးဆို။ 'ကမြင်းမယ့် အသွင်မတူသူကို၊ ရှင်အယူမှားလေတော့၊ အတွင်သာ အပူပွားရတာကြောင့်၊ သနားပါငဲ့အမှန်ပင်။ ကျွန်မကိုယူလျှင် အကောင်းတကယ်စားရအောင်ပ။ အရောင်းအဝယ် သွားပါလို့၊ ဘုရားစူးစေ့ဝအောင် ကျွေးမွေးမရှင့်'

ဒုက္ခိတလင်။ 'အကျိုန်ရဲတဲ့လှိုင်ပုကညာရယ်၊ ပြိုင်တုကာ မပြောပါနဲ့၊ အမှုသဘောဖြင့်၊ ဝါယောနှင့်တူစွာ။ မင်းကလည်း လူတကာကို၊ မူမာယာစကားတွေနဲ့၊ ပူပူဆာဆာ ကြွားတာမို့၊ ခုနေဖြင့် လားလားမှ မင်းကို မယုံဘူးကွာ'

ထိုသို့ ဂျီစီဘီအေ အကွဲကြောင့် အမျိုးသားကောလိပ်ကြီးနှင့် ထိုစဉ်က နေရှင်နယ်ကျောင်းပေါင်း (၉၀)ကျော်တွင် (၄၀)ကျော် ပျက်စီးသွားခဲ့ရသော်လည်း ထိုစဉ်က လူထုသည် အစိုးရနှင့်မဆက်ဆံရေး၊ ရာထူးမယူရေး၊ သပိတ်သမား လှိုင်-ပု-ကျော်တို့အား ပို၍ ထောက်ခံအားပေးမှု ပိုကြောင်းများကို တွေ့ရသည်။

ဆရာတို့၏ မြန်မာ့ရီဗျူးဂျာနယ်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၏ အာဘော် ဆောင်းပါးများကို ဖတ်ရခြင်းဖြင့်လည်း ရာထူးမယူရေး ၃ ဦး ဂျီစီဘီအေ သပိတ်များ ဘက်သို့ ပို၍ အားသန်ကြောင်း တွေ့ရသည်။ သို့သော် ထိုစဉ်က သပိတ် ဂျီစီဘီအေ လှိုင်ပုကျော်များ၏ လုပ်ရပ်များနှင့် ခြေလှမ်းများကလည်း အားမရစရာ စိတ်ပျက်ဖွယ် အကြောင်းများကို ဖတ်ရသည်။ အထူးသဖြင့် အသင်းခွဲများမှ ဆက်ကြေးကိစ္စများနှင့် အသင်းချုပ်ရုံပုံငွေစာရင်းရှင်းတမ်းအရှုပ်တော်ပုံများဖြစ်သည်။ သို့သော် ၂၁ ဦး ဂျီစီ ဘီအေ အဖွဲ့ဝင်ဆိုသူများကလည်း ထူးမခြားနားသာပင်။

## ဂျီစီဘီအေ ငွေဆုံသတင်းများ

ထိုစဉ်က မြန်မာ့ရီဗျူးဂျာနယ်တွင် အပတ်စဉ် 'လောကကြီးက မောက်ကမ' အမည်ဖြင့် အခန်းတစ်ခန်း ပါရှိ၏။ ထိုအခန်းတွင် ထိုခေတ်နိုင်ငံရေးနှင့်ပတ်သက်သည့် သတင်းထူး သတင်းဆန်းများကို မှတ်ချက်သဖွယ် ထိကပါးရိကပါး ကလိထား ရေးထားသည်များကို ဖတ်ရ၏။

ထိုသတင်း မှတ်ချက်များကို ဖတ်ရခြင်းဖြင့် ထိုစဉ်က နိုင်ငံရေး မိုးလေဝသ အခြေအနေများနှင့် နိုင်ငံရေးဆရာများ၏ ကမောက်ကမနိုင်လှသည့်အကြောင်းများကို ဗဟုသုတဖြစ်ဖွယ် ရယ်မောဖွယ် တွေ့မြင်ဖတ်ရှုနိုင်ပေရာ ယခုအောက်ပါသတင်းအချို့ကား ထိုစဉ်က နိုင်ငံရေး မိုးလေဝသ၏ အခြေအနေ တစ်စိတ်တစ်ဒေသများပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိုးနားတိုကို ဖောက်ထိုးထား

မြန်မာပြည်မှာ သပိတ်မှောက်ကာကွယ်ရေးဥပဒေကို အတည်ပြုပြီးကတည်းက ဗဟုသုတ ပွဲဆရာတို့မှာ ဘုရား၊ တရား၊ ပြဒါး၊ သံဃာဆိုသလို ဘွိုင်းကော့ အက်ဥပဒေ သရဏဂုံဗ္ဗာမိ တစ်ပါးတိုးပြီး သောက်ကျိုးနည်း ရုံးပေါက်နေကြဆိုကိုး။

ယခုလည်း ဘုန်းကြီး ၃၇ ပါး အကုန်ပေါင်းပြီး တစ်ပြုံတစ်ခေါင်းကြီး ဦးကရက် ဒေါက် (ထိုစဉ်က– ဘုရင်ခံ)ရဲ့ ကောင်းမှုတော်၊ ကမ္ဘာပေါ်မှာ ရှာမတွေ့တဲ့ သည်ဥပဒေ အရနှင့် တရားစွဲပြန်ပြီလို့ ကြားရတော့ သပိတ်မှောက်ဆိုတဲ့ စကား မပြောဝံ့အောင် ဖြစ်နေ တာကို ဘယ့်နှယ်လုပ်ရှောင်ရပ။ ဂင်္ဂါဝါဠုသဲစုတောင် ရှောင်ခဲ့သေးတာ၊ ကိုင်း... သပိတ် မှောက်ကြနှင့်၊ ကိုယ်သဘောမကျလို့ ရှိလျှင် (အိုးနားတို)ကို ဖောက်ထိုးသာထားလိုက်ကြ၊ (အိုးနားတို...သပိတ်ကို တစ်မျိုးလှည့်ခေါ်ထားပုံ)

ဝါခေါင်လဆန်း ၁၄ ရက် (၁၂၈၅ ခု) မြန်မာ့အလင်းသတင်းစာမှ အယ်ဒီတာ ဦးစိန်းက 'နောက်ကို ဦးဥတ္တမအကြောင်း မကောင်းရေးခဲ့လျှင် အဆုံးစီရင်မည်'ဟု ၎င်းကို ကြိမ်းမောင်း၍ လျှို့ဝှက်သော အသင်းလက်မှတ်ထိုးလျက်ပါသော ပစ်စာတစ်စောင်ရ ကြောင်း ဖော်ပြထားသဗျ။

၎င်းအောက်က အယ်ဒီတာ၏ မှတ်ချက်တွင် 'ဦးစိန်းက စွမ်းရည်သတ္တိများကို ထပ်၍ပင် ကွန့်လိုက်သောကြောင့် တယ်ရဲပါကလား ကိုနီ'ဟု ခေါ်လိုက်ချင်တော့သည်။ စာပစ်သူများသည်လည်း အဟုတ်ရည်ရွယ်၍ ရေးလျှင် မိုက်သောသူများဟု ဆိုရပေမည်။ ဦးစိန်းရေးသည်တို့ကို မခံချင်လျှင် ကဲလောင်ကို ကလောင်ချင်းပြန်၍ ထိုးရမည်။ သည်ကဲ့ သို့ မကြံစည်အပ်။

ကျီစယ်၍ ရေးလျှင်လည်း'ဘူးအသင်းများ ခေတ်ထတုန်းက ထိုလျှို့ဝှက်သော အသင်းဟု လက်မှတ်ထိုး၍ ရေးခြင်းဖြင့် အစိုးရ ဘူးအသင်းတွေအဟုတ်ရှိ၏ဟု ဇဝေဇဝါ ယူဆပြီး ဝံသာနုတွေကို ဖိနှိပ်ရန် အားပေးသကဲ့သို့ဖြစ်မည်ဖြစ်ကြောင်း'နှုတ်ကြောင့်သေ ဟူသော စကားကဲ့သို့ဖြစ်တတ်၏။

ဦးစိန်းကလည်း ဘုန်းကြီးများကို တစ်နေ့မရေးရလျှင် အိပ်၍ပျော်ဟန်မရှိ၊ မြန်မာ့ အလင်းကိုကြည့်လျှင် တစ်နေ့ ဦးဥတ္တမ၊ တစ်နေ့ ဦးနာဂိန္ဒ၊ တစ်နေ့ ဦးဝပုလ္လ၊ တစ်နေ့ မန္တလာဦးကေလာသ အလှည့်ကျ အော်နာပေးနေသည်ကို တွေ့ရ၏။ ဟိုယခင်က သိမ်တောင်ပဏ္ဍာတကိုပါ ရေး၏။ ယခု ၂၁ ဦးဘက်ပါနေသဖြင့် ကော်သည်ကတ်သည် တို့ကို မဖတ်ရတော့ချေ၊ မောင်းထောင်လည်း မောင်းထောင်၊ တောင်ငူလည်း တောင်ငူ



ဆိုသကဲ့သို့ ဖြစ်နေသည်။ အရင်ကလည်းဗျာ...သည်ကလေးဆိုးကြီးရဲ့ ဝါသနာကို အသိ သားနဲ့ ဗွေမယူကြပါနှင့်၊ လွှတ်လွှတ်လပ်လပ် ရေးပါစေ။

## ဘုရားလူကြီးနှင့်အလှူခံ

တိဂုဏ်ဆံတော်ရှင် ကုန်းတော်ပေါ်၌ ရေလှမ်းမိုးသော ဒုက္ခိတတို့အတွက် အလှူ ခံများကို ကန့်ကွက်သည့်အရေးနှင့် သတင်းစာတစ်စောင်က ဘုရားလူကြီးများကို အပြစ် ရေး၏။ အဟုတ်အဟာတ် ငွေခံသူများကို တားမြစ်လျှင် ဘုရားလူကြီးတို့ ဆိုး၏။ သို့သော် ဝေန်တာကျိုးသည်ကို လက်ညှိုးထိုးပြပြီး အိမ်က ဒကာမ လက်ကောက်လုပ်ဖို့ အလှူ ခံယုတ်တို့ကို သုတ်သင်ခြင်းကား အပြစ်မဆိုထိုက်၊ စစ်ဆေးရန်ရှိ၏။ (မှတ်ချက်။ ထိုစဉ် က ငသိုင်းချောင်း ဝေန်ရေကာတာ ကျိုး၍ ရေလှမ်းမိုးသည့် အလှူခံကိစ္စနှင့် ပတ်သက်၍ ဝံသာနုများ အကြီးအကျယ် နာမည်ပျက်ခဲ့ကြသည်။)

## ခံ/မခံ ခြားနားခြင်း

အစိုးရ အထောက်မခံမီ၊ နေရှင်နယ်ကျောင်းမှ ကြေညာလေ့ရှိသည်မှာ (ဆရာ တစ်ယောက် အလိုရှိသည်၊ မည်သည့်အတန်းကို အောင်ရမည်။ အရည်အချင်းတူက ဘွိုင်းကော့တားကို ပေးလိမ့်မည်။) ယခု မြို့မနေရှင်နယ်ကျောင်းသည် အထောက်အပံ့ ခံပြီးသည်နောက်မှ ဘားမားအော့ဖ်ဇားဘား သတင်းစာတွင် ကြော်ငြာသည်မှာ (ဆရာ တစ်ယောက် အလိုရှိသည်၊ မည်သည့်အတန်းကို အောင်ရမည်၊ အရည်အချင်းတူက ဆရာဖြစ်လက်မှတ် ရှိသူကို အသာပေးလိမ့်မည်)ဟု တွေ့ရ၏။

သို့ကြောင့် ခံ/မခံ ဘာခြားသနည်းဆိုလျှင် ခံဘက်က ဆရာဖြစ်လက်မှတ် ပို၍ ဘွိုင်းကော့ ၎ပ်၏။ သို့သော် ဆရာဖြစ်လက်မှတ်ကို အစိုးရမှတစ်ပါး အခြားအဖွဲ့က ပေးသည် မရှိ၍ ၎င်းကြော်ငြာမှာ အောင့်သက်သက်ရှိလှ၏။

## မလန့်ကြပါနဲ့၊ ကြံရုံရှိပါသေးတယ်

မြန်မာဝံသာနုသတင်းစာများ စုပေါင်း၍ မြန်မာပြည်ရှိ ဝံသာနုများ ညီညွတ် ရေးကို ကြံဆောင်အားပေးမည်ဟု လက်မှတ်ရေးထိုးသည်ကို တွေ့ရုံနှင့်ပင် ကျွားဖြူ သတင်းစာတွေမှာ မျက်ဖြူလန်အောင်ကြောက်ပြီး ကမောက်ကမ အချီးရှနှင့်ရန် တိုက်လိုတိုက်၊ သတင်းစာတိုက်တွေကို ဆဲလိုဆဲ၊ ဘယ်ကလောက် စိတ်ဝမ်းကွဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ

၂။ မမြလေး၏ ချစ်သမျှကို။ ၂၉၀
၃။ လှိုင်ထိပ်ခေါင်တင်၏ ရေယမုန်။ ၂၉၉
၄။ သံလျင်မောင်မြဦး၏ အနုပညာအမေးများ ၃၀၇
၅။ မြန်မာလူမျိုးနှင့် သုခုမပညာ။ ၃၃၀
၆။ အမျိုးသားနေ့ ဟောပြောပွဲများ။ ၃၃၄
၇။ တက္ကသိုလ်မြန်မာအသင်းစကားစစ်ထိုးပွဲ။ ၃၄၅
၈။ ကြက်နတ်သံနှင့် ခွေးနတ်သံ ကဗျာများ။ ၃၄၉
၉။ စံပယ်ရေး-ထမင်းလုံးတစ္ဆေဝတ္ထု။ ၃၅၇

# ပြုစုသူ၏အမှာ

## နှစ်ပေါင်း ၂၀ ကျော်ကြာ အတ္ထုပ္ပတ္တိ

လွန်ခဲ့သော ၄ နှစ်ကျော် (၁၉၇၀ ခုနှစ်) လောက်က ဤစာရေးသူထံသို့ အောက်ပါ စာတစ်စောင် ရောက်လာခဲ့သည်။ စာပါ အကျဉ်းချုပ်မှာ ...

ဆရာသခ်ါ ခင်ဗျား...

ကျွန်တော်သည် ဒီးဒုတ် ဒေါ်လှမေ၏မြေး(Grand Nephew) တော်ပါသည်။ သိပ္ပံမောင်ဝ၏စာများအား လူထုဦးလှ စုပေါင်းတည်းဖြတ် ထုတ်ဝေသကဲ့သို့ ဘဘကြီး ဦးဘချို ရေးခဲ့သော ကဗျာများ၊ ဆောင်းပါးများကို ဆရာသခ်ါက ထုတ်ဝေဖို့ စီစဉ်နိုင်လျှင် ကောင်းမည်ဟု အကြံပေးအပ်ပါသည်။

ဘဘကြီးနှင့် နီးနီးကပ်ကပ် နှစ်ရှည်လများ ဆက်ဆံဖူးသူဖြစ်၍ ဘဘကြီး အကြောင်း (Weakness များပါ) ဖော်ပြလျက် (Biography) ရေးနိုင်စွမ်းရှိမည့်ဆရာ့အား တိုက်တွန်းခြင်းဖြစ်ပါသည်။

(ပုံ) မောင်မောင်လွင် (၂၇-၇-၇၀)
ကလေးတရားရုံး၊ အထူးတရားသူကြီး
မန္တလေးမြို့။

အထက်ပါစာကို ရသည့်အခါ ဤစာရေးသူအဖို့ ဝမ်းသာဝမ်းနည်း ဖြစ်မိသည်။ ဝမ်းသာမိခြင်းမှာ တစ်ဖက်ကစာရေးသူ (ဦးမောင်မောင်လွင်) သည် ဤစာရေးသူအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့သဘောကျ သလဲလို့၊ အဲဒါကြောင့် ကုလားဖြူတိုက် နှစ်တိုက်ကို လူကလေးများ–ကရူး၊ မလန့်ပါနဲ့အုံး၊ ရော့ ရေသောက်၊ မညီညွတ်သေးပါဘူး၊ ကြံရုံရှိပါသေးတယ်ဟု ချော့မော့၍ ပြောရတော့သည်ဟူ၏။

သည်ကုလားဖြူတိုက်တွေ လန့်တဲ့အထဲ ပညာအလင်းကရော လန့်သည့်ရောဂါစွဲခြင်း အနာရင့်အောင် မထားနှင့် သည်းခြေပြမ်အောင် ကိုတန်ဆိုင်ရဲ့ အာယုဒီဃသောက်၊ ပညာအလင်းဖြင့် မဆိုနိုင် ဆင်တော့ပျောက်၏။

ဟသ်ာတမြို့၊ ဝံသာနု ဒီစတြိတ်ကောင်စီက ရန်ပုံငွေအတွက် ပွက်ကာထပြီး အမှုဆောင်တစ်ယောက်က ရန်ကုန်ဂျီစီဘီအေ အသင်းချုပ်ကြီးသို့ လာရောက်တိုင်တန်း၍ ၎င်းတို့အား ရှင်းလင်းပေးဖို့ ပြောသတဲ့ဗျာတို့၊ ဟသ်ာတကလူများ သည်အချက်မှာတယ် သတိချွတ်ယွင်းဟန် ရှိသဗျ၊ သတင်းစာများမှ မဖတ်ရော့သလား။

သတင်းစာတွေ အစောင်စောင်ကပဲ ရန်ကုန်အသင်းချုပ်ကြီး ရန်ပုံငွေစာရင်းများ မရှင်းလင်းသည့်အတွက် တနက်ထဲနက်နေလို့ အမှုဆောင် သူ့ခမျာများ ကမ္ဘာမီးလောင်နေရတဲ့အထဲ တကတည်း ဆီမီးခွက်ဝင်တောက်သလို ၎င်းတို့ ဟသ်ာတရန်ပုံငွေကိစ္စဆောင်ရွက်ပါဆိုလို့ဆောင်ရွက်နိုင်ပါ့မလား။ ကိုယ်မချိ အမိသော်လည်း သားတော်ခဲ့တဲ့ ရန်ကုန်အမှုဆောင်များက ဟသ်ာတကို ဘယ်လောက်ပင် သနားပေမဲ့ ကိုယ်တိုင် မရှင်းသေးတော့ သူ့များကို မရှင်းနိုင်ဘူး။

ဇာတ်ပွဲထဲက လူပြက် သော်က ပြောသလို ကာကဝလ္လိယဇာတ်ပြတော့ ဆင်းရဲတဲ့အခန်းမှာ လူပျက်သော်က က 'သူငယ်ချင်းရယ်…ဒို့များ ဆင်းရဲလိုက်တာ…ဟိုပြေးငွေချေးရ၊ သည်ပြေးငွေချေးရနဲ့ ကြာတော့ ကြွေးတွေသိပ်ထူပြီး ပူလှတယ်။ ဟယ်…ဒီလောက်တောင်မွဲလှ၊ သေတာက ကောင်းပါလိမ့်မယ်'ဆိုပြီး တောထဲထွက်သွား။ လား လားတောင်ပို့ကြီးတစ်ခုမှာ နဂါးကြီးတစ်ကောင် တွေ့ပါရောတဲ့။

သည်တော့ ဟန်ကျပြီး သည်နဂါးအပေါက်ခံပြီး သေတော့မယ်လို့ကြံပြီး…'နဂါးမင်းရယ် ကျွန်တော့်ကို ပေါက်စမ်းပါ'လို့ ပြောတော့ နဂါးက မင်းဘာဖြစ်လို့ သေချင်ရတာလဲလို့မေးသတဲ့။ သည်တော့ ကြွေးထူလို့သေမှအေးမဲ့အကြောင်းကို နဂါးကြီး သနားအောင် ပြန်ပြောတော့ နဂါးကြီးက–'သော်ကရယ် မင်းကို သနားလွန်းလို့ ငါ ပေါက်ချင်ပါရဲ့၊ ဒါပေမဲ့ ငါ့မှာ အခုအစွယ်ကို ချစ်တီးဆီမှာ ပေါင်ထားရလို့ မပေါက်နိုင်ဘူးလို့ ငိုတော့မလို ပြန်ပြောသတဲ့ဗျာ၊ ခုလည်း ရန်ကုန်နဂါးမှာ အစွယ်ပေါင်ထားရတုန်းမို့ ဟသ်ာတက သော်ကတွေကို မပေါက်နိုင်သေးဘူးဗျာရို့…



## ဟုမ္မရူးနှင့်နီးပြီ

ရန်ကုန် ကော်ပရေးရှင်းမှ ခန့်လိုက်တဲ့ (ဂျုံ)မတီအဖွဲ့က ဘုရင်ခံကြီးဆိုရေး မီးပွဲအတွက် ငွေတစ်သောင်းကို ကာလကတ္တား မီးရှူးမီးပန်းကုမ္ပဏီကို လွှဲလိုက်ပတဲ့ ဗျာရို့၊ နောင် သားစဉ်မြေးဆက် ပြောစမှတ်ရအောင် မှတ်ထားကြပေရော့၊ မြန်မာပြည်က ရွှေတံဆိပ်ရ မီးဆရာ ဟသ်ာတဆရာဘ၊ လက်မှုပညာဗဟိုက ဆရာအေးတို့ရှိပါလျက် ပထွေးအဖေ ခေါ်ရမှ စိတ်ကျေနပ်သလို မှတ်လောက်သားလောက် လုပ်နေကြပြီ၊ မြန်မာမီးဆရာများက ၎င်းတို့အား လုံးလုံးလျားလျား မလွှဲလိုလျှင် ငွေငါးထောင်ကို ဘင်္ဂလားလွှဲပါ။ သူတို့ကို ငါးထောင်လွှဲပြီး အပြိုင်ခိုင်းပါ။ သူတို့၏ ပညာကို အံ့သြလောက်အောင် အစွမ်းပြပါမည်ဟု အသနားခံသည်ကိုပင် အရေးမစိုက်ဘဲ မိုက်မိုက်ကန်းကန်းလုပ် ကုန်ပကော၊ သည်က လောက် တိုင်းရင်းလက်မှုပညာတွေကို အားပေးလျှင် ဟုမ္မရူးနှင့်နီးပြီ။ ရတော့မယ်၊ အလွန်ကြာလှလျှင် အရိမိတ္တေယျဘုရားနောက်ပဲ။

## မင်းတို့မည်သည် ကေဝစ နံ့တဲ့

ပတောင်း ဦးအုန်းခိုင် မင်းတိုင်ပင်ရွေးခြင်းကိစ္စအတောအတွင်း သေနတ်အပစ်ခံရ၍ သေဆုံးသွားကြောင်း မှတ်မိကြပေလိမ့်မည်။ ၎င်းအကြောင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်နေသော သတင်းအရပ်ရပ်တို့ကို ဖြေရှင်းသောအားဖြင့် အစိုးရသတင်းပြန်ကြားရေးဌာနဆိုင်ရာ အရာရှိက 'ထိုလူသတ်မှုမှာ တိုင်းရေးပြည်မှုအတွက် ဖြစ်သည်မဟုတ်၊ တစ်ဦးနှင့်တစ်ဦး စီးပွားရေး ဂုဏ်တုဂုဏ်ပြိုင်ကိစ္စနှင့်အခြားရန် မရှိခြင်းကြောင့် ဖြစ်သည်'ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ယခု နောက်ဆုံးထုတ်လိုက်သော ပုလိပ်အဖွဲ့ အုပ်ချုပ်ရေးအစီရင်ခံစာတွင်ကား (တိုင်းရေးပြည်မှုတို့သည် မြန်မာများ၏ လက်သုံးကြီးတစ်ခုဖြစ်၍ အနာဂတ်ကာလတွင် တိုင်းရေးပြည်မှုနှင့်စပ်လျဉ်း၍ သတ်ဖြတ်ခြင်းတို့သည် ထင်လင်းဖြစ်ပေါ် ပွားများလာလိမ့်မည်။ဟု ပါရှိ၏။ သို့ကြောင့် မင်းတို့မည်သည် ကေဝစနံ၊ မြွေဟောက်လို လျှာနှစ်ခွ၊ ဟိုကွေ့ကျ ဟိုတက်၊ သည်ကွေ့ကျသည်တက်၊ မင်းတို့စကား ကိုးရိုးကားယားမဖြစ်စေဘဲ မြိုးကြိုးသွားကေဝစနံ တစ်ခွန်းတည်း ဖြစ်စေရန်အထိ ပြုသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



### တိုင်းကျိုးပြည်ကျိုးကြီး ဆောင်ကြပကော

မြန်မာပြည်ကြီး ကောင်းစားပြီး စန်းပွင့်ချင်တော့ ဒိုင်အာခီလူကြီးတွေ အံ့စရာ အလုပ်တွေလုပ်ကုန်ကြပကော ကြီးတော်တို့ရေ၊ ဩဂုတ်လ ၂၀ ရက်နေ့က ဒိုင်အာခီအရဖွဲ့တဲ့ ဒိုင်အာခီကောင်စီ ပထမကွန်ဖရင့်ကြီးကို မန္တလေးမှာ ကျင်းပသတဲ့ဗျ၊ အဲဒီ ကွန်ဖရင့်က ဆုံးဖြတ်ချက်တွေ ဘယ်ကလောက် မြန်မာပြည်ကြီး ကြီးပွားဖို့ နီးပြီလဲဆိုတာ စဉ်းစားကြဖို့ ပြောပြရအုံးဗျ။

ဒိုင်အာခီကောင်စီလူကြီး၊ ဆာကယ်ဘုတ်လူကြီး၊ ကျောင်းဘုတ်လူကြီး အဲသည် ကြီးသုံးကြီးတွေ အလုပ်ဝတ္တရားနဲ့ သွားတဲ့အခါ ခရီးစရိတ်က ပထမတန်းက နှစ်ဆနှင့် နေ့တွက်တစ်နေ့ (၇–၈ ပဲ)က တစား၊ ဒုတိယတန်းက နှစ်ဆနှင့် နေ့တွက် (၆ ကျပ်)က တစ်စား၊ ဒုတိယတန်းနှစ်ဆနှင့် တစ်နေ့ (၅–၈ ပဲ)က တစားလို့ အဆင့်အတန်းလိုက်ပေး ဖို့တဲ့၊ အော်... တိုင်းကျိုးဆောင် လူကြီးတွေ တိုင်းပြည်ကြီး ချစ်ရှာလွန်းလို့ ထင်ပါရဲ့နော်...

❒

## အိန္ဒိယ ကွန်ဂရက်နှင့် မြန်မာ့ ဂျီစီဘီအေ

ထိုစဉ်က ဒိုင်အာခီ အုပ်ချုပ်ရေးသစ်ကို မြန်မာပြည်နည်းတူ အိန္ဒိယပြည်ကိုလည်း ပေးခဲ့သည်။ အိန္ဒိယ ဂျီစီဘီအေ ခေါ်ထိုက်သော ကွန်ဂရက်ပါတီကြီးက ထိုအုပ်ချုပ်ရေးကို လက်မခံခဲ့ပေ။ သို့သော် ထိုကွန်ဂရက်ပါတီအတွင်းမှ (မြန်မာ ၂၁ ဦးများကဲ့သို့) သရာဇခေါ် စွာရာ်အမည်ခံ စီအာရ်ဒတ်(စ်)တို့ လူစုက ဒိုင်အာခီအုပ်ချုပ်ရေးကို ကောင်စီတွင်း ဝင်၍ တိုက်ခိုက်လိုကြသည်။

ထိုအကြံကို ကွန်ဂရက်က သဘောမတူ လက်မခံဘဲ နောက်မှ အမျိုးသားစည်းလုံး ညီညွတ်ရေး ပြိုကွဲရေးများကို ဆင်ခြင် စဉ်းစားကာ ခေါင်းဆောင်ဂန္ဒီကြီး (ထိုစဉ်ကထောင် ထဲရောက်နေသည်) ကိုယ်တိုင်ညွှန်ကြားချက်ကြောင့် ခွင့်ပြုလက်ခံခဲ့သည်။ သို့သော် ကွန်ဂရက်အမည်နှင့်မဟုတ်ဘဲ (ကွန်ဂရက်သြဇာခံ) သရာဇပါတီအမည်နှင့်သာ ဖြစ်သည်။

### မူသတ်နှင့် ပူးပေါင်းဝါဒ

ထိုသို့ခွင့်ပြုသည့်တိုင် သရာဇာဒတ်(စ်)ပါတီသည် အစိုးရနှင့် ဆက်ဆံပူးပေါင်း ရာထူးယူရန်မဟုတ်ဘဲ ကွန်ဂရက်၏ (နန်ကို အော်ပရေးရှင်းဝါဒအရ)ဒိုင်အာခီအုပ်ချုပ်ရေး ပျက်စီးရန်အတွင်းလမ်းမှ အစိုးရ၏လုပ်ငန်းမှန်သမျှကို ဖျက်ဆီးတိုက်ခိုက်ရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိန္ဒိယပြည် ကွန်ဂရက်ပါတီနှင့် မြန်မာပြည် ဂျီစီဘီအေဆုံးဖြတ်ချက်များကို နှိုင်းယှဉ်ကြည့်လျှင် ဤသို့ ခြားနားချက်များကို တွေ့ရမည် ဖြစ်သည်။

အိန္ဒိယမှ မစ္စတာစီအာရ်ဒတ်(စ်)တို့အဖွဲ့ ကောင်စီသို့ဝင်ရန် အခွင့်ကို ကွန်ဂရက်အသင်းကြီးမှ ရရှိရာ၌ ကွန်ဂရက်နာမည်နှင့် မဝင်ရပေ။ မြန်မာပြည်ကား၌ကား ဂျီစီဘီအေနာမည်နှင့်ပင် ဝင်ကြသည်။

အိန္ဒိယပြည်၌ ဝင်ရောက်ခြင်းမှာ ကွန်ဂရက်၏ ဆုံးဖြတ်ချက် လက်သုံးတရား* ဖြစ်သော မဆက်ဆံရေးကို အလေးထား၍ ဝင်ခြင်းဖြစ်သည်။ မြန်မာပြည်၌ကား နဝမကွန်ဖရင့် ဆုံးဖြတ်ချက်နှင့်အညီ (အကျိုးရှိသည့်နေရာ၌ ဆက်ဆံမည်)ဟူသော ဆက်ဆံရေး(ဝါ)ပူးပေါင်း ပူးသတ် မကွဲပြားသော နှစ်ခွဝါဒကို အရင်းခံထား၍ ဝင်ခြင်းဖြစ်သည်။

အိန္ဒိယပြည်၌ မင်းတိုင်ပင်အဖြစ် ကောင်စီတွင်း ဝင်ရောက်သူတို့မှာ လခစားရာထူးများကို လက်မခံရဟု ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။ မြန်မာပြည်၌ကား တစ်လ ငါးထောင်စား၊ တစ်နှစ် ငါးထောင်စား စသော ရာထူးများကို လက်ခံယူကြသည်။ ထို့ကြောင့် အထက်ပါခြားနားချက်တို့ကို သေချာစွာ စိစစ်သတ္တုချလိုက်သော်...

'မစ္စတာဒတ်(စ်)အဖွဲ့သည် ဒိုင်အာခီကို မဆက်ဆံရေး အရင်းထား၍ ဝင်ခြင်းဖြင့် မိမိတို့အား ဒိုင်အာခီနည်းစနစ်အရ လွှဲအပ်သောဌာနများအပြင် အစိုးရလက်ဝယ် ကျန်သောဌာနများကို မိမိတို့လက်သို့ရောက်အောင် အားထုတ်ခြင်း၊ ဟုမ္မရူး သရာဇမှတစ်ပါး အခြားအုပ်ချုပ်ရေးနည်းများ မည်သည့်နည်းမျှ မတည်တံ့အောင် မင်းတိုင်ပင်အဖွဲ့သို့ ဝင်၍ အစိုးရအား အနှောင့်အယှက်ပြုခြင်းစသော ရည်ရွယ်ချက်များ ရှိသည်။

ကျွန်ုပ်တို့ မြန်မာပြည်အမတ်များ ကောင်စီသို့ဝင်ခြင်းကား ဟုမ္မရူးရရန် ဝင်ရောက်ဆူပူ တိုက်ခိုက်ပါသည်ဟု မည်သို့ပင် ဟစ်အော်ကြွေးကြော်သော်လည်း ဆက်ဆံရေးကို အရင်းထား၍ ဝင်ရောက်ကြသည်ဖြစ်သောကြောင့် ဒိုင်အာခီအာဏာအတွင်း ရရှိနိုင်သမျှသော အခွင့်အရေးများကို ခုံခုံမင်မင်လက်ခံတောင်းဆို ခံစားလျက်ရှိနေကြခြင်းဖြင့် အိန္ဒိယမှ မစ္စတာဒတ်(စ်)တို့၏ သရာဇကိုယ်ပိုင် အုပ်ချုပ်ရေးသမားများနှင့် (၂၁)ဦးတို့ ဤသို့ကွဲပြားခြားနား၍ နေပေသည်။

ထိုသို့ အခြေခံအားဖြင့် ကွဲပြားခြားနားမှုများကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော အကျိုးဆက်များကား အိန္ဒိယနှင့်မြန်မာပြည်အား ဒိုင်အာခီအုပ်ချုပ်ရေးကို

---

* Congress Creed



...ပေးအပ်ခြင်းအတူတူပင် ဖြစ်သော်လည်း အိန္ဒိယပြည်၌ ကျွန်ုပ်မခံခြင်း ပျက်ခြင်းများကို မတွေ့ရ။ ပကတိအားဖြင့် အေးငြိမ်းတည်ငြိမ် မလှုပ်မရှား အခြေအနေများကို တွေ့ရသည်။

မြန်မာပြည်၌မူကား နိုင်ငံရေးသမား ဝံသာနုများအချင်းချင်း စိတ်ဝမ်းကွဲပြား ငြင်းခုံ...ကက်ရန်မှုများ ဖြစ်ပွားလျက် အယူအဆချင်း အချင်းချင်းကွဲလွဲကြပြီးလျှင် အမျိုးသားညီညွတ်ရေးကြီး ပြိုကွဲပျက်စီးရသည်အထိ ဖြစ်ရသည်။ အိန္ဒိယပြည်၌မူ အမျိုးသားညီညွတ်ရေးသည် အဓိကအချက်ကြီးဖြစ်ကြောင်း ကောင်းစွာသိမြင်ကြသည့်အတိုင်း ဒိုင်အာခီကောင်စီအတွင်းသို့ ဝင်လိုသူများအား ကွန်ဂရက်အသင်းကြီးက မတတ်သာ၍ ဝင်ခွင့်ပေးသည့်တိုင် အတွင်းအပြင် ဆူပူခြင်းနှစ်ရပ်ဖြင့် သရာဇ(ကိုယ်ပိုင်အုပ်ချုပ်ရေး)ကို ရရှိရန် တစ်စည်းတစ်လုံး ကြိုးစားလျက် ရှိကြသည်။

အိန္ဒိယပြည်သူများသည် မိမိတို့ရရှိသော ဒိုင်အာခီအုပ်ချုပ်ရေးကို အလျဉ်းမနှစ်သက်သဖြင့် ထိုအုပ်ချုပ်ရေးစနစ် ပျက်ပြားစေရန် ကောင်စီတွင်းသို့မဝင်ဘဲ အပြင်မှနေသူတို့ကလည်း နိုင်ငံခြားကုန်စည်တို့ကို သပိတ်မှောက်ခြင်း၊ အစိုးရများနှင့် မဆက်ဆံရေးများကို တင်းတင်းကြပ်ကြပ်ပြုလုပ်ကြခြင်း၊ အကြမ်းမဖက်သော အာဏာဖီဆန်မှုများကို သင့်တော်သောနေရာများတွင် သင့်တော်သော အစီအစဉ်များကို ချ၍ စီစစ်ဆောင်ရွက်ကြခြင်းအမှုများကို ပြုလုပ်ကြသည်။

ကောင်စီတွင်းသို့ ဝင်ရောက်ကြသူများကလည်း ယင်းဒိုင်အာခီစနစ်ကို အတွင်းမှဝင်၍ ဖျက်ဆီးရန်နှင့်အပြင်မှ ယခင်ဆောင်ရွက်သူများအား ကာကွယ်နိုင်သလောက် မိမိတို့အာဏာအတွင်းမှ အကာအကွယ်ပေးနိုင်ရန် အစိုးရနှင့်မဆက်ဆံရေး (ဝါ) ပူးသတ်ရေး လမ်းစဉ်ဝါဒစစ်စစ်ကို အဓိကထား၍ ဝင်ရောက်ကြခြင်းဖြစ်သည်။

ယင်းသို့ အခြေခံအားဖြင့် ကွဲပြားနေရာ ကျွန်ုပ်တို့မြန်မာပြည် ဂျီစီဘီအေကွန်ဂရက်ဝံသာနုနိုင်ငံရေးသမားများ ကောင်စီတွင်းသို့ ဝင်ရောက်ကြရာတွင် အခြေခံမူဝါဒများကမမှန်သဖြင့် အမျိုးသားချင်း မုန်းတီးငြိုငြင်ခြင်းမှအစ အိန္ဒိယကွန်ဂရက်ကဲ့သို့ မြန်မာပြည်ဂျီစီဘီအေအဖွဲ့ကြီးမှာ တည်တံ့ခိုင်မြဲခြင်းမရှိဘဲ နှစ်သင်း နှစ်ပက္ခ ဟက်တက်ကွဲရလေသည်။

ကောင်စီတွင်းသို့ ဝင်ရောက်သူများကလည်း အိန္ဒိယပြည်ကဲ့သို့ ဝါဒရေး သေချာရေရာခြင်းမရှိဘဲ(အကျိုးရှိသည့်နေရာတွင် ဆက်ဆံပူးပေါင်းရေးကို အခြေခံထား၍) ဝင်ရောက်ကြခြင်း ဖြစ်သည့်အတိုင်း နောက်ဆုံး (ထိုအကျိုးရှိသော) ဆိုသည့်စကားမှာ တိုင်းပြည်အတွက်မဟုတ်ဘဲ သူတို့အကျိုးအတွက် ဖြစ်ရပေသည်။

ထို့ကြောင့် အိန္ဒိယပြည်ကဲ့သို့ ဒိုင်အာခီကို ဖျက်ရန် သဘောမသက်ရောက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်အာခီအုပ်ချုပ်ရေးနှင့်ပတ်သက်သမျှ မိမိတို့ခံစားနိုင်သည့်အခွင့်အရေးများကို ဖိမ်ရှိရှိ အရယူခံစားသိမ်းပိုက်ရန်ဟူသောသဘော သက်ရောက်နေတော့သည်။ ဒိုင်အာခီကို လက်မခံဘဲ ကောင်စီကို သပိတ်မှောက်ကြသော တစ်ဖက်မှ သပိတ်သမား ဂျီစီဘီအေ အပြင်လူများကလည်း တိတိကျကျ စည်းစနစ်လမ်းစဉ်ဟူ၍ မရှိကြဘဲ တစ်ဦးနှင့်တစ်ဦး မသင့်မတင့် ခိုက်ရန်ဖြစ်ပွားကြရာမှ အစိုးရနှင့်မဆက်ဆံရေး မူဝါဒစကားများ လုံးလုံး ပျောက်ကွယ်ကာ အစိုးရရုံးများ၌ပင် ဝံသာနုများ အချင်းချင်း တရားတဘောင်စွဲဆိုခြင်း များ ပြုလုပ်ကြသည့် စိတ်ပျက်ဖွယ်ရာများကို တွေ့မြင်ရပေသည်။

ဤသို့ စိတ်ပျက်ဖွယ်ရာများကို ဆရာသည် သူ၏နာမည်ကျော်(မစ္စတာဒီးဒုတ်၏ ပစ္စရလက်ခတ်ကျမ်း) အထူးကော်လံမှ 'ဒီးဒုတ်ငှက် တပ်ကြီးချီခန်း'အမည်ဖြင့် နိုင်ငံရေး ခေါင်းဆောင်များကို တော်တော်ကြီး ဆော်ထည့်ထားသော လင်္ကာရှည်ကြီးတစ်ပုဒ်ကို အသားပါပါ အသည်းနာနာဖြင့် ရေးလိုက်သည်ကို ဖတ်ရ၏။

ထိုလင်္ကာကြီးကို ဖတ်ရခြင်းဖြင့် ဆရာ၏လက်သံပြောင်လှပုံနှင့် ကဗျာဉာဏ် ပိုင်နိုင်လှပုံကို ခန့်မှန်းနိုင်ရုံသာမက ထိုစဉ်က နိုင်ငံရေးဇာတ်တော်ပေါင်းချုပ် ဇာတ်ရုံကြီး များကိုပါ ကွက်ကွက်ကွင်းကွင်း ဘွင်းဘွင်း စင်းစင်းကြီး အကဲခတ် နားလည် နိုင်ပေသည်။ ထိုလင်္ကာတွင် (၁၂)ဦး ဂျီစီဘီအေအမည်ခံတို့၏ ကလိမ်ကျပုံ၊ (၃)ဦး ဂျီစီဘီအေ ဝံသာနုအမည်ခံတို့၏ အပြောနှင့်အဟော မညီညွတ်ပုံ၊ အချင်းချင်းခွပ်ဂြ၊ နက်ကြပုံများ ကိုလည်း ဖတ်ရှုသိမြင်နိုင်ကြသည်။

ဤတွင် ဆရာချို၏ ဒီးဒုတ်ငှက်တပ်ကြီးချီခန်း လင်္ကာကို မဖော်ပြမီ ထိုစဉ်က နိုင်ငံရေးရာဇဝင်(ဝါ) ဒိုင်အာခီအုပ်ချုပ်ရေးအကြောင်းကို အမြွက်မျှ ဖော်ပြဖို့လိုမည်ထင် သည်။ ယင်းသို့ ဖော်ပြရှင်လင်းမှလည်း ထိုစဉ်က နိုင်ငံရေးခေါင်းဆောင် အခေါ်ခံ ပုဂ္ဂိုလ်များ၏ ကိုယ်ကျိုးဖက်ပုံ၊ ရာထူးမက်ပုံ၊ နိုင်ငံရေးသိက္ခာစောင့်ထိန်းမှု လျော့ကျနည်း ပါးပုံတို့ကို ခန့်မှန်းနိုင်ကြပေမည်။

## ဒိုင်အာကီ(၂၂)ဌာန

ထိုစဉ်က မြန်မာပြည်ကို ပေးအပ်သော ဒိုင်အာခီအမည်ရှိ အုပ်ချုပ်ရေးမှာ ဒိုင် အာခီအမည်လောက်သာ ရှိသော်လည်း နာမည်နှင့် အဓိပ္ပာယ်သဘောမှာ အတော်မပ် ဆန့်ကျင်၍ နေသည်။ ဒိုင်အာခီစကားမှာ လွယ်လွယ်အဓိပ္ပာယ်ပြန်ရလျှင် အစိုးရနှင့် ပြည်သူများ နှစ်ဦးခွဲဝေအုပ်ချုပ်ခြင်းစနစ်ကို ခေါ်ဝေါ်ခြင်းဖြစ်သည်။



ထိုဒိုင်အာခီ အုပ်ချုပ်ရေးကို ရေးဆွဲသူများမှာ ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မစ္စတာမွန်တေဂူ နှစ်ယောက်တို့ဖြစ်ကြ သည်။ ထို့ကြောင့် ထိုအုပ်ချုပ်ရေးကို မွန်တေဂူ–ချမ်းစဖို့ စကင်း(မ်)စီမံကိန်းဟု ခေါ်ကြ သည်။ ထိုအုပ်ချုပ် စီမံကိန်းကို အိန္ဒိယပြည်အား ၁၉၂၁ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းပေး အပ်၍ မြန်မာပြည်ကိုကား ၂ နှစ်နောက်ကျသားကာ ၁၉၂၃ ခုနှစ်တွင်မှ ပေးအပ် အတည်ပြု ခဲ့သည်။

သို့တိုင်အောင် ထိုမွန်တေဂူ–ချမ်းစဖို့ စီမံကိန်းအရ ပေးအပ်သော ဒိုင်အာခီပူးတွဲ အုပ်ချုပ်ရေးမှာ နာမည်သာရှိသော်လည်း ဘာမှ အနှစ်သာရ အဆံမရှိပေ။ ထိုအုပ်ချုပ်ရေး အရ ဥပဒေပြုလွှတ်တော်အဖွဲ့တစ်ခုကို ဖွဲ့ပေးရာ ထိုအဖွဲ့တွင် ရွေးကောက်ပါဝင်နိုင်သော အမတ်နေရာပေါင်း (၁၀၃)ယောက် ရှိသည်။

ထိုအမတ်နေရာ(၁၀၃)တွင် ထိုစဉ်က မြန်မာပြည်လူဦးရေ (၁၂) သန်းထဲမှ လူပေါင်း (၂) သန်းမျှသာ မဲပေးပိုင်ခွင့်ဖြင့် ရွေးကောက်တင်မြှောက်လိုက်သော အမတ်များက (၈၀) သာ ဖြစ်သည်။ ဘုရင်ခံသဘောအတိုင်း ခန့်သော အမတ်က (၂၁)ဦးဖြစ်သည်။ ထို နောက် ဘုရင်ခံကပင် (၅၀၀၀)ငါးထောင်စားခေါ် အစိုးရရာထူး ၂ နေရာတွင် ခန့်သော အမတ်က ၂ ယောက် ပေါင်း (၁၀၃)ဖြစ်သည်။

ထိုစဉ်က အုပ်ချုပ်ရသော ဌာနပေါင်းမှာ (၁၀၂)ဌာနရှိရာ ယခင်ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သောအမတ်များ ဝင်ရောက်စွက်ဖက်နိုင်သော ဌာနပေါင်းက (၂၂)ဌာနသာလျှင် ရှိသည်။ ယင်းဌာနပေါင်း(၁၀၂)အနက် မီးရထား၊ စာတိုက်၊ ဆိပ်ကမ်း၊ အကောက်ခွန် စသည်ဖြင့် အရေးကြီးသော ဌာနပေါင်း (၄၇)ခုကို မြန်မာပြည်အစိုးရက စွက်ဖက်နိုင်ခွင့်မရှိဘဲ အိန္ဒိယဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်ထားလေသည်။

ကျန်(၅၅)ဌာနအနက်မှ အရေးကြီးသော ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ နိုင်ငံခြားဆက်သွယ်ရေး စသောဌာနပေါင်း (၃၃)ခုကို တဖန် ဘုရင်ခံ သဘောကျ အလို ကျ ခန့်ထားသောအမတ်ကြီး ၂ ဦးက (ငါးထောင်စား) ရာထူးအမည်ဖြင့် အုပ်ချုပ်စေ သည်။ ထိုဌာနများကို ယခင် ပြည်သူအမတ်များ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပေ။

ကျန် အရေးမကြီးသော (၂၂) ဌာနအခင်အပါ သစ်တောရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသောဌာနများလောက်ကိုသာ ပြည်သူအမတ်များထဲမှ ဘုရင်ခံကြိုက် အလိုကျ အမတ် ၂ ဦးကို ရွေး၍ အုပ်ချုပ်စေသည်။ သူတို့လည်း ငါးထောင်စားများဖြစ်ရာ ထိုအမတ်က ငါးထောင်စားရာထူးခေတ်ဟု ခေါ်ဆိုခြင်းဖြင့် ထိုဌာန ထိုရာထူးများကို အလုအယက်

www.burmeseclassic.com

www.burmeseclassic.com



ငမ်းငမ်းတက် ဆူပွက်နေကြခြင်းပင် ဖြစ်၏။ ထိုခေတ်က ဒိုင်အာခီအုပ်ချုပ်ရေးဟုပင် ခေါ်ရသော်လည်း အမှန်စင်စစ်မှာ (၂၂)ဌာန အုပ်ချုပ်ရေးမျှသာ ဖြစ်သည်။ (၂၂) ဌာန အုပ်ချုပ်ရေးဟုခေါ်လျှင် ပို၍ယုတ္တိရှိသည်။ (နောင်တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ပြီးနောက် ၁၉၃၅ ခုနှစ်၊ အုပ်ချုပ်ရေးအက်ဥပဒေအရ ပေးသော အုပ်ချုပ်ရေးကို (၉၁)ဌာန အုပ်ချုပ်ရေးဟု တိုးတက်ပြောင်းလဲ၍ ခေါ်ဝေါ်သကဲ့သို့ပင်)။

## ဒီးဒုတ်ငှက်တပ်ကြီးချီခန်း

ဤမျှ စိတ်ပျက်ဖွယ် သူ့ကျွန် ကိုလိုနီနိုင်ငံဘဝ မြန်မာပြည်အား အောက်ကျ နောက်ကျ ချုပ်ချယ်ထားခြင်းခံရသော အုပ်ချုပ်ရေးအနုတ်စုတ်ဂုတ်စုတ် အသေးအမွှား ကလေးမျှကိုပင် ငမ်းငမ်းတက် ရာထူးနေရာ လုယက်နေကြခြင်းဖြင့် အရှက်ကင်းစွာ သူ့ကျွန်တွင်း သက်ဆင်းခဲ့ရသော မြန်မာနိုင်ငံသား အချင်းချင်းတို့၏အဖြစ်ကို နှစ်နှစ် ကာကာကြီး ရေးဖွဲ့လိုက်သော ဆရာ၏ ဒီးဒုတ်ငှက်တပ်ကြီးချီခန်း လင်္ကာကား ဤသို့ပင်–

နိဒါန်း။ ရက္ခပူရပြည်ကြီးတည်စေ။

ထိုပြည်ကြီးအတွင်း၊ အတီးမဆွ၊ ရှေးကာလကပင်၊ အကြင်ပိန္နဲ၊ နရွဲထောက်ရှာ၊ မာလကာ ကနစိုး အစရှိသော သီးမျိုးစုံစွာ၊ ပဒေသာကို များစွာသောငှက်အပေါင်းတို့ သည်၊ သောင်းသောင်းဖြဖြ၊ ဝဝလင်လင်၊ တစ်ပင်ပျံကျူး၊ တစ်ပင်ကူးလျက်၊ ပျော်မြူး လွယ်ကူ၊ ဆွတ်ခူးစားသောက်၊ လောက်လောက်ငငဖြင့် မျှတမှီတင်းနေထိုင်ခြင်း ပြုကြစေ။

ထိုငှက်အပေါင်းတို့ကို၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အုတတ်သင်စေ စသော ဆုမ္မဝတ်ခန်းနှင့်အညီ အနိမ္မစ္စတာဒီးဒုတ်တည်းဟူသော ငှက်ရုပ်ကြီးသည် အအုပ် အစီး၊ မှူးကြီးနာယက၊ မိဘတစ်ဖြာ၊ ဆရာသဖွယ်၊ အသွယ်သွယ်သော ဆုမ္မခြင်းဖြင့် ငှက်အသင်းကြီးကို မထောင့်မယိမ်းရအောင် စောင့်ထိန်းအုပ်ချုပ်လျက် ရှိနေစေ။

ရက္ခပူရပြည်ကြီး၏ သစ်သီးလောက်င၊ လိုမတလျှင်း၊ ပြည့်စုံခြင်းကို သတင်း စကား၊ မျောက်ပြည်ကကြားသဖြင့် တရားမစောင့်၊ အများမှောင့်တတ်သည့်၊ များမြောင် သော မျောက်သတ္တဝါတို့သည် မာယာဉာဏ်ကိုး၊ ခွန်ပဏ္ဏမက်၊ ဝံသာဖျက်မည့်၊ ငှက်အမျိုး တို့ကို၊ တံစိုးနှင့်မြိုက်ကြရာ၊ ငှက်မိုက်မျိုးဖျက်၊ ဥစ္စာမက်တို့သည်။ ချက်လက်လမ်း ဖော်ညွှန်း၍ပြရကား၊ ရက္ခပူရပြည်တွင်းသို့၊ မျောက်သင်းကြီးဝင်ရောက်လျက်၊ မထောက် မညှာ၊ မာလကာနရွဲ၊ ပိန္နဲကတွတ်တို့ကို၊ ခူးဆွတ်စားသောက်ခြင်းဖြင့်၊ ငှက်ခပင်းမှာ၊



အစားငတ်၍ အားပြတ်လုရှိရကား၊ မျောက်ရန်ကို ဖျက်ဆီးဖို့ ငှက်မင်းကြီးအပြီး သမုတ်ကြ၍၊ ဒီးဒုတ်ကို ပြည်ညောင်ပင်၌ ငှက်ဘုရင်ခန့်ကြသော ဟူ၏။

## တိုင်းရေးပြည်ရေးဆွေးနွေးခန်း

ဒီးဒုတ်၏ ညောင်ပင်ရင်းသို့ ငှက်အသင်းမှ အမှူးဆောင်တို့၊ အစ်ကိုလာခံ အဲအဲ– ညီလာခံဝင်၍ ခစားလျက် ရှိကြစေ။

ဒီးဒုတ်ပြော။ ။ ဘွေပြင်နဘံ၊ ဝေဟင်ယံကို၊ လေယာဉ်ပျံစီး၊ ဂဠုန်ငှက်ရိုး၊
အခက်ပျိုး၊ အမျိုးမြတ်သည့် အမတ်ကြီးတို့။

ရှင့်–ရှင့်–

ဟော့ ဒီလိုတော့ မလုပ်နဲ့လကွာ၊ ငှက်ရှင်ဘုရင် သည်တစ်ခါလုပ်ရပ၊ အပင် အဆိပ်ဖြစ်အောင် ဥမလုပ်ကြပါနဲ့၊ ဘုရားလို့ထူးကြပါ၊ ဘုရား နာနာထူးတဲ့လူတွေ ရာထူး တိုးတာကို မသိကြသေးဘူးလား၊ ဘုရားခေတ် ထနေလွန်းလို့ အရာရှိမပြောနဲ့ ဟဲ့သာဝတီ ပုံနှိပ်တိုက်က အင်္ဂလိပ်ကြီးတောင် ဘုရားထူးခံနေတာ မကြားဘူးလား။ ငှက်ငှက်ချင်းမှ မရှိသေလျှင်၊ ဘယ်သူကလာပြီး ရှိသေအုံးမှာလဲကွဲ့၊ ကောင်းကောင်းထူးကြပါ။ ကဲ ပြန် ခေါ်မယ်...

ငါ၏ထံပါး မြဲခစား၍၊ တရားမဖြတ်၊ တစ်လငါးထောင် အရချောင်သည့် အကောင်ငတ်တို့...ကိုင်း မှတ်ပလား။ ဘုရားထူးကြစေ။ ရက္ခပူရ၊ ပြည်နိုင်ငံတွင်း၊ ဝလ်သစ်သီး၊ အဟောဝကာ၊ ပြောမပြနိုင်အောင်၊ ပေါလှသည်အခင်းနှင့်၊ သတင်းကကြီး သည်။ ဗျာထိပ်ပဲ့အတိုင်း အေးလေဗျာ၊ ဗျာထိပ်တော်များအတိုင်းပါဘုရား။ ကြီးသည့် သတင်း၊ လေယူသွင်းလို့ အဝေးမှာ သင်းပြန့်တော့၊ အခင်းမဖွယ်၊ မညှာမထောက် သမ္မာ မောက်တဲ့၊ မျောက်သွယ်သွယ်တို့၊ ပြည်လယ်ကိုမှီး၊ ရှိသစ်သီးတို့ကို၊ အပြီးအပိုင်တက္က စီလုပ်၊ လက်ဝါးကြီးအုပ်လိုဖို့၊ ပြည်ပြုတ်အောင်ချိုင်ကြသဖြင့်၊ မခံနိုင်ရေး၊ အထောက် မတန် သည်မျောက်ရန်ကို မှောက်လှန်ဖို့တွေးကြဖို့၊ စည်းဝေးယမန် လုပ်ခဲ့ကြပြီ။

တိုင်းပြည်အတွင်း၊ ညီညွတ်ခြင်းဖြင့် ဝင်းလျှင်းမမြဲ၊ ငှက်ငမိုက်တို့က၊ အသိုက် ကိုမွှေသေးသလား၊ ရဲရဲကြီးအပိုမသွင်းဘဲ၊ လိုရင်းကို သံတော်ဦးတင်စမ်းဗျား။

နန်းရင်းဝန် ဇီးကွက်တင်။ ။နားရွက်ကျူးကျူး၊ မျက်ပျူးပျူးနှင့် ထွက်မြူးညည် မှု၊ အကြွားမလွတ်၊ စကားချွတ်တဲ့၊ သပွတ်အူဘုရား။

ဟော့...သပွတ်အူဆိုတာ ဝန်ထမ်းလေပွေကြီးကို (ထိုအခါက စာရေးဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီးအားကိုး အထင်ကြီးခြင်းဖြင့် ရေးလိုက်သည့်အတွက် ဖြစ်ပါသည်။ ဝမ်းနည်းမိသောအကြောင်းများကား တစ်ပုံကြီးပင်။ မှန်သည်။ ဆရာဦးဘချိုကား ဤစာရေးသူနှင့်အတူ နီးနီးကပ်ကပ် ရင်းနှီးစွာ နေခဲ့ရဖူးသော ဆရာတစ်ဦးလည်း ဖြစ်သည်။ တစ်ဖက်မှ ကျေးဇူးရှင်လည်း ဖြစ်သည်။

ဤကဲ့သို့ ရင်းနှီးချစ်ခင်သော ဆရာကျေးဇူးရှင် တစ်ဦး၏အတ္ထုပ္ပတ္တိကို စိတ်သွားတိုင်း ကိုယ်ပါအောင် မရေးနိုင်သည့်အကြောင်းများကြောင့် ဝမ်းနည်းခြင်းဖြစ်သည်။ အမှန်အားဖြင့် အထက်ပါပုဂ္ဂိုလ်၏ အကြံပေးတိုက်တွန်းချက်မှာ အလွန်လျော်ကန်သင့်မြတ်လှသော အကြံပေးချက်တစ်ရပ်ပင် ဖြစ်သည်။ ဝမ်းမြောက်ဖွယ်လည်း ဖြစ်သည်။ ထိုသို့လျော်ကန်သင့်မြတ် ဝမ်းမြောက်ဖွယ်အကြောင်းများကြောင့် ထိုနှစ် (၁၉၇၀–ခုနှစ်၊ ဒီဇင်ဘာလ) သွေးသောက်စာစောင် ၂၅ နှစ်မြောက် အထူးထုတ်တွင်ပင် ယင်းစာမူအတိုင်း ဖော်ပြခဲ့ပါသေးသည်။

ထိုသို့ဖော်ပြရင်းမှ 'ဤစာပါအကြံပေးချက်မှာ ဤစာရေးသူ တစ်ဦးနှင့်သာဆိုင်သောကိစ္စမဟုတ်။ စာပေချစ်သော စာပေရှင်များအားလုံးနှင့်တကွ တိုင်းပြည်၏ အနုပညာလောကတစ်ခုလုံးနှင့် ဆိုင်သောကိစ္စတစ်ရပ်ဖြစ်ကြောင်း (မှန်သည့်အတိုင်း)ရေးသားဖော်ပြခဲ့သည်။ ထိုနောက် နောက်ဆက်တွဲအနေအားဖြင့်လည်း...

ယခုကိစ္စမှာ စာရေးသူ တစ်ဦးတည်း တစ်ယောက်တည်း စွမ်းဆောင်နိုင်သောကိစ္စမဟုတ်ပေ။ အထက်ကပုဂ္ဂိုလ်၏စာပါ 'သိပ္ပံမောင်ဝ၏စာများကို လူထုဦးလှက စုပေါင်းထုတ်ဝေနိုင်ခဲ့သည်'ဆိုရာတွင် မှန်သည်။ သိပ္ပံမောင်ဝကိစ္စတွင် ဦးလှလို ပုဂ္ဂိုလ်တစ်ယောက် ပေါ်ပေါက်ခဲ့ခြင်းသည် စာပေလောကအတွက် အလွန်ကံကောင်းလှစွာအကြောင်းဆိုက်လာရခြင်းပင် ဖြစ်သည်။

ယခု ဦးဘချိုကိစ္စကား (ပုဂ္ဂိုလ်အနေအားဖြင့် သိပ္ပံမောင်ဝထက်)ပို၍လည်း ကျယ်ဝန်းလှသည်။ အခြေအနေအားဖြင့် ဤစာရေးသူမှာ လူထုဦးလှတို့လို စွမ်းဆောင်နိုင်အား ရှိသူတစ်ယောက်မဟုတ်၍ ဝမ်းနည်းမိတော့သည်။ ယခု ဦးမောင်မောင်လွင်၏အကြံပေးချက်ကို ကျွန်ုပ်တို့အလေးအနက် စဉ်းစားထိုက်ကာ အချိန်အခါအားဖြင့်လည်း တော်တန်ပြီဖြစ်သည်။

ယခု ဆရာဦးဘချိုကဲ့သို့ အနုပညာရှင် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အဖိုးတန်လက်ရာစာပေများသာမက အခြားအလားတူ ပုဂ္ဂိုလ်ကြီးများ၏ စာပေများသည်လည်း မကြာမီဆုံးရှုံးပျောက်ကွယ်ဆဲ၊ ပျောက်ကွယ်လတ္တံ့၊ ပျောက်ကွယ်ကုန်တော့မည့်အရေးကို တွေးမိ



ရင်း ကြီးစွာဝမ်းနည်းမိသည့်အကြောင်း၊ ယင်းဆောင်းပါးတွင် ထည့်သွင်းရေးလိုက်သေးသည်။

စာရေးသူ ဤသို့ရေးလိုက်ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော် ဆရာဦးဘချို ကွယ်လွန်ပြီး မကြာလှသေးသောအချိန် (၁၉၅၀ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ နေ့စွဲပါ ဖိတ်စာအရ) စာပေပညာရှင်ကြီး တစ်စုသည် ရန်ကုန်၊ ရွှေတိဂုံဘုရားလမ်း၊ ဆန်းကဖေးဟော်တယ်တွင် ညစာ ထမင်းစားပွဲ တစ်ခု ကျင်းပခဲ့သည်။ ထိုထမင်းစားပွဲမှာ ကွယ်လွန်သူ ဆရာဦးဘချိုနှင့် ပတ်သက်၍ ကျင်းပခြင်းဖြစ်ကာ အထက်ပါ ပုဂ္ဂိုလ် (ဦးမောင်မောင်လွင်) အကြံပေးသည့် အကြောင်းရပ်များကိုပင် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း ကျွန်ုပ်တို့ မှတ်သားမိခဲ့သည်။ (သို့သော် ထိုစဉ်က ဤစာရေးသူထံသို့ကား ဖိတ်ကြားစာ သီးခြားမရရှိခဲ့ပေ)

ထိုထမင်းစားပွဲကို ဦးဆောင်ဖိတ်ကြားသူများ၏ အမည်စာရင်းများတွင် ဦးအောင်မြင် (ဆရာမြို့မမောင်)၊ ဦးထင်ဖတ်၊ ဦးဘစိန်၊ ဦးကွန်းဇော်၊ ဦးမောင်ကြီး၊ (ဆရာဒဂုန်နတ်ရှင်ထင်သည်) ဦးသိန်း(ဆရာဇဝနဖြစ်ဟန်တူသည်)၊ ဦးညိုမြ၊ ဦးသာဒင်စသော ပုဂ္ဂိုလ်ကြီးများ ပါရှိသည်ကို တွေ့ရသည်။

ထိုဖိတ်စာ၏ မူရင်းသဘောမှာ 'ဗမာ့ယဉ်ကျေးမှုနှင့် မဟာ့စာပေလောကကြီးကိုသာမက၊ ဗမာနိုင်ငံရေးပညာဖက်တွင်လည်း အဆင့်အတန်း မြင့်သည်ထက်မြင့်အောင်ကြိုးပမ်းဆောင်ရွက် အားထုတ်မှုသည် လူမျိုးတို့၏ တိုးတက်ထွန်းကားရေးတွင် အလွန်ပင်လိုအပ်သော အချက်ကြီးတစ်ရပ်ဖြစ်သည်ကို ကောင်းစွာ သိမြင်ခဲ့သည့်အတိုင်း ထူးခြားစွာ ကြိုးစားဆောင်ရွက်ခဲ့ပေသော ဒီးဒုတ်ဦးဘချို၏ ဆောင်ရွက်မှုများသည် ဗမာ့ယဉ်ကျေးမှုနယ်ပယ်ကွင် မပျောက်မပျက်ကောင်းဟု ထင်မြင်ယူဆပါသဖြင့် ထိုကဲ့သို့ မပျောက်မပျက်စေရန်နှင့် နောင်လာလတ္တံ့သော အမျိုးသားများအဖို့ နမူနာစံပြဖြစ်စေရန် မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်တို့ကို ဆွေးနွေးတိုင်ပင်ရန် ဖြစ်ပါကြောင်း။

လူကြီးမင်းသည် ကွယ်လွန်ပြီးသောသူ (ဒီးဒုတ်ဦးဘချို) ရှိစဉ်အခါက ရင်းနှီးခင်မင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အားလျော်စွာ ဤကိစ္စတွင် စိတ်ဝင်စားလိမ့်မည်ဟု ယုံကြည်သည့်အတိုင်း ဤညနေစာ ထမင်းစားပွဲသို့ ကြွရောက်ဆွေးနွေးပါမည့်အကြောင်း ဖိတ်ကြားပါသည်'ဟူ၍ ဖော်ပြပါရှိ၏။

ထိုစဉ်က ထိုပုဂ္ဂိုလ်ကြီးများ၏ ရည်ရွယ်ချက်မှာလည်း ဆရာဦးဘချို၏ စာပေများ မပျောက်မပျက်ရေးနှင့် အတ္ထုပ္ပတ္တိတစ်စောင်တစ်ဖွဲ့ ပေါ်ပေါက်ဖြစ်မြောက်ရေးပင် ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



ပီမိုးနင်းသည် ဝန်ထမ်းသတင်းစာတွင် လေပွေကြီး အမည်ဖြင့် အယ်ဒီတာ ဝင်ရောက် လုပ်ကိုင်စဉ်) စကားတောင်စားက ချီးမြှင့်ထားတဲ့ဘွဲ့ပါကွယ်၊ ငါတို့ ဒီဘွဲ့ထူးနဲ့ ချီးကျူး လို့ ပဒိုက နာမည်လုပ်တယ်လို့၊ တရားစွဲနေပါ့မယ်။

မှန်လှပါ၊ နိုင်ငံအတွင်း၊ မျောက်ရန်ဖျက်ဖို့၊ ငှက်အသင်းဟု မယွင်းအောင် ထောင် လိုက်ရာ၊ ဖောင်ဖောင်စကား၊ သူထက်ငါမောက်၊ စေတနာပေါက်သည်သို့။ အခြောက် တိုက် ကြွားကြပြီး၊ လေထွားသလောက် ညီညွတ်ရေးကို၊ အားပေး၍ မြှောက်ပါသည်။ ထိုနောက်တဖန် ညီညွတ်ခြင်းသန်သောအခါ၊ ယမန်လိုနှစ်ဖို့မမျှကြဘဲ၊ ငို့ဘကို အချို့ဆွဲ ကြ၍ အနည်းနည်းအထွေထွေ၊ မျောက်ရန်ကို အထူးမှတ်လောက်အောင် ပူးသတ်မှ သေလိမ့်မည်ဟု၊ ချော်သွေးယွင်းချက်၊ ယခင်စကားထင်အရှားတို့ကို မှင်တား၍ ဖျက်ပါ သည်။ တစ်ဖက်သော ငှက်ပွေလီတို့ကလည်း ခန္ဓီကိုအရင်းထား၍၊ မင်းအလားသမ္ဘာ မောက်သည့် ကလချာမျောက်တွေကို မဆက်ဆံဘဲ၊ အထက်နဘံက အပွင့် အဖူးတို့ကို တင်ကူး၍ ဖျက်ဆီးမည်ဟု သို့အပြီးကြံပါသည်။

အကြံနှစ်ခွ၊ ဟန်မကျခင်ပင်၊ ရန်စ၍ပွက်၊ ငှက်ချင်းမတဲ့၊ လက်ငင်းရွဲ့ကြ၍ မငဲ့ဘဲနက်ကြပါသည်။ အချို့သော ငှက်သရမ်းတို့ကလည်း၊ မျောက်လမ်းကိုမှီးကြ၍၊ ခရီးမတွင်၊ မြစ်ရိုးတစ်လျှောက်၊ ကမ်းပါးမြှောင်ကြား၊ ငါးထောင်၍ စားလေတော့ဟု၊ မျောက်များက မြှောက်တာကြောင့်၊ စည်းဖောက်၍ဝင်ကြပါသည်။

မဝင်ကျန်ရစ်၊ ငှက်ဂျင်လိန်တို့ကလည်း၊ စည်းစိမ်ဖြစ်အောင်၊ ငွေညှစ်၍ ငှက် အသင်းကို တညှင်းတည်းသော်ကြောင့်၊ စကင်းမကိုက်၊ ငှက်ပြည်အလုံး၊ ကြိမ်မီးအုံးသို့ အပူလုံးဆိုက်ပါကြောင်းကို၊ ခညောင်း၍ သံတော်ဦး (ပညာအလင်း) တင်ဝံ့ပါသည်။ (ဟာဟုတ်ပေါင်)သံတော်ဦးတင်ဝံ့ပါသည်ဘုရား။ ။

ဒီးဒုတ်ပြော။ ။ ပြည်ကြီးမဏ္ဍိုင် စာပုံနှိပ်တိုက်၊ (အေးလေ) ပြည်ကြီးမဏ္ဍိုင်၊ ယိမ်း၍ယိုင်အောင်။ နိုင်ငံကိုကြွား၊ အရှင်းဗလာ၊ စကင်းကွာသည့်၊ ကြာသမားတို့ ဘုရားမြတ်စွာ၊ နိဗ္ဗာန်လှသည့်၊ သုံးလုချာ၏။ ကထာအရှိ၊ ပစ္စည်းဥစ္စာ၊ မယုတ်ရာသော ဒေသနာညီလိုက်လျှင်၊ အပရိဟာနိယ၊ ယင်းအစတွင်၊ သိန္နိပါတတရား၊ ဦးညွတ်ရေးကို အားပေး၍ ထားခဲ့သည်။

တရားလက်လွတ်၊ တစ်ဖက်ကောင်းအောင်၊ ငှက်ခေါင်းဆောင်တို့သည် အချောင် ခွပ်ကြလျှင် သည်ဝဋ်တွင်ရှည်ကြာ၍ ပြည်ရွာတွင် အခက်တိုးပြီး၊ ငှက်အမျိုးပြုတ်လိမ့် မည်၊ မဆုတ်မနစ်၊ အယူအဆ၊ မတူကြသော်လည်း၊ ပူအမျှ အေးအမျှကဲ့သို့ ဖေးမကာအမျိုး



ချစ်ကြ၍ တန်ခိုးသင့်အောင် ညီညွတ်ရေးကို စည်းဝေးပြီး အကြံကောင်းသည်ဟု သမုတ် အပ်သော၊ ပြန်ပေါင်းထုပ် ထုပ်ရမည်။

အုပ်ချုပ်သောငှက်ကော်မတီက၊ အစီအစဉ် ပူးသတ်ခွာသတ်၊ ထိုနှစ်ရပ်ကို အထပ်ထပ်ဆင်ခြင်၍၊ ဝင်သူဝင် ထွက်သူထွက်၊ တွင်းအပြင် သည်နှစ်ချက်နှင့်ပင် မျောက် တပ်ကို ဖျက်ရမည်။ ငွေမက်သည့်ငှက်အယုတ်ကိုကား၊ အဖက်မလုပ်ကြဘဲ အပပြုရ မည်။ တကွ ယခုငှက်တပ်ချီရအောင် ငှက်ရုပ်ပြည် အခြေကောင်းစေဖို့၊ ငှက်ရွှေဒေါင်း အလံကို တင်ကြ၍ ငှက်ဘုရင် ရောက်ရာစိုင်းရအောင်၊ ကိုင်း အောက်ပါအတိုင်း ငှက် သင်းကို ဆင့်ရမည်မောင်မင်းများ။

## ငှက်တပ်ချီခန်း

ရက္ခပူရရွှေပြည်ကြီးကို ပုသိမ်ထီးနှင့် ခရိုင်ချောင်၊ ပြည်ညောင်ပင်တကွ အစိုးရ တော်မူသော ပင်ဖြူပင်နီတို့၏သခင်၊ ပစ္စရလက်ခတ်လက်နက်တော် အရှင်ငှက်အပေါင်း တို့၏ဘုရင်၊ မြန်မာရီဗျူးကို တီထွင်သော မစ္စတာဒီးဒုတ်၏အမိန့်တော် (ကွမ်းစားထုံး ပေါက်တော်)(ဝါ)အာဏာတော်။

'လေးရာပြုဆန်း မြို့ကူးခန်း၊ ပခန်းခေါ်တထွေ...ဟူသော ကဝိလက္ခဏာသတ်ပုံ နှင့်အညီ၊ ခြေ(၁၀)ပွဲအောင်က မြင်းကိုတက်၊ မြင်း (၁၀) ပွဲအောင်မှ ဆင်ကိုတက်၊ ဆင် (၁၀)ပွဲအောင်မှ လှေ၊ လှေ (၁၀) ပွဲရမှ လေးရာ(၄၀၀)ပြု မြို့စား သနားခန့်အပ်တော်မူသော ရှေးမင်းတို့ကို ထုံးကို စကိုင်းထုံးမှတ်တော်မူသည့်အတိုင်း ဂျီ–စီ–ဘီ–အေ(G. C. B. A) ၁၀ ပွဲတွင် (MASS MEETING) မတ်စေ့၊ မူးစေ့၊ မီးတင်တစ်ပွဲ၊ မတ်စေ့၊ မူးစေ့ မီးတင်(၁၀) ပွဲတွင်၊ အမယ်လေး (M. L. A) မင်းတိုင်ပင်၊ ငါတိုင်ပင် အားလုံးတိုင်းပင်၊ နောက်ပြီးတော့ တိတ်တိတ်လေးတိုင်ပင်၊ တစ်ပတ်ရိုက် တိုင်ပင်တစ်ပွဲ။

'အမယ်လေး' (၁၀)ပွဲမှ၊ ငါးထောင်စား မြို့သမားတံငါမဟုတ်၊ နှစ်ငါးရာထူးဖြင့် ချီးကျူးခန့်အပ် သနားတော်မြတ်ခံရသော သေနာကြေနာပတိဝန်ရှင်တော် (ပြည်ကဆူကြ) ဘွဲ့မံ(အေးလေ) သီဟသူရဘွဲ့ခံ ဗျိုင်းအောက်ကြီးက၊ ငှက်တပ်ကို အအုပ်အစီးဖြင့်၊ ချုပ် ကိုင်းကွပ်ကဲ၍၊ သူရဲကြီးအလံကို နားခံကမြဲစေလျက်၊ ပဲခုနှစ်ရာ ခုနှစ်စင်း၊ အောင်လံ ...တော် တစ်ဆယ့်ငါးကို၊ တပ်ကြားက ခင်းရမည်။

ရွှေဝင်းနောက်ဝင်း၊ တောင်ဝင်းမြောက်ဝင်း၊ လေးဝင်းသောဝင်း လံကိုခြံရံ...၊ ...မြိုင်ကတောင်ပီစူးကို၊ တပ်ဦးကချီစေလျက်၊ ရုံးပတီငှက် ဓီးကုန်းထွက်ကို၊ မြောက်ဘက်

www.burmeseclassic.com



က ဉာဏ်နီထုတ်ရအောင်၊ နံ့ပြီစုတ်တို့ကို အကုန်ဆောင်၍ ဂဠုန်တောင်ဖြန့်ကြစေ။

လန့်တတ်ကြောက်တတ်၊ သာယာဝတီဆထောက်ဖြတ်၊ ပါးစပ်ကကျယ်တယ် တယ် စားဘူးတောင်းကြခတ်နွှယ်၊ ဝုံးကြွယ်၍ရန်တိုက်ပြီး၊ ငှက်သိုက်ကို အရှက်ဆော် သော၊ ငှက်တော်ကို အယုံမသွင်းကြဘဲ တပ်ခင်းရာရှေ့တော်ပြေးစေ၍၊ အရေးရှိလျှင် နောက်သို့ ရန်းမခွာရအောင် မျောက်တို့ပုံးစာနေရာက ထား။

ငှက်ကုလားမျက်စိပြူး၊ လေ့နံကိုနှစ်ဖက်နင်းပြီး၊ ငှက်သင်းကို နှုးတတ်သည့် ငှက်ပလူးကို တောင်ဘက်က ရှောင်မကွက် ဂဠုန်တောင်နှင့် ပုံဆောင်၍တကွမှတ်လောက် အောင်၊ လင်းတတပ်ချုပ်ရမည်၊ ရှုပ်ရှုပ်ပွေပွေ၊ လက်နက်မိုးစွေနိုင်သည့်၊ ဝနေမြိုင်ခြာ ငှက်ဖိုးခေါင် ရမ်းပြသားက နောက်ပါး၌ ဉာဏ်စုံထွေ၍၊ ရန်ပုံငွေငှက်စွန်ရဲတို့နှင့် တပ်ဖွဲ့၍ လိုက်ရမည်။

မထိုက်မညည်း၊ ဒေါသမာန်ရှ၊ ကောစ်ထသည်၊ ကြက်ဖကြီးကိုကား အပြီးတိုင် အချစ်မြဲရအောင်၊ ငှက်စစ်ကဲ၏အရာထား၊ စကားကပ်ကပ်၊ တရားလပ်၍၊ ကြွားဇာတ်ကြီး ခင်း၊ ဆိတ်တတ်ဆွတတ်၊ ရန်စတတ်လို့၊ အမြတ်ကင်း၍ အရင်းနှင့်ဝေး၊ တိမ်းရှောင် မကွက်၊ စိမ်းရောင်ယှက်သည့်၊ ကြက်တူရွေးက ငှက်ကလေးရှိသမျှကို စေ့ငှအောင်အုပ်စီး ၍ ငှက်ဘုန်းကြီး လူစော်နံတို့နှင့် မြို့ခံရန် အစောင့်ထားရမည်။ တပ်ပါးသို့ မသိကြစေနှင့်။

ပြီတီတီ၊ ပျံတန်တန် ပျာတာတာ၊ ကြာဆန်ဆန် ခပ်ချွဲချွဲ၊ နန့်ကြောဆွဲကုမ္ပာရီ၊ ငှက်ပလီငှက်တော်တို့ကို၊ မျောက်ဇာတ်နှင့်အဟုတ်ကင်းတဲ့အောင်၊ တပ်တွင်းတွင် သို ●ှောင်၍၊ နှုတ်သီးပြောင် အောက်ချင်းက၊ တင်းတင်းကြီး စန္ဒလိုစောင့်ရမည်။

ငှက်ဆင်ကြလင်းမီးဆွဲ၊ အသင်းခွဲဖော်မပါ၊ ကလော်ကာပြန်ပေါင်း မထုပ်ရအောင် ဉာဏ်စောင်းခုတ်နေသော အမြီးနှစ်ခွကို ကြီးလှသော အပြစ်ဒဏ်ပေးရမည်။ မြစ်ထွေး ဇင်ယော်၊ အောင်တော်ဟသာ၊ ကြိုးကြာစက္ကဝက်၊ ရေကြက် ဝမ်းဘဲ၊ ကျောမွဲစစ္စလီ၊ တူညီပိန်းညှင်း၊ မြစ်တွင်းရှိ ခရုစုတ်တို့ကို၊ ရေငုပ်သဘောသဖွယ် စုပေါင်း၍ ရေကြောင်းက ချီတက်စေ။

မျောက်သင်းနှင့်ရင်ဆိုင်ငှက်တပ်ကြီး၊ ပြိုင်သောအခါ၊ ဉာဏ်ပိုင်ဖို့အမှုအပြင်က ငှက်တပ်ဝိုင်း၍ ခပ်ဆိုင်းဆိုင်းပြုရမည်။ မလုမယက်၊ အစည်းအလုံးကိုဖြင့်၊ ခရီးဆုံး အောင်မပျက်ကြစေနှင့်၊ အတွင်းဘက်တစ်ကန့်၊ သစ္စာရေခံသူ၊ မြောက်ထံသို့လွှတ်၊ အတွင်းမီးတစ်ခါတောက်ကြလျှင်၊ သည်မျောက်ရန်မှ လွတ်ကြမည်။

မချွတ်မချော်၊ အကုန်ပေါင်း၍၊ မျောက်ကျောင်းအောင်ဆော်ရလျှင်၊ ပြည်တော်တွင်



သမ္ဘာလင်းပြီး၊ ငှက်သင်းကြီးအမည်သာ၍၊ ငှက်တကာ ရည်မှန်းသည့် ငှက်နန်းကို မကြာအောင်၍၊ ငှက်ရုန်အောင် ရေစာမရှားရအောင်၊ ငှက်အများဒြပ်လင်းလိမ့်မည်။ တပ်ခင်း၍ ပြီးကြပလား မောင်မင်းများ။ ။မှန်လှပါ တပ်မတော်အခါ သွားရန်ဖို့၊ အခါ ကြားသာလိုပါတော့သည်ဘုရား။ ကိုင်း...ကြာတယ်၊ အောင်စည်တော်၊ တပ်မတော် ထွက် တော်မူမယ် မောင်မင်းများ။ ။

## ဂျီ-စီ-ဘီ-အေ နိုင်ငံရေးတေးထပ်

ကိန်းနက္ခတ်တွေမှန်မကျခင်ဖြင့်၊ ဉာဏ်မရဘဲနော်၊ ကြံသမျှလွဲချော်မည်။ ကဲ မပေါ်လေသေး။ ပုဏ္ဏားကြီးသား လိုချင်သလို၊ အားကိုပင် ကုန်းခန်းလို့ပေး၊ ကံဉာဏ်နှင့် လုံ့လပြိုင်ဆောင်၊ ဆုံးဆတိုင်မျှော်တွေး၊ ဟုံးမရနိုင်အတော်ဖြင့် ဝေးပါ ရဲ့၊ မလျော်သေးခုပုံ၊ နွားမည်ီ ခြားပြီးကွယ့်လျှင်ဖြင့်၊ ကျားချီဆွဲ ဘေးတွေ့ဖို့ကြုံ၊ ဂုံးသတင်းတို့ သုဉ်းဖျင်းမကုန်လျှင်၊ မုန်းခြင်းပုံရှ ရှာကြောင်းပါပဲ၊ ဝံသာပေါင်း ကဲပွေထပြန်၊ မွဲသေမှတန်။ သဲရေကျပမာ မှန်တယ်၊ မြန်မာဉာဏ် နံ့တုန်းမို့လေး။ (အခြားပင်တိုင်ဆောင်းပါးရှင်တစ်ဦး ရေးသည်ဆို ထားသော်လည်း ဆရာချို၏ လက်သံပင်ဟု ခန့်မှန်းရသည်။)

## နိုင်ငံရေးကလိန်ခြံ-သန်းနှင့်ကြမ်းပိုး

ထိုမျှမကသေးဘဲ 'ဂျီ-စီ-ဘီ-အေ ဌဆုံ' ဟူသော ခေါင်းစဉ်တပ် ပင်တိုင်နိုင်ငံ ရေး သတင်းအခန်းမှ (၃)ဦး ဂျီစီဘီအေ(သန်း)နှင့် (၂၁) ဦး ဂျီစီဘီအေ(ကြမ်းပိုး)တို့၏ စကားစစ်ထိုးခန်းတစ်ခု ပါရှိလာသည်ကိုလည်း ဤသို့ ဖတ်ရပြန်သည်။

သန်း။ ဟေ့...မင်းတို့ကြမ်းပိုးတွေ တယ်ကိုက်တယ်ဆိုပြီး လူတွေကရှာကြ တော့ မင်းတို့ အနေမကြပ်ဘူးလား။

ကြမ်းပိုး။ အို...ဘာအနေကြပ်စရာရှိသလဲ၊ တို့မှာ နေပူလှမ်း ပန်းရုံရှိမယ်၊ ရေထဲ မျှော မောရုံရှိမပ၊ မကြောက်ပါဘူး။

သန်း။ နို့...ခြင်ထောင်ထဲမှာ ဖယောင်းတိုင်မီးနဲ့ မြိုက်ချရင်ကောကွာ။

ကြမ်းပိုး။ ဟယ်...သူငယ်ချင်းက မပြောကောင်း ပြောကောင်း၊ နို့...နေပါဦး၊ မင်းတို့ သန်းတွေအတွက် တယ်ခေါင်းယားတယ်ဆိုပြီး လူတွေရှာ ကြတော့၊ မင်းတို့ အနေမကြပ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



သန်း။ အို…ဘာအနေကြပ်စရာရှိသလဲ၊ အဖျားရှာရင် အရင်းရှေ့နေလိုက်ရုံပေါ့၊ အရင်းရှာရင် တစ်ခါ အဖျားရှေ့နေလိုက်ရုံပေါ့ဗျာ။

ကြမ်းပိုး။ နို့…ဘီးစိပ်နဲ့ တိုက်ရင်ကောကွာ။

သန်း။ ဟာ…သူငယ်ချင်းက မပြောကောင်း ပြောကောင်း၊ ဒါထက် စကားမစပ် မင်းတို့ဘက်က မင်းတိုင်ပင်တွေ ပုလိပ်အဖွဲ့အတွက် ငွေပေးဖို့ကို အားလုံး ကန့်ကွက်ကြလို့ နိုင်ဆို။

ကြမ်းပိုး။ အို…ဘာပြောစရာရှိသလဲ၊ မင်းတို့လို အပြင်မှာ ညာနေတဲ့လူမျိုးမှ မဟုတ်ဘဲ၊ ထိထိရောက်ရောက် အလုပ်လုပ်သူချည်းဆိုတော့ ဟော အစိုးရကို ခွကျလို့ ဘယ့်ကလောက် အကျိုးရှိလိုက်သလဲလို့။

သန်း။ အို…ဆုံးအောင် စောင့်ကြည့်စမ်းပါအုံး၊ သည်(ဆိုင်ရှင်)မပေးတဲ့ငွေကို အကယ်တိ အစိုးရက ဗီတိုအာဏာ * နဲ့ အတင်းထုတ်သုံးရင် မင်းတို့ဘယ့်လိုများ တတ်နိုင်အုံးမှာလဲ။

ကြမ်းပိုး။ ဟာ…နိမိတ်မရှိနမာမရှိ။ မပြောကောင်း ပြောကောင်း၊ မင်းပြောရင် သည်လိုချည်းပဲ၊ ဒါထက် ပခုက္ကူမှာ မင်းတို့ အစည်းအဝေးကြီးလုပ်ဆို။

သန်း။ အို…ဘယ်ပြောကောင်းမလဲ၊ ဝက်ဝက် ကွဲသွားတာပ။ ပရိသတ် ၂ သောင်းကျော်နဲ့ ညီညီညွတ်ညွတ် ဆုံးဖြတ်လိုက်ကြတာ၊ အဲဒါမှ ဇာနည်တွေကွ။

ကြမ်းပိုး။ ဒါထက် မင်းတို့ဘက်သားတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ ဟုမ္မရူးရမယ်ထင်ပြီး စည်းဝေးတွေ၊ ဘာတွေ လုပ်နေရတာလဲ။

သန်း။ အို…မင်း ဘယ်အိပ်ပျော်နေသလဲ၊ စည်းစိမ်တော် ယစ်မူးနေလို့ မသိမတာ၊ မကြားတာလား၊ မစ္စတာဂန္ဒီရဲ့ အကြမ်းမဖက်သော ဆက်ဆံရေးဆိုတာ မင်းမသိတာ အံ့ပါရဲ့ကွာ။

ကြမ်းပိုး။ နို့…ပခုက္ကူ အစည်းအဝေးမှာ ဦးဝိသုဒ္ဓစာရ ခဲပေါက်ခံရတာ မင်းတို့ရဲ့ အကြမ်းမဖက်နည်းလားကွာ။

* Veto



သန်း။ ဟာ…မပြောကောင်း ပြောကောင်း၊ လူချင်းချစ်ရင် ဒီလိုမကျီစားနဲ့ကွာ၊ နို့…နေပါအုံး၊ မင်းတို့ မင်းတိုင်ပင်အဖွဲ့မှာ တစ်ခုခုကိစ္စရှိလို့ ကော်မတီဖွဲ့ရင် ၅ ယောက်ဖွဲ့လေ့ရှိတာ ဘာသဘောလဲကွ။

ကြမ်းပိုး။ အဲဒါ မင်းတို့ သပိတ်မှောက်ဖို့ချည်း စိတ်ကူးနေတော့ တိုင်းပြည်အုပ်ချုပ်ရေးမှာ ဘာမှနားမလည်ဘူး။ ဒီမိုကရေစီခေတ်ကို ပြောင်းလာတော့ အစိုးရ ဩဇာထက် တိုင်းသူပြည်သား ဩဇာကြီးလာရတဲ့ အတိုင်း ၅ ယောက်အဖွဲ့မှာ အရာရှိ ၂ ယောက်၊ အရာရှိမဟုတ်သူ ၃ ယောက်။ ဟော–မဲပေးရာမှာ ဒို့ကချည်းနိုင်ရော မဟုတ်လား။

သန်း။ အဲဒီ ၅ ယောက်ထဲမှာ ဝံသာနုအဖွဲ့က မင်းတိုင်ပင် ၂ ယောက်ထားပြီး ကြားက အရာရှိမဟုတ်တဲ့ ဘက်တော်သား အလိုတော်ရိ တစ်ယောက်တည်းထားတော့ မင်းတို့ ဘယ်နှယ့်နေပါ့မလဲ။

ကြမ်းပိုး။ မင်းကဖြင့် ငွပြောပြီ၊ သည်လို သူခိုးလမ်းပြမလုပ်ပါနဲ့ကွာ၊ ဒါနဲ့ စကားမစပ် မင်းတို့ သပိတ်မှောက်တွေက ဘာအကျိုးရှိအောင် ဆောင်ရွက်နိုင်သလဲ၊ ယခု ‘ဘူး’ကိစ္စအတွက် အစိုးရက အမိန့်ထုတ်ထားတော့ မင်းတို့သွားတောင် မစုံစမ်းဝံ့ဘူး၊ ‘ဘူး’ သင်းလို့ အကြော်ဖြာခံရတဲ့သူတွေမှာ ဟော ဒုက္ခတွေ့နေရပြီ။

သန်း။ မင်းတို့လည်း မင်းတိုင်ပင် ပွဲမှာ မြင်းခြံ ချည်စက်ကြီးအတွက်တော့ ငွေမရ။ အစိုးရက ဥရောပတိုက်သားတွေ လုပ်ကိုင်နေတဲ့ ဂူဖရဲ သတ္တုတွင်းသို့ ငွေအဆိုသွင်းတာတော့ မကန့်ကွက်ဝံ့၊ ဟော–ချည်စက်အစုရှင်တွေ ဒုက္ခတွေ့နေရပြီ။

ကြမ်းပိုး။ အဲသည်နှစ်ခု ချေလိုက်ပေါ့ကွာ၊ မင်းနဲ့ငါနဲ့ ကျေရောပေါ့၊ ပခုက္ကူအစည်းအဝေးမှာ အယ်ဒီတာနှစ်ဦးကို (ဗန္ဓုလနှင့် ကြယ်တံခွန်) ပထမ မောင်းထုတ်တာ မင်းတို့ဘက်သားတွေဟာ အင်မတန် ဒီမိုကရေစီ ကျတယ်လည်းဆိုရဲ့၊ တစ်ချက်လွှတ် အာဏာလည်းသုံးရဲ့၊ ဘာကို မလုံလို့ အယ်ဒီတာတွေကို ကြောက်နေရတာလဲကွ။

သန်း။ အေး…အဲဒီလို ဒို့ဘက်သားတွေ ငွကျတာကိုလည်း မင်းတို့ ဘက်သားတွေ ဝံသာနုပါတီဆိုပြီး မင်းတိုင်ပင်အဖွဲ့မှာ နောက်ပိတ်မိနေပ်နဲ့ တာဖက်တာတို့ သက္ကလပ်အကျီနဲ့ဗိုလ်စိတ်ဝင်နေကြတာနဲ့ ထေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေတော့၊ နို့...နေပါအုံး မင်းတို့ ဝံသာနုမင်းတိုင်ပင်တွေ အရင် အစည်းအဝေးက မေးခွန်းတွေ ထုတ်တာ အစိုးရက ဘယ်သူ့ဆီမှာ ဘာမရသေးလို့၊ ဘယ်ဝါကို မေးထားတုန်းမို့။ ယခု စုံစမ်းဆဲရှိနေသည် စသဖြင့် မလိမ့်တစ်ပတ် အဖြေတွေ ပေးထားတာ အခုအစည်းအဝေး မှာ ဘယ်သူမှ ဒီအတွက်အဖြေများ ပြန်ပြီးမတောင်းတာ အောင့်သက် သက်ကြီးမနေဘူးလားကွ။

ကြမ်းပိုး။ အဲသည် အောင့်သက်သက်ကြီးကိုလည်း မင်းတို့ဘက်က ရန်ပုံငွေ အောင့်သက်သက်နဲ့ ထေလိုက်ပေါ့ကွာ။

သန်း။ သည်လိုဖြင့် မင်းလည်းနေရာမကျ၊ ငါလည်းနေရာမကျ၊ ဘယ်နှယ် လုပ်ကြမလဲ။

ကြမ်းပိုး။ ဒို့တတွေ ရည်ရွယ်ချက်တူပြီး အလုပ်မတူတာနဲ့ အမျိုးမျိုးကွဲကြတော့ ပုဂ္ဂလဒိဋ္ဌာန်တွေ အားကြီးပြီး တဖက်ကို တစ်ဖက်သာ နှောင့်ယှက် အပြစ်ဖွဲ့ ကဲ့ရဲ့နေမယ်ဆိုရင် ဘာမှ နေရာကျမှာ မဟုတ်ဘူး။ အစိုးရ ကလည်း ထက ဖို့သာ ရှိတယ်။ တစ်ဦးကိုတစ်ဦး မနှောင့်ယှက်ဘဲ ပြဒါးတစ်လမ်း၊ သံတစ်လမ်း၊ ကိုယ့်လမ်းနဲ့ကိုယ် ဘယ်သူ့လမ်းက ပိုပြီးနီးတယ်ဆိုတာကို သေသေချာချာ လုပ်ကြည့်ကြရင် မကောင်း ဘူးလားကွ။

သန်း။ အို...နီးတာ ဝေးတာ မပြောပါနဲ့ကွာ။ မောင်းထောင်လည်း မောင်း ထောင်ပဲ၊ တောင်ငှလည်း တောင်ငှပဲ၊ (ဘုရားတန်ခိုးတော် ပညာ အလင်းကြားသွားလို့ ငါ့ကို သပိတ်မှောက်ခိုင်းနေပါအုံးမယ်) အိန္ဒိယ မှာလို ညီညွတ်ခြင်းကို အရင်းခံထားပြီး ခရီးသွားရင် နေရာကျမှာပဲကွ၊ ကိုင်း...မင်းနဲ့ငါနဲ့ အစည်းအဝေး တက်ကြအုံးစို့။ ဘုန်းကြီးတွေ တွေ့ နေအုံးမယ်၊ ဟော...လာပြီ လာပြီ၊ မင်း မြန်မြန်ထွက်သွား။

## နိုင်ငံရေးဝါဒကြီး ၃ ခု

ထိုကဲ့သို့ မချင့်မရဲ နိုင်ငံရေး စိတ်ပျက်ဖွယ်ရာ အကြောင်းများနှင့် ပတ်သက်၍ ဆရာတို့၏ မြန်မာ့ရီဗျူးဂျာနယ် အခြားပင်တိုင်ဆောင်းပါးရှင်များ အခန်းများမှလည်း ကောင်း၊ ခေါင်းကြီးပိုင်းတွင်လည်းကောင်း 'အယူသည်းသူများကို အားပေးကြပါ' ဟူသော



...ခေါင်းစဉ်ဖြင့် ဤသို့ (အောက်ပါအတိုင်း) ရေးသားထားသည်များကိုလည်း ဖတ်ရပြန် ...သည်။ ထိုရေးသားချက်များကို ဖတ်ရှုရခြင်းဖြင့် ထိုစဉ်က နိုင်ငံရေးအခြေအနေများနှင့်တကွ ...ဆရာကြီး၏ နိုင်ငံရေးသဘောထား အာဘော်များနှင့် ခြေလှမ်းကိုလည်း တစ်စိတ်တစ်ဒေသ ...ကဲဝတ်သိရှိနိုင်ပေသည်။

နိုင်ငံရေးသဘော ကွဲလွဲခြင်းဆိုသည်မှာ ဤမြန်မာပြည်၌သာ ပေါ်ပေါက်လာခဲ့ ...သည်မဟုတ်ဘဲ ကမ္ဘာ့မွေ့တာသဘောကြီး တစ်ခုပင် ဖြစ်သည်။ ထိုသို့ သဘောကွဲလွဲရာ၌ (...တ်စ်ကြီးမစ်)ခေါ် အယူသည်းရှေ့လောကြီးသူတို့သာ ပြုပြင်ပြောင်းလဲခြင်း၏ ...ခြေခံအရင်းမူလ ဖြစ်ရကား ထိုသူများကို ယခု မြန်မာပြည်မှာကဲ့သို့ လူလွန်မသားများ ...ဂု ကဲ့ရဲ့ပြောဆိုခြင်းမျိုး မပြုသင့်ဘဲ အားပေးရန်သာ ရှိသည်။

တိုင်းရေးပြည်မှုဆောင်ရွက်ရာတွင် ကွန်ဆာဗေးတစ်* မော်ဒရိတ်**၊ ...တ်စ်ကြီးမစ်*** ဟူ၍ သုံးမျိုးသုံးစားရှိရာ ကွန်ဆာဗေးတစ်လူစုကား ပြုပြင်ပြောင်း ...လဲခြင်းကို လိုလားခြင်းမရှိဘဲ ရှေးအတိတ်နှင့်သာ တင်းတိမ်ရောင့်ရဲသူများ ဖြစ်ကြသည်။

မော်ဒရိတ်တို့မှာကား ပြုပြင်ပြောင်းလဲခြင်းကို အလိုရှိသော်လည်း ပြင်းပြင်းထန်ထန် ...မဟုတ်ဘဲ အေးအေးဆေးဆေး နှေးနှေးလေးလေးကန်ကန်သာ ပြောင်းလဲလိုသူများဖြစ် ...ကြရာ ယခုဒိုင်အာခီကို ထောက်ခံသော (၂၁) ဦးများနှင့် တူပေသည်။

အိတ်စကြီးမစ်တို့မှာလည်း နေ့ချင်းညချင်း စိတ်လိုက်မာန်ပါလျှင် မြန်စွာ ...ပြုပါလုန်၍ ပြုပြင်ပြောင်းလဲလိုသူများဖြစ်၍ အလုပ်ချင်းမတူသော်လည်း ရည်ရွယ်ချက် ...ခြင်းကား ယခု (၃) ဦး ဂျီစီဘီအေတို့နှင့် တူလေသည်။

ထိုသုံးမျိုး ဥပမာတွင် ပထမအမျိုးချည်း ရှိခဲ့ပါမူ (မြန်မာပြည်ကဲ့သို့ လက်အောက် ...နိုင်ငံတစ်ခုအဖို့) တစ်စုံတစ်ရာ ပြောင်းလဲလာဖို့ မျှော်လင့်ချက် မရှိပေ။ တတိယ ...မျိုးချည်းသာ ဆိုလျှင်လည်း အပြောင်းအလဲ မြန်လွန်း၍ သူတို့ပြုလုပ်သမျှဒဏ်ကို ...တိုင်းပြည်သူများ မခံနိုင်ရှိတတ်သည်။

ထို့ကြောင့် ထိုနှစ်မျိုးနှစ်စား အလယ်တွင် ဒုတိယအမျိုးအစားများက အထိန်း ...အမှုယ်ဆက်သွယ်လျက်ရှိရသည်။ ဤကားတိုင်းပြည်တစ်ပြည်၏ နိုင်ငံရေးမွှာတည်း။

---

* Conservative
** Moderate
*** Extreamist

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်ုပ်တို့ မြန်မာပြည်တွင်ကား တတိယအမျိုးအစားများ၏ အမှားကို အမှန်ဖြစ်အောင် မကြံမဆောင်တည့်မတ်မပေးဘဲ ထိုအမျိုးအစားကို ပြားပြားဝပ် ပျက်ပြားအောင် ကြံဆောင်ကြိုးစားလျက် ရှိကြခြင်းသည် အလွန်မှားယွင်းချက် တစ်ရပ် ဖြစ်သည်။

ယခု သုံးဦးဘက်သားများသည် အယူသည်းသူများ ဖြစ်ကြသည့်လျော်စွာ ဒိုင်အာခီ၏ အပြင်ဘက်မှနေ၍ ကြိုးစားရန် ကြံဆောင်ကြရာတွင် လုပ်ငန်း တိတိကျကျ မရှိခဲ့ပါလျှင် မှန်ကန်သော လမ်းစဉ်လုပ်ငန်းများဖြင့် လိုအပ်သော ဟုမ္မရူးပန်းတိုင်ကို ရောက်အောင် အားပေးဖေးမကူညီပေးဖို့ သင့်ကြသည်။

ယခုမူကား မော်ဒရိတ်အပါအဝင် အချို့သောလူစုနှင့် သတင်းစာတို့သည် အဆိုပါသုံးဦးနှင့် ရှိသမျှအသင်းအပင်းမှန်သမျှကို နာလန်မထအောင်ပြုလုပ်နေခြင်းကို တွေ့ရသည်မှာ များစွာဝမ်းနည်းဖွယ် ဖြစ်သည့်ပြင် ဟုမ္မရူးရရန် ဒိုင်အာခီအဖွဲ့တွင်းသို့ ဝင်ရသည်ဆိုသောစကားကို ယုံကြည်နိုင်စရာ မရှိသည်သာမက ဒိုင်အာခီကို ကျေနပ်အားရနေကြဘိသို့ အဓိပ္ပာယ်မျိုး ရောက်နေပေသည်။

ဤကား မြန်မာ့ရီဗျူးခေါင်းကြီးမှ ရေးသားချက်အချို့ကို ဖတ်ရခြင်းဖြစ်ရာ ထိုစဉ်က ရီဗျူး၏ အားဘော်မှာ ယခုခေတ်အခေါ် အားဖြင့် လက်ဝဲယိမ်းသော်လည်း အမျိုးသားညီညွတ်ရေးကို ရှေ့ရှု၍ ဂျီစီဘီအေ အကွဲတွင် ကြားနေအဖြစ် ရင်ကြားစေ့လိုသော ဆန္ဒများ ရှိကြောင်းကိုလည်း တွေ့ရသည်။

ထိုအကြောင်းကို ဂျာနယ်ရုပ်ပြောင်ပိုင်း တစ်နေရာတွင် 'စီးပွားရေးပျက် လင်မယားနှင့် ကြားနေသမား' ရုပ်ပြောင် (၈၀)ပေါ် တေးထပ်ကို ဖတ်ရခြင်းဖြင့် ထင်ရှားသည်။ ထိုတေးထပ်တွင် အချို့ပုဂ္ဂိုလ်များကို ရိသဲ့သဲ့ မထိတထိကလိထားသည့် အချက်များကိုလည်း သတိထားတွေ့မြင်နိုင်သည်။

## စီးပွားပျက်လင်မယားနှင့် ကြားသမား (၈၀)ပေါ်တေးထပ်

ဂျီစီဘီအေ(၂)တန်ခွ၊ အကြံမလှပဲ့ချက်နာ၊ မတန်မလှ ကွဲအက်ကွာ အောင်ခွဲလျက်ခါခါ ကောခံပျိုး။ လင်နှင့်မယား ရန်ဖြစ်သန်သလို၊ မြန်ပြည်နှစ်ရန် အကြောင်းဖြာလို့ဆိုး။ တစ်ဖက်သမား (တင်)စီးတာကို၊ ဆင်ခြင်ပြီးကာ ဉာဏ် မကိုး(စိန်း)ကားတမူ မာန်ဟုန်တိုးလို့၊ အကျိုးမရှိ ကလော်ကာ၊ စီးပွားဥစ္စာဝေလော



ဝေးအောင်။ ပြည်ရွာအရေး မျှော်တွေးထောက်မစာ အလုပ်မပြီး ခရီးကြာအောင်၊ ရန်မီးစွာစွာ(တင်)မ (စိန်း)ကြနှင့်။ ဆင်ခြင်ကာ ထိန်းမာန်ချုပ်အပ်သနော်၊ ရန်ငုတ် ဖြုတ်ဖို့တော်။ မြန်ပြည်ရိုင်းလို့ သမိုင်းကျော်အောင်၊ (ဟိုင်း)အခေါ်ကို ခံစမ်းချင်နှင့်လေး။ ပစ္စည်းပြုန်းတဲ့ လင်မယားနှစ်ဖော်ရယ်၊ (မရွှင်)အလားနော် ကျင့်စမ်းပါနှင့်လေး။

ကြားလူ(စကား) 'ဘယ်တော့ စီးပွားဖြစ်နိုင်မှာလဲ၊ အရှက်မရှိတဲ့ လင်မယား မွဲကာကောင်းတယ်'

၂၁ ဦး။ – 'နင်က ငါ့ကို (တင်) စီးတာလား၊ တစ်ကိုယ်ကောင်းကြံတဲ့ မိန်းမ'

လှိုင်ပုကျော်။ – 'နင်က (စိန်း) ကားလို့ဟဲ့၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့... ငရွှေယက်'

ကြားလူ။ – 'ဟော့၊ တော်ကြစမ်းပါတော့ကွာ။ ရန်ဖြစ်နေကြတာနဲ့ အလုပ်၊ လုပ်ဖို့ အချိန်မရှိဘူး'

(ဤတွင် ကွင်းပြထားသော (တင်)မှာ ပညာအလင်း ဦးတင်ကိုဆိုလျက် (စိန်း)မှာ မြန်မာ့အလင်း စကားတောင်စားကြီး ဦးစိန်းကို ဆိုလိုသည်) (မှတ်ချက်။ ယခင်က စိမ်းကားသည်ကို စိန်းကားဟု သုံးနှုန်းပါသည်)

အထက်ပါ ရေးသားချက်များအရ နိုင်ငံရေး အယူဝါဒစွဲဖြင့် အကွဲများကွဲကြရာတွင် ယင်းအသင်းအပင်း အသိုင်းအဝိုင်းပါ စာနယ်ဇင်းများသည်လည်း ဟိုဘက် သည်ဘက် ယိမ်း၍ကွဲလာတတ်ကြသည်။ ယင်းအချက်များမှာလည်း နိုင်ငံရေးတွင် အဆန်း မဟုတ်ပေ။ ယခင်အခန်းများတွင် ပညာအလင်းဦးတင် (တခုရုပ်–၁၃)က သုံးဦး ဂျီစီဘီအေဘက်သို့ ယိမ်း၍ မြန်မာ့အလင်း ဦးစိန်းတို့က (၂၁)ဦး ဂျီစီဘီအေဘက်သို့ ယိမ်းဟန်ရှိကြောင်း ဖော်ပြခဲ့ပြီ။

## ပီမိုးနင်းပိုက်ဆံနှင့်ပိုက်စမ်း

ဤနေရာတွင် (ပညာအလင်း) ဦးတင်၏ အကြောင်းနှင့်ပတ်သက်၍ အနည်းငယ် ဖော်ပြဖို့လိုလိမ့်မည်။ ပညာအလင်း ဦးတင်အကြောင်းကို ဖော်ပြလျှင် ကျွန်ုပ်တို့၏ (ကွယ်လွန်သူ)စာပေဖခင်ကြီး တစ်ဦးဖြစ်သော ဆရာကြီးပီမိုးနင်း၏အကြောင်းများလည်း ပါရှိလာရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ကြဖွယ် ရှိဟန်တူပေသည်။ (ကိုယ်တိုင်မတက်ရောက်ခဲ့ရ၍ တပ်အပ်သေချာတော့ မသိရပေ)။

ထိုအချိန်မှ ရေတွက်သော် နှစ်ပေါင်း ၂၀ ပင်ကျော်ခဲ့ပြီးနောက် ယခုအထက်ပါ ဆရာနှင့် ဆွေရိပ်မျိုးရိပ်မကင်းသူ (ကလေးသူငယ်ရုံး၊ အထူးတရားသူကြီး) ဦးမောင်မောင်လွင်ထံမှ စာကိုရရှိခဲ့ခြင်းပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏စာကို ရရှိသည့်အချိန်တွင်လည်း တိုက်ဆိုင်၍နေသော အကြောင်းတစ်ချက်ကား ထိုစဉ်က ကွယ်လွန်သူ စာပေပညာရှင်ကြီးများ၏အကြောင်း အတ္ထုပ္ပတ္တိများကို ဂုဏ်ပြုသောအားဖြင့် မြန်မာစာပြန့်အသင်းမှ ရုံဖန်ရံခါ မွေးနေ့ပွဲများ ကျင်းပသောအချိန် ဖြစ်သည်။

ဆရာ၏မွေးနေ့ကိုလည်း ဤသို့ကျင်းပပြုလုပ်ကာ ယင်းသို့ ကျင်းပသောနေ့တွင် ဆရာ၏ အနုပညာကဗျာဂီတစာပေများနှင့် နိုင်ငံရေးလုပ်ဆောင်ချက်များအား ဆရာနှင့်ရင်းနှီးသော မိတ်ဆွေများ၊ တပည့်တပန်းများက မိမိတို့ ရှုထောင့်အမြင်အသီးသီးမှ စာတမ်းများကို ရေးသားတင်သွင်း ဖတ်ကြားကြခြင်းဖြင့် ဆရာ၏အတ္ထုပ္ပတ္တိစာတမ်းတစ်စောင် အလွယ်တကူ ထွက်ပေါ်လာနိုင်စရာရှိကြောင်း အကြံပေးဆောင်းပါးများကိုပင် ထိုစဉ်က ဤစာရေးသူ ရေးသားခဲ့သည်။

ထိုသို့ရေးသားရာမှ ရံဖန်ရံခါ ဆရာနှင့်ပတ်သက်သည့် ဆောင်းပါးများ၊ စစ်ကြိုခေတ် ဆရာနှင့်အတူ စာရေးဆရာအသင်းတွင် ပူးတွဲရင်းနှီးစွာ လုပ်ကိုင်ခဲ့ရစဉ် တွေ့ထိသိမြင်ခဲ့ရသမျှတို့ကို အကြောင်းဆိုက်သလို ဆောင်းပါးများ ရေးသားခဲ့သည်။ ထိုသို့ရေးသားမှုများကြောင့်ပင်လားမသိ၊ ဆရာ၏အကြောင်း စာတမ်းတစ်စောင်ကို မြန်မာပြန့်အသင်းမှ တင်ပြဖတ်ကြားရန်ကိစ္စကို ဤစာရေးသူကိုပင် တာဝန်လွှဲအပ်ခြင်း ခံခဲ့ရသည်။

ထိုတာဝန်ပေးချက်အရ ဆရာနှင့်ပတ်သက်သမျှ မှတ်စုမှတ်ရာ ကဗျာစာပေ၊ သဘင်ဂီတဆိုင်ရာ၊ နိုင်ငံရေးအသင်းအဖွဲ့များဆိုင်ရာ အချက်အလက်များကို လိုက်လံရှာဖွေစုဆောင်းရသည့်အခါတွင် (ထိုကျင်းပပွဲ၌ ဖတ်ကြားရမည်ထက်) ပိုမိုကျယ်ဝန်းသော အကြောင်းအချက်များစွာကို ရရှိခဲ့လေသည်။

ထိုသို့ရရှိခြင်းများဖြင့် ထိုစာတမ်းဖတ်ကြားပွဲ ပြီးစီးသွားသည့် အချိန်တွင် ရင်းနှီးသောစာပေမိတ်ဆွေများနှင့် ဆရာ၏တပည့်တပန်းများက ဤစာရေးသူအား ဆရာ၏အတ္ထုပ္ပတ္တိတစ်စောင်တစ်ဖွဲ့ ဖြစ်မြောက်သည်အထိ ရေးသားရန် ဝိုင်းဝန်းတိုက်တွန်းလာကြသည်။

ယင်းသို့ အကြံပေးချက် တိုက်တွန်းချက်များကြောင့် စာရေးသူသည် အထက်



ဖော်ပြပါ မပြည့်စုံမှုအခက်အခဲများ အကြားမှပင် ဆရာ၏အတ္ထုပ္ပတ္တိဆိုင်ရာ အကြောင်းအချက်အလက်များကို ရရှိနိုင်သမျှရရှိရန် ၃–နှစ်ကျော်အချိန်မျှကြာအောင် တဖြည်းဖြည်းရှာဖွေစုဆောင်းခဲ့ခြင်းဖြင့် ယခုအတ္ထုပ္ပတ္တိကို ရေးသားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ရေးသားခဲ့သည်ဆိုရာ၌ စာရေးသူကိုယ်တိုင် ရိုးဖြောင့်စွာ ဝန်ခံလိုသည်မှာကား ဆရာ၏အတ္ထုပ္ပတ္တိကို ယခုလိုတိုင်းပြည်နှင့်စာပေချစ်သူများထံသို့ ရေးသားတင်ပြရာ၌ လုံးဝပြည့်စုံပြီဟု မယူဆခဲ့ပါပေ။ ကျန်အချက်ပေါင်းများစွာနှင့် ချို့ယွင်းချက်ပေါင်းများစွာ ရှိကောင်းရှိမည်ကို ဝန်ခံလိုပါသည်။

ဆရာကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိကို ရေးရာ၌ တိုတောင်းလှသော အချိန်ကလေးအတွင်း လွယ်ကူပြည့်စုံအောင် ရေးသားနိုင်ရန် ခဲယဉ်းသောအချက်တစ်ခုပင် ဖြစ်သည်။ ဆရာသည် အနုပညာစာပေသမား သက်သက်သာမဟုတ်ဘဲ၊ နက္ခတ်ဗေဒင် ရာဇဝင်နှင့် သဘင်ဂီတ၊ ကဗျာ၊ လင်္ကာစသော ပညာရပ်စုံ အပိုင်းများကလည်း ရောယှက်နေကာ ထိုနောက်တစ်ဖက်မှလည်း နိုင်ငံရေး၊ လူမှုရေးစသော ခေတ်အဆက်ဆက်မှ နောက်ခံအကြောင်းအချက်များနှင့်လည်း မကင်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည့်အတိုင်း ထိုဆိုင်ရာအချက်အလက်များကို ပြည့်စုံအောင် ရှာဖွေရာ၌ မလွယ်ကူခြင်း၊ အချို့မခေတ်ပြောင်း ခေတ်လွဲအရေးအခင်းများကြောင့် ပျောက်ကွယ်ပျက်စီးကုန်ခြင်း။

အချို့အချက်များမှာလည်း အခြေအနေအချိန်အခါအရ နက်နဲကျယ်ဝန်းလှသော နိုင်ငံရေးဖြစ်ပျက်ခဲ့သမျှတို့ကို ရေးချင်တိုင်း ရေးခွင့်မရရှိခြင်း၊ ရေးမဖြစ်နိုင်ခြင်းများနှင့် ဆရာကဲ့သို့ နိုင်ငံရေးနောက်ခံရှိသော ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ရေးရာ၌ အချို့နေရာတွင် အချို့စာဖတ်သူများအဖို့ ငြီးငွေ့ဖွယ်အချက်များနှင့် ကြုံတွေ့ရကောင်းရလိမ့်မည်ဟူ၍လည်း ဝန်ခံလိုပါသည်။

နောက်တစ်ချက်မှာ ဆရာနှင့်ပတ်သက်၍ အချို့သော နိုင်ငံရေးအယူအဆနောက်ခံအဖြစ်အပျက်များကို ဖော်ပြရေးသားရာ၌ အချို့ပုဂ္ဂိုလ်များနှင့်သဘောကွဲလွဲချက်များ ပါရှိကောင်းပါရှိပေမည်။ ယင်းသို့ ကွဲလွဲချက်များပါရှိပါက ဆရာ၏မူဝါဒများဖြစ်သည်ဟူ၍ တစ်ထစ်ချမယူဆသာဘဲ အသက်ထင်ရှားမရှိတော့သော ဆရာအား ရှင်းလင်းမေးမြန်းနိုင်ရန်လည်း မဖြစ်နိုင်သဖြင့်'ဤသို့ဖြစ်တန်ကောင်း၏'ဟူ၍သာ ဤစာရေးသူ၏ထင်မြင်ယူဆချက်များအရ ရေးသားလိုက်ရခြင်းများပါကောင်းပါပေလိမ့်မည်။

ယင်းသို့ရေးသားရာ၌ အကယ်၍ မှားယွင်းချွတ်ချော်ချက်များ ပါရှိနေပါက ဆရာ၏အမှားမဟုတ်ဘဲ ဤစာရေးသူ၏ သဘောအယူအဆ အကောက်လွဲမှုနှင့် စေတနာ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဆရာပီမိုးနင်းသည် ယင်းကလောင်အမည်ကို မယူသေးခင် ပညာအလင်းတွင် ပိုက်ဆံကြီးအမည်ဖြင့် ရေးခဲ့သည်။ မကြာမီ ဆရာပီမိုးနင်းသည် ပညာအလင်းမှ ရမ်းမြဦးမောင်မောင်၏ မြန်မာ့ဝန်ထမ်းသတင်းစာသို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ ထိုအခါ ယင်းပိုက်ဆံကြီးနာမည်ကို ဦးတင်က အပိုင်စီး၍ ယူထားလိုက်ကာ သူ၏ ပညာအလင်းတွင် ပိုက်ဆံကြီးအမည်ဖြင့် ဆက်လက်အသုံးပြု ရေးသားနေခဲ့သည်။

သို့သော် အကြောင်းသိသူများက ထိုပိုက်ဆံမှာ ပိုက်ဆံအစစ်မဟုတ်ဘဲ ဒုတိယ ပိုက်ဆံအတု ဟူ၍လည်းကောင်း၊ အချို့က (ပိုက်စမ်း)ဟူ၍လည်းကောင်း၊ ပြောင်လှောင် ရေးသားခေါ်ဝေါ်ခဲ့ကြသည်။ ပိုက်စမ်းဟု ခေါ်ခြင်းကိုကား ထိုစဉ်က ဦးတင် သည် သတင်းစာများ စည်းလုံးညီညွတ်ရေးသို့ မပါဝင်ဘဲ ၎င်း၏စီးပွားရေး သက်သာချောင်လည် ရေးကို အဓိကထားကာ ၃ ဦး ဂျီ–စီ–ဘီ–အေ လိုလို၊ ဝံသာနုလိုလို၊ စမ်းတဝါးဝါးအလုပ် မျိုးဖြင့် (တံငါများ ငါးရှာသည့်အခါ ပိုက်ကိုချ၍ စမ်းသည့်ပမာ) ကို တင်စား၍ ပိုက်ဆံ အစား ပိုက်စမ်းဟု ပြောင်လှောင်ခေါ်ဝေါ် ရေးသားကြခြင်းဖြစ်သည်။

(ဆရာပီမိုးနင်းသည် ထိုအခါမှ နောက်တွင် မြန်မာ့ဝန်ထမ်း၌ ပိုက်ဆံအမည်ကို မသုံးတော့ဘဲ လေပွေအမည်ဖြင့်လည်းကောင်း၊ ဗန္ဓုလဂျာနယ်တွင် ပိုက်ဆံနှင့် ခတ်နံ တူ 'ပေါက်ဆန်' အမည်ဖြင့်လည်းကောင်း ရေးသားခဲ့သည်။ ဒီးဒုတ်ကြီးနှင့် လေပွေက မြန်မာ့အလင်း ဦးစိန်းကြီးတို့အကြောင်းကလေးကို ရှေ့တွင် ဖော်ပြပါဦးမည်၊)

ထိုစဉ်က ပညာ့အလင်း ဦးတင်၏အမည်မှာ နိုင်ငံရေး အရှုပ်တော်ပုံ အကွဲတော် ပုံများကို စီကနဲ ညံကနဲ ဖြစ်ပေါ်ဖော်ပြတိုင်း ယင်း၏နာမည်မှာ ပွဲတိုင်းပါစမြဲလိုလို ဖြစ်နေ သည်။ ဆရာတို့၏ မြန်မာ့ရီဗျူးတွင် ထိုစဉ်က မြန်မာ့အလင်း (ချိုပါသားနှင့် ပခန်းသား စကားပြောခန်း) စကားတောင်စားအခန်းမျိုး။ သူရိယတွင် (ဆူးလေ၊ မိုလ်တထောင်၊ မော်ဘီနတ်ကြီးသုံးပါး)၊ စဥ္စားပြောခန်းမျိုးကဲ့သို့ ပလဲနှင့်နံပစကားပြောခန်းတစ်ခု ပင်တိုင်ပါရှိနေ၏။

ထိုအခန်းမှ ထိုခေတ် ဂျီစီဘီအေ နိုင်ငံရေးအရှုပ်တော်၊ အကွဲတော်ပုံများနှင့် သတင်း စာဆရာများ၏ စည်းလုံးညီညွတ်ရေးကို (ရောင်းတေးဘဲလ်ကွန်ဖရင့်) မျက်နှာစုံညီ အစည်း အဝေးသဘောမျိုး အပတ်စဉ်ရေးသားရာတွင် ထိုသို့ ရေးသားတိုင်း ပညာအလင်း ဦးတင်နှင့် မြန်မာ့အလင်း ဦးစိန်း(နောင်ကြီးစိန်း)တို့ အကြောင်းမှာ တစ်ပတ်မဟုတ်တစ် ပတ် အမြဲလိုလိုပါစမြဲဖြစ်သည်။



## ဆေးမတွေ့သောရောဂါ

ထိုမျှသာမကသေးဘဲ မြန်မာ့ရီဗျူးဂျာနယ်တွင် ဆေးကျမ်း၊ ဗေဒင်နက္ခတ် အကြောင်းများကို ရေးသော (အဘိုးလက်ဆောင်)အခန်းတစ်ခု ပါရှိရာ ထိုအခန်းကို အချို့က ဆရာချိုရေးသည်၊ အချို့က ဆရာ့၏ဆရာဖြစ်သော ဆရာကြီးဦးလွန်း(မစ္စတာ မောင်မှိုင်း) ရေးသည်ဟု ဆိုကြသည်။ ထိုအခန်းမှပင် တစ်ခါက ယင်းပညာအလင်း ဦးတင်၏အကြောင်းကို ခပ်နာနာကလေးရေးထားသည်ကို ဖတ်ရသည်။ ယင်း ရေးသား ချက်များကို ဖတ်ရခြင်းဖြင့် ထိုစဉ်က ဦးတင်၏ သတင်းကြီးပုံကို ခန့်မှန်းနိုင်ရာ ယခု စာဖတ်သူများ ခေတ်ဟောင်းဗဟုသုတနှင့် တစ်နည်းအားဖြင့် အပျင်းပြေဖတ်ရှုနိုင်ကြရန် အောက်တွင် ကောက်နုတ် ဖော်ပြလိုက်ပါသည်။

## ဆေးမတွေ့နိုင်သော ရောဂါသည်ကြီး၏ အနာလက္ခဏာ

လွမ်းချင်း။ ဆေးမတွေ့နိုင်ဘု၊ ဆွေးမြေ့တဲ့ရောဂါ၊ ဥဏှ၏လက္ခဏာပါ၊
မသက်သာ နာဟန်ကို ရှုလိုက်တော့၊ အာဂန္တုရက်အဝင်မှာ၊ လက်မတင် တိုးတဲ့ပြန် ပြီလေး။

ပြင်းပြဘယာ၊ ဝေဒနာမှာ၊ အစာကမှား၊ ဆေးကမှားနှင့်၊ သမားနတ္ထိ၊ အသွော်မိ လျက်၊ မသိအမှန်း၊ လွန်ပင်ပန်းလို့၊ ငန်းလက္ခဏာ၊ စန်းပြတ်လွန်းပြတ်၊ နဝင်းပြတ် လို့၊ လက်ပြတ်ပုံနာလှချည့်၊ ရောဂါက ဆမတန်သည်၊ မရအမှန် ဘယ်လိုကုပေမဲ့၊ ဥပါဒ်ခြောက်ခုထကွကြိမ်တယ်၊ မရဏာအိမ်ကူးပြန်ခဲ့ပြီလေး။

အပဟမ်း၊ အပဟမ်း၊ အဲသည်လွမ်းချင်းကလေးဟာ တစ်နေ့က ဆေးကုလို့ မရတဲ့ လူမမာကို လိုက်မကုဝံ့တာနဲ့၊ ခေါ်ကြွေ့ ပြန်ပေးလိုက်ရတာ သတိရပြီး အဘိုးတင်ဟပ် ဆိုလိုက်တာ၊ ဝါသနာကိုးမောင့်၊ အဲသည် လူမမာအကြောင်း ပြောလိုက်ရအုံးမယ်၊ အဘိုး ဆေးဆရာလုပ်ခဲ့တာ ကြာပကော၊ သည်လူမမာမျိုး ကုလို့လာခေါ်တာ သည်တစ်ခါ ကြုံဖူးတယ်။

ဟိုလွန်ခဲ့တဲ့ ဆယ်ရက်လောက်က အဘိုးလည်း အိမ်ဦးခန်းမှာ ဆေးစာတွေဖတ် နေခိုက် သတင်းစာဆရာ အယ်ဒီတာကလေးတွေ လေးငါးယောက်ပဲ ပြေးလွှား၍ ပေါက်လာ။ သည်တော့ အဘိုးက–

'ဟေ့...ဟေ့၊ ဘာကိစ္စများတုန်းကွယ့်၊ အမှုပုံ အရေးကြီးလှပါကလား ချွေးဒီးဒီးစို မတတ်နဲ့ လိုဘတ်(လိုဘ)ကိုပြောကြပါအုန်းလို့ မေးတော့ သတင်းစာဆရာတွေက 'အိုတာ

www.burmeseclassic.com



ရှည်အောင် မေးမနေပါနဲ့အဘိုးရဲ့၊ အရေးကြီးတာက သည်လိုပါခင်ဗျာ... ကျွန်တော်တို့ အမိမြန်မာပြည်ကြီးပွားစည်ဖို့၊ သားသမီးခေါ်တဲ့ သတင်းစာတွေထဲမှာ သည်(အလင်း)ပါတဲ့ တိုက်ရှင်တစ်ဦးဟာ ထူးထွေတဲ့ရောဂါ၊ မဖြောင့်လုပ်ရမှ စိတ်နေသာ၊ အချင်းချင်း ကွဲကြမှ သူဝမ်းသာ၊ တွေ့ကရာတွေကိုလည်း ကတောက်ကတတ်ရေး၊ နိုင်ငံအေးမှာကို အင်မတန်စိုးပြီး အမျိုးမျိုးနဲ့ မမှန်စွပ်စွဲ၊ တိုင်းပြည်မွဲမှ သူချမ်းသာတော့မလို၊ လူဆန်းတကာတွင်ဖြင့် စာရင်းအချုပ်၊ ထမင်းတစ်လုတ်ဝဖို့ကိုပဲ ရိုးရိုးရှာမစားချင်ဘဲ အမျိုးမျိုးဝါကြွားကာ၊ မတရားယူပြီး ယခုအများဖြုန်ကြလျက်နှင့် သူတစ်ယောက်တည်း မဲနေပါသည်။

သို့ကလိုအမှု ဖောက်လွဲ၍ အထူးအပြစ်များနေတာ၊ အရှူး(၈)ပါးမှာ ဘယ်ဘေးအနာပါလဲ၊ ဘယ်ဆေးအစာနဲ့မှ ကုလို့ရမယ်၊ ပယောဂလား၊ သွေးရိုးလား စုန်းဖမ်းစားလျှင်လည်း (စကောစာ)ပစ်ပါရစေ၊ အဲသည်ရောဂါစနစ်ကို မသိချေ၍၊ တပည့် တတွေဟာ အဘိုးထံ ပြေးခဲ့ပါတယ်။ တစ်မျိုးကြံရေးနှင့် အနာလက္ခဏာရှုပြီး ကြွလျက်တစ်ခါကုပါဦး ခင်ဗျားလို့ ခြေကြွ ငါးရာပေးပြီး အရေးသင့်လာ ပြောကြတော့သကိုး။

သည်တော့ အဘိုးကလည်း အနာ၏လက္ခဏာကိုတော့ လူမမာအိမ်ကိုတောင် မလိုက်တော့ဘဲ နိုက်နိုက်ချွတ်ချွတ် အသေအရှင်ကို ဗေဒင်နဲ့ပဲ သိနိုင်ပါတယ်။ ဗေဒင်ဆိုရာမှာလည်း အင်္ဂဝိဇ္ဇာ။ ငါးခါညီမျှ၊ ခရားစောက်ချ၍ ကာလကြီးအမှန်၊ သုံးတန်ပေါ်နိမိတ်၊ သံဒိဋ္ဌဂြိုဟ်၊ နဂိုဇာတာလက္ခဏာများနှင့် လူနာ၏ဖြစ်ပုံကို အလုံးစုံတွက်ချက်၍ အနာသက်ကိုရှုသော်၊ အထူကြီးစွာ၊ ဤအနာသည် သံသရာအဆက်ဆက်ကပင် အမျက်လောဘ၊ မောဟ၊ တဏှာတည်းဟူသော ဓာတ်လေးပါးတို့ ဖောက်ပြန်ပျက်စီးပြီးလာခဲ့ရာ၊ ယခုဘဝ၊ ဗီဇမပြတ်၊ ဓာတ်သက်ပဋိသ်၊ (ဝိပတ္တိ ကာလ်)ဟူသော (အာဂန္တုက) ရက်ကြီးတွင် ရောက်၍ ဖောက်ပြန်သောဓာတ်ကြောင့်(အဝိဇ္ဇာတည်း)ဟူသော အခါးစာကို စားရာတွင် အနာရောက်၏။

ထိုအနာဖြစ်စကပင် (ဉာဏသမ္ပယုတ်)ဟူသော ဆေးကောင်းကို မမှီဝဲရ၍၊ လွန်ကဲစွာ၊ အနာတဖြည်းဖြည်း သည်းလျက်ရှိသည့်အပေါ်မှာ၊ မလျော်သောအမှောင့်ပယောဂ (မနောဝက်)ဟူသော စုန်းမက ပြုစု၍ သပ္ပတ်အူနှင့် စာဘူးတောင်းသိုက်တို့အပြင်၊ ဆံပင်ချည်ထွေးတို့ကို အပင်းသွင်း၍ထားရာ များစွာနလုံးသွေးနောက်လျက်၊ ယောက်ယက်ဆန်ခတ် ရှိနေဆဲတွင်၊ အလွန်ရမ်းဆ (အဘိဇ္ဈာနှင့် ဗျာပါဒ)ဟူသော ဆေးကိုစားလိုက်ပြန်ရာ အဖျားရောဂါ တိုးတက်လာ၏။

ထိုတွင်တစ်ခါ (ဣဿာနှင့် မစ္ဆရိယ)ဟူသော အညော်ကြီးမိလျက်၊ မျက်စိမပွင့်၊



ပြောလျှင်မပြီမသဘဲ၊ လောဘ ပထဝီဆောင်သည်။ ဒေါသ တေဇောပျက်သည်၊ မောဟ သည်းခြေခိုက်သည်၊ သတိအာကာသငုပ်သည်။ ထိုကြောင့် တြိသတ်ဓာတ်ကျမ်းက (အောင်စည်မှုတ်ထွေ ချွေးငုပ်လေပူ)ဆိုသည်။

ထိုမျှမကသေး ထိုသူ၏ ရောဂါကို ချမ်းသာအောင် ကုဖို့ရာ ဆရာသည်၊ ယခုအခါ ဤလူ့ရွာ၌ ရှိမည်ဟူ၍မထင်၊ အနာတက်သော် ဆေးချက်မရှိ၊ ဟူဘိ၏သို့ လူ၏ပဋိသန္ဓေအဖျားကို သမားနှင့်ကု၍မရ၊ ပယောဂအမှောင့်လွတ်မှ သက်သာမည်ဖြစ်၍ ထိုပယောဂ စုန်းမစားဖျင်း၏အပင်းသွတ်ထားသော သပ္ပတ်အူနှင့် စာဘူးတောင်းသိုက်ဆံပင်ချည်ထွေးတို့ကို မနေ့အမြန် အမှန်အန်စေအောင်သာ၊ ယတြာ ပြုရလိမ့်မည်။

ပြုရမည့် ယတြာကား၊ သိမ်ဝင် သပိတ်ကိုရှာ၊ ရလျှင် မခွဲမဖျက်ဘဲ အလုံးလိုက်ကို (မမ္မာသောက)အင်းဆံသွပ်၊ အုန်းညိုခေမာကို ပြင်ကရံ(ပေတကင်းသင်း၊ ဝက်နင်းခွာပြန်၊ တံလန်မခေါ်၊ နင်တကယ်လော)ဟူသော အင်းကို အတွင်းကချ၊ ထိုမှပြီးလျှင် သပိတ်ဖင်က အင်းတွင် အချုပ်(အဋ္ဌမုတ်)ကို နောက်ဆုတ် စီရင်ပြီးပလားဆိုရင် ထိုလူနာ၏ ပရိဝါရအရပ်မှ ထိုသူနံသစ်သားကိုစိုက်လျက်၊ သိမ်ဝင် အင်းသပိတ်ကို မှောက်ရက်စွပ်ထား။

ထိုယတြာကြီး ပြုပြီးနောက်၊ ထိုရောဂါနည်းငယ် သက်သာရာရလတ္တံ့၊ ရှင်းရှင်းပျောက်ဖို့ကိုကား အဘိုးမတတ်နိုင်၊ အဘယ်ကြောင့်နည်းဆိုလျှင် (မောဟ)တည်းဟူသော ရောဂါနှင့် သံသရာ အလွန်ရှည်ဦးမည်ဖြစ်၍ ဤအနာမျိုးကို (နာတာရှည်)ဟု ခေါ်သည်။

မြတ်စွာဘုရား လက်ထက်တော်အခါက ဒေဝဒတ်တို့ အနာမျိုးဖြစ်သည်။ ဒေဝဒတ်သည် (လေးသချေ်)နှင့်ကမ္ဘာတစ်သိန်းတို့ပတ်လုံး အစားအမျိုးမျိုးမှား၍၊ အညော်အမျိုးမျိုးမိ၍၊ ဆေးအမျိုးမျိုးလွဲ၍လာခဲ့ရာ ဂေါတမဘုရားပွင့်တော်မူသောအခါမှ ၎င်းရောဂါဝေဒနာသည် လျက်သန္နိပတ်ငန်းဖမ်းပြီးလျှင် ပထဝီဓာတ်ငုပ်၍ ယခုအခါ ဒဟတေဇောကြောင့် အပူဒီဂရီအလွန်အားကြီးသည်၊ ပြဒါးတိုင်စိုက်လျှင် ကွဲသွားစရာဖြစ်အောင်ပူသည်။ ၎င်းဒေဝဒတ်လူနာသည် ယခုအခါ (အဝီစိ)ခေါ် ဆေးရုံကြီးမှာ ဆရာလက်လွှတ်၍ ထားရလေတော့သည်။

ထိုနည်းတူစွာ ယခုမောင်တို့ လူမမာလည်း ရောဂါအတော်ကြီးသည်။ နောက်အဝီစိ ဆေးရုံကို မရောက်ဘဲ သက်သာမည်မဟုတ်၊ ၎င်းအဝီစိဆေးရုံကြီးတွင် အကြီးဆုံးဆရာဝန် (ဒေါက်တာ ယမမင်း) ကုသမှုကို ခံယူမှ ပျောက်ကင်းနိုင်မည်ဖြစ်၍ အဘိုးလိုက်၍ မကုနိုင်ခြင်းကြောင့် မလိုက်ပါရစေနဲ့၊ မောင်တို့ ခြေကြွငွေကိုလည်း ပြန်ယူသွား

www.burmeseclassic.com

www.burmeseclassic.com



ပါဟု တောင်းပန်၍ လွှတ်လိုက်ရသဗျား။ နောက်ကို ဒီလိုလူမမာမျိုး မတွေ့ရပါလိုသော်ဟူ၍ ဆုတောင်းပါ၏။ ကိုင်း…စကားလည်းပြောကောင်းပါရဲ့၊ အဖိုးလည်း အတော်မောသွားညောင်းသွားပြီ မြေးတို့’

ဘိုးသာအေး

ယင်း(အဘိုးလက်ဆောင်) ပင်တိုင်ဆောင်းပါးနှင့်အတူ ထိုစဉ်ကပင် ပြည်သူ့အာဘော်ပေးစာ အခန်းမှ (ဝံသာနု)အမာခံပုဂ္ဂိုလ်တစ်ဦး၏ ပေးစာတစ်စောင်ကိုလည်း ဤသို့ ဖော်ပြထားသည်ကို ဖတ်ရပြန်သည်။

## ပညာအလင်းဦးတင့်နှင့် ညီညွတ်စည်းလုံးရေး

ရန်ကုန်မြို့ပေါ်တွင် မြန်မာသတင်းစာဂျာနယ်(၁၃)ဦး ရှိရာ၊ ဦးတင်၏ ပညာအလင်းမှ တစ်ပါး၊ အခြား (၁၂) ဦးတို့သည် မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်ရေးကို အလေးဂရုပြု၍ စာဝေငှခြင်းစသော ကောင်းမှုတို့ကို ပြုကြသဖြင့် ၎င်းဦးတင်၏ ပညာအလင်း သတင်းစာ၏သဘောထားပုံကို အမျိုးမျိုးတွေးတောနေကြပြန်သဖြင့်၊ လွန်ခဲ့သောတနှစ်လောက်က အထင်အရှားဖြစ်ပြီးသော အချက်များကို အောက်တွင် ဖော်ပြအစီရင်ခံပါသည်။

မြန်မာအသင်းချုပ်ကြီး ၂ ခုကွဲစကပင် စည်းလုံးညီညွတ်ရေးကို များစွာလိုလားကြသော လူကြီးလူကောင်း သူတော်ကောင်းများအနက်၊ (ဦးအောင်ကြီး၊ ဦးဘိုးတက်နှင့်ကွယ်လွန်သူ ဦးဘိုးခိုင်တည်းဟူသော) ပွဲစားကြီး ၃ ဦးတို့က အထူးရှက်ဆောင်နေစဉ် ၎င်းပညာအလင်းဦးတင်က မည်မျှလောက် ဖျက်စီးခဲ့ကြောင်းကို ၁၂၈၄ ခု၊ သီတင်းကျွတ်လအတွင်း၊ ဂျူဗလီဟော၌ ကျင်းပသည့် အထူးကွန်ဖရင့်မှတ်တမ်းတွင် ပါရှိနေပါကြောင်း။

၎င်းပါရှိသောအချက်တို့အနက်၊ ဧည့်ခံကော်မတီပွဲစားကြီး ဦးဘိုးခိုင်၏ မိန့်ခွန်းတွင် အောက်ပါအတိုင်း ပါရှိပါကြောင်း။

‘မောင်တင်က…ယခင်က ကျွန်တော်၏ သတင်းစာသည် နေ့စဉ်စောင်ရေ (၂၀၀) လောက်သာ ရောင်းရပါသည်။ ယခုလူကြီးများ မသင့်မတင့် ဖြစ်နေသောအခါ နေ့စဉ် (၁၃၀၀)ထောင့်သုံးရာမျှ ရောင်းနေရပါသဖြင့် အကျိုးရှိပါသည်ဟု ပြောပြကြောင်း အထင်အရှားရှိနေပါ၍ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ စကားအတိုင်း မညီညွတ်လေဦးတင်ကြိုက်လေဖြစ်သည်ထင်ပါကြောင်း။

=

# အခန်း (၃)

# ပလဲနှင့် နံ့ပအခန်း

ဝံသာနု

သို့သော် မြန်မာ့ရီဗျူး(ပလဲနံ့ပ)အခန်းတွင်ကား အောက်ပါ ဝမ်းမြောက်ဖွယ်ရေးသားချက်များကို တစ်ဖက်မှ ဖတ်ရပြန်သေးသည်။ ထိုရေးသားချက်များက ရှေးသတင်းစာဆရာများ၏ သရုပ်ကို တစ်နည်းအားဖြင့် ဖော်ထုတ်လျက်ရှိသည်ကိုလည်း ခန့်မှန်းတွေ့မြင်နိုင်သည်။

ဦးပလဲ။ ‘ဒါထက်ဗျာ ဝံသာနုတစ်စုကိုတော့ ညီညွတ်ရေးကို ဆော်ဩဆောင်ရွက်နေပြီး အယ်ဒီတာတွေကတော့ အသင်းအဖွဲ့အစည်းအလုံး သေချာဂနမရှိသေးတာ ဝမ်းနည်းစရာပဲဗျ’

ဦးနံ့ပ။ ‘အင်း…ဒီအချက်လည်း အယ်ဒီတာစုဘက်က လိုသေးသဗျ၊ သို့သော် ရှေ့ကို မျှော်လင့်ချက်တော့ ရှိသဗျ။ ဘယ်အချက်လဲဆိုတော့ မြန်မာ့အလင်းသတင်းစာ တိုက်ရှင် ဦးမောင်မောင်ကြီးနဲ့ နောင်ကြီးစိန်းစိန်းတို့လည်း ညီညွတ်ရေးကြိုးပမ်းကြတဲ့အထဲ စိတ်အားသန်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ ၎င်းပုဂ္ဂိုလ်နှစ်ဦးကပဲ အယ်ဒီတာများ အစည်းအလုံးကို ဖြစ်မြောက်အောင်မြင်ဖို့ရာ အာရုံပြုနေကြောင်း သတင်းစကား သန့်သန့်ကြားရသကိုးဗျ’

www.burmeseclassic.com

www.burmeseclassic.com



ဦးပလဲ။ 'ဒီအတိုင်းသာ မှန်ရင်တော့ အခြားတိုက်ရှင်တို့၊ အယ်ဒီတာတို့ပါ တတ်စွမ်းသမျှ ကူညီကြဖို့ သင့်သဗျ၊ မြန်မြန်ဆောင်ရွက်ဖို့လည်း ထပ်မံနှိုးဆော်ရတာပ လဗျာ'

ဦးနုံပ။ 'မြန်မာ့အလင်းတိုက်ရှင် ဦးမောင်မောင်ကြီး၊ နော်ကြီးစိန်းစိန်းတို့ဟာ ဟို(၂၁)ဦးဘက် အယူအဆတူကြသော်လည်း၊ ၎င်း(၂၁) ဦးကောင်စီရဲ့ အသင်းအပင်းထဲကိုတော့ ကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်တာမဟုတ်ဘူးလို့ ကြားရသဗျ။ ဒီအချက်က အတော် နေရာကျသဗျ၊ ဘာကြောင့်လဲဆိုတော့ ကြားနေအဖြစ်ရောက်သကိုးဗျ'

ဦးပလဲ။ 'အသက်အားဖြင့်ဆိုတော့ နောင်တော်ကြီး စိန်းစိန်းဟာ အယ်ဒီတာများအနက် အသက်အကြီးဆုံး ဖြစ်သဗျ၊ ဟို ဦးမောင်မောင် (နောင် ရမ်းဗြဲဦးမောင်မောင် အမည်ခံ ညီညွတ်ရေးကိုလိုလားသော ၃ ဦးအဖွဲ့ဝင်)မှာတော့ နှစ်ခွဖြစ်နေတဲ့အတွက် ရှိပါစေဦး၊ ဦးစိန်းတော့ စိတ်ပြောင်းပါပြီဆိုတဲ့အတိုင်း ကိုယ်တိုင်ဆောင်ရွက်မယ်ဆိုရင် သာလို့ခရီးတွင်မှာပေါ့ဗျ'

ဦးနုံပ။ 'စောင့်ကြည့်ကြအုံးစို့ဗျာ၊ ကျုပ်တို့ မျှော်လင့်ချက်အတိုင်း နေရာကျရင်ကျ မကျရင် နောင်ကြီး စိန်းစိန်းနဲ့ ရမ်းဗြဲဦးမောင်မောင် သက်ကြီးဝါကြီး အယ်ဒီတာကြီး နှစ်ယောက်စလုံးကို ကျန်တဲ့ အယ်ဒီတာတစ်စုက ဖမ်းပြီး ရွှေတိဂုံတပေါင်းပွဲတော်မှာပြတဲ့ ကလေးအုံ့ပွဲကြီးကို သွားပြီး ဒီကလေးဆိုးကြီးနှစ်ယောက်ကို ငါးဘက်တွား အပြေးပြိုင်ပြခိုင်းကြရရင် တိုင်းတုန်သွားမှာပဲ'

ဦးပလဲ။ 'ကလေးပြပွဲမှာ သွင်းတော့ အချိန်သိရအောင် ပေါင်ချိန် ဘယ်လောက်ရှိမလဲဗျ'

ဦးနုံပ။ 'ဒီကလေးကြီး နှစ်ယောက်ပေါင်းဆိုတော့ ၄ ပေါင်ပေါ့ဗျာ။ သို့သော် ဒီကလေးဆိုးကြီးနှစ်ယောက်ကို ပြပွဲဆိုင်ရာ ဦးဘရင်က ကန့်သတ်တဲ့ သက်တမ်းမစေ့သေးဘူး ဆိုလို့ ပယ်လိုက်ရင် (အပယ်)ထဲ ရောက်သွားမှာဖြင့်လည်း မတန်သေးဘူးဗျ'

ဤတွင် သတင်းစာဆရာများ ရေးကပင် တစ်ဦးကိုတစ်ဦး ထိကပါးရိကပါး ပြောမနာဆိုမနာ ရေးသားချက်များကို တွေ့နိုင်သည်။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်စွဲအာဃာတမထား၊ သူတို့၏ ခင်မင်ရင်းနှီးမှုများကိုလည်း အကဲခတ်နိုင်၏။

ဤတွင် စကားအလျဉ်းသင့်၍ ဤပလဲနုံပအခန်းမှပင် ဒီးဒုတ်ကြီးနှင့် ဦးလေပွေ၊ မြန်မာ့အလင်း ဦးစိန်းတို့အကြောင်း တစ်ဦးကိုတစ်ဦး ခနဲ့တဲ့တဲ့ ရိသဲ့သဲ့ ရေးသားချက်ကလေးများကို ဆက်လက်ဖော်ပြလိုသည်။ အထက်တွင်ဆိုခဲ့ပြီးအတိုင်း ပညာအလင်းပိုက်ဆံကြီးအမည်ခံ ဆရာပီမိုးနင်းသည် ပညာအလင်းမှ ထွက်လာပြီးနောက် ရမ်းဗြဲ



ဦးမောင်မောင်၏ မြန်မာ့ဝန်ထမ်းတွင် လေပွေအမည်သစ်ဖြင့် ရေးနေစဉ်၊ သတင်းစာဆရာများအပေါ်စဉ် စုဝေးဆုံဆည်း စကားပြောကြသော ဤပလဲနုံပ အခန်းမှပင် မြန်မာ့ ရှိဗျူးဦးဒီးဒုတ်က...

'ကိုင်း ပြန်တော်မူကြပေအုံးတော့၊ ကျုပ်တို့မိတ်ဆွေကြီး စကားတောင်စားက လမ်းမသိရင် ဦးလေပွေကြီးနောက်က လိုက်သွားပေရော့ဗျ၊ ဦးလေးပွေကြီးကလည်း ရှေ့ကဗိုလ်လိုလျှောက်ပေတော့ဗျ'ဟု ရိသဲ့သဲ့ပြောလိုက်၏။ ဤစကားကလေး၏ စနက်မီးကြောင့် နောက်တစ်ပတ် ပလဲနုံပအခန်းတွင် မြန်မာ့အလင်း စကားတောင်စားကြီးက ပြန်၍နှက်လိုက်သောအကြောင်း ဤသို့ပါလာတော့သည်။

ဦးနုံပ။ 'ကိုင်း...၎င်းသတင်းစာ မောင်းသတင်းကို နားသွင်းကြစမ်းပါအုံးဗျ... ကျုပ်ဖတ်ပြမယ်'

## လေပွေကြီးနှင့် စကားတောင်စား

'ရှိဗျူးဆရာက ပလဲနှင့်နုံပခန်းတွင် စကားတောင်စားကြီး လမ်းမသိလျှင် ဦးလေပွေကြီးနောက်က လိုက်ပေရော့၊ ဦးလေပွေကြီးကလည်း ရှေ့ကဗိုလ်လို လျှောက်ပေရော့၊ ဟုရေးသားပါသဗျို့...ဒူ'

လမ်းမသိလျှင် ခွေးနောက်လိုက်ဟူသော စကားအရ ဦးလေပွေကြီး ခွေးဖြစ်နေပါပြီဗျို့...ဒူ။

ဗိုလ်သွားလျှင် ခွေးပါဆိုသော စကားအရ စကားတောင်စားကြီးလည်း ခွေးဖြစ်နေပါပြီဗျို့...ဒူ။

စကားတောင်စားကာ ရှိဗျူးသည် ထွက်ခါစဖြစ်၍ ကလေးပမာ သဘောထားပါသည်။ ကလေးများသည် အကျိုးအကြောင်းကို မသိတတ်ချေ။ ကိုယ့်မစင်ကိုပင်ကိုယ်စားနေချေသေးသည်။ ထိုသို့အလား ရှိဗျူးသည် ရမ်းနေခြင်းပေကိုးဟု သည်းခံနိုင်ပါသဗျို့... ဒူ။

ဦးလေပွေကြီးကသာ ရှိဗျူးဆရာ ငါ့ကို ခွေးဖြစ်အောင် ရေးသားရမည်လားဟူ၍ စိတ်မာန်အလိုက်(ဝူ-ဂူ)ဟူသော အော်ဟစ်ခြင်းမျိုးတို့နှင့် အူနေမည်ကို စိုးရပါသဗျို့...ဒူ။

(ဤနေရာတွင် ထိုစဉ်က (ဆရာပီမိုးနင်း)ဦးလေပွေနှင့် မြန်မာ့အလင်းမှာ မကောင်းရာမကောင်းကြောင်း ယခင် ရေးပဝေဏီကပင် ရေစက်ဆုံဆည်းခဲ့ကြပြီးနောက်၊ နောင်ကာလများတွင် ဆရာကြီးသည် ဦးလေပွေအမည်နှင့်ပင် အယ်ဒီတာဦးချစ်မောင်(ဂျာနယ်ကျော်တို့လက်ထက် မြန်မာ့အလင်းသို့ တဖန် ပြန်ပေါင်းထုတ်ခဲ့ကြရကြောင်း သတိပြုဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပြေးနိမိတ်တစ်ခုဟု ဆိုဖွယ်ရှိပေသည်။)

ယင်းရေးသားချက်များကို ဖတ်ရပြီးနောက် မကြာမီပင် ပွဲခင်းထဲ ခဲတစ်လုံးကျသလို စီခနဲ အသံတစ်ချက် ထွက်ပေါ်လာပြန်သည်။ ထိုတစ်ချက်ကား ရုပ်ရှင်ဆင်ဆာလူကြီးရွေးခြင်းကိစ္စနှင့် ပတ်သက်၍ မြန်မာ့အလင်း ဦးစိန်းအကြောင်း အောက်ပါအတိုင်း ပါလာပြန်သည်။ ဤတွင် ယောဂီဆရာမှိုင်းကြီးပင် အဆစ်ပါလာ၏။

ဦးပလဲ။ 'အော်...ဒါထက် ရုပ်ရှင်ပွဲတွေကြည့်ရှုစစ်ဆေးဖို့ အရီးကြီးကို ခန့်မယ်လို့ ကြားရသကိုးဗျ၊ ဒီအရီး အရီးနဲ့ အဓိပ္ပာယ်က ဘာကို ဆိုလိုကြတာလဲဗျ။ တစ်ယောက်လည်းအရီး၊ တစ်ယောက်လာလည်း အရီး ဘယ်နှယ့်လဲဗျ'

ဦးနံပ။ 'အရီးလို့ ခေါ်ကြတဲ့အသုံးအနှုန်းမျိုးကတော့ ဟို–မင်းဘူး၊ မကွေးတို့မှာ ဘကြီး ဦးကြီး ဝရီးတို့ကို ရပ်ရွာဒေသအလိုက်ခေါ်ကြတဲ့အသုံးအနှုန်းထင်သဗျ'

ဦးပလဲ။ 'နို့ဗျာ ယောဂီဆရာမှိုင်းရဲ့ ကျောင်းအမကိုလည်း အဲဒီဆရာက အရီးစိမ်းလို့ ခေါ်တာကောဗျ။ (ဤနေရာတွင် စိမ်းနှင့်စိန်းကို ခွဲခြားရေးသားထားကို သတိပြုရန်)

ဦးနံပ။ 'ဒါကတော့ ဆရာမှိုင်းသွားမေးပါမှ မှန်ရာသိမှာပေါ့ မိတ်ဆွေ'

ဦးပလဲ။ 'မှန်လိုက်လေဗျာ၊ နို့ ပုဂံပြည် အရည်းကြီးဟို့ဆိုတာကကောဗျာ'

ဦးနံပ။ 'ဒီလိုတဲ့လေဗျာ၊ အရိယာဆိုတဲ့ အလုံးကို အစွဲပြုပြီး အရည်းလို့ခေါ်တယ်လို့ ရာဇဝင်များက ဆိုသကိုးဗျ၊ သို့သော် သူတို့ဝိနည်းကို သူတို့ဆင်ခြင်ပြီးထားတာကလားဗျ၊ စင်စစ်တော့ အရိယာ ဘယ်ဟုတ်မလဲ၊ သိက္ခာမတင်၊ သိမ်လည်းမဝင်တဲ့ အညွန့်သမား ပန်းဦးကိုဟိုဒင်းတဲ့၊ ဟိုဟာ၊ ဟိုအရီးတွေပေါ့ဗျာ။ သူတို့အကြောင်း ကျုပ် မပြောရဲဘူးဗျ၊ ရှက်စရာကြီးကလား'

ဦးပလဲ။ 'ဒါဖြင့် အဲ့ဒီအရည်းကြီးတွေ အစွဲပြုပြီး ကျုပ်မိတ်ဆွေကြီး ဦးစိန်းကိုပါ အရီးစိမ်းလို့ ခေါ်ကြတာ မတော်ဘူးထင်ပဗျာ'

ဦးနံပ။ 'မိတ်ဆွေကသာ ဒီအရီးခေါ်တာ မသင့်တော်ဘူး ထင်တာ၊ ခေါ်တဲ့လူတွေဟာ ဦးစိန်းက ပြန်မချေလို့သာ ချေရင်မိနေအုံးမှာဗျ။

## ကျောင်းတော်ကရန်စ

အထက်ပါ ရေးသားချက်ကို ဖတ်ရခြင်းဖြင့် နောင်အခါ စာပေနယ်တွင် လူသိများကျော်ကြားခဲ့သော အသုံးအနှုန်းတစ်ခုဖြစ်သည့် အရီးစိမ်းဟူသော စကားလုံးမှာ



ထိုစဉ်ကပင် စတင်ခဲ့သော ကျောင်းတော်က ရန်စကလေးတစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။

ထိုကျောင်းတော်က ရန်စဖြစ်ခဲ့သော အရီးစိမ်းအကြောင်းသာမက နောက်တဖန် ခဲတစ်လုံးက ဆက်ကျပြန်သည်။ ထိုခဲကား အခြားမဟုတ်ဘဲ မြန်မာ့အလင်း အယ်ဒီတာချုပ်(စကားတောင်စားကြီးအမည်ခံ) ဦးစိန်းက ဆရာချိုကိုပင် ရည်ရွယ်၍ စာရေး၊ ကဗျာရေး၊ လင်္ကာ အစပ်အဟပ်များတွင် သတ်ပုံသည် အဓိကဖြစ်ကြောင်း ရေးလိုက်၏။ ဦးစိန်း၏ အဆိုကို ဆရာချိုက သတ်ပုံအဓိကဖြစ်သည်ကို မငြင်းလို၊ မှန်သင့်သလောက် မှန်သော်လည်း နေရာတိုင်းတွင်မမှန်။ ဤသို့လည်း တသမတ်တည်း မယူဆအပ်၊ စာစပ်ရာတွင် သဒ္ဒါလင်္ကာရခေါ် အသံအနေအထား သတ်ပုံအရေးအသားကို အဓိကထား၍ စပ်ဟပ်ရသော ကဗျာလင်္ကာမျိုး၊ အတ္တလင်္ကာရခေါ်အနက်အဓိပ္ပာယ်ကို တိကျပေါ်လွင်အောင် ဖော်ပြရေးသားရသော ကဗျာလင်္ကာမျိုး၊ ထိုနှစ်မျိုးတွင် အချို့အနက်အဓိပ္ပာယ်ကို ပေါ်လွင်စေ၍ သဒ္ဒါသတ်ပုံကို မငဲ့ဘဲစပ်သည့် အစပ်အဟပ်များ များစွာ ရှိသည်။ ရှေးပညာရှိများသည်လည်း ထိုနည်းဥပဒေကို လိုက်ခဲ့သည်။ ငဲ့ခဲ့သည်အကြောင်းများ ဖြင့် ပြန်လှန်ကိုးကား ရေးသားခဲ့သည်။

ထိုအကြောင်းကို မြန်မာ့ရီဗျူးဂျာနယ်(စကားတောင်စားလက်သစ်)ဟူသော အမည်ဖြင့် အခန်းတစ်ခန်းဖွင့်၍ ချေပရေးသားထားသည်ကို ဖတ်ရ၏။ ထိုသို့ ရေးသားရာတွင် ဆရာချို၊ ဆရာစိန်းကြီးတို့သာမဟုတ်၊ အရီးစိမ်း၏ အချစ်တော်ကြီး မစ္စတာမောင်မှိုင်း (ဆရာကြီးဦးလွန်း)ပါ တပြုံကြီးအဆစ်ပါလာသည်ကို တွေ့ရသည်။ ယခု ဖတ်ကြပါကုန်။

ပခန်းသားလက်သစ်။ 'ဘယ်နှယ် ကျုပ်တို့ရီဗျူးက ဆရာချိုနှင့် တိုင်းရင်းသားကောလိပ်မြန်မာဘာသာ ပရော်ဖက်ဆာ ဆရာလွန်းကို မြန်မာ့အလင်း စကားတောင်စားကြီးက ရှစ်ကော်လံလောက်ရေးသားလိုက်ပါကလားဗျ ဖတ်မိပါရဲ့လား'

ချီပါသားလက်သစ်။ 'ဖတ်မိပါရဲ့ဆရာ၊ သို့သော် သူများက ၃–၄ လုံး ရေးလိုက်သည်ကို ရှစ်ကော်လံလောက် သတင်းထူး ရေးစရာမရှိတိုင်း ပြန်ချေနေလို့ စကားတောင်စားကြီးကို သနားလှပါတယ်ဗျာ'

ပခန်းသားလက်သစ်။ 'ဆရာချိုနှင့် ဆရာလွန်းတို့က သည်လိုရေးလိုက်သဖြင့် စိတ်ဆိုးကြသတဲ့လားဗျ'

ချီပါသားလက်သစ်။ 'ဆရာချိုမှာ နဂိုကပင် စိတ်ဆိုးတတ်သူ မဟုတ်ပါ၊ သူများချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း၌လည်း များစွာ စိတ်ဝင်စားခြင်းမရှိ၊ ပကာသနလည်း မလိုလား။

www.burmeseclassic.com

www.burmeseclassic.com



သဘောရိုးအရ မှားယွင်းချက်များသာ ဖြစ်ကြောင်းကိုလည်း ဝန်ခံတောင်းပန်လိုပါသည်။

မည်သို့ပင်ဖြစ်စေ၊ နှစ်ပေါင်းများစွာ ထွက်ပေါ်ရန် အချိန်သင့်ခဲ့သော ဆရာ၏ အတ္ထုပ္ပတ္တိတစ်စောင်တစ်ဖွဲ့ကို ယခုကဲ့သို့ အခက်အခဲများကြားမှ တတ်နိုင်သမျှ ကြိုးစား ရေးသားတင်ပြလိုက်နိုင်ခြင်းအတွက်ပင် ဤစာရေးသူအဖို့ တာဝန်တစ်ခု အနေဖြင့် ပြည့်စုံ ရာကျသွားရသည်ဟု ကြည်နူးနှစ်သိမ့် ဝမ်းမြောက်ဂုဏ်ယူမိကာ ယခုကဲ့သို့ ပြည့်စုံအောင် ရေးသားနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ၏ စာပေအကူအညီများကို အထူးကျေးဇူး တင်စွာ ရယူခဲ့ရသည့်အကြောင်း ပွင့်လင်းစွာ ဖော်ပြအပ်ပါသည်။

သတင်းစာဆရာကြီး ဦးသန်းထွန်း၊ ဖေဘီယံဦးဘခိုင်၊ ဒီးဒုတ်ဦးသာခင်၊ ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၊ ဗန္ဓုလ ဦးဘိုးမင်း၊ ဦးသိန်းဖေမြင့်၊ ဆရာတိုက် စိုး၊ ဆရာငွေဥဒေါင်း၊ မောင်သစ်လွင် (လူထု)၊ အိမ်မဲယဉ်အေး၊ ဆရာကြီးဖေယျ၊ ဆရာကြီး မဟာဆွေ၊ ဆရာကြီးမွန်းခာတု၊ ဆရာမြင့်ဆွေ၊ အမျိုးသားသခင်သိန်းမောင်၊ ရေနံမြေ သခင်အုန်းဖေကြီး၊ ရေနံမြေဘဖေ၊ ရေနံမြေသခင်ဗတင်၊ သခင်ချစ်မောင်(ဝိဓူရ)၊ ကြေးမုံ သတင်းစာ ဒု-အယ်ဒီတာချုပ် တက္ကသိုလ်မြတ်သူတို့၏ အကြံပေးချက်များနှင့် စာအုပ် စာတမ်းများ။

အထူးသဖြင့် ယခုအတ္ထုပ္ပတ္တိကို ရေးသားရာ၌ လိုအပ်သော စာအုပ်စာတမ်း၊ စာစောင်များအား ရှာဖွေကူညီခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းများကို အစအဆုံးတိုင် လိုက်လိုက်လှဲလှဲ ကူညီပေးခဲ့သော ဒီးဒုတ်ဆရာကတော်ကြီး ဒေါ်လှမေနှင့်သမီးခင်ခင်ဦး ထီးချိုင့်မြို့ တည်တောဆရာတော် (စာရေးဆရာကြီး ထီးချိုင့်နတ်စိုး)၊ စာရေးဆရာကြီး မြင့်ဆွေ၊ ဟံသာဝတီအယ်ဒီတာချုပ်ဟောင်း ဦးဘဖေတို့အား ကျေးဇူးတင်မဆုံးရှိပါကြောင်း။

ဤစာအုပ် အကောင်အထည် ဖြစ်မြောက်ရေးအတွက် စာမူများ နေသားတကျ စီစဉ်ပေးခြင်း၊ ရှာဖွေပေးခြင်း၊ အချို့စာမူကြမ်းများကို နေ့ညမအား စာချောကူးယူပေးခြင်း ဖြင့် အကူအညီပေးခဲ့သော ကျွန်ုပ်၏ ဇနီးစာရေးဆရာမ (ယုဝတီတင်လေးဆေ)နှင့် သားဖြစ် သူ မောင်ဝေမြင့် (စံပြ)တို့အားလည်းကောင်း၊ ဤအတ္ထုပ္ပတ္တိကို စာတစ်စောင်တစ်ဖွဲ့အဖြစ် ထုတ်ဝေဖြန့်ချိပေးခဲ့သော ခေတ်မီစာပေတိုက်ပိုင်ရှင် ဦးလှသန်းနှင့် ခေတ်မီစာပေတိုက်မှ ဝိုင်းတော်သားအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသေးသည်။

နောက်ဆုံး အထူးပန်ကြားလိုသည်ကား ယခုဆရာ၏ အတ္ထုပ္ပတ္တိမှာ လုံးဝပြည့်စုံ ပြီဟု မယူဆဘဲ ဆိုင်ရာချွတ်ယွင်းချက်၊ ဖြည့်စွက်ချက်၊ ပြင်ဆင်ချက်၊ ဝေဖန်ချက်များ ရှိပါက မည်သည့်ပုဂ္ဂိုလ်ထံမှမဆို အချိန်မရွေးကျေးဇူးတင်ဝမ်းမြောက်စွာ ခံယူရန် အသင့်ရှိ



သည့်ပြင် နောင်ထပ်မံရိုက်နှိပ်သည့် အကြိမ်များတွင် ထိုချွတ်ယွင်းချက်များကို ပြင်ဆင် ဖြည့်စွက် ရိုက်နှိပ်ဖော်ပြမည်ဖြစ်ကြောင်း လေးစားစွာ ဆန္ဒပြုအပ်ပါကြောင်း။

သနိ

၁၅-၂-၇၅

❐

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်ဟု ဝါကြွားခြင်းလည်း ဘယ်အခါမှ ပြုသူမဟုတ်ပါ။ သို့နှင့် စကားတောင်စားကြီး၏ အရေးအသားများအတွက် စိတ်မဆိုးသည့်ပြင် ပြုံး၍ နေပါသေးသည်ဆရာ၊ ဆရာလွန်းများအတွက်မှာတော့ မျောက်ဂဏ္ဍိကျမ်းအတွင်း ဖြေပြီးဖြစ်၍ ပြောဆိုရန် မလိုတော့ပါဆရာ။ (ဆရာကြီး၏ ကျမ်းလေးချိုးကြီး တစ်ပုဒ်တွင် 'အလင်းမြန်မာကထု သော်လည်း သတင်းစာတစ်ခုရယ်လို့ (အရီးစိမ်းရေ) အလျှင်းဆရာ အမှုမထား'ဟူ၍ ရေးသားလိုက်ခြင်းကိုဆိုလိုဟန်တူ၏)။

ပခန်းလက်သစ်။ 'နို့…ကဗျာအကြောင်းနှင့် ပတ်သက်လို့ စကားတောင်စားက သတ်ပုံကိုသာ အမြဲဖမ်းနေတာ ဘာသဘောလဲဗျ'

ချီပါလက်သစ်။ 'ဟာ…သည်ဟာကတော့ သတ်ပုံတစ်ခုတည်းကို သူက ကဗျာမှတ်နေဟန် တူပါတယ်ဆရာ'

ပခန်းလက်သစ်။ 'လုံးကြီးတင်နဲ့ ညသတ်အစပ်အတွက် ဆရာချိုကို ဖြန်းတယ်လို့ ဆိုပါကလားဗျ'

ချီပါလက်သစ်။ 'သည်အကြောင်းနှင့် ပတ်သက်၍ ဆရာချိုက ပြောသည်မှာ မူလကပင် ချိန်ခွင်လျှာတွင် လုံးကြီးတင်နှင့် ညသတ်ရှားကြောင်း ဝန်ခံပါသတဲ့ဗျာ၊ သို့သော် နဝဒေး၏ ရတုတစ်ပုဒ်တွင် တွေ့ရဖူးကြောင်း ပြောပြပြီးနောက် ဤရတုကိုပင် စကားတောင်စားကြီးတို့၏ တိုက်မှ ဆရာခန့်ကို ရေးက နှစ်ကြိမ်တိုင်တိုင် ပြဘူးပါသတဲ့။ စကားတောင်စားကြီးနှင့်သာ အခန့်မသင့်၍ မပြရခြင်းဖြစ်ပါသတဲ့။ ထို့ကြောင့် ဖြန်းသည်ဆိုသည်မှာ သက်သက်ချိုးဖဲ့ခြင်းပါဆရာ'

ပခန်းလက်သစ်။ 'သည်အကြောင်းနှင့် စပ်လျဉ်း၍ ဆရာချို၏သဘောကို ပြောစမ်းပါဆရာ'

ချီပါလက်သစ်။ 'ဆရာချို၏ အယူအဆမှာ အသတ်အလတ်မညီသော ကဗျာဟူသမျှကို ကဗျာကောင်းဟု မဆိုလိုပါ။ လုံးကြီးတင်နဲ့ညသတ်ချိန်ခွင်လျှာစပ်မျှသာ မဟုတ်၊ အခြားချိန်ခွင်လျှာစပ် ထိပ်ချင်းခတ်စပ်၊ ထိပ်ချင်းချွတ်စပ်တို့ကိုလည်း စပ်နည်းကောင်းဟု မဆိုထိုက်၊ ကာရန် ထေးဖာရုံမျှသာ ဖြစ်သဖြင့် ရှောင်နိုင်သမျှ ရှောင်သင့်သတဲ့ဗျ။ သို့သော် အများအားဖြင့် ရေးနှာမည်ကျော်ဆရာတို့ပင် ဂီတဘက်ဆိုင်ရာလေးချိုးတေးထပ် စသောကဗျာတို့၌ကား အသတ်အလတ်တို့ကို မစောင့်ဘဲ အသံကိုသာ ပဓာနပြု၍ စပ်တပ်ခြင်းများသတဲ့၊ ထို့ကြောင့် ဂီတဘက်၌ အသတ်အလတ်ကို အတော်အတန်ခွင့်ပြုသင့်ကြောင်း ပြောပါသည်ဆရာ'



ပခန်းလက်သစ်။ 'ဆရာချိုကို ဆရာလွန်းထံ တပည့်ခံသည့်အတွက် ကဲ့ရဲ့တောင်နေပါကလားဗျ'

ချီပါလက်သစ်။ 'ဆရာချိုက ဆရာလွန်းတပည့်ဟူသော အမည်ကို ခံရလျှင် ဂုဏ်ရှိသည်ဟုပင် ထင်သောကြောင့် သူများကဲ့ရဲ့ခြင်းကို ဂရုမမူပါ။ သို့သော် ဂေါ်ရင်ဂျီမ စိန်နားကပ်ပန်သလို သတ်ပုံရူး(အစိုးရ)သမား၏ တပည့်ဖြင့် မဖြစ်လိုပါကြောင်း ပြောပါသည်ဆရာ'

ပန်းခန်းလက်သစ်။ 'ဆရာချိုတွေ့ဘူးတဲ့ လုံးကြီးတင် ညသတ်ချိန်တွင် လျှာစပ်ကို အမိန့်ရှိစမ်းပါအုံးဆရာ"

ချီပါလက်သစ်။ 'ကော်လံမလောက်သဖြင့် ရတုအကုန်မရေးနိုင်သည်ကို သည်းခံတော်မူပါ၊ နဝဒေးကြီးရေးတဲ့ နဂါးစစ်ဦးချီ ရတုတစ်ပုဒ်မှာ 'နေနှယ်ထွန်းစည့်၊ မိုးရှိရှိကို၊ ညို့သည့်ကြင်ဖော်၊ ကြာလေသော်တည့်'ဟု တွေ့ဖူးပါသတဲ့ဆရာ၊ အနို့ပြီး မြဝတီမင်းကြီးရေးသည်ဟု ဆိုကြသော ဂိုဏ်းရွေးလေးချိုးကြီးများလည်း 'ပုံ–ဂ–သ၊ အစမှာ စာသုံးနှင့် နောက်ဆုံးမည်'ဟု ညသတ်နဲ့ ပထမတစ်ချိုး ချပါသတဲ့ဆရာ။ ဒုတိယ အချိုးများလည်း'ကုန်းတဲ့စီသည်'ဟု ညသတ်နဲ့ပဲ ချသတဲ့ဆရာ။ တတိယအချိုး ခွထောက်ကျတော့ 'ဇေ–ဘ–မိ–သက်၊ သွာ–ပုံ–ကျတ်–သ–နှင့် နက္ခတ်ကဲ့တန်၊ သည်ကိုင်းသာညီတော့ ပလို့လုံးကြီးတင် တွေ့ရသဗျ၊ ရှေ့ဆက်တော့ ယဉ်ဇာနည်ကို အကြည်လွှာရေးလို့ ဆက်သည်ပ'ဟု ရှိတော့လုံးကြီးတင်နှင့် ညသတ်ချိန်ခွင် လျှာစပ်ပင် ဖြစ်သတဲ့ဗျ၊ ကိုင်း စကားတောင်စားကြီးလည်း ကျေနပ်လောက်ပါပြီ၊ ခွဲလိုက်ကြအုံးစို့…'

## အရီးစိမ်းနှင့် ရွှေဘိုသူမယ်ငြိမ်း

ဤတွင် ကျွန်ုပ်တို့ လက်လှမ်းမီ ရှာဖွေဖတ်ရှုရသမျှ ဦးကြီးစိန်း၏အပြန်ဆောင်းပါးကို မတွေ့ရမဖတ်ရပေ။ သို့သော် ဦးကြီးစိန်း၏ အချစ်တော်ကြီး (ဆရာကြီး ဦးလွန်းအမည်ခံ မစ္စတာမောင်မှိုင်း)၏ လက်သံဖြစ်သော ရွှေနတ်တောင်ရသေ့ကြီး ဘိုးဘိုးအောင်အခန်းမှ ဦးစိန်းအား ကျွဲရိုင်းဥပမာနှင့် နှိုင်းကာ သာသာနာနာ နှက်ထားသော ဆောင်းပါးတစ်ပုဒ်ကိုမူ ဖတ်ရ၏။ ထိုဘိုးဘိုးအောင် ဆောင်းပါးတွင် ဦးစိန်းအမည်ကိုကား တဲ့ဒိုးဖော်ပြရေးသားခြင်းမပြုဘဲ၊ ရွှေဘိုသူမယ်ငြိမ်းဟု ပါရှိရာ ဦးစိန်း၏ရာဇဝင်နှင့် ရွှေဘိုဒိစတြိတ်ကောင်စီမှ အလုပ်ထွက်ခဲ့သော အတိတ်ဟောင်းမှ အကြောင်းသိသူများကမူ ရိပ်စားမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆောင်းပါးတွင် ပုဂံ အရည်းကြီးရဟန်းပျက်များ၏ အကြောင်းများပါရှိရာ နောင်စာပေလောကတွင် ဆရာကြီး၏ နာမည်ကျော်ဇာတ်လိုက်ကြီး အရီးစိမ်း မြစ်ဖျားခဲ့ဖြစ်ပေါ်လာရာနှင့် ၎င်း(ဦးစိန်း)ကိုပင် ရည်ရွယ်ရေးသားထားကြောင်း ထင်ရှားသည်။ ယခု ဆရာကြီး၏ ယင်းဆောင်းပါးကို ဖော်ပြပါမည်။

'ဆွမ်းဒကာ ကွမ်းဒကာတို့ရဲ့ အောက်ရွာတစ်ဝိုက်ကို မှန်းကာ ဖြန်းကာ ကမ္မဋ္ဌာန်းဘာဝနာတည်းဟူသော မေတ္တာရေစရိုက်ဖြင့် ကျုပ်တို့အထက်အညာပြေမှာ တစ်သက်မကွာနေကြမယ့် ဆရာနှင့်ဖွားသီလတစ်သိုက်တို့က တရားညီစွာပိုက်၍၊ လုံတောင်းကြီးရှုရှုပြီး မနေ့ညကပင် တပြုံတခေါင်းကြီးစု၍ ပို့လိုက်ပါသည်။ မြန်မာ့ရိုဇျူးက နလန်ထမယ့် အဖူးကလေးတွေကို အကြံစဉာဏ်စနှင့် နှုးနေတဲ့ အထူးအယ်ဒီတာ ဒါယကာကြီးများ။

ကျွန်ုပ်တို့သည် ဗာရုံရောအခါဟု ဆိုအပ်သော အခါတပါး၌ မြောင်လှမြို့စားမင်းကြီး၊ သီရိမဟာ ဇေယျသူရဲ့ ကဝိလင်္ကာဏာသတ်ပုံသစ်ကျမ်းနှင့်'အခြောက်ရေညွန့်၊ ကျူးသုံးတန်၊ မြို့ဌာန်ပတ်လည်မှာ'ဟု စပ်ဆိုချက်အရ များလှစွာ သူဌေး၊ သူကြွယ်ကုန်သည်အပေါင်းတို့ ဥစ္စာထုတ်ဖြေရာ၊ မြေပထဗျာအစစ်၊ ဘူမိနက်သန်ဖြစ်သည့် ထိုမည်သောမြန်မာဇကေရာဇ်တို့၏ ဘုရင်မင်းမြတ်တို့စံရာ မဟာရာဇဌာနီ၊ မူလနာဂရမည်သော မြို့ကြီးတို့မည်သည်ကား တံတိုင်းမီးတားတို့ဖြင့် ကြီးမားစွာခြံရံ၍ အခြောက်ကျူး၊ ရေကျူး၊ ညွန့်ကျူးဟု ဆိုအပ်သော ကျူးသုံးတန်တို့ ပတ်ဝိုင်းပြီး နတ်တိုင်းနတ်မြို့ကြီးနှင့်မခြား၊ ခံစားတော်မူသည့်အလား ဤမည်သော ကျုပ်တို့ဘုရားကုန်းကြီးကိုလည်း ပြဒါးလုံး၊ သံလုံး၊ ခတ်လုံးတည်းဟူသော ကျူးတို့နှင့်တကွ ပမုန်း၊ သမုန်း၊ ဂမုန်းတည်းဟူသော မီးတားတို့ကို အသီးသီးပွားအောင် ထုတွေပါထည့်၍ မှုန်မပြေ တပည့်မကြီးတကြီးတို့နှင့် တမီးပြီးတစ်စီးထိုးထိုးပြီး ယောဂါဇရေဂိုဏ်းကြီးကို ကြီးစိုးအုပ်ချုပ်လျက်၊ အခက်အလက်အခြံအရံဖြစ်သော အလောင်းတော်ကဿဖ၊ ဇေယျာပူရ စစ်ကိုင်း တောင်ကြီး ချောင်ကြီးများနှင့်တကွ အောက်ပြည် ရန်ကုန်၊ သထုံ၊ ဇင်းကျိုက်စသော တောင်သူချောင်သူမကလေးတို့ မပြတ်စုရုံးပြီး ပျားပိတုန်းကဲ့သို့ အပါးရုံးဦးတိုက် ခစားရာဖြစ်သည်အတိုင်း၊ မပြတ်မလပ် အရပ်ရပ်ကလာရောက်ကြသော တပည့်မအပေါင်းတို့အနက်၊ ရွှေဘိုသူအရွယ်ကလှသနဲ့၊ သူငယ်မ (မယ်ငြိမ်း)ဆိုတဲ့ ကလိန်းကလက်နှင့် အပလိန်းဖက်၍ အထိန်းရခက်သည့် မိန်းမပက်ကလေးက ဟိန်းဘက် ဟဲဘက်မှာ အကြောက်မပါဘဲ ရောက်ရာပေါက်ရာက လျှောက်ရာသည်မှာကား အောက်ပါအတိုင်း ဖြစ်ဘိသောဟူ၏။



မယ်ငြိမ်း။ 'ဘယ်နှယ့်လဲဆရာကြီးရဲ့ ယခုအခါ ရွာကြီးရပ်ကြီး၊ မြို့ကြီးတိုင်းကြီးတို့မှာ ဂိုဏ်းအသီးသီးကွဲပြားပြီး ဆဲလားဆိုလား ပြုလုပ်နေကြတဲ့ ကလေးကြီးတွေဟာ ကမ္ဘာပေါ်မှာ အစွမ်းဆုံးပဲမဟုတ်လား ဘုရား၊ တပည့်တော်တို့တော့ သဟာလို ဂိုဏ်းမျိုးတွေကိုမှ ရှိုင်းရှိုင်း လျှိုးလျှိုးဝပ်တွားပြီး ကပ်လားဆည်းလား လုပ်ချင်တယ်ဘုရား'

မယ်စန္ဒာ။ 'အိုမယ်ငြိမ်းကလည်း ဘယ်မှာ မိုန်းယိမ်းပြီး ကလိန်းကလက်ပေါက်ပေါက်ရာရာနှင့် ရောက်တတ်ရာရာ သဝေထိုးနေပါလိမ့်မလဲ၊ ဆဲတာတွေ ဆိုတာက အစွမ်းကောင်းတယ်လို့ ဘယ်ထုံးဟောင်းကမှ မရှိခဲ့ဘဲ။

ဤကဲ့သို့ မင်းစန္ဒာက ကန့်ကွက်ပြောဆိုနေဆဲအခါ မင်းနန္ဒာသည် ဆရာကြီးအပါးမှ ပုံ့ပုံ့ရုံ့ရုံ့နှင့်ကြုံ့ကြုံ့ကလေးထိုင်ပြီး ကွမ်းသီးကြိတ်ဆုံကြီးနှင့်ကြိတ်၍ ကွမ်းသီးမှုန့်များကို ဆရာကြီးအား ဆက်ကပ်သဖြင့် ကျွန်ုပ်တို့လည်း ထိုကွမ်းသီးများကို တနုတ်နုတ်စားဝါးရင်း ပြုံးလျက်နေပေ၏။

ထိုနောက် ဆရာကြီးက မယ်ငြိမ်းရဲ့ အလွဲလွဲအရပ်ရပ်တို့ကို ကျွဲဇာတ်ဖြင့် ခင်းကျင်းဟောပြရပြန်သည်ကား–အိုမယ်ငြိမ်းရဲ့ အနီလိုတဲ့ကွယ့်။ ယခုကာလ ဝိပ္ပတ္တိအခါသမယကြီးမှာ မာနတံခွန်ကြီး တလွှားလွှားနှင့် ငါတကားဟု ထားတတ်သော အလေ့ဆိုးကြီးများကို မွေးမြူပြီးကာ တော်တော်တန်တန်ဟာလောက်များဟာဖြင့် ဘာလောက်ကမှ မလေးစားကြဘဲ ကလေးများကဲ့သို့ စိတ်ထားစိတ်နေနုံ့နှေးပြီး 'နွားသိုးကြိုးပြတ်၊ ကျွဲဆိုးမျိုးပြတ်'ဆိုသော စကားပရိဘာသာ လာသည်နှင့်အညီ ဤမည်သော မယ်ငြိမ်းတို့ရဲ့ ကျင့်နည်းသည် ရင့်သီးဆိုးဝါး ကျွဲနွားများကဲ့သို့ (ဝါ)ဇောင်းအတွင်းမှ လွှတ်လိုက်သော မြင်းများကဲ့သို့ အစဉ်စားဉာဏ်နည်းပါးပြီး အရည်းကြီးဘုရားဂိုဏ်း ခပ်ဆန်ဆန်ရှိတတ်၏။

အကြောင်းသော်တမူကား ရှေးသရောအခါ ပေါက္ကာရာမမည်သော အညာပုဂံပြည်ကြီးတွင် သမုဒ္ဒရာဇ်မင်း၊ တောင်သူကြီးမင်း လက်ထက်တော် တစ်ခါက ရှင်ဘုရင်ယောင်၊ ရဟန်းတုရဟန်းယောင်ဖြစ်တဲ့ အရည်းကြီးဘုရားဂိုဏ်းကြီးဟာ တိုင်းကျော်အောင်ကြီးပွားနေသတဲ့။

အနီအခါကာလ၊ အရည်းကြီးတို့၏ အယူဝါဒသည်ကား လူတကာ အဝဝထိပ်မှာ မိုးပြီး နွားဆိုးကျွဲဆိုးများကဲ့သို့ အကျင့်တန်သည်မှာ မောင်နှံ့စုံ ထိမ်းမြားမယ့် မင်္ဂလာပွဲကြီးအခါများကျရင် ထိုထိမ်းမြားမယ့် မိန်းကလေးကို ရှေးဦးစွာ မေ့အထွက်နှင့်အညီရှိသလို့ ဆရာ့အတွက် အရည်းကြီးတို့ကို ပန်းဦးဆက်သရသတဲ့။

အနီ့ပြီး ပါဏာတိပါတကံငါးပါးတို့ကိုလည်း အနုလုံပဋိလုံ ပြန်ထားပြီး စေတနာ

www.burmeseclassic.com

www.burmeseclassic.com



များနှင့်တကွ လွန်ကျူးလျှင် အပြစ်မရှိဘူးတဲ့၊ သဟာအပြစ်လည်း ဘုရားရှင် ဓမ္မခန္ဓာတွေကို မမှန်တာတွေဟု မိစ္ဆာအယူသီးပြီး ဂူကြီးလိုဏ်ကြီးထဲမှာ ထည့်သွင်း မီးရှို့ပစ်ကြသတဲ့။ အနှီလိုစသဖြင့် တိုင်းနဲ့ပြည်နဲ့ တကွမများအောင် ဘုရားရှင်သာသနာ့ဂိုဏ်းကြီးကို အရိုင်းအစိုင်းကြီးရယ်လို့ ပစ်ပယ်ပြီး သွက်သွက်လည်အောင် အကျင့်တန်လျက် မိစ္ဆာဉာဏ်ဖက်၍ ရမ်းကားနေကြတဲ့ အရည်းကြီးတို့သည်ကား သာသနာမျိုးကို သတ်ဖြတ်နေကြတဲ့ 'နွားသိုးကြီးပြတ်၊ ကျွဲဆိုးမျိုးသတ်'တဲ့။ ဒေဝဒတ်အလောင်း ကျွဲရိုင်းကြီးသဖွယ် မယ်ငြိမ်းတို့ ကိုးကွယ်တဲ့ ဂိုဏ်းကြီးသည်လည်း ရင့်သီးသော 'ဒုဗ္ဗဓဂိုဏ်းကြီးဖြစ်၍ နင့်သီးသောအဆဲ ပလီပလာတို့ကြောင့် ကျွဲဋီကာရေးလိုက်တယ်၊ ပေးစမ်းတဲ့ ညောင်ရေအိုးစင်ပေါ်က ပုရပိုက်နှင့် ကန့်ကူဆံ'ဟုဆို၍ မင်းနန္ဒာက အဆောတလျှင် ယူပေးလေ၏။

ဆရာကြီးမှာလည်း အညာမန္တလေးနေပြည်တော်မှာ နေစဉ်အခါက ရာဇဝင်တို့ ကဗျာလင်္ကာတို့ကို နဝင်းသာမင်္ဂလာဖြင့် မြင်မြင်ကရာတို့ကို ဖွဲ့နွဲ့၍ လှည့်ကာပတ်ကာ ကြပ်ကြပ်ပါအောင် မှတ်စရာသားစရာ အသားပါပါနှင့် အားမနာပါးမနာ ရေးစပ်ရှိရကား၊ အောက်နားကပါသော ကျွဲဋီကာကို ရေးသား၍ တပည့်မတို့အား ပေးသနားလိုက်သဖြင့် လေးလေးစားစားကြီး မှတ်ယူရသောဟူ၏။

## ကျွဲဋီကာတေးထပ်

ခေတ်ကာလ ဆုတ်အကျတွင်ဖြင့် မဟုတ်ကပေါ်လာ။ နှုတ်ဝစနလော်မာတယ်၊ မတော်တာ အကျင့်၊ ဒေဝဒတ်လွဲသည့်ပမာလို၊ ကျွဲဋီကာရေးတို့ ကြုံလင့်၊ မယ်ငြိမ်းရဲ့အမျိုးအနွယ်ဟာ၊ ကိုးကွယ်တာမသင့်၊ ချိုးမယ်ဟာပွေအကျင့်ကဖြင့်၊ ဝနေနှင့်ထပ်တူ၊ ပေါက္ကံပြည့်ရှင် အရည်းလိုပ၊ တွင်တွင်ကြီးဖျက်မယ့်ကြံသူ၊ ဒုဗ္ဗဓ ဉာဏ်အကူမှာ မြန်ဇမ္ဗူသာသနာခေတ်တွင်ဖြင့်၊ ဘာသာမစစ်မျိုးနွယ်ဖောက်ပြန်၊ ဆိုးတဲ့ကောက်ဉာဏ်၊ ယိမ်းမဟဲ့လို့ ကိန်းနဲ့ဖန်လျှင်၊ ထိန်းမယ့်ဟန် လွတ်ကင်းထင့်လေး။ ။

❐

# အခန်း (၄)
# ဒီးဒုတ်ကြီး၏ ဒီးဒုတ်ဂျာနယ်

ဤတွင် စာဖတ်သူများ အနည်းငယ်ရှင်းလင်းရန် စကားချပ်ကလေး အနည်းငယ် ရေးလိုသည်။ ယခုမှစ၍ ရှေ့တွင် ရေးသားဖော်ပြမည့် အကြောင်းများမှာ မြန်မာ့ ရီဗျူးဂျာနယ်ကို တစ်ခန်းရပ်၍ ဆရာကိုယ်ပိုင်ထုတ်သော ဒီးဒုတ်ဂျာနယ်စခန်းသို့ ရောက်လာ တော့မည် ဖြစ်သည်။

အချုပ်ကို ရေးရလျှင် ယခင်မြန်မာ့ရီဗျူးဂျာနယ်ခေတ်မှာ ဝံသာနုဂျီစီဘီအေ အကွဲ အပြဲခေတ်၊ နေရှင်နယ်ကျောင်းသပိတ်များ၏ အမှောက်အလှန် အထောက်အခံနှင့် (၃) ဦး ဂျီစီဘီအေ ဝံသာနုများနှင့် (၂၁)ဦး ဂျီစီဘီအေ ကောင်စီဝင်များ၏ အစိုးရရာထူး ယူရေး/ မယူရေး (ပူးသတ် ပူးပေါင်း)ခေတ်ဖြစ်သည်။

ယခုဖော်ပြလတ္တံ့သော ဒီးဒုတ်ကြီးခေတ်သို့ ရောက်သည့်အချိန်တွင်ကား ယခင် (၂၁)ဦးတို့၏ ရာထူးယူရေး၊ ဒိုင်အာခီ၏ အမွေအနှစ်ဖြစ်သော ငါးထောင်စား အမတ် ချုပ်ကြီးရာထူးများနှင့် လွှတ်တော်ဝင်အမတ်များ၏ ရာထူးများမှာလည်း အတော်ကလေး နေသားတကျ မြိန်ရည်ယှက်ရည် စားသောက်ကောင်းသော အချိန်သို့ ရောက်နေပြီ။ နောက်တစ်ဆင့် တက်၍ပင် (၉၁)ဌာန အုပ်ချုပ်ရေးအပြောင်းအလဲ အာဏာခေတ်သို့ တိုးတက်ရောက်လာခဲ့ပြီဟုဆိုလျှင်လည်း မမှားပေ။

ထိုအချိန်ကောင်း ပွဲကြီးပွဲကောင်း အခါကြီးတွင် ဆရာ၏ ကိုယ်ပိုင် ဒီးဒုတ် ဂျာနယ်က

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ဒီးဒုတ်ထွက်လာရခြင်းအကြောင်းကလည်း ဆိုခဲ့သည့်အတိုင်း ဂျီစီဘီအေခေတ် အမျိုးသားကောလိပ်ကြီး ပျက်စီးစုတေ ခန္တာကြွေပြုတ် ပျက်သွားရပြီးနောက် ဆရာသည်လည်း ကောလိပ်ကျောင်းဆရာအဖြစ်မှ မိမိတစ်သက် လုံးဝါသနာပါလာခဲ့သော သတင်းစာဆရာ နိုင်ငံရေးအလုပ်ကို တစ်ခါတည်း ခြေစုံပစ် ဝင်ရောက်ကာ မြန်မာ့ရီဗျူးဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုဂျာနယ်ကား ဆရာကိုယ်ပိုင် မဟုတ်ပေ။

ထိုဂျာနယ်ကို ဦးစီးလုပ်ကိုင်ရင်းမှပင် အမျိုးသားပညာရေးကို သံယောဇဉ်မကုန်နိုင်သေးသော ဆရာသည် ထိုဂျာနယ်မှ ခေတ္တခွင့်ယူပြီးကာ (အထောက်မခံ) အမျိုးသားကျောင်းဆရာအလုပ်ကိုပင် ဝင်ရောက်လုပ်ကိုင် အားပေးခဲ့ပြန်သည်။ ထိုအလုပ်မှာလည်း အမျိုးသားခေါင်းဆောင်ကြီးများ၏ အပြောနှင့် အဟောမညီမှု၊ မညီညွတ်မှု၊ ဖောက်ပြန်ကွဲပြဲမှုများကြောင့် နောက်ဆုံး မှန်းခြေမကိုက် ထင်တိုင်းမပေါက် ရှိပြန်သည့်အခါ မိမိ၏ မူလ မြန်မာ့ရီဗျူးသို့ ပြန်မဝင်တော့ဘဲ မြန်မာပြည် နိုင်ငံရေးကို ဖိဖိစီးစီး နိုင်နိုင်နင်းနင်း အင်တိုက်အားတိုက် စိတ်ရှိလက်ရှိ လုပ်နိုင်ရန် မိမိကိုယ်ပိုင်နှင့် ကိုယ်တိုင်ဦးစီးသော ဒီးဒုတ်ဂျာနယ်ကို (၁၉၂၅ ခုနှစ်၊ ဧပြီလတွင်)ထုတ်ဝေခဲ့သည်။

ယင်းသို့ ထုတ်ဝေလိုက်ခြင်းကို ဒီးဒုတ်၏ ပထမစာစောင်တွင်ပင် ဆရာ၏ပြောင်မြောက်ထက်မြက်သော လက်သံဖြင့် ဤသို့ဤနယ် အလံတင်ကာ ဟိန်း၍ ထွက်လာသော ဒီးဒုတ်ကြီး၏ လက်စွဲ၊ ပစ္စရလက်ခတ်အခန်းမှ လေးချိုးကြီးတစ်ပုဒ်ကို ဖတ်ရပေသည်။ ဤလေးချိုးကြီးတွင် ဂျီစီဘီအေနှင့်တကွ အမျိုးသားပညာရေးသပိတ်များ၏ အကွဲအပြဲများနှင့် မြန်မာ့ရီဗျူးဂျာနယ်စသောအကြောင်းများတည်းဟူသော ဆရာ၏ဘဝအတ္ထုပ္ပတ္တိ တစ်စိတ်တစ်ဒေသကိုပါ ဖော်ပြထားလျက်ရှိသည်။

## ဒီးဒုတ်၏ ပစ္စရလက္ခတ်ပဌာန ကဗျာလေးချိုးကြီး

ယောကျ်ားဟဲ့ဘာမထိ၊ တိုင်းတစ်လျှောက်တုန်လို့ သွားစေတော့၊ ထောက်
ထားမတဲ့ ညာပြီ။ စိုင်းပေါက် ကဆုန်လွှားမဟဲ့လို့၊ ဘွိုင်းကောက် သူပုန်ခြားစဉ်က၊
အမြီးမကုတ် အကြံဖြာ။ အိုကွယ်–စစ်ကိုင်းမျောက်ရဂုံကြားရယ်က၊ တနိုင်း
ငမောက်ပုံအလားပေပေါ့၊ မှိုင်းတစ်ယောက်နှင့် အကိုင်းလျှောက်တစ်စုံမှားခဲ့ပါတဲ့၊
ဒီးဒုတ် အဟ်ဆရာ။ ။
ဩော်ချောင်ဗဟန်းမှာတော့နော၊ တန်ဆောင်လန်းစေတော့လို့ကွယ်၊ မှောင်ခန်း
ချွေသင်ပယ်ဖို့၊ ညောင်နန်းဝေဟင်လယ်မှ၊ ပြေခွင်ဝယ် ကျွန်ရာပငှဲ့အောင်၊



နေရှင်နယ် အမွန်စာကိုပြသော်လည်း၊ ချို့စရာအခြေပလီညာဏ်နှင့်၊ ငို့ဘတတွေ
အတည်မကြံတော့၊ ခံမခံနှစ်တန်ကွဲရာမှ၊ တည်ညံ့ရန်မစဲပြီဘု၊ ကြားချောင်ချောင်
ငါးထောင်ပွဲပေမို့၊ ငနဲ့ထိုထို မဟာကဝေတို့ အဆဲအဆိုဗလာချာပွေလို့၊ ဆရာတွေမှာ
အသပြာငွေမနိုပ်တဲ့ပြင်၊ စာပေကို တောင် တာရှည်မကျိတ်သာဘု၊ လောကျိတ်အရာ
မဆင်တဲ့၊ ကောလိပ်မရဏာဝင်တော့၊ ဗလာခွင်ကို မဟာအထင်နှင့် ကိုးမိသူမဖြင့်၊
ဝမ်းဟောင်ဟောင် ရမ်းယောင်ညှိုးတဲ့ပြင်၊ လမ်းပြောင်ပြောင်မှာ ဌမ်းထောင်လို့
ထိုးထိုးပြီး၊ ဆိုးလှတဲ့ ကံကြမ္မာကိုနော်ကွယ်၊ သူခိုး၊ ဓားပြငယ်တို့ အညှိုးနှင့်သာ
ချလိုက်ချင်တော့၊ အရိုးက အမှန်နာ။ ။
(ဩော်...သို့ပေမဲ့) ကျွန်ရာမလုလို ငါးထောင်ဖြင့် မမုန်းဝံ့သူမို့၊ မွန် မြန်မာ
ယခုလို တစ်ပါးမှောင်မှာ နွမ်းရက်ကနှင့်၊ ဝံသာနုကို မယားအချောင်ရှာငြမ်းရယ်နှင့်၊
တခြားရှောင်ခွာမမြန်းရက်တာကြောင့်၊ တအားဆောင်တခန်းငွဲ့ပြင်၊ အစားချောင်စရာ
လမ်းပေပေါ့၊ နယ်ပြည်ရွာမှာ အယ်ဒီတာရယ်လို့ တတန်တက အမည်ထူး၊
(မယ်ဌက်ရယ်) အတွယ်မမှီရှာပြန်တော့ မြန်မာ့ရီဗျူး။ ။
ရောက်ရပြန်၊ ထောက်မတယ် ငွေမှန်မှန်နှင့်၊ အခြေခံညောင်ပင်ကြီးပါပဲ၊ ဝေလျှံ
အောင် ခေါင်တင်၍ သီးသော်လည်း၊ မောင်ဒီးနဂိုစတိုင်ပ၊ ညောင်သီးဘယ်လိုလိုင်
တော့၊ ကိုယ်မပိုင် ဝက်မမွေးချင်လို့၊ ထွက်ရေးအကြည်အသာကြံ၍၊ အနီဘာမရာ
သန့်မှာ ညီလာခံကလည်း စဲချိန်မို့၊ ချစ်ခင်သူတွေကို မပစ်ချင်ပစ်ချင်နဲ့ သစ်တစ်ပင်
လဲခဲ့ရသူမို့၊ မမြဲစရာ မလွှဲသာလွှဲသာတဲ့အရေးတွေကြောင့်၊ (ဟိုဌကြားထဲက
ကျွန်ရစ်ရှာတဲ့ အသိုက်ကြီးကို) အသည်းနာနာ ခွဲခွာလို့ ပြေးခဲ့ရပါပေါ့၊(သြ) ကြွေး
အကုန်အကျလျှင်ဖြင့်၊ ကလေးတပြုံဖြင့် ဝမယ့်ပြင်၊ ရှေးဂုဏ်တမျှနည်း ဟုတ်ဟုတ်
နှင့်ရွာနယ်တွေ မြူးမြူးပြီး၊ ထီးစမုတ် သမ္မာကြွယ်ဖို့ ကနဦးပေပဲလို့၊ ဩော် အမြီး
မကုတ် အာကျယ်ကျယ်နှင့် ကဗျာဆွယ်ကာနှုး လိုက်ပြန်ပေါ့ (ကြီးတော်တို့ရေ)
ကျေးတိဂမ္ဘမှာဖြင့်၊ ပဂေးတပြုံတမငယ်နှင့်၊ အရေးစုံလှပါတဲ့၊ ဒီးဒုတ်နာမည်နှင့်...
ဂျာနယ်အထူး။ ။

ဆရာကောင်းတပည့် ပီသစွာပင် ဆရာကြီး မစ္စတာမောင်မှိုင်း၏ တပည့်ရင်းဟု ဆိုရလောက်အောင် ဆရာ၏လေးချိုးကြီးကလည်း ဆရာကြီး၏လက်ရာနှင့်မခြား အသားပါလှပေသည်။ လက်သံပြောင်လှသည်။ ယင်းသို့ ဒီးဒုတ်၏ အလံတင် စိမ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ချက်အတိုင်းပင် ဆရာ၏နိုင်ငံရေး ကွက်ကျော်မြင်မှု၊ ပါးနပ်မှု၊ လက်သံပြောင်မှုများကို သိပြီးကြသော အခြားစာစောင် (၂၁ ဦး ဘက်တော်သားများ)ကလည်း ဒီးဒုတ်ကြီးအား ဝိုင်း၍ ဆိတ်ကြ အုပ်ကြလေသည်။ ဤကား ရေးအခါက နိုင်ငံရေး၏ လမ်းရိုးကြီး အတိုင်းပင် ဖြစ်၏။

ထိုအချိန်ကလည်း ၂၁ ဦးနှင့် ဒိုင်အာခီဘက်တော်သား (သူရိယ မြန်မာ့အလင်း) အဖွဲ့များက အတော်အင်အားပြည့်ဝ ကြီးမား၍နေချိန် ဖြစ်သည်။ အစိုးရအဖွဲ့ဝင်များ၏ အားပေးမြှောက်စားမှုများကြောင့် အလိုတော်ရိ ကပ်ပါးကြားမြှောင် အချောင်သမား ဝိုင်းတော်သား ဘောဘီများကလည်း တပြုံတမကြီးရှိကြသည်။ သို့သော် လေ့ခွက်ချည်း ကျန် အလံမလဲခဲ့ဘဲ၊ အမျိုးသားစိတ်ပြည့်ဝရင့်သန်လှသော ဆရာကလည်း မိမိ၏ လက်စွဲတော် ဒီးဒုတ်ကြီး၏ ပစ္စရလက္ခတ်ဒီပနီအခန်းမှ ခပ်ကြမ်းကြမ်းပင် ဤသို့ ဤနယ် အုပ်ခံနှံ့ခဲ့သည့် အသံများကလည်း ဆူဆူညံညံလျှံ၍ ထွက်လာသည်များကို ဖတ်ရပြန် သည်မှာ အောက်ပါ သစ္စာနံ့လိုက်သည့်လင်္ကာရှည်ကြီးက မားမားမတ်မတ် သက်သေ ထူ၍ နေလေသည်။

## ဘိုင်ဆပ်၏ တပည့်တစ်သင်းတို့ကို ငှက်မင်းက ဆုံးမခန်း

အကြင်ဗာလန် အလေးအမွှားတို့က တကယ်ရယ်စရာဟုတ်ပေ့၊ အမျက် အတိမာန်သိုလှောင်။ ပညာခံနှစ်ရွေးသားနှင့် အယ်ဒီတာလုပ်၍ အရှက်မရှိဟန်ကို ဆောင်။ ယှဉ်လာပြန်လျှင် ပဂေးလို့ထားလောက်တဲ့နယ်ပြည်ရွာ ချုပ်သည့်ငှက်ကဝိ အဟံကိုဟောင်။ မျက်စိအမှန် နဂိုမှောင်တော့ အကျိုးမယှဉ်တဲ့ စကားတွေနဲ့၊ ဆက်ရက်၏သဏ္ဌာန်ကိုတောင် ချိုးအမြင်မှားပြီး၊ သမက်မသိလို့ ရန်ပိုအောင် သူခိုးထင်စားမိသလို၊ အမျိုးမစင်တဲ့ ကုလားရဲ့ ငွေသပြာကိုကြည့်ရသော နသိုး အသွင်မခြားတဲ့ ကလေကဝါ တပည့်တို့က တန်ခိုးထင်ရှားပြီး အကြေအညာသိတဲ့။ နဘေအာဇာနာပတိ ငှက်မင်းဒီးဒုတ်ကို၊ အခြေဗလာမရှိ အရက်ပုလင်းကမ္ဘည်း သရုပ်နှင့်၊ မရေမရာလှည့်ငွေ အပျက်စကင်း အပြီးထုတ်ကြသော်လည်း၊ ကနက် အတွင်းထီးစမုတ်က တန်ပြဒုက္ခစေမယ့်၊ လက်ငင်းအမြီးမကုပ်တဲ့ အဟံသကုဏာက၊ ချက်ချင်း ခရီးသုတ်သုတ်နှင့် ရန်ပြုသမျှတို့ကို ဖက်နင်းပြီး နည်းဟုတ်ဟုတ်နှင့် ခံထု၍ ချမဟော့၊မဏ္ဍုက အနေဗလချာက၊ ကေသရာလို လေးဖက်ထောက်သော် လည်း၊ ခွေးကတက်အောက်က သင်းတိုး၍ တတ်နိုင်အုံးမလား။



ဟင်းအိုးဖျက်သည့် မစင်တစ်ပဲသားလို၊ အမြင်နည်းပါးသလောက် ကျုပ် ငှက်ဒီးဒုတ်ဘုရင်ကို၊ အဟုတ်သမက်ကြီးထင်ပြီး အရမ်းထွေထွေရေးကြသော် လည်း ဟို ရှမ်းပြည်အဝေးမှာ ရွှေတွင်းရှိတယ်လို့၊ အခြေကင်းဘိပွေ့ညဏ်ဖြာ၍၊ ငွေခနဲ့အသပြာကိုလည်း ကျုပ်မလိမ်စားခဲ့ပါဘူး။

စိန်ကုလားကို စိဥ္စမာန၊ လိမ်ကာချပြီး အရှက်ဖွတ်ကင်းသလောက်၊ လက်စွပ် နှစ်ကွင်းကိုလည်း ကျုပ်အမြတ်မကောက်ခဲ့ပါဘူး။ ။အရပ်လျှောက်၍ ယုံကြည်အောင်ဖြင့် ကုမ္ပဏီထောင်ပြီးလည်း အမျိုးသားမနက်ခဲ့ပါဘူး။ ။အဆိုး ပွားလျက် ဉာဏ်စုံပွေပြီး၊ ရန်ပုံငွေကိုလည်း အုပ်မထားခဲ့ပါဘူး။

မဟုတ်မတရားနယ်ပြည်ရွာမှာ၊ အယ်ဒီတာတို့ရဲ့ မိုင်ငြမ်းမဖက်ဘဲ၊ စည်းကမ်း ဖျက်ပြီး ယုတ်သမျှစိတ်အကြံနှင့် ပုဂ္ဂလမိဒ္ဓာန် ရန်ရှာ၍ရေးလိုလျှင်၊ ပြန့်ကာတွေး စရာ သို့ကလိုပြိုင်ဖို့၊ ကိုယ့်ကိုယ်တိုင်က ခြောက်ပစ်ကင်းရမည်။

ကောက်ကျစ်တဲ့ အတွင်းမနောက မမှန်ဘဲ၊ ဒေါသတစ်တန်အဘိဈ္ဈာပွားပြီး၊ က္လသ တရားနှင့်ငြူစူသမှုကြောင့်၊ မတူသူကိုတုပြီး အရမ်းမဆဲကြနှင့်၊ အကြမ်း တစ်နည်း အနုအယဉ်တို့မှာ၊ တုယှဉ်လျှင် ပြေတစ်လွှားမောက်သူက ခြေဖဝါး အောက် အကုန်သွင်းမဟော့နော်။ လူလုပ်လို့၊ ငါလုပ်လို့၊ ဒီးဒုတ်လုပ်လို့။

ဂုဏ်သတင်းကာအာ—မခံကြနှင့်၊ ကဗျာညဏ်တွင် နယ်ဇမ္ဗူတလွှားမှာ ရှယ်တူ လျှင်ရှားတဲ့ ငှက်သနင်းကို၊ အရက်ပုလင်း ကစော်သမားတို့က၊ ကလော်ကာဝင် မနှောက်ကြနှင့်၊ ဆင်မကြောက်လျှင် ဖိနပ်ဖြစ်မည်ကို မှတ်ရစ်စေ အသုံးမကျတဲ့ နွားတို့အား ဆုံးမ စကားနှင့် သတိပေးလိုက်သည်။

မသိသေးလျှင် သတိချပ်ဖို့တရားကို ပိဋကတ်သွား လင်္ကာရပ်ပြီး၊ ပညာဒြပ် ပမာယူစေဖို့၊ ကဗျာမူ စနစ်ကွာခြားတဲ့ မေတ္တာစာသွားနဲ့ တစ်မျိုးပြဦးမည်။ ဖိုးဝမှရွှေလမင်းကို၊ မြင်ပြင်းသည့်သုနခါ၊ ခွေးဝဲစား ဇေလာ၊ တစ်ညဥ့်လုံးဟောင် ရှာလည်း၊ တာရိန္ဒာယုန်နန်း၊ သီတဂူငွေစန်း၌၊ ပင်ပန်းရန်မကြုံ၊ ခွေးငမိုက်အသံ ကုန်၍၊ ပြာပုံတွင်လဲရမည်။

ဆဲကြသည်အမျိုးမျိုး၊ ချိုးကြသည်အဖြာဖြာ ကျီးယုတ်၏သွင်ပမာ၊ ဒီးဒုတ်ကို ရန်ရှာလည်း၊ အထက်ပါပုံမဝေး၊ လမင်းကိုဟောင်သည့်ခွေးကဲ့သို့၊ ကိုယ်ဒေါ်ခြ အနာကြုံ ပြီးလျှင်၊ ပြာပုံတွင် လူးကြရမည်။

သူရှူးဆိုရမည်လည်း မခက်တောင်း၊ သူကောင်းဆိုရမည်လည်း အခြေမထင်၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

# ဆရာ၏ ဘဝအစ

## ဆရာ၏မျိုးရိုး

တတိယမြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာ့ဦးစွန်းကို ထူထောင်ခဲ့သော ရတနာ သိင်္ခ၊ ကုန်းဘောင်၊ မုဆိုးဖို၊ ရွှေဘို၊ ရန်ကြီးအောင်ဟု ငါးမည်ရ အထက်မြန်မာနိုင်ငံ မုဆိုးဖိုအရပ်မှ ငယ်နာမည် ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးလက်ထက် မွန်ဘုရင်များ စိုးစံရာ အောက်မြန်မာနိုင်ငံ ဟံသာဝတီ၊ ပဲခူးမြို့ကို သိမ်းပိုက်အောင်မြင် ပြီးသောအချိန်တွင် မွန်အမတ်ကြီး ဒေါကွန်ဒယိုမှာ မြန်မာဘုရင်အလောင်းဘုရား၏ အကျဉ်းသားတစ်ဦး ဖြစ်ခဲ့ရလေသည်။

ထိုအမတ်ကြီးကို ဖမ်းဆီး၍ သံလျင်မြို့၌ အကျဉ်းချထားခြင်း ခံရစဉ် အမတ်ကြီးဒေါကွန်ဒယိုသည် ဝါသနာဘာဂီအရ စိတ်ပြေလက်ပျောက်လည်းဖြစ်စေရန် အကျဉ်းထောင်အစောင့်ရှိများအား သူ့လက်ဖြစ် အုန်းမှုတ်တယောကလေးကို ထိုးခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်အရ ဆိုင်ရာမှ အခွင့်အမိန့်ရရှိလျှင် အမတ်ကြီးသည် ထိုအုန်းမှုတ်တယောကလေးမှ 'ဘုရား ကျွန်တော်မျိုးအကြံချော်-ကယ်တော်မူပါ အလောင်းဘုရား၊ ကယ်တော်မူပါအလောင်းဘုရား'ဟု ရှုံ့ရှုံ့ပြစ်ပြစ် ပီပီသသကြီး လူဆိုနေသကဲ့သို့ တယောကို ထိုးလိုက်ရာ တစ်နေ့၌ အလောင်းဘုရားနားသို့ ထိုအသံ ရောက်သွားလေသည်။

www.burmeseclassic.com



ရေဆိုလျှင်လက်ကြား၊ ဆင်တွင်လည်း အောင်မသား၊ လူမှန်က ကပြား၊ ရှေးစကား ဝေါဟာ၊ ပေါရာဏကထာ၊ ညှိနှိုင်း၍ စာနာလျှင်၊ ညွှာတာဖို့အခင်း၊ ခါတ်ခံက မသန့်ရှင်း၍၊ မိုက်ရိုင်းခြင်းပြုပေသည်ဟု၊ ဥပဒေတန္တု၊ သည်းခံမှုကြဲစည်၍၊ ခန္တီကို သုံးလိုက်သည်။

ရုံးရောက်လျှင် အသရေပျက်နှင့်၊ ငွေထွက်သည့်အမှုသွား၊ ဒီးဒုတ်ကို မဟုတ် မမှန်တို့နှင့်၊ လုပ်ကြံ၍ရေးသားသည့်၊ ခွေးစကားအံနေ၊ မသိသူအထင်မှားအောင် ညာဝါးသည့် အခြေကို၊ တိုင်းပြည်ကမင်းအများ၊ သေအချာစဉ်းစားလျှင် အကွင်း သားပေါ်လိမ့်မည်။

မလျော်သည့်စွပ်စွဲချက်၊ ဘုန်းကြီးကို လူထွက်ခိုင်းသည်ဟု၊ မန္တိုင်းဘဲနက်သော် လည်း၊ ဒီးဒုတ်ငှက်ငါဆရာမှာ၊ သာသနာကို နှလုံးမိုးသူမို့၊ ဘုန်းကြီးဖြင့် လူမထွက် ခိုင်းပါဘူး၊ ခိုင်းခြင်းခိုင်းလျှင် အတွင်းချို့တဲ့၊ သင်းရှိနှမကို လူထွက်ခိုင်းတော့မပ။

မြူယှက်ဆိုင်းသဖြင့် အမြင်ကမမှန်တော့၊ ဝက်ညဏ်နှင့်ယုတ်စွတကယ်ပ၊ ကျုပ် ဂျာနယ် တိုးပွားကြီးတာကို အငြိုးထားပြီး အဘိစ္ဈာများကြသဗျ။

မိစ္ဆာကုလားငစက်ာ(ဇင်ကာ)ကို၊ တင်စရာအမြှောက်မှားသဖြင့်၊ နောက်သား တို့ရာဇဝင်မှာ၊ သဘာမဖာင်အပေါ်တူးသည့်၊ ကစော်ရှူးနတ်ရှင်နောင်လို၊ ဒြပ်အသွင် ဆောင်ပြီး၊ ဘောက်သက်သက် ချွန်ကြသလား၊ အနောက်ဖက်လွန်ဟု သတင်း ကြားသည့်၊ မင်းတရား၏ ဓားစာဖြစ်သလို၊ စကားပမာလုစ်၍အသေးဆော်မပ၊ ပြေပေါ်မှာ နှစ်ဖက်ဓားမ တုံးသူမို့၊ ရွှေကြော်ငြာ ငှက်အများသုံးရအောင် (သည်မလေ ကြီးတော်)ဝက်သားတုံးပြရင်း ကျုပ် ခဏဆိုင်းဦးမည်။

အထက်ပါလက်ာကြီးတွင် မြှုပ်ကွက်ကလေးများ ပါရှိနေသည်။ (ဘိုင်ဆပ်)ဆို သည့် စကားအသုံးအနှုန်းကို မည်သူ့အားရည်ရွယ်၍ ရေးသားကြောင်း စာဖတ်သူများ ရိပ်မကောင်းရိပ်မိပေလိမ့်မည်။ ထိုလက်ာကြီးကို ဖတ်ရခြင်းဖြင့်၊ ယခင်ဆရာချုပ်ရေးခဲ့ သောဒီးဒုတ်ငှက်တပ်ကြီးချီခန်း၊ (ဂျီစီဘီအေ–ခေတ်)လက်ာကြီးကို သတိရဖွယ်ပင် ဖြစ်သည်။

ထိုခေတ်က ရေးသားချက်တို့မှာ ယခုခေတ်နှင့်နှိုင်းယှဉ်ကြည့်လျှင် အနည်းငယ် ကြမ်းတမ်းသည်ဟု ဆိုရကောင်းဆိုရပေမည်။ သတင်းစာဆရာများမှာလည်း တစ်ဦးကို တစ်ဦး ထိကပါးရိကပါးဆော်ခြင်း၊ နက်ခြင်း၊ ပုတ်ခတ်ရေးသားခြင်းတို့မှာ ယခုခေတ်



ထက် ပို၍များသည်ဟု ပင်ဆိုရပေမည်။ သို့သော် ယခုခေတ်ထက် သူတို့ခံနိုင်ရည်ရှိ သည်(ဝါ) သဘောထားကြီးကြသည်ဟုလည်း ဆိုကောင်းဆိုရပေမည်။

ထိုခေတ်ရေးသားချက်များအနက် ဒီးဒုတ်ထက်ပင် (အခြားစာစောင်များထက်ပင်) ဗန္ဓုလ၏ ရေးသားချက်များက ပို၍ကြမ်းတမ်းပြင်းထန်သည်များကို ဖတ်ရသည်။ နယ်ချဲ့ အစိုးရများကို ပြင်းပြင်းထန်ထန်ကြီး ထိုးနှက်ရေးသားကြသော ဗန္ဓုလစိန်ကလောင်၊ တင်းပုတ်ကြီးစသော ဗန္ဓုလဦးစိန်တို့၏ လက်ရာများမှာ သူ့ခေတ်နှင့်သူ့အခါ အထူးလူ ကြိုက်များကြ၏။ ဆရာချုပ်ပင် ထိုခေတ်က ဗန္ဓုလဝိုင်းတော်သားတစ်ဦး ဖြစ်ခဲ့၏။

ဂျီစီဘီအေရန်ပုံငွေများနှင့်ပတ်သက်၍လည်းကောင်း၊ ဗိုလ်တထောင်လူဆိုး ငမိုး လက်ချက်ဖြင့် အသတ်ခံရသော အယ်ဒီတာဆရာသင် ရန်ပုံငွေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဗန္ဓုလဦးစိန်နှင့် မြန်မာ့အလင်းဦးစိန်းတို့ တစ်ဦးကိုတစ်ဦး ရေးသားချက်များမှာ အတော် ကလေး ကြမ်းကြမ်းတမ်းတမ်း ရေးသားထားသည်များကို ဖတ်ရလေရာ ယခု (ဆရာချုပ် အတ္ထုပ္ပတ္တိ)စာအုပ်နှင့်မဆိုင်လှဘဲ ကျယ်ဝန်းနေမည်စိုး၍ မဖော်ပြတော့ပါ။

## ဆယ်ကုဋေကျော်အရေးတော်ပုံ

အထက်ပါ ဘိုင်ဆပ် အမည်တပ်လက်ာကြီးကို ရေးသားပြီး မကြာမီပင် အရေး တော်ပုံတစ်ခုက ထပ်လောင်းပေါ်လာပြန်သည်။ ထိုအရေးတော်ပုံကား ‘ဆယ်ကုဋေကျော် အရေးတော်ပုံ’ ဖြစ်၏။ ထိုအရေးတော်ပုံကို သူရိယမှစတင်လိုက်ကာ (ဆူးလေ– ဗိုလ်တထောင်–မော်ဘီ)သူရိယနတ်ကြီး သုံးပါး ရွှေတိဂုံကုန်းတော်ဆွေးနွေးခန်းမှ ထိုစဉ်က ဗုဒ္ဓဘာသာသာသနာ့အရေးကိစ္စနှင့်ပတ်သက်၍ နေ့စဉ် လစဉ် နှစ်စဉ် ဘုရားကျောင်းကန် ဇရပ်တန်ဆောင်း ဘုန်းကြီးရဟန်းသံဃာ အလှူဒါယိကာများနှင့် နှစ်စဉ် ဘုရားပွဲတော် များ၊ ဘုရားဖူးများ၏ အလှူဒါန ရှင်ပြု ပဉ္စင်းခံ သပိတ်သွတ်မှုစသော ကုန်ကျငွေများ စာရင်းကို ပျမ်းမျှအကြမ်းတွက်နှစ်စဉ်(၁၀)ကုဋေကျော်မျှ ရှိကြောင်း၊ ယင်းနတ်ကြီး (၃)ပါး ဆွေးနွေးရာမှ ယင်းပြဿနာပေါ်လာရခြင်းဖြစ်သည်။

ထိုဆွေးနွေးချက်အကြောင်း အကျဉ်းချုပ်မျှကို ဤတွင်ကောက်နုတ်ဖော်ပြရလျှင်–

မော်ဘီနတ်ကြီးပြော။ ‘စာရင်းကိုလုပ်ကြည့်မှ ကုန်တာသိတာပဲ၊ ခုကျုပ်တို့ အကြမ်းတွက်လို့ရတာက သည်လိုဗျ…

www.burmeseclassic.com

www.burmeseclassic.com



| | | ကျပ် |
|---|---|---|
| ရဟန်းတော်များဆွမ်း | ... ... | ၁၄,၆၀၀,၀၀၀ |
| သင်္ကန်းနှင့်ကျောင်းပြင်ဆင်မှု | ... ... | ၁,၆၀၀.၀၀၀ |
| ဘုန်းကြီးပြန်များ | ... ... | ၁,၀၀၀,၀၀၀ |
| ကျောင်းသိမ် | ... ... | ၁,၅၀၀,၀၀၀ |
| ဘုရားဇရပ်တန်ဆောင်း | ... ... | ၅,၀၀၀,၀၀၀ |
| ဘုရားပွဲများ | ... ... | ၅,၀၀၀,၀၀၀ |
| ဘုရားဖူး | ... ... | ၁၀,၉၅၀,၀၀၀ |
| ဘုရားပူဇော်-ဥပုသ်စောင့် | ... ... | ၅၀,၀၀၀,၀၀၀ |
| ရှင်ပြု၊ သပိတ်သွတ်အလှူဒါန | ... ... | ၄,၀၀၀,၀၀၀ |
| ဝါဝင်ဝါထွက်ဆွမ်းတော်ကြီးတင်ပွဲတော်များ | ... | ၉,၀၀၀,၀၀၀ |
| စုစုပေါင်း | ... | ၁၀၂,၆၅၀,၀၀၀ |

'ဟော-နည်းတဲ့ငွေလား နတ်မင်း၊ နှစ်စဉ် ဆယ်ကုဋေကျော်အတွက် တာဝန်ယူထားရတာ အင်မတန်ဝန်ကြီးဗျ၊ သာသနာ့ဝန်က လေးပါပေတယ်၊ နှစ်စဉ် ဆယ်ကုဋေကျော် အကုန်ခံပြီး သာသနာတော်ကြီး ထိခိုက်မှာ အင်မတန်စိုးရိမ်စရာ ကောင်းတာဘဲ၊ သည်တော့ ငွေကုန်ပြီး ကုသိုလ်မရ အပယ်ကျမှာကို အများကြီး သတိပြုကြဖို့ ကောင်းတယ်ဗျ'

ဤသို့ နတ်ကြီးသုံးပါး စကားပြောဆွေးနွေးခန်းမှ ဂယက်သည် တိုင်းပြည်တစ်ပြည်လုံးရှိ ဗုဒ္ဓဘာသာဝင်တို့အား ရိုက်ခတ်သွားကာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ စိတ်ကို ထိခိုက် နာကြည်းတုန်လှုပ် ချောက်ချားသွားစေခဲ့သည်။ ထိုလှုပ်ရှား ချောက်ချားမှုကြောင့် ထိုစဉ်က စာနယ်ဇင်းများမှလည်းကောင်း၊ ဆောင်းပါးရှင်များမှလည်းကောင်း တိုက်ခိုက်ဝေဖန်စာများ ပေါ်ထွက်လာခဲ့သည်။ ထိုစဉ်က ထိုသူရိယ နတ်ကြီးဆွေးနွေးခန်းအတွက် တိုက်ခိုက်ဝေဖန်ရေးသားကြသော စာနယ်ဇင်းများမှာ ပညာ့အလင်း၊ အောင်မင်္ဂလာ၊ သစ္စာဝါဒီ၊ ဝံသာနု-လယ်တီတရားစသော သတင်းစာများ၊ ဒီးဒုတ်-ဗန္ဓုလ-ဒဂုန်စသော ဂျာနယ်မဂ္ဂဇင်းများ ဖြစ်ကြသည်။

**ဤတွင် ထိုနတ်ကြီး (၃)ပါး** အခန်းကိုရေးသူမှာ သူရိယ ဦးဘဖေဖြစ်ကြောင်း **လူသိများကြသည်။ ဦးဘဖေမှာလည်း** မြန်မာလူမျိုးမစစ်၊ ဗုဒ္ဓဘာသာမဟုတ်၊



ကုလားသွေးမကင်းသူတစ်ယောက်ဟူ၍လည်း လူအများက အယူရှိထားကြရာ ဤအချက်က ပို၍ ဆိုးကာ ထိုပြဿနာကို လေးနက်စေလျက် သာသနာဖျက်-ဘာသာကို စော်ကားချက်ဟူသော ယူဆစွပ်စွဲချက်က ပို၍ ဖြစ်ပေါ်လာရပြန်သည်။

ဤအရေးနှင့်ပတ်သက်၍ ဆရာချို၏ ဒီးဒုတ်ဂျာနယ်(၂-၁၀-၂၆)နေ့ထုတ် ခေါင်းကြီးပိုင်းမှ 'သူရိယနှင့် သာသနာတော်'ဟူသော ခေါင်းစဉ်ဖြင့် ထင်ထင်ရှားရှား ဝေဖန်ရေးသားလိုက်သည်များကို ထုတ်နုတ်ဖော်ပြရလျှင်...

'တောနယ် ဒိစတြိတ်အရပ်တို့၌၊ အစိုးရတို့က အလှူအတန်းစာရင်းများကို ကောက်နေသည်။ အလှူအတန်းများတွင် အခွန်ကောက်ရန် စီမံနေသည်စသော ကောလဟာလသတင်းများ ဖြစ်ပွားပေါ်ပေါက်လျက်ရှိနေခိုက် ယခုလို သူရိယသတင်းစာမှ သာသနာ့ဝန်ကြီး လေးကြောင်းဖြင့် အလှူအတန်းများ၏ ခန့်မှန်းခြေစာရင်းများကို နတ်ကြီးပိုင်းမှ ထုတ်၍ပြခြင်းမှာ အလွန်မသင့်လျော်သော အချက်ဟု ကျွန်ုပ်တို့ ထင်မြင်သဘောရရှိလေသည်။

(အီကောနော်မစ်)ခေါ် တိုင်းပြည်၏ ချွေတာသုံးစွဲရေးကို စီမံရာ၌ သာသနာ တော်ကို မထိခိုက်စေရန် အထူးသတိတရား ထားအပ်ပေသည်။ သာသနာတော်အရေး သည် ဗုဒ္ဓဘာသာပေါင်းတို့၌ အရေးကြီးဆုံးဖြစ်၍ တိုင်းရေးပြည်မှုအတွက်နှင့် သာသနာ တော်ကို ကောင်းစွာ သတိပြုစေလိုသည်။

ဤရေးသားချက်များနှင့်အတူပင် ထိုနေ့ထုတ် ဒီးဒုတ်ဂျာနယ်မစ္စတာ ဒီးဒုတ်၏ပစ္စရလက္ခတ်ကျမ်းအခန်းမှ 'သူရိယ နှပ်ချီးသုံးပါး အငီစိစကားပြောခြင်း'ဟူသောခေါင်းစဉ်ဖြင့် တဖန်...

'နတ်သုံးကောင် ရိုးရာမစစ်ရှေ့သလား။ ကြိုးကြာဖြစ်ရှယ်ခါ၊ အိုမှာခြစ်တကယ် ကြာအောင်၊ မဖွယ်ရာစကား။ အငီစိလမ်း ပြခါငယ်၊ ကြမ်းလှစွာ ပြောရက်ပေအား။ ဖြိုးဖျက်ပေ့ သာသနာကို၊ မညာတာ စိတ်ထား၊ မဆလာတရားနှင့် ဘုရားကိုပစ်ပယ်။ ကိုယ်မလှူနေသာသားလေနှင့်၊ ပြေရွာအား တားမြစ်လေတယ်၊ ဆယ်ဝတ္တုလှူဖွယ်ကို၊ သူတကယ်အသိနည်းတာမို့၊ ငရဲဖောက်သည်ခံ၊ စူးရောက်ရှေ့ဉာဏ်၊ ပြောရက်တဲ့ ဝစီကံလေ၊ ဗလီစံ နတ်မျိုးထင့်လေး'

နတ်သုံးကောင် အစချီကာ၊ ဗလီစံနတ်မျိုးထင့်လေး...အဆုံးချထားသော ကဗျာထပ်မှာ တိုတိုတုတ်တုတ်နှင့် အလွန်ထိမိသရုပ်ပေါ်၍နေကြောင်း အထူးဖော်ပြဖို့ မလိုပေ။ မည်သူ့အား ရည်ရွယ်ရေးသားသည်မှာလည်း ထင်ရှားလှသည်။ (ဆရာချိုတို့အား ကဗျာ

www.burmeseclassic.com



ဉာဏ်တွင် ဤမျှလက်သံပြောင်လှ၏။)

'ဟိုးဟိုး–ဟော့ ဒီးဒုတ်၊ ကြမ်းလှချည့်လား'–'ဒါမကြမ်းသေးဘူးဗျို့၊ စက်ကို မောင်းကုန်မတင်ဘဲ အပုံကြီးလျှော့ချထားသေးတယ်၊ ကိစ္စက သာသနာအရေးကြီးမို့ လစ်လျူမပြုနိုင်ဘူးဗျ၊ စာဖတ်သူ ပရိသတ်တို့လည်း နားတံဆိပ် ခတ်ကြည့်ကြပါတော့၊ မြန်မာပြည်မှာ နေတစ်ဆူ လတစ်ဆူ ထင်ရှားနေတဲ့ သူရိယဆိုတဲ့ သတင်းစာ (၁၂၈၈ ခု၊ တော်သလင်း လဆုတ် ၈ ရက်နေ့၊ ဗုဒ္ဓဟူးထုတ်မှာ နှပ်ချီးသုံးပါး...အဲလေ...နတ်ကြီး (၃)ပါးက ရွှေတိဂုံကုန်းတော်ပေါ်မှာ အစီစီစကား ပြောကြားကြသဗျ၊ ဘယ်လိုပြောကြားလည်းဆိုတော့(ဤတွင် ယခင်နတ်ကြီးများ ဆွေးနွေးချက်စကားများနှင့်ဆယ်ကုဋေကျော်ကုန်ကျငွေစာရင်းတွက်ချက် ထားချက်များကို ဖော်ပြပြီးနောက်)

သို့ကလို စာရင်းချုပ်ပြီး နိဂုံးချုပ်စကားက 'နည်းတဲ့ငွေလား နတ်မင်း၊ နှစ်စဉ်ဆယ်ကုဋေကျော် တာဝန်ယူထားရတာတဲ့၊ သည်တော့ ငွေကုန်ပြီးကုသိုလ်မရ...အပါယ်ကျမှာကို အများကြီးသတိပြုကြဖို့ကောင်းတယ်'တဲ့ဗျ၊ ကိုင်း...ဘယ်နှယ့် သဘောရကြသလဲ၊ အပါယ်ကျမှာကို စိုးရိမ်ပါဘိတယ်လို့တောင်မရေးဘဲ သတိပြုကြဖို့ ဆိုထားတော့ ဘုရားတည်မိတဲ့အတွက် အပါယ်ကျရအုံးတော့မလိုလို၊ ရှင်ပြုမိတဲ့အတွက် အပါယ်ပဲကျရအုံးတော့မလိုလို'ဟာ အန္တပါနံ ယာနံဃရံ' အစရှိတဲ့ ဒါနဝတ္ထုဆယ်ပါးကို ဘုရားက သုဂတိလားရာလို့ ဟောတော်မူခဲ့သော်လည်း နတ်ကြီး (၃)ပါးက ဒါနဝတ္ထုဆယ်ပါးသည် ငရဲလားရာလို့ ဆိုရာရောက်နေပဗျာ။

အနို့ပြီး အလယ်မှာ စကားတစ်ချက်က သာသနာဝန်လေးကြောင်း ရေးတဲ့အတွက် အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းတွေ့ဆိုသလို ဖြစ်နေမှာကို စိုးရသေးတယ်တဲ့ဗျ၊ သည်တော့ နတ်ကြီးတွေရဲ့ အာဘော်ကို လိုက်ရလျှင် ငွေပေါင်းဆယ်ကုဋေကို အကုန်ခံပြီး လှူသော်လည်း အလှူခံပုဂ္ဂိုလ်တွေဟာ ဒုဿီလတွေ ဖြစ်နေတော့ အဆိပ်ပင် ရေလောင်းသလိုဖြစ်ပြီး ကုသိုလ်မရဘဲ အပါယ်လားမယ်လို့ ဆိုလိုဟန်တစ်ချက် ရှိသဗျ။

ဒီးဒုတ်ပြောလိုတာက ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်သမျှတို့၏ ပထမရည်ရွယ်ချက်ကြီးမှာ နိဗ္ဗာန်ရွှေပြည်ကြီးကို လျင်မြန်ဆောစွာ ရောက်ဖို့ဖြစ်သဗျ၊ အဲသည်တော့ သည်တစ်ဘဝမှာ သည်တစ်ကိုယ်၏ အကျိုးကလေးအတွက် နိဗ္ဗာနိပစ္စယောဖြစ်တဲ့ ဒါနဝတ္ထုဆယ်ပါးကို ပယ်ရှားရမယ်လို့ ပြောတဲ့နတ်တွေဟာ ရွှေတိဂုံကုန်းပေါ်က ပြောတဲ့နတ်တွေလို့ မထင်ဘူးဗျ၊ မဂိုလမ်းဗလီကြီး မျှော်စင်ပေါ်က နားပိတ်အော်တဲ့ နှပ်ချီးတွေများ ဖြစ်နေမလားလို့ စဉ်းစားမိသဗျ။



အနို့ပြီး သာသနာဝန်လေးတယ်လို့ ဆိုရအောင်က ဘယ်ဘုန်းကြီးက ဘယ်ဒကာ/ဒကာမကို ဆွမ်းမလောင်းဘဲ မနေရလို့ ခိုင်းဖူးလို့လည်း၊ နတ်ဆိုသည့်သတ္တဝါတို့ရဲ့။ ရှင်မပြုဘဲမနေရလို့ သားများက မိဘကို ခိုင်းလို့လားဗျ၊ ဝန်လေးရအောင်က ဘယ်သူက ဝန်ပေးထားလို့လဲ။ မိမိတို့သဘောအလျှောက် ကုသိုလ်လိုချင်လို့ လှူကြတန်းကြတယ် မဟုတ်လား၊ ဘုန်းကြီးပျံတို့ ဘာတို့က စာရင်းချတာ ထားပါအုံးတော့။ ဘုရား၊ ဇရပ်တန်ဆောင်း၊ သိမ်၊ ဥပုသ်စောင့်၊ ရှင်ပြု သပိတ်သွတ်စသည်များကိုပါ ထည့်သွင်းထားသည်မှာ အင်မတန် အံ့ဩစရာကောင်းပဗျာ။

မည်သည့်လူမျိုးမှာမဆို သာသနာဟာ အရေးကြီးဆုံးဖြစ်သဖြင့် လောကီအကျိုးအတွက် သာသနာကို မဖျက်သင့်ဘူးဗျ၊ ကိုယ်ကျိုးအတွက် ဘုရားတွေ ကျောင်းတွေ ဖျက်တဲ့ တရုတ်ပြေးမင်း၊ ရဟန္တာတွေသတ်တဲ့ သိုဟန်ဘွား၊ ကုလားငစက်ာနဲ့ ပေါင်းပြီး ဘုရားတွေ သိုက်တူးတဲ့ နတ်ရှင်နောင်တို့ ဒုက္ခဖြစ်ပုံတွေဟာ ရာဇဝင်မှာ ထင်ရှားပြီးဖြစ်တာကို နှပ်ချီးတွေ သတိပြုဗျ။ နေရာမလောက်သဖြင့် တော်လိုက်ပြီ၊ ပြောစရာကျန်သမျှ ဆရာတော်သံဃာတော်ကြီးများက ပြောဟော ဆုံးမကြလိမ့်မဗျ..."

ယင်း ဆယ်ကုဋေအရေးတော်ပုံမှာ ပထမက ဘာသာရေး၊ နိုင်ငံရေး၊ အသွင်နှင့် လှုပ်ရှားရာမှ နောက်ပိုင်းတွင် စာပေတိုက်ပွဲအသွင်သို့ ကူးပြောင်းခဲ့သည်။ ထိုအချက်က သာသနာရေး ဆူပူလှုပ်ရှားမှုများမဖြစ်ဘဲ ကြားဝင်ခံလိုက်သည့်အတွက် ကံကောင်းသည်ဟူ၍ပင် ဆိုရပေမည်။ ထိုစဉ်က ထိုဆယ်ကုဋေအရေးတော်ပုံတွင် သူရိယနတ်ကြီး ဦးဘဖေ၊ ဒီးဒုတ်ဦးဘချို၊ ဗန္ဓုလဦးစိန်၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ဆရာကြီးမစ္စတာမောင်မှိုင်း၊ ဗိုလ်ကလေး ဦးသက်ရှည်စသော နာမည်ကြီးသတင်းစာဆရာ၊ စာရေးဆရာများ ပါဝင်ရေးသားခဲ့ကြသည်။ ဆရာကြီး မစ္စတာမောင်မှိုင်း၏ နာမည်ကျော် ဆယ်ကုဋေကျော် ဋီကာနဲ့ ဆယ်ကုဋေကျော် ဂဏ္ဍိများသည် ထိုအရေးတော်ပုံနှင့် စပ်လျဉ်းပေါ်ပေါက်ရေးသားချက်များ ဖြစ်၏။ သို့သော် ဆရာကြီး၏ ယင်းရေးသားချက်များမှာ စာအုပ်အဖြစ်သို့ မပေါ်ထွက် မရောက်လာခဲ့ပေ။

## သိန်း၊ စိန်း၊ ချို၊ လင်း စာပေတိုက်ပွဲ

ထိုခေတ် ထိုအချိန်က စကားပြောခေတ်ဆိုသော်လည်း ကဗျာ၊ လင်္ကာ၊ နတ်ဘောင်ကာရန်အစပ်အဟပ်ကလေးများလည်း ခေတ်စားနေသေး၏။ ထိုစဉ်က နာမည်ကျော် ဆရာပီးမိုးနှင်းတို့နှင့်တကွ ဒီးဒုတ်၊ ဗန္ဓုလ စာဆောင်များ၏ ရေးသားချက်များတွင် အများ

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ထိုကဗျာ နဘေထပ်ကလေးများ အများဆုံးပါနေသည်ကို တွေ့ရ၏။

ထိုစဉ်က နာမည်ကျော် အယ်ဒီတာများဖြစ်သော ဗန္ဓုလဦးစိန်၊ ဒီးဒုတ်ဆရာချို တို့သည် ထိုနဘေစပ်ကလေးများကို လက်မလွှတ်ဘဲ အသုံးများကြသည်။ ယခု ကျွန်ုပ်တို့ စစ်ပြီးခေတ်မှ နောင်လူငယ်များ မသိမမှီခဲ့ရသော ထိုခေတ်က နာမည့်ကျော် သတင်း ဆရာကြီး တစ်ဦးဖြစ်သည့် မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးစိန်းပင် ထိုကဗျာ လင်္ကာ နှင့် ပတ်သက်သည့် အစပ်အဟပ်အသတ်ဆိုင်ရာ သဒ္ဒါသတ်ပုံသတ်ညွှန်းအကြောင်းများကို မကြာခဏ ရေးခဲ့သူ ဖြစ်သည်။

ထိုသို့ ရေးခဲ့ရင်းမှ ဆရာချိုနှင့် မကြာမကြာပင် စာပေမိတ်ဆွေကြီးများအချင်းချင်း သတင်းလွှေ့လွှေ့ အမြဲတမ်း အငြင်းတွေ့ခဲ့ရခြင်းဖြစ်သည်။ ဆရာချိုမှာ ထိုစဉ်က သတင်း စာလောကတွင် အင်္ဂလိပ်၊ မြန်မာစာများသာမက ဂီတကဗျာလင်္ကာ အနုပညာဘက်၌လည်း စွယ်စုံလေ့လာကျွမ်းကျင်ကာ ကလောင်ထက်သူတစ်ဦးဖြစ်သည့်ပြင် ထိုစဉ်အခါက အသက် အရွယ်ကလည်းငယ်ငယ်၊ တက်ကြွသွေးဆူတုန်းအချိန်ဖြစ်ရာ 'ယှဉ်လာလျှင် ခေါင်ကနိုပ် လိုက်မပ၊ တံဆိပ်ရ ဝိုင်းတော်သားဗျ'စကားလို သတင်းစာ ဆရာတစ်ဦးပီပီ ရေးစရာရှိလာ က မကြောက်မညှာ မတွန့်မဆုတ် လက်သံပြောင်ပြောင် ရေးခဲ့သူဖြစ်လေသည်။

ထိုသို့ လက်သံပြောင်မှုကြောင့်လည်း ဆရာချို၏ နာမည်မှာ နိုင်ငံရေးသာမက ဂီတ၊ ကဗျာ အနုပညာစာပေဘက်တွင်လည်း စွယ်စုံ နာမည်ရသူတစ်ဦး ဖြစ်ခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့် ဒီးဒုတ်ငှက်တပ်ကြီးချီလင်္ကာကြီးနှင့် သစ္စာနံ့ လင်္ကာများကို ဖတ်ရှုခြင်းဖြင့် ဆရာချို၏လက်သံပြောင်မှုကို ရိပ်စားနိုင်ပေသည်။

ဤအချိန်နှင့် မရှေးမနှောင်းတွင်ပင် ဆရာချို၏နာမည်ကို မှတ်ကျောက်တင်ပေး လိုက်သော စာပေတိုက်ပွဲတစ်ခုက တိုက်တိုက်ဆိုင်ဆိုင် ပေါ်လာပြန်သည်။ ဤတစ်ကြိမ် တွင်လည်း ကျောင်းတော်ဏ ရန်စဖြစ်ခဲ့သော မြန်မာ့အလင်း အယ်ဒီတာချုပ်ဦးကြီးစိန်း သာ မဟုတ်ဘဲ မော်ဘီဆရာသိန်း၊ ဆရာဇောစသော ထိပ်ထိပ်ကြဲ မြန်မာ့ပညာရှင်ကြီး များပါ ပါဝင်လာကြပေသည်။ ပါဝင်ပုံကလည်း ဤသို့...

တစ်ချိန်တွင်(၁၂၉၁-ခု၊ ကဆုန်လ ၁၉၂၉)မော်ဘီဆရာသိန်းက သူ၏တူလေး ယောက်ကို ရှင်ပြုမင်္ဂလာပွဲ ကျင်းပခဲ့၏။ ထိုမင်္ဂလာပွဲသို့ ဆရာဇော၊ ဆရာလင်း၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၊ ဦးဘချို၊ ဆရာရိပ်၊ မြန်မာ့အလင်း ဦးစိန်းစသော သူ၏စာပေမိတ်ဆွေကြီးများအား ဖိတ်ကြားခဲ့သည်။

ထိုဖိတ်ကြားချက်အရ အချို့ကြွရောက်လာကြကာ အချို့လည်း အခြားကိစ္စဝိစ္စ



တို့ကြောင့် မလာရောက်နိုင်ကြောင်း ဝမ်းနည်းစာ ပြန်ကြသည်။ အချို့ထံမှ စာပြန်မရပေ၊ ဤအကြောင်းကို အလှူရှင် မော်ဘီဆရာသိန်းကြီးက သူ့နဂိုဝါသနာအတိုင်း...

'စိန်းချိုလင်းတြို ဆရာ။ အကြောင်း ဘယ်ငှာကြောင့်၊ ပြန်တဲ့စာအရောက်နှေး တယ်လို့၊ တွေးမတတ်ပါ။ ရေးစရာ ဉာဏ်မထွန်းရော့ထင့်၊ ဖန်ညွှန်းဖို့ အချက်မှာ၊ မထွက်တာထင်ရဲ့။ သည်လိုနှင့်ပြီးစေတော့၊ ဆိုညည်းကာဖို မရှိက်ရအောင်၊ သိမ်းလိုက်ပါငဲ့'

ဤသို့ဆိုလျှင် ရေးမနာဆိုမနာ စာပေမိတ်ဆွေများဖြစ်သည့်အလျောက် ခပ်ရိသဲ့သဲ့ ဖြင့် ခနဲ့တဲ့တဲ့ စာချိုးလိုက်သည်။ စိန်း ချို လင်း ဆိုသည်မှာ မြန်မာ့အလင်းဦးစိန်း၊ ဒီးဒုတ်ဦးဘချိုနှင့်တက္ကသိုလ် မြန်မာဆရာကြီး ဦးလင်းတို့ကို ဆိုလိုသည်။

ထို့နောက် ဆရာရိပ်နှင့် ဆရာဇောတို့၏ ပြန်စာနှင့်ပတ်သက်၍ ဤသို့ စာတစ်ပုဒ် ချိုးလိုက်ပြန်သည်။ ဤတွင်လည်း အပျော်အရွှင်သဘောမျိုး ဖြစ်ဟန်တူပါ၏။

"ရိပ်ဇောတို့ပြန်စာ၊ ဒုတိယအပုဒ်ကမျောလိုက်တာ၊ လော၍ရှည်ရှာ၊ ကြံစည် ထုတ်ရပါဘု၊ နာမည်ဟုတ်ဆရာပါ၊ ကွိန္ဒာနှစ်ဦး။ အုပ်အချိုးကိုလ၊ တစ်မျိုးဉာဏ်နီ ကွန့်တယ်၊ လွန့်ချက်ကထူး'

ဤစာချိုးများကြောင့် ယင်းအလှူမင်္ဂလာပွဲမှသည် မမျှော်လင့်ဘဲ စာပေတိုက်ပွဲ အဖြစ်သို့ ရောက်လာခဲ့ရသည်။ မော်ဘီသိန်းကြီး၏ 'စိန်း၊ ချို၊ လင်း' စာချိုးအရ ဆရာချို ထံမှ ဤသို့ စာချိုး နှစ်ပုဒ်ကို ပြန်ကြားရေး လိုက်လေသည်။ ပထမစာတစ်ပုဒ်မှာမူ ကျန်းမာရေး ချို့တဲ့မှုကြောင့် မလာရောက်နိုင်ခဲ့ကြောင်းဖြင့်...

'ဖိတ်စာရောက်သော်လည်း၊ ကိုးခြောက်ကြောင့် ကျွန်တော့်မှာ၊ မထနိုင်ဆောင် ပြန် (ပျံ)ထက်၊ နေ့ရက်ရှည်ကြာ။ ဂျာနယ်ထွက်ကိုမှ၊ ရေးခက်ကြိုက်-ဆရာ့စာ၊ ပြန်သာဘုအကြောင်း။ မျှော်မည်သိသော်လည်း၊ မချိသူနှစ်ဖြာ ညွှတ်ရတယ်၊ ခွင့် လွှတ်ပန်ညောင်း'

ဤကဗျာစာသားများကို ဖတ်ရှုခြင်းဖြင့် မလာနိုင်သည်ကို ရိုသေစွာ ပန်ကြားသည့် အကြောင်း ထင်ရှားသည်။ တစ်နည်းအားဖြင့် မော်ဘီဆရာသိန်းကြီး၏စာအတွက် စိတ် မကွက်၊ စိတ်မပျက်ကြောင်း သိသာသောအချက် ဖြစ်သည်။ သို့သော် ဒုတိယစာချိုးတွင်မူ ဆရာသိန်း၏ 'ရေးစရာဉာဏ်မထွန်းလို့ထင့်'ဟူသော အပိုဒ်ကလေးကိုမူ ပညာရှိမာန်ဖြင့် မခံချိဟန်...

'ခါတ်မသိလေတော့၊ ဟတ္ထိဖြင့် ယုန်သို့နှယ်။ သိန်းအရာ အထင်သေး ရေးရက်

www.burmeseclassic.com

www.burmeseclassic.com



လေတယ်၊ ကဗျာမှာ ဉာဏ်မထွန်းတယ်လို့၊ ဖန်ညွှန်း၍အမြင်ငယ်၊ အရွယ်ကြောင့် လေလား။ မျက်မှန်ညစ်ကိုဖြင့်၊ ပွတ်သစ်လျှင်အမြင်သန်၍၊ သဘင်ဉာဏ် သူ့အရှိကို သိလိမ့်မမှား ဟူ၍ ပြန်ရေးလိုက်သည်'

ဤစာပေတိုက်ပွဲကား ဤမျှနှင့် ပြီးဆုံးမသွားဘဲ ဆရာစောထံမှလည်း ဆရာသိန်းကြီး၏ပြန်စာပါ။ 'ဒုတိယပိုဒ်ကမျောလိုက်တာ၊ လော၍ရှည်ရှာ'ဟူသော အချိုးကို မကျေမချမ်းဟန်ဖြင့် ချေပလွှာ ဆောင်းပါးရှည်ကြီးတစ်စောင်ကို ကဗျာပြဒေသအကိုးအကားများဖြင့် ရေးပြန်တော့သည်။ ထိုပြန်စာတွင် ဆရာသိန်း၏ စာချိုးတွင်ပါရှိသည့် (မျောနှင့်လော)ကာရန်ကို မဆင်သင့်သည့်အကြောင်း ကဗျာဒေါသသင့်နေသည်များကိုလည်း ထုတ်ဟဖွင့်ဆိုချက်များပါရှိသည်။ ထိုသို့ ရေးသားရာ၌ အောက်ပါ တေးထပ်တစ်ပုဒ်နှင့် ဒွေးချိုးတစ်ပုဒ်ကိုလည်း (ချဲလင့်)အနေဖြင့် ရေးထည့်လိုက်သည်။

'သိန်းဆရာသဘောဟုတ်လျှင်ဖြင့်၊ ပြောထုတ်ဖို့မလို၊ စောကျွန်ုပ်တို့ စိတ်နဂိုမှာ၊ အစ်ကိုလိုထင်လို့။ ဒွေးချိုးနှင့်လျောင်သည့်စာကို၊ ဖြောင်ထည့်ကာရေးမိပါသဗျို့၊ မာနနှင့်သပြေဘောင်မှာ၊ ကဝေယောင်ခံလို့၊ သေတိုင်အောင်မကြဲဖို့ကိုတော့၊ အမှန်ကိုယ့်ဆိုမယ်။ မြတ်စိန္တေဒဂုန်ထက်မှာ၊ ကျမ်းရွက်လို့ရှင်းလိမ့်တကယ်။ မလေးစားစွာ ကျယ်ကျယ်လျှင် လာတွေ့မယ် တစ်ကိုယ်ချင်းရယ်နှင့်၊ လေ့ဆင်မြင်းကြိုက်ရာယူ၊ စမ်းဝံ့တဲ့လူ။ ဥပါကောင်းဘွဲ့မည်ယူသည်၊ ကြောက်တဲ့သူ မရှိဘူးကွဲ့လေး။ ။

'စောဆရာ–ဘောမှာ ဖြူစင်လျက်ကယ်နှင့်၊ အချက်တကယ်ကြုံလို့၊ မမြုံနိုင်ဘူး၊ စည်သဏ္ဌာန်၊ မြည်စေရန် အမှန်နှက်တာမို့၊ ဘဝဂ်တိုင်အောင် ဟိန်းလိုက်မယ်၊ ဒိန်းသံအထူး'

ဤစာပေတိုက်ပွဲအလုံးမှာ ဆရာချို၏ ဒီးဒုတ်ဂျာနယ်တွင် ဖော်ပြပါရှိခြင်းဖြစ်ရာ ဆရာချို၏ ဟာသကဗျာစာပေဝါသနာ အားပေးမှုအရင်းခံနှင့် အပျော်သဘောမျိုးသာဖြစ်ကြောင်း ထင်ရှားသည်။ သို့သော် နောက်ဆုံးဆရာစော၏ ရေးသားချက်များမှာ အနည်းငယ်ကြမ်းတမ်းပြင်းထန်လာခြင်းကြောင့် အယ်ဒီတာမှတ်ချက်သဘောမျိုး ဝင်လာရတော့မည်။

ဆရာစော၏ဆောင်းပါး ကဗျာများနောက်မှ 'မော်ဘီဆရာသိန်းကြီး၏ စာချိုးများမှာ အမှန်အားဖြင့် စာပေမိတ်ဆွေများသဘော ပျော်ရွှင်ကျီစယ်လိုက်ခြင်းမျှသာ ဖြစ်တာ ဆရာစောနှင့် ဆရာရိပ် ပညာရှိကြီး နှစ်ယောက်တို့ကိုပင် (ကဝိန္ဒာနှစ်ဦး)ဟူ၍ ချီးကျူး



ရေးလိုက်ကြောင်း။ ဤအချက်ကို ဆရာစောကအထင်လွဲ အမျက်တော်ရှကာ လေ့လေ့ချင်း၊ မြင်းမြင်းချင်း လူလူချင်း (စီးချင်းပြိုင်မည်)ဟု ချဲလင်းလုပ်လိုက်ရာ အကယ်၍ ဆရာသိန်းက ထိုသို့ ယှဉ်ပြိုင်ရန် ကျွန်ုပ်သည်လေ့သမား တံငါသည်လည်းမဟုတ်၊ မြင်းစီး ဂျော်ကီလည်းမဟုတ်၊ လက်ဝှေ့သမားလည်း မဟုတ်ဟုဆိုလျှင် မခက်ပါလား'...ဟူသော မှတ်ချက်ကလေးဖြင့် ဆရာစောအား နောက်ဆုံးကလိသလို ရေးလိုက်သည်။

ဤတွင် ဆရာစော၏မျှားဦးသည် ဆရာချိုဖက်သို့ လှည့်လာတော့သည်။ အယ်ဒီတာဆိုသည်မှာ ဒိုင်လူကြီးသဖွယ် ကြားနေလူသာ ဖြစ်သင့်ပါလျက် ဤသို့ တရားခံရှေ့နေသဖွယ် ဝင်မစွက် ဘက်မလိုက်သင့်ကြောင်း သာသာနှင့်နာနာအုပ်လာတော့သည်။ သို့သော် ဆရာချို၏ ကလောင်ချက်ထက်သည့်အကြောင်းနှင့် ဂျာနယ်လက်ကိုင်ရှိသူတစ်ဦးမို့လည်း ယခင်ဆရာသိန်းကဲ့သို့ မာမာတင်းတင်း မရေးဘဲ ပျော့ပျော့ရွှံ့ရွှံ့မျှသာ ရေးလိုက်ခြင်းဖြစ်ရာ ဤတွင် ဆရာချိုက ဆရာစော၏ ချေပလွှာကို တစ်ပုဒ်စီရှင်းလင်းတင်ပြကာ 'မျောနှင့်လောစပ်ခြင်း မသင့်ဆိုသည့် အချက်များကိုလည်း သဒ္ဒါလင်္ကာရ၊ အတ္တလင်္ကာရစသော ကဗျာပြဒေသနည်းအထွေထွေအရ အနက်အဓိပ္ပာယ်နေရာဌာနကို လိုက်၍ ရှေးပညာရှိများပင် ရေးခွင့်ပြုခဲ့သည့်အကြောင်းများကို အကိုးအကားများနှင့် ပြန်လည်တင်ပြဖြေရှင်းခဲ့သည်။

## စကားတောင်စားကြီးနှင့် သတ်ပုံ

နောက်ဆုံးတွင်ကား ဆရာစောက လက်မြှောက် အလျှော့ပေးသွားခဲ့ရာ ဤတွင်အနီကဗျာတိုက်ပွဲမှာ ပြီးဆုံးတော့မလို ဖြစ်သွားရာမှ ယခင်ကျောင်းက ရန်စရှိခဲ့သူတစ်ဦးဖြစ်သော မြန်မာ့အလင်း ဦးကြီးစိန်းက ဝင်လာပြန်တော့သည်။ 'ကဗျာတွင် အစပ်အသတ်ကာရန် အရေးကြီးကြောင်း သတ်ပုံသတ်ညွှန်းတို့ဖြင့် ထုတ်ဆောင် ဖော်ညွှန်း၍ ရေးသားလာခဲ့ရာ ဤပွဲတွင်မှ ဆရာချို၏လက်သံမှာ ယခင်ဆရာစော၊ ဆရာသိန်း တို့ပွဲကဲ့သို့ စကားပြေရိုးရိုးဖြင့် အေးအေးသက်သာမဟုတ်တော့ဘဲ ကဗျာလင်္ကာသွားများဖြင့် အသားပါပါ ခပ်နာနာခပ်ဖိဖိ မီးကုန်ယမ်းကုန်တိုက်ပွဲကြီး ဆင်နွှဲလိုက်တော့သည်။

'အိုဗျူ...ကဗျာကို အချောင်ကြွားနေတဲ့၊ ဆရာ စကားတောင်စားကြီးရဲ့၊ အာပေါက်ယားတိုင်း နားမလည်ဘဲနှင့်၊ စကားကြွယ်ကာ ကဗျာနဘေငြိမ်းတို့မှာ ငါအေဝမ်းသို့ အထင်ရပြီး၊ မြင်မြင်သမျှကို အမှားမဖမ်းဖို့လို့ ဒီးဒုတ်ကြီးက တားဝရမ်းထုတ်လိုက်သဗျ နော်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတယောသံကို ကြားရလျှင် အလောင်းဘုရားက 'ဟဲ့...ဒီအသံ ဘာဇာအသံ တုန်းဟဲ့'ဟု အမေးတော်ရှိရာ၊ အနီးရှိ အမှုထမ်းများက 'ရာဇဝတ်ကောင် အမတ်ကြီး ငဒေါ၏ အုန်းမှုတ်တယောသံ ဖြစ်ကြောင်းပါဘုရား' ဟု လျှောက်ထားကြသည်။ ဤတွင် အလောင်းဘုရားက 'ထိုသူ့အား ရှေ့တော်သွင်းစေ'ဟု အမိန့်တော်ရှိရာ၊ ရှေ့တော်မှောက်သို့ရောက်သည့်အခါ အကျိုးအကြောင်းများကို မေးမြန်းလျှောက်ထားရာမှ 'ဤကဲ့သို့ ပညာရှင်တစ်ဦးအား ရှုချည်းနှီးမြေကြီးသြဇာ မဖြစ်စေသင့်...လွှတ်ဘိ'ဟု အမိန့်တော်မှတ်သဖြင့် ထိုတယောသံကလေးကြောင့် ပြေး၍ မလွတ်နိုင်သော ရာဇဝတ်ဘေးမှ ချမ်းသာရခဲ့သည်။ ထိုသို့ချမ်းသာရခဲ့ရုံမက၊ မြောင်းမြမြို့ကိုပင် အပိုင်စား အသနားတော်မြတ်ခံရကာ'ကျေးဇူးသစ္စာတော် နှစ်ပါးကို မသွေမဖီနှင့်' ဟု အမိန့်တော်ရှိခဲ့လေသည်။

ဤမွန်အမတ်ကြီး ဒေါကွန်ဒယိုမှာ အခြားသူမဟုတ်ဘဲ၊ ဆရာဦးဘချို၏ ဘေးတော်သူပင် ဖြစ်၏။ ထိုမှ အဆက်ဆက် ဆင်းသက်ကာ ရာမညတိုင်း...တလိုင်းသုံးရပ်အပါအဝင် ပုသိမနဂရအပိုင် မြောင်းမြမြို့ ခုံမင်းကြီးဦးဖံနှင့် ဆရာဦးဘချို၏အဘွားတော်သူ ရှေးအခေါ် ဒေါလုံ ယခုခေတ်လူများအခေါ် ဒေါ်လုံတို့မှ သမီးဖြစ်သူ ဒေါမြစ်ခေါ် ဒေါ်မြစ်နှင့်ရှေးသမားတော်ကြီး ဦးဘိုးစာတို့အကြောင်း ဆက်၍ သက္ကရာဇ် ၁၂၅၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် ဆရာဦးဘချိုအား မွေးဖွားခဲ့သည်။ ထို့ကြောင့် ဆရာဦးဘချို၏ ရှေးအဖိုးအဖွားအမည်များမှာ ဒေါတတ်၍ မှည့်လေ့ရှိခဲ့ရာ နှောင် ဆရာ ကြီးပြင်းအိမ်ထောင်ကျ၍ အိမ်ရှိသားသမီး ဇနီးများနှင့် တစ်ခါတစ်ရံ အခိုက်အလှည့်မသင့်၊ စိတ်ဆိုးသည့်အခါများတွင် 'ဟဲ့...နင့်အဖေ စိတ်ဆိုးနေတယ်နော်၊ သူက ဒေါမျိုးဟဲ့'ဟု ဆရာ၏ဇနီးသည် (ယခု ဆရာကတော်ကြီး ဒေါ်လှမေ)က ပြက်ရယ်ကျီစယ်ပြောလေ့ရှိကြောင်း ဆရာကတော်ကိုယ်တိုင် ပြန်ပြောဖူးသည့်စကားကို မှတ်သားရလေသည်။

ဆရာဦးဘချို (၇) နှစ်သားအရွယ်သို့ရောက်သောအခါ မြောင်းမြမြို့ ဆရာဦးမောင်မောင်၏ကျောင်းသို့ ပို့အပ် စာပေသင်ကြားစေ၏။ (၁၄)နှစ် သားအရွယ်တွင် သတ္တမတန်းကို စကောလားရှစ်နှင့် အောင်မြင်လာပြီးနောက် ရန်ကုန်မြို့ စိန်ပေါကျောင်းသို့ ပြောင်း၍ ပညာသင်ကြားခဲ့ရာ ရှစ်တန်း၌ တစ်နှစ်ဆည်းပူး၍ စာမေးပွဲဖြေဆိုသောအခါ (၁၀) တန်းသို့ တစ်ချိတည်း ခုန်၍ တက်ရောက်လာနိုင်ခဲ့သည်။

(၁၀) တန်းတွင်လည်း ထိုစဉ်အခါက (၁၀) တန်းစာမေးပွဲ၊ မက်ထရစ်စာမေးပွဲ၊ စကောလားရှစ် စာမေးပွဲဟူ၍ သုံးမျိုးဖြေဆိုရာ ကောင်းစွာ အောင်မြင်လျက် တစ်နှစ်လျှင်





(၁၀)ဦးသာ ခွင့်ပြုသော စကောလားရှစ်ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့လေသည်။ (၁၆)နှစ်အရွယ်၌ ရန်ကုန်ကောလိပ်သို့ ရောက်ရှိလာရာ အသက်(၂၀)အလွန်ငယ်သော အရွယ်တွင် မျက်စေ့ဝေဒနာကြောင့် ဘီ၊ အေ၊ အထက်တန်းမှ ကျောင်းထွက်ခဲ့ရပြီးနောက် ၎င်းနှစ်မှာပင် ပေါင်းတည်မြို့ အစိုးရကျောင်းတွင် ကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

(၂၁)နှစ်အရွယ်တွင် ဟင်္သာတမြို့ အစိုးရကျောင်းသို့ ပြောင်းရွှေ့ကာ ပါဠိဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြန်သည်။ ပါဠိမြန်မာ–ကဗျာစာပေကို အထူးဝါသနာထုံသည့်အလျောက် ထိုစဉ်ကပင် 'နောက်စွယ်ချောင်က တောက်တဲ့မောင်'အမည်နှင့်တကွ 'ဒိုးဒိုးဒေါက်၊ ကျူးကောက်၊ ကေသာ၊ စံပယ်၊ ဥက္ကလာမခင်စိန်၊ အမိုက်မကလေး၊ ကျန်ရစ်၊ ရွှေပြည်စိုး'စသော အမည်များဖြင့် မြန်မာ့စာနယ်ဇင်းလောကသို့ ချင်းနင်းဝင်ရောက်ခါ နှစ်ပါးကြည်ဂျာနယ်၊ ဗန္ဓုလဂျာနယ်နှင့် သတင်းစာများ၊ ဂျာနယ်များတွင် ဝင်ရောက်ရေးသား၍ ကလောင်သွေးခဲ့သည်။

ဤတွင် ဆရာငယ်စဉ်က ကလောင်အမည် အမျိုးမျိုးဖြင့် ရေးသားခဲ့ရာ ဥက္ကလာခင်စိန်အမည်ဖြင့် ရေးသားခဲ့သော 'စာရေးကြီးဇနီးမောင်နှံနှစ်ဦး'၏(ညည်းချင်းလေးချိုးကလေး)နှစ်ပုဒ်ကို ဤနေရာတွင် ပထမဦးစွာဖော်ပြခြင်းဖြင့် ဆရာ၏ဟာသ ကြွယ်ဝမှု ကဗျာဉာဏ်ကို အကဲခတ် သိနိုင်ပေသည်။

## စာရေးကြီးညည်းချင်းလေးချိုးကလေး

အလုပ်ခွင် ဟိုကိုရောက်ပြန်တော့၊ အဟုတ်ပင် ဗိုလ်ကိုကြောက်ရတာက၊
ငိုလောက် ပါတဲ့မောင့်ဖြစ်အင်။ ။ အလုပ်နားချိန်မတော့၊ နှုတ်ဖျားငယ် တလန်
လန်နှင့် ဒရဝမ် ကြွေးရှင်ပေါင်းငယ်တို့၊ ညီလာခံခ ဝပ်ညောင်းသို့နှယ်။ တောင်းတဲ့
သဘင်။ ။ အိမ်ဂေဟာ ပြန်မည်တွေးပြန်တော့၊ လိမ်ပွေစွာဆန်ဆိုကြွေးငယ်
တို့၊ ပြေး၍မှလွတ်မထင်၊ ဖွတ်ဘုရင်ထက် နှစ်ပြန်ကြော။ ။ အိမ်ကြီးသူ၊ ရှိန်
မီးပူတစာစာနှင့်၊ ငွေအပြာခဝါ ခင့်ပြင်၊ ဇာဘော်လီ ဝယ်ချင်လှတယ်လို့၊ နားပူ
အောင်ခြားဆူလို့ ထလျှင်ဖြင့်၊ (အမယ်မင်း) ဘုရားမတနိုင်ဘု၊ မှိုင်မှိုင်ကာမောရပါ
လိမ့်၊ (မောင်မောင့်မှာဗျာ) သိကြားမ မလျှင်ဖြင့်၊ မယားဒကာမငယ်ကြောင့် အစားမဝ
တဲ့ပြင်၊ ခါးမလှပြီဘု၊ စတိုင် ပါပါတွေလျှော။ ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဝရမ်းထုတ်ရပါသလဲဆိုတော့၊ ချစ်တဲ့မိတ်ဆွေချင်းမို့၊ အမှားဖမ်းတာ လမ်းမဟုတ်ဘဲ အရမ်းထုတ်မိရင် ကျမ်းမထုတ်နိုင်တော့၊ ငြမ်းပြုတ်ပြီး အဖမ်းနင်္ဘေနေမှာ စိုးလို့ဗျ။

ကဗျာဆိုတာကို အလွယ်မမှတ်ပါနှင့်၊ တကယ်ဖတ်လျှင် ပဏ္ဍိုင်မောက်ကဲ့သို့၊ ကဝိမြောက်နိုင်တဲ့ပညာပဂေးမို့၊ လင်္ကာအရေးမှာ သတ်ပုံညီရုံနှင့် အတတ်စုံပြီလို့ ဘဝင်မြင့်မိမှဖြင့်၊ ယခင့်ယခင်က ပါရဂူတို့ရဲ့ကဗျာမှုမှာ၊ အစဉ်အလာကျွမ်းစေဖို့၊ ပမာယူစရာ ထင်စွာငြမ်းကဲ့သို့ အမှာကြူကာအဝင်ဝနေဘတမ်းခဲ့တဲ့၊ ဆရာတစ်ဆူပမာ၊ အလင်္ကာကျမ်းကို တမင်တကာ သရမ်းပြီး စော်ကားရာကျတတ်သဗျ။

ယခုဖြင့် ဒီးဒုတ်ကြီး တွေ့သလောက်ကို မကွေ့မကောက် အကဲ့ရဲ့မနေဘဲ၊ တည့်တည့်ပြောရမှာဖြင့် ဆရာစကားတောင်မှာ၊ ကဗျာတန်ဆောင်တွင် ဒြပ်ကုန်မလင်းတဲ့ ပြင်၊ သတ်ပုံခပင်းကိုပင် အဆုံးစာပြီး မသင်ခဲ့ရလို့ထင့်၊ လုံးကြီးတင်နှင့် ညသတ်နှစ်မျိုးကိုသာ ခဏခဏကတ်ကိုးပြီး လေလုံးထုတ်နေသဗျ၊ သတိထားထုတ်ဗျို့၊ ဥဒ္ဒံဝါစာဆိုရင် ကိစ္စမရှိဘူး၊ အစောင်ဝါတဆိုရင် တယ်နံသဗျနော်။

သို့သော် ဘယ်လိုပင် လေလုံးထုတ်သော်လည်း ကဝေထုံး မယုတ်ကဗျာလှုံ့ခဲ့သူမို့ ဘာမဖြို ခုစနေသတင်းမှာ၊ ဥပဒေသွင်းပြီး မိုးသိကြားကိုပင် နိုင်လောက်အောင် အကိုးအကားခိုင်ခိုင်နှင့် စာကမ္ဘည်းသခဲ့မဗျ…

## လင်္ကာနှစ်ပါး

ကဗျာနည်းအရမှာ အခြေရာလိုက်လျှင်၊ ကဝေဆရာတို့ အလေးပြုကြတာက၊ ဒွေးနှစ်ခုဆိုတဲ့ အလင်္ကာနှစ်ဖြာဗျ၊ ဒွေးနှစ်ခုဆိုလို့၊ အတွေးခုပြီး ကြွေးဥလို့လည်း မမှတ်လိုက်နှင့်ဗျ။

သည်ဒွေးနှစ်ခုဆိုတာက၊ အသတ်အလတ် ညီစေခြင်း၊ နားဝင်မချမ်း ကြမ်းတမ်းခက်ထန်တဲ့ ဃောသအက္ခရာ၊ ဓနိတအက္ခရာတို့ သက်သက်ဖြင့် မစီကုံးခြင်း၊ ထီးမဆန်နန်းမဆန် တောလေ့တောသုံးစကားပုဒ်ပဒတို့ မပါစေခြင်းစသော အချို့သောဒေါသ၊ အချို့သောဂုဏ်တို့နှင့် ဆိုင်တဲ့သဒ္ဒါလင်္ကာရ တစ်ပါး။

အနက်အဓိပ္ပာယ်ရှန့်ရင်းသော ပုဒ်မတို့ မပါစေခြင်း၊ အနက်အဓိပ္ပာယ် သိလွယ်စေခြင်း၊ ကြားနာရသူတို့၌ အရသာဖြစ်ပေါ်လာက်အောင်ဖို့၊ ဝိဘာဝဗျာဘိစာရီဘာဝ **သာတွိကဘာဝစသော** ဘာဝရသတို့နှင့် ပြည့်စုံစေခြင်းစသော အချို့သောဒေါသ၊ **အချို့သော ဂုဏ်တို့နှင့်တကွ** ရသကိုးပါးဆိုင်ရာ အတ္ထာလင်္ကာရတစ်ပါး၊ အဲသည်နှစ်



ပါးကို ဆိုသဗျ။

အဲသည် လင်္ကာရနှစ်ပါး မတတ်တော့၊ အလကားမှတ်ပြီး အကြွားသဘောနှင့် စကားချောရုံ ကဗျာပြုတဲ့၊ ဆရာစုကို ရယ်စရာကောင်းတယ်လို့၊ နယ်ရှာပေါင်းက ဆုညြဘာကမ်းတို့ကို သုဗောဓာကျမ်းက ပါဠိပြုရမှာဖြင့်…

အနုဝဓ္ဓံ၊ မှဲ့ ဝက်ခြံ တင်းတိတ် အစရှိသောမျက်နှာ၏ အပြစ်ကင်းလွတ်သော မုခမ္ဘောဇံ၊ ကြာကဲ့သို့ ကျက်သရေရှိသော မျက်နှာသည်လည်းကောင်း၊ အနုဝဇ္ဇာ၊ ပဒဒေါသ အစရှိသော အပြစ်ကင်းလွတ်သော (ဝါ)လုံးကြီးတင်နှင့် ညသတ်ကိုပင် အကြင်စကားတောင်စားကြီး နဂိုကြိုက်ဖြင့် အလိုလိုက်၍ မပါမရှိစေသော၊ ဘာရတီ စာအဖွဲ့အနွဲ့စကားသည်လည်းကောင်း၊ အလင်္ကာတာဝ၊ တန်ဆာဆင်ကုန်မှသာလျှင်။ သောဘန္တေ၊ လှပတင့်တယ်ကုန်၏။ တေ၊ ထိုမျက်နှာသည်လည်းကောင်း၊ ထိုအဖွဲ့အနွဲ့သည်လည်းကောင်း၊ နိရလင်္ကာတာ၊ တန်ဆာမဆင်ကုန်မူကား၊ ကိန္နု၊ အဘယ်မှာ တင့်တယ်ကုန်နိုင်အံ့နည်းတဲ့။

ယောဗာလော၊ အကြင်လင်္ကာကျမ်းကို မတတ်သောသူသည်၊ ဂရုပဒေသံ ရှေးဆရာတို့ပြသော အလင်္ကာနည်း၊ တန်းဆာဆင်နည်းကို၊ ဝိနာ ကင်း၍၊ တံ၊ ထိုမျက်နှာ အဖွဲ့ဗန္ဓကို၊ အလင်္ကတ္တုံ၊ တန်ဆာဆင်ခြင်းငှာ၊ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုသူသည်။ ဝိညူဟိ၊ ပညာရှိတို့၏ ဟာသဘာဝံ၊ ရယ်ဖွယ်အဖြစ်သို့၊ ကထံနုနသံပါပုဏော၊ မရောက်ဘဲ ရှိအံ့နည်းတဲ့။

အဲသို့မို့ကြောင့်၊ အတ္ထာလင်္ကာရ သုံးနည်းကို မမြင်ဘဲ၊ လုံးကြီးတင်နှင့် ညသတ်နှစ်ပါးနှင့် ၀ွအမှတ်ထားပြီး ကဗျာစပ်ဆဲလျှင်…‘သာမြတ်ကဲ့ထဘီ။ မုန့်ဆီကြော်ဝယ်လို့စားတယ်၊ ပါးတနီနီ။ မိမယ်ဘီ၊ နဒီမော့အိုင်ကြီး။ ထိုးဝါးကို ယူဆောင်လို့၊ မပူအောင်စောင်နှင့်ကွေးတယ်၊ ရွှေးဟဲ့ရွှေကျီး။

‘ကိုင်း…ဘယ့်နှယ်ရှိစ’

အဲသို့မို့ကြောင့် သတ်ပုံတစ်ပါးနှင့်၊ အတတ်စုံပြီလို့ မကြွားသင့်ဘူးဗျ၊ မှားခွင့်က အပုံရှိသေးတာကို စုံစိတ်အောင် မနှသီဆလိုက်လျှင်၊ ဂီတဘက်မှာ ရေးစပ်တဲ့ တေးထပ်တို့ လေးချိုးတို့က ရေးရိုးမှာ သဒ္ဒါလင်္ကာရထက်၊ အတ္ထာလင်္ကာရကို ဂရုပြုရသဗျ၊ ဘာကြောင့်ပါလဲဆိုတော့၊ အစုစုသော ထိုတေးသီချင်းတို့ဟာ ရေးစာရင်းမှာ ‘ရသီအလင်္ကာ’လို့ အမည်တွင်တာကို ပါဠိပြုရမှာဖြင့်…

‘ယံဝိဘူသနံ၊ အကြင်အလင်္ကာသည်။ ရသပ္ပတီတိဇနကံ၊ သိင်္ဂါရအစရှိသော အရသာတို့၏ ထင်ရှားစေခြင်းကို ဇယဏ၊ ဖြစ်စေတတ်၏။ တံ၊ ထိုလင်္ကာကို။ ရသဝန္တ

www.burmeseclassic.com



ဝိဓာနတော၊ အရသာရှိအောင် စီကုံးစီရင်တတ်သောကြောင့် ရသဝန္တန္တိ၊ ရသီအလင်္ကာဟူ၍၊ ညွှေယျံ 'သိအပ်၏'တဲ့။

'ချစ်ခြင်း၊ ကြိုက်ခြင်း၊ လွမ်းဆွတ်ပူဆွေးခြင်း စတဲ့ သိင်္ဂါရသ၊ ကရုဏာရသတို့ အဓိကဖြစ်တဲ့ အဖွဲ့မျိုးမှာ၊ ရသတည်းဟူသော အတ္တလင်္ကာရကို ပါအောင်ရေးရမတဲ့။ ဤအချက်များမှာ သဒ္ဒါလင်္ကာရထက် အတ္တာလင်္ကာရက အရေးကြီးကြောင်း ပြသဗျာ...

သို့သော်လည်း စွမ်းနိုင်က ရသပါပြီး၊ အစစမှာ သဒ္ဒါမယွင်းလျှင်တော့၊ ကဗျာအသင်းမှာ မကိုင်ရဲရယ်လို့၊ သကုဏာကျူပ်ဆရာက၊ နှုတ်ကဗျာ ရီဗျူးသတင်းမှာ၊ ဝစီအထူးသွင်းပြီး တစ်ခါချေခဲ့ပေ့၊ ဆရာစလေတို့တောင်၊ အတ္တကို မဖျက်ချင်တော့၊ သဒ္ဒအတွက်မှာ အသတ်တိမ်းပြီး၊ စပ်ကိန်းများ ဖွင့်ကာထားပုံက၊ ဦးပုညရဲ့ နိဗ္ဗန္ဓတေးထပ်တစ်ပုဒ်မှာ...

'ဖော်မမှီ ဓောဂီလေ့၊ မျှော်ရည်၍ သိက္ခာတော်ကြည်မွေ့၊ ရိပ်သာမှာ အဝိဇ္ဇာမသန်း။ လှိုင်နန္ဒချောင်ကာငုဝယ်၊ တောင်ဝေဘူဆိတ်ငြိမ်တဲ့လမ်း'ဟူ၍လည်းကောင်း။

'ငှင်းရေးတာဝတိအုံအုပ်က၊ စာလုပ်တိုင်း ငါပါ...'ဆိုတဲ့ တေးထပ်ထဲမှာလည်း 'အကျင့်တန်စာဂီမှာ၊ တစ်ဆံချည်မရှိ...'ဟူ၍လည်းကောင်း။

အချုပ်တန်း ဆရာဖေရေး 'တို့ထိပ်တင်' ချီတေးထပ်တွင်...'နေရီရီလေပြည်လွင့်ပြန်တော့၊ ရွှေဖီပွင့်လှိုင်ကြူ'ဟူ၍လည်းကောင်း။

ငှင်း ရေး 'ကာလနယ်ဆိုးပါဘိ'ချီ တေးထပ်တွင်...'ခုများဖြင့် မုသားညီတယ်၊ လူ့ဘုရား တည်မှိန်နွမ်းရဲ့လေး'ဟူ၍လည်းကောင်း။

မြင်းစိုင်းမင်းသမီးရေး 'စံတော်ရာ'ချီတေးထပ်တွင် 'သစ္စာတော်အတည်ထားပါငဲ့၊ ပလီအားမကြံ'ဟူ၍လည်းကောင်း။

တောင်သမန်လယ်စား ဘောလယ်၌ 'သင်းပျံ့အေးကြည်၊ အီစတန်ပက်ပါလို့၊ ကတီယံထက်မှာလ'ဟူ၍လည်းကောင်း။ 'စောင်းတော်ကိုပိုက်ပါလို့၊ လွမ်းခိုက်ကိုမျှော်၊ ခွန်းတိုက်ခေါ်ပါတဲ့ တစ်တီတူး။ ဖြစ်ပြီဘူးဆိုလင့် ဟိုကမြည်၊ စိုရပြန်ပြီ၊ ရွှေမျက်ရည်လဲ့မှာလေး သေးကဲ့သို့နှီ'ဟူ၍လည်းကောင်း။

လှိုင်ထိပ်ခေါင်တင်ရေး ဘောလယ်တွင် 'ပဲရှုလည်းသာထွေ စောင်ရေချုပ်ပါလို့၊ မန်းရပ်သာစွစ်ဌာနီ၊ ရာပြည့်စက်စုံဖူးတယ်လေး၊ ဦးလူလို့ချီ။ သာပေါင်းခပါလို့၊ မြနန်းတည့်'ဟူ၍လည်းကောင်း။

သို့ကလို အတ္တမပျက်ရအောင်၊ လုံးကြီးတင်နှင့်ညသတ် မစပ်အပ်ဆိုတဲ့ သဒ္ဒကို



မမက်ဘဲ၊ တစ်ခါတစ်ရံ ကဗျာသဏ္ဌာန်မှာ အသတ်ထိမ်းကြားဗျ... ထို့ကြောင့် အမှတ်စိမ်းတဲ့ စကားတောင်ဆရာရဲ့၊ အနောက်တစ်ခါ အဖမ်းမနုတ်ရအောင်၊ ကျမ်းအဟုတ်သုဗောဓကို ဂရုတောဝါလျှင် အဖတ်၍မို့၊ အလင်္ကာကိုတတ်မှ ဖော်ဒြပ် သရုပ်နှင့်။ ကော်ကပ်တဲ့အလုပ်ကို အမှန်ပြုသင့်သဗျ၊ အံတုကာ ခုအနေငြိမ်းနှင့်၊ ဥပဒေ မကျွမ်းအတွင်ကပ်လိုလျှင်၊ ဖင်ပတ်နှင့် ကော်အိုးကိုယူပြီးလျှင်၊ ဒေါ်ပိုးဖြူရဲ့ ဆေးလိပ်ခုံကို သွားရုံပ။ ဟုတ်လား၊ တွင်တွင်ကြီး ကော်ကပ်ရမှာပဲ။

အဲ...သို့မို့ကြောင့်၊ မိမိဟန်မကျတဲ့ ကဗျာသရုပ်တွင် ဆရာမလုပ်ဘဲ တပည့်အနေဖြင့်သာ၊ အဖွဲ့နဘော ကဗျာအမြင်ကြွားသည့်၊ တကယ့်ကဝေ ဆရာအရှင်များထံမှာ၊ စာသင်သားအဖြစ်ရောက်အောင်၊ တစ်နှစ်လောက်ဆက်ကာ မှီးစေဖို့၊ ငှက်ဆရာဒီးက အကြံပေးလိုက်သည်'ဟူလို။

အထက်ပါ ဆရာချို၏ ရေးသားချက်များနှင့် ပတ်သက်၍ မြန်မာ့အလင်း ဦးစိန်း၏ ချေပချက်များကို မဖတ်ရဘဲ ငြိမ်၍သွားသည်ကို တွေ့ရ၏။ ဆရာချိုမှာ ကလောင်ထက်သလောက်လည်း အရေးအသား ထိမိပိုင်နိုင်သူဖြစ်သည်။ သူ၏ ရေးသားချက်တို့မှာ အကွက်စေ့(ကွက်တိ)ပြောင်မြောက်အောင် ရေးနိုင်သူလည်း ဖြစ်သည်။

## ကျွတ် မုန်း ဝင်နှင့် ကျား၊ စိန်

ဗဟုသုတအရာတွင်လည်း ပြည့်ဝကုံလုံစွယ်စုံရ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အလျှောက် သူ၏ရေးသားချက်တို့မှာ တစ်ဖက်သား မလှုပ်နိုင် မလွန့်သာအောင် ထိထိမိမိလည်း ရှိလှသည်။ ယခု ဦးစိန်းတို့ပွဲပြီး နောက်မကြာမီ နောက်တစ်ပွဲ ဆက်လာပြန်သည်။ ထိုပွဲမှာ ထိုအချိန်က မြန်မာစာတွင် ဒိတ်(ထိပ်)များ ဖြစ်ကြသော အမျိုးသားပညာဝန် ဦးဖိုးကျား (ဆရာကျား)နှင့် အငြိမ်းစားပညာအုပ် ဦးဖိုးစိန်တို့ပွဲပင် ဖြစ်သည်။

ထို(ကျား စိန်) ပုဂ္ဂိုလ်ကြီးနှစ်ဦးက မြန်မာစာအရေးအသားနှင့် အချိန်ကို ခေတ်အလျှောက် ချွေတာသောသံဘောဖြင့် အတိုကောက် အရေးအသားများကို အဆိုပြုတင်ပြလာရာ တစ်ဖက်မှ အဆိုပြုချက်များကို ဆရာချိုက ပိုင်ပိုင်နိုင်နိုင်ကြီး ချေပရေးသားခြင်းပင် ဖြစ်သည်။ ယခု အောက်ပါဆောင်းပါးကို ဖတ်ခြင်းဖြင့် ကလောင်ထက်မြက်ပုံ၊ အရေးအသားရဲရင့်ပိုင်နိုင်ပုံနှင့်အတူ စွယ်စုံရ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း သိသာထင်ရှားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျွတ်-မုန်း-ဝင်

'ယခုဘလောက် ဒီးဒုတ်ကြီးတို့ မြန်မာပြည်၌ ဤမည်သော စာပေအရေးအသားတို့မှာ အတွေးထွားကာ လွတ်ရုံးသဘင်မှုရယ်လို့ ဖွတ်သုံးချင်သူတွေဟာ၊ ကျွတ်–မုံး–ဝင် ဟူသော အရှုးတော်အမှုူး နောက်လုံးကဲ့သို့၊ ဦးပေါဦး လျှောက်ထုံးနှင့် တစ်သားတည်း ကျကုန်ကြပကောလေ'

'ကျွတ်–မုံး–ဝင်ကို အတွေးနက်သဖြင့် ဆေးဘက်၊ ဓာတ်ဘက်၊ လောကုတ္တရာ ငြင်းကြသလို၊ သဘောဟုတ်တာကင်းအောင် မြန်မာအရေးမှာလည်း၊မတာန်မရာတွေးပြီး အတိုနည်း အရှည်နည်းရယ်လို့၊ အမည် တစ်သီး ထွက်ပေါ်လာပြန်ပကောဗျာတို့။'

'ယခု ပညာအုပ်မင်း ဆရာကျားတို့၊ ဦးဖိုးစိန်တို့တစ်သိုက်က ရေးကလွတ်ရုံးသဘင်များမှာပင် (သည်)ကို (သ်)ဟူ၍ရေးကြောင်း၊ (ကြောင့်)ကို (ငွေ့)ဟူ၍ ရေးကြောင်းဖြင့် အရေးအသားတွေ ပြောင်းပစ် ကုန်ကြပကောလေ'

## ကျောင်းစာရေး

'သည်လို အရေးမျိုးတွေဟာ အမှန်မှာ လွတ်ရုံးသဘင်ကလာတဲ့အရေး မဟုတ်ဘူးဗျ။ ရှေးဘုန်းကြီးကျောင်းများမှာ ပေစာရေးရတဲ့ကျောင်းစာရေးများရဲ့ အကျင့်က ပေစာရေးသွားလို့ စာကြောင်းအဆုံးမှာ (သည်) တို့ (ကြောင့်)တို့ ရေးစရာရှိလျှင် မရေးလောက်သဖြင့်(သ)ကို အဆုံးမှာရေးပြီးမှ အောက်တန်းစာကြောင်းအစမှာ (ည်)ကို ရေးဖို့ရာကလည်း စာလုံးကြားပြတ်မည်။ ပေရွက်ကလည်း အတော်ရှည်သဖြင့် အဖတ်ခက်မည် စိုး၍(သ်)ဟု ရေးလောက်အောင်ကဲပြီး ရေးလေ့ရှိကြသဗျ။ (ကြောင့်)မှာလည်း ထိုနည်းနှင်နှင် (ေ)တစ်ဖက်၊ (ကြာင့်) တစ်ဖက် ရေးဖို့ခက်သဖြင့် (ငွေ့)လို့ ရေးခြင်းဖြစ်သဗျ။

'အဲဒီကျောင်းစာရေးတွေရဲ့ အခဲအကပ်အကြပ်တည်းမှာ ရေးတဲ့နည်းကို အဟုတ်ကြီးထင်ပြီး လိုက်နာ၍ အတိုနည်းလေးဘာလေးနှင့် ရေးသားနေကြတော့ ကျောင်းစာရေးကို ဆရာတင်ရာ ရောက်နေသဖြင့် အတော်ပင် ဝွကျနေသဗျ'

'ထိုမှတစ်ပါး ရေထုံးရေးနည်းကို အများနားလည်သလို မရေးလည်း (ကြောင့်)ကို (ငွေ့)လို့ ရေးထားတော့ ကလေးများက (ငင့်)လို့ ဖတ်ကြမှာပေါ့လေဗျာ၊ အဲဒီကတည်းက ၎င်းအရေးသည် သံသယဒေါသ သင့်သော ပုဒ် ဖြစ်နေပြီ။ အချို့ကလေးများမှာလည်း မဖတ်တတ်သဖြင့် ကိလိဋ္ဌဒေါသသင့်ပြန်လေသည်။



'စာရေးဆရာဟူသည် (အတ္တော အကၡရာ သညာတော)ဟူသည့်အတိုင်း လိုအပ်သော အဓိပ္ပာယ်ကို အက္ခရာက ဖော်ပြရမည်ဖြစ်ရကား (အများ ညီ၊ ဤကျွဲဖတ်) ဟူသော ရှေးစကားပုံအရ အများနှင့်ဆန့်ကျင်ပြီး မလုပ်အပ်ကြောင်း စေတနာကောင်းနှင့် သတိပေးလိုက်ပါသည် မိတ်ဆွေတို့' (ဤစာပေတိုက်ပွဲအကြောင်းများကို ဆရာဇွေဥဒေါင်း၏ စာဝက်ပါစာအုပ်မှ တစ်ဆင့် ဖော်ပြပါသည်။)

## ပညာရှိကြီးများ၏ သည်းခံစိတ်

အထက်ပါရေးသားချက်များကို ဖတ်ရခြင်းဖြင့် 'ဟိုက်–ဒီးဒုတ်ကတော့ ကျုပ်တို့ကို ဆော်လိုက်ပကောဗျ'ဟု တစ်ဖက်သားအဖို့ နာသာခံခက်ဖြင့် စိတ်မကွက် ပြုံးချက်ကလေးများ ပေါ်လာနိုင်သည့်အရေးအသား (ဟာသ)ကွက်မျိုးပါရှိသည့်အချက်များကလည်း ဆရာချို၏ ထူးခြားသော ကလောင်စွမ်းထက်မြက်မှုများ ဖြစ်သည်။

သို့သော် ရှေးအခါက စာပေပညာရှင် ကလောင်သမားကြီးများသည် ယင်းကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် သူနိုင်ငါနိုင်အတိုက်အခံ ရေးသားကြသော်လည်း သူတို့စိတ်မှာ စာပေပျော်ရွှင်မှု သဘောတစ်ခုဖြင့်သာ တစ်ဦးအပေါ်တစ်ဦးပုဂ္ဂိုလ်စွဲအာဃာတမထား၊ မုန်းတီးအမျက်သို ငြိုငြင်ခြင်း မရှိကြကြောင်း တွေ့ရသည်။ ထိုအချက်များသည်ပင် ရှေးကစာပေပညာရှင်ကြီးများ၏ စိတ်သဘောထားပြည့်ဝမှု၊ ပညာရှိပီသမှု၊ သဘောထားကြီးမားသည်းခံမှုစသော ကြည်ညိုစရာ၊ ချစ်စရာ အကွက်ကလေးများ ဖြစ်သည်။

ထိုအချက်ကို ယခု ကျွန်ုပ်တို့ နှောင်းလူငယ်စာပေပညာရှင်များ ဂုဏ်ပြုချီးကျူးအတုယူသင့်လှသည်။ ရှေးခေတ်မှ မော်ဘီဆရာသိန်းကြီး၊ စာတော်ပြန် ဆရာကြီးဦးစော၊ ဆရာရိပ်၊ မြန်မာ့အလင်းအယ်ဒီတာချုပ် ဦးကြီးစိန်၊ ဒီးဒုတ်ဆရာချို၊ ပညာဝန်ဦးဖိုးကျားစသော ပုဂ္ဂိုလ်ကြီးများ။

ထိုသူများနောက် ကျွန်ုပ်တို့ လက်လှမ်းမီ (ပထမစာပေခေတ်ဦးဟု ဆိုရမည့်) နှောင်းခေတ်တွင်လည်း ဆရာဒဂုန်ရွှေမျှား၊ ဆရာဒဂုန်နတ်ရှင်၊ ဆရာဇေယျ၊ ဆရာရွှေသဖင်၊ ဦးညာဏစသော ပုဂ္ဂိုလ်ကြီးများမှာ တစ်ဦးနှင့်တစ်ဦး ယနေ့တိုင် လေးစားမှု၊ ခင်မင်မှုများ ရှိကြသည့်အကြောင်းကို ကျွန်ုပ်တို့ ကိုယ်တွေ့မျက်မြင်ပင် ဖြစ်သည်။

စစ်ကြိုခေတ်က မြန်မာ့အလင်းအယ်ဒီတာချုပ် ဦးစိန်း မကွယ်လွန်မီက၊ တူသားနှောင်မယ်၊ သားချင်းများသဖွယ် ခင်မင်ရင်းနှီးခဲ့သော ဦးကြီးစိန်းအိမ်သို့ ကျွန်ုပ်တို့ (သိပ္ပံကျော်ထင်ကြီးနှင့်အတူ)မကြာမကြာ ရောက်ခဲ့သည်။ ထိုအခါများက ဦးကြီးစိန်းသည်

www.burmeseclassic.com

www.burmeseclassic.com



စာနယ်ဇင်းလောက၏ ရှေးဟောင်းနှောင်းဖြစ် အကြောင်းများကို ရံဖန်ရံခါ ပြန်ပြောင်း ပြောဆိုရင်း စကားစပ်မိရာမှ ဒီးဒုတ်ဆရာချို၏အကြောင်းများသို့ ရောက်သွားရာ...

'ကိုဘချိုမှာ အရေးကောင်း၊ အပြောကောင်း၊ အဆိုကောင်း၊ အတီးကောင်း၊ အဘက်ဘက်မှ စွယ်စုံပြည့်ဝသူ ဖြစ်သည်။ သူလို စွယ်စုံနှံ့စပ်ပြည့်စုံသူမျိုးရှားသည့်အကြောင်းနှင့် ဆရာချိုအား ချီးမွမ်းစကားပြောသည်များကို ကြားနာမှတ်သားခဲ့ရသည်။ ထိုနောက် ဒို့ဗမာသခင်ခေတ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူ၏ငယ်ပေါင်းမိတ်ဆွေ ရေးဖော်အချစ်တော်ကြီး (အရီးစိမ်း)ဦးစိန်းအား သခင်အဖွဲ့တွင်းသို့ ဝင်ရန် တိုက်တွန်းပြောဆိုရာ 'အိုဗျာ...ကလေးကလား'ဟု ဦးစိန်းက ပြန်ပြောခဲ့သည်။

ထိုစကားကို သခင်ကိုယ်တော်မှိုင်းကြီးက မကျေနပ်ဘဲ 'ခင်ဗျားက (ကျွန်တော) လမ်းမှာနေတော့ ကျွန်စိတ်မှ မကုန်သေးဘဲ'ဟု ပြန်၍ တွယ်သွားသေးကြောင်းများကိုလည်း ကြားရ မှတ်ရသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနေသော လမ်းမှာ ကြည့်မြင်တိုင်၊ ချမ်းသာလမ်းဖြစ်၍ ဦးကြီးစိန်း နေသောလမ်းအမည်မှာ ကျွန်းတောလမ်းဖြစ်ရာ ကျွန်းတောကို ကျွန်တောဟု ခနဲ့တွယ် တွယ်သွားခြင်းဖြစ်၏။ သို့သော် သူတို့ စိတ်မဆိုး။ ထိုအချက်များ က ရှေးပညာရှင်ကြီးများ တစ်ဦးအပေါ်တစ်ဦး ရင်းနှီးခင်မင်မှု၊ ပြောမနာ ဆိုမနာ သဘော ထားကြီးမှုများကို ပြသောအကြောင်းများပင် ဖြစ်သည်။

## ဆရာချို၏သဘောထားကြီးမှု

ဆရာချိုနှင့်ကား ဤစာရေးသူမှာ စစ်ကြိုခေတ်စာရေးဆရာအသင်းတွင် (၂ နှစ်) တာမျှ အတူတကွ လုပ်ကိုင်ရသည်။ ဆရာရင်း တပည့်ရင်းပမာ ရင်းနှီးခဲ့ရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား အထူးလေးစားသူဖြစ်ကြောင်း သိရကာ၊ ဆရာကြီးမှာ အမျိုးကိုချစ်စိတ်တွင် သူမတူအောင် ပြင်းထန်လှသူတစ်ဦးဖြစ်သည့်ပြင် ဆရာ၏စာပေများ ကျော်ကြားမှုနှင့် စာပေနယ်တွင် ဆရာကြီးအား ဖက်ပြိုင်နိုင်စွမ်းမရှိသော အချက်တစ်ခုမှာ ဆရာကြီးကဲ့သို့ မဟာကဗျာလေးချိုးကြီးများ ရေးသားခြင်းတွင် သူ့ကိုမှီအောင် မည်သူမျှ ဖက်ပြိုင်ရေးစွမ်းနိုင်ခြင်း မရှိသည့်အကြောင်းများကို ဆရာ၏ ပြောပြချက်အရ မှတ်သားရဖူးသည်။

ထိုအကြောင်းများနှင့် တစ်ဆက်တည်းပင် ဆရာ၏နိုင်ငံရေးသဘောထားနှင့် ပတ်သက်၍ ဆောင်းပါးများတွင် ကျွန်ုပ်တို့ မကြာမကြာ ရေးသားဖော်ပြဖူးသည့်အတိုင်း...

'ဆရာတို့ နိုင်ငံရေးအလုပ်နဲ့ အယ်ဒီတာအလုပ်ကို ခွဲခြားလုပ်ခဲ့ပါတယ်။ ဟော...



ဦးဘဖေ၊ ဦးဘမော်တို့ဆိုရင် မိတ်ဆွေအရင်းအချာကြီးတွေပဲ၊ ဒါပေမဲ့ သူတို့မှာ အပြစ်တွေ့ရင် တွေ့သလို ဆရာ့ဂျာနယ် သတင်းစာတွေထဲက တစ်တစ်ခွခွ တွယ်တာပဲ၊ နောက်ပြီး အပြင်ဖက်မှာဆိုရင် မိတ်ဆွေမပျက် ဆက်ဆံတာပဲ၊ ဆရာတို့က ဒီလိုသဘောထားနိုင်ပါတယ်' ဟူသော စကားပင် ဖြစ်သည်။

ဆရာ၏ စကားများကလည်း အမှန်ပင်ဖြစ်သည်။ ဒေါက်တာဘမော်၏အကြောင်း အခန်းကဏ္ဍသို့ မရောက်သေး၍ ဤနေရာတွင် မဖော်ပြနိုင်သေးသော်လည်း အထက်ပါ အတိုင်း ဦးဘဖေနှင့်ပတ်သက်၍ ရင်ဆိုင်ခဲ့ရသော နိုင်ငံရေး၊ ဘာသာရေး ပြဿနာအချို့ကိုမူ ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့သော် မကုန်သေးဘဲ ယခုတဖန် ထပ်မံဖော်ပြရန် အကြောင်းတစ်ရပ်က ပေါ်လာပြန်သည်။

ထိုအကြောင်းကား မြန်မာပြည်အား (၁၉၃၅ ခုနှစ် အုပ်ချုပ်ရေးအက်ဥပဒေအရ) အိန္ဒိယပြည်နှင့်ခွဲ၍ မြန်မာပြည်အဖို့ အုပ်ချုပ်ရေးသစ်တစ်ရပ်ကို ပြဋ္ဌာန်းစီစဉ်ရန်ပေါ်ပေါက်လာသော ကိစ္စပင် ဖြစ်သည်။ (ထိုအုပ်ချုပ်ရေးသစ်ကိုပင် နောင်တွင် (၉၁)ဌာန အုပ်ချုပ်ရေးဟု ခေါ်ဆိုခြင်း ဖြစ်သည်။)

အုပ်ချုပ်ရေးနှင့်အတူ အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေး–တွဲရေး ပြဿနာတစ်ရပ်လည်း ပေါ်လာတော့သည်။ ထိုစဉ်က အိန္ဒိယပြည်နိုင်ငံရေးမှာ မြန်မာပြည်ထက် အထက်တွင် ဖော်ပြခဲ့ပြီးအတိုင်း ပိုမိုတက်ကြွ ပြင်းထန်တင်းမာ၍နေရာ အိန္ဒိယပြည်အား အုပ်ချုပ်ရေးအဆင့်အတန်း တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိ၏။

ထို့ကြောင့် အိန္ဒိယပြည်ထက် နိမ့်ကျသော အုပ်ချုပ်ရေးကို မြန်မာပြည်အားပေးရန် အစီအစဉ်ဖြင့် မြန်မာပြည်အား ခွဲထုတ်လိုခြင်း ဖြစ်သည်ဟု အိန္ဒိယနှင့် မခွဲလိုသူများက အကြောင်းပြကြ၏။ အိန္ဒိယနှင့် ခွဲလိုသူများကမူ လူမျိုး၊ ဘာသာ၊ ဓလေ့၊ စရိုက်ချင်းမတူသော အိန္ဒိယပြည်နှင့် ခွဲကာ မိမိတို့ အလိုရှိသော အုပ်ချုပ်ရေးကို တောင်းဆို၍ မိမိတို့၏ ကိုယ်ပိုင်ခြေထောက်ပေါ်တွင် ရပ်တည်သွားလာရန် အကြောင်းပြကြသည်။

ထိုသို့ ခွဲထွက်ခြင်းဖြင့် တာဝန်ခံရာထူးများ၊ အကျိုးခံစားခွင့်ဌာနများ ပိုမိုခံစားလာနိုင်မည်ကို ငါစားနိုင်ငံရေးသမားများ၏ ရည်ရွယ်ခြင်းအကြောင်းပြချက်များ ဖြစ်သည်ဟု တစ်ဖက်သော တွဲရေး (မခွဲခွာရေး)သမားများက စွပ်စွဲပြောဆိုကြသည်။ အမှန်အားဖြင့်လည်း တစ်ဖက်မှ စွပ်စွဲပြောဆိုချက်များ မှန်သင့်သလောက်မှန်သည်ကို နောင်တွင်တွေ့ရ၏။

ထိုသို့ အုပ်ချုပ်ရေးသစ်အရ တာဝန်ခံရာထူးများကို ခွဲဝေယူရာတွင် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း စိတ်ဝမ်းကွဲလာမည့် အရေးများကို တစ်ဖက်သော နယ်ချဲ့သမားများက ကြို တင်သိမြင်ကာ အမျိုးသားချင်း သွေးခွဲစနစ်မျိုး* ဖြင့် ဖန်တီးစီစဉ်လိုက်ခြင်း ဖြစ်၏။

□

* Devide and Rule

# အခန်း (၅)

## ဆိုင်မွန်ကော်မရှင်

မကြာမီ ဤအချက် ထင်ရှားလာသည်ကား ယင်းအုပ်ချုပ်ရေးသစ်နှင့် အိန္ဒိယပြည်နှင့် ခွဲရေး–တွဲရေး ပြဿနာအတွက် စုံစမ်းရန် ဘိလပ်ပါလီမန်မှ အမတ် ဆာဂျွန်ဆိုင်မွန် ဦးစီးသော (ဆိုင်မွန်ကော်မရှင်)ဖွဲ့၍ စေလွှတ်လိုက်ခြင်းပင် ဖြစ်၏။ ထိုကော်မရှင်တွင် မိမိတို့ သဘောထားများကို ဆွေးနွေးပြောဆို အစစ်ခံရန်ဖြစ်ရာ အိန္ဒိယကမူ ထိုကော်မရှင်ကို ဦးစွာပင် သပိတ်မှောက်လိုက်ကြသည်။

အိန္ဒိယပြည်၏အကြောင်းပြချက်ကား ထိုကော်မရှင်မှာ မိမိတို့အလိုရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပေးနိုင်စွမ်းရှိသည့် ကော်မရှင်မဟုတ်ဘဲ ဗြိတိသျှပါလီမန်၏ အလိုကျ စီစဉ်ဆုံးဖြတ်ထားပြီးအတိုင်း ရောက်လာသည့်ကော်မရှင်တစ်ရပ်သာ ဖြစ်၍ ထိုကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အကျိုးမထူးဟူသော ဆုံးဖြတ်ချက်အရ ဆန္ဒပြ သပိတ်မှောက်လိုက်ခြင်း ဖြစ်၏။

ထိုအယူအဆအတိုင်းပင် မြန်မာပြည်နိုင်ငံရေးသပိတ် ဂျီစီဘီအေများကလည်း အိန္ဒိယနည်းတူ ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြရာ မူလကပင် နိုင်ငံရေးအယူအဆမတူခဲ့ကြသော (၂၁)ဦးများနှင့် ဤတစ်ကြိမ်တွင် တစ်ဖန် ထိပ်တိုက် တွေ့လာကြပြန်သည်။

ထိုဆိုင်မွန်ကော်မရှင်ကို တွေ့ဆုံသင့်–မသင့်၊ အိန္ဒိယပြည်နှင့် မြန်မာပြည်ခွဲသင့်–မသင့်၊ စဉ်းစားရန် (၂၁)ဦး လူစုများက ကမကထပြု၍ ဂျူဗလီဟောရုံတွင် အစည်းအဝေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကျင်းပပြုလုပ်လေသည်။ ထို အစည်းအဝေးကို ကြီးမှူးပြုလုပ်သူမှာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာမြို့(လယ်တီဦးဝါယမ) ဖြစ်၏။ ထိုအစည်းအဝေးသို့ လူပေါင်းတစ်ထောင်ခန့် တက်ရောက်ကြသည်။

## စတုဒိသာ တစ်ရာကော်မတီ

ထိုနေ့ ထိုအချိန်နှင့် တစ်ပြိုင်တည်းပင် (၁၂၈၀ ခု၊ တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ ၁၂ နာရီတွင်) ရွှေတိဂုံဘုရားကြီးတောင်ဘက်မုခ် စတုဒိသာဇရပ်ကြီးတွင် ဆရာတော်ကြီး ၈ ပါးနှင့် လူပုဂ္ဂိုလ်နိုင်ငံရေးခေါင်းဆောင်ကြီး ၉ ဦးတို့က ကြီးမှူး၍ ထိုဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ရန် ပြည်လုံးကျွတ် အစည်းအဝေးကြီးတစ်ရပ်ကို ဖိတ်ခေါ်ကျင်းပခဲ့လေသည်။ ထိုအစည်းအဝေးတွင် အလယ်တောရဆရာတော်က သဘာပတိပြုလုပ်၍-ဒီးဒုတ်ဦးဘချိုက အတွင်းရေးမှူး လုပ်ခဲ့သည်။

ထိုအစည်းအဝေးသို့ ရန်ကုန်မြို့ပေါ်မှ ထင်ရှားသောဆရာတော်ကြီးများနှင့် ဂျီစီဘီအေဥက္ကဋ္ဌကြီး ဦးချစ်လှိုင်၊ ဝတ်လုံ ဦးအစီ၊ ဝတ်လုံ ဦးပေါ်ထွန်း၊ ဝတ်လုံ ဦးပု (၂၁–ဦး)၊ ဝတ်လုံ ဦးကွန်း၊ ဝတ်လုံ ဦးဘစိုး၊ ဝတ်လုံ ဦးခင်မောင်ကြီး၊ ဝတ်လုံ ဦးစိုးညွန့်၊ ဝတ်လုံ ဦးအေး၊ အမေရိကန်ပြန် ဓာတုဗေဒအင်ဂျင်နီယာ ဦးသာယာဝတီ မောင်မောင်၊ ဂျာမနီပြန် ဦးစု၊ ပြည် ဦးမြင့်၊ လမ်းမတော် ဦးဘသော်၊ ဦးဘိုးဆင်၊ ရမ်းဗြဲ ဦးမောင်မောင်၊ ဦးကိုင်းကျော်စသော ပုဂ္ဂိုလ်များ၊ မြန်မာ့အလင်းဦးစိန်း၊ ဦးပုကလေး၊ ဒီးဒုတ်ဦးဘချို၊ ဗန္ဓုလဦးစိန်၊ အလင်းရောင် ကိုအောင်တင်၊ ကဝိမျက်မှန် အယ်ဒီတာချုပ် ဆရာဝ စသော သတင်းစာဆရာ အယ်ဒီတာများပါ ပရိသတ်တစ်သောင်းကျော် တက်ရောက်ကြသည်။

ထိုအစည်းအဝေးမှ '(၁) ယခု ရောက်လာမည့် ဆိုင်မွန်ကော်မရှင်ကို ဆီးကြို တွေ့ဆုံခြင်းမပြုဘဲ သပိတ်မှောက်ရန် (၂)ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ မည်သည့် ဥပဒေများကို အစိုးရက မပြုလုပ် မပြဋ္ဌာန်းရန်၊ (၃)မြန်မာပြည်အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေကျမ်းကို ရေးဆွဲရန် စသော ဆုံးဖြတ်ချက်များကို အဓိကထား အားလုံးသဘောတူ ဆုံးဖြတ်အတည်ပြုကြသည်။

ဂျာမနီပြန် ဦးစုက...'ယနေ့ ဂျူဗလီဟောရုံတွင် ကျင်းပပြုလုပ်သော အစည်းအဝေးနှင့်၊ ခေါင်းဆောင်များကို တိုင်းပြည်က အယုံအကြည် မရှိကြောင်း' အဆိုကိုလည်း **တင်သွင်းဆုံးဖြတ်ခဲ့သည်။** ထိုအဆိုကို ဝတ်လုံ ဦးကွန်းနှင့် ဒီးဒုတ်ဦးဘချိုတို့က အကျယ် **တဝင့် ပြောဆိုထောက်ခံခဲ့**ကြသည်။



ထိုနေ့က ကျင်းပခဲ့သော ဂျူဗလီဟော အစည်းအဝေးအကြောင်းနှင့်ပတ်သက်၍ ဆရာချို၏ ဒီးဒုတ်ဂျာနယ်...ပစ္စရလက္ခဏ်အခန်းမှာ ဤသို့ ဖော်ထုတ်ရေးသားထားသည်များကိုလည်း ဖတ်ရသည်။

'လွန်ခဲ့သော ၃ နှစ်လောက်ကပင် အစိုးရခန့် မင်းကိုယ်တိုင်ပင် အမတ်ဦးလွန်း (ရွှေတောင်ကြားအဖွဲ့ဝင်) တည်ထောင်သော သစ္စာဝါဒီသတင်းစာတိုက်မှ 'အိန္ဒိယပြည်မှ မြန်မာပြည် ခွဲခွာသင့်ကြောင်း' စာအုပ်ငယ်တစ်အုပ် ထုတ်ခဲ့ဖူးသည်။ ထိုစဉ်က သစ္စာဝါဒီ အယ်ဒီတာမှာ ယခု ဂျူဗလီဟော အစည်းအဝေးကို ကြီးမှူးပြုလုပ်သူ လယ်တီ ဦးမြို့ပင်ဖြစ်ကြောင်း။

ထို ဦးမြို့မှာ (လယ်တီဦးဝါယမ)ရဟန်းလူထွက် လူပြန်တော်တစ်ဦးဖြစ်ကာ နိုင်ငံရေးအကြောင်း ဘာမှ နားမလည်ဘဲ ထိုပုဂ္ဂိုလ်အား ထိုစဉ်က ပြည်ထဲရေးအမတ်ချုပ်ဖြစ်သော...ဆာဂျေအေ မောင်ကြီး၏ အိမ်သို့ ဝင်ထွက်သွားလာသည့် တပည့် ဆရာ ဒကာရင်းများ ဖြစ်သည်ဟု ဆိုကြသည်။ ဦးမြို့မှာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိပြီးသူ တစ်ဦးဖြစ်ရာ ဤအချက်ကိုလည်း စဉ်းစားရန်ဖြစ်သည်။

ထို ဆရာမြို့နှင့်အတူ ယခုခွဲခွာရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများမှာ (လယ်တီဦးကိတ္တိလူပြန်တော်) ဘီအိုကုမ္ပဏီ ဆရာစိန်ဖြစ်သည်။ ထို့နောက် သတ္တာဦးခင်မောင်နှင့် ရှေးဝိုင်အမ်ဘီအေခေတ် တရားဟောဆရာဟောင်း(အချို့က ဦးဘဖေလူ ဟူ၍လည်း ဆိုသည်) ရယ်ဂျီစတြာ ဝန်ထောက် ဦးဘစောတို့ဖြစ်သည်။ ထို့နောက် တစ်ယောက်မှာ ပုဏ္ဏား ဦးဘဖေလက်ဖြစ်ရာ ထိုသူမှာလည်း ဦးဘဖေနှင့် အဆက်အသွယ်မကင်းသူဖြစ်ကြောင်း ပြောဆိုနေကြသဖြင့် ယခု ဂျူဗလီဟော အစည်းအဝေးမှာ မည်သည့်ရည်ရွယ်ချက်နှင့် မည်သူများ၏ လက်ချက်များဖြစ်ကြောင်း ထင်ရှားလှသည့်ကို တိုင်းပြည်က စဉ်းစားရန်သာ ရှိကြောင်းဖြင့် ပြောင်ပြောင်ပင် ဖွင့်ထုတ်ရေးသားထားသည်များကို ဖတ်ရသည်။

ထိုနေ့က ကျင်းပသော စတုဒိသာမြို့လုံးကျွတ် အစည်းအဝေးကြီး၌ ထူးခြားချက်နှစ်ချက်ကို တွေ့ရသည်မှာကား ထိုစဉ်အခါက မည်သည့်အသင်းအဖွဲ့ခေါင်းဆောင်များနှင့်မျှ မျက်နှာချင်းမဆိုင်နိုင်သည့် သပိတ်မှောက် ဂျီစီဘီအေ ဥက္ကဋ္ဌကြီး ဦးချစ်လှိုင် တက်ရောက်လာခြင်းနှင့် (နောင်ကာလများတွင် နယ်ချဲ့အစိုးရအလိုတော်ရိကြီးတစ်ဦးဟု ကျော်ကြားခဲ့သော)နှင့် ဝတ်လုံ ဦးပေါ်ထွန်းတို့နှစ်ဦး တက်ရောက်လာကြခြင်းပင် ဖြစ်သည်။

ထိုအစည်းအဝေး၌ ဆိုင်မွန် ကော်မရှင်နှင့်ပတ်သက်၍ ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်က

www.burmeseclassic.com

www.burmeseclassic.com



'ယခုအခါ မြန်မာလူမျိုးများ ညီညွတ်ဖို့ အရေးကြီးလှကြောင်း မိမိသည် ညီညွတ်ရေးကို အထူးလိုလားသူ တစ်ဦးဖြစ်ပါကြောင်း။ မညီညွတ်သမျှ ဘာမျှလုပ်၍ အောင်မြင်နိုင်မည် မဟုတ်ကြောင်း။ မိမိတို့သည် မင်းတိုင်ပင်အဖွဲ့တွင်းသို့ ဝင်ရောက်ဆောင်ရွက်ရန် အလို မရှိသော်လည်း ဝင်ရောက်သူများအချင်းချင်း ညီညွတ်ရန်လိုကြောင်း၊ အိန္ဒိယပြည်မှာ ဟိန္ဒူနှင့် မွတ်စလင်များကို ကွဲအောင်လုပ်နေရာ မြန်မာပြည်တွင် လူမျိုးကွဲပြားမှုမရှိ၍ လူအချင်းချင်းကွဲအောင် လုပ်နေခြင်းမှာ ယခု ဂျူဗလီဟော ဦးမြို့တို့၏ အစည်းအဝေးကို ကြည့်၍ သိနိုင်ကြောင်း စသည်ဖြင့် ဆိုင်မွန်ကော်မရှင်အား သပိတ်မှောက်ရန် အဆိုကို အကျယ်တဝင့် ထောက်ခံ ပြောဆိုသွားလေသည်။

ထိုနောက် ဝတ်လုံဦးပေါ်ထွန်းကလည်း ထောက်ခံပြောဆိုရာတွင် 'ဆိုင်မွန်ကော်မရှင်တွင် ကုလားများမပါသဖြင့် အိန္ဒိယပြည်က လက်မခံနိုင်ဟု ဆူပူနေကြောင်း၊ သူတို့က အကြောင်းပြတာက အိန္ဒိယမှာဟိန္ဒူ၊ မွတ်စလင်လူမျိုးကွဲနေလို့ မတည့်နိုင်ဘူး၊ နို့... မြန်မာပြည်ကောလို့ဆိုတော့ မင်းတို့နေရာ မကျသေးဘူးတဲ့။

ဘိလပ်သားများဟာ မြန်မာပြည်ရဲ့အတွင်းရေးများကို သိကြတာမဟုတ်ဘူး၊ ဆင်းရဲသားတွေ ဘယ်အတွက် ဒုက္ခဖြစ်ရတယ်ဆိုတာ သူတို့မသိဘူး။ အိန္ဒိယနဲ့ မခွဲချင်တာက ကုလားကို ချစ်လို့မဟုတ်ဘူး၊ တိုင်းပြည် လွတ်လပ်ရာလွတ်လပ်ကြောင်းမှာ မဟာမိတ်ရှာရခြင်းသာဖြစ်ကြောင်း၊ ဆိုင်မွန်ကော်မရှင် သပိတ်မှောက်ကိစ္စမှာ ညီညီညွတ်ညွတ် ဆောင်ရွက်ဖို့ အရေးကြီးကြောင်း၊ တိုင်းပြည်ခေါင်းဆောင်တွေ ဒီလိုညီညီညွတ်ညွတ်ကြွရောက်လာကြတာကို ဝမ်းမြောက်ကြောင်း၊ ဆိုင်မွန်ကော်မရှင်လာတဲ့အခါ ဒိုင်အာခီကောင်းပါသည်။ အခွန်တော်မများပါလို့ဆိုမယ့် မှန်ပဲ့ဘုရား လူစုတွေရှိနေကြောင်း။ ယခုလို အရေးကြီးတဲ့တိုင်းပြည်ရေးကိစ္စမှာ ဆရာမြို့တို့လို အစည်းအဝေးမျိုးက စဉ်းစားနိုင်ပါ့မလား။ အခု အဖွဲ့အသီးသီးက ခေါင်းဆောင်အသီးသီးတွေ ကျောချင်းကပ်ဆောင်ရွက်ဖို့ အချိန်ရောက် နေပြီဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောဆိုထောက်ခံသွားလေသည်။

ထိုနောက် ဦးဘစီနှင့် သာယာဝတီ ဦးပု (နောင် အစိုးရရှေ့နေဖြစ်မည့်ပုဂ္ဂိုလ်)တို့ကလည်း 'ယခုကော်မရှင်မှာ ဘိလပ်ပါလီမန်မှ စည်းကမ်းသတ် လွှတ်လိုက်ခြင်းဖြစ်၍ ထိုထက်ပို၍ မလုပ်နိုင်ကြောင်း၊ မြန်မာပြည်က အလိုရှိသော အုပ်ချုပ်ရေးမှာ ဟုမ်ရူးဖြစ်ရာ မြန်မာပြည်၏အလိုတော်မှာ ဆိုင်မွန်ကော်မရှင် ပေးနိုင်သည်ထက် ပိုနေကြောင်း။ ထို့ကြောင့် မြန်မာပြည်က ဘာလိုချင်တယ်ဆိုတာ စုံစမ်းဖို့လာခြင်းမှာ အဓိပ္ပာယ်မရှိဘဲ ၎င်းကော်မရှင်ကို ကြိုဆိုရန်မလိုကြောင်း စသည်ဖြင့် အသီးသီး အားရဖွယ်ထောက်ခံ



ပြောဆိုသွားကြသည်။

(၂၁)ဦးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဝတ်လုံဦးပု(ရွှေကျင်)ကလည်း အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် အသင့်ရှိကြောင်းများနှင့် လူရော ရှင်ပါ ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း စသည်များကို ထောက်ခံပြောဆိုသွားရာ အားရစရာပင် ဖြစ်ကြောင်း။ (သို့သော် ထိုစဉ်က မြန်မာပြည်ခေါင်းဆောင်များ ဖြစ်ရပုံမှာ မီးရှူးမီးပန်းများကဲ့သို့ ပထမအစ၌သော် ရုတ်တရက် ဝုန်းဝုန်းဒိုင်းဒိုင်း မိုးပေါ်တက်သွားပြီးနောက် အောက်သို့ ကျလာသည့်အခါ သံချောင်းများဘဝသို့ ပြောင်းလဲသွားကြကုန်သည့်အဖြစ်များက တရားရ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။)

ထိုနေ့က မြို့လုံးကျွတ် အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်အတည်ပြုအဆိုများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့အားလုံးမှ ကော်မတီအဖွဲ့တစ်ခုကို ဖွဲ့ရန် ဝတ်လုံဦးဘစီ၏ အဆိုကို အများသဘောတူလက်ခံအတည်ပြုလိုက်ကြကြောင်း။ ဤတွင် ဂျီစီဘီအေ ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်က ယခုလောလောဆယ် ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်ယာယီကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် အဆိုကို ထပ်မံတင်သွင်းခြင်းဖြင့် ဝတ်လုံဦးပေါ်ထွန်းက ထောက်ခံကာ ထိုကိစ္စအတွက် ဆရာတော်ကြီးများအား အာဏာကုန် လွှဲအပ်လိုက်ကြကြောင်း။

ယင်းသို့ အာဏာကုန်လွှဲအပ်ချက်အရ...

(၁) အလယ်တောရ ဆရာတော်၊ (၂) ပုဇွန်တောင်အသီတိ ဆရာတော်၊ (၃) သာမု ဆရာတော်၊ (၄) စလင်း ဆရာတော်၊ (၅) ကြည့်မြင်တိုင် ကျောင်းကြီးဆရာတော်၊ (၆)ဗားကရာ ဆရာတော်၊ (၇) အလုံ ဇေတဝနာရာမ ဆရာတော်၊ (၈) ဗိုလ်တထောင် ဆရာတော် စသော ဆရာတော်ကြီး(၈)ပါးနှင့်...

(၁) ဝတ်လုံတော်ရ ဦးချစ်လှိုင် ဂျီစီဘီအေ ဥက္ကဋ္ဌကြီး၊ (၂)ဝတ်လုံတော်ရ ဦးဘစီ၊ ရှစ်ဦးအဖွဲ့၊ (၃) ဝတ်လုံတော်ရ ဦးပေါ်ထွန်း၊ သရာဇအဖွဲ့၊ (၄) ဝတ်လုံတော်ရ ဦးပု (၂၁ ဦး) ပြည်သူပြည်သားပါတီဥက္ကဋ္ဌ၊ (၅) ဝတ်လုံတော်ရ ဦးနီ၊ ပါလီမန်တည်ထောင်ရေးအဖွဲ့၊ (၆)ဦးသာယာဝတီ မောင်မောင်၊ (အမေရိကန်ပြန်)သံဃသြဝါဒခံ ဦးစိုးသိန်း ဂျီစီဘီအေ ကိုယ်စား စသော လူကြီးခြောက်ဦး ပါဝင်သည့် အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းလိုက်ကြသည်။ ထိုစတုဒိသာအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်အရ နောင်တွင် တိုးချဲ့ လုပ်ကိုင်ရန် အစီအစဉ်များရှိသည့်အတိုင်း 'စတုဒိသာ တစ်ရာ ကော်မတီ'ဟူသော အခေါ်တစ်ရပ် ပေါ်ပေါက်လာခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုယာယီကော်မတီတွင် သံဃာတော်များဘက်မှ မြင်းခြံထောင်ပြန် ဦးဝိမလဗုဒ္ဓိ ဆရာတော်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ လူပုဂ္ဂိုလ်များဘက်မှ ဒီးဒုတ်ဦးဘချို အား အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ခဲ့ကြသည်။ ထိုကော်မတီကို နောက် တစ်ကြိမ် အစည်းအဝေးခေါ်သည့်အခါ ယခင် တစ်ရာကော်မတီကို အမြန်ဖွဲ့စည်းနိုင်ရန် အတွက် ရဟန်းတော်အပါး (၃၀)ကို ဆရာတော်ကြီးများက ရွေးချယ်ခန့်ထားရန်နှင့် လူပုဂ္ဂိုလ်ခေါင်းကြီး (၆)ဦးက တစ်ဦး (၁၀)စီ (၆၀)ရွေးချယ်ရန်၊ ကျန်(၁၀)ဦးကို မြို့နယ် များမှ ရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ကြသည်။

## ဒီးဒုတ်အယ်ဒီတာ၏ ကန့်ကွက်ချက်

ထိုအစည်းအဝေးသို့ ဒီးဒုတ်ဦးဘချိုမှာ နေထိုင်မကောင်း၍ မတက်ရောက်နိုင်ဘဲ ရှိ၏။ ထိုဆုံးဖြတ်ချက် ထွက်လာသည့်အခါ ဆရာချိုက သဘောမတူဘဲ သူ၏ဂျာနယ်မှ အကြောင်းပြ၍ ရေးသားကန့်ကွက်ခဲ့လေသည်။ ယင်းသို့ ကန့်ကွက်ရာတွင် 'ဦးဘချို မှာ စက္ကရီတေရီဝတ္တရားအတိုင်း လိုက်နာဆောင်ရွက်ရန် အမြဲအသင့်ရှိပါသော်လည်း ယခုလို အကြောင်းပြ ရေးသားကန့်ကွက်ရာ၌ စက္ကရီတေရီ ဦးဘချိုမဟုတ်၊ ဒီးဒုတ်အယ်ဒီ တာ သဘောမျိုးကန့်ကွက်ရခြင်းဖြစ်ကြောင်းဖြင့်...

'ယခု တင်မြှောက်ထားသောလူကြီးများမှာ တစ်ပြည်လုံးက အများဆန္ဒနှင့်တင် မြှောက်ထားသော လူကြီးများ မဟုတ်သောကြောင့် ထိုလူကြီး (၆)ဦးတို့က ယခုတင် မြှောက်မည့် ကောမတီ(၆၀)မှာလည်း အများ သဘောကျကော်မတီများမဖြစ်ဘဲ ကိုယ် ကြိုက်ရာ ကိုယ့်လူကိုယ် တင်မြှောက်သလို(ဝါ)လူစုသလို ဖြစ်မှာ စိုးရသည့်အကြောင်းနှင့် နယ်များမှ အများသဘောတူ ရွေးကောက်တင်မြှောက်ခြင်းသာလျှင် တရားနည်းလမ်း မှန်ကန်ရာ ရောက်မည်ဖြစ်ကြောင်း ဆရာ၏ဒီးဒုတ်ဂျာနယ်၊ ပစ္စုရလက္ခတ်ကျမ်း အခန်းမှ ရေးသားခဲ့လေသည်။ ဤအချက်ကပင် 'စကတည်းက ယဉ်သကို...'ဆိုသကဲ့သို့ ယင်းတစ်ရာကော်မတီဖွဲ့စည်းရန် စတင်ကြံစည်စဉ်မှစ၍ အက်ကြောင်းထင်လာရ ခြင်းပင်တည်း။

|ဤတွင် ကျွန်ုပ်တို့ လေ့လာသိကြား မှတ်သားရသမျှမှာ အထက်ပါဆရာတော် များမှ သံဃာကိုယ်စားလှယ်(၃၀)၊ လူပုဂ္ဂိုလ်ခေါင်းဆောင်များမှ (၆၀)၊ (ပြင်ပ-၁၀) စသည်ဖြင့် အမြန်ဖွဲ့စည်းနိုင်ရန် အဆိုသွင်းတိုက်တွန်းသူမှာ ယာယီကော်မတီတစ်ဦး ဖြစ်သော ဝတ်လုံ ဦးပေါ်ထွန်းဖြစ်သည်။ ထိုနောက် ဦးဘချို၏နယ်များမှ ရွေးကောက် တင်မြှောက်ရန် ထပ်မံ စဉ်းစားရန်အဆိုပြုချက်ကို 'အချိန်မရှိ' ဟူသော အကြောင်းပြချက် ဖြင့် မတင်ဖြစ်အောင် ကန့်ကွက်ပြောဆိုသူမှာလည်း ယင်းဦးပေါ်ထွန်းပင် ဖြစ်ကြောင်း ကြားသိမှတ်သားရဖူးသည်။ မှားသည်၊ မှန်သည်ကိုကား တပ်အပ်သေချာ မဆိုနိုင်သော် လည်း ထိုစဉ်က နိုင်ငံရေးပုဂ္ဂိုလ်များ လုပ်နည်းလုပ်ဟန် လုပ်တတ်လေ့ရှိသည့်နည်း ပရိယာယ်ဝေဝုစ်အတိုင်း မိမိတို့အလိုကျ ဘက်တော်သား လူစုသောနည်းမျိုးလည်း ဖြစ်နိုင် ကောင်းစရာရှိပေသည်|



သို့သော် နောက်ဆက်တွဲ သက်ရာရဖွယ် ဆုံးဖြတ်ချက်ကလေးများ ဆက်၍ပါရှိ လာသည်ကား ယင်းတစ်ရာကော်မတီအဖွဲ့ဝင်များကို လက်ခံဆုံးဖြတ်ရာတွင် ဆရာတော် ကြီးများ၏ များရာသဘောကျဖြစ်စေရမည့်အပြင် ယင်းကော်မတီဝင်မည့်သူများသည် ယခင်ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ခြင်း စသော ပြည်လုံးကျွတ်အစည်းအဝေးကြီး ၏ ဆုံးဖြတ်ချက်များကို သဘောတူသူ ဖြစ်စေရမည်။

ရွေးကောက်ပွဲဝင်မည့် ပုဂ္ဂိုလ်များဖြစ်လျှင်လည်း ဆရာတော်ကြီးများ၏ အမိန့် အာဏာကို တစ်သဝေမတိမ်းလိုက်နာနိုင်သူများ ဖြစ်စေရမည့်ပြင် ဆရာတော်များ၏ သဘောတူဆုံးဖြတ်ရာကျမ်းသစ္စာများကို ကျိန်ဆိုရမည့်သူများ ဖြစ်ရမည်ဟူသော ဆုံးဖြတ် ချက်များပင် ဖြစ်သည်။ ထိုနောက် အလယ်တောရဆရာတော် အမှူးပြု၍ ဆရာတော်များ အားလုံး သဘောတူ ဆုံးဖြတ်ချက်အရ ကော်မတီဝင်များ ကျမ်းသစ္စာ ကျိန်ဆိုရမည့် ကတိသစ္စာလေးချက် ထွက်ပေါ်လာလေသည်။

## ဆရာတော်ကြီးများ၏ သစ္စာစာတမ်း

ထိုသစ္စာလေးချက်ကား...(၁) သစ္စာ၊ (၂)ဓမ္မ၊ (၃)မိတ်၊ (၄)စာဂ အရ (သစ္စာ)ပြု လုပ်ဆောင်ရွက်ရန် ဝန်ခံသမျှကိစ္စအဝဝကို မပျက်မကွက်၊ မဖောက်မပြန် ရွက်ဆောင်ပါ မည်။ (ဓမ္မ)ယထာဘူတ ဟုတ်တိုင်းမှန်တိုင်း စဉ်းစားနိုင်သော ဉာဏ်ဖြစ်၍ ထိုဉာဏ် ကွယ်ပကြောင်း အကျင့်စာရိတ္တများကို ရှောင်ကြဉ်ပါမည်။ (မိတ်)တောင့်တသော အကျိုး မပြီးသမျှ မလျှော့သောလုံ့လဖြင့် နောက်မဆုတ်ဘဲ အားထုတ်ခြင်းမျိုးဖြင့် စွမ်းအားရှိသမျှ ဆောင်ရွက်ပါမည်။ (စာဂ) ယခုဆောင်ရွက် ရွယ်ကိုးသော အကျိုးကိစ္စများ ပြီးစီးမည်ဆိုက အပဥစ္စာမှ စ၍ ကိုယ်လက်အင်္ဂါတို့၏ ပင်ပန်းဆင်းရဲခြင်းတို့ကို မငဲ့ကွက်၊ မတွန့်မဆုတ် အနှောင့်အယှက် ဘေးရန်မှန်သမျှ အရေးမထား စွန့်စားဆောင်ရွက်ပါမည်။ အထက်ပါ ကတိဝန်ခံချက် လေးချက်ကို ကော်မတီဝင်မည့်သူတိုင်း ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင်

www.burmeseclassic.com

ချိန်းဆိုသောနေ့ရက် အချိန်၊ နေရာတို့သို့ လာရောက်ကျိန်ဆို လက်မှတ်ထိုးရမည် ဖြစ်၏။

ဤနေရာတွင် စကားချပ်အဖြစ် ကျွန်ုပ်တို့အနည်းငယ် တွေးလို ရေးလိုသည်မှာ ယခုကဲ့သို့ သစ္စာကျိန်ဆို(ဝါ)ကျမ်းတိုက်သလို လုပ်ကိုင်ရသော အလုပ်တစ်ခုမှာလည်း ကောင်းလှသည်မဟုတ်ပေ။ တစ်နည်းအားဖြင့် ဓားကွပ်၍လုပ်ရသော အလုပ်တစ်ခုလို ဖြစ်နေသည်။ ဤကား'မြန်မာပြည် နိုင်ငံရေး၏ အပြစ်မကင်းဖွယ် ပျော့ညံ့ကွက်တစ်ချက် ပင်ဟု ဆိုရပေမည်။ အထက်တွင် ကျွန်ုပ်တို့ရေးခဲ့ပြီးအတိုင်း မြန်မာပြည်နိုင်ငံရေးသမိုင်း၊ သို့မဟုတ် နိုင်ငံရေးပုဂ္ဂိုလ်များ၏ အကြောင်းများကို ရေးလျှင် တွေးလျှင် (မွေးကတည်းက အကွဲပါ၊ ဗိန္ဒောဆရာ ကုလို့မရဘူး)ဆိုသောစကားနှင့်အညီ 'ထပ်ထပ်သာ ကွဲတော့ အမြဲ မြန်မာပြည်မှာ၊ ကြံအစည် အတန်ကြပ်ပါဘိ' ဖြစ်ခဲ့ရသည်များကိုသာ ကျွန်ုပ်တို့ ဝမ်းနည်း စိတ်ပျက်ဖွယ် တွေ့ခဲ့ကြရသည်။

ပထမ(၁၉၂၁-ခု) မွန်တေဂု-ချမ်းစဖို့ စီမံကိန်းအရ မြန်မာပြည်ကို ပထမဆုံး အကြိမ် အုပ်ချုပ်ရေးသစ် (ဒိုင်အာခီ)အမည်ဖြင့် စတင်ပေးခဲ့စဉ်ကလည်း ဘုရင်ခံသဘော အတိုင်း လက်ဝေခံဖြင့် ဌာနပေါင်း ၁၀၂ ရှိသည့်အနက်မှ ပြည်သူများက ဝင်စွက်နိုင် သောဌာန ၂၂ ခုကိုသာ မသထာရေးသထာရေ 'ရှေ့- စာဟဲ့ သောက်ပင်း'ဆိုသလို အနှစ်မပါ ဗလာအုပ်ချုပ်ရေးဖြစ်ကြောင်း သိခဲ့ကြရာမှ ထိုအုပ်ချုပ်ရေးကို တစ်ပြည်လုံးက လက်မခံဘဲ ကိုယ်ပိုင်အုပ်ချုပ်ရေး မရမချင်း အစိုးရနှင့် မဆက်ဆံရန်၊ သပိတ်မှောက်ရန် ဂျီစီဘီအေ အသင်းချုပ်ကြီးက စိုင်းပြင်းဆုံးဖြတ်ခဲ့သည်။

ထိုသို့ ဆုံးဖြတ်ရာမှ အလွန်စည်းလုံးညီညွတ်ခဲ့သော ဂျီစီဘီအေအဖွဲ့ကြီး နှစ်ခြမ်း ကွဲခဲ့ရသည်ကို အများအသိပင်ဖြစ်သည်။ ထိုစဉ်က သပိတ်သမား၊ (လိုင်ပုကျော်) ၃ ဦး၊ ဂျီစီဘီအေအဖွဲ့သားများက (၂၁)ဦး၊ ဂျီစီဘီအေအဖွဲ့သားများအား ယင်းအုပ်ချုပ်ရေးကို လက်ခံသော အဖျက်သမား-အခွဲသမား၊ ရာထူးငမ်းသမားများဟု စွပ်စွဲအပြစ်ဆိုခဲ့ကြသည် များကို အထက်တွင် ကျွန်ုပ်တို့ စုံစုံလင်လင်ရေးသား ဖော်ပြခဲ့ပြီး ဖြစ်သည်။

## ပြည်သူပြည်သားပါတီ၏ ဖောက်လွဲဖောက်ပြန်

ယခုတဖန် ထိုဒိုင်အာခီအုပ်ချုပ်ရေးကိုပင် (၁၉၃၅ ခု) အုပ်ချုပ်ရေးသစ် အမည် ဖြင့် တစ်ဆင့်တက်၍ အရောင်အနည်းငယ် ပြောင်းလဲပေးအပ်ရန် ဆိုင်မွန်ကော်မရှင်ကို စေလွှတ်စီမံပြန်ရာ၊ ရှေးနည်းတူ အနှစ်မပါ ဗလာအုပ်ချုပ်ရေးသာ ဖြစ်ကြောင်း သပိတ် မှောက်လိုသူများက တစ်ဖက်၊ လက်ခံလိုသူများက တစ်ဖက်ဖြင့် ယခင်မွေးကတည်းက



အကွဲပါခဲ့သော အကွဲရောဂါ အနာမြဲအနာဟောင်းကြီးသည် ယခုတဖန် ပြန်၍ ပေါ်လာကာ နိုင်ငံရေးအသံများကို ကြားလာရပြန်သည်။ ဤတွင် ယင်းအုပ်ချုပ်ရေးကို လက်ခံလိုသူများ ကား ရှေးယခင် ပထမအုပ်ချုပ်ရေးကို လက်ခံခဲ့သူ သစ္စာဖောက်များဟု စွပ်စွဲခံရသူ ပြည်သူပြည်သားပါတီ (၂၁)ဦးဂိုဏ်းသားများပင် ဖြစ်နေပြန်သည်။

ယင်းစွပ်စွဲချက်များ မည်မျှမှန်သည် မှားသည်ကို ယခု ကျွန်ုပ်တို့ တွေ့ရ ဖတ်ရ မည်ဖြစ်ရာ၊ ဤစာတမ်း အတ္ထုပ္ပတ္တိအစ၌ ကျွန်ုပ်တို့ရေးခဲ့သည့်အတိုင်း၊ အတ္ထုပ္ပတ္တိရှင် ဆရာဦးဘချိုအဖို့ ဘဝခရီးလမ်းတစ်လျှောက် ဖြောင့်တန်းချောမောခဲ့သည်မရှိဘဲ အမြဲ တမ်းကြမ်းတမ်းသောခရီးလမ်းကိုသာ လျှောက်ခဲ့ရသည်ဆိုသည်နှင့်အညီ ဆရာချိုကား ယင်းနယ်ချဲ့ပေးသော အုပ်ချုပ်ရေးမှန်သမျှ လက်မခံသပိတ်မှောက်သောဘက်မှချည်း မိမိတတ်နိုင်သမျှ အားပေးကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ မိမိ၏ ဂျာနယ် မှလည်း တိုင်းပြည်ဘက်တော်သား သတင်းစာသမားတစ်ဦးပီသစွာ မည်သူ၏ မျက်နှာကို မှ မထောက် မကြောက်မညှာ၊ အမြဲတမ်းအမှန်းခံ၍ အမှန်ကို ရေးသားခဲ့သူလည်း ဖြစ်သည်။

ထိုအကြောင်းများကိုလည်း အထက်တွင် ရေးသားဖော်ပြခဲ့ပြီဖြစ်ရာ ယခု တဖန် နိုင်ငံရေးကျမ်းတိုက်၊ သစ္စာရေသောက်ပွဲ ဆင်နွှဲရာတွင်လည်း မည်သို့မည်ပုံ မည်သူတွေက ဖောက်ပြန်ကာ အကွဲအကြောင်းကြီးပေါ်လာဦးမည်ကို ယခုစာရှုသူများ ဖတ်ကြပေဦး မည်။ ထိုအကြောင်းများကို ကျွန်ုပ်တို့အာဘော်အားဖြင့် ရေးသားဖော်ပြသည်ထက် အတ္ထုပ္ပတ္တိရှင် ဆရာချို၏ ဒီးဒုတ်ဂျာနယ် ပစ္စုပ္ပန်ကမ္ဘာ့တက်ကျမ်းအခန်း အာဘော်များကို လက်တွေ့ဖော်ပြခြင်းက ပို၍ ခိုင်လုံရှင်းလင်းလိမ့်မည် ထင်သည့်အတိုင်း အောက်တွင် ကောက်နုတ် ဖော်ပြလိုက်ရပေသည်။

## တိုင်းသူပြည်သားများ စဉ်းစားကြရန်

(၁) ဆိုင်မွန်ကော်မရှင်သပိတ်မှောက်ရေး အထမြောက်ရန်၊ (၂) သာသနာကို ထိခိုက်မည့် ဥပဒေများကို ဖျက်ဆီးကန့်ကွက်ရန်၊ (၃)မြန်မာပြည်အတွက် ကိုယ်ပိုင်အုပ်ချုပ် ရေး နည်းဥပဒေကြမ်းတစ်ခု စီစဉ်ရေးသားရန်ဟူသော ကိစ္စကြီးသုံးရပ်ကို တစ်ဂိုဏ်း၊ တစ်ပါတီ တစ်ဖွဲ့၏ အင်အားနှင့် ရွက်ဆောင်နိုင်မည်မဟုတ်သောကြောင့် ဂိုဏ်းဂဏမရွေး၊ တိုင်းပြည်အင်အား စည်းလုံးပေါင်းရုံး၍ ဆောင်ရွက်ရန် တစ်ရာကော်မတီကို ခန့်ထားရေး တွင် ဆရာတော်ကြီး ၈ ပါး၊ ပါတီအသီးသီးမှ ခေါင်းဆောင်ကြီး ၆ ဦးတို့အား လွှဲအပ်ခဲ့ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေပြုအဖွဲ့ အတွင်းတွင်လည်း တစ်ရာကော်မတီသြဇာခံ အမတ်များကိုသာ လိုအပ်သည်ဖြစ်ရာ ဆရာတော်ကြီးများနှင့်တကွ ခေတ္တကော်မတီက ကျမ်းသစ္စာများဖြင့် ကျိန်ဆိုဝန်ခံမည့်သူများကိုသာလျှင် အသိအမှတ်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ယခု ထိုဆုံးဖြတ်ချက်အတိုင်း ဝတ်လုံတော်ရ ဦးနီ ကြီးမှူးသော 'အမျိုးသားပါလီမန်အဖွဲ့'မှ အရွေးခံမည့်ပုဂ္ဂိုလ်တိုင်းလိုပင် ကျမ်းကျိန်ဆို၍ ပြီးကြပြီ။ (ဦးနီမှာ ဆရာတော်ကြီးများ၏ အတိုင်ပင်ခံ (၆)ဦးအနက် ပါဝင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ကိုယ်တိုင်လည်း ကျမ်းကျိန်ဆိုပြီးလေပြီ)။

ဦးပေါ်ထွန်းကြီးမှူးသော 'သရာဇ'အဖွဲ့ဝင်တို့အနက်မှ ဦးပေါ်ထွန်း၊ ဦးဘိုးလှ စသော အမတ်ဟောင်းတို့လည်း ကျမ်းကျိန်ဆိုပြီးကြပြီ၊ ဦးပေါ်ထွန်းမှာ ဦးနီကဲ့သို့ပင် အတိုင်ပင်ခံ (၆)ဦးအနက် တစ်ဦးပါဝင်သူ ဖြစ်သည်။ ဦးဘစီမှာ (၈-ဦးအဖွဲ့)ခေါင်း ဆောင်ဖြစ်၍ မင်းတိုင်ပင် အရွေးမခံသော်လည်း တစ်ရာကော်မတီ၌ ပြင်ပအလုပ်လုပ်ရန် ကျမ်းကျိန်ဆိုပြီးသူ ဖြစ်လေသည်။

သာယာဝတီ ဦးပုကြီးမှူးသော'ဟုမ္မရူးပါတီ'အဖွဲ့မှ ဦးဘဟန်စသော အမတ်ဟောင်းများလည်း ကျမ်းကျိန်သစ္စာဆိုပြီးသည့်ပြင် ဦးပုကိုယ်တိုင် ကျမ်းသစ္စာဆိုကာ ဆရာတော်ကြီးများ၏သြဝါဒကို ခံယူလိုက်နာပါမည့်အကြောင်း သာယာဝတီ ဦးပုကိုယ်တိုင် လက်မှတ်နှင့် ၂၄-၁၀-၂၈ နေ့စွဲဖြင့် လျှောက်လွှာရထားပြီး ဖြစ်သည်။

ဦးချစ်လှိုင်အဖွဲ့မှ ကျိုက်ထို ဦးဘတင်သည် တရားကော်မတီသို့ ဝင်ရန်အတွက် ဦးချစ်လှိုင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် မဆန့်ကျင်စေရန်၊ ထွက်၍ တစ်သီးပုဂ္ဂလအဖြစ်နှင့် တစ်ရာကော်မတီ၏ ကျမ်းသစ္စာခံပြီးလျှင် အရွေးခံရန် ဝန်ခံကတိပေးခဲ့ပြီးဖြစ်သည်။

သို့ကြောင့် (၂၁)ဦးမှ တစ်ပါး ကျန်ရှိသော ပါတီအသီးသီးတို့မှာ တစ်ရာကော်မတီသို့ ပါဝင်ဆောင်ရွက်ရန် သစ္စာခံစည်းမျဉ်းကို လက်ခံပြီးကြလေပြီ။ ၂၁ ဦးအဖွဲ့နှင့် စပ်လျဉ်း၍ ဒီးဒုတ်ကြီး ယနမကင်းရှိနေခြင်းမှာ တစ်ရာကော်မတီ၏ သစ္စာစာတမ်းကို ရေးသားစဉ်က ၂၁ ဦးခေါင်းဆောင်ကြီး ဝတ်လုံတော်ရ ဦးပုရှေ့တွင် တိုင်ပင်နှီးနှော၍ ရေးသားခဲ့ကြသည်။ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ (၁၂၉၀ ခု) နေ့၊ အလယ်တောရ ဆရာတော်ကျောင်းတွင် သစ္စာဆိုကြသောအခါ ၂၁ ဦးအဖွဲ့မှ မည်သူမျှမလာရောက်ဘဲ ဦးဘေဖေကိုယ်စား ငယ်သားနှစ်ဦးသာလာကြပြီးလျှင် သစ္စာစာတမ်းတွင် မကျေနပ်သော အချက်များကို လျှောက်ထားရာ ဆရာတော်ကြီးများက ရှင်းလင်းပြောပြရလေသည်။

ထိုသို့ဟောပြောသဖြင့် 'အဓိပ္ပာယ်မကွဲလွဲပါ၊ သည်အတိုင်း မှန်လျှင် သစ္စာခံနိုင်ပါသည်။ သို့ရာတွင် အဓိပ္ပာယ်ပို၍ ရှင်းရန် စာတစ်လုံးနှစ်လုံးပြောင်းလဲပေးပါရန် လျှောက်ထားပြန် ရာ အချိန်နှောင်းသွားလေပြီဟု အမိန့်တော်ရှိပြီးလျှင် ရပ်ဝေးမှသူများပင် သစ္စာခံလာရောက်နိုင်သည်။ ရန်ကုန်မြို့ပေါ်ကလူများက မလာရောက်နိုင်ဘူးလားဟု မေးမြန်းကာ ၂ ရက်ထပ်မံ၍ သစ္စာဆိုရန် ခွင့်ပြုလိုက်သည်။



ယခု ၂ ရက်လွန်ပြီး၍ အရှေ့ပိုင်းမှ အရွေးခံမည့် ဦးမောင်မောင်အုန်းခိုင်ထံမှသာ တစ်ရာကော်မတီ၏ အစီအစဉ်ကို နာခံမည့် စာတစ်စောင်ရရှိပြီး၊ ကျန် ၂၁ ဦးများထံမှ သန့်သန့်ကလေးမျှ သတင်းမကြားမသိရတာ ဒီးဒုတ်ကြီးဖြင့် အတော်စိတ်ကူးကြပ်သဗျ၊ ခေါင်းဆောင်ကြီး ဝတ်လုံ ဦးပုကလည်း ကျမ်းမကျိန်သေး၊ ဦးဘဖေကလည်း မကျိန်သေး၊ ငယ်သားများကလည်း မကျိန်သေးတော့ တိုင်းပြည်က ၂၁ ဦး အင်အားကို ရွေးကောက်ပြီးနောက် အမတ်များများဖြစ်လျှင် ၅၀၀၀ိ-စားကို ၎င်းအဖွဲ့မှ ခန့်ရမည်။ ကျမ်းကျိန်ထားမိလျှင် လက်ခံနိုင်မည်မဟုတ်။

ငါတို့အင်အား နည်းမည် များမည် မသိရသေးမီ (ဝါ)ရွေးကောက်ပွဲ မပြီးမီ၊ ကျမ်းမကျိန်သေးဘဲ နာစေးနေရကောင်းမလားဟု ခေါင်းတိမ်း၍ နေဟန်ရှိသည်ဟု အထင်မရောက်အောင် ၂၁ ဦးအဖွဲ့ဝင် အရွေးခံမည့်ပုဂ္ဂိုလ်များ၊ ဦးမောင်မောင်အုန်းခိုင်ကဲ့သို့လည်းကောင်း၊ အခြားသောအမတ်လောင်းများကဲ့သို့လည်းကောင်း၊ ကျမ်းသစ္စာကျိန်ဆိုပါမည်ဟူသော ဝန်ခံချက်များကို ရွေးကောက်ပွဲမတိုင်မီ တစ်ရာကော်မတီသို့ပေးပို့ရန် ဒီးဒုတ်က တိုက်တွန်းသဗျ။ မဲဆန္ဒရှင်များကလည်း တိုင်းပြည်မှောက်လှန်နိုင်သည့် မိမိပိုင်မဲဆန္ဒကို ကျမ်းသစ္စာကျိန်ဆိုသူများကိုသာလျှင် ရွေးချယ်၍ ပေးပါမှ တိုင်းပြည်အကျိုးဆောင်ရွက်ရာရောက်မည်ကို အထူးသတိပေးလိုက်ရပါသဗျ။

ဒီးဒုတ်

## တစ်ရာကော်မတီစာရင်း

ဒီးဒုတ်ဂျာနယ်...ဒီးဒုတ်ကြီး၏ ပစ္စုရလက္ခဏ်ကျမ်းအခန်းမှ ဤသို့ ရေးပြီးနောက်ပို၍ ထင်ရှားရှင်းလင်းအောင် တိုင်းပြည်က သိရန် တစ်ရာကော်မတီတွင် ပါဝင်ဆောင်ရွက်ရန် အမည်စာရင်းပေးသွင်းထားသောပုဂ္ဂိုလ်များစာရင်းကို မရှေးမနှောင်းပင် ထုတ်ပြန်ကြေညာလိုက်လေသည်။ (ထိုအမည်စာရင်းတွင် ၂၁ ဦးအဖွဲ့သားများဖြစ်သော ဦးဘဖေ၊ ဦးပု၊ ဦးမောင်မောင်အုန်းခိုင်တို့ ပါဝင်ကြသည်)။

www.burmeseclassic.com

www.burmeseclassic.com



(၁)ဦးမြထွန်း၊ အမိန့်တော်ရ စစ်တွေ။ (၂)ဦးဖိုးလှ၊ အမိန့်တော်ရ အင်းစိန်။ (၃)ဦးသိန်းမောင်၊ ဝတ်လုံ ရန်ကုန်။ (၄) ဦးမောင်မောင်အုန်းခိုင် မြေပိုင်ရှင် ရန်ကုန်။ (၅) ဦးဘသွယ်၊ မြေပိုင်ရှင် မအူပင်။ (၆)ဦးကြာခိုင်၊ ဝတ်လုံ ပဲခူး။ (၇)ဦးထင်ပေါ်၊ အငြိမ်းစားဝန်ထောက်၊ ရှမ်းလမ်း၊ ကြည့်မြင်တိုင်။ (၈)ဦးတုတ်ကြီး၊ အိန္ဒိယလွှတ်တော် အမတ်၊ မော်လမြိုင်။ (၉)ဦးဘိုးအိမ်၊ မြန်မာကျောင်းဆရာကြီး၊ ရန်ကုန်။ (၁၀)ဦးပေါ်ထွန်း၊ ဝတ်လုံ ရန်ကုန်။ (၁၁)ဦးဘလှိုင်၊ နယူးဘားမား အယ်ဒီတာဟောင်း၊ ကြို့ကုန်း၊ အင်းစိန်။ (၁၂)ဦးကွန်း၊ ဝတ်လုံ၊ ရန်ကုန်။ (၁၃)ဦးထွန်းဝင်း၊ အမိန့်တော်ရ မော်လမြိုင်။ (၁၄)ဦးမြ၊ ဝါကိုယ်စားလှယ်။ မလှိုင် (၁၆)ဦးမောင်မောင်ကြီး၊ မြန်မာ့အလင်းသတင်းစာတိုက်ရှင်၊ ရန်ကုန်။ (၁၇)ဦးဘရွှေ၊ ရတနာဆပ်ပြာကုမ္ပဏီ၊ မန္တလေး။ (၁၈)ဦးအေး၊ ကုန်သည်၊ အုတ်ဖို။ (၁၉)ဦးဘသော်၊ စက်ပိုင်ရှင်၊ လမ်းမတော်၊ ရန်ကုန်။ (၂၀)ဦးဘစီ၊ ဝတ်လုံ၊ ဖီးကုန်း။ (၂၁)ဦးဘဖေ၊ သူရိယသတင်းစာတိုက်၊ ရန်ကုန်။ (၂၂)ဦးဘကလေး၊ ဆန်ကုန်သည်၊ နေရှင်နယ်ကလပ်၊ ရန်ကုန်၊ (၂၃) ဆရာဝန် ဦးသိန်းမောင်၊ နေတံဆိပ်ဆေးတိုက်၊ ရန်ကုန်။ (၂၄)ဦးအေးမောင်၊ သစ်ကုန်သည်၊ အလုံ။ (၂၅) ဦးညာဏ၊ ကုန်သည်၊ ပေါင်းတည်။ (၂၆)ဦးဘဦး၊ ဟိဘကုမ္ပဏီ၊ ကျောက်သွေးတန်း၊ မန္တလေး။ (၂၇)ဦးဘိုးလှ၊ အမိန့်တော်ရ၊ မြောင်းမြ။ (၂၈)ဦးဖေအောင်၊ ကုန်သည်၊ မော်လမြိုင်။ (၂၉)ဆရာလွန်၊ မြန်မာ့ကျောင်း ဆရာကြီး၊ အာစရိယသမဂ္ဂအသင်း၊ ရန်ကုန်။ (၃၀)ဦးပု၊ ဝတ်လုံ၊ ရန်ကုန်။ (၃၁) ဦးဘစိုး၊ ဝတ်လုံ၊ ရန်ကုန်။ (၃၂)ဦးစိုးညွန့်၊ ဝတ်လုံ၊ ရန်ကုန်။ (၃၃)ဦးအေး၊ ဝတ်လုံ၊ ရန်ကုန်။ (၃၄)ဦးဘသောင်း၊ ဝတ်လုံ၊ ရန်ကုန်။ (၃၅)ဦးမြင့်၊ အမိန့်တော်ရ၊ ပြည်။ (၃၆)ဦးစောတိတ်လျောင်၊ ဝတ်လုံ၊ ရန်ကုန်။ (၃၇) အမ်အိုင်ခန်၊ ဝတ်လုံ၊ ရန်ကုန်။ (၃၈)ဦးခင်မောင်ကြီး၊ ဝတ်လုံ၊ ရန်ကုန်။ (၃၉)ဦးသက်ထွန်း၊ ဝတ်လုံ၊ ရန်ကုန်။ (၄၀) ဦးနီ၊ ဝတ်လုံ၊ ရန်ကုန်။ (၄၁)ဦးမောင်မောင်၊ စက်ပိုင်၊ အုတ်တွင်း၊ တောင်ငူ။ (၄၂)ဦးစံလူ၊ အမိန်ပတော်ရ၊ အောင်လံ၊ (၄၃)ဦးပု၊ (သာယာဝတီ)၊ အမိန့်တော်ရ၊ တောင်ငူ။ (၄၄) ဦးလူကြီး၊ ကန်ထရိုက်တာ၊ လက်ပံတန်း၊ (၄၅)ဦးစံကျော်၊ ကုန်သည်၊ ကျောက်တံတား။ (၄၆)ဦးဘလွန်း၊ ဟံသာဝတီ ဒိစတြိတ်ကောင်စီဥက္ကဋ္ဌ၊ ယောက်လမ်း၊ ရန်ကုန်။ (၄၇) ဦးဘသန်း၊ ရှေ့နေ၊ ရမည်းသင်း။(၄၈)ဦးသော်၊ ကုန်သည်၊ ကြို့ပင်ကောက်။ (၄၉)ဦးဘစိန်၊ မြူနီစီပယ်လူကြီး၊ ပုသိမ်။ (၅၀)ဦးစိန်၊ ဗန္ဓုလသတင်းစာတိုက်ရှင်၊ ဘားလမ်း၊ ရန်ကုန်မြို့။

ကျန်စာရင်းများကို နောက်ဆက်လက်ထုတ်ဝေမည့် ဒီးဒုတ်အထူးသတင်းစာတွင် ဖော်ပြပါရှိလိမ့်ဦးမည်ဟု ပါရှိ၏။ ထိုစာရင်းပါ ပုဂ္ဂိုလ်အားလုံးမှာ တစ်ရာကော်မတီတွင်



ပါဝင်ရန် စာရင်းပေးသွင်းထားသူများဖြစ်သော်လည်း အားလုံး ကျမ်းကျိန်ဆိုသူများ မဟုတ်ကြသေးပေ။ ကျန်စာရင်းများကို ကျွန်ုပ်တို့ ဆက်လက်ရှာဖွေကြည့်ရှုသော်လည်း ဖော်ပြပါရှိသည်ကို မတွေ့ပေ။ ယခုစာရင်းများကို ဖော်ပြဖတ်ရှုခြင်းဖြင့် ရှေးခေတ်က နိုင်ငံရေးဆောင်ရွက်သော ပုဂ္ဂိုလ်များ သို့မဟုတ် စိတ်ပါဝင်စားသူများကို ကျွန်ုပ်တို့ နောင်းလူများ ခန့်မှန်းသိရှိနိုင်ကြရန် ရှာဖွေဖော်ပြရခြင်း ဖြစ်၏။

အထက်ပါ ဆရာချို၏ ဒီးဒုတ် ပစ္စရက္ခတ်ကျမ်းအခန်းမှ ဆောင်းပါး ပါရှိပြီး မရှေးမနှောင်းမှာပင် တစ်ရာကော်မတီအုပ်ချုပ်ရေးဆရာတော်များအဖွဲ့မှ ပြည်သူပြည်သား အဖွဲ့ဥက္ကဋ္ဌ–ဝတ်လုံတော်ရ ဦးပုထံသို့ အောက်ပါပေးစာကို ဖတ်ရပြန်သည်။

## ဒါယကာမောင်ပုသို့ ပေးစာ

၁၉၂၈ ခု၊ နိုဝင်ဘာလ (၁၇)ရက် နေ့စွဲနှင့် ဒါယကာမောင်ပုထံမှ တစ်ရာကော်မတီ အမှုဆောင် တွဲဘက်စက္ကရီတေရီ မော်ကွန်းထံသို့ ပေးပို့လိုက်သောစာကို ဒါယကာ မောင်ကွန်းထံမှ (၁၉)ရက်နေ့ နံနက်တွင်ရရှိရာမှ ဆရာတော်များထံသို့ ယနေ့ နတ်တော်လ ဆန်း (၉)ရက်နေ့တွင် ပေးပို့ရရှိ၍ ဖတ်ကြည့်ရာ အကြောင်းမျိုးစုံ သိရှိရကြောင်း။

ထိုကိစ္စသည် တစ်ရာကော်မတီအမှုဆောင်အဖွဲ့နှင့်မသက်ဆိုင်။ တစ်ရာကော်မတီကို အုပ်ချုပ်သော ဆရာတော်တို့၏အဖွဲ့နှင့်သာ သက်ဆိုင်၍ ဒါယကာမောင်ပုထံ ဆရာတော်တို့က တိုက်ရိုက်အကြောင်းပြန်ကြားလိုက်သည်။

ဆရာတော်များသည် ကျမ်းသစ္စာ ကျိန်ဆိုရေးနှင့် စပ်လျဉ်း၍ မကြာခဏ ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သဖြင့် ၁၂၉၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့တွင် ကျင်းပသော ဆရာတော်များအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်နံပါတ် ၁(က)နှင့်(ခ)တို့အရ၊ ရန်ကုန်မြို့ပေါ်တွင် နေထိုင်လျက်ရှိသော ပုဂ္ဂိုလ်များအတွက် နတ်တော်လဆန်း ၁၄ ရက်နေ့အထိ ရက်ပေးကြောင်း ပြဋ္ဌာန်းကြေညာပြီးဖြစ်သဖြင့် ဆရာတော်များသည် သံဃာတော်များ ဖြစ်သည့်အားလျော်စွာ ယခင်ဆုံးဖြတ်ပြီးအတိုင်းသာလျှင် ပြုလုပ်ဆောင်ရွက်နိုင်လိမ့်မည်။

ဒါယကာမောင်ပု စာတွင်...'စတုဒိသာ တစ်ရာကော်မတီအတွက် ကျမ်းသစ္စာကျိန်ဆိုရန် ကိစ္စမှာ ယခုအခါ ပြည်သူပြည်သားအဖွဲ့ဝင်များနှင့် ကျနစွာတိုင်ပင်ရန် ခဲယဉ်းပါသဖြင့်'ဟု ပါရှိရာ။ ကျနစွာတိုင်ပင်ရန် မည်သည့်အခါ၌ ဖြစ်နိုင်မည်ကိုလည်း အသေအချာ မပါသည့်အပြင် ယင်းစာတွင် ဆက်၍ပါသော 'အဖွဲ့ဝင်လူကြီးများအားလုံးနှင့် ဆုံတွေ့၍ စဉ်းစားပြီးမှ ကျမ်းသစ္စာကို ကျိန်ဆိုသင့်–မသင့် ဆုံးဖြတ်နိုင်ပါမည်'ဟူသော အပိုဒ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း များစွာမသေချာသော အချက်များဖြစ်ပေသည်။

ပြည်သူပြည်သား အဖွဲ့ဝင်များအားလုံးနှင့် တွေ့ဆုံ၍ စဉ်းစားပြီးလျှင် ကျမ်းသစ္စာမဆိုသင့်ဟူ၍ ဆုံးဖြတ်ပါက၊ အကယ်၍ဆရာတော်တို့ ဆိုင်းငံ့ခဲ့ပါလျှင် အချည်းအနှီးမျှသာ ဖြစ်ချေမည် ဆရာတော်များ သိရှိပြီးသည့်အတိုင်း ဒါယကာ မောင်ပုသည် တစ်ရာကော်မတီ တည်ထောင်ရန် စတုဒိသာအစည်းအဝေးသို့ ကိုယ်တိုင်ရောက်ရှိသည့်ပြင်၊ တစ်ရာကော်မတီတည်ထောင်ရေးအတွက် အတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ဦးဖြစ်ရန် ဒါယကာကိုယ်တိုင် သဘောတူပြီးဖြစ်သည့်အလျောက်၊ ဆရာတော်တို့သည် အထူးအားရ ဝမ်းမြောက်လျက်၊ ထိုတစ်ရာကော်မတီနှင့် သက်ဆိုင်သော လုပ်ငန်းတို့ကို ဆွေးနွေးတိုင်ပင်ရာ၌ ဒါယကာမောင်ပုလည်း အပါအဝင် ဖြစ်ခဲ့သည်။

တစ်ရာကော်မတီ၏ အခြေခံပန္နက်သဲဖြစ်သော ကျမ်းသစ္စာကျိန်ဆိုရန်အချက်တို့ကိုတိုင်းပြည်၏အလိုဆန္ဒအား ထောက်ထားလျက် တိုင်ပင်ဆွေးနွေးသောအခါ ယခုရိုက်ထုတ် ကြေညာပြီးဖြစ်သော နောက်ဆုံး ကျမ်းသစ္စာကျိန်ဆိုရန် စည်းကမ်းအချက်တို့ကို ဒါယိကာ မောင်ပုကိုယ်တိုင် သဘောတူပြီးဖြစ်သောကြောင့် ဆရာတော်တို့နှင့်တကွ ပြည်သူအများသည် အထူးဝမ်းမြောက်လျက် ရှိ၏။

ဒါယကာမောင်ပုနှင့်အတူ အခြားအတိုင်ပင်ခံပုဂ္ဂိုလ် မောင်ဘစီ၊ မောင်ပေါ်ထွန်း၊ မောင်နီတို့လည်း ထိုကျမ်းသစ္စာကျိန်ဆိုရန် သတ်မှတ်ထားသောအချက် စည်းကမ်းများကို သဘောတူနှစ်ခြိုက်ကြသောကြောင့်လည်းကောင်း သုံးဦးတို့သည် တိုင်းရေးပြည်မှုကို ဆောင်ရွက်ရန် လိုလားသော အခြားပုဂ္ဂိုလ်တို့နှင့်တကွ ကျမ်းသစ္စာကျိန်ဆိုပြီးဖြစ်ကြသည်မှာ ဒါယကာမောင်ပုအသိ ဖြစ်သည်။

ထို့ကြောင့် သတ်မှတ်သော ရက်အတွင်းတွင် လာရောက် ကျမ်းသစ္စာမကျိန်ဆိုသောပုဂ္ဂိုလ်များကို ယခင်ပြဋ္ဌာန်းကြေညာပြီးအတိုင်း တစ်ရာကော်မတီတွင် ဝင်ရောက်ဆောင်ရွက်လိုစိတ် ဆန္ဒ မရှိဟူ၍ အမှတ်ထားပြီးလျှင် ကြေညာရတော့မည် ဖြစ်ကြောင်း အမိန့်ရှိလိုက်သည်။ ဒါယကာမောင်ပု။

ယခုစာကို ရေးခြင်းဖြင့် ဒါယကာမောင်ပုမှစ၍ အခြားသောပုဂ္ဂိုလ်ဟူသမျှတို့ကို မည်သည့်နည်းအားဖြင့်မျှ ထိခိုက်နစ်နာစေလိုသော သဘောမရှိသည်ကို ယုံကြည်ကြလိမ့်မည်ဟု မျှော်လင့်သော်လည်း တိုင်းသူပြည်သား အများနှင့်ဆိုင်သောကိစ္စဖြစ်သောကြောင့် ယခုစာကို ထုတ်ဖော်ကြေညာရန် သည်ဆရာတော်များ၏ တာဝန်ဖြစ်သဖြင့် ထုတ်ဖော် ကြေညာရလိမ့်မည်။



၁။ အလယ်တော်ရ ဆရာတော်(ပုံ)၊ ၂။ အသီတိ ဆရာတော်(ပုံ)၊ ၃။ဇေတနာရာမ ဆရာတော်(ပုံ)၊ ၄။ဘားကရာဆရာတော်(ပုံ)၊ (၅)သာမုဆရာတော်(ပုံ)၊ (၆)စလင်းဆရာတော်(ပုံ)၊ ၇။ ဗိုလ်တထောင်ဆရာတော် (ပုံ)၊ အုပ်ချုပ်ရေးဆရာတော်ကြီးများ။

အမှန်အားဖြင့် အထက်ပါ ဆရာတော်ကြီးများ၏ စာမှာ နေ့စွဲအရ ဥပဒေပြုအဖွဲ့မင်းတိုင်ပင် ရွေးကောက်ပွဲပြီးသည့် နောက်ပိုင်းတွင်မှ ရေးလိုက်သောစာ ဖြစ်သည်။ ဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲမှာ နိုဝင်ဘာလ ၂ ရက်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့ ဖြစ်သည်။ ထိုရွေးကောက်ပွဲတွင် ဥက္ကဋ္ဌကြီး ဦးပုသည် ရမည်းသင်းတောင်ပိုင်းမှ အရွေးခံရသူ ဖြစ်၏။ ထိုအချိန်တွင် တစ်ရာကော်မတီသို့ ကျမ်းသစ္စာလာမကျိန်သေးပေ။ ဆရာတော်ကြီးများ၏ စာပါအတိုင်း တစ်ရာကော်မတီအတိုင်ပင်ခံ လူကြီးတစ်ဦးလည်းဖြစ်သည့်ပြင် ပထမမူလ အစပျိုးစဉ်ကပင် ထိုကော်မတီတွင် ပါဝင်ခဲ့သူလူကြီးတစ်ဦးဖြစ်သောကြောင့် အမျိုးသားများညီညွတ်ရေးကို ရှေးရှုလိုလားတော်မူကြကုန်သော ဆရာတော်ကြီးများသည် စိတ်ရှည်လက်ရှည်ဖြင့် ဒါယကာ ဦးပုထံသို့ ဤသို့သတိပေးစာ ရေးသားအကြောင်းကြားခြင်းပင် ဖြစ်သည်။ သို့သော် ဒါယကာကြီးထံမှကား ဖြူသည်၊ မဲသည် မည်သို့မျှ အကြောင်းပြန်မရဘဲ နှာစေး နှုတ်ဆိတ်နေခဲ့သည်ကိုသာ တွေ့ရ၏။

ဤနေရာတွင် ထိုနေ့ (နိုဝင်ဘာလ ၂ ရက်နေ့) ရွေးကောက်ပွဲတွင် မည်သူမည်ဝါ မည်သည့်ဂိုဏ်းသားများ ရွေးကောက်ခံရသည့်စာရင်းကို ဖော်ပြလျှင် ပို၍ ရှင်းလင်းပေလိမ့်မည်။

## ရွေးကောက်ခြင်းခံရသူများစာရင်း

ရန်ကုန်အရှေ့ပိုင်း ၂ နေရာအတွက်

ဝတ်လုံဦးဘရှင်၊ ဦးမောင်မောင်အုန်းခိုင်(ပြည်သူပြည်သား)။

ရန်ကုန်အနောက်ပိုင်း ၂ နေရာအတွက်

မစ္စတာချန်ချောခိုင်၊ ဝတ်လုံ ဦးဘတင်။

ရန်ကုန်အရှေ့ပိုင်း ကုလားလူမျိုး ၂ နေရာ

မစ္စတာ ဝါလီမာမက်၊ မစ္စတာတာရပ်ဂျီ

မန္တလေးမြို့မ ကုလားတစ်နေရာ

မစ္စတာ အမ်အေ-ဂျမ်။

မော်လမြိုင်မြို့ ၂ နေရာအတွက်

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ အမ်–အီစွပ်၊ ဦးချစ်လှ (ပြည်သူပြည်သား)။
မော်လမြိုင်မြို့ ကုလားတစ်နေရာ
မစ္စတာ အမ်၊ အမ်–ရာဖီ။
ရန်ကုန်အနောက်ပိုင်း ကုလားလူမျိုး ၂ နေရာ
မစ္စတာ ကာဝပ်ဂျီ၊ မစ္စတာ အီး၊ ပီ၊ ပီလေး။
မန္တလေးမြို့မ ၃ နေရာအတွက်
ဦးဘိုးရင်၊ ဦးဘဦး(ပြည်သူပြည်သား)၊ ဦးအောင်သင်း။
မန္တလေးတောနယ် တစ်နေရာ
ဦးဘသီ(ပြည်သူပြည်သား)။
ဟံသာဝတီ အရှေ့ပိုင်း တစ်နေရာ
ဦးဘ။
ဟံသာဝတီ အနောက်ပိုင်း တစ်နေရာ
ဦးဘစိုး (အမျိုးသားပါတီ)။
ရမည်းသင်းတောင်ပိုင်း တစ်နေရာ
ဝတ်လုံ ဦးပု (ပြည်သူပြည်သား)။
ရမည်းသင်းမြောက်ပိုင်း တစ်နေရာ
ဦးဘိုးအေး။
ပုသိမ်မြို့မ တစ်နေရာ
ဝတ်လုံဦးကွန်း (ပြည်သူပြည်သား)။
ပုသိမ် တောနယ် တစ်နေရာ
စက်ပိုင် ဦးထွင့် (ပြည်သူပြည်သား)။
ပုသိမ် ကရင် တစ်နေရာ
ဆရာ ရွှေဘ။
ပုသိမ် ကုလား တစ်နေရာ
မစ္စတာ ပီ၊ အင်၊ ဒတ်။
ဟင်္သာတမြို့မ တစ်နေရာ
ဦးဘစိန်(ပြည်သူပြည်သား)။
ဟင်္သာတနယ် မြောက်ပိုင်း တစ်နေရာ



ဦးထွန်းလင်း (ပြည်သူပြည်သား)။
ပြည် တောနယ် တစ်နေရာ
ဆရာဝန် ဦးသိန်းမောင် (ပြည်သူပြည်သား)။
ထားဝယ်မြို့မ တစ်နေရာ
မစ္စတာ ဝယ်လင်တန်(ဟုမ္မရူးပါတီ)။
ထားဝယ်တောနယ် တစ်နေရာ
ဦးအုန်းညွန့် (ပြည်သူပြည်သား)။
တောင်ငူတောင်ပိုင်း တစ်နေရာ
သာယာဝတီ ဦးပု (ဟုမ္မရူးပါတီ)။
တောင်ငူမြောက်ပိုင်း တစ်နေရာ
ဦးမောင်မောင် (ဟုမ္မရူးပါတီ)။
စစ်တွေမြို့မ တစ်နေရာ
ဦးထွန်းအောင်(ပြည်သူပြည်သား)။
ရခိုင်တောင်ပိုင်း တစ်နေရာ
ဦးကျော်မြ(ပြည်သူပြည်သား)။
ရခိုင်အနောက်ပိုင်း တစ်နေရာ
ဦးသာပန်း(ပြည်သူပြည်သား)။
ရခိုင်အရှေ့ပိုင်းတစ်နေရာ
ဦးကျော်ခိုင် (ပြည်သူပြည်သား)။
စစ်တွေမြို့မ ကုလားတစ်နေရာ
မစ္စတာ အာရ်၊ ကေ၊ ဂို။
ကျိုက်ခမီနယ် တစ်နေရာ
ဦးထွန်းဝင်း (ပြည်သူပြည်သား)။
ကျိုက်ခမီနယ် ကရင်လူမျိုး တစ်နေရာ
စောဘိုးချစ်။
မအူပင် ကရင် တစ်နေရာ
စောဘိုးခက်။
ဟင်္သာတနယ် တောင်ပိုင်း တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘမြင့် (ပြည်သူ့ပြည်သား)။
မိတ္ထီလာနယ် အရှေ့ပိုင်း တစ်နေရာ
ဦးဘရင် (ပြည်သူ့ပြည်သား)။
မိတ္ထီလာနယ် အနောက်ပိုင်း တစ်နေရာ
ဦးစိန်တုတ် (ပြည်သူ့ပြည်သား)။
ပခုက္ကူနယ် အရှေ့ပိုင်း တစ်နေရာ
ဦးစံမူ။
ပခုက္ကူနယ် အနောက်ပိုင်း တစ်နေရာ
ဦးမဲ (ပြည်သူ့ပြည်သား)။
အောက်ချင်းတွင်းနယ် အရှေ့ပိုင်း တစ်နေရာ
ဦးဝရ(ပြည်သူ့ပြည်သား)။
အောက်ချင်းတွင်း အနောက်ပိုင်း တစ်နေရာ
ဦးဘိုးလှ။
စစ်ကိုင်းနယ် အရှေ့ပိုင်း တစ်နေရာ
ဦးမောင်မောင်။
စစ်ကိုင်းနယ် အနောက်ပိုင်း တစ်နေရာ
ဦးကံဦး။
ရွှေဘိုနယ် အနောက်ပိုင်း တစ်နေရာ
ဦးဘဒင်။
မြောင်းမြနယ် တစ်နေရာ
စက်ပိုင် ဦးအာမောင်။
သထုံနယ် တစ်နေရာ
ဦးဘတင် (ဟုမ္မရူးပါတီ)။
မြိတ်နယ် တစ်နေရာ
ဦးထွန်းတင် (ပြည်သူ့ပြည်သား)။
မအူပင်နယ် တစ်နေရာ
ဦးလှသွင်(အမျိုးသားပါလီမန်)။
မြောင်းမြနယ် ကရင် တစ်နေရာ



ဦးကျော်ဒင်။
မကွေးနယ် အရှေ့ပိုင်း တစ်နေရာ
ဦးကိုကိုကြီး။
မကွေးနယ် အနောက်ပိုင်း တစ်နေရာ
ဦးခင်မောင်ကြီး (အမျိုးသားပါလီမန်)။
မင်းဘူးနယ် တစ်နေရာ
ဦးပန်း (ပြည်သူ့ပြည်သား)။
ကျောက်ဆည်နယ် တစ်နေရာ
ဦးစိန်ဘ (ပြည်သူ့ပြည်သား)။
အင်းစိန်နယ် တစ်နေရာ
ဝတ်လုံ ဦးအေး (အမျိုးသားပါလီမန်)။
ပဲခူးနယ် တောင်ပိုင်း တစ်နေရာ
ဝတ်လုံ ဦးကြာခိုင် (ပြည်သူ့ပြည်သား)။
ပဲခူးနယ် မြောက်ပိုင်း တစ်နေရာ
မစ္စတာ ဟိုကြင်စိန်။
မြင်းခြံနယ် တောင်ပိုင်း တစ်နေရာ
ဦးဘရှင် (ပြည်သူ့ပြည်သား)။
မြင်းခြံနယ် မြောက်ပိုင်း တစ်နေရာ
ဝတ်လုံ ဦးနီ (အမျိုးသားပါလီမန်)။
ကသာနယ် တစ်နေရာ
ဦးငြိမ်း(ပြည်သူ့ပြည်သား)။
သထုံနယ် ကရင်တစ်နေရာ
စောဖဒွေး။
သရက်မြို့ တစ်နေရာ
ဦးစံလူ (ပြည်သူ့ပြည်သား)
ဖျာပုံနယ် တစ်နေရာ
ဦးသင်း (ပြည်သူ့ပြည်သား)။
သာယာဝတီနယ် တောင်ပိုင်း တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဦးစော (ပြည်သူ့ပြည်သား)။

သာယာဝတီနယ် မြောက်ပိုင်း တစ်နေရာ

ဦးမောင်ကြီး။

ယူနီဗာစတီ ကောလိပ်ကျောင်း

ဆရာဦးထွန်းဖေ(ဂျပ်ဆင်ကောလိပ်)။

ကုလား ကုန်သည်ကြီးများအသင်းမှ တစ်နေရာ

ကေ-ဘီ-အာမက်ချန်ဒူး။

တရုတ် ကုန်သည်ကြီးများအသင်းအတွက် တစ်နေရာ

မစ္စတာ အလ်အရိမ်။

အင်္ဂလိပ် ကုန်သည်ကြီးများအသင်းမှ

မစ္စတာ ချတ်ကင်။

မြန်မာ ကုန်သည်ကြီးများ အသင်းမှ

ဦးဘကလေး(သို့မဟုတ်) ဦးဘဖေ။

ဥရောပတိုက်သားများအတွက် တစ်နေရာ

မစ္စတာ ဒီဂလန်ဗီ။

ရန်ကုန်မြို့။ ကုန်သည်အသင်းမှ တစ်နေရာ

မစ္စတာ ဂျေ၊ အီး၊ ဒူဘန်း။

အင်္ဂလိပ်ကပြားများအတွက် တစ်နေရာ

မစ္စတာ စီ၊ အိပ်ချ်၊ ကင်းပက်နက်။

သစ်တောရေးဝန်ကြီးချုပ်ရာထူး၊ ပညာရေးဝန်ကြီးချုပ်ရာထူး၊ ဥက္ကဋ္ဌရာထူးနှင့် ဒုတိယဥက္ကဋ္ဌရာထူးများကို အထက်ပါ ပုဂ္ဂိုလ်များထဲမှ ရွေးချယ်ခန့်ထားလိမ့်မည် ဖြစ်ကြောင်း။

သို့သော် စတုဒိသာ ၁၀၀ ကော်မတီအဖွဲ့တွင် ကျမ်းသစ္စာကျိန်ဆိုပြီးသူများမှာ ဝန်ကြီးချုပ်ရာထူးများကို လက်ခံလိမ့်မည် မဟုတ်ချေ။

အထက်ပါ စာရင်းတွင် ထူးခြားသော အချက်ကား ရမည်းသင်းမြောက်ပိုင်းမှ အရွေးခံရသော တစ်ရာကော်မတီဝင် ဝတ်လုံ ဦးပေါ်ထွန်းမှာ မဲအရနည်း၍ အရွေး မခံရပေ။ ထိုထက် ထူးခြားချက်တစ်ခုကား ရမည်းသင်းတောင်ပိုင်းတွင် ပြည်သူ့ပြည်သား ဥက္ကဋ္ဌကြီးဦးပု အရွေးခံရပြီး ၎င်းနှင့် စင်ပြိုင်မြောက်ပိုင်းတွင် ဦးပေါ်ထွန်းအစား ဦးဘိုးအေးဆို



သူက အရွေးခံရခြင်းပင် ဖြစ်သည်။ ဤကား စဉ်းစားစရာ အချက်တစ်ခု ဖြစ်၏။

ဤအကြောင်းများနှင့် စပ်လျဉ်း၍ ထိုရွေးကောက်ပွဲကာလနှင့် မရှေးမနှောင်းပင် ဆရာဦးဘချိုသည် သူ၏ ဒီးဒုတ် ပရစ္စလက္ခတ်ကျမ်းအခန်းမှ နိုင်ငံရေးဟောကိန်းကြီး တစ်ခု ထုတ်ပြန်လိုက်သည်။ ထိုဟောကိန်းအတိုင်းပင် နောင်တွင် သွေးထွက်အောင် မှန်ကန်၍ နေသည်များကို တွေ့ရလေသည်။ ထို့ကြောင့်လည်း ဦးဘချိုအား နိုင်ငံရေး ကွက်ကျော်မြင်လှသူ တစ်ဦးဟု နောင်တွင် သူ၏ တပည့်တပန်းများက ချီးကျူးခြင်း ခံရသူဖြစ်ခဲ့သည်။ ဤတွင် ဆရာဦးဘချို၏ နိုင်ငံရေးဟောကိန်းကို ရှေ့တွင် ဖတ်ရှုလေ့လာကြပါရန်...

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

# ဒီးဒုတ်၏ တိုင်းရေးပြည်ရေး နိုင်ငံရေး ဟောကိန်း

ယခု သောကြာနေ့သည် မြန်မာပြည် ဥပဒေပြု အဖွဲ့အတွက် ရွေးကောက်ပွဲနေ့ ဖြစ်၏။ ထိုသို့အရွေးခံကြစဉ်၌ ပါဝင်သော ဂိုဏ်းဂဏာတို့မှ ၂၁ ဦးတို့သည် ပျက်ပြီးသော ပြည်သူ့ပြည်သားပါတီ (မည်သည့်အတွက် ပျက်ရသည်ကို ရှေ့အခန်းများတွင် ပါရှိပါလိမ့်မည်)ဟူသော အမည်ဖြင့် အရွေးခံကြ၏။ ပြည်သူ့ပြည်သားပါတီမှ ခွဲထွက်ခဲ့ကြသော သာယာဝတီပု အမှူးရှိသည့် ဟုမ္မရူးပါတီသည် တစ်ရာကော်မတီ ဩဇာခံအဖြစ် အရွေးခံကြ၏။ ပြည်သူ့ပြည်သားပါတီမှ ခွဲခဲ့ရသော ဦးနီနှင့် ဦးဘစိုးတို့သည် အမျိုးသားပါလီမန်အဖွဲ့အမည်ဖြင့် အဖွဲ့သစ်တည်ထောင်၍ တစ်ရာကော်မတီဩဇာခံအဖြစ် အရွေးခံကြ၏။

ပြည်သူ့ပြည်သားပါတီမှ ခွဲထွက်ခဲ့သော ဦးပေါ်ထွန်း၊ ဦးဘိုးလုစသောသူတို့သည် တစ်ရာကော်မတီဩဇာခံ တစ်သီးပုဂ္ဂလအမည်ဖြင့် အရွေးခံကြ၏။ ရွှေတောင်ကြားပါတီမှ အလိုတော်ရိတို့သည်လည်း တစ်သီးပုဂ္ဂလသက်သက်အဖြစ်ဖြင့် အရွေးခံကြ၏။ မည်သည့်ပါတီဂိုဏ်းကိုမျှ မပါသေးသော လူသစ်တို့သည် အချို့ကား တစ်ရာကော်မတီဩဇာခံအဖြစ် အရွေးခံကြ၏။ အချို့ကား သစ္စာမခံဘဲ တသီးတခြား အရွေးခံကြ၏။ ဤကား ဟောကိန်းမထုတ်မီ အခြေအနေကို ပြခြင်းဖြစ်၏။

ယခု ဟောကိန်းကား ၂၁ ဦးပါတီမှ အရွေးခံသူများအနက် ခေါင်းဆောင်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကော်မတီ၏ ကျမ်းသစ္စာကို ရှောင်နိုင်သမျှ ရှောင်ကြပြီးလျှင် နယ်မှအရွေးခံသော တစ်သီးပုဂ္ဂလများကို ၎င်းတို့အမည်ယူထားသော ပြည်သူ့ပြည်သားပါတီအဖွဲ့သို့ ဝင်အောင် ဆွဲယူကြ၏။

တစ်ရာကော်မတီ ဩဇာခံ အမတ်လောင်းနှင့် ၎င်းတို့အဖွဲ့ဝင်များ အပြိုင်လုရသည့်နေရာများ၌သာလျှင် ၎င်းတို့အဖွဲ့ဝင်များအား တစ်ရာကော်မတီ သစ္စာခံရန် တိုက်တွန်း၏။ သို့ကြောင့် ရွေးကောက်ပွဲပြီးသောအခါ ပြည်သူ့ပြည်သားပါတီဟူသော အဖွဲ့၌ အမတ်ဦးရေများအောင် အရွေးခံရပြီးသော တစ်သီးပုဂ္ဂလတို့ကို ဆွဲနိုင်သမျှ ဆွဲလိမ့်မည်။ မိမိတို့ ရှုံးသောနေရာများ၌ ကန့်ကွက်ကြလိမ့်မည်။

ဤနည်းဖြင့် ပြည်သူ့ပြည်သားပါတီ၌ အမတ်အင်အားများလျှင် ရာထူးလက်ခံရန် ဆုံးဖြတ်ချက်ချပြီး ရာထူးကိုလက်ခံကြလိမ့်မည်။ စတုဒိသာ(တစ်ရာကော်မတီ)၏ ဩဇာကို ခံယူကြမည်မဟုတ်၊ အိန္ဒိယနှင့် မြန်မာပြည် ခွဲခွာရေးကို ကြိုးစားကြမည်။ ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ရန် ပြည်သူ့ပြည်သားပါတီက ဆုံးဖြတ်ချက်ချပြီးသည်ကို တဖန်ထပ်မံစဉ်းစားကြကာ သပိတ်လှန်ပြီးလျှင် ဆိုင်မွန်ကော်မရှင်နှင့် တွဲဖက်ရန် အလုပ်ရပ်ကြမည့် (ဆီလက်ကော်မတီ)တွင် ဝင်ရောက် ဆောင်ရွက်ကြလိမ့်မည်။

ထိုအခါ၌ မင်းတိုင်ပင်အဖွဲ့တွင် စတုဒိသာသစ္စာခံအမတ်အဖွဲ့ဟူ၍ တစ်ဖွဲ့၊ ပြည်သူ့ပြည်သားပါတီအဖွဲ့ဟူ၍တစ်ဖွဲ့၊အလိုတော်ရိအဖွဲ့ဟူ၍တစ်ဖွဲ့သုံးဖွဲ့ဖြစ်ပြီးလျှင် စတုဒိသာအဖွဲ့ကို ပြည်သူ့ပြည်သားပါတီအဖွဲ့က တကောင်းချင်းချင်း ချုပ်လိမ့်မည်၊ ရံဖန်ရံခါ အလိုတော်ရိအဖွဲ့နှင့်ပေါင်း၍ ချုပ်လိမ့်မည်။

ဤကား ပြည်သူ့ပြည်သားပါတီဟူသော အမည်ခံသည့် ၂၁ ဦးအဖွဲ့သည် ရွေးကောက်ပွဲပြီးသောအခါ ၎င်းတို့အဖွဲ့မှ အမတ်ဦးရေ အခြားထက်များလျှင် ဖြစ်ပေါ်လာမည့် ဟောကိန်းဖြစ်သည်။ (ဒီးဒုတ်ဒသာဟောဗျ)။

ထိုသို့ဖြစ်သောအခါ အရွေးအကောက်မခံမီက ကျမ်းဆိုရသော ပြည်သူ့ပြည်သားပါတီဝင်အချို့တို့မှာ မိမိတို့ပါတီအလို လိုက်လျှင်လည်း ကျမ်းစူးမည်။ မလိုက်ဘဲနေရလျှင်လည်း ခဲယဉ်းမည်။ သို့ကြောင့် အချို့မှာ စတုဒိသာဘက်သို့ ပါလိမ့်မည်။ အချို့မှာ အစည်းအဝေးမတက်ဘဲ ရှောင်လိမ့်မည်။ အချို့လည်းကျမ်းစူးခံလိမ့်မည်။ တိုင်းပြည်တွင် အိမ်ကြက်ချင်း ပြန်၍ ချုပ်လိမ့်မည်။ ဆိုင်မွန်သပိတ်မှောက်ကိစ္စနှင့် စပ်လျဉ်း၍ စတုဒိသာဘက်မှ ဗျူရိုကရက်တို့၏ ဖိနှိပ်ခြင်းများကို ခံရကြလိမ့်မည်။

ပြည်သူ့ပြည်သားပါတီအဖွဲ့မှ အမတ်အင်အားများမရဘဲ နည်းခဲ့သော် ယခုကျမ်း



ကို ရှောင်နေသူများသည် ကျမ်းကျိန်ပြီးလျှင် စတုဒိသာနှင့် ဖက်စပ်ပူးပေါင်းပြီးနောက် ဆိုင်မွန်သပိတ်မှောက်ရေးဘက်မှ နေလိမ့်မည်။၎င်းတို့အဖွဲ့ အားနည်းနေသဖြင့် ငါးထောင်စားရာထူးများ ရနိုင်မည်မဟုတ်ကြောင်းကို သိလျှင် သုံးနှစ်အတွင်း ရာထူးလက်မခံပါဟု ဆုံးဖြတ်ကြလိမ့်မည်။

ဤသို့ဖြစ်လျှင် သုံးနှစ်အတွင်း အိမ်ကြက်ချင်းချုပ်ရန် လမ်းမရှိ၊ ဆိုင်မွန်သပိတ်မှောက်ရေး (စကင်း)ရေးရန် ကိစ္စတို့၌ အတော်အတန် ခရီးရောက်လိမ့်မည်။ သို့ရာတွင် ဤ ယခုပြောသော တိုင်းပြည်ဘက်အမတ်များ စည်းလုံးမိရန်မှာ လွယ်ကူမည်မဟုတ်ပေ။ ကျမ်းမကျိန်သော ၂၁ ဦးအမတ်တို့သည် မိမိတို့အင်အား ရွေးကောက်ပြီးသောအခါ နည်းနေစေကာမူ၊ ကျမ်းမကျိန်သော တစ်သီးပုဂ္ဂလများကို ရနိုင်သမျှရအောင် ဆွဲမည် တစ်ရပ်။ စတုဒိသာ တစ်ရာကော်မတီကို အထင်အမြင်သေးအောင် ရေးသားအော်ဟစ်၍ နာမည်ဖျက်မည် တစ်ရပ်။ ဤသို့သောနည်းများဖြင့် မိမိတို့ ပါတီအင်အားကြီးမားအောင် အထူးကြိုးစားလိမ့်မည်။

သို့ကြောင့် ကျမ်းကျိန်ဆိုပြီးသော တစ်ရာကော်မတီ အမတ်တို့သည် မိမိတို့၌ တွေ့ရှိရမည့်ရန်ဘေးကို အထူးသတိထားပြီးလျှင် ယတြာများ ပြုရမည်။ ပြုရန်ကား… ဘုရားကြီးတွင် ရှားမီး ၂၁ တိုင်၊ တံခွန် ၂၁၊ ကြက်လျှာ ၂၁၊ ရေ ၂၁ ခွက်တို့ဖြင့် ပူဇော်၍ ၂၁ ပါးသောဘေးမှ ဝေးရပါလို၏ဟူ၍ ဆုတောင်းရာသည်။

မြန်မာပြည်ကြီးသည် အိန္ဒိယနှင့်တွဲ၍ သီဟိုဠ်ကဲ့သို့ ကရောင်းကိုလိုနီဖြစ်မည့် ဘေး၊ ဆိုင်မွန်ကော်မရှင် သပိတ်မှောက်ရေး အထမမြောက်ဘဲ အချင်းချင်း ဇာတ်တူသားကို စားကြ၍ ဗျူရိုကရက်တို့က ထုမည့်ဘေးသည် နီးကပ်လှ၏။ ထိုဘေးကို ကင်းဝေးလိုသော ဝံသာနုအပေါင်း သူတော်ကောင်းတို့သည် တစ်ရာကော်မတီကို အထူး အားပေးနိုင်ကြပါစေသတည်း။

### ဒီးဒုတ်

ထိုနိုင်ငံရေးဗေဒင်ဟောကိန်းနှင့် အားမရသေးဘဲ မကြာမီ ဆုငွေငါးထောင် ဂါဝါနာကပ်ဖလားပွဲ နိုင်ငံရေးမြင်တစ်ကို ဟာသရွှင်ရွှင်ဖြင့် ရေးထုတ်လိုက်ပြန်သည်။ နိုင်ငံရေးနှင့်ပတ်သက်၍ ဤသို့ မြင်းတစ်မျိုးရေးခြင်းမှာ ရှေးမဆွကပင် ဆရာချိုက ပထမဆုံး စတင်ရေးခဲ့ကြောင်းကို တွေ့မြင်နိုင်ရာ ဆရာ၏စွယ်စုံရ ဟာသဉာဏ်ကို ချီးကျူးဖွယ်အချက်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဂါဝါနာကပ်ပွဲ ဆုငွေ တစ်လ ငါးထောင်

မြန်မာပြည် မင်းတိုင်ပင် ရွေးကောက်ပွဲများတော့ ပြီးသွားပြီဖြစ်သဖြင့် ပြည်သူပြည်သားများက ရွေးကောက် တင်မြှောက်လိုက်တဲ့ အမတ်ကစော်(အဲလေ)ဦးရေနှင့် အမျိုးအလိုက် သီးသန့်ရွေးကောက်လိုက်တဲ့ အမတ်ဦးရေများကိုလည်း သိရပြီဗျ။

ဤသို့ ပြည်သူဘက်မှ အရွေးခံရတဲ့ အမတ်ဦးရေကို သိရသဖြင့် တိုင်းပြည်ဘက်က အမတ်ပေါင်းက ဘယ်လောက်၊ အစိုးရနှင့်အလိုတော်ရိများဘက်က ဘယ်လောက်ဆိုတာ ခန့်မှန်းနိုင်ကာ ယခုတစ်ကြိမ် ရွေးကောက်ပွဲမှာ ပထမအကြိမ်ရွေးကောက်ပွဲကဲ့သို့ တိုင်းပြည်ဘက်ကအမတ်အင်အားက အစိုးရနှင့် အလိုတော်ရိ အမတ်အင်အားထက် များလိမ့်မယ်ဆိုတာ ကောင်းစွာ သိနိုင်ပြီဗျ။

သို့ကလို ရွေးကောက်ပွဲကြီး ပြီးတော့ ယခု အရေးကြီးတဲ့ကိစ္စက ဘာလဲလို့ ဆိုလျှင် ပြိုင်ပွဲ သုံးပွဲဗျ၊ တစ်နံပါတ် ပြိုင်ပွဲကတော့ ပထမတန်းမြင်းများသာ ဝင်ရောက် ယှဉ်ပြိုင်ရတဲ့ ဂါဝါနာကပ်ပွဲဖြစ်တဲ့ ဂါဝါနာကိုယ်တိုင်က ခန့်ထားနိုင်တဲ့ တစ်လ ၅၀၀၀ိ/-စား သစ်တောရေးနှင့် ပညာရေး တာဝန်ခံအမတ်ရာထူး နှစ်နေရာဖြစ်သဗျ။

အဲသည်နှစ်နေရာအတွက် အစိုးရအလိုတော်ရိဖြစ်တဲ့ ဂိုလ်ဒင်းဘယ်လီခေါ်ရွှေတောင်ကြားဂိုဏ်းသားတို့က သစ်တောရေး မစ္စတာအရိန်ကိုပဲ ပြန်ပေးပြီး ပညာရေးမှာတော့အနောက်ပိုင်းက အရွေးခံရတဲ့ ဝတ်လုံ ဦးဘတင် ရလိမ့်မယ်လို့ အထင်ရှိနေကြသဗျ။

ဒီတော့...အဲသည် ဂါဝါနာကပ်ပွဲမှာ မစ္စတာအရိန်နဲ့ ဦးဘတင်မှာ ဟော့ဖေးဘရိတ်* ခေါ် ကြိုက်မြင်းများဖြစ်နေကြသဖြင့် မြင်းပွဲလို အလောင်းအစားလုပ်ရလျှင် ၎င်းတို့ နှစ်ဦးမှာ တယ်အလေးရမယ် မဟုတ်ဘူးဗျ။

တိုင်းပြည်ဘက်က အမတ်ဦးရေများနေသဖြင့် ပါလီမန်စည်းစနစ်ကို ဘုရင်ခံလိုက်နာမယ်ဆိုလျှင် လွှဲအပ်ပေးသော ဌာနများအတွက် တာဝန်ခံအမတ်ရာထူးများကို တိုင်းပြည်ဘက်မှ အမတ်များထဲကသာ ခန့်ရန် ဝတ္တရားရှိသဗျ။ သို့ကလို ပါလီမန်စနစ်အရ ခန့်ရမယ်ဆိုရင် မစ္စတာအရိန်နှင့် ဦးဘတင်တို့မှာ ပြိုင်ပွဲထဲမဝင်စေတော့ဘဲ မြင်းရှင်ဂိုလ်ဒင်းဘယ်လီက စကရက်ချ်* လုပ်ပစ်ဖို့သာ ရှိတော့သဗျ။

ဒီအခါမှာ ဂါဝါနာကပ်ပွဲတွင် ဝင်နွှဲရမည့်ပြိုင်မြင်းများမှာ ဝတ်လုံဦးပု၊ ဦးမောင်မောင်

---

* Hort Favourite

* Scratch



အုန်းခိုင်၊ မစ္စတာရာဖီ၊ ယူနီဗာစတီ ဦးထွန်းဖေ၊ ဝတ်လုံ ဦးကွန်း၊ ဝတ်လုံ ဦးနီ၊ မစ္စတာကင်းပနက်တို့ဖြစ်သဗျ။ ဦးဘဖေမှာ ဦးဘကလေးထွက်ပေးမှ မင်းတိုင်ပင် ဖြစ်လိမ့်မည်ဖြစ်ရကား၊ ယခုကပ်ပွဲတွင် ပြိုင်မည်-မပြိုင်မည်ကို ယခုတိုင် ပေါ်လစ်တစ်ချန်ပီယံ မြင်းစာအုပ်ထုတ်သူ ဒီးဒုတ်မှာ အသေအချာ မပြောနိုင်သေးဘူးဗျ။

၎င်းပြိုင်မြင်းများအနက် ဝတ်လုံ ဦးကွန်းနှင့် ဦးနီတို့အမည်ကို အရပ်ကဆွဲ၍ထည့်ထားသော်လည်း (စတုဒိသာ တစ်ရာကော်မတီ)၏ ကျမ်းသစ္စာဆိုတဲ့ ခဲ အလေးပိုးထားတာက ၉ စတုန် ကျော်နေသဖြင့် သုံးဖာလုံ အဆင်းက ကျန်ရစ်မယ့် မြင်းများလို့ မှတ်သင့်သဗျ။

သို့ကြောင့် ၎င်းမြင်းပွဲကို တစ်ပေးရမည်၊ နှစ်ပေးရမည်ဆိုလျှင် သစ်တောရေးမှာ ဝတ်လုံ ဦးပုက ဝင်းပေါက်လိမ့်မဗျ၊ ဝင်းပေါက်ရင် ဆရာကောင်းကောင်းနဲ့သာ ကုပါတော့၊ မစ္စတာ ကင်းပနက်က ပလေးဗျ၊ ပညာရေးမှာတော့ ဦးမောင်မောင်အုန်းခိုင်က ဝင်းဗျ။ ဦးထွန်းဖေက ပလလေးဗျ၊ ဦးဘဖေက ဖလုဗျ။

အဲဒီ...တစ်က အရပ်စကားအရ၊ အကယ်၍ ဘုရင်ခံသည် ပါလီမန်စနစ်ကို လိုက်နာပြီး တိုင်းပြည်ဘက်က အမတ်ဦးရေများသည့်အတိုင်း တိုင်းပြည်ဘက်ကို တာဝန်ခံရာထူး များကို ပေးခဲ့လျှင် နိုင်မြင်းများဗျ။

ဒုတိယပွဲ (၁)နံပါတ် မေဒင်ပွဲကိုးဗျ၊ မင်းတိုင်ပင်အဖွဲ့ ပထမဥက္ကဋ္ဌ ရာထူးအတွက်ပဲဗျ၊ အဲဒီကိစ္စမှာလည်း ပြိုင်မြင်းများက မစ္စတာကင်းပနက်၊ မစ္စတာရာဖိနဲ့ ဝတ်လုံ ဦးကွန်းဗျ၊ ဦးကွန်းမှာ သစ္စာဆိုပြီးဖြစ်သော်လည်း မဲဆန္ဒနှင့် ရွေးကောက်တင်မြှောက်တဲ့ရာထူးကိုတော့ လက်ခံနိုင်သဗျ။

အဲဒီပွဲမှာ ရေးက မြန်မာအမျိုးသားထဲကမရဘဲ၊ ကပြားတွေ၊ အင်္ဂလိပ်တွေသာရသဖြင့် အခုတစ်ကြိမ် ဦးကွန်းရအောင် တိုင်းပြည်ဘက်အမတ်များက ညှိနှိုင်းဖို့ ကောင်းသဗျ၊ ၎င်းနေရာကို တစ်ပေးရမည်ဆိုလျှင် ဦးကွန်းက ဝင်း၊ မစ္စတာ ကင်းပနက် ပလေး၊ မစ္စတာရာဖီက ဖလုဗျ။

မေဒင်ပွဲ နံပါတ်(၂)၊ ဒုတိယ ဥက္ကဋ္ဌဆိုတဲ့ တစ်နှစ် ငါးထောင်စား ရာထူးမှာတော့ ဦးနီ ဖေးဘရိတ် ဖြစ်လိမ့်မယ်လို့ ထင်သဗျ။ ဤကဲ့သို့ ထင်မြင်ရတာက ဘုရင်ခံသည် ပါလီမန်နည်းစနစ်ကို လိုက်နာလိမ့်မည်လို့ အထင်နှင့် ရေးရတာကိုးဗျ။ ငါးထောင်စားရာထူးများကို ဘုရင်ခံရဲ့သဘောအတိုင်း ခန့်နိုင်ခွင့် ရှိသဗျ။

သို့ပေမဲ့ အိန္ဒိယနှင့် မြန်မာပြည် ပြုပြင်ပြောင်းလဲရေးဥပဒေ အပိုင်းစဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံများကို ဂျော့ဘုရင်မင်းမြတ်က ပါလီမန် စည်းစနစ်ကို လိုက်နာနိုင်သမျှ လိုက်နာစေလိုတယ်လို့ တိုက်တွန်းချက်ရှိနေသဖြင့် ၎င်းတို့ တိုက်တွန်းချက်အရဆိုလျှင် ပညာရေးနှင့် သစ်တောရေးသည် တိုင်းပြည်သို့ လွှဲအပ်ပေးသော ဌာနဖြစ်သောကြောင့် တိုင်းသူပြည်သားတို့ ရွေးကောက်တင်မြှောက်လိုက်တဲ့ အမတ်များထဲက ခန့်မှ တိုင်းပြည်သို့လွှဲအပ်ရာ ကျမဗျ။

တိုင်းပြည်က ရွေးကောက်တဲ့ အမတ်တွေထဲမှာလည်း ဘယ်ပါတီအမတ်အများဆုံးရသလဲ၊ ရသောပါတီသည် တိုင်းပြည်ကြိုက်တဲ့ပါတီဖြစ်၏။ ထို့ကြောင့် ၎င်းပါတီမှ ခန့်ထားခြင်းသာလျှင် ပါလီမန် နည်းစနစ် မှန်ကန်နိုင်မဗျ။ သို့ကလိုဆိုလျှင် ကျမ်းမကျိန်ဘဲ ရှောင်နေတဲ့ ပြည်သူပြည်သား ပါတီခေါင်းဆောင်တွေထဲက ရဖို့များသဗျ။

သို့ပင်ဖြစ်စေကာမူ ဘုရင်ခံသည် အရင် ဆာဟာကုတ်ဘတ္တလာလို မိမိထင်ရာလုပ်မယ်ဆိုလျှင် ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ အခုကြားရတဲ့ သတင်းအမျိုးမျိုးထဲမှာ အထူးအဆန်းဆုံးကတော့ (၁) ပြည်ထဲရေးအမတ်ကြီး ဆာဂျေအေ ဦးမောင်ကြီးက အိန္ဒိယပြည်သို့ ပြောင်းရမလိုလို၊ ဦးမောင်ကြီးနေရာ ပြည်ထဲရေးအမတ်ကို ဦးဘဖေ ဆက်ခံရမလိုလို။

သစ်တောရေးအတွက် ဆိုင်မွန်ကော်မရှင် ပြန်သည့်တိုင်(၄ လ)ခန့်လောက်ကို မစ္စတာအရိန်ကို ပေးထားပြီးနောက်မှ အစိုးရနှင့် ဂိုလ်ဒင်ဘယ်လီအင်အားများလျှင် ဦးဘတင်ကို ပေးမည်။ မများလျှင် ဦးပုကို ပေးမလိုလို၊ ဦးမောင်မောင်အုန်းခိုင်ကို ပေးမလိုလို။ ခပ်ဆန်းဆန်းကြားနေရသဗျ။ ကိုင်း ဒီစနေတစ်ပတ် စောင့်ကြည့်ကြအုံးစို့၊ ဒီးဒုတ်တော့ ဦးမောင်မောင်အုန်းခိုင်ကို စွပ်ဒိုင်မှာ ဝင်း ၅၊ ပလေး ၅ လောက်တော့ စမ်းလိုက်အုံးမယ်လေ။

ဒီးဒုတ်

သို့သော် ဆရာ၏ မြင်းတစ်များမှာ အချို့ မမှန်ခဲ့ပေ။ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ် စကားအတိုင်း နိုင်ငံရေးဆိုသည်ကလည်း ပရိယာယ်များလှသည်။ အသိခက် နက်နဲကျယ်ဝန်းလှသည်။ ထိုအချိန်များအတွင်းပင် ဆိုင်မွန်ကော်မရှင်အမှီ တစ်ရာကော်မတီဝင်များ ဖြစ်ကြသော ဝတ်လုံ ဦးနီနှင့် အဖွဲ့အား မြန်မာပြည်လွတ်လပ်ရေးဥပဒေကြမ်း (စကင်း)ကို အပြီးရေးဆွဲရန် တာဝန်ပေး အလုပ်များလျက်ရှိကြသည်။

ထိုဥပဒေကြမ်းတစ်ခုကိုလည်း မန္တလေး(၂၁ ဦးအဖွဲ့ဝင်) ဗဟိုစည် ဦးဘဦး (နောင်တစ်ခေတ် ဝန်ကြီးဖြစ်လာမည့်သူနှင့် ကျောင်းသားအရေးတော်ပုံ ဗိုလ်အောင်ကျော်တို့ကိစ္စတွင် နာမည်ကြီးသွားသူ) ကလည်း ရေးဆွဲလျက်ရှိသည်။ ဝတ်လုံ ဦးသိမ်းမောင်



ကလည်း အလားတူ ဥပဒေကြမ်းတစ်စောင်ကို ရေးဆွဲနေသည်။ ယင်းဥပဒေကြမ်းများကို အားလုံးတောင်းယူပြီးနောက် အခြားအနောက်နိုင်ငံများ၏ ဥပဒေများနှင့် ညှိနှိုင်းရေးဆွဲရန် ဖြစ်သည်။

ထိုသို့ ရေးဆွဲပြီး ဥပဒေကြမ်းကို ဆိုင်မွန်ကော်မရှင်အလာတွင် သပိတ်မှောက်၍ တိုင်းသူပြည်သားများနှင့်အတူ တစ်စည်းတစ်လုံး ညီညီညွတ်ညွတ်အရေးဆိုနိုင်ရန် တစ်ရာကော်မတီက စီစဉ်ထားခြင်းဖြစ်၏။ **သို့သော်–သို့သော်** 'မွဲချင်သောခွေး ပြာပုံတိုး' စကားပုံ ရှိင်းရှိင်းအတိုင်း ဤတစ်ကြိမ်တွင်လည်း မြန်မာပြည်သားများ၏ ကံကြမ္မာများကပင် ခေလေသလား၊ နိုင်ငံခေါင်းဆောင်ကြီးများကပင် ချာလေသလား၊ တပ်အပ်မပြောနိုင်အောင် လွတ်လပ်ရေးပွဲတော်ကြီးနှင့် တဖန်လွဲရပြန်သည့်အကြောင်းများကို ရှေ့အခန်းများတွင် တွေ့ရပေဦးမည်။

**အကယ်၍သာ–အကယ်၍သာ** ထိုအချိန်က ယခင်ဂျီစီဘီအေကြီး ညီညွတ်ခဲ့စဉ်ကလို အမျိုးသားအားလုံး စည်းလုံးညီညွတ်ကြခဲ့လျှင် မြန်မာပြည်၏ နိုင်ငံရေးသမိုင်းသည် ထိုအခါကပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲကောင်း ပြောင်းလဲသွားပေလိမ့်မည်။ ယခု ထိုအကြောင်းများ ထင်ရှားပါအံ့။

ဥပဒေပြုအဖွဲ့ မင်းတိုင်ပင်ရွေးကောက်ပွဲပြီးသည်နှင့် ပထမဆုံးထကြွ စွဲကပ်လာတတ်သော မြန်မာပြည် နိုင်ငံရေးရောဂါကြီးမှာကား အများသိပြီးအတိုင်း ရာထူးယူရေးပင်ဖြစ်သည်။ ထိုရာထူးယူရေးတွင် ပထမဆုံး ငါးထောင်စား အမတ်ချုပ်ကြီး ရာထူးမဟုတ်သေးဘဲ ဥပဒေပြုကောင်စီ ဥက္ကဋ္ဌရာထူးပင်ဖြစ်သည်။ ထိုရာထူးကိုလည်း ၂၁ ဦး (ပြည်သူပြည်သားအဖွဲ့သား)များက ချိန်ရွယ်ထားပြီး ဖြစ်သည်။ ထိုရာထူးအတွက် တစ်ရာကော်မတီ ဥက္ကဋ္ဌကြီး ဦးပုကို လျာထားသည်။ သူတို့၏ဆွယ်လုံးကလည်း ထိုဥပဒေပြုဥက္ကဋ္ဌရာထူးကို မြန်မာလူမျိုးများထဲမှ ရရှိဂုဏ်ယူရန် ဖြစ်သည်။

မှန်တော့လည်း မှန်၏။ မြန်မာပြည် အုပ်ချုပ်ရေးဥပဒေသစ်အရ (၉)နှစ်တွင် ပထမ (၃)နှစ်ကာလက ဥပဒေပြု ကောင်စီဥက္ကဋ္ဌမှာ အင်္ဂလိပ်လူမျိုး ဆာမက္ကာသီ၊ (မကြာမီ မက္ကာသီကွယ်လွန်သွားရာ အင်္ဂလိပ်လူမျိုး ဆာရောဘတ်ဂျိုင်းက ဥက္ကဋ္ဌဖြစ်လာ၏။ ထိုစဉ်က ဒုတိယဥက္ကဋ္ဌမှာ မြန်မာလူမျိုးဦးဘဖေဖြစ်သည်။ ထိုနောက်(၃)နှစ်တွင် တဖန် ဥက္ကဋ္ဌ မစ္စတာ အို–ဒီ ဂလန်ဗီ၊ ဒုတိယဥက္ကဋ္ဌ ဝတ်လုံ ဦးပေါ်ထွန်း ဖြစ်သည်။

ယခု (၃) နှစ်တွင်ကား မည်သူဖြစ်မည် မသိရဘဲ ထိုဥက္ကဋ္ဌရာထူးနေရာကို မြန်မာလူမျိုးထဲမှ ရလိုဖြစ်လိုကြသည်။ ထိုအချက်ကိုမူ မြန်မာအမျိုးသား အမတ်အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



သဘောတူမျှော်လင့်ကြသည် ဖြစ်သည်။ ထိုအချက်ကို အကွက်ကောင်းယူကာ ပြည်သူပြည်သားပါတီက ထိုဥက္ကဋ္ဌရာထူးကို မျှော်မှန်းခြင်းပင် ဖြစ်၏။ ထိုဥက္ကဋ္ဌရာထူးပြီးကာမှ ထလာမည့်နိုင်ငံရေးရောဂါမှာ ငါးထောင်စားရာထူး နှစ်နေရာ။

ဤတွင် ၎င်းတို့မျှော်မှန်း ရည်ရွယ်သည့်အတိုင်း ပြည်သူပြည်သားပါတီပင် ကံဇာတာ တက်လာသောကြောင့်လားမသိ၊ အောက်ပါ ဒီးဒုတ်ကြီးနှင့် အချစ်တော် ကွာစိကြီးတို့ တွေ့ဆုံခန်း ညီလာခံအဖြစ် (ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းနှင့် သူ၏တပည့်မကေသာဇေဒါတို့ တရားပွဲမျိုး အတုယူ၍) ခပ်ရှင်းရှင်းရေးထားသော စကားအချေအတင်များကို ဤသို့ ဖတ်ရခြင်းပင်တည်း။

## ဒီးဒုတ် ကွာစိ ညီလာခံ

ကွာစိပြော။ 'အစည်းအဝေးစတော့ ဥပဒေပြုအဖွဲ့ စက္ကရီတေရီ ဦးဘဒွန်းက ဘုရင်ခံရဲ့ အစည်းအဝေးဖွင့်စာနှင့် ခေတ္တချယ်ယာမင် ခန့်စာကို ဖတ်ရသဖြင့် ပရိသတ်အားလုံး မတ်တပ်ရပ်နားထောင်ကြတယ်ဘုရား၊ နောက်ဒေါက်တာပရက်က ခေတ္တချယ်ယာမင်အဖြစ် ရှေးဦးစွာ ကျမ်းကျိန်ပြီး မိန့်ခွန်းမြွက်ဟတယ် ဆိုပါတော့ဘုရား၊ အဲဒီချယ်ယာမင် မိန့်ခွန်း ပြီးတော့မှ အစိုးရခန့် အမတ်တွေကစပြီး အမတ်အားလုံး ကျမ်းသစ္စာအလှည့်ကျဆိုကြရတယ်ဘုရား'

ဒီးဒုတ်ပြော။ 'အစိုးရတိုက်တဲ့ကျမ်းကို ဘယ်အပိုဒ်ကလေးများပြင်ပါအုံး၊ တင်းလွန်းပါတယ်လို့ပြောတဲ့လူများ ရှိသေးသလား။ ကျမ်းမကျိန်ဆိုတဲ့လူများကော တွေ့သေးသလား ကွာစိရဲ့' (၂၁ ဦးများကို စောင်းခြင်း)။

ကွာစိတင်။ 'အို သူ့ထက်ငါကောင်း လက်ခုပ်တဖြောင်းဖြောင်းနဲ့ပေါ့၊ မောင်မောင်ဒီးရယ်။ ကျမ်းကောင်းမှန်း သိနေလိုက်ကြတာ ဘယ်ပြောကောင်းမလဲ'

ဒီးဒုတ်။ 'ဆရာတော်ကြီးများ အမျှုးပြုတဲ့ စတုဒိသာ တစ်ရာ ကော်မတီကျမ်းကတော့ ၅၀၀ဝိ/–စားလည်း မပေးနိုင်၊ ဘွဲ့ထူးတံဆိပ်များလည်း မပေးနိုင်လို့ထင်ပါရဲ့၊ ကျမ်းမျက်နှာ တယ်ငယ်သကွယ်–ကွာစိရယ်။ ဒီက ကျမ်းကိုတော့ကိုင်ရမှာ ကြောက်ကြလွန်းလို့ ပြေးပေါက်ရှာနေတဲ့ အမတ်တွေ အလွန်များသကွယ့်၊ ကိုင်း–ပြောစမ်းပါအုံး'

ကွာစိတင်။ 'ဒါနဲ့ ဥပဒေပြုအဖွဲ့ ဥက္ကဋ္ဌရာထူး ရွေးကောက်ဖို့ကိစ္စ ရောက်ပါရော၊ ရောက်တော့ ဂန္ဒီပုက မရွေးသေးဘဲ တစ်ရက်ရွှေ့ဆိုင်းထားဖို့ကို ဥပဒေအကိုးအကားနဲ့ ပြောတယ်ဘုရား'



ဒီးဒုတ်ပြော။ 'ကိုပု နိုင်သွားရောလား–ကွာစိရဲ့'

ကွာစိတင်။ 'ဟာ– ရှုံးတာပါဘုရား၊ ဥက္ကဋ္ဌအရွေးခံမည့်သူ (၆)ဦးအနက်၊ ဦးကွန်းက နုတ်ထွက်၊ ဦးနီကလည်း နုတ်ထွက်၊ ဂန္ဒီပုကလည်း နုတ်ထွက်လိုက်တော့ (၁)မစ္စတာဂလန့်ဗီ၊ (၂)ဝတ်လုံဦးပု၊ (၃)ကရင်အမတ် စောဖဒွေး၊ အဲသည် သုံးယောက် ယှဉ်ပြိုင်ရွေးရတယ်ဘုရား'

ဒီးဒုတ်ပြော။ 'အင်း–ပြောအုံး...ကွာစိရဲ့'

ကွာစိတင်။ 'အဲ– ပထမတစ်ကြိမ် ရွေးလိုက်တော့ ဦးပု ၄၂ မဲ၊ မစ္စတာဂလန်ဗီ ၄၂ မဲ၊ စောဖဒွေး ၄ မဲရတယ်၊ အဲသည် ရွေးပွဲမှာ ဟုမ္မရူးအဖွဲ့ဂန္ဒီပုနဲ့ ဦးမောင်မောင်(ရမ်းဗြဲ)တို့က မဲမပေးကြဘူး မောင်မောင်ဒီးရဲ့'

ဒီးဒုတ်ပြော။ 'အဲ–အဲ–ဟုတ်ကပြီ၊ ဟုတ်ကပြီ၊ ပြောပါအုံး'

ကွာစိတင်။ 'ပထမ လူနှစ်ယောက် ၄၂ မဲ စီတူနေတာနဲ့ ပြန်ရွေးရတယ်၊ နောက်တစ်ခေါက် မဲကောက်တော့ ဦးမောင်မောင် မဲဝင်ပေးတယ် ဘုရား၊ မဲဆန္ဒများရေတွက်တော့ ဦးကပုက ၄၈မဲ၊ မစ္စတာဂလန်က ၄၁ မဲ ရလို့ ဦးပုက ပထမဥက္ကဋ္ဌဖြစ်သွားတယ်၊ မြန်မာပြည်ဥပဒေပြုအဖွဲ့ ရာဇဝင်မှာဖြင့် မြန်မာထဲက ဥက္ကဋ္ဌဖြစ်တာ ဒီဟာပထမအကြိမ်ပဲဘုရာ့၊ တယ်ဝမ်းသာစရာ ကောင်းတယ်၊ အဲသည်နောက် ချယ်ယာမင်က ဥက္ကဋ္ဌအဖြစ်ကို ဘုရင်ခံက အတည်ပြုဖို့ လိုသေးတယ်လို့ ချက်ချင်း ဘုရင်ခံကို အကြောင်းကြားပြီး (အင်တာဘယ်)ပေးလိုက်တယ်၊ မောင်မောင်ဒီးရဲ့'

ဒီးဒုတ်ပြော။ 'ကွာစိရယ်...လေ့ကြီးထိုး ရိုးရိုးလုပ်စမ်းပါကွယ်၊ အင်တာဘယ်လေး၊ ဟ(ဖ)တိုင်းလေ မလုပ်ပါနဲ့၊ ကိုင်း...ဆက်စမ်းပါအုံး'

ကွာစိပြော။ 'ဒါနဲ့...ညနေပိုင်းကျတော့ ဒုတိယ ဥက္ကဋ္ဌနေရာကို ရွေးပြန်တဲ့ အခါ ၄ ဦးအနက် ဝတ်လုံဦးကြာခိုင်နဲ့ မစ္စတာ တရပ်ဂျီတို့က ထွက်ပြေးတော့ ဦးနီနဲ့ ယူနီဗာစတီဦးထွန်းဖေ ၂ ယောက် အရွေးခံကြရတယ်။ ဦးနီက ၅၂ မဲရပြီး၊ ဦးထွန်းဖေ ၃၆ မဲသာရလို့၊ ဦးနီ ဒုတိယဥက္ကဋ္ဌ ဖြစ်ပြန်ပါရော ဘုရာ့၊ ဘယ့်ကလောက် ဝမ်းသာစရာ ကောင်းသလဲလို့၊ အဲဒီဝမ်းမြောက်ဖို့ သတင်းထူးကြောင့် ပလင်းစူးရစေရဲ့။ တစ်ခါလှည့် ပြီး ကွာစိ ဒီရောက်လာတာပဲ ဘုရား'

## ဥပဒေပြုကောင်စီ ဥက္ကဋ္ဌ

ဤသို့ဖြင့် ဆရာ၏ဂျာနယ်မှ 'ဒီးဒုတ် ကွာစိ ညီလာခံသဘင်'ဟူ၍ တစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကဏ္ဍဖော်၍ ရေးလိုက်ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ဘဲ အခြေခံအချက်များ ရှိနေပေသည်။ ထိုအချက်များမှာကား ခေတ်အဆက်ဆက် သတင်းစာဆရာ နိုင်ငံရေးဆရာများ၌ ရှိတတ်စမြဲ မြုပ်ကွက်၊ ဖော်ကွက်ကလေးများဖြစ်ရာ ထိုမြုပ်ကွက်ကလေးများမှာ ကျွန်ုပ်တို့၏ နိုင်ငံရေးအထူးသတင်းထောက် ထံမှစသော သတင်းများပင် ဖြစ်၏။ ထိုသတင်းများတွင် ယခင် ဥပဒေပြုကောင်စီ ဥက္ကဋ္ဌရာထူးနှင့် ပတ်သက်၍ မည်သို့မည်ပုံ၊ ကုလားဖန် ထိုးကြပုံ၊ ကွက်ကျော်ကြိုးစားကြပုံများမှာ 'အနီ နိုင်ငံရေးဆရာများ၏ မှတ်သားဖွယ် နည်းပရိယာယ်များပင် ဖြစ်၏။ ဤနေရာတွင် ထိုစဉ်က ဖတ်ရသော ကျွန်ုပ်တို့၏ နိုင်ငံရေးအထူးသတင်းထောက်ထံမှ သတင်းကောက်နုတ်ချက်များကို ဖော်ပြက ပို၍ရှင်းပေလိမ့်မည်'

(ကျွန်ုပ်တို့၏ နိုင်ငံရေးအထူးသတင်းထောက်ထံမှ)

## ပြည်သူ့အဖွဲ့အမည်ခံ အမတ်များ

ပြည်သူပြည်သားပါတီ အမည်ခံအမတ်များသည် အမတ်ရွေးကောက်ပွဲတွင် သုံးစွဲကြသော အာမခံကြေညာစာတမ်းများ၌ သရာဇပါတီ၊ ဟုမ္မရူးပါတီနှင့် နေရှင်နယ်ပါလီမန်အဖွဲ့အစည်းပါတီတို့ နည်းအတိုင်း ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ပါမည်ဟူသော ခံဝန် ချက်ကြီးကို ဦးထိပ်ထက်ပန်ဆင် လှည့်ဖြားလာကြသဖြင့် ပြည်သူပြည်သား ဆန္ဒမဲရှင်များက ရေးရွေးကောက်ပွဲ အဆက်ဆက်ကထက် ပြည်သူ့ဘက်ပါတီအမတ်များ အင်အားကြီးမားအောင် ရွေးကောက်တင်မြှောက်ခဲ့ကြလေသည်။

သို့သော် ပြည်သူ့အဖွဲ့အမည်ခံ အမတ်များမှာ ဆန္ဒမဲရှင်တို့ ကျေးဇူးသစ္စာကို ဆိတ်စာမျှ ပမာနမပြုကြဘဲ။ ဆိုင်မွန်ကော်မရှင်သပိတ်မှောက်ရေး ပြင်သင့်–မပြင်သင့် အကြောင်းကို ရေလဲအမျိုးမျိုးနှင့် အသုံးချခဲ့ကြလေသည်။

သူတို့ အမျိုးမျိုး အသုံးချပုံသော်ကား ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်သောပါတီအဖွဲ့မှာ ၅၀၀၀ိ/ –(ငါးထောင်)စားရာထူးကို လက်ခံခြင်းငှာ(ဝါ) ၅၀၀၀ိ/ –စားရာထူးကို ပေးအပ်ခြင်းမှာ မဖြစ်စကောင်းပြီ။ မဖြစ်နိုင်ပြီဟု ယုံကြည်တွေးတော မက်မောထိတ်လန့်စိတ်ဖြင့် ပြည်သူပြည်သားပါတီအဖွဲ့သည် ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ခြင်း အဆိုကို ပြန်၍ ပြင်ဆင်ရန် အစည်းအဝေးတိုင်း မကြာခဏတင်လာကြလေသည်။

သို့သော် စတုဒိသာတစ်ရာကော်မတီတွင် ပါဝင်နေသော ပြည်သူ့အဖွဲ့ခေါင်းဆောင်ကြီးအတွက် ဥပဒေပြု ဥက္ကဋ္ဌရာထူးကို ရည်စူးမျှော်မှန်းထားကြသေးသည်ဖြစ်ရကား



ဆိုင်မွန်ကော်မရှင်ကို သပိတ်ပြန်၍ လှန်ခဲ့မိသော် ပြီစီဒင်နေရာကိုရရန် နိုင်ငံဘက် ပါတီအမတ်များက ကူညီထောက်ခံကြမည် မဟုတ်ခြင်းကြောင့် အဆိုပါ ဆိုင်မွန်ကော်မရှင်သပိတ်မှောက်ခြင်း အဆိုပြင်ဆင်ရေးကို အစည်းအဝေးတိုင်းပင် အလိမ္မာဉာဏ်ဖြင့် စခန်းခေါက်၍ ထားခဲ့ကြလေသည်။

ထိုဆိုင်မွန်ကော်မရှင် သပိတ်မှောက်ရေးသည် ၅၀၀၀ိ/ –စား ရာထူးရလိုရေးနှင့် ရှုပ်ထွေးခက်ခဲနေကြသည် ဖြစ်ရကား၊ ဥပဒေပြုကောင်စီ အစည်းအဝေးပွဲ မကျရောက်မီကပင်လျှင် ယင်းပြည်သူပြည်သားအဖွဲ့ အကျိုးဆောင်က တစ်ရာကော်မတီ အစည်းအဝေးသို့ လာရောက်ကာ မိမိတို့အဖွဲ့က ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ဖြစ်ပါပြီ၊ သို့အတွက် ပြည်သူပြည်သားအဖွဲ့ ခေါင်းဆောင်ကြီးအား ဥက္ကဋ္ဌရာထူးရအောင် အားပေးကူညီကြပါဟု ပြာပြာသလဲ လာရောက်ဆွဲငင်သည်ဟု ကြားသိရလေသည်။

ထိုသို့ အရေးတော်ပေါ်ခိုက် မျက်ဖြူဆိုက်နေဆဲတွင် (သို့ဖြစ်လျှင် ၅၀၀၀ိ/ – စားရာထူးကိုကော၊ ပြည်သူ့အဖွဲ့က လက်မခံကြတော့ပါဘူးဟု သေချာဂနစ္စာ ဆုံးဖြတ်ထားရမည်)ဟု တစ်ရာကော်မတီဝင် ပုဂ္ဂိုလ်တို့က ပြောဆိုရာ၊ ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ထားလျှင် ၅၀၀၀ိ/ –စား ရာထူးကိုလည်း ဘုရင်ခံက ပေးတော့မည်မဟုတ်တော့ပါဟု တိမ်းသာလှည့်သာ စကားမျိုးကိုသာ ပြောနေကြပြန်သည်။

'ဘုရင်ခံက ၅၀၀၀ိ/ –စား ရာထူးပေးသည် မပေးသည်ကို အလိုမရှိ၊ ပြည်သူပြည်သားအဖွဲ့က ၅၀၀၀ိ/ –စားလက်မခံပါဟူသော တိတိကျကျ ဝန်ခံချက်ကို လိုချင်သည်' ဟု တစ်ရာကော်မတီတို့ဘက်က လေးလေးနက်နက်ပြောသဖြင့် စကားကြောမသတ်ဘဲ ဤတွင် ရပ်စဲသွားရသည်ဟု ကြားသိရကြောင်း။

အထက်ပါ သတင်းများမှာ ယခင်ကောင်စီဥက္ကဋ္ဌရာထူးနှင့် ပတ်သက်သော ဖော်ကွက်၊ မြုပ်ကွက်သတင်းများဖြစ်ရာ ဤသတင်းမှာ ဤမျှနှင့်မပြီးသေးဘဲ နောက်တစ်နေ့တွင် တဖန် အောက်ပါခေါင်းစဉ်တပ်၍ ပါလာပြန်သည့် ထူးခြားသောသတင်းတစ်ပုဒ်မှာကား...

## ပြည်သူ့အဖွဲ့ အမည်ခံများအား ဘယ်ဘက်ကမျှ မယုံကြပြီ

(ကျွန်ုပ်တို့၏နိုင်ငံရေးအထူးသတင်းထောက်ထံမှ)

ယခင်တစ်ပတ်က ကျွန်ုပ်တို့ ဖော်ပြရေးသားလိုက်သည့်အတိုင်း ကောင်စီ ပြီစီဒင်နေရာ အရေးကိစ္စများမှာ၊ အမျိုးမျိုး အနည်းနည်း စမ်းကြည့်တီးခေါက်၍ မယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



ရမှန်းသိသော်လည်း ပြည်သူပြည်သားအဖွဲ့၏ မျက်နှာကြောင့်မဟုတ်၊ မြန်မာတိုင်းရင်းသားအားလုံး၏ မျက်နှာကို ထောက်၍ ငဲ့ကွက်ခြင်းဖြင့်သာ မြန်မာတိုင်းသား ဥက္ကဋ္ဌရရန် ကျွန်ုပ်တို့ နိုင်ငံရေးသတင်းထောက် ကိုယ်စားလှယ်ကပင် ပါတီအသီးသီးနှင့် ဆုံစည်းဆွေးစပ်ခဲ့ရကြောင်း။

ထိုအရေးကိစ္စတွင် ပြီစီဒင်နေရာကို ပြည်သူ့အဖွဲ့ခေါင်းဆောင်ကြီးရရန် အားပေးမည်။ သို့သော် ၅၀၀၀ိ/– စားကို ယူမည်မဟုတ်ကြောင်း။ အာမခံတောင်းပေးပါဟု တစ်ရာကော်မတီကို ထောက်ခံသော အမတ်များက တောင်းဆိုကြသော်လည်း ထိုအာမခံချက်ကို တောင်း၍ ဘယ်နည်းနှင့်မျှ မရအံ့သည်ကို သူရိယသတင်းစာတွင် အခါခပ်သိမ်း မြည်နေပြီးဖြစ်သဖြင့် ၅၀၀၀ိ/–စား၊ နောင်ရေးအတွက်ကြောင့် ယနေ့လောလောဆယ် မြန်မာအမျိုးသားဂုဏ်ကို ထိခိုက်မည့်ကိစ္စကို နောက်မကျအောင် ဆောင်ရွက်အားပေးကြပါဟု အတန်ကြီးအားထုတ်တိုက်တွန်းမှ မြန်မာလူမျိုး ဥက္ကဋ္ဌရရှိရေးတွင် ယခုလို အနိုင်ရခဲ့ကြောင်း။

ထိုသို့ ပြီစီဒင်နေရာကို မြန်မာများ ရရှိသွားပြီးနောက်တွင်...ပြည်သူပြည်သားအဖွဲ့က ငါတို့အလိုတစ်ရပ်တော့ ပြည့်စုံပြီဟု ဆိုင်မွန်ကော်မရှင်ရေးကို ရှုပ်ထွေးညာဝါးလာပြန်သောကြောင့် ယခု ထိုပြည်သူအဖွဲ့ကို တိုင်းသားဘက်အမတ်များနှင့် အပြင်ပ နိုင်ငံရေးအဖွဲ့များကလည်း မည်သူမျှ မယုံကြည်ကြသည့်ပြင် အစိုးရတို့ကလည်း ဤပြည်သူ့အဖွဲ့ဝင် အမတ်တွေမှာ အချိန်အခါလိုက်၍ အမျိုးမျိုးညာဝါးနေသည်ဟု ပမာမထားမလေးစားဘဲ (ငါးထောင်စား)များနေကို အလိုတော်ရိဘက်ကပင် ရစေဟု၊ ကြေညာခန့်ထားလိုက်ပြီဖြစ်ကြောင်း။

'တိုင်းယက်သည် ပက္ကလာမိုးရွာသည်နှင့် အဆင်သင့်' ပင်ဆိုရမည်လား၊ သို့မဟုတ် သည်ယုန်မြင်၍ သည်ခြုံကိုပင် ထွင်လေသလား တော့မသိပေ။ ဤသတင်းများပါပြီး နောက်တစ်ပတ် ဆရာ၏ ဂျာနယ် ဒီးဒုတ် ပစ္စရလက္ခတ်ကျမ်းအခန်းမှ အောက်ပါ'တိုင်းရေးပြည်မှုရာဇဝင်' ခေါင်းစဉ်ဖြင့် နိုင်ငံရေးသမိုင်း ဆောင်းပါးရှည်ကြီးတစ်ပုဒ် ငွားငွားစွင့်စွင့် ကြားဝင်၍ ပါရှိလာပေသည်။ အမှန်တော့လည်း နိုင်ငံရေးဆရာ၊ သတင်းစာဆရာများသည် ဤသို့သော နိုင်ငံရေးဖော်ကွက်၊ မြှုပ်ကွက်များကို မျက်စိဖွင့် နားကိုစွင့်၍ မျက်ခြည်မပြတ် ကြည့်နေပေရာ၊ ဤအချက်များကိုပင် သတင်းစာသမား၊ နိုင်ငံရေးသမားများ၏ အရည်အချင်းကောင်းများဟု ဆိုရမည်လား၊ ကွက်ကျော်မြင်သည်ဟု ဆိုရမည်လားဟူသော အချက်များကိုမူ အောက်ပါအခန်းကို ဖတ်၍ စာဖတ်သူများကိုယ်တိုင် ဆုံးဖြတ်ရန်သာရှိတော့သည်။



## တိုင်းရေးပြည်မှု ရာဇဝင်

စတုဒိသာတစ်ရာကော်မတီ ဖွဲ့စည်းစဉ်အခါက၊ ရှမ်းနှင့်ဆင်လယ်ပြင်ကျက သိရတော့မည်ဟု ဒီးဒုတ်ကြီး ခေါင်းတပ်၍ ရေးသားခဲ့ကြသည်များကို ပြည်တော်သူပြည်တော်သားတို့ ကောင်းစွာမှတ်မိကြလိမ့်မည်ဟု အောက်မေ့မိ၏။ ယခု ရှမ်းနှင့်ဆင်တည်းဟူသော ဝံသာနုနှင့် ဝံသာပျက်တို့သည် ဆိုင်မွန်သပိတ်မှောက်ရေးနှင့် စပ်လျဉ်းသည့် မင်းတိုင်ပင်အစည်းအဝေးတည်းဟူသော လယ်ပြင်သို့ ရောက်ခဲ့ပြီဖြစ်၍၊ ဘွင်းဘွင်းကြီးကို မဆိုထားနှင့် ဘွားဘွားကြီးပေါ်လျက် ရှိနေပြီဖြစ်ရကား၊ ဒီးဒုတ်ကြီးတို့၏ ဝတ္ထုရားမှာ ဖြစ်ပေါ်လာသော ကိစ္စအရပ်ရပ်တို့ကို တိုင်းသူပြည်သားတို့သည် အမှန်အကန်ကို သိရှိရအောင် အော်ဟစ်ပြောကြားရန်ဖြစ်၍ ဟုတ်ရာဆိုက နာလိုခံခက် အမျက်ထွက်ဆိုဘိသို့ အမျက်ထွက်သူတို့က ထွက်ကြလိမ့်မည်ကို ပမာပြုနိုင်လိမ့်မည် မဟုတ်ပေ။

## တိုင်းသူပြည်သားပါတီ ဖွဲ့စည်းခြင်း

လွန်ခဲ့သောနှစ် မင်းတိုင်ပင်အစည်းအဝေးတွင် ဆာဂျေအေက ဦးဥတ္တမအကြောင်းနှင့်စပ်လျဉ်း၍ ပြောဆိုသောစကားများကို မခံမရပ်နိုင်သဖြင့်၊ တိုင်းပြည်ဘက်အဖွဲ့ဟု အမည်ခံကြသော၊ သရာဇအဖွဲ့၊ ၂၁ ဦးခေါ် ဝံသာနုအဖွဲ့နှင့် ဟုမ္မရူးပါတီအဖွဲ့ သုံးဖွဲ့တို့သည် ပြည်သူပြည်သားပါတီဟူသော အမည်ဖြင့် အစိုးရကို မင်းတိုင်ပင်အဖွဲ့တွင်းမှ ခုခံရန် ဖွဲ့စည်းခဲ့ကြသဗျ။ ဤသို့ ဖွဲ့စည်းရာ၌ ၂၁ ဦးမှာ ရာထူးလက်ခံဂိုဏ်းဖြစ်၍ ကျန် ၂ ဖွဲ့က မင်းတိုင်ပင် တစ်သက်လျာအတွင်း၊ ရာထူးလက်မခံဟု ဝန်ခံချက်ရမှပေါင်းနိုင်မည်ဆိုသဖြင့် ဝန်ခံကြပြီးလျှင်၊ ပြည်သူပြည်သားပါတီ၏ မန်နီဖက်စတိုခေါ် ကြေညာစာတမ်းတွင် ရာထူးလက်မခံဟု ထုတ်ပြန်ကြေညာခဲ့သဗျ။

## ပထမသစ္စာဖောက်ခြင်း

ထိုနောက် ပြည်သူပြည်သားအဖွဲ့ဝင် ဦးအုန်းဖေ၊ ဒေဝါလီ ဝန်ထောက်ရာထူးကို လက်ခံသောအခါ ကျန်သောအဖွဲ့ဝင်တို့က ထိုကိစ္စကို အရေးယူရန် တိုက်တွန်းရာ။ သူရိယသတင်းစာမှ ရာထူးလက်မခံဟူသော စကားမှာ မင်းတိုင်ပင်ကောင်စီအတွင်း ရာထူးကိုသာ ဆိုလိုသည်။ အပြင်ရာထူးကိုမဆိုလိုဟု ရေးသားသဖြင့် ဤသို့ မလိမ့်တပတ်ပြုခြင်းကို မခံနိုင်၍ သရာဇဦးနီနှင့် ဦးဘစိုးတို့က အစည်းအဝေးတွင် ရှင်းလင်းရန် စီမံကြိုးစားပါသော်လည်း မရသောကြောင့် ပြည်သူပြည်သားအဖွဲ့မှ ထွက်ပြီး ပါလီမန်အဖွဲ့ကို တည်ထောင်ကြရသဗျ။

www.burmeseclassic.com



## ဆိုင်မွန်ကို သုံးကြိမ်သပိတ်မှောက်ခြင်း

ဆိုင်မွန်ကော်မရှင်ကို အိန္ဒိယပြည်က သပိတ်မှောက်ပြီးသည့်တိုင်အောင် မြန်မာပြည်က လှုပ်ရှားထကြွခြင်းမရှိကြ၍၊ ဒီးဒုတ်တိုက်မှ အယ်ဒီတာအစည်းအဝေး ၂ ကြိမ်တိုင်တိုင်စည်းဝေး ဆုံးဖြတ်ပြီးလျှင်၊ ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်သင့်ကြောင်း၊ အကျိုးအကြောင်းနှင့်တကွ၊ သဘောတူသည့် သတင်းစာဂျာနယ်တိုက်များက အညီအညွတ်အော်ဟစ်ခဲ့သဗျ။ ထိုနောက် ဦးချစ်လှိုင်အဖွဲ့က သပိတ်မှောက်ရန် ဆုံးဖြတ်သဗျ။ ထိုနောက် ဦးစိုးသိန်းအဖွဲ့နှင့် သံဃာသမဂ္ဂက သပိတ်မှောက်ရန် ဆုံးဖြတ်သဗျ၊ ထိုနောက်မှ တိုင်းသူပြည်သားပါတီခေါ်တဲ့ ၂၁ ဦးပါဝင်သည့် သပိတ်မှောက် ဆုံးဖြတ်ချက်ကို ချသဗျ။ ဤကား ပြည်သူပြည်သားပါတီ၏ ပါတီက ပထမအကြိမ် သပိတ်မှောက်ခြင်းတည်း။

## သပိတ်လှန်ရန် အားထုတ်ခြင်း

ထိုနောက် ဦးမြို့၏ ဂျူဗလီအစည်းအဝေးပေါ်လာသောအခါ ၂၁ ဦးဝင် သတင်းစာများက ပထမ အားပေးခြင်းပြုပြီး သွားသင့်ကြောင်းကိုပင် တိုက်တွန်း၍ ခွဲခွာရေးကို အားပေးသဗျ။ ဤခွဲခွာရေးက ဆိုင်မွန်သပိတ်လှန်ရေးနှင့် ဆက်စပ်နေကြောင်း၊ ဒီးဒုတ်အကြိမ်ပေါင်းများစွာ ဖော်ပြခဲ့လေပြီ။ ဤသို့ သပိတ်လှန်ရေးကို စက်လှည့်ပြီးနေက်စတုဒိသာ ပြည်လုံးကျွတ် အစည်းအဝေးကြီးကို ဂျူဗလီ အစည်းအဝေးနှင့် တစ်နေ့တည်းပြုလုပ်ရန် ဆုံးဖြတ်လိုက်သောအခါ ၂၁ ဦးဂိုဏ်းဝင်အချို့ သဘောမဖြောင့်သော သူတို့သည် ယုန်သူငယ်နှာစေးသည့်အလား ဘယ်ဘက်မှမသွားဘဲ အကဲထွားရာ ကပ်မည်အကြံနှင့် ထိုနေ့၊ ထိုရက်၊ ထိုအချိန်၌ပင် ပြည်သူပြည်သားပါတီ အစည်းအဝေးကို ခေါ်ထားသဗျ။ စည်းဝေးချက် အစီအစဉ်မှာ ပါဝင်တဲ့အကြောင်းတစ်ရပ်ကတော့ (ဆိုင်မွန်သပိတ်မှောက်ဆုံးဖြတ်ချက်ကို ပြန်လှန်စဉ်းစားရန်)တဲ့ဗျ။ ထိုအခါ ပြည်သူပြည်သားပါတီဝင် သရာဇအမတ် ဦးပေါ်ထွန်း၊ မစ္စတာ တရုပ်ဂျီစသော ပုဂ္ဂိုလ်တို့က ငါတို့စတုဒိသာကို မသွားဘဲ မနေနိုင်။ ငါတို့မသွားနိုင်အောင် နေ့ရက်အချိန်ကို တိုက်၍လုပ်သော ပြည်သူပြည်သားပါတီ အစည်းအဝေးကို မတက်ဟု ခုခံကြသဖြင့် နေ့အချိန်ကို မစည်းဝေးဖြစ်ဘဲ ညဘက်ကို လွှဲလိုက်ရသဗျ။

## ဒုတိယသပိတ်မှောက်ခြင်း

နေ့လည် စတုဒိသာအစည်းအဝေးတွင် ပြည်သူပြည်သားပါတီခေါင်းဆောင် ဝတ်လုံ



ဦးပု ပါလာသဖြင့် ဆိုင်မွန်သပိတ်မှောက်ရေးအထမြောက်အောင် ဆောင်ရွက်ရန်ဆိုတဲ့အဆိုကို ဦးမြင့်ကသွင်းပြီး၊ ဦးဘစိက ထောက်ခံပြီးနောက် ဦးချစ်လှိုင် တိုက်တွန်းချက်အရ၊ ဝတ်လုံ ဦးပုပါ ထောက်ခံသွားရရှာတော့၊ ညဘက်စည်းဝေးတဲ့ ပြည်သူပြည်သားပါတီအစည်းအဝေးမှာ ဆိုင်မွန် သပိတ်လှန်ရေးကို ကြိုးစားချက်ဟာ အထမမြောက်ဘဲမှောက်မြဲမှောက်ရပြန်ပါရော၊ (ဤကား–ဒုတိယမ္ဘိ ၂ ကြိမ်မြောက်တည်း)

## တတိယသပိတ်မှောက်ခြင်း

ငင်းနောက် (၅၀၀၀)စား မှန်းရှာကြသူ ခေါင်းဆောင်အချို့က မကျေနပ်နိုင်သေးကြသဖြင့် ဒီဇင်ဘာလ ၁၂ ရက်နေ့ စည်းဝေးတဲ့ မင်းတိုင်ပင် အစည်းအဝေးမစမီ (၁၁) ရက်နေ့ညမှာ ပြည်သူပြည်သားပါတီအစည်းအဝေး လုပ်ပြန်ပါရော။ တစ်ရာကော်မတီကလည်း အစည်းအဝေး ငင်းညမှာပဲ လုပ်သဗျ၊ အဲဒီ အစည်းအဝေးမှာလည်း ဆိုင်မွန်သပိတ်မှောက်ဆုံးဖြတ်ချက် ပြန်လှန်စဉ်းစားရန်ဆိုတာ ပါလာပြန်ရော၊ ထိုအခါမှာ အချို့သော ပြည်သူပြည်သားဝင်တွေမှာ တစ်ရာကော်မတီ သစ္စာခံတွေ ဖြစ်နေတော့ သပိတ်လှန်လျှင် ပါတီကေန်ကွဲမည်။ ကွဲလျှင် အစည်းအဝေး ဥက္ကဋ္ဌ ဦးပု ရရန် ခက်မည်စသော အကြပ်အတည်းများစွာ တွေ့ပြီး ထပ်မံ၍ သပိတ်မလှန်ရဘဲ မှောက်မြဲမှောက်ရပြန်ပါရော။ (ဤကား တတိယမိ ၃ ကြိမ်မြောက်တည်း)

ဤသို့ ၃ ကြိမ်တိုင် သပိတ်မှောက်ပြီးမှ အစိုးရက ငင်းတို့ကို ပေးမလိုလိုနှင့်ရက်ဆွဲပြီး ဆိုင်မွန်နှင့်တွဲဖက်အလုပ်လုပ်ဖို့ မင်းတိုင်ပင်အဖွဲ့မှ ကော်မတီခန့်ရေးကို စီစဉ်တော့ ပြည်သူပြည်သားပါတီဝင် မန္တလေး ဦးဘဦး ကိုယ်တိုင်က ပြင်ဆင်ချက်သွင်းပြီး ဆိုင်မွန်အစစ်ခံဖို့ သဘောတူ၊ ပြည်သူပြည်သားပါတီခေါင်းဆောင် ဦးဘဖေကိုယ်တိုင်က မိမိတို့မှာ ဆိုင်မွန်နှင့် တွဲဘက်ပြုလုပ်လိုသော ဆန္ဒရှိကြောင်း အစည်းအဝေးမှာ မြွက်ဟတော်မူတော့ အဆိုကို မဲဆန္ဒရွေးဖို့ ဖြစ်လာပါရော။ သစ္စာခံ တစ်ရာကော်မတီသမားများနှင့် ဟုမ္မရူးပါတီတို့က မိမိတို့ ဆုံးဖြတ်ချက်ကို ရှိသေသဖြင့် အစည်းအဝေးကထွက်လာကြရော။ ၂၁–ဦးတို့ ပယောဂဖြင့် ဆိုင်မွန်သပိတ်လှန်ရေးကောင်စီမှာ အထမြောက်ပြီး အစိုးရလည်း အလိုပြည့်ရော။ ပြည်သူပြည်သားပါတီမှာလည်း ၃ ကြိမ်ဆုံးဖြတ်ပြီးမှ သစ္စာဖောက်သူများအတွက် အချို့ထွက်ပြီး၊ အင်ဒီပင်းဒင့်တွေဖြစ်ကုန်ရော။ အစိုးရကလည်း ယခု အင်ဒီပင်းဒင့်အမတ်ဦးရေ များသည်ဟုဆိုပြီး ၂၁ ဦးကို ငါးထောင်စားမပေးဘဲ အင်ဒီပင်းဒင့်အမည်ခံတဲ့ မစ္စတာအရိန်နှင့် ဝတ်လုံ ဦးဘတင် ရွှေဘောင်ကြားဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



သားတွေကို ပေးလိုက်ရော။ သပိတ်လှန် ၂၁ ဦး ဆရာတို့မှာ ဖွတ်မရ၊ ဓားမဆုံးပြီး ယူကြုံးမရ ပက်လက်လန်နေကြသဖြင့် ၎င်းတို့အစား ဒီးဒုတ်ကြီးဖြင့် များစွာ ရှက်မိသဗျ။

ဒီးဒုတ်

## ဆိုင်မွန်ကော်မရှင်နှင့် အခွဲ အတွဲ

အထက်ပါ ဆရာ၏ တိုင်းရေးပြည်မှု ရာဇဝင်(ဝါ) ၂၁ ဦးတို့၏ ခြေလှမ်းကို အူမချေသေးမကျန် နောက်ကြောင်းရော ရှေ့ကြောင်းပါပြန်ကာ အကုန်လှန်လှောရေးလိုက်ခြင်းဖြင့် မြန်မာပြည် နိုင်ငံရေးသမားများ၏အကြောင်းကို ကျွန်ုပ်တို့ ဖတ်ရ၊ သိရ၊ မြင်ရသော်လည်း ဆိုင်မွန်ကော်မရှင်နှင့်ပတ်သက်၍ မြန်မာများအဖို့ အမြတ်ထက် အရှုံးထွက်နေပေသည်။

အကြောင်းမူ ဆိုကော်မရှင်ကို မူလဖွဲ့စည်းပေးလိုက်စဉ်ကပင် မြန်မာပြည်အား အုပ်ချုပ်ရေး ဥပဒေသစ်ကိုပေးအပ်ရန် အကြောင်းပြသော်လည်း နယ်ချဲ့တို့ လိုလားသော အရင်းခံအချက်မှာ အိန္ဒိယပြည်နှင့် ခွဲထုတ်ရန် ဆန္ဒသာ ဖြစ်သည်။ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအားဖြင့် မြန်မာပြည်ထက် အဆင့်မြင့်ကာ ညီညီညွတ်ညွတ်လှုပ်ရှားဆူပူ၍နေသော အိန္ဒိယပြည်ကို လက်ရှိအုပ်ချုပ်ရေးထက် အဆင့်တက်၍ ပေးရတော့မည်ဖြစ်ရာ ဤတွင် နယ်ချဲ့တို့၏ ပရိယာယ် ဉာဏ်နီဉာဏ်နက်များဖြင့် မြန်မာပြည်အား အိန္ဒိယပြည်နှင့် တန်းတူ အုပ်ချုပ်ရေးမျိုးကို မပေးလိုသေးဘဲ ချုပ်ကိုင်ထားလိုသော ဆန္ဒဖြင့် ခွဲထုတ်လိုခြင်းပင် ဖြစ်သည်။

ဤကား အရင်းဆုံးအဖြေဖြစ်ရာ ထိုအဖြေကို ရှင်းလင်းရန်မှာ နယ်ချဲ့တို့သည် သူတို့အဖို့ အသာဘက် အမြတ်ဘက်ကိုသာ အမြဲတွက်ချက်ကြည့်လေ့ရှိကြသည်။ ပထမ မြန်မာပြည်ကို နယ်ချဲ့များသိမ်းပိုက်ခဲ့ပြီးစဉ်က အုပ်ချုပ်မှု လွယ်ကူစေရန် အိန္ဒိယပြည် ခေါင်းဆောင်များက သဘော ကျ့ဘဲ ကန့်ကွက်ခဲ့ကြသည်။ သို့သော် ငါ့မင်း၊ ငါ့အာဏာ၊ ငါ့သဘောအတိုင်း သူတို့ထင်ရာ လုပ်ခဲ့သည်။

ထိုနောက် အိန္ဒိယပြည်အတွက် အုပ်ချုပ်ရေးကို မြှင့်ပေးရန်ဆိုကာ အတွင်းဝန်မွန်တေဂူ၊ အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့ဒ်တို့ ပူးတွဲရေးဆွဲခဲ့သည့် စီမံကိန်း(စကင်း)ကို မရေးဆွဲမီ အိန္ဒိယပြည်၌ လှည့်လည်စုံစမ်းနေသည့်အတွင်း မြန်မာပြည် ဝိုင်အမ်ဘီအေ အသင်းမှ ကိုယ်စားလှယ် ၄ ဦး (ဦးမေအောင်၊ ဦးဖေ၊ ဦးဘဖေ၊ မန္တလေးဝတ်လုံ ဦးစု) တို့ကို (၁၉၇၁ ခု၊ ဒီဇင်ဘာလ)တွင် အိန္ဒိယပြည်မှ မြန်မာပြည်ကို ခွဲထုတ်ပေးရန်



ကာလကတ္တားမြို့သို့ စေလွှတ်အရေးဆိုခဲ့သည်။ ထိုစဉ်က ထိုအရေးဆိုမှုကို ဗြိတိသျှနယ်ချဲ့များက ဂရုမစိုက်ခဲ့ပေ။

ယခု အိန္ဒိယပြည်မှ ခွဲထုတ်ချင်လာသည့်အခါ မည်သူတွေက မည်သို့ပင် အကြောင်းပြကန့်ကွက်ကြသည့်တိုင် နောက်ဆုံး ခွဲထုတ်ရန် အကြံကို တစ်နည်းမဟုတ်တစ်နည်းဖြင့် ထမြောက်အောင်မြင်အောင် ကြိုးစားပြုလုပ်ကြမည်သာ ဖြစ်သည်။ ယင်းသို့နယ်ချဲ့များ၏ ပရိယာယ် ဝေဝုစ်ကိုသိသော၊ မြင်သော၊ ပါးသော အိန္ဒိယနှင့် မြန်မာပြည်မှ နယ်ချဲ့တစ်ပါးကျွန်ဆွေမျိုးချင်း ရင်းနှီးခဲ့ပြီးကြသော ခေါင်းဆောင်များက ကန့်ကွက်ကြသည်။ သို့သော် အိမ်ကြက်ချင်း မညီညွတ်မှု၊ ခွပ်မှု၊ ကွဲမှုများကြောင့် နယ်ချဲ့တို့ဖို့ သူတို့၏ အလိုဆန္ဒပြည့်ဝမှုသို့ အလွယ်တကူရောက်သွားရတော့သည်။

အမှန်အားဖြင့် အချုပ်ကို ဖော်ပြရလျှင် မြန်မာပြည်အား အိန္ဒိယနည်းတူ အုပ်ချုပ်ရေးသစ်တစ်မျိုးကို တစ်ဆင့်တက်၍ ပေးအပ်ရန်ထက် အိန္ဒိယနှင့် မြန်မာပြည်ကို ခွဲထုတ်ရန် ဟူသော ဝှက်ဖဲကလေးကို ဆောင်ယူလာခြင်းက အဓိကအချက်ဖြစ်သည်။ ထိုအချက်ပို၍ ထင်ရှားနေသည်ကား ယင်းဆိုင်မွန်ကော်မရှင်နှင့်အတူ တိုင်ပင်ဆွေးနွေးလုပ်ကိုင်စေရန် လွှတ်တော်က ရွေးချယ်ခန့်ထားလိုက်သော အမတ်(၇)ဦး (ဦးအောင်သင်း၊ ဦးဘရှင်ဝတ်လုံ၊ မန္တလေး ဦးဘဦး၊ မစ္စတာ အမ်ယူစွတ်၊ ဆရာရွှေဘ၊ မစ္စတာကင်ပက်နက်၊ မစ္စတာအမ်၊ အမ်၊ ရာဖီ)တို့ ပါဝင်သော (ဆီလက်) ကော်မတီတို့၏ အစီရင်ခံစာ ၂ ရပ်လုံးကပင် မြန်မာပြည်အား အိန္ဒိယပြည်နှင့် ခွဲထုတ်ရန် ဟူသော အချက်ကို တညီတညွတ်တည်း ထောက်ခံရေးသား တင်သွင်းလိုက်ကြသည်။ ထိုအစီရင်ခံစာကို တစ်ဖန် ဘုရင်ခံ အမှူးပြုသော မြန်မာပြည်အစိုးရကလည်း ထပ်မံထောက်ခံလိုက်ပြန်သည်။

ယင်းသို့ဖြင့် နယ်ချဲ့ဗြိတိသျှတို့၏ ခြေလှမ်းအလိုတော်ရိများ၏ ခြေလှမ်း၊ ရာထူးယူရန် အမြဲမျှော်မှန်း လက်ကမ်းနေသော ၂၁ ဦးတို့ ခြေလှမ်းများကို ခန့်မှန်းသိမြင်နိုင်ရာ နောက်ဆုံး ဆိုင်မွန်ကော်မရှင်၏ ရည်ရွယ်ချက်များ အထမြောက်ကာ လာကျိုးအနပ်ကြီးနပ်လျက် အောင်ပွဲကြီး ပြည့်ပြည့်ဝဝ ခံစားသွားခြင်းပင်ဖြစ်သည်။

မကြာမီ အိန္ဒိယပြည်မှ မြန်မာပြည်ခွဲပြီး နောက်ပေးအပ်မည့် အုပ်ချုပ်ရေးအတွက် လန်ဒန်မြို့၌ ဆွေးနွေးစဉ်းစားရန် အိန္ဒိယနှင့်မြန်မာပြည်ခေါင်းဆောင်များကို ဖိတ်ကြားလိုက်လေသည်။ ထိုဖိတ်ကြားချက်အရ အိန္ဒိယနှင့် မခွဲရသေးမီ မြန်မာပြည်ခေါင်းဆောင်များမှာ အိန္ဒိယခေါင်းဆောင်များနှင့်အတူ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီးနောက် မြန်မာပြည်အုပ်ချုပ်ရေးသစ်အတွက် သီးခြားဆွေးနွေးရန် မြန်မာပြည်ခေါင်းဆောင်များ

www.burmeseclassic.com

www.burmeseclassic.com



အား အစည်းအဝေးဆွေးနွေးပွဲတစ်ခုကို သီးသန့် ပြုလုပ်ပေးခဲ့သည်။

ထိုအစည်းအဝေးတွင် မြန်မာပြည်ခေါင်းဆောင်များက ယခင်ခွဲရေးနှင့်တကွ ပေးအပ်မည့် အုပ်ချုပ်ရေးသစ်နှင့်ပတ်သက်သမျှ လိုအပ်သည့်အချက်များကို အစီရင်ခံစာများ တင်သွင်းကြပြီးနောက်(၁၉၃၁၊ နိုဝင်ဘာလတွင် တစ်ဖန်) နောက်တစ်ကြိမ်ထပ်မံ၍ ပြည့်ပြည့်ဝဝစုံစုံလင်လင် ဆွေးနွေးနိုင်ရန် ဗြိတိသျှကိုယ်စားလှယ်များနှင့် မြန်မာပြည်မှ အခွဲအတွဲ ခေါင်းဆောင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော (၂၄)ဦး ကိုယ်စားလှယ်အဖွဲ့တစ်ခုကို ထပ်မံဖိတ်ကြားပြန်သည်။ ထိုဆွေးနွေးပွဲမှ မြန်မာပြည်သူလူထုအား အခွဲအတွဲပြဿနာများနှင့် ပေးအပ်လာမည့် အုပ်ချုပ်ရေးသစ်ကို ၎င်းတို့သဘောကျ ဆန္ဒမဲပေးဆုံးဖြတ်နိုင်ရန် (၃ နှစ် တစ်ကြိမ်) ကျင်းပမြဲဖြစ်သည့် လာမည့် ၁၉၃၂ ခု၊ နိုဝင်ဘာလ ဥပဒေပြုရွေးကောက်ပွဲသို့ ရက်ချိန်းသတ်မှတ်ပေးလိုက်သည်။ ယင်းသို့ဖြင့် ထိုရွေးကောက်ပွဲမှာ သာမန်ရွေးကောက်ပွဲပင်ဖြစ်သော်လည်း မြန်မာပြည်အခွဲ အတွဲနိုင်ငံရေးသမားများအဖို့ ပွဲကြီးပွဲကောင်းသဖွယ် အလွန်မျှော်လင့်အားထား ကြိုးစားကြမည့်ပွဲကြီးဖြစ်လာသည်။

အထူးသဖြင့် မြန်မာပြည် အခွဲခေါင်းဆောင်များအဖို့ အိန္ဒိယပြည်နှင့် ခွဲပြီးနောက် မြန်မာပြည်သို့ ပေးအပ်မည့် အုပ်ချုပ်ရေးမှာ မက်မောသွားရည်ယိုစရာ ယခင်ထက် အုပ်ချုပ်ရမည့် ဌာနနှင့် ရာထူးနေရာများ ပို၍လာခြင်းပင်ဖြစ်သည်။ ယခင် မြန်မာပြည် (၂၂)ဌာနသာ ဝင်ရောက်စွက်ဖက်နိုင်သော ဒိုင်အာခီ အုပ်ချုပ်ရေးမှာ ယခု (၉၁)ဌာန အုပ်ချုပ်ရေးအဖြစ်သို့ တိုးတက်များပြားလာခြင်း ဖြစ်၏။

အုပ်ချုပ်ရေးဌာနပေါင်း (၁၀၂)ရှိသည့်အနက် အိန္ဒိယဗဟိုအစိုးရက အရေးကြီးသော (၄)ဌာနကို ဆက်လက်အုပ်ချုပ်ထားပြီးနောက် မြန်မာပြည်အစိုးရသို့ (၉၈)ဌာနကို လွှဲပြောင်းပေး၏။ ထိုဌာနများအနက် ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေး၊ ခရစ်ယာန်စသော သီးခြားနိုင်ငံခြားဘာသာ သာသနာရေးစသော (၇)ဌာနကို ဘုရင်ခံလက်ထဲတွင် ထားပြီးနောက် ကျန် (၉၁)ဌာနကို မြန်မာပြည် လွှတ်တော် ကိုယ်စားလှယ်အမတ်များလက်သို့ လွှဲပြောင်း အုပ်ချုပ်စေခြင်း ဖြစ်သည်။

ယခင်က တိုင်းပြည်အမတ်များဘက်က အမတ်ချုပ် (ဝန်ကြီးချုပ်)ရာထူး ၂ နေရာသာ ခန့်ထားနိုင်သော်လည်း ယခု ဌာနအားလုံးနှင့် ဆိုင်ရာဝန်ကြီးချုပ်များကို (၁၀)ဦးအထိ ခန့်ထားနိုင်သော ပါဝါအာဏာ ရှိလာခြင်းဖြင့် ထိုတာဝန်ခံရာထူးများကို လက်လှမ်း



မျှော်မှန်းသူများအဖို့မှူ ထို (၉၁) ဌာနအုပ်ချုပ်ရေးမှာ မက်မောသွားရည်ယို စရာပင်ဖြစ်တော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

# (၉၁) ဌာနနှင့် (၂၁)ဦး

အမှန်အားဖြင့် ထိုစဉ် မြန်မာပြည် နိုင်ငံရေးမှာ ရာထူးယူရေး၊ ရာထူးရရေးလောက်သာ အဓိကဖြစ်၍ နေသည်။ တစ်နည်းဆိုလျှင် ရာထူးနိုင်ငံရေးဟု ဆိုရမည်လို ဖြစ်နေသည်။ သို့သော် စင်စစ်အားဖြင့် ရာထူးယူရေး–မယူရေးကို အပြစ်ဆိုစရာမရှိဘဲ ရာထူးယူသည် မယူသည်မှာ အရေးမကြီး နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ရေးကို မပျက်ပျက်အောင်တိုက် ဖျက်ရန်သာ မူလ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ရာထူးယူ၍ အတွင်းမှ တိုက်ဖျက်ရန်၊ ရာထူးမယူဘဲ ပြင်ပမှ တိုက်ဖျက်ရန်၊ ဤနှစ်ချက်ဖြစ်ရာ အိန္ဒိယပြည်၏ နိုင်ငံရေးနှင့် နိုင်ငံခေါင်းဆောင်ကြီးများ၏ မူဝါဒမှာလည်း ဤအတိုင်းဖြစ်သည်။ သို့သော် အိန္ဒိယပြည်နှင့် မြန်မာပြည် ခြားနားနေခြင်းကား အိန္ဒိယပြည်ခေါင်းဆောင်များကရာထူးယူ၍ အတွင်း(ပူးသတ်)နည်းဖြင့် တိုက်ဖျက်ကြရာ မြန်မာပြည်ခေါင်းဆောင်များကမူ ထိုအိန္ဒိယနည်းတူ ပူးသတ်နည်းအစား ပူးပေါင်းစနစ်ဖြင့် မိမိတို့အဖို့ အကျိုးရှိရာရှိကြောင်း ပူးပေါင်းကာ ရာထူးများကိုယူ၍ ကိုယ်ကျိုးအတွက် သုံးစွဲကြခြင်းဖြစ်သည်။

အမှန်အတိုင်း ထိုစဉ်က မြန်မာပြည်နိုင်ငံရေးမှာ အရှင်းဆုံးအားဖြင့် ၂ လမ်းတည်းရှိရာ၊ ဗြိတိသျှပေးသော ယင်းအုပ်ချုပ်ရေးမှန်သမျှ လက်မခံဘဲ လုံးဝသပိတ်မှောက်၍ မနေရန်ဟူသော ပြင်ပသပိတ်မှောက်သောနည်း။ နောက်တစ်နည်းမှာ ယခင်ရာထူးကို

www.burmeseclassic.com



ယူသည့်တိုင် ဗြိတိသျှတို့ ပေးအပ်သော အုပ်ချုပ်ရေးကို အတွင်းမှ အနှောင့်အယှက် အမျိုးမျိုးပေးရန် မပျက်ပျက်အောင် (ဝါ)အလုပ်မဖြစ်အောင် အတွင်းတိုက်ဖျက်နည်း။ ထိုနည်း ၂ နည်းလုံးကို အိန္ဒိယခေါင်းဆောင်များက စည်းစည်းလုံးလုံးသုံးခဲ့သော်လည်း မြန်မာပြည်ခေါင်းဆောင်များကမူ ဤနည်းများကိုပင် မညီမညွတ် မစည်းမလုံး အသုံးပြုခဲ့ခြင်းဖြင့် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ခဲ့သော ဂျီစီဘီအေအသင်းချုပ်ကြီးမှာ နောက်ဆုံး မရှုမလှကွဲခဲ့ရလေသည်။

ထိုသို့ ကွဲကြရခြင်းမှာ အပြင်နည်းသမား သပိတ်များကလည်း အပြောနှင့်အဟော မညီမညွတ် စည်းစည်းလုံးလုံးမရှိခြင်း၊ အုပ်ချုပ်ရေးအတွင်း ဝင်ပူးသတ် (ယင်းသို့ အဆိုရှိသော်လည်း နောက်ဆုံးမှာ သက်ဆုံးတိုင် မမုန်းနိုင်အောင် ပူးပေါင်းတွေ ဖြစ်သွားရသည်) သမားများကလည်း ရာထူးယူရေး၊ ရရေး တစ်ခုအပေါ်တွင်သာ ကိုယ်ကျိုးရှာခဲ့ခြင်းဖြင့် အရာမရောက်ဘဲ မြန်မာပြည် နိုင်ငံရေးမှာ ရာထူးယူရေးသံသရာတွင်သာ ဒ–စစ်ကြီး အချိန်တိုင် တဝဲလည်လည် ဖြစ်ခဲ့ရသည်ကို အားလုံးအသိပင် ဖြစ်သည်။

အကယ်၍သာ ထိုစဉ်က ရာထူးယူရေး၊ မယူရေးသည် အဓိကမဟုတ် (မယူဘဲနေနိုင်လျှင်ကား ပို၍ကောင်း၏) မိမိတို့ ရည်ရွယ်ချက်အတိုင်း အတွင်းလမ်း အပြင်လမ်း သို့မဟုတ် တစ်လမ်းလမ်းဖြင့် နယ်ချဲ့ပေးသော အုပ်ချုပ်ရေးကို မြန်မာတစ်မျိုးလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး တိုက်ဖျက်နိုင်ခဲ့လျှင် မြန်မာပြည် နိုင်ငံရေးသည် ထိုစဉ်ကပင် သမိုင်းစဉ် တစ်မျိုးတစ်ဖုံ ပြောင်းလဲကောင်း ပြောင်းလဲသွားလိမ့်မည်ဟုခန့် မှန်းရပေသည်။

ထိုသို့ အမျိုးသားညီညွတ်မှုကြီးကို ပြိုကွဲအောင် ပထမဆုံး ဖြိုဖျက်ဆီးသူများကား ပထမ ဂျီစီဘီအေအဖွဲ့ဝင် ၂၁ ဦး များပင် ဖြစ်သည်ဟု အချို့က စွပ်စွဲအပြစ်တင်ကြသည်။ ဗြိတိသျှပေးလာမည့် အုပ်ချုပ်ရေးသစ် (ဒိုင်အာခီ)ကို မပေးမီ လက်မခံမီကပင် ယင်းသပိတ်သမားများနှင့် (၂၁)ဦးများလက်ခံသင့်–မသင့်၊ အယူဝါဒကွဲအက်စပြုလာခဲ့ရာမှ မြို့နယ်ဒေသန္တရအဖွဲ့ခေါ် ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲများတွင် ဝင်ရောက် အရွေးခံသင့်–မသင့်သပိတ်မှောက်သင့်–မသင့် အယူအဆများက တဖန် ကွဲလာကြပြန်သည်။ ဤတွင်မှ...

(၁)အမ်အေ ဦးမောင်ကြီး၊ (၂) ဝတ်လုံ ဦးပု(ရွှေကျင်)၊ (၃)ဦးဘဖေ(ဘကြီးဘဖေ)၊ (၄) တရားဝန်ကြီးဟောင်း ဦးသိမ်းမောင်၊ (၅) ဦးမောင်မောင်အုန်းခိုင်၊ (၆) ပဲခူးဦးထွန်းလှိုင်၊ (၇)မြို့တော်ဝန်ဟောင်း ဦးသင်းမောင်၊ (၈)ဦးထွန်းဝေ၊ (၉)မန္တလေးဗဟိုစည် ဦးဘဦး၊ (၁၀)ဝတ်လုံ ဦးကွန်း၊(၁၁) ဒေါက်တာ သိမ်းမောင်၊ (၁၂)လွှယ်အိတ်ကြီးဦးဘလှိုင်၊



(၁၃)ဦးမောင်မောင်ကြီး (မြန်မာ့အလင်းတိုက်ရှင်)၊ (၁၄) ဝတ်လုံ ဦးကိုကိုကြီး၊ (၁၅)ဦးဘရင် (ပညာရေးဝန်ကြီးဟောင်း)၊ (၁၆)ဦးစိန်း(မြန်မာ့အလင်း)၊ (၁၇)ဦးမောင်ကြီး(ပျော်ဘွယ်)၊ (၁၈)ဦးယော်(တောင်ငူ)၊ (၁၉)ညောင်လေးပင် ဦးလွန်းမောင်(စက်ပိုင်)၊ (၂၀)ပုသိမ် ဦးဘစိန်၊ (၂၁)ပဲခူး ဦးသာလင်း။

စသော (၂၁)ဦး လူကြီးများက အရွေးခံသင့်ဘက်မှ သိသိသာသာ လက်မှတ်ထိုးကြေညာ၍ ခွဲထွက်သွားလေသည်။ သို့သော် အတန်ကြာအောင် သူတို့ကလည်း သူတို့ကိုယ်သူတို့ ၂၁ ဦး ဂျီစီဘီအေဟု အမည်ပေးခဲ့သေးသည်။ ထိုအချိန်မှစ၍ ယင်း (၂၁)ဦးများအား အဖျက်သမား သစ္စာဖောက်များ၊ ရာထူးမျှော် ရာထူးငမ်းသမားများဟု စွပ်စွဲကဲ့ရဲ့ ပြစ်တင်ခဲ့ကြသည်။ ဒီးဒုတ်ဦးဘချိုမှာ ထိုစဉ်ကတည်းကပင် ဗြိတိသျှနယ်ချဲ့တို့နှင့် လက်မတွဲဘဲ တစ်ဖက်တစ်လမ်းမှ အမြဲတမ်း ဆန့်ကျင်တိုက်ခိုက်ခဲ့သူအဖြစ် ရပ်တည်ခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် ဆရာချိုအဖို့ အခြားနိုင်ငံရေးသမားများထက် အပြစ်သန့်ရှင်းကင်းစင်သူအဖြစ် ပြောအား ဆိုအား ရေးအားရှိသူတစ်ယောက်ဖြစ်ခဲ့သည်။ ထိုအချက်ကို ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်က ဆရာချိုအား ထောက်ခံရေးသားခဲ့သောစာကို ရှေ့တွင် ဖော်ပြပါမည်။

## နိုင်ငံရေးမိုးလေဝသများ

အထက်တွင် ကျွန်ုပ်တို့ရေးသားခဲ့ပြီးသည့်အတိုင်း ဆရာသည် နိုင်ငံရေးသမားအမည်ခံသူထက် သတင်းစာဆရာ အယ်ဒီတာ စာပေသမားတစ်ဦးအဖြစ် စိတ်သန်သူ (ဝါ)အမည်ခံလိုသူသာ ဖြစ်သည်။ ကိုယ်ပိုင် ဒီးဒုတ်ဂျာနယ်ကို ၁၉၂၅ ခုနှစ်မှ စတင်၍ ထုတ်ဝေခဲ့ရာ ထိုအချိန်မှာ နိုင်ငံရေးမိုးလေဝသက အထူးလှုပ်ရှား ကြမ်းတမ်းနေသော အချိန်ပင် ဖြစ်သည်။ သို့သော် ထိုအချိန်မျိုးသည်ကား နိုင်ငံရေးသမားနှင့် သတင်းစာဆရာများအဖို့ အချိန်ကောင်းအခါကောင်း ဖြစ်သည်ဟု ဆိုရပေမည်။

ဆရာ ဒီးဒုတ်ဂျာနယ် ထွက်လာပြီး ၁၉၂၅ ခုမှ ၁၉၃၀ ခုနှစ်(ဆရာစံဂဠုန်သူပုန်လယ်သမား အရေးတော်ပုံကြီး မပေါ်ပေါက်မီ) ထို (၅)နှစ်အချိန်အတွင်းတွင် ၁၉၂၅ ခု ဗြိတိသျှအစိုးရအား မဆက်ဆံရေး၊ အခွန်မပေးရေး(ဘူးခံရေး) စသော ဂျီစီဘီအေ'ဘူး' အသင်းများ ပေါ်ပေါက်လာခြင်း။ ၁၉၂၆ –၂၇ ခုနှစ်များတွင် ဆရာတော် အရှင်ဦးဥတ္တမ၊ ဦးဝိစာရတို့၏ 'လိပ်ကိုအခွံခွာ၍ သတ်ရမည်'ဟူသော ဆောင်ပုဒ်အရ အခွန်မပေးရေး

www.burmeseclassic.com

www.burmeseclassic.com



တရားပွဲများ ကျင်းပကာ၊ ကိုယ်တော်ကြီးများ အဖမ်းခံရခြင်း၊ ထောင်ကျခြင်း၊ ဦးဝိစာရ ကိုယ်တော်မှာ ထိုသို့ အဖမ်းခံရပြီးနောက် ထောင်အတွင်း သင်္ကန်းဝတ်ရန် ခွင့်နှင့် ဥပုသ်ပြုခွင့် မရရှိခြင်းဖြင့် (၁၆၆)ရက် အစာရေစာ ဘုဉ်းမပေးဘဲ ပျံလွန်တော်မူခြင်း။

မိတ္ထီလာ မဲတောရွာမှ တောပုန်းကြီးစံဖဲ ထကြွခြင်းများ စသော နိုင်ငံရေးမငြိမ်သက်မှုများအပြင် အမျိုးသားရေး၊ လူမှုရေးဘက်မှကြည့်လျှင်လည်း ထိုနှစ်များအတွင်း ဗြိတိသျှတပ်များ သိမ်းပိုက်ထားသော ဘုရားဝတ္တကမြေ၊ အနောက်ဘက်မုခ်ကို ပြန်လည်ရရှိအောင် တောင်းဆိုခြင်းများ၊ ထိုမုခ်ဖွင့်ပွဲများ၊ ယခင်ဦးဝိစာရအရှင်သူမြတ်၏ ရုပ်ကလာပ်မီးသင်္ဂြိုဟ်ပွဲ၊ ထားဝယ်မြို့မှ မီးပုံပျံစီး အာဇာနည် ဦးကျော်ရင်၏ မီးပုံးပျံပွဲများသည် အဓိကပေါ်ပေါက်လာခဲ့သော ထင်ရှားသည့်အကြောင်းခြင်းရာအဖြစ်အပျက်များ ဖြစ်ကြသည်။

ဆရာ၏ဂျာနယ်မှာ နိုင်ငံရေးသာမက အမျိုးသားရေး၊ လူမှုရေး၊ အနုပညာရေး၊ ဘာသာ သာသနာရေးမှစ၍ အဘက်ဘက်မှ မလွတ်အောင် 'ဘက်စုံ'ဂျာနယ်တစ်စောင် ဖြစ်သည့်အတိုင်း ထိုစဉ်က အနောက်ဘက်စောင်းတန်း ဖွင့်ပွဲအကြောင်းများသည် ဆရာ၏ ဂျာနယ်တွင် အပြည့်အစုံရေးသားဖော်ပြ ပါရှိခဲ့သည်။ ထို အနောက်စောင်းတန်း ဖွင့်ပြီးနောက် ကပြားပုံစံမျိုးမဟုတ်ဘဲ မြန်မာ့ရိုးရာစစ်စစ် ယဉ်ကျေးမှုနှင့် မလွတ်ရအောင် စောင်းတန်း အဆောက်အဦပုံစံမျိုး ဆောက်လုပ်ရန် ဆရာ့ဂျာနယ်မှ အလေးအနက် ဆော်ဩရေးသားခဲ့သည်။

## အရှင်ဦးဝိစာရ ရုပ်ကလာပ်

ယင်းရေးသားချက်များကြောင့်ပင် ယနေ့ တွေ့မြင်ရသော ရွှေတိဂုံဆံတော်ရှင်ဘုရားကြီး၏ စောင်းတန်းလေးသွယ်တွင် မြန်မာ့ယဉ်ကျေးမှု ရိုးရာပုံစံအဆန်းဆုံး အနောက်ဘက်စောင်းတန်းကြီး မြစ်ထွန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ဆိုလျှင် မမှားပေ။ ထိုအနောက်ဘက်စောင်းတန်းဖွင့်ပွဲ မကျင်းပမီ အရှင်ဦးဝိစာရ ရုပ်ကလာပ် မီးသင်္ဂြိုဟ်ပွဲအခမ်းအနားနှင့် ကြုံကြိုက်နေရာ၊ ဆရာတော်၏ ရုပ်ကလာပ်ကို ယင်းအနောက်ဘက်မုခ် မြေကွက်လပ်တွင် သင်္ဂြိုဟ်ရန် စီစဉ်ခဲ့ကြရာတွင် ဘုရားဂေါပက လူကြီးများနှင့် ရုပ်ကလာပ်ကော်မတီဆရာတော်ကြီးများ သဘောကွဲလွဲခဲ့ကြရသည်။ ထိုသို့ ကွဲလွဲချက်များကို ထိုစဉ်က ဆရာ့၏ဂျာနယ်မှ အကျယ်တဝင့် ထုတ်ဖော်ရေးသား ထည့်သွင်းခဲ့ခြင်းဖြင့် နောင်တွင် မှတ်သားဖွယ် မှတ်တမ်းကြီးတစ်ခု ဖြစ်ခဲ့သည်။

ဆရာတော်၏ရုပ်ကလာပ်ကော်မတီတွင် ဆရာတော်ကြီးများနှင့် ဂေါပကလူကြီးများ



သဘောကွဲလွဲရခြင်းကား မင်္ဂလာအခါကောင်းကိုယူ၍ ဖွင့်ရန် စီစဉ်ထားသော အနောက်မုခ်ဖွင့်ပွဲအခမ်းအနားတွင် အမင်္ဂလာလက္ခဏာမျိုးတွင် အကျုံးဝင်သည့် အသုဘဖြစ်သော ဦးဝိစာရရုပ်ကလာပ်ကို ထိုနေရာတွင် သင်္ဂြိုဟ်ခြင်းအတွက် ခွင့်မပြုနိုင်ကြောင်းမှစ၍ ဖြစ်သည်။

ဆရာတော်ကြီးများပါဝင်သော ရုပ်ကလာပ်ကော်မတီ ယခုဆရာတော်ဦးဝိစာရ၏ရုပ်ကလာပ်မှာ ရိုးရိုးသာမန်မဟုတ်ဘဲ နိုင်ငံအရေး၊ အမျိုးသားအရေး၊ ဘာသာရေးအားလုံး သက်ဆိုင်သော ရုပ်ကလာပ်ဖြစ်၍ မင်္ဂလာတရားနှင့် အကျုံးဝင်သည့်အချက်များကို (၁)ဘုရား၊ (၂)ပစ္စေကဗုဒ္ဓါ၊ (၃)ရဟန္တာ၊ (၄)စကြာမင်း၊ ဤလေးဦးပုဂ္ဂိုလ်များ၏ အလောင်းတော်များ သည် စေတီထိုက်ကြောင်း (ဝါ) ပူဇော်ထိုက်ကြောင်းများနှင့် ယင်းစကြာမင်းကပင် ယနေ့ပြုစရှင်သာမဏေငယ်အား ရှိခိုးထိုက်ကြောင်း ကျမ်းဂန်များ၌ ဟာရှိလျှင်၊ ကလျာဏပုထုဇဉ်စသော သံဃာတော်အရှင်သူမြတ်တို့၏ အလောင်းတော်များသည် အဘယ်ကြောင့် ပူဇော်ခြင်းငှာ မထိုက်ဘဲ မင်္ဂလာတရားအတွင်း သက်ဝင်အကျုံးမဝင် ရှိအံ့နည်း စသည်ဖြင့် ဘုရားဟော ဒေသနာများကို အကိုးအကားပြု၍ အလယ်တောရ ဆရာတော်ကြီးအမှူးပြုသော မြို့လုံးကျွတ် အစည်းအဝေးပွဲကြီးတစ်ခု ကျင်းပ၍ ရှင်းလင်းဟောကြား ပြောဆိုခဲ့သည်။

နောက်ဆုံး ထိုအစည်းအဝေးမှ ဆရာတော်၏ရုပ်ကလာပ်မှာ မင်္ဂလာတစ်ရပ်အဖြစ် အခိုင်အမာ ဆုံးဖြတ်ခဲ့သော်လည်း ဘုရားလူကြီးများက ခွင့်မပြုနိုင်ဘဲ တင်းခံနေရာ ဆရာတော်၏ ရုပ်ကလာပ်ကို အနောက်ဘက်မုခ်အပြင်ဘက် ကန်တော်မင်မြေကွက်လပ်တွင် သင်္ဂြိုဟ်ခဲ့ရသည်။ ထိုစဉ်က ထိုကန်တော်မင်ကွက်လပ် လမ်းသွယ်ကလေးဖြစ်သော တိုက်ဂါးအယ်လီ(ကျားလမ်းသွယ်)မှာ ဦးဝိစာရကိုယ်တော်၏ ရုပ်ကလာပ်ကို အစွဲပြု၍ ယနေ့ ဦးဝိစာရလမ်းဟု တွင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် မီးပုံးပျံဦးကျော်ရင်၏ မီးပုံပျံစီးပွဲကြီး(၃)ကြိမ်တိုင် ပြုလုပ်ခဲ့ရာ ထိုမီးပုံပျံသတင်းများကို ဆရာ၏ဂျာနယ်မှ အမျိုးသားဇာတိမာန် တက်ကြွရေးကို အလေးထား၍ အပြည့်အဝ အားပေးဖော်ပြခဲ့သည်။ ထိုအချိန်များကား ၁၉၂၅ မှ ၃၀ ခုနှစ်များအတွင်းမှ အဖြစ်အပျက်များဖြစ်ရာ တစ်ဖက်မှလည်း ထိုနှစ်များအတွင်း နိုင်ငံရေးလှုပ်ရှားမှုများက တဖြည်းဖြည်း ပြင်းထန် ဆူပူလှုပ်ရှားခဲ့ခြင်းဖြင့် နောက်ဆုံး ဆူပူမှုအထွတ်အထိပ်သို့ ရောက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျွန်ဆရာစံ

ယင်းနိုင်ငံရေး ဆူပူလှုပ်ရှားမှု အထွက်အထိပ်ကား အခြားမဟုတ်ဘဲ ဆရာစံ ဦးဆောင်ထကြွခဲ့သော တောင်သူလယ်သမားများ၏ ဂျွန်သူပုန်အရေးတော်ပုံပင် ဖြစ်သည်။ ဤနေရာတွင် ယင်းဆရာစံ ဂျွန်သူပုန်အကြောင်းကို မဖော်ပြမီ၊ ပင်မပုဂ္ဂိုလ်ဖြစ်သော ခေါင်းဆောင်ဆရာစံ၏ အတ္ထုပ္ပတ္တိအကြောင်း အနည်းငယ်ကို ဖော်ပြဖို့လိုလိမ့်မည်။

ဆရာစံ၏ ငယ်နာမည်မှာ ကိုရာကျော်ဖြစ်သည်။ ရွှေဘိုခရိုင်၊ သရက်ကန် အရှေ့ ကျေးရွာမှ အဖဦးကျေး၊ အမိဒေါ်ဖက်တို့မှ ဖွားမြင်သော သားသမီး ၅ ယောက်တွင် အငယ်ဆုံးသားဖြစ်သည်။ မိဘများမှာ တောင်သူလယ်သမားကြီးများ ဖြစ်သော်လည်း ဆရာစံ၏ မွေးချင်းများမှာ ငယ်စဉ်ကပင် သွေးစွန်းခဲ့သော မြန်မာစစ်သည်တော် ဗီဇများပါရှိလာသူများ ဖြစ်ကြသည်။

ရှေးအခါက အလောင်းဘုရား ဦးအောင်ဇေယျ၏ ရဲဘက်တော် ခြောက်ကျိပ်လေးယောက်ကဲ့သို့ပင် သီပေါဘုရင်လက်ထက် နယ်ချဲ့ အင်္ဂလိပ်တပ်များကို ခုခံခဲ့စဉ်က ရဲထွက်ရဲခုတ် အမည်ရခဲ့သော အသေခံတပ်များတွင် ဆရာစံ၏ အစ်ကိုအကြီးဆုံး ကိုရာကြူးသည်လည်း ရဲဘက်တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

ထိုအင်္ဂလိပ်–သီပေါအရေးတော်ပုံတွင်ပင် အစ်ကို ဦးရာကြူးကျဆုံးခဲ့သည်။ ထို့နောက် ဦးရာကြူး၏ညီ ဦးရာဒန်၊ နောက်ဒေါ်အေးမြင့်နှင့် ဒေါ်အေးဆင့် အစ်မနှစ်ဦး၊ နောက်ဆုံး အငယ်ဆုံး ကိုရာကျော်(ဆရာစံ)ဖြစ်သည်။ ကိုရာကျော်၏ ငယ်နာမည်မှာ ကိုစံရှားဟုလည်း ခေါ်သည်။

ကိုရာကျော် ခေါ် ကိုစံရှားသည် ငယ်စဉ်ကပင် ဆေးဝါး ဗေဒင် နက္ခတ်ပညာများကို ဝါသနာပါကာ လေ့လာသင်ကြားခဲ့သည်။ ထိုနောက် စီးပွားရေးအခြေအနေအရ အောက်ပြည်သို့ ဆင်းခဲ့ရာမှ မော်လမြိုင်နယ်ဘက်သို့ ရောက်လာသည်။ ဤတွင် ဆရာစံရှားအမည်ဖြင့် ဆေးဆရာ၊ ဗေဒင်နက္ခတ်ဆရာအဖြစ် လုပ်ကိုင်စားသောက်ရာမှ ဆရာစံရှား(ဝါ)ဆရာစံအမည် ရရှိခဲ့သည်။

ထိုခေတ်ကား ဂျီစီဘီအေ ဝံသာနုခေတ်ဖြစ်ရာ ဇာတိဗီဇမှ မျိုးချစ်စိတ်အရင်းခံပါလာခဲ့သော ဆရာစံသည် မကြာမီ ဂျီစီဘီအေအသင်းဝင်တစ်ဦးဖြစ်လာခဲ့သည်။ ၎င်း၏ ထက်သန်လှုပ်ရှားမှုများကြောင့် နောက်ဆုံး ၎င်းနေထိုင်ရာ ဘီလူးကျွန်းမြို့နယ်၊ ကမာမို့ရွာရှိ ဂျီစီဘီအေအခြေခံသင်း ဥက္ကဋ္ဌ၊ ထို့နောက် တိုက်နယ် ဥက္ကဋ္ဌ၊ ခရိုင်ဥက္ကဋ္ဌမှ ဗဟိုဂျီစီဘီအေ အမှုဆောင်အဖြစ် ဌာနချုပ်သို့ ခေါ်ယူတင်မြှောက်ခြင်း ခံရသည်။



ဆရာစံ ဂျီစီဘီအေသို့ ရောက်ရှိလာသော အချိန်ကလည်း တစ်မျိုးသားလုံး ဝံသာနုစိတ်ဓာတ် ပြင်းထန်ထကြွနေသောအချိန်ဖြစ်ကာ အနယ်နယ်အရပ်ရပ်၌ အစိုးရနှင့် မဆက်ဆံရေး၊ အခွန်မပေးရေး စသည့်ဖြင့် နောက်မကြာမီ ဖြစ်ပေါ်လာမည့် တောင်သူလယ်သမား ဂျွန်အရေးတော်ပုံ၏အစ ရှေ့ပြေး'ဘူး'အသင်းများ ပေါ်ပေါက်နေချိန်ဖြစ်သည်။

## ဘူး အသင်းများ

ဤတွင် ထိုစဉ်က ပေါ်ပေါက်ခဲ့သော 'ဘူး'အသင်းများနှင့် ပတ်သက်၍ ပြင်းထန်ထကြွခဲ့သော အမျိုးသားစိတ်ဓာတ်များကို ခန့်မှန်းနိုင်ရန် 'ဘူး'အသင်းဝင်များ၏ သစ္စာဓိဋ္ဌာန်ပြုချက်များကို ဖော်ပြရလျှင်...

'ကျွန်ုပ်သည် အရိုးကြေကြေ၊ အရည်စုတ်စုတ် တာဝန်ဝတ္တရားမှ ရှောင်လွှဲသွေဖီခြင်းမပြုပါ၊ ဟုမ္မရှုံးရအောင် စိတ်ရောကိုယ်ပါ ဆောင်ရွက်ပါမည်။ ထိုသို့ မလုပ်ခဲ့ပါလျှင် ကျွန်ုပ်သေဆုံးပါက အဝီစိငရဲ၌ ထာဝစဉ်ခံရပါစေသား'

'ကျွန်ုပ်သည် အင်းလုပ်ငန်းများကို လေလံ မဆွဲပါ၊ အစိုးရလိုင်စင်ရ ဆိုင်များကို မထူထောင်ပါ'

'ကျွန်ုပ်သည် သေရည်အရက်ကို ရှောင်ပါမည်၊ ဘိန်းလည်း မစားပါ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများလည်း မပြုပါ'

'ဘူးအသင်းဝင်တစ်ယောက် ဒုက္ခတွေ့နေရပြီး ကျွန်ုပ်၏အကူအညီကို လိုအပ်နေပါလျှင် သူ့အား ကျွန်ုပ် ကူညီပါမည်'

'ကျွန်ုပ်သည် နိုင်ငံခြားဖြစ်အထည်များကို ဝတ်စားဆင်ယင်ခြင်းမပြုပါ၊ ဘူးအသင်းဝင် တစ်ယောက်အား အစိုးရဆန့်ကျင်သည်ဆိုပြီး စုံစမ်းစစ်ဆေးခဲ့လျှင် 'ဘူး'ကွယ်ပါမည်'

ဤကား ဘူးအသင်းဝင်များ၏ သစ္စာဆိုချက်များဖြစ်သည်။ ယင်းသစ္စာပြုချက်များကို လေ့လာကြည့်ရှုပါက ဘူးအသင်းတွင် ပါဝင်ခဲ့ကြသော တောင် သူလယ်သမားတို့သည် အဘယ်မျှ ဇာတိသွေးဇာတိမာန် လျှမ်းလျှမ်းတောက်လျက် ရှိသည်ကို ခန့်မှန်းနိုင်ပေသည်။

ထိုစဉ်က ထိုဘူးအသင်းများ အများဆုံး လှုပ်ရှားခဲ့သည့်ခရိုင်များမှာ သာယာဝတီ၊ ပြည်၊ ဟင်္သာတ၊ သရက်၊ ထားဝယ်ခရိုင်များ ဖြစ်ကြသည်။ ထိုဒေသများရှိ တောင်သူလယ်သမားကြီးများသည် လျှို့ဝှက်အုပ်ချုပ်ရေး လုပ်ငန်းများကိုပင် လုပ်ခဲ့ကြသည်။ ချစ်တီးများကို ကြွေးများလျှော်ပစ်ရန် ခြိမ်းခြောက်အကြပ်ကိုင်ခဲ့ကြသည်။ ထိုဘူးအသင်းများကို ရွာသူရွာသားများကလည်း အင်တိုက်အားတိုက် အားပေးထောက်ခံခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူးအသင်းများသည် (ဗြိတိသျှရာဇဝင်မှ မျိုးချစ်တောပုန်းကြီးအမည်ခံ ရောဘင်ဟု(ဒ်)ဆန်ဆန်) မြေရှင် မနေရှင်များနှင့် အလိုတော်ရိများကို ဆုံးမကြသည်။ လူခွန်တော်မပေးရေး တိုက်ပွဲများကို အားပေးအားမြှောက်ပြုကာ ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည်။

ထို့ကြောင့်လည်း ထိုစဉ်က (ဘုရင်ခံ ဆာဟာကုတ်သတ္တလာ လက်ထက်) နယ်ချဲ့အစိုးရများသည် ထိုဘူးအသင်းများကို စစ်တပ်များ သုံးခဲ့သည်အထိ အကြမ်းဖက်၍ ဖမ်းဆီးဖိနှိပ် နှိမ်နင်းခဲ့ကြသည်။ တစ်ဖက်မှ ထိုသို့ နှိမ်နင်းရေး၊ တစ်ဖက်မှ ထိုဘူးအသင်းများကို မတရားအသင်းအဖြစ် ကြေညာကာ ဘူးအသင်းဝင်များအား တရကြမ်း ဖမ်းဆီးခဲ့လေရာ အားမတန် မာန်လျှော့ သဘောမျိုး တိုးမည့်ဆင်နောက်သို့ အရှိန်ယူကာ တစ်လှမ်းဆုတ်ခဲ့သည့်သဘောမျိုး အတန်ကြာမေးမှိန်ပျောက်ကွယ်သွားသလို ဖြစ်ခဲ့သည်။

သို့သော် အခါအခွင့်မသင့်သေး မကြုံသေးသဖြင့် အခိုက်အတန့်ကိုယ်ရှိန်သတ်နေခဲ့ခြင်းဖြစ်ရာ ယခုနောက်ဆုံး တောင်သူလယ်သမားအရေးတော်ပုံကြီးဖြစ်သော ဆရာစံ၏ ဂဠုန်သူပုန်ကြီး ထကြွပေါ်ပေါက်လာခဲ့ခြင်းမှာ ထိုဘူးအသင်းများမှ မြစ်ဖျားခံရာ အစပျိုးလာချက်များ ဖြစ်သည်ဆိုလျှင် မမှားပေ။

စားရတော့ တစ်လုပ်တစ်ဆုပ်၊ ဝတ်ရတော့လည်း အစုတ်အနုတ်၊ အိပ်ရတော့ ငုတ်တုတ်ဆိုသလို နွေ၊ မိုး၊ ဆောင်း သုံးရာသီတို့ ပတ်လုံး ကျွဲနှင့် နွားနှင့် ဖက်ရန်းကာ တစ်ဝမ်းတစ်ခါး ဝရုံမျှသော ဝမ်းရေးကို ရှာဖွေလုပ်ကိုင်စားသောက်ခဲ့ကြရသော တောင်သူလယ်သမားကြီးများ၏ စားဝတ်နေထိုင်ရေးနှင့် အလုပ်အကိုင်များက တစ်နှစ်ထက်တစ်နှစ် ကျဉ်းမြောင်းကြပ်တည်း ဆင်းရဲ၍ လာရသောအချိန်တွင် မြန်မာပြည် နိုင်ငံရေးခေါင်းဆောင်များအဖို့ ခွဲရေး-တွဲရေး(ဝါ)ရာထူးရရှိ မျှော်မှန်းရေးပြဿနာများနှင့် အချိန်ကုန်အလုပ်ရှုပ် အမှုပွေ၍နေသောအချိန်ပင် ဖြစ်သည်။

## စီးပွားရေးကပ်နှင့် လယ်သမားများ

ထိုအတွင်းပင် ကမ္ဘာ့စီးပွားရေး ပျက်ကပ်ကြီးက တစ်ကမ္ဘာလုံးသို့ ကူးစက်ရိုက်ခတ်ပေါ်ပေါက်လာခဲ့သည်။ ထိုစီးပွားပျက်ကပ်ကြောင့် နဂိုဆင်းရဲကြပ်တည်းနေခဲ့ကြသော တောင်သူလယ်သမားများ၏အခြေအနေမှာ ပို၍ဆိုးလာပြန်သည်။ လယ်သမားများ၏ အားကိုးရာ အသက်သွေးကြောဖြစ်သော စပါးဈေးများက တဟုန်ထိုး ထိုးဆင်းကျသွားခဲ့သည်။

မူလကပင် 'စတီးဘရားသား၊ အလုပ်ဘရားသား၊ အင်ဒိုဘားမား၊ အယ်လမင်



အာရကန် ကုမ္ပဏီကြီးများဖြစ်သော အင်္ဂလိပ်မနေရှင် ကုမ္ပဏီများ စုပေါင်းဖွဲ့စည်းထားသော 'ဘူလင်ဂျာပူ'ခေါ် စပါးဝယ်ယူရေးအဖွဲ့ကြီး၏ ဈေးနှိမ်မှု၊ မတရားလက်ဝါးကြီးအုပ်မှုများကို မရှုမလှ ခံနေခဲ့ရသော တောင်သူလယ်သမား ဆင်းရဲသားများမှာ ယခုကဲ့သို့ စပါးဈေးများကျဆင်းလာသည့် စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်လာသည့်အခါ ဆင်းရဲတွင်းသို့ နစ်သထက်နစ်သော အခြေသို့ ဆိုက်ရောက်လာရတော့သည်။

ဤအချိန်တွင် မနေရှင်ကုမ္ပဏီကြီးများဘက်သို့ အမြဲပင်းလာခဲ့သော မနေရှင်နယ်ချဲ့ကိုယ်စားလှယ် အစိုးရများက တစ်ဖန် တောင်သူလယ်သမားများ၏ ချေးနည်းစာ စပါးများကို သူတို့လက်အတွင်း၌ပင် ပူနွေးအောင်ထားနိုင်ရန် အချိန်မရအောင် အခွန်ငွေများကို အပူတပြင်း ကောက်ခံခြင်းဖြင့် လယ်သမားဆင်းရဲသားများမှာ မတန်တဆဈေးဖြင့် ရောင်းချ၍ အခွန်ဆောင်ကြရပြန်သည်။

ကျန်သော ဝမ်းစာစပါးကလေးမျှကိုလည်း ယခင်မနေရှင်ကုမ္ပဏီကြီးများ၊ ဘဏ်တိုက်ကြီးများ၏ လက်ပါးစေ လက်ဝေခံကိုယ်စားလှယ် ချစ်တီးယားအသင်းများက တဖန် ငင်းတို့ရစရာ ကြွေးမြီအတွက် အကုန်သိမ်းယူသွားကြပြန်ရာ တစ်မိုးလုံး ကျွဲနွားနှင့် ရုန်းခဲ့ရသော တောင်သူလယ်သမားများလက်တွင် နောက်ဆုံး ကောက်ဆွနှင့်စကောသာ ကျန်ရစ်ခဲ့သော အခြေမျိုးသို့ ဆိုက်ရောက်ခဲ့တော့သည်။

ဤတွင် စားရမဲ့ သောက်ရမဲ့ အခြေမျိုးတွင် မျက်ရည်စက်လက်ကျခဲ့ရသော ဒုက္ခသည်တောင်သူလယ်သမားများအဖို့ 'ဝမ်းရေးထက် မင်းရေးကပူ'ဆိုသလို နိုင့်ထက်စီးနင်း အတင်းအဓမ္မကောက်ခံလာသည့် လူမဆန်ရက်စက်သော မင်းမှုထမ်းများ၏ နှိပ်စက်ခြင်းဒဏ်ကို တစ်ဖက်မှ ခံရပြန်ရာ ထိုသို့ ဗူးလေးရာ ဖရုံဆင့်အဖြစ်မျိုးနှင့် သတင်းဆိုးများသည် နောက်ဆုံး ဂျီစီဘီအေအသင်းချုပ်များဆီသို့ ရောက်လာခဲ့လေသည်။

ထိုစဉ်က ဂျီစီဘီအေအဖွဲ့ချုပ်များမှာ ပုဂ္ဂိုလ်ဖွဲ့၊ သဘောအယူအဆကွဲများနှင့်တကွ အခြားအကြောင်းအမျိုးမျိုးကြောင့် ဦးချစ်လှိုင်ဂျီစီဘီအေ၊ ဦးစိုးသိမ်းဂျီစီဘီအေ၊ ဦးစုဂျီစီဘီအေ၊ ဦးပု၏ဟုမ္မရူးပါတီ၊ ရွှေဦးဆရာတော်၏သံဃာသာမဂ္ဂီအဖွဲ့၊ သက်ပန်း ဆရာတော်၏ သံဃာသာမဂ္ဂီအဖွဲ့၊ အလယ်တောရဆရာတော်၏ သံဃာသာမဂ္ဂီအဖွဲ့ စသည်ဖြင့် အစိတ်စိတ်အမွှာမွှာ ကွဲပြားသွားခဲ့ပြီးသောအချိန်ဖြစ်ရာ ထိုဂျီစီဘီအေ အဖွဲ့ချုပ်များတွင် ဦးစိုးသိမ်းဂျီစီဘီအေအဖွဲ့မှာ အခြားအဖွဲ့များထက် အယူအဆပြင်းထန်သော အဖွဲ့ဖြစ်သည်။

ယင်းသို့ တောင်သူလယ်သမားများ၏ ဒုက္ခရောက်နေပုံ အကြောင်းစုံတို့ကို ကြားသိရသောအခါ ဦးစိုးသိမ်း ဂျီစီဘီအေမှ အမှုဆောင်လူကြီးတစ်ဦးဖြစ်သော ဆရာစံအား

www.burmeseclassic.com



မြန်မာပြည်အရပ်ရပ်သို့ စုံစမ်းအစီရင်ခံရန် စေလွှတ်လိုက်လေသည်။ ဆရာစံသည် အင်းစိန်၊ သာယာဝတီ၊ ပြည်၊ ဖျာပုံ၊ သရက်၊ ရွှေဘို၊ ကသာ၊ မုံရွာစသော ခရိုင်ကြီး (၈) ခရိုင်မှ တောင်သူလယ်သမားများ၏ အခြေအနေ အကြောင်းစုံများကို စုံစမ်းပြီးနောက် အမှုတွဲပေါင်း (၁၇၀)မျှ ရှိသော အစီရင်ခံစာရှည်ကြီးတစ်စောင်ကို တိတိကျကျ တင်သွင်းအစီရင်ခံလိုက်လေသည်။

ဆရာစံ၏ အစီရင်ခံစာတွင် (၁) စစ်ဘက် နယ်ဘက်အရာရှိများ၏ မတရားပြုမူပုံ (၂)လူခွန် သာသမေဓအခွန်များ တောင်းခံရာတွင် နိုင့်ထက်စီးနင်း အတင်းအဓမ္မ၊ ဥပဒေနှင့်မညီ ညှဉ်းပန်းနှိပ်စက်ပုံ၊ (၃)အခွန်ကောက်ခံချိန် မကျရောက်ဘဲ သူကြီးများက အတင်းအဓမ္မ ကောက်ခံပုံ၊ (၄) ယင်းသို့ကောက်ခံရာတွင် စစ်ဘက်နယ်ဘက် အမှုထမ်းများက သက်ကြီးရွယ်အိုများကို စော်ကားမော်ကားပြုရုံမက အမျိုးသမီးများကိုပင် စော်ကားအဓမ္မပြုကျင့်ကြပုံ၊ (၅)ဘာသာသာသနာကို စော်ကားပုံ၊ (၆) ဆင်းရဲသားများ၏ အိုးအိမ်ပစ္စည်းများကို ဖျက်ဆီးပစ်ကြပုံ၊ (၇)စားသောက်နေသော ထမင်းဝိုင်းများကိုပင် ဝင်ရောက်ကန်ကျောက်ပစ်လွှင့်ကာ သောက်ရေအိုးမှ ရေကို ခြေဆေးခြင်း၊ နေပူလှမ်းရိုက်နှက် နှိပ်စက်ခြင်းများ စသော မတရားအမှုမျိုးစုံတို့ကို စော်ကားကျူးလွန်ပုံ စသော လူမဆန်သည့် အကျင့်အကြံအပြုအမူများကို အစီရင်ခံပြီးနောက်...

ယင်းသို့ အတင်းအကြပ်ကောက်ခံနေသော အခွန်ငွေများကို မပေးဘဲ တညီတညွတ်တည်း ခုခံကာကွယ်ရန်၊ တောင်သူလယ်သမား ဆင်းရဲသားများအား အခမဲ့သစ်ဝါးခုတ်ယူခွင့်ကို ပိတ်ပင်တားမြစ်ထားသော ဥပဒေကို (အကြမ်းမဖက်သောနည်းမျိုးဖြင့်) ခုခံတိုက်ဖျက်ရန် စသော (အိန္ဒိယပြည်မှ ဂန္ဒီကြီးနည်းဆန်ဆန်) အကြံပေးချက်များကိုလည်း ပူးတွဲအကြံပေး အစီရင်ခံလိုက်လေသည်။

အမှန်အားဖြင့် ဆရာစံ၏ အကြံပေးချက်များမှာ အိန္ဒိယထက်ပြင်းထန်ကာ အနုနည်းဖြင့် မရက အကြမ်းနည်း (လက်နက်ကိုင်တော်လှန်သည့်နည်း)ကို သုံးစွဲရန်အထိ အရိပ်အမြွက်များ ပါရှိရာ ထိုအကြံပေးချက်များကို ဦးစိုးသိမ်းဂျီစီဘီအေ အမှုဆောင်အဖွဲ့က အချိန်အခါမကျသေးဟု အကြောင်းပြကာ လက်မခံဘဲ ပယ်ချခဲ့သည်။

ထိုအချက်ကို မကျေနပ်သော ဆရာစံနှင့် အပေါင်းပါတစ်စုတို့မှာကား မူလက မိမိတို့ မည်သို့မည်ပုံ လှမ်းမည့်အကြံကိုသာ အတွင်းကြိတ် ကြံစည်ကာ ဦးစိုးသိမ်း ဂျီစီဘီအေနှင့်လည်း အဆက်ဖြတ်ခဲ့လေသည်။ ထိုအတွင်း မြန်မာပြည်၏စီးပွားရေး၊ နိုင်ငံရေး အခြေအနေများ ဆိုးဝါးလာသည့်အခြေအနေများကို ရိပ်စားမိဟန်တူသော မြန်မာပြည်



ဘုရင်ခံ ဆာချားလ်အင်းနစ်သည် ကျန်းမာရေးကို အကြောင်းပြကာ ရုတ်တရက် ဘိလပ်သို့ ခွင့်ယူပြန်သွားလေသည်။

ထိုဘုရင်ခံ၏နေရာတွင် မြန်မာလူမျိုး ပြည်ထဲရေး အမတ်ချုပ်ကြီးဖြစ်သော ဆာဂျေအေမောင်ကြီးအား ခေတ္တဘုရင်ခံအဖြစ် ခန့်ထားလိုက်ရာ မြန်မာလူမျိုးဘုရင်ခံဖြစ်၍ တောင်သူလယ်သမားများ၏ လတ်တလောခံစားနေရသော ဒုက္ခအပေါင်းမှ သက်သာခွင့်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ကလေးများ ရှိလာပြန်သည်။

## လယ်သမား ဂဠုန်သူပုန်ကြီး

ထိုအတွင်းပင် ၁၉၃၀ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သာယာဝတီမြို့၌ ကျင်းပသော အမှုထမ်း အရာထမ်းများအား ဆုပေးပွဲ (ဒါဘာပွဲ)သို့ဘုရင်ခံ ဆာဂျေအေဦးမောင်ကြီးကိုယ်တိုင် ကြွရောက်လာလေသည်။ ထိုဒါဘာပွဲတွင် ဘုရင်ခံ၏အထူးမိန့်ခွန်းများကို စောင့်မျှော်ခဲ့ရာ လယ်သမားများ စောင့်မျှော်သလို မဖြစ်လာဘဲ ဘုရင်ခံကိုယ်တိုင်က မြို့နယ် အရာထမ်း အမှုထမ်းများနှင့်ကျေးရွာသူကြီးများ ရွာသူရွာသားများအား အခွန်ကိစ္စများနှင့်ပတ်သက်၍ မိမိအနေဖြင့် ဘာမျှမတတ်နိုင်ဘဲ ဥပဒေအတိုင်းသာ လိုက်နာဆောင်ရွက်ရမည့်အကြောင်း အတိအလင်းပြောဆိုမြွက်ကြားလေသည်။ ယင်းသို့ ဘုရင်ခံ၏ နောက်ဆုံး မိန့်ကြားချက်ကို ကြားရသည့်အခါတွင်မှ အတွင်းကြိတ် အုံတနွေးနွေးမြုပ်နေသော လယ်သမားအရေးတော်ပုံ အနာဆွေး အနာဟောင်းကြီးမှာ ထိုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့ ညမှစ၍ တစ်ခါတည်း အုံကြွပေါက်ကွဲသောအခြေသို့ ဆိုက်ရောက်သွားတော့သည်။

အထက်ပါ အကြောင်းအရာများကား နောက်ဆုံး တောင်သူလယ်သမားအရေးတော်ပုံ ဆရာစံဂဠုန်သူပုန်ကြီး ထကြွပေါ်ပေါက်လာရသောအကြောင်းရင်းခံ အကျဉ်းချုပ်ပင်ဖြစ်၏။ ယင်းဂဠုန်သူပုန်အရေးတော်ပုံနှင့် ပတ်သက်၍ စာအုပ်ပေါင်းများစွာတွင် ဖော်ပြပါရှိပြီးဖြစ်ရာ ယခု (ဆရာချို၏ အတ္ထုပ္ပတ္တိ)စာအုပ်တွင် ဆရာစံ၏ ဂဠုန်သူပုန်အရေးတော်ပုံအကြောင်းများကို နောက်ခံအားဖြင့် အကျဉ်းချုပ် ဖော်ပြရခြင်းမှာ ထိုလယ်သမား အရေးတော်ပုံတွင် တိုင်းပြည်ဘက်သား သတင်းစာဆရာတစ်ဦး ပီသစွာ ဆရာ၏ ဂျာနယ်မှ မည်သို့မည်ပုံ ရဲရဲဝံ့ဝံ့၊ ခုခံကာကွယ် ရေးသားခဲ့ခြင်းများနှင့် နောင်တွင် နိုင်ငံရေးသမိုင်းတစ်လျှောက် နိုင်ငံရေးလုပ်ဖော်ရဲဘက်ကြီးတစ်ဦးအဖြစ်လည်းကောင်း၊ အတွဲခေါင်းဆောင်ကြီး တစ်ဦးအဖြစ်လည်းကောင်း၊ နာမည်ကျော်ကြားပေါ်ထွက်လာမည့် နိုင်ငံရေး (ဟီးရိုး)ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာဘမော်၏အကြောင်းကို ဖော်ထုတ်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤ အတ္ထုပ္ပတ္တိ စာအုပ်အစတွင် ဖော်ပြခဲ့ပြီးအတိုင်း မြန်မာပြည် နယ်ချဲ့များ လက်အောက်သို့ ရောက်ပြီးနောက် ပထမဆုံး အကြိမ် ၁၉၂၀ ခုနှစ်၊ ယူနီဗာစီတီ အက် ဥပဒေကို သပိတ်မှောက်ခဲ့သော ကောလိပ်ကျောင်းသားများ သပိတ်သည် ယင်းနယ်ချဲ့တို့အား ဥပဒေဘောင်အတွင်းမှ ပထမဆုံးအကြိမ် အနုနည်းဖြင့် တော်လှန်ပုန်ကန်လိုက်ခြင်း ဖြစ်လေသည်။

ထိုနောက် ယခု ၁၉၃၀ ခုနှစ်၊ သာယာဝတီဂဠုန်ဆရာစံ၏တောင်သူလယ်သမားအရေးတော်ပုံကြီးကား နယ်ချဲ့တို့အား ဒုတိယအကြိမ်လက်နက်နှင့် တော်လှန်ပုန်ကန်လိုက်ခြင်းပင် ဖြစ်သည်။ တစ်နည်းဆိုလျှင် ထိုသာယာဝတီ ဂဠုန်အရေးတော်ပုံသည် မြန်မာနိုင်ငံရေးသမိုင်းတွင် ပထမဆုံးလက်နက်ကိုင်၍ နယ်ချဲ့တို့အား ရဲရဲဝံ့ဝံ့ တော်လှန် ပုန်ကန်လိုက်သော သမိုင်းဝင်ပုန်ကန်မှုကြီးပင် ဖြစ်၏။ (ထိုအကြောင်းသည် ယနေ့ ထင်ရှားတွေ့မြင်၍နေသော ဖြစ်ရပ်များက သက်သေထူ၍ နေသည်။)

ယင်းကြောင့်ပင် ထိုစဉ်က ထကြွခဲ့သော သာယာဝတီတောင်သူလယ်သမားဆရာစံဂဠုန်အရေးတော်ပုံကြီးသည် အရင်းရှင် နယ်ချဲ့အင်ပါယာနိုင်ငံကြီးရှင်များအား ကိုင်လှုပ်လိုက်သလို မျက်လုံးပြူး ချောက်ချားသွားစေခဲ့လေသည်။ အကြီးအကျယ်လည်း ဒေါပွစရာဖြစ်သွားစေခဲ့သည်။ 'ဘာလက်နက်မှ မရှိသော ဒို့လက်အောက်ခံ ကျေးကျွန်အရိုင်းအစိုင်းလို လူမျိုးများက ငါတို့လို နေလို လလို ထွန်းတောက်နေသော တန်ခိုးတော်ရှင် အင်ပါယာနိုင်ငံကြီးများရှင်အား တော်လှန်ပုန်ကန် အံတုရန်ပြုနိုင်သလော'ဟူ သောသခင်လူမျိုးကြီးဝါဒ မာနစိတ်ထားမျိုးဖြင့် အကြီးအကျယ် ရာဇမာန်ရှ ဒေါပွသွား ခဲ့သည်။

ထိုကြောင့်လည်း ထိုဆရာစံ ဂဠုန်သူပုန်အရေးတော်ပုံတွင် ဗြိတိသျှနယ်ချဲ့တို့ သည် အရေးတော်ပုံတွင် ပါဝင်သော မပါဝင်သော တောင်သူလယ်သမား ဆင်းရဲသား များအား အကန့်အသတ်မထား အကြီးအကျယ်ဆုံး၊ အရက်စက်ဆုံး၊ ဖိနှိပ်သတ်ဖြတ်ခြင်းဖြင့် မှတ်လောက်အောင်(ဝါ)သင်ခန်းစာရအောင်'လက်စားချေခြင်းသဘောမျိုး' ပြုခဲ့သည်။

ရှင်းရှင်းဆိုရလျှင် ထိုဂဠုန်ဆရာစံ အရေးတော်ပုံတွင် နယ်ချဲ့တို့၏ဖိနှိပ်မှုမှာ ဥပဒေဘောင်အတွင်းမှ ကျော်လွန်လျက် လိုသည်ထက်ပို၍ အာဏာသုံးကာ ပြည်တွင်း၊ ပြည်ပစစ်တပ်ကြီးများနှင့် တစ်ပြည်နှင့်တစ်ပြည် စစ်ကြီးများဖြစ်နေသလို အတိုင်းအထက် အလွန်ရက်ရက်စက်စက် နည်းမျိုးစုံဖြင့် (အိမ်ရှင်)လူမျိုးတစ်မျိုး၏ အညွန့်ကိုပင် ရိုက်ချိုးသော သဘော(ဝါ)ကလဲ့စားချေသောသဘောမျိုး သက်ရောက်အောင် သတ်ဖြတ်နှိမ်နင်းခဲ့လေသည်။

မြန်မာပြည်ရှိ ၂–၁၅ ပန်ချာပီတပ်၊ မေမြို့ရှိ ၃–၂၀ ဘားမားရိုင်ဖယ်တပ်များသာမကဘဲ အိန္ဒိယမှ ဒိုဂရာတပ်၊ မာရတ္တာတပ်၊ ရာဂျာပူတနားတပ်စသော ခြေလျင်တပ်ရင်း



များအပြင် ဘိလပ်မှ မန်ချက်စတာတပ်၊ ဘလူရှီတပ်စသော မျက်နှာဖြူစစ်တပ်များကိုပါ အလုံးအရင်းခေါ်ယူ၍ ရက်ရက်စက်စက် နှိမ်နင်းအသုံးပြုခဲ့လေသည်။

ယင်းအရေးတော်ပုံတွင် တောင်သူလယ်သမား(၃၀၀၀)သုံးထောင်ခန့် သေဆုံးဒဏ်ရာရခြင်း၊ (၈၀၀၀)ရှစ်ထောင်ကျော် အဖမ်းခံရခြင်း၊ အရေးတော်ပုံတပ်သား(၂၇၀)တစ်သက်တစ်ကျွန်းဒဏ်ပေးခံရခြင်း၊ (၇၈)ဦး ကြိုးစင်တင် သတ်ဖြတ်ခဲ့ခြင်း၊ အရေးတော်ပုံတွင် ပါဝင်ခဲ့သူ ဆိုသူများ၏ ဦးခေါင်းများကို ဖြတ်ယူ၍ လူမြင်ကွင်းတွင် လူမဆန်သောနည်းဖြင့် ပြသထားခြင်း၊ တောင်သူလယ်သမား ကျေးရွာပေါင်းများစွာ မီးတင်ရှို့ဖျက်ဆီးခြင်း၊ အမျိုးဘာသာ သာသနာရေးများကို ကျူးကျော်စော်ကားရုံမက တောင်သူလယ်သမားများ၏ အပြစ်မဲ့ဇနီးသားသမီးများကို မတော်မတရား ကျင့်ကြံခြင်း။

စသောဖြစ်ရပ်များမှာ ထိုစဉ်က ယင်းအရေးတော်ပုံ၏ ရက်စက်လူမဆန်သော ပြုမှုချက်များပင် ဖြစ်သည်။ ထိုဖြစ်ရပ်များကိုသာ ဤနေရာတွင် ကျွန်ုပ်တို့သည် အထောက်အထား အခိုင်အလုံနှင့် ဖြစ်သလောက်၊ သိသလောက် အကျယ်ချဲ့ရေးသားရလျှင် ဆုံးနိုင်ဘွယ်မရှိဘဲ အမျိုးချစ်သူတိုင်းအဖို့ ကြေကွဲဖွယ်၊ နာကြည်းဖွယ်၊ စိတ်ထိခိုက် တုန်လှုပ်ချောက်ချားဖွယ် အမှန်ဖြစ်ရပေမည်။

## ဒီးဒုတ်နှင့် ဂဠုန်သတင်းများ

ထိုသို့ ကြေကွဲနာကြည်းသူများတွင် လက်ပိုက်ကြည့်မနေနိုင်သော ယခု အတ္ထုပ္ပတ္တိရှင် ဆရာဦးဘချိုလည်း တစ်ဦးပါဝင်ရာ။ တိုင်းပြည်ဘက်သား သတင်းစာဆရာတစ်ဦးပီသစွာ ယခုစာဖတ်သူများ ဖတ်ရမည့် (၂၀–၆–၃၀)နေ့ထုတ် ဆရာ၏ဒီးဒုတ်ဂျာနယ်မှ ထိုစဉ်က ရေးသားပါရှိခဲ့သော ခေါင်းကြီးတစ်ပုဒ်ကိုမျှ တွေ့မြင်ဖတ်ရှုရခြင်းဖြင့် မည်မျှရက်စက် အသည်းထိတ်ဖွယ် ဖြစ်ရမည်ကို ကိုယ်တိုင်ခံစား ထင်ရှားသိမြင်နိုင်ပေလိမ့်မည်။

## သူပုန်ဦးခေါင်းများကို ဖြတ်ခြင်း

ပြည်နယ် ပေါက်ခေါင်းအနီး ဝက်တိုးရွာဘက်၌ တွေ့ရှိရသော သူပုန် (၂၂)ယောက်တို့၏ အလောင်းများမှ ဦးခေါင်းများကို ဖြတ်ကာ ပြည်မြို့သို့ အစိုးရတပ်များ ယူဆောင်ပြထားခြင်းအကြောင်းနှင့်ပတ်သက်၍ အစိုးရတို့က မည်သူမည်ဝါအပေါ်တွင် တာဝန်ကျရောက်သည်ကို သိရှိရန် စုံစမ်းခြင်းပြုလုပ်မည်ဟူသော အကြောင်းကို ကြားသိရသည်မှာ ကြားသိရသူတို့စိတ်၌ အတော်ကလေးခံသာဖွယ် ဖြစ်၍ သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအကြောင်းနှင့် ပတ်သက်၍ အစိုးရထုတ်ပြန်ချက်ကို ဖတ်ရသောအခါ ဦးခေါင်းကိုဖြတ်သူများအပေါ်၌ များစွာတာဝန်ကြီးလေးခြင်းရှိသည့် အထိမ်းအမှတ်ကို မတွေ့ရဘဲ မည်သူမည်ဝါဖြစ်သည်ကို သိရှိဖို့ရန်အတွက် မလွှဲမကင်းသာသဖြင့် ဦးခေါင်းများကို ဖြတ်ယူ၍ လာရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖြတ်ယူလာခြင်းကြောင့် အတော်ပင် အကျိုးရှိသည်ဟူသော စကားအနေသို့ ရောက်၍ နေပေသည်။

ထိုကဲ့သို့ပြုမူခြင်းသည် ယဉ်ကျေးသော တိုင်းပြည်တို့၌ မတွေ့ရ၊ မကြားရသော အရာမျိုးဖြစ်လေရာ ဖြတ်ရန် အမိန့်ပေးသူတို့၏စိတ်၌ ဤမျှလောက် ကြောက်မက်ဖွယ်ရာ၊ စိတ်မကောင်းဖွယ်ရာအမှုကို ပြုရဲခြင်းသည် ယဉ်ကျေးသော အုပ်ချုပ်ခြင်းအောက်၌ အစိုးရအရာရှိနိုင်ငံဝန်ထမ်းအလုပ်ကို ဆောင်ရွက်ရန် မထိုက်တန်ခြင်း၏ သဘောတစ်ခု ဖြစ်ပေသည်။

ထိုမျှလောက် ကြမ်းကြုတ်သောအမှုနှင့် ပတ်သက်ရာ၌ အစိုးရမင်း၏ ထုတ်ပြန်စာကို ဖတ်ရသောအခါ အရေးကြီးသည့် အသံစကားကို မတွေ့ရ၊ နောင် ဤကဲ့သို့ မပြုရန်ဟူ၍လည်းကောင်း၊ ယခုအရေး၌ မည်သူ၏တာဝန်ဖြစ်သည် ဟူ၍လည်းကောင်း၊ သိရအောင်စုံစမ်းမည်ဟု ပေါ့ဆစွာ ပါရှိသည်ကို တွေ့ရလေရာ အစိုးရတို့သည် ယုတ်ကြမ်းကြီးလေးသည်ကို အသိအမှတ်မပြုသကဲ့သို့ ဖြစ်၍နေကြောင်း သိရလေသည်။

အလောင်းများကို တွေ့ရသည့်အခါ အလောင်းက(၂၂)လောင်းရှိ၍ အစိုးရတပ်မှာ (၂၇)ယောက်သာရှိသောကြောင့် အလောင်းများကို မယူနိုင်ဟူသော စကားသည်လည်း အတော်ထူးဆန်း၍နေသော စကားဖြစ်လေသည်။ အကြောင်းမူကား အစိုးရတပ်သား ပိုမို၍ များချေက အလောင်းများကို ထမ်းပိုး၍လာနိုင်ကြဖို့ရှိသည်ဟု ပြောသကဲ့သို့ ဖြစ်၍ နေသည်။

စင်စစ်မှာလည်း မည်သူမည်ဝါများဖြစ်ကြောင်း မစုံစမ်းရလျှင် အဘယ်ပုံဖြစ်မည်ကို စိုးရိမ်ရပါသနည်းဟု မေးရန်ရှိပေသည်။ ထိုဦးခေါင်းများကို မြို့တွင်းသို့ သွင်းယူ၍ လာခြင်းကြောင့် မည်သူမည်ဝါ၏ ဦးခေါင်းများဖြစ်ကြသည်ဟု အကုန်အစင်သိရပါ၏လားဟူ၍လည်း မေးရန်ရှိပေသည်။

ထိုဦးခေါင်းများကို စီတန်း၍ပြခြင်းက အဘယ်အတွက်ပါနည်း၊ တောသားသူပုန်များ၏ ဦးခေါင်းများကို ပြည်မြို့၌ စီ၍ပြသော်လည်း ပြည်မြို့သားတို့မှာ ထိုလူဆိုးများ မည်သူမည်ဝါဖြစ်သည်ကို သိဖို့ရန် များစွာခက်မည်ဖြစ်လေရာ စီတန်း၍ပြခြင်းသည် အကျိုးမဲ့ ရိုင်းစိုင်းရက်စက်သော ပြုမူခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။



အကယ်၍ ဓာတ်ပုံရိုက်ရန်အတွက် စားပွဲပေါ်၌ စီ၍ပြရသည်ဟု ဆိုပြန်ချေကလည်း လုံလောက်သော ဆင်ခြေမဟုတ်ပေ၊ အကယ်၍ မည်သူမည်ဝါ သေချာစွာသိလိုချေက လူမမြင်နိုင်သော ကွယ်ထောင့်တစ်နေရာ၌ ခေါင်းတစ်လုံးပြီးတစ်လုံး အနီးကပ်ဓာတ်ပုံကို သေချာစွာပေါ်အောင် ရိုက်ကူးယူဖို့သာ ရှိလေသည်။

ယခုမူ လူအပေါင်းတို့ မြင်သာသောနေရာ၌ ခေါင်းဖြတ်လူရိုင်းများအောင်ပွဲခံ သလိုပြုလုပ်ခြင်းဖြစ်လေရာ ထိုအလုပ်ကို အခွင့်ပေးသောအရာရှိမှာ လူကြီးလူကောင်းအရာရှိဂုဏ်အင်္ဂါနှင့် အကြီးအကျယ်ကင်းမဲ့သည်ဟု ဆိုရပေမည်။ ထိုအကြောင်းကို ပဲခူးမင်းကြီးကြားသိရသောအခါ နောင် ဤကဲ့သို့မပြုလုပ်ရန် အမိန့်ထုတ်လိုက်သော်လည်း ထိုသို့ ပဲခူးမင်းကြီးလျင်မြန်စွာ ကြားရခြင်းမှာလည်း အစိုးရဘက်သားမဟုတ်သူ ဓာတ်ပုံဆရာအချို့၏ ကျေးဇူးကြောင့် ဖြစ်လေသည်။

သို့ပါလျက် ထိုကဲ့သို့ ဓာတ်ပုံရိုက်သူ၏ အလုပ်နှင့်ပတ်သက်၍ အခွင့်မရှိသူအချို့က ဓာတ်ပုံရိုက်ယူသည်ဟု အစိုးရပြန်စာ၌ ရေးသားခြင်းသည် ဓာတ်ပုံဆရာများကိုပင် အပြစ်တင်ကဲ့ရဲ့ရာ ရောက်နေသည်။

ထိုအရေးနှင့်ပတ်သက်၍ အစိုးရမင်းများသည် မိမိတို့၏ ထုတ်ပြန်ချက်ပါ ပေါ့ဆသော စကားများနှင့်ညီစွာ စုံစမ်းခြင်းကို ပေါ့ဆစွာ လျစ်လျူရှုမည်စိုးသောကြောင့် သတိပေးရေးသားလိုက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် မည်သည့်နိုင်ငံကမျှ ကြား၍ မသင့်မလျော်သော ဤယုတ်ကြမ်းမှု၌ စုံစမ်းခြင်းကို အပေါ်ယံကမလုပ်ဘဲ တကယ်အဟုတ်ထိထိရောက်ရောက် ပြုလုပ်ကာ အပြစ်တကယ်ရှိသူတို့အား တာဝန်ရှိသည့်အလျောက် ပြုလုပ်ကြရန် ရေးသားလိုက်ရပေသတည်း။

## အစိုးရဖြေကြားချက် ပြန်တမ်း

ဤတွင် ထိုခေါင်းကြီးနှင့် ပတ်သက်၍ ထိုစဉ်က (၁၅–၆–၃၁)နေ့စွဲပါ အစိုးရအမိန့်ပြန်တမ်းကို ပူးတွဲဖော်ပြက ပို၍ အဓိပ္ပာယ်ထင်ရှား ရှင်းလင်းလိမ့်မည် ဖြစ်သည်။ ယင်းသို့ သူပုန်များ၏ ဦးခေါင်းကို ဖြတ်ခဲ့ရသည့်အကြောင်း ပဲခူးတိုင်းမင်းကြီး၏ အမိန့်ပြန်တမ်း တစ်စိတ်တစ်ဒေသကို ထိုစဉ်က ပူးတွဲဖော်ပြထားသည်ကို ဒီးဒုတ်ဂျာနယ်တွင်ပင် ဤသို့ ဖတ်ရသည်။

'ပေါက်ခေါင်းအနီး ဝက်တိုးတွင် တိုက်ခိုက်ပြီးနောက် သူပုန်အလောင်း(၂၂)လောင်းကို တွေ့ရှိရကြောင်း၊ အစိုးရတို့ဘက်မှ တပ်သားတို့မှာ ပန်ချာပီစစ်သား(၂၇) ယောက်၊

www.burmeseclassic.com



မြို့စောင့်ပုလိပ်(၃)ယောက်သာ ဖြစ်သဖြင့် ၎င်းတို့မှာ ထိုအလောင်းတို့ကို သယ်ယူ ခြင်းငှာ မတတ်နိုင်ကြောင်း။

ရာဇဝတ် အင်စပိတ်တော်က ၎င်းသေဆုံးသည့် သူပုန်အလောင်းများမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန် အရေးကြီးကြောင်း ပြောဆိုရာ ဗိုလ်မှူးကြီးက စဉ်းစားဆင်ခြင်ပြီးနောက်၊ မြို့စောင့်ပုလိပ်တို့အား ၎င်းသေသူ သူပုန်များ၏ ဦးခေါင်းများကို ဖြတ်ယူ၍ ပြည်မြို့သို့ ယူဆောင်လာရန် အခွင့်ပြုလုပ်ရသည်။ (မှတ်ချက်) အချို့ဦးခေါင်းများကို မသေမရှင် ဖြတ်ယူခဲ့ကြောင်း သိရ၏။

၎င်းဦးခေါင်းများမှာ မည်သူမည်ဝါ၏ ဦးခေါင်းများဖြစ်သည်ဟု သိရခြင်းမှာ များစွာ အကျိုးရှိပေသည်။ အကြောင်းကိုဆိုသော် ၎င်းတို့အထဲ၌ ရှေးက မငြိမ်သက် လှုပ်ရှားခြင်းရှိသည်ဟု မကြားမသိသော ရွာ (၆)ရွာတွင် နေထိုင်သောသူများဖြစ်သည်ဟု သိရှိရကြောင်း။

ခေါင်းများကို ပြည်မြို့သို့ ယူဆောင်လာပြီး မည်သူမည်ဝါတို့၏ဦးခေါင်းဖြစ်သည်ဟု သိရှိရန် အလို့ငှာ ဓာတ်ပုံရိုက်ယူရန် ပုလိပ်ဌာနသို့ ချက်ချင်းယူသွားပြီးလျှင် ထိုသို့ ဓာတ်ပုံရိုက်ရန် ခုံများပေါ်၌တင်၍ စီစဉ်နေသည့်အတွင်း အစိုးရအရာရှိမဟုတ်သူ အချို့ကၡင်းခေါင်း (၁၆)ခေါင်းကို တိတ်တဆိတ် ဓာတ်ပုံရိုက်ယူသွားကြကြောင်း'

အထက်ပါ အစိုးရ၏ထုတ်ပြန်ချက်ကို ဖတ်ရှုရခြင်းဖြင့် အပြစ်မဲ့သော ရွာသူရွာသား ဆင်းရဲသားများကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ရာ ရောက်နေပေရာ၊ ၎င်းတို့စကားမှာ ကိုယ့်ရှုံးကိုယ်ပြန်၍ပတ်သလို ထင်ရှား၍နေသည်ကို ပြန်တွေ့ရပြန်သည်။ တစ်နည်းအားဖြင့် ၎င်းတို့အပြုအမူမှာ အပြစ်ရှိ -မရှိ စုံစမ်းခွဲခြားခြင်းမပြုဘဲ အရမ်းမဲ့ ကလဲ့စားချေသည့်သဘော ရက်ရက်စက်စက်ကြီး ပြုကျင့်သတ်ဖြတ်ခြင်းဖြစ်ကြောင်း ထင်ရှားသိသာလှပေသည်။

အမှန်အားဖြင့်လည်း ထိုစဉ်က အရေးတော်ပုံတွင် သေကြေသတ်ဖြတ်ခြင်းခံရသော တောသူတောင်သား လယ်သမားကြီးတို့မှာ အထက်တွင် ဖော်ပြပါရှိသည့် ဦးရေထက်ပင် များပြား ပိုမိုလိမ့်မည်အမှန်ဖြစ်သည်ကို ထိုစဉ်က ဒီးဒုတ်ဂျာနယ်တွင် ပါရှိသော အောက်ပါ ဒေးဒရဲ သူပုန်မှု တစ်မှုတည်းမှ အယူခံသတင်းတိုကလေးတစ်ချက်ကို ဖတ်ရှုတွေ့မြင်ရခြင်းဖြင့် ခန့်မှန်းသိသာနိုင်ပေသည်။

## ဖျာပုံသူပုန် အယူခံသတင်း

'ထောင်တစ်သက်တစ်ကျွန်း အပြစ်ပေးခြင်းခံရသူများအနက် (၃)ဦးကို ထပ်မံ၍ကြိုးဒဏ်အပြစ်ပေးလိုက်ခြင်း'



ဒေးဒရဲ-ဖျာပုံနယ် သူပုန်မှုနှင့် ပတ်သက်၍ တရားဝန်ကြီးချုပ် ဆာအာသာပိတ်ချ်နှင့် တရားဝန်ကြီးများဖြစ်သော ဦးမြဘူး၊ မစ္စတာ ဘာကူလေးတို့ရှေ့တွင် အယူခံထားရာ ထိုအယူခံလွှာကို လွန်ခဲ့သော စနေနေ့က စီရင်ချက် ချမှတ်လိုက်ကြောင်း။

ထိုစီရင်ချက်မှာ သေစားသေစေရန် အမိန့်ပေးခြင်းခံရသူ (၁၅)ဦးတို့၏ အယူခံလွှာကို ပယ်ချလိုက်ပြီး အထူးတရားဝန်ကြီးများ၏ စီရင်ချက်ကို အတည်ပြုလိုက်ကြောင်း။

ထောင်တစ်သက်အပြစ်ပေးခံရသူ ဦးအောင်လှ၊ ဘိုးချစ်၊ ဘိုးမင်းတို့၏ အယူခံလွှာကို ပယ်လိုက်ကာ ထပ်မံစဉ်းစားပြီးလျှင် အဆိုပါ (၃)ဦးကို သေစားသေစေရန် အမိန့်ချမှတ်လိုက်ကြောင်း။

ထောင်တစ်သက် အပြစ်ပေးခြင်းခံရသော ဘိုးစိန်ကလေး၊ ဘိုးရင်၊ စိုးမောင်၊ ဘခင်၊ချစ်ထွန်း၊ မောင်ဦး၊ ထွန်းတင်၊ ဘအေး၊ စောလီတို့၏ အယူခံလွှာကို လက်ခံပြီးလျှင် ထိုသူတို့အား လွှတ်လိုက်ကြောင်း။

အယူခံသူ (၇၁)ယောက်အနက် လွတ်ကင်းချမ်းသာသူနှင့် အယူခံမနိုင်သူတို့မှာ လွှတ်ပစ်လိုက်သူ(၉)ယောက်၊ ထောင်တစ်သက်တစ်ကျွန်း (၄၄)ယောက်၊ သေစားသေရန် (၁၈)ယောက်၊ ပေါင်း(၇၁)ယောက် ဖြစ်ကြောင်း။

အထက်ပါအယူခံသတင်းကို ဖတ်ရှုရခြင်းဖြင့် ထိုစဉ်က ဗြိတိသျှအစိုးရများ၏ သဘောထားကို ရိပ်စားမိနိုင်ကြပေသည်။ ဗြိတိသျှတို့၏ သဘောထားကား ယခင် လက်စားချေခြင်းနှင့် ရက်စက်ခြင်းသဘောသို့ သက်ရောက်နေပေရာ ထိုစဉ်က (၁၈-၇-၃၁)နေ့ ဆရာ၏ ဒီးဒုတ်ဂျာနယ်မှ ခေါင်းကြီးတစ်ပုဒ်ကို ဤသို့ ဖတ်ရှုရပြန်သည်။

## အစိုးရများ စိတ်ထားပြောင်းသင့်ပြီ

အစိုးရများ ဆင်ခြင်ရန် အချက်တစ်ခုမှာ လူအနည်းငယ်မျှကို အပြစ်ပေးလိုခြင်းကြောင့် တစ်နိုင်ငံလုံး ဆင်းရဲဒုက္ခဖြစ်ရသော အခြေအနေဖြစ်နေပေသည်။ ထကြွသောင်းကျန်းခြင်း၏အစသည် စီးပွားရေးအရင်းခံဖြစ်သည် ဟူသောအကြောင်းကို အစိုးရက အယုံအကြည် မရှိကြသည်မှာလည်း ခက်ခဲခြင်း၏အကြောင်းတစ်ခု ဖြစ်နေသည်။

ထိုအကြောင်းရင်းနှင့် ပတ်သက်၍ အယုံတရားမရှိ၊ တိုင်းပြည်ကို လိုချင်သောကြောင့် သူပုန်ထသည်ဟု အယူရှိနေခြင်းသည် ကလဲ့စားချေလိုသော စိတ်အရင်းခံလို ဖြစ်၍နေသည်။

www.burmeseclassic.com



အစိုးရသည် ဆင်းရဲသားပြည်သူများအပေါ်၌ တကယ်စေတနာထားကာ ပူပင်ကြောင့်ကြရှိချေက၊ ယခုကဲ့သို့ ပြုလုပ်နေမည် မဟုတ်ပေ။

တိုင်းပြည် အေးငြိမ်းအောင် တကယ်စေတနာထား၍ လုပ်လိုက ကလဲ့စားချေလိုသော စိတ်ထားများ ကင်းသင့်ပေသည်။ စင်စစ်မှာလည်း အစိုးရသတင်းများအရ သူပုန်များမှာ အစိုးရစစ်သည်များ၏ လက်ချက်ဖြင့် သေဆုံးရသည်မှာ များလှပြီဖြစ်သောကြောင့်လည်းကောင်း သေပြီးသော သူပုန်တို့၏ အသက်ပေါင်းများစွာနှင့် ချင့်တွက်လိုက်သော် ထကြွသူတို့အပေါ်၌ အပြစ်ဒဏ်လုံလောက်သည်ထက် ပိုမိုကြီးလေးစွာ ပေးပြီးဖြစ်သည်ဟု ဆိုရပေမည်။

အစိုးရတပ်များ၏နောက်၌ လှည်းသမားစသော အခိုင်းအစေများအဖြစ် လိုက်ပါရသူ အချို့ထံမှ ကျွန်ုပ်တို့ရရှိကြားသိရသော သတင်းများအရ အချို့သော တိုက်ပွဲများ၌ သူပုန်တို့သည် တစ်တပ်လုံးလိုလို သေဆုံးကြသဖြင့် တိုက်ခိုက်ရာ နေရာစခန်း၌ အကုန်အစင်ပင် မြှုပ်နှံခြင်း မပြုနိုင်ကြကြောင်း ကြားသိရပေသည်။

ထိုမျှလောက် မြောက်မြားစွာသေဆုံးအောင် ပစ်ခတ်သတ်ဖြတ်ရခြင်းများကိုမူကား သတ်ဖြတ်သူများက အစီရင်ခံမှသာ ပြည်သူနှင့်အစိုးရ သိခွင့်ရကြမည်ဖြစ်လေရာ။ အစီရင်မခံဘဲ ဖုံးဖိ၍ထားသော အမှုကြောင်းအရာများစွာရှိမည်ကို ဆင်ခြင်လိုက်သော် သူပုန်တို့၏သေဆုံးခြင်းသည် အစိုးရသတင်းများတွင် ပါရှိသည်ထက် ပိုမိုများပြားလိမ့်မည်ဟု မှတ်ယူဖွယ်ရှိပေသည်။

ထိုအကြောင်းများကို ထောက်သော် သူပုန်များမှာ လုံလောက်စွာ အပြစ်ဒဏ်ခံကြရပြီဖြစ်သောကြောင့် ဤမနှစ်မြို့ဖွယ်အရေးကို မြန်မြန်ကြီးအေးစေဖို့ အခြွင်းအချန်မရှိ ချမ်းသာခွင့်ပေးဖို့ သင့်လှပေသတည်း။

ထိုစဉ်က မြန်မာစာဂျာနယ်ဇင်းများသည် ထိုသာယာဝတီ လယ်သမားအရေးတော်ပုံနှင့်ပတ်သက်၍ မည်သည့်အတွက် ဤသို့ သူပုန်ထရသည့်အကြောင်းကို အတော်ပင် ပြင်းပြင်းထန်ထန် ရေးသားခဲ့ကြသည်။ ထိုသို့ရေးသားချက်နှင့်ပတ်သက်၍ အစိုးရ၏ ဂဠုန်သူပုန်အရေး ထုတ်ပြန်ချက် အစီရင်ခံစာတွင် သတင်းစာများက တစ်ဖက်မှ ပင်း၍ ရေးသားကြကြောင်းပင် ထုတ်ဖော်စွပ်စွဲခဲ့ပေသည်။

ထိုစွပ်စွဲချက်ကို သတင်းစာများကလည်း မခံမရပ်နိုင်ဖြစ်ကာ ထိုစဉ်က ဆရာ၏ ဒီးဒုတ်ဂျာနယ်မှ ဤကဲ့သို့ ပြန်လှန်၍ ရဲရဲရင့်ရင့် ရေးသားခဲ့သည်။

'ယခု ဖြစ်ပွားနေသော ဆူပူခြင်းနှင့်ပတ်သက်၍ အစိုးရတို့က အစအဆုံးတိုင်



ရှည်လျားသော စာတမ်းတစ်စောင် ထုတ်ပြန်လိုက်သည်ကို တွေ့ရသည်။ ၎င်းစာတမ်း၏ အကျဉ်းချုပ်မှာ ဆူပူခြင်းအတွက် စီးပွားရေးမဟုတ်၊ နိုင်ငံရေးဖြစ်ကြောင်းများနှင့် မြန်မာ့သတင်းစာများက အားပေးသည့်အနေမျိုးဖြင့် ဆရာစံ၏ အတ္ထုပ္ပတ္တိများ ပါဝင်ဖော်ပြထားသည်ကို တွေ့ရလေသည်။

သို့သော် ထိုအစီရင်ခံစာမှာ တိုင်းပြည်က သိရန်ထက် ပါလီမန်လွှတ်တော်နှင့်အိန္ဒိယနိုင်ငံအစိုးရတို့ သိစေရန် အာသီသ စိတ်ထားမျိုးရောက်ပုံ ပေါက်လျက် ရှိပေသည်။အထူးသဖြင့် မြန်မာ့သတင်းစာများအပေါ် ရေးသားထားပုံမှာ စိတ်မကျေနပ်ဖွယ်ကောင်းလှသည်။

အမှန်အားဖြင့် မြန်မာ့သတင်းစာတို့မှာ အစိုးရများထင်သကဲ့သို့ စိတ်မျိုးမဟုတ် (ဝါ)မြို့ရွာ မငြိမ်မသက် လှုပ်လှုပ်ရှားရှားဖြစ်စေရန် စိတ်မျိုးမရှိဘဲ တိုင်းပြည် အေးငြိမ်းသာယာ၍ ဆင်းရဲသားများ အလုပ်အကိုင် အရောင်းအဝယ် အနေအထိုင် ချောင်ချိခြင်းကိုသာ လိုလားကြပေသည်။

နိုင်ငံရေးမှာ အထူးပြောရန်မလို၊ ရှေးအခါကပင် မြန်မာသတင်းစာများက ယင်းကိစ္စကို ဆောင်ရွက်လျက်ရှိခြင်းဖြစ်ရာ အစိုးရသည် ထမင်းရည်ပူ လျှာလွှဲဆိုသလို မပြုလုပ်ဘဲ မည်သည့်အတွက် ယခုလို ဆူပူခြင်းဖြစ်ရသည်ကို အမှန်အကန် ဖော်ထုတ်ရေးသားသင့်လှပေသည်ဟု ရဲရဲဝံ့ဝံ့ကြီး ပြန်လှန်ရေးသားခဲ့သည်။

အထက်ပါ ရေးသားချက်တွင် 'နိုင်ငံရေးဆိုသည်မှာ ပထမကပင် သတင်းစာများဆောင်ရွက်ခဲ့သော အလုပ်ဖြစ်သည်'ဟု ထိုခေတ်အခါက ထိုကဲ့သို့ ပြောင်ပြောင်ကြီးရေးသားခဲ့ခြင်းမှာ ဆရာ၏ သတင်းစာဆရာပီသသော အချက်တစ်ခုပင် ဖြစ်သည်။ ဆရာသည် ပြည်သူဘက်တော်သား သတင်းစာဆရာစစ်စစ် ပီသသူဖြစ်သည့်အတိုင်း မှန်ရာကို ထုတ်ဖော်ရေးရဲသည်။ သတင်းစာများကို ထိလာလျှင် ဆတ်ဆတ်ကလေးမျှ မခံနိုင်သူ ဖြစ်သည်။ သတင်းစာဆရာတစ်ဦးအနေဖြင့်လည်း သဘောထားကြီးသည်။ မှန်ကန်ဖြောင့်မတ်မှုကို လိုလားသည်။ အပြစ်ရှိသူကို မထောက်မညှာ ဝေဖန်ကဲ့ရဲ့ရှုံ့ချကာ ချီးကျူးထိုက်သူကို အခါအားလျော်စွာ ထောက်ခံချီးကျူးရေးသားခဲ့သည်။ နေရာတကာ အပြစ်ဖွဲ့ကဲ့ရဲ့လိုသူမဟုတ်ဘဲ အပြုသဘောရှေ့ထား၍ ရေးသားဝေဖန်ခဲ့သော သတင်းစာဆရာကောင်းတစ်ယောက် အင်္ဂါနှင့် ညီညွတ်ပြည့်စုံပေသည်။

## သတင်းစာဆရာ ပီသခြင်း

ယင်း လယ်သမား အရေးတော်ပုံ ဂဠုန်သူပုန်ကိစ္စတွင် မြန်မာပြည် ဗြိတ္တိသျှဘုရင်ခံ

www.burmeseclassic.com

www.burmeseclassic.com



ဆာဂျေအေမောင်ကြီးနှင့် ပတ်သက်၍ ထိုစဉ်က ဆရာ၏ဂျာနယ်ခေါင်းကြီးပိုင်းမှ 'မြန်မာဂါဝါနာနှင့် သာယာဝတီအရေး'ခေါင်းစဉ်တပ်ကာ ဤသို့ ဝေဖန်ရေးသားခဲ့သေးသည်ကို ဖတ်ရသည်။

'အချို့သတင်းစာများက ယခုအုပ်ချုပ်သော မြန်မာ့ဂါဝါနာကြောင့် (ယခုအရေးတော်ပုံ)ဖြစ်သကဲ့သို့ ရေးသားကြသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့ သိရသလောက်မှာ ထိုစွပ်စွဲချက်သည် လွန်စွာ မှားယွင်းလေသည်။ အဘယ့်ကြောင့်ဆိုသော် သာယာဝတီသို့ ဂါဝါနာမရောက်မီကပင် ထိုအရေးအတွက် တင်ကြိုပြင်ဆင်၍နေကြကြောင်း သိရလေရာ ဘုရင်ခံသွားရောက်ခြင်းမှာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်၍နေသည့်ပြင် ထကြွသူတို့မှာလည်း ဘုရင်ခံသည် အကြောင်းတစ်ခုဖြစ်သည်ဟူသော အနေသို့ ရောက်အောင် အကြောင်းပြ၍ ထကြွကြဟန် တူလေသည်။

စင်စစ်ကား ဆာဂျေအေမောင်ကြီးမှာ ကံကြမ္မာမကောင်းသဖြင့် ဓားစာခံဖြစ်ရလေသည်။ ထိုသို့ ထကြွဖို့ရန် ဖန်တီးသည့် ဇစ်မြစ်အကြောင်းရင်းများသည်ကား ဆင်းရဲဒုက္ခရောက်ခြင်းကြောင့်တစ်ကြောင်း၊ ဆာဟာကုတ်ဘတ်တလာ (ဘုရင်ခံဟောင်း)၏ လက်ထက်၌ အခွန်တော်ရေးနှင့် ပတ်သက်၍ ထိုရပ်ထိုနယ်များသို့ ဂေါ်ရခါးတပ်များကို စေလွှတ်ခဲ့ရာ ထိုဂေါ်ရခါးတပ်များက နှိပ်စက်ညှဉ်းပန်း၍ မိန်းမများကို စော်ကား ကျူးလွန်ခဲ့ဘူးသည်ဟု အရပ်စကားကို နယ်များ၌ ပြောဆိုကြသည်များကို ကြားရလေသည်။

ထိုအခါကပင် ရွာသူရွာသားများမှာ စိတ်နာလျက် မကျေမချမ်းဖြစ်ကာ ယခုပေါ်ပေါက်လာသောမီးကို တိတ်တဆိတ် မွှေးခဲ့ကြသည်ဟု ကျွန်ုပ်တို့ထင်မြင်သဘောရပေသည်။ လွန်ခဲ့သော နှစ်ကလည်း ထို့အတူ ဂေါ်ရခါးတပ်များလွှတ်ခဲ့သေးသည်ဟု ကြားရလေသည်။ သို့ဖြစ်လေရာ ယခု ကျွန်ုပ်တို့ မြန်မာဂါဝါနာမှာ အများ၏တာဝန်ကို ခံရသော ပုဇွန်ဆိတ်ပမာဖြစ်၍နေကြောင်း သိသာလေသည် စသည်ဖြင့် ရေးသားခဲ့သည်။

နောက်ဆုံးတွင်ကား နယ်ချဲ့ကို ရဲရဲဝံ့ဝံ့လက်နက်ကိုင် တော်လှန်တိုက်ခိုက်ခဲ့သော 'သုပဏ္ဏက ဂဠုန်ရာဇာ'ဘွဲ့ခံ ဆရာစံ ခေါင်းဆောင်သော သာယာဝတီလယ်သမားအရေးတော်ပုံမှာ အင်အားချင်း လက်နက်ချင်း မမျှသဖြင့် ဂဠုန်ရာဇဆရာစံမှာ သူ၏ဗဟိုဌာနချုပ်ဖြစ်သော အလံတောင်စခန်းမှ ဆုတ်ခွာခဲ့ရပြီးနောက် အထက်ရှမ်းပြည်ဘက်သို့ ရှောင်တိမ်း ထွက်ခဲ့ရသည်။

မူလက ရည်ရွယ်ချက်မှာ အထက်မြန်မာပြည် ရှမ်းပြည်များမှ လူအင်အားစု၍ တစ်ဖန် ပြန်လှန်ခုခံတိုက်ခိုက်ရန်ဖြစ်သော်လည်း မြန်မာလူမျိုးများနှင့် ဆရာစံတို့၏



ကံဇာတာ နိမ့်ကျမှုကြောင့် ရှမ်းပြည်နောင်ကွမ်းရွာအနီး တောကြီးထဲတွင် ညှော်စူးသော ဒဏ်ရာ ဖြင့် ဖမ်းဆီးခြင်း ခံရလေသည်။

ထိုနောက် ဆရာစံအား ရှမ်းပြည်မှ သာယာဝတီထောင်သို့ ခေါ်ဆောင်လာကာ ဗြိတိသျှဘုရင့်အစိုးရအား ပုန်ကန်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ဆရာစံ၏အမှုကို သာမန်ရုံးတွင် မစစ်ဘဲ အထူးခုံရုံးဖွဲ့၍ ဥက္ကဋ္ဌတရားဝန်ကြီး မစ္စတာ ကန်းလစ္စ၊ အဖွဲ့ဝင်များအဖြစ် မော်လမြိုင်ခရိုင် တရားမနှင့်စက်ရှင်တရားသူကြီး ပင်စင်ရ မစ္စတာဒါဝတ်နှင့် ဦးဘဦး (နောင်လွတ်လပ်သောမြန်မာနိုင်ငံ သမ္မတ တစ်ဦးဖြစ်ခဲ့သူ၊ ထိုစဉ်က အင်းစိန်တရားမနှင့် စက်ရှင်တရားသူကြီး) တို့ပါဝင်သော အဖွဲ့က စစ်ဆေးခဲ့သည်။ ဆရာစံဘက်မှ သာယာဝတီ ဦးပု၊ သခင်မြ (နောင်တွင် မြန်မာပြည် ဆိုရှယ်လစ်ပါတီခေါင်းဆောင်ကြီး၊ ကွယ်လွန်သူ)ဦးချစ်ညွန့်၊ ဦးဘရှိန်း၊ သခင်စိန့်၊ ဦးသူငယ်၊ ဒေါက်တာဘမော်စသော ဝတ်လုံရှေ့နေများက လိုက်ပါဆောင်ရွက်ကြသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

# ဒေါက်တာ ဘမော်၏ကဏ္ဍ

ဤတွင် ဒေါက်တာဘမော်၏ ပထမဆုံးဇာတ်ကြောင်းပေါ်လာခြင်းပင် ဖြစ်၏။ ထိုစဉ်က ဒေါက်တာဘမော်မှာ ဘိလပ်မှပြန်လာစ နာမည်မရသေးသော ဝတ်လုံငယ်တစ်ဦးမျှဖြစ်ရာ၊ ခုံရုံးတရားသူကြီးအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကန်းလစ္စနှင့် ရင်းနှီးသော မိတ်ဆွေဖြစ်သည်။ ဆရာစံအမှုတွင် လိုက်ပါဆောင်ရွက်ခြင်းဖြင့် နောင်တွင် လုပ်ကိုင်မည့် နိုင်ငံရေးတွင် နာမည်ကျော်ကြားလာနိုင်မည့် အထောက်အပံ့ အခွင့်ကောင်းတစ်ခု ရရှိနိုင်ကြောင်း ကန်းလစ္စကပင် တိုက်တွန်းအကြံပေး၍ လိုက်ပါစေသည်ဆို၏။ (တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာနထုတ် တောင်သူလယ်သမား အရေးတော်ပုံစာအုပ်မှ)။

ထိုအဆိုမှာလည်း မှန်ကန် ယုတ္တိရှိနိုင်စရာ အချက်များရှိနေသည်။ ဆရာစံ၏ အမှုမှာ သာမန်အမှုမဟုတ်ဘဲ ဗြိတိသျှဘုရင်အစိုးရအား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်တိုက်ခိုက်သော အမှုကြီးဖြစ်ရာ မည်သည့်နည်းနှင့်မျှ လွတ်နိုင်ဖွယ်မရှိဘဲ သေဒဏ်ခံရမည်မှာ မလွဲဖြစ်ကြောင်း နီးစပ်သူတိုင်း သိပြီးဖြစ်ကြသည်။

သို့တစေ နယ်ချဲ့ကို ပထမဆုံးလက်နက်ကိုင် တိုက်ခိုက်ကာ တိုင်းပြည်အာဇာနည် သူရဲကောင်းတစ်ဦးအဖြစ် တစ်ပြည်လုံးက စိတ်ဝင်စား နားစွင့်နေသော ဆရာစံအမှုတွင် လိုက်ပါဆောင်ရွက်ခြင်းဖြင့် ဒေါက်တာဘမော်အဖို့မှာ နာမည်ထင်ရှားကျော်ကြားသွားနိုင်မည်မှာ ယုံမှားစရာမရှိ ဖြစ်သည်။

နောက်ဆုံး ဆရာစံကို နယ်ချဲ့အစိုးရက မူလဆုံးဖြတ်ထားပြီးအတိုင်းပင် ကြိုးမိန့်

www.burmeseclassic.com



ပေးခဲ့သည်။ ထိုကြိုးမိန့်ကို ဆရာစံကလည်း ကြိုတင်သိပြီးအတိုင်း 'ဆယ်ကြိုးပေးပေးမမှု' ဟူသော အပြုံးဖြင့် ရဲရဲဝံ့ဝံ့ခံယူခဲ့သည်။ ထိုကြိုးမိန့်ကို အထက်တရားလွှတ်တော်သို့ အယူခံတက်ရန် ဆရာစံကိုယ်တိုင်က စိတ်ပါဝင်စားမှု မရှိသော်လည်း ဒေါက်တာဘမော်၊ ဦးကျော်ဒင်စသော ဝတ်လုံများက ကြိုးစားခဲ့ပြန်သည်။

သို့သော် ထိုအယူခံတွင်လည်း ရှုံးပြီးနောက်၊ နောက်ဆုံး ဘုရင်အစိုးရသို့ အသနားခံလွှာတင်ရန် တစ်ထစ်ကြိုးစားပြန်သည်။ ဤတွင်လည်း မအောင်မြင်ဘဲ ကြိုးဒဏ်သာ အတည်ပြုလိုက်ပြီး ဆရာစံ၏ အသနားခံလွှာကို ပယ်ချလိုက်သည်။ ယခုကဲ့သို့ အထပ်ထပ် ကြိုးစားမှုများတွင် ဆိုင်ရာသူများ၏ ပယောဂမကင်းဘဲ နောက်ခံမြှုပ်ကွက်ကလေးများရှိသည်ဟု အဆိုရှိကြသည်။

'သုပဏ္ဏကဂဠုန်ရာဇာ ဆရာစံသည် နယ်ချဲ့အစိုးရများ၏ မတရားသဖြင့် စည်းကြပ်ကောက်ခံသော အခွန်များမပေးရေးကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်ချဲ့အစိုးရ၏ အုပ်စိုးခြင်းကို မလိုလားဘဲ မြန်မာပြည်ကို ပြန်လည်ရရှိရေးအတွက် ခုခံတိုက်ခိုက်ခြင်း' ဟူသော သတင်းဆိုး နာမည်ဆိုးမျိုး ကမ္ဘာသို့ မရောက်စေလိုပေ။

ထို့ကြောင့် ဆရာစံ၏ အသနားခံလွှာတွင် 'ကျွန်တော်မျိုးသည်(ဟူသောနိမ့်ချသော အသုံးအနှုန်းစကားလုံးများဖြင့်) အကြမ်းဖက်ခြင်းကို လိုလားသူမဟုတ်ဘဲ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်ခြင်းကို အနုနည်းဖြင့် ဆန္ဒပြကန့်ကွက်ရန် စီစဉ်ခြင်းသာဖြစ်သော်လည်း လက်အောက်ငယ်သားများ၏ အကြမ်းဖက်လာမှုများကြောင့် ထိန်းမနိုင်သိမ်းမရဖြစ်ကာ စိတ်ပျက်ပြီးလျှင် ရှမ်းပြည်ဘက်သို့ ထွက်ခွာတိမ်းရှောင်သွားခြင်းဖြစ်သည်'

ဟူသော အသနားခံစာ အကြောင်းပြချက်မျိုးဖြင့် သုပဏ္ဏကဂဠုန်ရာဇာ အမည်ခံ၍ နယ်ချဲ့နှင့်စင်ပြိုင်အစိုးရအဖွဲ့ ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်မှ သာမန်လက်နက်ကိုင် ထကြွတိုက်ခိုက်သော လူဆိုးသူခိုးကြီးတစ်ယောက်ဘဝသို့ ရောက်အောင် ပရိယာယ်ဆင်၍ဖန်တီးလိုက်ခြင်းဖြစ်သည်ဟု အဆိုများရှိခဲ့သည်။ ထိုအဆိုများ မှန်ကန်သည် မမှန်ကန်သည်ကိုမူ ကျွန်ုပ်တို့ မည်သို့မျှ မဝေဖန်လိုပေ။ ထိုစဉ်က ဖေဘီယန်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဘခိုင်ရေး 'မြန်မာပြည် နိုင်ငံရေးရာဇဝင်'စာအုပ်တွင်...

'ဤကိစ္စနှင့်ပတ်သက်၍ ဆရာစံအတွက် တာဝန်ခံနှင့် ထုချေလွှာတင်သွင်းသော ဒေါက်တာဘမော်နှင့် သာယာဝတီ ဦးပု အစရှိသော ပုဂ္ဂိုလ်ကြီးများက ဆရာစံအတွက် အဘယ်ကြောင့် ထုချေလွှာကို ရေးသားရသနည်း။ ဆရာစံကြိုးဒဏ်မှ လွတ်မည်ဟု မည်သည့်အကြောင်းများကြောင့် ထင်မြင်ယူဆကြပါသနည်း။ ဆရာစံ ဤကဲ့သို့ ထုချေလွှာ



တင်သွင်းလျှင် လွတ်လိမ့်မည်ဟု အဘယ့်ကြောင့် အကြံဉာဏ်ပေးရသည်ကို တိုင်းပြည်အား ရှင်းလင်းသင့်ပေသည်။

ဆရာစံမှာ သေခါနီး အကြံကောင်း ဉာဏ်ကောင်း ပေးမည့်သူမရှိသဖြင့် ဝမ်းနည်းဖွယ်ပင်၊ ဆရာစံကို အကြံပေးသူ နှစ်ဦးအနက် တစ်ဦးမှာ ယခုအခါ နန်းရင်းဝန်ကြီးဖြစ်၍ 'တစ်ဦးမှာ တတိယတန်း ရှေ့နေအဖြစ်မှ 'အစိုးရရှေ့နေ' ရာထူးကြီးသို့ ခန့်ထားခြင်းခံရလေသည်။ ဆရာစံမှာမူကား ဘိန်းစားသူခိုးကဲ့သို့ သေရ၏။ သုပဏ္ဏကဂဠုန်ရာဇာဘဝမှ လူသတ်ဘဝသို့ သက်ဆင်းရသဖြင့် အကျနာလေစွ၊ မြန်မာပြည်၏ ခေါင်းဆောင်သူပုန်ကြီး၏ ကံကြမ္မာပေပင်'

ဤသို့ မှတ်ချက်ရေးထားသည်ကို ဖတ်ရသည်။ ဤနေရာတွင် ယခင် ခုံရုံးတရားသူကြီး ဉက္ကဋ္ဌ မစ္စတာကန်းလစ္စ၏ အကြံပေးချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် မမေ့သင့်ပေ။

ဤကား သာယာဝတီဆရာစံ တောင်သူလယ်သမားအရေးတော်ပုံကြီးနှင့် မရှေးမနှောင်းဖြစ်ပေါ်လာခဲ့သော မြန်မာပြည်အုပ်ချုပ်ရေးသစ် ပေးအပ်ပွဲနှင့် အိန္ဒိယမြန်မာပြည် ခွဲရေး–တွဲရေးတွင် နောင် အတွဲဘက်မှ ခေါင်းဆောင်လောင်းတစ်ဦး ဖြစ်လာမည့် ဒေါက်တာဘမော်နှင့် ပတ်သက်သည့်အကြောင်း အချို့ပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ထိုစဉ်အချိန်က စတင်ကာ နယ်ချဲ့ပေးသမျှ အုပ်ချုပ်ရေးကို လက်မခံဘဲ သပိတ်မှောက် ဝံသာနုတစ်ဦးအဖြစ်နှင့် မြန်မာပြည်အား အိန္ဒိယပြည်နှင့် အခိုက်အတန့်အားဖြင့် မခွဲဘဲ တွဲ၍နေရေးအတွက် ခေါင်းဆောင်ရေးသားခဲ့သော ယခု အတ္ထုပ္ပတ္တိရှင် ဆရာဒီးဒုတ်ဦးဘချိုနှင့် နောင်အတူတကွ တွဲဖက်၍ နိုင်ငံရေးများ လုပ်ဆောင်ခဲ့ရသည့် ရဲဘော်ရဲဘက်ကြီးတစ်ဦးဖြစ်သော ဒေါက်တာဘမော်၏ နောက်ကြောင်းရာဇဝင် ဖြစ်သည်။

## ဒေါက်တာနှင့် အတွဲ

မကြာမီပင် ထိုအခွဲအတွဲပြဿနာကို ဆုံးဖြတ်ပေးမည့် ရွေးကောက်ပွဲအတွက် ဆိုင်ရာခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်ကြီးများလည်း မိမိတို့ သန်ရာဝါဒလမ်းစဉ်အကြောင်းပြချက်များကို လူထုအားတင်ပြခဲ့ကြရာ ဒေါက်တာဘမော်မှာ ထိုစဉ်က အတွဲဘက်မှ ခေါင်းဆောင်အဖွဲ့ကြီး တစ်ခုဖြစ်သည့် သက်ပန်းဆရာတော်ကြီးမှူးသော ဦးစိုးသိမ်းဂျီစီဘီအေ အဖွဲ့ဝင်တစ်ဦး ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တွဲရေးဘက်မှ စုပေါင်းလုပ်ဆောင်သော ခေါင်းဆောင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ဆရာတော်ကြီးများက ဝတ်လုံ ဦးကျော်မြင့်(ဦးဘချို၏ မိတ်ဆွေကြီး)အား တိုက်တွန်းတင်မြှောက်ကြရာ ထိုဥက္ကဋ္ဌနေရာကို ဦးကျော်မြင့်က လက်မခံဘဲ မိမိ၏ ဆရာသမားတစ်ဦးဖြစ်သော အရည်အချင်းလည်းရှိသော ဒေါက်တာဘမော်အား လွှဲအပ်ခဲ့လေသည်။

ဤသို့ ဒေါက်တာဘမော်အား အတွဲခေါင်းဆောင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ရေးကိစ္စတွင် ဥက္ကဋ္ဌကြီးဦးချစ်လှိုင်စသော အတွဲခေါင်းဆောင်များက မထောက်မခံနိုင်ဘဲ သဘောကွဲကြပြန်သည်။ ဤနေရာတွင် ထိုသို့ သဘောကွဲမှုများကို ဆက်လက် မဖော်ပြမီ ယခင်ခွဲရေးတွဲရေးနှင့် မြန်မာပြည်အုပ်ချုပ်ရေးသစ် ရွေးကောက်ပွဲအကြောင်းများကို ရေးသားရန် ပထမ လိုအပ်ပေလိမ့်မည်။

ယင်းကဲ့သို့ အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေး–တွဲရေးပြဿနာများကို မြန်မာပြည်လူထုသို့ တင်ပြရာတွင် ယခင်စည်းလုံးညီညွတ်ခဲ့သော ဂျီစီဘီအေ ဝံသာနုအင်အား တောနယ်များတွင် အထူးသဖြင့် ဩဇာတန်ခိုး လွှမ်းမိုးပြီးဖြစ်သော ဆရာတော် သံဃာတော်များ၏ တန်ခိုးအရှိန် အင်အားများနှင့် ယခင် နာမည်ပျက်လက်စဖြစ်သော ၂၁ ဦး တို့၏လုပ်ဆောင်ခဲ့သော ဖြစ်ရပ်များကြောင့် အတွဲဘက်အင်အားမှာ အသာကြီးသာခဲ့ပေသည်။ ယင်းနောက် ဂျူနံဆရာစံအမှုတွင် လိုက်ပါဆောင်ရွက်ခဲ့သော သာယာဝတီ ဦးပု၊ ဒေါက်တာဘမော်တို့၏ သတင်းအရှိန်အဝါ တစ်စိတ်တစ်ဒေသလည်း ပါဝင်ပေလိမ့်မည်။ သို့သော် ထိုအချိန်က ထုတ်ဝေလျက်ရှိသော သူရိယ၊ မြန်မာ့အလင်းနေ့စဉ် သတင်းစာနှစ်စောင်လုံးမှာ ခွဲရေးဘက်မှ သတင်းစာများဖြစ်ကြရာ တွဲရေးဘက်မှ နေ့စဉ်သတင်းစာဟူ၍ မရှိပေ။ ဒီးဒုတ်နှင့်ဗန္ဓုလဂျာနယ်များမှာ တွဲရေးဘက်မှဖြစ်သော်လည်း နေ့စဉ်မဟုတ်ကြဘဲ ရက်သတ္တပတ်မှ တစ်ကြိမ် ထုတ်စာစောင်များဖြစ်ကြရာ တွဲရေးနေ့စဉ်သတင်းစာတစ်စောင် မုချ လိုအပ်နေလေသည်။

မည်သည့်ခေတ်မဆို သတင်းစာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် စည်းရုံးမှု၊ လှုံ့ဆော်မှုအတွက် ထက်မြက်သော လက်နက်ကြီးတစ်ခု ဖြစ်သည်နှင့်အညီ တွဲရေး ခေါင်းဆောင်များဖြစ်သော ဒီးဒုတ်ဦးဘချိုနှင့် ဝတ်လုံဦးကျော်မြင့်တို့ နှစ်ဦးက ကြီးမှူး၍ 'မြန်မာ့ဓေယျာ'နေ့စဉ်သတင်းစာကို ၁၉၃၂ ခု၊ စက်တင်ဘာလ ၁၀ ရက်၊ စနေနေ့မှ စတင်ထုတ်ဝေခဲ့လေသည်။ ထိုသတင်းစာကို ရန်ကုန်မြို့၊ လွှတ်တော်လမ်း၊ မြန်မာဓေယျာပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ ဦးကျော်မြင့်က ငွေရင်း စိုက်ထုတ်သည်။ အချို့က ဒေါက်တာ



ဘမော်ပါပါသည်ဟု ပြောကြရာ ကျွန်ုပ်တို့ စုံစမ်းသိရှိရသလောက် မပါပေ။ တာဝန်ခံ အယ်ဒီတာမှာမူ ဒီးဒုတ်ဦးဘချို ဖြစ်သည်။

ထို မြန်မာ့ဓေယျာသတင်းစာထွက်၍ (၆)ရက်မြောက်နေ့တွင် (စက်တင်ဘာလ ၁၅ ရက်၊ ၁၂၉၃ ခု၊ တော်သတင်းလဆုတ် ၁ ရက်နေ့) ဆရာကြီးသခင်ကိုယ်တော်မှိုင်း (ထိုစဉ်က ယောဂီဆရာကြီး မစ္စတာမှိုင်း)၏ 'ကာလဟာဝိနိစ္ဆယဋီကာ' အမည်ဖြင့် နေ့စဉ်ဆောင်းပါးရှည်ကြီးပါလာလေသည်။ 'ကာလဟာဝိနိစ္ဆယဋီကာ' အမည်မှာ မြန်မာလိုအားဖြင့် ခွဲရေး–တွဲရေး အငြင်းအခုံပြဿနာကို ဆုံးဖြတ်ဖွင့်ဆိုသောကျမ်း'ဟူ၍ အဓိပ္ပာယ်ရ၏။

ထိုဋီကာ ဆောင်းပါးရှည်ကြီး၏ နိဒါန်းတွင် ဆရာကြီးသည် ပထမပါဠိဂါထာတစ်ပုဒ်ဖြင့် ဆုတောင်းမင်္ဂလာပြု၍ သူ၏ အာသီသကို ဤသို့ထုတ်ဖော်ရေးသားထားလေသည်။

'ထိုမည်သော ဆုတောင်းဆုယူပြုမှု ပြီးသည်၏ အခြားမဲ့တွင် အကြင်သို့သော "ကာလဟာဝိနိစ္ဆယဋီကာ' ကျမ်းကို ကြိုးပမ်းသမှု ပြုစုစီရင်တော်မူသည်မှာ အသပြေငွေစ ရရှိအောင်ဟူ၍လည်းကောင်း၊ ကုလား–မြန်မာ ခွဲရေးတွဲရေး၌ မဲသူဌေး၊ ပွဲစားကြီးဟု အံ့ချီးတင်လွှား ထင်ရှား ကျော်စောအောင် ဟူ၍လည်းကောင်း၊ မျှော်လင့်တော်မမူသည့်ပြင် 'မည်သည့်အခွဲသမားက ငါ့ဒါယကာ၊ မည်သည့်အတွဲသမားမှ ငါ့ဒါယကာ'ဟု ပမာမထားတရားနှစ်လုံးကိုသာ ကျင့်သုံးဆောက်တည်လျက်၊ ဤမည်သော အမိုက်အဖျင်းနှင့်တူသော အမိုက်မကင်းတို့ကို စရိုက်သီတင်းလုပစေမှုနှင့် ဗဟုသုတဖြစ်စေရန် ရည်သန်မျှော်တွေးသည်မှာလည်း 'ရှေးသောအခါတွင် ပေါ်လွင်ထင်ရှားတော်မူဘိသဖြင့်၊ ကဝိအဆူဆူပါရဂူဟူသမျှတို့ ပူဇာစမင်္ဂလာပြုထိုက်ရာသော ရှင်မဟာရဋ္ဌသာရထေရ' စီရင်တော်မူလပ်သည့် ဘူရိဒတ်ဇာတ်ပေါင်းလင်္ကာတွင်'ဟု အစချီပြီးနောက် 'ငါတို့သဘော၊ လူနှင့်နှော၍၊ မရောမယှဉ်၊ ဩအဉ်မလိုက်၊ မတိုက်မတွန်း၊ နေဆန်းနေခါ၊ သဒ္ဓါသဖြင့် လုပ်ကျွေးလင့်လျက်၊ နိမ့်မြင့်မဟူ၊ ကြည်ညိုမူကား၊ မည်သူသည်သာ၊ ငါ့ဒကာဟု၊ မြတ်ရာမရွေး၊ လှူခံရေး၌၊ နှိုင်းသွေးပုံယူ၊ ရေဆိပ်တူ၏'ဟူသော ထိုဇာတ်ပေါင်းလင်္ကာပါ ဥပမာကလေးကို ရည်ညွှန်း၍ မည်သူ၏မျက်နှာ တပည့်ဆရာဒကာဟူ၍ လိုက်ကာ ရေးသားခြင်းမဟုတ်ကြောင်း ဖော်ပြထား၏။

သို့သော် ဆရာကြီးသည် မြန်မာပြည် နိုင်ငံရေးခေါင်းဆောင်များ၏ လုပ်ကိုင်ပုံနှင့် စိတ်သဘောထားများကို အလိုမကျ အားမရသည့်အကြောင်းများကိုကား ထိုဋီကာတွင် ရေးထား၏။ ထိုသို့ရေးရာတွင် မြန်မာပြည်ခေါင်းဆောင်များ (၁၇)ဂေါင်းများနှင့်

www.burmeseclassic.com



အိန္ဒိယပြည်မှ ခေါင်းဆောင်များဖြစ်သော မဟတ္တမဂန္ဒီ စသော ပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်၍ ဖော်ပြထားရာ ထိုစဉ်က နိုင်ငံရေး၏သဘောများနှင့် ယခု ဆရာကြီး၏အာဘော်၊ ဆရာကြီး ပါဝင်ရေးသားလျက်ရှိသော မြန်မာ့ဓေယျာသတင်းစာ (တွဲရေး)အာဘော်များကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ဆရာကြီး မည်သည့်ဘက် ယိမ်း၍ မည်သည့်ဝါဒကို ဦးတည်ချက်များ ရှိသည်ကို အကဲခတ်နိုင်ပေသည်။

ထိုသို့ရေးရာတွင် ဆရာကြီးသည် မြန်မာပြည်နိုင်ငံရေးခေါင်းဆောင်များအား (မည်သည့်ရည်ရွယ်ချက်ဖြင့်ကား မသိ) ဂေါင်းများဟူသော စကားကို သုံးနှုန်း၍ရေးသားထားသည်ကို တွေ့ရ၏။ သို့သော် ယင်းရွေးကောက်ပွဲ၌ မကောင်းသောဂေါင်းကြီးများ ရှုံး၍ကောင်းသော ဂေါင်းတို့နိုင်ပါစေဟူ၍ကား မျက်နှာမလိုက် ဆုတောင်းပတ္ထနာပြုပြီး နောက် အောက်ပါအတိုင်း ဆက်လက်၍...

'အို...မောင်ကျော်မြင့်၊ မောင်ဘချို၊ ထိုမည်သော မြန်မာ့ဓေယျာသတင်းစာကို သဒ္ဒါကြည်ဖြူပေးလှူလိုက်ပေရကား၊ ရေးဖျားမဆွ သူရိယကို ကြည့်ကြသည့်တပည့်မ တို့အပြင် အကြင်သို့သော မြန်မာ့ဓေယျာကို စေတနာရှိပြီး ကြည့်လိုသူ တပည့်မတို့လည်း ကဝိဆရာထံတော်မှောက်သို့ လာရောက်ကြသည်မှာ ဝင်လာစဲတသဲသဲ' ဟူဘိသို့၊ သူ၏ သတင်းစာက မှားပုံရသည်။ ငါ၏သတင်းစာက မှန်ပုံရသည်ဟု ရန်ကုန်က ဒကာ၊ ဒကာမ တွေကဲ့သို့ ဥနှစ်ထွေအတင်းမှုန်ပြီး ငြင်းလည်းငြင်းခုံကြ၏။ ထန်ထန်သီးသီး၊ မာန်တစ်မီးသို့ ရန်လည်းဖြစ်ကြ၏။

ယင်းသို့ မငြင်းမခုံကြဖို့ ရန်မဖြစ်ဖို့၊ သူတို့ချင်းစေ့စပ်ဖို့ ပြောဆိုဆုံးမသော်လည်း မစေ့တတ်နိုင်အောင်ပင် ဖြစ်ရုံမက အလုံကပုညဝတီကဖြင့် 'ဤခွဲရေးတွဲရေး တန်ဆောင် မုန်းမှာ ပွဲကြည့်ရအုံးတော့မှာပဲဘုရား'ဟု လျှောက်ထားလေသည်။ ဤသို့သော အမှား တော၌ တရားဟောသော်လည်း အလကားမောရုံရှိမှာပဲ၊ မိမိဘာသာမိမိ သတိပဋ္ဌာန်ကို ရှုပြီး ယခုနှစ်တစ်ဝါမှာဖြင့် ဉပေက္ခာထားရှေ့မည်ဟု ကြံစည်မိသော်လည်း အော်...ယခု ခွဲရေးနှင့်တွဲရေးသည် သာမညကိစ္စကြီးမဟုတ် မြုပ်လျှင်လည်း စုံးစုံးမြုပ်၊ ပေါ်လျှင်လည်း အထက်ရောက်မည့် ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ် ဆိုသောကိစ္စမျိုး ဖြစ်ချေသည်။

ဤငါတို့နေရာ မြန်မာရဋ္ဌနှင့်'မဟတ္တမဂန္ဒီ'တို့ကဲ့သို့ ခန္တီဂုဏ်၊ ဇာဂရိယဂုဏ်၊ ဥဋ္ဌာနဂုဏ် စသည်တို့နှင့် မပြည့်စုံကြသေးသဖြင့် စိတ်လေးဖွယ်ကြီးပါတကားဟု စဉ်း စားတော်မူရင်း၊ ယင်းသို့သောကာလ မဟာသမယဟုဆိုအပ်သော လခေါ်ထောင်လုပွဲ၌



လွဲသော၊ မကောင်းသော'ဂေါင်း'တို့က ရှုံးပြီးကာ၊ ယထာဘူတ ကျနမှန်ကန်သော ကောင်း သော'ဂေါင်း'တို့က ကောင်းကောင်းကြီးအနိုင်ရ၍ ဓေယျမင်္ဂလာအောင်ပန်းကို ဆွတ်လှမ်း ပန်ဆင်နိုင်ကြပါစေသောဟု မနောဓိဋ္ဌာန်စိတ်ကြံဆုတောင်းတော်မူပုံကို ထိုမည်သောချို ပုတ်၊ ဝါးရုံငုတ်တို့နှင့် သရဖုတ်ဇရပ်ထဲကတောင် ကြားလောက်အောင်၊ ယပ်လှဲတရား ဟောတော်မူချင်သည်နှင့်အညီ ဤသို့တစ်ခါ အောက်ပါအတိုင်း ရေးသားပြန်၏တည်း။

## ခွဲရေးတွဲရေး နိုင်ငံရေးယပ်လှဲလေးချိုးကြီး

(သြော်) မပျော်သဖြင့်၊ ပျော်သနှင့်သာပနော။ ကျော်မြင့်၊ ဘချိုဝေနေယျာ
တပည့်တို့က၊ အတော်အသင့်ဆရာ့ကို စေတနာရှိရှော့သလ၊ ရွှေတညာအမိတို့နှင့်၊
တစ်လှည့်ကူ ထိုက်သနယ်၊ (အိုကွယ်) ငွေတစ်ရာ၊ နှစ်ရာ မထည့်သော်လည်း
'ဓေယျာ'ကိုသာ ကြည့်ပါ တော့လို့၊ ကဝိလှူလိုက်တယ်။

(သြော်) ဇမ္ဗူသိကြပေတဲ့'သူရိယ' ငှဲပြင်၊ ဝနေဟောမဝါ၊ မြန်မာ့ဓေယျာရောက်
ပြန်တော့၊ ဆရာ့နေရာမှာ ဒကာမ ပဒေသာပေါက်သလိုပ၊ နှစ်ယောက်နှစ်ဖြာကွဲ
ချိန်တည့်၊ အရောက်အလာ မနည်းမှု၍၊ ကမ္မဋ္ဌာန်းအလုပ်မတွင်အောင် ဘန်းစမုန်
ပလ္လင်မြဲရပြန်ပေ့၊ ခွဲဖို့တွဲဖို့ နှစ်လီနှစ်သွယ်ပေနော်ကွယ်၊ မနည်းသမို့၊ အဲ-အနို့၊
ပွဲသို့စည့်တယ်။

ကိုယ်(ငချင်)အစာတစ်ကောင်လုံးရယ်လို့၊ တစ်ဗိုလ်တင်စရာ အချောင်ပြုံးကြ
စေမည့် နှိုဝင်ဘာ တန်ဆောင်မုန်းတွင်ဖြင့် (သြော်)တောင်ကုန်းညွှတ်ကရှေ့ဟဲ့ဆိုတဲ့၊
ချောင်းလို့ကျွတ် အခွဲအတွဲ တပည့်အနယ်နယ်၊ ပွဲကြည့်မကွယ်၊ ကြည့်မကွယ်လို့
တကယ် နှစ်ကယ်ကြည်း။ (အိုကွယ်) မဲထည့်မယ် မထည့်မယ်နှင့် နှစ်သွယ်နှစ်
နည်း။

ကောင်းချီးသခ်ါ၊ ဒေါင်း(ထီး)ယဉ်သာသို့၊ ဂေါင်းကြီးတွေတင်ရာက၊ ပေါင်း
ပေါင်းစည်းစည်း၊ မကြင်နာတဲ့၊ အင်ပါယာဆိုတဲ့ခေတ်တွင်ဖြင့်၊ အကြင်အခါမှာ
ထိုနှစ်ဖွဲ့ မချစ်သာသနှင့် အဆစ်မပါချင်သမို့လည်း၊ အပြစ်ရာရာမြင်လို့မို့၊ ဆရာ
သခင် ကရုဏာပွားသူက၊ ဇမ္ဗူခေတ်မြန်မာမှာ သစ္စာမေတ္တာကလည်း ပါးချိန်မို့၊
(သြော်) ယခုနှစ်တစ်ဝါမှာဖြင့် ဘယ်သူ့မှ မချစ်ပါဘု၊ ဉပေက္ခထား ရှေ့မယ်ဒို့၊
စိတ်များမှာ ကြံစည်ရာမှ၊ ဉာဏ်အပလီ အခရာ ဂမ္ဘီအမိလိုနှင့်၊ မြန်မာပြည်မှာ
ဂန္ဒီတို့မရှိချိန်မို့၊ ကဝိမချိန်ဆနိုင်တော့၊ အသိပုသိမ် ဒကာမတွေနှင့်တပည့် ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တ တပြီး၊ ဓမ္မဓိဌာန်ဆုပန်လို့ တောင်းရပါတော့၊ ဆရာ့ဟိတ်အခံ ကုသိုလ် အပေါင်းတို့ကြောင့်။ (အမယ်မင်း) မကောင်းသောသဘောနှင့်၊ ဂေါင်းအရှေ့ တို့မှာဖြင့် ခရောင်းဖေါ်တဲ့၊ ပြောင်းတောထိုအထက် နအိုန ပျက် နအ မြက် မဝသလိုပ၊ အရှက်တရရှနှင့် တမှိုင်မှိုင်တတွေတွေ ညည်းလောက်အောင် (အိုမယ်စန္ဒာရဲ့) မကောင်းသလော ကောင်းသလောတွေနှင့်၊ ၎င်းနှစ်လော နှစ်ဗိုလ်ထွက်ကြတော့ (သော်) ကောင်းသော ဟိုတစ်ဖက်မှ အကွက်ကျကျ ဇက်ခွခွပြီး အထက်ကနိုင်စေ သတည်း။

ဤလေးချိုးကြီးတွင် 'တစ်ဗိုလ်တင်ရာ အချောင်ပြုံးကြပေမည့် နိုဝင်ဘာ တန်ဆောင်းမုန်းတွင်ဖြင့်'ဆိုသော စကားအတိုင်း ၁၉၃၂ ခု၊ နိုဝင်ဘာလ ကျင်းပမည့် ခွဲရေး-တွဲရေး ရွေးကောက်ပွဲကြီးကို ဆိုလိုကာ မြန်မာပြည်မှာ ဂန္ဓီလို မရှိချိန်မို့ဆိုသော စကားတို့က ဗမာပြည်၏ ခေါင်းဆောင်ကြီးများကြောင့် ဆရာကြီးမချိတင်ကဲဖြစ်ရကြောင်း ဆိုလိုခြင်း ဖြစ်သည်။

ထိုနောက် ထိုခွဲရေး-တွဲရေးတွင် ဆရာကြီးသည် ဘယ်ဘက်ကိုမှ မချစ်ပါဘဲ အဆစ်မပါ ဥပေက္ခာပြု၍ နေချင်ကြောင်း ရေးသားထားသည်များမှာလည်း အဓိပ္ပာယ်ရှိသည်။ အမှန်အားဖြင့် ဆရာကြီးသည် ပထမဦးဆုံး သူရိယသတင်းစာတွင် စာပြင်နှင့် အယ်ဒီတာ အဖွဲ့ဝင် လုပ်ခဲ့သူတစ်ဦးဖြစ်၍ ယင်းသူရိယ တပည့်ဒကာများနှင့် ရင်းနှီးကာ ကျေးဇူးမကင်းခဲ့ပေ။ ထို့ကြောင့် ယခု ၂၁ ဦး၊ ဦးဘဖေတို့ လူစုက တစ်ဖက်၊ ဆရာတော်သံဃာတော်များကတစ်ဖက်ဖြင့် ဘုန်းကြီးပျံပြဿနာ၊ ဆယ်ကုဋေကျော်ပြဿနာများ ပေါ်ပေါက်ခဲ့ရာ ဆရာကြီးသည် သူရိယ ၂၁ ဦးများဘက်မှ ပါဝင်ကူညီ၍ ရေးသားခဲ့ဖူး၏။

ထိုအကြောင်းများကိုပင် ဆရာကြီးသည် သူ၏ ဆယ်ကုဋေကျမ်းဋီကာတွင် 'ကျပ်ပြား တကယ်မင်းသနှင့်၊ လာဘ်စားတယ် ထင်ချင်ထင်ရော့ဟဲ့လို့၊ ခင်ခင် ကြင်ကြင် အစစအတွင်းအပြင်ထမ်းခဲ့တဲ့၊ အရင့်အရင် ဆရာ့ထမင်းရှင် ဆန်း(Sun နေ-သူရိယကို ဆိုလိုခြင်းဖြစ်သည်)ပေပေါ့၊ သတင်း မရွှင်အပန်းတွင် ဆရာကူလို့မို့'ဟု သူကိုယ်တိုင် ရိုးရိုးစင်းစင်းပင် ဝန်ခံထားခဲ့ဖူးသည်။ သို့သော် နောက်ဆုံးအပိုဒ်ကလေးဖြင့် (ဒုက္ခတွေ့ကြုံနေရသူ၊ နိမ့်ကျသူများဘက်မှ ဆရာကြီးသည် အမြဲလိုက်ပါ ကူညီတတ်သော သူ၏စရိုက်ဝါသနာကိုလည်း) ဖော်ပြထားလေသည်။

မည်သို့ပင်ဖြစ်စေ ဆရာကြီးအား မြန်မာစစ်စစ်ပီပီသသဖြင့် မြန်မာလူမျိုးကို အလွန်ချစ်သော မျိုးချစ်စိတ် ပြင်းထန်သူတစ်ဦးဖြစ်သည့်ပြင် ရတနာသုံးပါး မိဘဆရာ



သမား များကိုလည်း အစဉ်အမြဲ လေးစားရှိသေသူ အဦးဖြစ်ရာ ယခု ခွဲရေး-တွဲရေးတွင် ၂၁ ဦး ခွဲရေးသမားများက ဆရာတော် သံဃာတော်ကြီးများအား မထေမဲ့မြင် တိုက်ခိုက် ပြောဆို ပုတ်ခတ်ရေးသားချက်များကိုမူ ဆရာကြီးသည် အထူးနာကြည်းစွာဖြင့်...

'ယခုခေတ်အခါမှာ သစ္စာ မေတ္တာ တရားများ နည်းပါးသည့်အကြောင်းများနှင့် ဆရာတော်၊ သံဃာတော်များအား မထီလေးစားရေးသား ဆဲဆို ငရဲကို စရန်ပေး၍ အကြွေးယူရှာသော လူညာ လူဝါတို့ တိတ်ခတ်ရှိသည့် ဝိပတ္တိခေတ်ကြီးဖြစ်သည့်အကြောင်းများ ကို အထက်ပါသူ၏ယပ်လှဲ လေးချိုးကြီးတွင်လည်းကောင်း၊ ယင်းဋီကာတွင်လည်း ကောင်း ဖော်ပြထားလေသည်။

ထို့ပြင်လည်း ယင်း ၂၁ ဦး ငါးထောင်စားရာထူး မျှော်မှန်းသူများနှင့် ဆရာတော်၊ သံဃာတော်များနှင့်တကွ ယင်းသံဃသြဝါဒခံ ဂျီစီဘီအေ ဝံသာနုသပိတ်သမားများမှာ ပထမ မြန်မာပြည် အုပ်ချုပ်ရေးခေတ်အစမှ ယနေ့တိုင် သဘောထားအယူအဆကွဲလွဲကာ ဂျီစီဘီအေကို ဖြိုခွဲသူများ (ဝါ)အမျိုးသားညီညွတ်ရေးကြီးကို ဖြိုခွဲသူများဟူ၍ ယင်း ၂၁ ဦးလူစုများကို ဆရာကြီးသည် သူရေးသမျှ စာအုပ်စာတမ်းများတွင် အမြဲတမ်း ထိုးနှက်ဖော်ပြ ရေးသားချက်များကိုလည်း ကျွန်ုပ်တို့ ဖတ်ရသည်။

ထို့ကြောင့် ယခုခွဲရေး တွဲရေးမှာလည်း တစ်ပြည်လုံးနှင့် ဆိုင်ကာ အမျိုးသားညီညွတ်ရေးကြီးကို ဖြိုခွဲဦးမည့်နိုင်ငံရေးကိစ္စကြီးတစ်ခု ဖြစ်လာမည်ကို ကြိုတင်သိမြင်ပြီး ဖြစ်သော ဆရာကြီးသည် သူရေးသောလေးချိုးကြီးအတိုင်း အဆစ်မပါ ဥပေက္ခာပြုကာ ကြားနေမည်ဆိုသော်လည်း ထိုစဉ်က ဖြစ်ပေါ်ခဲ့သော အခွဲအတွဲပြဿနာမှာ တစ်ပြည်လုံးသာမျှ မဟုတ်ဘဲ တစ်အိမ်တည်းနေကြသည့် မောင်နှမ၊ ညီအစ်ကို၊သား အမိ၊ သားအဖ၊ ဆွေမျိုးအပေါင်းအသင်း၊ အိမ်ထောင်စုသားချင်းများအတွင်းပင် ထိုအခွဲ အတွဲပြဿနာကြောင့် စိတ်ဝမ်းကွဲခဲ့ရသည်အထိ ဖြစ်ခဲ့သည်။

## တပည့်မများနှင့် ခွဲတွဲဂယက်

နောက်ဆုံး ထိုအကွဲဂယက်သည် သူ၏တပည့်မများအထဲသို့ပင် ဝင်လာသည့် အရိပ်အယောင်ပုံဆောင်၍ ရေးသားထားချက်များကိုလည်း ထိုဋီကာဆောင်းပါးတွင် ဤသို့ ဖတ်ရပြန်သည်။

သီလရှင်မသန္တိနီ။ 'ဆရာကြီးဘုရား၊ တပည့်တော်မကတော့ တကောင်းမြို့သူ ဇာတိဖြစ်ပါတယ်။ တကောင်းဆိုတာလည်း ကိုယ်တော်မြတ်သိတော်မူတဲ့ အတိုင်းပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယဗျာနီတစ်ခွင်က သာကီဝင်မင်းမျိုးတို့အုပ်စိုးခဲ့ပေရာ၊ မြန်မာပြည်မှာ သာသနာအရှိန်ရှိလာရတာလည်း အိန္ဒိယကျေးဇူးကြီးကပဲဟု အမြဲယုံကြည်မိပါတယ်။

သို့ရာတွင် သာသနာ ငါးထောင်နှင့် အသပြာ ၅၀၀၀ိ/–မှာ အစားချောင်သမို့ အချို့အချို့သော အချောင်လိုက်ဒါယကာကြီးများကလည်း ကုလားနှင့်ခွဲလိုက်မှ အကဲထိုက်ကြမယ်၊ ချောင်မယ်လို့ ပြောကြတယ်။ တပည့်တော်မကတော့ ချောင်မယ်မထင်ဘူး၊ ပိုပြီးကြပ်လိမ့်မယ် ထင်တယ်။

ဘာကြောင့်လည်းဆိုတော့ တပည့်တော်မတို့ ခေါင်းဆောင်တွေက ကိုယ်ကောင်းအောင်သာ ကြိုးစားပြီး အမျိုးသား ဇာန်းပြနှင့် ပန်းရအောင် ကြံစည်ပြီး မဟတ္တမဂန္ဒီတို့လို ငန်ငန်ရည်ရည် တည်တည်ကြည်ကြည် မရှိကြဘူးလို့ တပည့်တော်မတော့ ထင်မိပါတယ်။ ရှေးရှေးက မြန်မာခေါင်းဆောင်ကြီးတွေမျိုးသာဖြင့် ကုလားညို၊ ကုလားနက်၊ ကလားပျက်၊ ကုလားဝါ၊ ကုလားပြာ၊ ကုလားဖြူ ဇမ္ဗူဒီတစ်လွှားမှာ ကုလားမျိုးခြောက်ဆယ်နှင့်တောင် ခွဲချင်ပါတယ်။ နည်းနည်းမှ မကြောက်ပါဘူး။

ယင်းသောအခါ တယ်လည်းရဲတဲ့ သန္တိနီပါတကား'ဟု အများသော ပရိသတ်တို့က ဩဘာလက်ခုပ် တစ်တောင်လုံးလှုပ်အောင် တဖုတ်ဖုတ်တီးကြတော်ကြသောဟူ၏။

သန္တိနီ။ ' အခုလိုဂေါ်င်းပျော့၊ ဂေါင်းညံ့၊ မလေးမခန့်လောက်တဲ့ ဥက္ကဋ္ဌတို့နှင့် ဒုက္ခမှ လွတ်မြောက်နိုင်မည်မဟုတ်ပါ။ သို့ကြောင့် တပည့်တော်မဖြင့် လွတ်လပ်ခြင်းမရသမျှကာလပတ်လုံး မြန်မာ ကုလား နှစ်ပါးကျွန်ချင်း၊ ရောင်းရင်းတူကွ၊ ပေါင်းသင်းဆောင်ရွက်မှ အောင်သထက် အောင်မြင်ပြီး နောင်အစဉ်ကောင်းစားလို့ ကျောင်းဘုရားမပျောက်မပျက်၊ အနောက်ဘက်ဝင္ကစာရင်းမှ လွတ်ကင်းနိုင်မည် ယုံကြည်မိသနဲ့၊ တပည့်တော်မကို အမှုူးထား၍ အများသော သီလရှင်ခမျာတွေက အသေဝနာ ပစ္စည်းတပ် ပြီးပေါင်းစပ်ယှဉ်တွဲ မခွဲလိုသေးပါကြောင်း သူတော်ကောင်းဆရာထံ အမှန်လျှောက်ရပါတော့သည်ဘုရား။

ဘေဒါရီ။ မှန်လှပါ၊ ယခုမသန္တိလျှောက်သမျှတွေမှာ အောက်ကျနောက်ကျပေါက်ကရစကားမျိုးတွေ ဖြစ်ပါတယ်၊ မသန္တိနီသည် ဤမည်သော ဒကာကြီး ဦးဘဟန်၊ ဦးဘမော်၊ ဦးကျော်မြင့်၊ ဦးပေါ်ထွန်းတို့နှင့် အတော်ကျွမ်းဟန်ရှိပါတယ်။ တပည့်တော်မကတော့ ၂၁ ဦးရဲ့ ဖအေ ဦးဘဖေကို အမှူးထား၍ ငယ်သားများ စလေဒင်ဟု ဆိုအပ်တဲ့ ရွှေကျင် ဦးပုကြီးတို့၊ အမ်အေဦးမောင်ကြီးတို့၊ အနောင်အစည်းမပျက်၊ ရဲထွက်၍ ခွဲဘက်ကြိတ်ကြလျှင် ဒိဋ္ဌဓေကန် အမှန်မမှား ကုလားထက် ဟုမ္မရှူးအရမြန်ပြီး အင်္ဂလန်



အင်္ဂလိပ် တို့နှင့်တောင် အချင်းချင်းမိတ်ဖွဲ့၍ သိပ်သိပ်ပြီးတည့်မယ့်လို့ထင်ပါတယ်'

မသန္တိနီက ဤမည်သော ကုလားနှင့်ခွဲလျှင် အားနည်းမည်ထင်တာ လွန်စွာမှားယွင်းပါတယ်။ အနက်နှင့် ပေါင်းတာထက် အဖြူနှင့်ပေါင်းတာက ကောင်းစရာရှိပါတယ်။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ နည်းမဟုတ်ပါဘူး၊ အဲဒါကြောင့် တပည့်တော်မ အစထားပြီး တစ်ရာ့တစ်ပါးသော ရသေ့မတို့က ယနေ့ညတောင်ခွဲချင်တယ်၊ မတွဲချင်ဘူးဘုရား။

ဘေဒါရီ၏စကားအဆုံးတွင် အားလုံးအားလုံးသော ရသေ့မတို့က သာဓု–သာဓုဟု ပြောကာ ပြောကာဖြင့် ဩဘာပေးကြပြန်သတည်း။

(နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မကြာမီ ထုတ်ဝေမည့် စာရေးဆရာ (ဦး) မြင့်ဆွေ၏ ' ဆရာကြီးသခင်ကိုယ်တော်မှိုင်း 'စာအုပ်မှ)

## အတွဲများ၏ပေါက်ရှူးကြီး

မြန်မာပြည် နိုင်ငံရေးအခွဲအတွဲပြဿနာဂယက်ရိုက်မှုကြောင့် သူ၏တပည့်ရသေ့မ အပေါင်းလည်း ကွဲခဲ့ရကြောင်း၊ ဆရာကြီးသည် အကြောင်း ယုတ္တိရှိရှိဖြင့် အထက်ပါ ဆောင်းပါးရှည်ကြီးတွင် ထိထိမိမိ ရေးခဲ့သည်။ အထက်တွင်လည်း ဒေါက်တာဘမော်အား အတွဲခေါင်းဆောင် တင်မြှောက်မှုကြောင့် ဦးချစ်လှိုင်၏ ဂျီစီဘီအေနှင့် သံဃာသာမဂ္ဂီဆရာတော်များ ကွဲခဲ့ကြောင်း ရေးခဲ့ပြီးဖြစ်သည်။

ထိုနောက် ဦးစိုးသိမ်း၏ နိုင်ငံရေးလုပ်ဆောင်မှု ပြင်းထန်ချက်များကြောင့် သက်ပန်းဆရာတော်အဖွဲ့များနှင့် သဘောကွဲလွဲကြပြန်သည်။ ဤတွင် ဦးစိုးသိမ်းတို့က သက်ပန်းဆရာတော်အစား မြေစိုဆရာတော်ကို တင်မြှောက်လိုက်ကြသည်။ မကြာမီ မြေစိုဆရာတော် ပျံလွန်တော်မူရာ ၎င်းနေရာတွင် ဟံသာဝတီမင်္ဂလွန်းဆရာတော်ကို တင်မြှောက်ပြန်သည်။ နောက်ဆုံးတွင် မင်္ဂလွန်းဂျီစီဘီအေဥက္ကဋ္ဌမှာ ဦးစိုးသိမ်းထွက်သွား ပြီးနောက် ဒေါက်တာဘမော်၏ လက်ရုံးတစ်ဆူဖြစ်သော ဗန္ဓုလဦးစိန်ဖြစ်လာသည်။ ထိုအဖွဲ့၏ လွှတ်တော်တွင်းပါတီမှာမူ သံဃာ့ဩဝါဒခံ ဒေါက်တာဘမော်၏ ဆင်းရဲသား ပါတီပင်ဖြစ်သည်။

ထိုသို့ ဂျီစီဘီအေဝံသာနုများ ဒုတိယအကြိမ် ထပ်မံ၍ အကွဲတွင် ဦးချစ်လှိုင်ပါတီက ခွဲရေး–တွဲရေးပြဿနာကို အကြောင်းပြကာ ရွေးကောက်ပွဲဝင်၍ ယခင် နိုင်ငံရေးသစ်တစ်လျှောက် သပိတ်မှောက်ခဲ့သော လွှတ်တော်တွင်းရောက်လာခဲ့သည်။ နောက်ဆုံး လွှတ်တော်ဥက္ကဋ္ဌကြီးရာထူးကိုပင် လက်ခံယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင် လှိုင်၊ ပု၊ ကျော် (အတွဲ) ဝံသာနု(၃)ဦး၊ ဂျီစီဘီအေအဖွဲ့ဝင် တစ်ဦးဖြစ်သော သာယာဝတီ ဦးပုသည်လည်း အခွဲသတင်းစာဖြစ်သော 'နော်ရထာ' နေ့စဉ်သတင်းစာကို တည်ထောင်ပြီးနောက် သူလည်း လွှတ်တော်အမတ်ကြီးတစ်ဦး ဖြစ်လာသည်။ ဂျီစီဘီအေ သမ္မတတစ်ဦးဖြစ်သော ဂျာမနီပြန်ဦးစုမှာ နောက်ဆုံးနိုင်ငံရေးမှ ထွက်သွားပြီးနောက် ဗြိတိသျှမနေရှင် ကုမ္ပဏီကြီးတစ်ခုဖြစ်သော ဘီအိုစီ ရေနံကုမ္ပဏီတွင် လခကောင်းကောင်း ရသော ဓာတုဗေဒအရာရှိအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အချို့၏အဆိုအရမူ ယင်းသို့ သာယာဝတီဦးပု၏ နော်ရထာသတင်းစာ ထုတ်ဝေခြင်းမှာ ထိုဘီအိုစီကုမ္ပဏီမှ ကြော်ငြာခဟူသော အကြောင်းပြချက်များဖြင့် ငွေရင်းငွေနှီး ထုတ်ပေးခြင်းဖြစ်သည်ဟူ၍ပင် အဆိုရှိခဲ့သည်။ မှန်မမှန်ကိုမူ တပ်အပ်မဆိုနိုင်။

ယင်းသို့လျှင် ဗြိတိသျှနယ်ချဲ့တို့၏ စက်လှည့်မှု စက်ပုန်းခုတ်မှုများကြောင့် မြန်မာလူမျိုး နိုင်ငံရေးသမားအချင်းချင်း ဝံသာနုအမည်ခံသူအချင်းချင်း အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့ရသော်လည်း မဲဆန္ဒရွေးကောက်ပွဲတွင်ကား အတွဲဘက်မှ မဲပေါင်း လေးသိန်းကျော်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့လေသည်။ ဤတွင် ဗြိတိသျှနယ်ချဲ့များမှာ အခွဲနိုင်လိမ့်မည်ဟု မျှော်မှန်းထားသလို ဖြစ်မလာသဖြင့် မျက်လုံးပြူးသွားတော့သည်။ ထိုသို့ မျက်လုံးပြူးသွားရခြင်းကား 'ပထမဆိုင်မွန်ကော်မရှင်နှင့် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် အမတ်(၇)ဦး ပါဝင်သော ပူးတွဲစုံစမ်းရေးကော်မရှင်က အခွဲကိုထောက်ခံခဲ့ကြသည်။ ထို့နောက် မြန်မာပြည်အစိုးရ ကိုယ်စား ဘုရင်ခံကလည်း အခွဲကိုပင် ထောက်ခံခဲ့သည်။ သို့ဖြင့် အခွဲအတွဲပြဿနာမှာ ဤတွင် ပြီးစီးနေပြီဖြစ်လျက် ဗြိတိသျှအစိုးရတို့၏ အထင်ကြီးမှု၊ နာမည်ကောင်းယူလိုမှုတို့ဖြင့် တစ်ဆင့်တက်ကာ တိုင်းပြည်လူထု၏ ဆန္ဒကိုယူ၍ ဆုံးဖြတ်ရန် ရွေးကောက်ပွဲ ပြုလုပ်ကျင်းပစေကာမှ အခွဲလုံးလုံးရှုံး၍ အတွဲဘက်က အပြတ်အသတ် နိုင်သွားရခြင်းဖြင့် တစ်ဖက်မှ မိမိတို့၏ တွက်ကိန်း (မှတ်ချက်နှင့် နှမ်းထွက်) မကိုက် ဖြစ်သွားရသည်။ တစ်ဖက်မှလည်း မိမိတို့ ထင်သလို ဖြစ်မလာသည့်အတွက် မျက်နှာပျက်၊ မျက်လုံးပြူးကာ အလိမ်ပေါ်သလို ဖြစ်သွားရခြင်းပင်တည်း။

ထိုစဉ်က အခွဲ အတွဲရွေးကောက်ပွဲမှ ထွက်လာသော ခွဲရေး–တွဲရေး အင်အား အခြေအနေမှာ အလွန်ကွာခြား၍နေကာ အတွဲဘက်မှ အမတ် ၄၄၊ အခွဲဘက်မှ အမတ် ၂၉ ယောက်မျှသာ ရရှိခဲ့သည်။ ကြားအမတ် ၅ ယောက်ရှိရာ၊ ထိုအမတ်များကလည်း အတွဲဘက် အခွဲဘက်သို့ ကူးပြောင်းမည် သတင်းဖြစ်နေသော်လည်း အခွဲထက် အတွဲအမတ်များအဖို့ နိုင်ခြေများစွာသာ၍နေပေသည်။ အထက်ပါ အတွဲအမတ်ဦးရေတွင်



ဒေါက်တာဘမော် (အတွဲ)အဖွဲ့က ၂၄ ယောက်၊ ဦးချစ်လှိုင်အတွဲအဖွဲ့က ၁၂ ယောက်၊ ပြည်သူပြည်သား (၂၁ ဦး)ပါတီ ဦးဘဖေအခွဲအဖွဲ့က ၁၆ ယောက်သာ ရရှိခဲ့ခြင်းဖြင့် တိုင်းပြည်၏ သဘောထားဆန္ဒကို သိနိုင်ပေသည်။

ဤသို့ဖြစ်ရခြင်းအတွက် မိမိတို့ ထင်ကြေးမကိုက်ခဲ့သော ဗြိတိသျှအစိုးရများသာမက၊ မြန်မာပြည်ခွဲရေး သတင်းစာများအဖို့ မျက်နှာမလှဖြစ်ကာ'ဗြိတိသျှ နန်းရင်းဝန်ကြီး ဆာဆင်မြူယယ်ဟိုးကိုပင် ငှင်းလုပ်ပုံမှားယွင်းမှု၊ ဆတ်ခဆော့မှုအတွက် ရာထူးမှ နုတ်ထွက်ဖို့ ကောင်းကြောင်း' ရေးသားခဲ့ကြသည်များကို ဖတ်ရသည်။ လုပ်ပုံမှားယွင်းမှုဆိုရာ၌ အထက်ကရေးခဲ့သည့်အတိုင်း ဆိုင်မွန်ကော်မရှင်တွင် ကိစ္စများပြီးစီးနေပြီဖြစ်လျက် နန်းရင်းဝန်ကြီး၏ မေတ္တာစေတနာတွေပိုမှုဖြင့် ပြည်လုံးကျွတ်ရွေးကောက်ပွဲ ကျင်းပစေခိုင်းမှုကြောင့် အချက်ထဲမှာမှ မျက်နှာမွဲကြီးပြကာ အရှက်ကွဲရသည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။

သို့သော် ဗြိတိသျှတို့၏ ဉာဏ်နီဉာဏ်နက်ပရိယာယ် မည်သို့လာဦးမည်ကို စောင့်ကြည့်ရန် ရှိသေးသည်။ ဟော…ယခုပင်လာပြီ။

ထိုသို့ ရွေးကောက်ပွဲအရှုံးအနိုင်နှင့် ဆုံးဖြတ်ရုံဖြင့် မပြီးသေးဘဲ၊ လွှတ်တော်အတွင်းတွင် ပြည်သူ့ကိုယ်စားလှယ်အမတ်များက ခွဲရေးတွဲရေးကို ယတိပြတ်အဆိုသွင်း ဆုံးဖြတ်ရန် ရှိသေးသည်ဆို၏။ ဤအချက်ကို ထိုစဉ်က ဆရာတို့ ဒီးဒုတ်ဂျာနယ်စသော အတွဲသတင်းစာများက ကန့်ကွက်ရေးသားခဲ့ကြသည်ကို ဖတ်ရသည်။ ထိုတိုင်းပြည်ဆန္ဒအရ (အခွဲ၊ အတွဲပြဿနာကို) ဗြိတိသျှအစိုးရက ယတိပြတ်ဆုံးဖြတ်ပေးရန် ရှိကာ မြန်မာပြည် လွှတ်တော်အမတ်များက ဆုံးဖြတ်ရန်မလို၊ ထိုသို့ဆုံးဖြတ်ရန် မူလက အဆိုမရှိဟု အကြောင်းပြ ကန့်ကွက်ရေးသားကြသည်။ ထိုသို့ရေးသားချက်မှာလည်း အဓိပ္ပာယ်ရှိ၏။ ဤအချက်ကား မွေးကတည်းက အကွဲပါခဲ့သော မြန်မာနိုင်ငံရေး၏ အကွဲနာ အကွဲဓာတ်ကြီးမှာအဆုံးမသတ်နိုင်ဘဲ တစ်ဖန် အကွဲရောဂါထ၍ ကွဲကြပြန်မည့် အကြောင်းပင် ဖြစ်သည်။

(၁)ဗြိတိသျှအစိုးရက ပေးအပ်သော ယခု အုပ်ချုပ်ရေးအတိုင်း မခွဲနိုင်၊ (၂) ယခုပေးအပ်သော အုပ်ချုပ်ရေးကိုလည်း အလိုမရှိ။ (၃) ယခုပေးသော အုပ်ချုပ်ရေးအတိုင်းသာဆိုလျှင် အိန္ဒိယပြည်နှင့် ခွဲလိုသည့်အခါခွဲနိုင်သော ခြွင်းချက်ထား၍ ပူးတွဲနေရန်။ (၄)သို့သော် အိန္ဒိယပြည်နှင့် 'နောင်မထွက်နိုင်' ဟူသော အကန့်အသတ်မရှိ ပူးပေါင်းရန် ဟူသော အချက်ကိုလည်း ကန့်ကွက်သည်။

www.burmeseclassic.com



ဟူသော အဆိုကို အတွဲဘက်မှအမတ်များက အဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌဖြစ်သော ဦးချစ်လှိုင်က အခွဲလည်းမဟုတ်၊ အတွဲလည်းမဟုတ် ဥပဒေနှင့်မညီဘဲ မရေရာမသေချာသော အဆိုဖြစ်၍ လက်မခံနိုင်ဟုဆိုကာ ပယ်ချလိုက်လေသည်။ (ဤသည်မှ အကွဲရောဂါစတော့သည်။)

ထိုသို့ ပယ်ချလိုက်သည့်အတွက် ရမ်းဗြဲ ဦးမောင်မောင် စသော အတွဲအမတ်များက ဦးချစ်လှိုင်အပေါ် စိတ်ဆိုးကာ အယုံအကြည်မရှိ အဆိုတင်သွင်း ဖြုတ်ချပြီး ဆာဒီဂလန်ဗီကို ဦးချစ်လှိုင်၏နေရာတွင် တင်ရန် စီစဉ်ကြလေသည်။ ထိုအဆိုပြုချက်ကို အတွဲအမတ်ဦးကျော်ဒင်က ထောက်ခံသည်။ ထိုသို့ထောက်ခံသူများတွင် အခွဲဘက်မှ ဦးဘပေ၊ ရွှေတောင်ကြားအမတ် ဆာဂျေအေ ဦးမောင်ကြီးနှင့် အတွဲခေါင်းဆောင် ဒေါက်တာဘမော်တို့လည်း ပါဝင်ကြသည်။

နဂိုကပင် ဦးချစ်လှိုင်သည် သံဃာတော်များ၏ ဩဇာကို မခံဘဲ ကလန်ကဆန်ပြုကာ၊ ငါတကော ကောမှုများကြောင့် ဆရာတော် သံဃာတော်များကလည်း ထိုအစီအစဉ်ကိုထောက်ခံကာ ဦးချစ်လှိုင်ကို ဖြုတ်ချရန် သဘောတူကြသည်။ သို့သော် အမျိုးသားဥက္ကဋ္ဌတစ်ဦးကို ဖြုတ်ချ၍ နိုင်ငံခြားသားကို တင်ရန် အဆိုပြုချက် အစီအစဉ်ကို ဒီးဒုတ်ဦးဘချို၊ ဦးကျော်မြင့်၊ ဖေဘီယံဦးဘခိုင်၊ ဒေါက်တာဘဟန်တို့က သဘောမတူဘဲ ကန့်ကွက်ကြသည်။ ထိုသို့ ကန့်ကွက်သော်လည်း ဦးဘချိုတို့၏စကားများ မအောင်မြင်သဖြင့် ဤတွင် အတွဲအဖွဲ့များနှင့် ဦးဘချိုတို့ သဘောကွဲလွဲကာ ဒေါက်တာဘမော်နှင့်လည်း ထိုအချိန်မှစ၍ ကွဲစပြုလာကြသည်။ (နောင်တွင် ရမ်းဗြဲ ဦးမောင်မောင်မှာလည်း အတွဲသမားယောင်ယောင်ဖြင့် အခွဲသမားများဖြစ်သော ဆာဂျေအေ ဦးမောင်ကြီးတို့နှင့် ပူးပေါင်းသွားသည်များကို တွေ့ရသည်။)

ဒေါက်တာ ဘမော်၏ ခြေလှမ်းများမှာ ထိုအချိန်မှစ၍ မူမမှန်ဖြစ်လာသည်ကို တွေ့ရလေသည်။ အတွဲကို အထူးလုပ်ကိုင်ခဲ့သူကိုပင် တကယ်အရေးကိစ္စပေါ်လာသည့်အခါ အခွဲသမားများနှင့် တွဲ၍ ဖြုတ်ချခြင်းများနှင့် အခွဲသမားများဖြစ်သော တစ်ဖက်ဂိုဏ်းသား ဦးကျော်ဒင်နှင့် ရွှေတောင်ကြား အလိုတော်ရိ ဂိုဏ်းသားတစ်ဦးအဖြစ် ကျော်ကြားနေသော ဆာဂျေအေတို့အား (၅၀၀၀ိ/–စား) ဝန်ကြီး နေရာများအတွက် မိမိတို့အဖွဲ့သားများအားလုံးအား ထောက်ခံစေခြင်းပင် ဖြစ်သည်။

ထိုနောက် တစ်ဖန် ထိုပုဂ္ဂိုလ်နှစ်ဦးကိုပင် အခွဲသမား ဦးဘဖေနှင့် ပူးပေါင်း၍ ဖြုတ်ချပြီးလျှင် ထိုရာထူးနှစ်နေရာတွင် ဦးဘဖေနှင့်အတူ ငါးထောင်စား (ပညာရေး)ဝန်ကြီးချုပ်



ရာထူးကို ကိုယ်တိုင်လက်ခံခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ဤသို့ ရှေ့နောက်မညီ လုပ်ဆောင်ချက်များမှာ ဒေါက်တာဘမော်၏နိုင်ငံရေးလက်သုံးစကားများနှင့် ကိုက်ညီ၍နေပေသည်။

ထိုစကားမှာ 'နိုင်ငံရေးဆိုသည်မှာ ဘယ်အခါမှ ပုံသေကားချ စွဲမှတ်ထား၍မရ၊ ရှေ့နောက်ညီချင်မှ ညီကာ အပြောင်းအလဲ လုပ်တန်လုပ်ရချေမည်။ (No Consistency in Polictics) ဟူ၍ ဒေါက်တာဘမော် အမြဲပြောလေ့ရှိသော စကားဖြစ်သည်။ ထိုစကားအတိုင်းပင် ဒေါက်တာဘမော်သည် သူ၏နိုင်ငံရေးဘဝ သက်တမ်းတစ်လျှောက် ဤအတိုင်း မီးစင်ကို ကြည့်၍ ကခဲ့ခြင်းများက သက်သေခံ၍နေပေသည်။ ဤနေရာတွင် တိုင်းပြည်ဘက်က အမြဲရပ်တည်ကာ အဘယ်အခါမျှ မှောက်ချည်လှန်ချည်မလုပ်၊ နိုင်ငံရေးပြောင်းလဲမှုဝါဒလမ်းစဉ်ဟူ၍ မရှိဘဲ အမြဲတမ်း နယ်ချဲ့ဆန့်ကျင်ရေး ဝံသာနုစစ်စစ်တစ်ယောက်အဖြစ် တိုင်းပြည်ဘက်တော်သား သတင်းစာဆရာတစ်ဦးပီပီသသ ဒေါင်ကျကျ ပြားကျကျ စခန်းသွားခဲ့သော ဆရာဦးဘချို၏ဘဝနှင့် အကွာကြီးကွာကြောင်း တွေ့မြင်ရခြင်းပင်ဖြစ်သည်။ ဤအချက်ကလည်း ဒေါက်တာဘမော်တို့အဖွဲ့နှင့် ကွဲကာ လက်မတွဲနိုင်သောအချက် တစ်ချက်ပင်ဖြစ်သည်။

## ဒီးဒုတ်သစ္စာစကားနှင့် စိန်ဒိုး

ဆရာသည် နိုင်ငံရေးသာမဟုတ် သတင်းစာဆရာတစ်ယောက် ဖြစ်သဖြင့် သတင်းစာဆရာပီသစွာ တိုင်းပြည်နှင့်လူမျိုး အကျိုးကိုထိခိုက်ကာ ရေးစရာကြုံလျှင် မည်သူကိုမဆို မထောက်မညှာ ပွင့်ပွင့်လင်းလင်း ရဲရဲရင့်ရင့် ရေးခဲ့သည်။ ဆရာ၏ ရေးချက်လက်သံများကလည်း ပြောင်မြောက်လှသည်။

မြန်မာစာပေကို နိုင်နင်းသူဖြစ်၍လည်း ဆရာ့ရေးသားချက်များမှာ သာသာနှင့်နာနာ ဟာသပါကာ၊ ခံရသူအဖို့ နာသာခံခက်အောင့်သက်သက်ဖြင့် အထိနာလှသည်။

ထိုစဉ်က မြန်မာပြည်၏ အခြေအနေမှာလည်း ၁၉၃၀ ခုနှစ် သာယာဝတီ ဂဠုန်ဆရာစံ သူပုန်ကြီးထကြွပြီးသည့်နောက်ပိုင်းတွင် မြန်မာပြည်သူပြည်သားများအဖို့ နာတာရှည်လူမမာကြီးသဖွယ် ရုတ်တရက် နာလန်မထနိုင်ဘဲ စီးပွားရေးများက ပျက်ပြားခဲ့သည်။ ရောင်းရေးဝယ်တာ လုပ်ရေးလုပ်ခင်းများကလည်း မကောင်း။ စပါးဈေးများကလည်း တက်သည်မရှိ၊ တစ်နေ့တခြား ကျဆင်းညှဲ့ဖျင်းလျက်သာရှိခဲ့သည်။ ထိုအခြေအနေများကို ဆရာသည် သတင်းစာသမားတစ်ဦးပီပီ ဤမည်သော သူ၏ ဒီးဒုတ် ပစ္စရ

www.burmeseclassic.com

www.burmeseclassic.com



လက်ခတ် ကျမ်းအခန်းမှ တိုင်းပြည်ကောင်းစားရေးအတွက် လွှတ်တော်တက်ခဲ့ရသည်ဆိုသည့် အမတ်မင်းအမည်ခံများအား မည်သို့မည်ပုံ သစ္စာဆိုတိုင်တည်ရန်အကြောင်း ဤသို့ ခနဲ့ပြောင်လှောင်သရော်ကာ ဟာသပါပါ ကလိရေးထားသော စာများကို ဖတ်ရသည်။

ဒီးဒုတ်ကြီး အထင်ကတော့ အမတ်မင်းများ သစ္စာဆိုလျှင် စပါးဈေး၊ ဆန်ဈေးများ တက်လာလိမ့်မယ့်လို့ ထင်မိသဗျ။ ဘယ်လိုဆိုရမလဲဆိုတော့ 'အစိုးရအမတ်များကလည်း...ငါတို့သည် ဤကောင်စီတွင် ဝင်ရောက်ရခြင်း၌ ဗြိတိသျှကုန်သည်များ အကျိုးနှင့် အစိုးရအကျိုး၊ အင်ပါယာအကျိုးကို သည်ပိုးရန်သာ ဝင်ရောက်ခြင်းဖြစ်သည်။ တိုင်းပြည်အကျိုးအတွက် ဝင်ရောက်ခြင်းမဟုတ်ပါ။ ငါတို့သစ္စာမှန်လျှင် စပါးဈေး–ဆန်ဈေးများတက်ပါစေသတည်းဟု ဆိုလျှင် ဧကန် ၂၀/– လောက်တော့ တက်လာလိမ့်မယ် ထင်သဗျ။

၂၁ ဦး အမတ်များက တဖန် 'ငါတို့သည် မင်းတိုင်ပင်အဖွဲ့သို့ စ၍ ဝင်ရောက်သောနေ့မှ ယနေ့တိုင် ငါးထောင်စား၊ လေးထောင်စား စသော ရာထူးများကို မျှော်လင့်၍ ဝင်ခဲ့ရိုးမှန်ပါသည်။ ငါဆိုသောစကား မှန်ခဲ့ပါမူ ဆန်စပါးဈေးတက်ပါစေသတည်း...လို့ဆိုလျှင် ဧကန် ၂၅/– လောက်တော့ တက်လာလိမ့်ဗျ။

ရွှေတောင်ကြားအမတ်များကလည်း 'ငါတို့သည် ကောင်စီသို့ ဝင်ခဲ့ခြင်း၌ မင်းလိုလိုက်မှ မင်းကြိုက်သည် ဟူသောစကားအရ ပုတ်သင်ညိုဘဝနှင့် ကိုက်ညီလှအောင်သာ ဝင်ခဲ့ပါသည်။ ငါတို့ သစ္စာမှန်လျှင် ဆန်စပါးဈေးတက်ပါစေဆိုလျှင် ဆန်စပါးဈေးဟာ တစ်ပိဿာငါးဆယ်လောက်တော့ ရောက်သွားလိမ့်မဗျ။

အဲဒီတော့မှ ဝံသာနုအမည်ခံတဲ့ အမတ်များထဲမှ အချို့သော အာဇာနည်အမတ်များက ထွက်ပြီး၊ 'ယခု ငါတို့အမတ်ဖြစ်ရခြင်းမှာ ငါတို့အစွမ်းမဟုတ်ဘဲ တွဲရေး ရောင်တော်ပြန်နှင့်ရော၍ ဖြစ်ရပါသည်။ ငါတို့အစွမ်းသက်သက်ဖြင့် ဆယ်ခါပြန်၍ အရွေးခံသော်လည်း အမှန်ရှုံးပါလိမ့်မည်။ သို့ကြောင့် တိုင်းပြည်အကျိုး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မဲဆန္ဒရှင်တို့ ကျေနပ်ဖို့ကိုသာ အာသီသထား၍ အဆိုများကို တင်သွင်းပါမည်။ ကောင်စီကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲပြန်၍ လုပ်မည်ကို ဧကန်အမှန် ငါတို့ အလွန်စိုးရိမ်ကြပါသည်။ ငါဆိုသော သစ္စာမှန်လျှင် ဆန်စပါး ဈေးတက်ပါစေ'ဟု သစ္စာပြု လျှင် ဧကန် တစ်ပိဿာခုနစ်ဆယ်လောက်တော့ ဖြစ်ကောင်းဖြစ်လိမ့်မဗျ။

သို့ကြောင့် စပါးဈေးအပျက်မှ အေးကွက်သို့ တစ်တန်ရောက်ဖို့ မှန်သလောက် မတ်မဟာတို့က ဓာတ်အလာဒီပါယနကဲ့သို့ အကြည်အသာဟပြီး သစ္စာဆိုဖို့ရန် မေတ္တာဖြပ္ပစိုရ်နှင့် အကြံပေးလိုက်ပါသည်။

ဒီးဒုတ်

(၁၁–၂–၃၃၊ ဒီးဒုတ်ဂျာနယ်)



ယခုဆောင်းပါးတွင် 'ဝံသာနုအမည်ခံ အတွဲအမတ်များ'ဟု ခေါင်းစဉ်တပ်ထားသော နောက်ဆုံးအပိုဒ်မှာ ဒေါက်တာဘမော် စသော အတွဲအမတ်များကို ဆိုလိုခြင်းဖြစ်ဟန်တူပေသည်။ ထိုအချိန်က ဒေါက်တာဘမော်နှင့် ဆရာချိုတို့မှာ အယူအဆကွဲပြားမှု၊ ဒေါက်တာ၏ခြေလှမ်းမမှန်မှုများကြောင့် ကွဲစပြုလာခဲ့ရာမှ နောင် (၁၉၃၁) ဥပဒေ အုပ်ချုပ်ရေး ပထမဆုံးအကြိမ် ရွေးကောက်ပွဲတွင် ဒေါက်တာဘမော် နန်းရင်းဝန်ဖြစ်လာသည့်အခါ ထိုအချက်များ ပို၍ထင်ရှားပေါ်လွင်လာခဲ့သည်ကို တွေ့ရ၏။

ဤနေရာတွင် စကားအကွက်ဆိုက်၍ ဖော်ပြလိုသော အချက်ကလေးတစ်ခု ရှိလာသည်။ ဆရာစံဂျွန်သုပုန်ကြီး မထမီ ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီးကလည်း အချင်းချင်းမညီမညွတ်မှုတို့ဖြင့် ကွဲအက်စပြုသောအချိန်တွင် မြန်မာတောင်သူလယ်သမား ဆင်းရဲသားခများများမှာ ထိုစဉ်ကပင် စီးပွားရေးအကြပ်အတည်းကြီး ဆိုက်ရောက်စ ပြုလာခဲ့သည်။ ယခုကဲ့သို့ပင် စပါးဈေးဆန်ဈေးများက ဒလဟော ကျဆင်းစ ပြုလာခဲ့သည်။

## စိန်ဒိုး ဘယ်သူလဲ

ထိုအချိန်က 'စိန်ဒိုး'အမည်ဖြင့် ဆရာချိုရေးသော ကြပ်ငြိုကာ အမည်ရှိသော စီးပွားရေးပျက် ဆောင်းပါးတစ်ဆောင်ကို ကျွန်ုပ်တို့ ဖတ်ခဲ့ရဖူးသည်။ အချို့က ယင်း စိန်ဒိုးအမည်မှာ ဗန္ဓုလဦးစိန်၏ကလောင်အမည်ဟု ယူမှတ်ခဲ့ကြသော်လည်း အမှန်အားဖြင့် ထိုစိန်ဒိုးအမည်မှာ ကျွန်ုပ်တို့ သိရသလောက် ဗန္ဓုလဦးစိန်သာမက၊ ဆရာဦးဘချို၊ ဆရာပီမိုးနင်းစသော ဆရာများအားလုံးက ထိုစိန်ဒိုးအမည်ကိုသုံး၍ ရေးခဲ့သော တုံကလောင် တစ်ချောင်း အမည်သာဖြစ်ကြောင်း မှတ်သားခဲ့ရဖူးသည်။

ထိုစဉ်က ဆရာချိုမှာ ဒီးဒုတ်ဂျာနယ် ကိုယ်ပိုင် မထူထောင်မီ ဗန္ဓုလဝိုင်းတော်သားတစ်ဦးဖြစ်ခဲ့ရာ ယင်းစိန်ဒိုးအမည်ဖြင့် ရေးသော ယခုဆောင်းပါးမှာ ဗန္ဓုလဂျာနယ်တွင် မဟုတ်ဘဲ အောင်ဩဘာရီဗျူး ခေါ်ဂျာနယ်တွင် ဖြစ်သည်။ ထိုကြပ်ငြိုကာဆောင်းပါးကို ဆရာ အယ်ဒီတာချုပ်လုပ်၍ ထုတ်ဝေသော မြန်မာ့ရီဗျူးဂျာနယ်တွင် ထပ်မံ၍ ဖော်ပြခဲ့သည်ကို ဖတ်ရသည်။

ထိုစဉ်ကလည်း ယခုကဲ့သို့ပင် မြန်မာပြည် စီးပွားရေးအကြပ်အတည်းဆိုက်ရောက်ခဲ့ရသည့်အကြောင်းများနှင့်တကွ ဆရာ၏တိမ်မြုပ်ပျောက်ကွယ်နေသော ကလောင်အမည်တစ်ခုနှင့် စာပေဟောင်းတစ်ပုဒ်ကို ဖော်ထုတ်ပေါ်လွင်စေခြင်းဖြင့် မြန်မာပြည်နိုင်ငံရေး ကားချပ်တစ်ခုဖြစ်စေသည့်ပြင် ထိုကဗျာတွင် ယခင် ဂျီစီဘီအေ အကွဲခေတ်က ရေး

www.burmeseclassic.com



ခဲ့သော 'ဒီးဒုတ်ငှက်တပ်ကြီးချီခန်း'လင်္ကာရှည်ကြီးအတိုင်း ဆရာ၏ ဟာသမြောက်သော ရေးချက်များကို တွေ့မြင်နိုင်ကြသည်။

ထိုရေးချက်များက 'စိန်ဒိုး' အမည်ဖြင့် ဆရာရေး မရေးဝိဒါဒ ကွဲသူများအဖို့ သက်သေထူလိုက်သော အချက်များ ဖြစ်သည့်ပြင် နက္ခတ်ကိန်းခန်း ဗေဒင်အသုံးအနှုန်းများကလည်း ဆရာ၏ ကျွမ်းကျင်မှု ပညာတစ်ရပ်အဖြစ် ပါရှိနေသည်များကို တွေ့မြင်နိုင်ကြပေသည်။

## စိန်ဒိုး၏ကြပ်ငိုကာ

[အောင်သြဘာရီဖျူးတွင် ဆရာဦးဘချိုရေးခဲ့သော ဆောင်းပါး]

'ရာဇာပနော ပုဒ်အရဖြင့်၊ နှုတ်ဟချေလစ်၊ တိုင်းပြည်စိုးယူ၊ တန်ခိုးထူသည်၊ ဘူပရာဇ်တို့၊ အနှစ်မပါ၊ တရားမစောင့်၊ အမှားမှောင့်မှုဖြင့်၊ များမြောင်သော သတ္တဝါ တို့၌ ကြမ္မာကံသေွ့၊ နေကြပ် စားကြပ်။ အများငတ်စေဖို့၊ အကြပ်နှင့်တွေ့ရသည်၊ စေ့စေ့စဉ်းစား။ မင်းမတရားခဲ့လျှင်၊ နေ သွားက ကောက်၊ လ သွားဖောက်လို့၊ ကြောက်ဖွယ့်ဂြိုဟ်များ၊ နိယျာတ့်မှု၊ သိဟုဇာမွေ့၊ ဗျွလေ့လို့။ လမ်းကွေ့ယူ။ အမူခြား၍ သုံးပါရတု၊ တစ်လီတ်စ်မျိုး၊ မညီနိုးဘဲ၊ အဆိုးသာလုကြသဗျ။

အဲ…သို့ကလို အဆိုးလုကြတော့။ အမ္ဗုဝလာ၊ မိုးဒေဝါတို့လည်း၊ ရွာမလို ယောင် ခမင်းစပါး၊ အဖျင်းများစေဖို့၊ ယွင်းမှားပြီးခေါ်ပါရော၊ များမြောင်ဗိုလ်ခြေ ဝေဒနာဆန်း၊ သေရွာသို့မြန်းစေဖို့၊ တစ်ခန်းပင်မွှေတဲ့ပြင်။ ဝနေတောထွက်၊ ရသာပျက်၍၊ ဆေးဘက်မဝင်၊ အနာမပျောက်၊ ဆရာရောက်ခါမှ၊ သာကြောက်ဖို့ မြင်ရလိမ့်၊ တိုင်းခွင်ပြည်လုံး၊ ကြိမ်မီးအုံးသို့၊ နှလုံးဆူနောက်၊ အခွန်အတုတ်၊ အလွန်နုတ်ပြန်အေ့၊ ကျွန်ရုပ်လည်း ပေါက်ကြပြီ။

ကြောက်စရာ့ခေတ်၊ ကြပ်ဖို့ဖြာဖြာ၊ ထပ်လို့သာလာတာမို့၊ ငတ်ဖို့ရာဖြစ်ကြပြီ၊ စီစစ်စဉ်းစား၊ ကြပ်သထက်ကြပ်တယ်၊ အရပ်ကို လည်လိုက်လျှင်၊ မှတ်ဖွယ်ပကြားရ လိမ့်၊ ဘုရားစဉ်လျက်၊ အပေါ်ရင်ပြင်၊ မတော်မြင်ရသည်မှာ၊ ဒေါစင်နှင့်တက်တာမို့၊ ခက်စရာ့အကြပ်၊ ရဟန်းတမျှ၊ ဆွမ်းမဝပြန်တော့ နွမ်းလျပြီးကြပ်ပါရဲ့၊ အမြတ်မရှိ ကုန်သည်တစ်သီး၊ ဂုဏ်ငယ်၍ ညည်းစေဖို့၊ ချစ်တီးနှင့်ကြပ်ကြသည်။

မှတ်ကြတစ်မျိုး၊ ဒရဝမ်ကြွေး၊ ပြန်မပေးနိုင်လို့၊ စာရေးလည်း ကြပ်ပါရဲ့၊ တစ်ရပ်ပွဲစား၊ ပဲစပါးတွေလည်း၊ လွဲမှားပြီးရှုံးပြန်တော့၊ အကုန်လုံးကြပ်၊ မြေပိုင်ရှင်



များ ဘယ်မသနားတော့၊ လယ်သမားကြပ်၊ နေ့ပြန်ပေးယူ၊ အတိုးပူတော့၊ ချိုးကူ သလို ကြပ်ပြန်ရော၊ မှတ်ကြတစ်သွယ်၊ ကုန်စိမ်းသည်တို့လည်း ဆိုင်တည်ဖို့ကြပ်၊ ဝိုင်းဈေးအနီး၊ မိန်းမကြီးတောင်၊ ခရမ်းသီးကြပ်နေလိုက်တာ…တစ်ဖြတ်သုံးပဲ ဈေးကောက်နှင့် မွဲရချည့်။

တ္တကတည်းတော်၊ ဈေးသည်နှင့် ကန်ထရိုက်၊ ရန်တိုက်တာ လျော်ရဲ့လား၊ ကလော်သာဆဲချင်သတဲ့၊ မလွဲယခု၊ ဘိုးတော်သူတော် ကြပ်တစ်လုံးနှင့် ညောင်ပင် ကုန်းတဘောင်ကို ရည်ဆောင်လို့ရှုကြတော့၊ အမှုသည်များ၊ မင်းလာဘ်စားတော့၊ တရားနှင့်ကြပ်၊ ရှေ့နေမယုတ်၊ ပွဲစားလုပ်ပြန်တော့၊ သာရှုပ်လို့ ကြပ်ရသည်၊ မှတ်ကြ တသီး၊ ဘုရားလူကြီး သေခါနီးတို့လည်း အပြီးတိုင်ရှူး၊ သမီးတမျှ ဖနီးရဖို့၊ ခေနှင့် နှူးရတော့ အထူးပဲကြပ်။

အမယ်လေး၊ ဘွဲ့တံဆိပ်ငဲ့သူတို့လည်း၊ သပိတ်နဲ့ကြပ်၊ နယ်ပြည်မဟာ၊ အယ်ဒီတာဟု မည်သာဒရပ်၊ အမှောင်ကိုခွင်း၊ အရောင်လင်းသူတို့လည်း… ထောင့် အတွင်းကြပ်၊ အခင်းမနိပ်၊ အသင်းဖိတ်ပြန်တော့၊ ပုလိပ်နှင့်ကြပ်ရသဗျ။

အရပ်တကာ အကြပ်တွေဖြာပုံက၊ ရွာမှတော့ သူကြီး။ မြို့မှီးတော့မြူနီစီပယ်၊ အိမ်ဝယ်လျှင်ကျန်းမာခြင်း၊ ထင်မှားတော့ ဆိပ်တောက်၊ ငါးခြောက်နှင့် ဆားခွန်၊ လယ်ထွန် သော နွားငှား၊ ဘုရားနှင့်ရွှေသယ်၊ ဆိုင်တည်တော့ အမြတ်တော်ကြေး၊ ဆန်ဈေးမှာ စက်ကြီး၊ ရထားစီးနှင့် တတိယတွဲ။ ဘုရားပွဲနှင့် ဂေါ်ရခါး။ တံငါများနှင့် အင်းအင်စပက်၊ လက်ထပ်တော့ ခဲဖိုး၊ ရှိုးနှင့် မင်းမှုထမ်း၊ တာလမ်းနှင့် လှည်းသမား၊ ကျွဲနွားနှင့် သားသတ်ရုံ။

ရန်ကုန်မတော့ အိမ်ငှား၊ လန်ချားနှင့် လမ်းပြာတာ၊ ကျောင်းဆရာနှင့် ပညာအုပ်၊ ထင်းခုတ်နှင့် တောစောင့်၊ တိုင်းရင်းကျောင်းနှင့် မတ်ဟန်းတား၊ ယာသမားနှင့် ဆည်မြောင်းရေ၊ ရန်ပုံငွေနှင့် ဟာသ်ာတ၊ အသင်းကျတော့ စုံထောက်တွေ၊ လယ်ယာ မြေနှင့် ကိုဂျမား၊ ဆင်းရဲသားနှင့် လူခွန်တော်၊ ကျုံပျော်မတော့ အသင်း၀ွ။ အဲ…သို့ကလို အရင်းစပြီး ရှင်းမတဲ့ အကြပ်တရားတို့နှင့် မလပ်မနား နေ့စဉ်တွေ့ ရသဖြင့်၊ ကွေ့ကြည့်၍ တစ်ခန်းမပြေးသာဘု၊ မန္တလေးမှာ ကန့်လန့်ကောင်း သတင်းစာထောင်တော့ အာမခံ၊ ဘာမျှ မကြံအောင် ကံဇာတာလွဲပြီး၊ မြန်မာတွေ မွဲဖို့တငြိမ်း၊ ကျုံကြပြီ။

လမ်းကုန်အောင် အသေပင်ကြပ်တဲ့ပြင်၊ အနေကြပ်တယ်လို့ မိန်းမသားမို့၊

www.burmeseclassic.com

www.burmeseclassic.com



ကိန်းမှားပြီး တစ်စင်မထူကြနှင့်၊ လင်ယူတောင် အဟုတ်ကြပ်သာမို့၊ ယုတ်အလတ် အမြတ် မရွေးကြဘဲ ကြပ်ရေးကို တကယ်ချောင်ဖို့၊ မဖွယ်ပေါင် တရားယွင်းကြသည့် များတာသပါဝါထက်သူတို့၊ အာဏာစက် အသုံးမှားသည်ကို နှလုံးသား ခန္တီသွင်းကြပြီး။

မြန်မာပြည် အသင်းဟူသမျှတို့က၊ ဆူကြွကာအကြမ်းမဖက်ကြဘဲ၊ လမ်းမပျက် နှလုံးမြူးလောက်သည့်၊ ဟုမ္မရူးကို အရနှူးရန်ဖို့၊ အစကနဦး ညီညွတ်ခြင်း ငယ်နှင့် သည်စက်ကြွင်း ရှည်မကြာရအောင်၊ ထည်ကမ္ဘလာ ဝံသာနုကြပြီ၊ ရွှံ့စရာ အမှုယစ်မျိုး လည်း မသုံးကြဘဲ၊ အညစ်အဆိုးဆုံး ကျွန်ပညာကို ပယ်ကြလျက်၊ သွန်သင်စရာ တကယ် ဗလာနတို့ကိုဖြင့်၊ မညှာမတာသပ…ဝေကန်ဖြင့် အသေဝန်မင်္ဂလာပြုကြပြီး၊ လျှင်စွာ ယခု၊ တန်ဖိုးပွားတဲ့အောင် ကြိုးစားတော်မူကြပါကုန်လော့။ ။

အထက်ပါ ဆရာ၏ ဆောင်းပါးတွင် ထိုစဉ်က မြန်မာတစ်ပြည်လုံး ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်သော ဟုမ္မရူးကို အုံကြွ၍ တောင်းဆိုခဲ့ကြသော ဝံသာနု ဂျီစီဘီအေအသင်းချုပ်ကြီးနှင့်တကွ ကျွန်ပညာကို သပိတ်မှောက်ခဲ့ကြသော အကြောင်းများနှင့် ဆရာငယ်စဉ်က အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်လာခဲ့သော သုစရိတယုဝအသင်းဝင်တစ်ယောက် ဖြစ်ကြောင်းများကိုပါ ထိုဆောင်းပါးတွင် တွေ့မြင်နိုင်ကြမည် ဖြစ်သည်။ (စကားချပ်)။

## ၉၁ ဌာနအုပ်ချုပ်ရေးနှင့် ကိုယ်စားလှယ်များ

ယင်းကဲ့သို့ မြန်မာပြည် အခွဲအတွဲ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ မတင်မကျဖြစ်နေရာ ဘိလပ်အထက်အောက် ပါလီမန်မှ အိန္ဒိယပြည်နှင့် မြန်မာပြည် အုပ်ချုပ်ရေး ဥပဒေကြမ်းကို ရေးဆွဲရန်အတွက် တွဲဘက်ကော်မတီအဖွဲ့ကို ဖွဲ့စည်းခန့်ထားလိုက်လေသည်။ ထိုကော်မတီနှင့် ဆွေးနွေးတိုင်ပင်ရန် အိန္ဒိယပြည်နှင့် မြန်မာပြည်မှ ခေါင်းဆောင်များကိုလည်း ဖိတ်ကြားလိုက်လေသည်။

ထိုကော်မတီတွင် မြန်မာပြည်မှ (၁) ဦးချစ်လှိုင်၊ (၂)ဦးဘပေ၊ (၃)ဒေါက်တာဘမော်၊ (၄)ဦးသိမ်းမောင်၊ (၅)ဦးကျော်ဒင်၊ (၆)ဦးရွှေသာ၊ (၇) ဆရာရွှေဘ၊ (၈)ဒေါက်တာမစောစ၊ (၉) မစ္စတာ ကင်းပက်နက်၊ (၁၀)မစ္စတာ ဟာပါး၊ (၁၁)မစ္စတာကာဝပ်ဂျီ၊ (၁၂)မစ္စတာတရုပ်ဂျီတို့ပါဝင်ကြသည်။ ယင်းကော်မတီတွင် (၂၄)ဦး ကိုယ်စားလှယ်အဖွဲ့၌



မပါဝင်ခဲ့သော ဒေါက်တာဘမော် ပါဝင်လာသည်ကို သတိပြုရန်ဖြစ်သည်။ ယခု ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သော မစ္စတာဟာပါးမှာ မြန်မာပြည်နေရှင်ကုမ္ပဏီကြီးဖြစ်သော ဘီအိုစီ ရေနံကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်ရာ၊ ယခင်(၂၄)ဦး အဖွဲ့တွင်လည်း မစ္စတာ ဟာပါး ပါဝင်ခဲ့လေသည်။

ထို ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်မြို့သို့ ဖိတ်ခေါ်ခြင်းခံရသော်လည်း အခွဲအတွဲ ပြဿနာများကို ထပ်မံတင်ပြ ဆွေးနွေးရန်မဟုတ်ဘဲ မြန်မာပြည်အုပ်ချုပ်ရေးသစ်အတွက် အဆင်ပြေပြေ ညီညီညွတ်ညွတ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းရန်သာ ဖြစ်လေသည်။

ဆိုလိုသည်ကား မြန်မာပြည်၏ အုပ်ချုပ်ရေးကို ဘိလပ်အစိုးရအဖွဲ့က အိန္ဒိယပြည်နှင့်ခွဲလိုက်ပြီးနောက် အဆင်သင့်ရေးဆွဲထားပြီး ဖြစ်သည်။ ထိုသို့ အိန္ဒိယပြည်နှင့် ခွဲလိုက်ခြင်းမှာလည်း မြန်မာပြည်သူပြည်သားများအား အိန္ဒိယပြည်နှင့် ခွဲလို–တွဲလိုသော ပြဿနာကို စိတ်တိုင်းကျဆုံးဖြတ်ရန် သုံးကြိမ်သုံးခါ တာဝန်လွှဲခဲ့ပြီးဖြစ်ရာ ယတိပြတ်ဆုံးဖြတ်ခြင်း မပြုကြသည်မှာ ဧကန် မြန်မာပြည်သူပြည်သားများ ဆန္ဒတွင် အိန္ဒိယပြည်နှင့်တွဲ၍ နေလိုခြင်းထက် ခွဲလိုသောဆန္ဒစိတ်က ပိုမိုကြီးလိမ့်မည်ဟူသော ယူဆချက်ပင်ဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဘုရင်အစိုးရ၏ ကိုယ်စား နန်းရင်းဝန်ကြီးနှင့် ယခင်အထက်အောက် ပါလီမန် တွဲဘက်ကော်မတီအစီရင်ခံစာတွင် 'ယခုပေးအပ်လိုက်သော အုပ်ချုပ်ရေးမှာ မြန်မာပြည်သူပြည်သားများ၏ဆန္ဒနှင့်အညီ ပေးအပ်လိုက်ခြင်းဖြစ်၍ မြန်မာပြည်သူပြည်သားများစိတ်တွင် မည်သို့မျှ စိတ်စနိုးစနောင့် သံသယဖြစ်စရာမလိုပါ။ အိန္ဒိယပြည်နှင့် ခွဲခွာရန်လိုလားသော စိတ်ထားရှိသည့် မြန်မာလူမျိုးများသည် အချိန်ကြာရှည် ဆိုင်းငံ့နေဖို့မသင့်ဘဲ ယခုအချိန်သည် ခွဲခွာရန်အကောင်းဆုံးအချိန်ဖြစ်ကာ အိန္ဒိယပြည်အား အုပ်ချုပ်ရေးသစ်ကို ပေးသည့်အတိုင်း မြန်မာပြည်အတွက်လည်း အိန္ဒိယပြည်နှင့်ခွဲပြီး သင့်တော်သောအုပ်ချုပ်ရေးကို ပေးအပ်လိုက်ခြင်းပင် ဖြစ်ပါသည်'ဟူ၍ပင် ချွေးသိပ်ကာ နှစ်သိမ့်စကားများကို ပြောလိုက်လေသည်။

ယင်းသို့ဖြင့် မြန်မာပြည်အတွက် အုပ်ချုပ်ရေးသစ် ဥပဒေကြမ်းကို ဘိလပ်အထက်အောက်ပါလီမန်မှ ၁၉၃၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၁၉၃၅ ခုနှစ် အုပ်ချုပ်ရေးသစ်ဟူ၍လည်းကောင်း၊ ယခင် ဒိုင်အာခီအုပ်ချုပ်ရေးထက် ဌာနပေါင်း ၉၁ ဌာန ပိုမိုလာခြင်းဖြင့် ၉၁ ဌာနအုပ်ချုပ်ရေးဟူ၍လည်းကောင်း ခေါ်ဆိုခြင်းဖြစ်သည်။

၁၉၃၅ ခုနှစ် အုပ်ချုပ်ရေးသစ် ဥပဒေအရ ပထမဆုံးအကြိမ် ရွေးကောက်ပွဲကို ၁၉၃၆ ခုနှစ် မကုန်မီ ကျင်းပပြုလုပ်ခဲ့သော်လည်း ယခင်အိန္ဒိယနှင့်မြန်မာပြည် မခွဲခွာမီ

www.burmeseclassic.com

www.burmeseclassic.com



က မပြီးပြတ်သေးသော ငွေရေးကြေးရေး စာရင်းအင်း လက်ကျန်ကိစ္စများကို ရှင်းလင်းပြုလုပ်နေကြရသဖြင့် ၁၉၃၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင်မှ စတင် အသက်ဝင် အကောင်အထည်ဖော် အတည်ပြုနိုင်ခဲ့လေသည်။

## ပထမဆုံးနန်းရင်းဝန်ကြီး

သို့ဖြင့် ပထမဆုံးအကြိမ် ၉၁ ဌာနအုပ်ချုပ်ရေးအတွက် နိုင်ငံရေးပါတီပေါင်းစုံက မိမိတို့ယုံကြည်ချက်ဝါဒများကို တိုင်းပြည်သို့ တင်ပြပြီးနောက် ရွေးကောက်ပွဲဝင်ကြရာ အမှန်အားဖြင့် နိုင်ငံရေးပါတီများ၏ ဝါဒလမ်းစဉ်များမှာ သူတို့မူလ(စာဆို)အတိုင်းမူ များစွာမဆိုးလှပေ။

(၁)ဦးဘဖေတို့၏ ငါးပွင့်ဆိုင် ၂၁ ဦးပါတီကလည်း လွှတ်တော်တွင်းရရှိသော ရာထူးကို လက်ကိုင်ပြု၍ ယခုအုပ်ချုပ်ရေးကို မြန်မာပြည်လွတ်လပ်ရေးပန်းတိုင်သို့ ရောက်သည်အထိ တစ်ဆင့်ထက်တစ်ဆင့် တိုက်ယူသွားရန်၊ (၂)ဒေါက်တာဘမော်အဖွဲ့ကလည်း အားလုံးနိုင်ငံရေးပါတီအဖွဲ့အစည်းများ ညီညီညွတ်ညွတ်ရှိလျှင် ရာထူးမယူဘဲ ယခု (၉၁)ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ရန်၊ (၃)ဦးချစ်လှိုင်အဖွဲ့ကလည်း ဒေါက်တာဘမော်လေသံအတိုင်း ကြေညာလျက်၊ (၄) အခြားသခင်နှင့် ဖေဘီယံအဖွဲ့များကမူ လုံးဝ ရာထူးမယူဘဲ အုပ်ချုပ်ရေးကို တိုက်ဖျက်ရန် တစ်သံတည်း ထွက်ကြလေသည်။ သို့သော် ရွေးကောက်ပွဲပြီး၍ မိမိတို့၏အမတ်စာရင်းအရှုံးအနိုင်များကို တွေ့မြင်သိရသည့်အခါတွင်သာ ထိုဝါဒလမ်းစဉ်တို့မှာ မြန်မာပြည်နိုင်ငံရေးသမားများ၏ ထုံးစံအတိုင်း (လေ)ဘဝသို့ ရောက်သွားရခြင်း ဖြစ်လေသည်။

ထိုရွေးကောက်ပွဲတွင် ဦးဘဖေ၏ငါးပွင့်ဆိုင်ပါတီက အမတ်(၄၀)ကျော်၊ ဒေါက်တာဘမော်ပါတီက (၁၆)ယောက်၊ ဦးချစ်လှိုင်ပါတီက (၁၂)ယောက်၊ ဒို့ဗမာအစည်းအရုံးမှ (၃)ယောက်၊ ဖေဘီယံပါတီမှ (၁)ယောက် စသည်ဖြင့် အသီးသီးရရှိကြသည်။ ယခင်အခွဲအတွဲ ရွေးကောက်ပွဲတွင် အင်အားကြီးခဲ့သော ဒေါက်တာဘမော်အဖွဲ့ ယခုလို ဒလဟောကျဆင်းကာ ၂၁ ဦး ငါးပွင့်ဆိုင်ကို ရှုံးရခြင်းမှာ ဒေါက်တာဘမော်၏ခြေလှမ်း မမှန်ကန်မှားယွင်းမှုများကြောင့် ဖြစ်သည်ဟု အများက ကောက်ချက်ချယူကြသည်။ ပါလီမန်ထုံးတမ်းစဉ်လာအတိုင်း အမတ်ဦးရေ အများဆုံးရှိသော ဦးဘဖေ၏ ငါးပွင့်ဆိုင်ပါတီကို အစိုးရဖွဲ့ရန် ဘုရင်ခံက ခေါ်ယူဆွေးနွေးပြောဆိုရာ ပါတီတွင်း အဝေမတည့်မှု၊ မကျေနပ်မှု စသော အကြောင်းအမျိုးမျိုးတို့ကြောင့် ဦးဘဖေပါတီမှာ အစိုးရဖွဲ့နိုင်လောက်အောင် အင်အားမရှိဘဲ ဖရိုဖရဲဖြစ်သွားလေသည်။



ယင်းကဲ့သို့ ငါးပွင့်ဆိုင်အဖွဲ့က အစိုးရမဖွဲ့နိုင်သည့်အခါ နယ်ချဲ့အုပ်ချုပ်ရေး ကို အစဉ်တစိုက်တိုက်ဖျက်ရန် လှုံ့ဆော်ရေးသားခဲ့သော တိုင်းပြည်ဘက်တော်သား သတင်းစာဆရာများအဖို့ ယခု အချိန်သည် ဗြိတိသျှပေးသောအုပ်ချုပ်ရေးကို တိုက်ဖျက်ရန် အကောင်းဆုံး အချိန်ဖြစ်ကြောင်း သတင်းစာများက တိုက်တွန်း ရေးသားကြသည်။ လွှတ်တော်အမတ်များကိုလည်း ရာထူးမယူရေး၊ အုပ်ချုပ်ရေး တိုက်ဖျက်ရေးအတွက် ထိ ရောက်စွာ လှုံ့ဆော်နိုင်ရန် မြန်မာ့အလင်းသတင်းစာတိုက်တွင် စည်းဝေးပွဲတစ်ခုခေါ်ကာ သတင်းစာအဖွဲ့တစ်ခုဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် ဒီးဒုတ်ဦးဘချို၊ မြန်မာ့အလင်းအယ်ဒီ တာ ဦးချစ်မောင်၊ ဘားမားဂျာနယ် ဦးထွန်းသန်း၊ ရဲသတင်းစာ ဦးဘဖေ၊ ဒို့ဗမာသတင်းစဉ် သခင်တင်မောင်တို့ ငါးဦးပါဝင်ကြသည်။ ထိုအဖွဲ့မှ နယ်ချဲ့ပေးသော ၉၁ ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်ရန်နှင့် ထိုသို့ တိုက်ဖျက်ခြင်းဖြင့် မြန်မာများ အလိုရှိသော လွတ်လပ်ရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြောင်း သတင်းစာတိုက်အသီးသီးသို့ ထုတ်ပြန်ကြေညာချက်များ ဝေငှခဲ့ပါသည်။ ထိုကြေညာချက်တွင် စာနယ်ဇင်းအယ်ဒီတာ ၁၂ ဦး လက်မှတ်ရေးထိုးထားရန် ထိုသူတို့တွင် (၁)မြန်မာ့အလင်း ဦးစိန်း၊ (၂) ဒီးဒုတ် ဦးဘချို၊ (၃)ဘားမားဂျာနယ် ဦးထွန်းသန်း၊ (၄)ဈေးနှုန်း ဦးစံသိန်း၊ (၅)ဦးမောင်မြိုင်၊ ဦးစိန်ညွန့် ညနေသတင်းစာ၊ (၆)ဆယ်သန်း ဦးအောင်မြင်၊ (၇)ရဲသတင်းစာ ဦးဘရှိန်၊ (၈)သခင်တင်မောင် ဒို့ဗမာသတင်းစဉ်၊ (၉)ဦးစိန် တိုးတက်ရေးသတင်းစာ၊ (၁၀)ဦးချစ် မောင် မြန်မာ့အလင်းသတင်းစာ၊ (၁၁) ဦးလှဖေ ဒဂုန်မဂ္ဂဇင်း၊ (၁၂)ဦးခင်မောင် ပြုပြင် ရေးမဂ္ဂဇင်းတို့ပါဝင်ကြသည်။ သတိပြုရန်မှာ ထိုစာရင်းတွင် သူရိယသတင်းစာ မပါဝင်ခြင်းပင် ဖြစ်သည်။

ဤတွင် ဒေါက်တာ ဘမော်အတွက် အကွက်ကောင်းပေါ်လာရတော့ကာ သတင်းစာဆရာ အယ်ဒီတာများအဖွဲ့က ၎င်းအား ရာထူးလက်မခံဘဲ အုပ်ချုပ်ရေးကို တိုက်ဖျက်ပါမည်လောဟု တွေ့ဆုံမေးမြန်းခဲ့ကြ၏။ ဒေါက်တာဘမော်ကလည်း ထိုသို့ အုပ်ချုပ်ရေးကို တိုက်ဖျက်နိုင်လောက်အောင် အမတ်အင်အား (၆၀)ကျော်ကို စုဆောင်းရရှိပေးနိုင်ခဲ့လျှင် ၎င်းရာထူးမယူဘဲ ယခုအုပ်ချုပ်ရေးကို တိုက်ဖျက်ပစ်ပါမည်ဟု လှိုက်လှိုက်လှဲလှဲ ကျေကျေနပ်နပ်ကြီး ကတိပေးခဲ့သည်။

## ဒေါက်တာကြီး၏ နိုင်ငံရေးဝါဒ

ယင်းကတိအတိုင်း သတင်းစာဆရာ အယ်ဒီတာများအဖွဲ့မှ ကြိုးမှုးကာ သတင်းစာများအသီးသီးမှလည်းကောင်း၊ လူထုအစည်းအဝေးများကို ခေါ်၍လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဘမော်၏စကားကတိကို လူသိရှင်ကြား ကြေညာပြီးနောက် ၎င်းအလိုရှိသည့်အတိုင်း ပါတီအဖွဲ့အသီးသီးမှ အမတ်အင်အား (၆၀)ကျော်ကို စုဆောင်းပေး၍ ရရှိသည်တွင် (ရှေ့မျက်နှာနောက်ထားကာ ကျွန်ုပ်တို့နိုင်ငံရေးခေါင်းဆောင်ကြီး သုံးနှုန်းလေ့ ရှိသော နိုင်ငံရေးဆိုသည်မှာ ပုံသေကားချ မှတ်သားထား၍မရနိုင်)ဟူသော စကားအတိုင်း ညွန့်ပေါင်းအဖွဲ့အမည်ဖြင့် အစိုးရဖွဲ့၍ ၎င်းကိုယ်တိုင် နန်းရင်းဝန် ရာထူးကို ယူလိုက်လေသည်။ (ဤတွင် ဒေါက်တာဘမော်၏နိုင်ငံရေးကျဆုံးခြင်းအစပင် ဖြစ်တော့သည်။

ထိုသို့ ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရအဖွဲ့အမည်နှင့် ရာထူးယူသည့်အခါ ၎င်းကို ထောက်ခံမည့် ဥရောပတိုက်သားအမတ်ခေါင်းဆောင် မစ္စတာလိက ဒေါက်တာဘမော်၏ ဆင်းရဲသားဝါဒအကြောင်းကို မေးရာ'ယခု ဆင်းရဲသားဝါဒမရှိတော့ပါ။ ညွန့်ပေါင်းအစိုးရဝါဒသာ ရှိပါသည်'ဟု ပြောင်ပြောင်ပြောဆိုခဲ့ပေသည်။ သို့သော် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရတက်လာပြီးနောက် ၉၁ ဌာန အုပ်ချုပ်ရေးသစ်အစတွင် မကြာမီ တိုင်းပြည် နိုင်ငံရေးများက ဆူပူလှုပ်ရှားလာခဲ့တော့သည်။

ပထမဆုံး ဆူပူမှုကြီးကား မော်လဝီဆရာ ဦးရွှေဖီ ရေးလိုက်သော မော်လဝီနှင့်ယောဂီစာတမ်းအမည်ရှိ စာအုပ်ကြောင့် ကုလားနှင့်မြန်မာ အဓိကရုဏ်းကြီးပေါ်ပေါက်လာခဲ့သည်။ ထိုအဓိကရုဏ်း၏ အရှိန်မသေမီအတွင်းပင် (၁၃၀၀)ပြည့် အရေးတော်ပုံဟုနောင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဟိုး ဟိုး ကျော်ကြားသွားခဲ့သော ရေနံမြေအလုပ်သမားသပိတ်ကြီး ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။

ထိုအရေးတော်ပုံကြီးကား နောက်ဆုံး ဒေါက်တာဘမော်၏ညွန့်ပေါင်းအစိုးရကိုအမြစ်မှ ကိုင်လှုပ်ကာ ပြုတ်ကျသွားသည်အထိ ကံဆိုးမိုးမှောင်ကျရောက်အောင် ဖန်တီးလိုက်သော အရေးတော်ပုံကြီးတစ်ရပ်ပင် ဖြစ်သည်။ အမှန်အားဖြင့် ထိုရေနံမြေ အလုပ်သမားအရေးတော်ပုံမှာ ယခုမှစတင်ပေါ်ပေါက်လာရသော အရေးတော်ပုံ တစ်ခုမဟုတ်ဘဲယခင် မြန်မာလယ်သမား အလုပ်သမား ဂျွန်ဆရာစံစသော စီးပွားပျက် အကျပ်အတည်းများမှ မြစ်ဖျားခံ၍ အနှစ်နှစ် အလလအတွင်းမှ လှိုက်စား၍ လာခဲ့သော အလုပ်သမားရောဂါ အနာမြီအနာဆွေးကြီးသည် နောက်ဆုံးအံ့ကြွပေါက်ကွဲထွက်လာခြင်းပင် ဖြစ်သည်။ ထိုရေနံမြေ အလုပ်သမားသပိတ်အရေးတော်ပုံသည် ပထမ ၁၉၂၃ ခုနှစ်က တစ်ကြိမ်၊ ၁၉၂၆ ခုနှစ်က တစ်ကြိမ်ပေါ်ပေါက်ခဲ့ရာမှ ယခုနောက်ဆုံး ၁၉၃၈–၃၉ ခုနှစ်တွင် (၁၃၀၀ပြည့်) အရေးတော်ပုံကြီးအဖြစ် မီးကုန်ယမ်းကုန် နောက်ဆုံးပေါက်ကွဲပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။



ဤတွင် ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရ၏ ခြေလှမ်းမှားပုံ နောက်ခံ နိုင်ငံရေးကားချပ်တစ်ခုသဖွယ်လည်းဖြစ်ကာ မြန်မာပြည်နိုင်ငံရေး၏ အရေးကြီးဆုံးသမိုင်းမှတ်တိုင် တစ်ရပ်လည်းဖြစ်သော ယင်းရေနံမြေအရေးတော်ပုံ စတင်ဖြစ်ပေါ်လာရပုံနှင့် အလုပ်သမားဆင်းရဲသား နင်းပြားတို့၏ အနှစ်နှစ်အလလ ဓနရှင်များ၏ ဖိနှိပ်ခြင်းခြေဖဝါးအောက်တွင် မဝရေစာစား၍ လူချင်းမတူ သူချင်းမမျှ နှစ်နာဆင်းရဲခံခဲ့ကြရသော သမိုင်းအကျဉ်းချုပ်ကလေးမျှကိုကား အနည်းငယ်ဖော်ပြဖို့ လိုပေလိမ့်မည်။

ယင်းသို့ ဖော်ပြ သိကြရခြင်းဖြင့် ရေနံချောင်း၊ ချောက်၊ ရေနံမြေမှ ဘီအိုစီ စသော ဓနရှင် ကုမ္ပဏီကြီးများ မည်ရွေ့မည်မျှ အမြတ်ကြီးစားကာ အကျိုးခံစားနေကြရခြင်းများနှင့် မြန်မာအမျိုးသားဆင်းရဲသား အလုပ်သမား နင်းပြားခများများအဖို့ မည်ရွေ့မည်မျှ နစ်နာဖိနှိပ်မှုများခံကြရသည်များကို စာဖတ်သူများ ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ကြမည်ဖြစ်သည်။

## အရေးတော်ပုံ၏အစ

ဗြိတိသျှနယ်ချဲ့များသည် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးသည့်နောက် တစ်နှစ်မှ စ၍ ၁၈၈၆ ခုနှစ်တွင် အခြေစိုက်လာခဲ့သော ဓနရှင် ဘီအိုစီ ရေနံကုမ္ပဏီသည် ၃–၄ နှစ်အတွင်းပင် ၎င်းတို့စိုက်ထုတ်ခဲ့သော အရင်းအနှီးများ ကျေခဲ့ရာမှ နှစ်စဉ်နှစ်တိုင်း သန်းပေါင်းများစွာ အမြတ်ထွက်ခဲ့လေသည်။ ၎င်းတို့အဖို့ ရရှိသောအမြတ်ငွေကို အကြမ်းဖျင်းတွက်လိုက်လျှင် ရေနံဂါလံတစ်ရာ ရရှိရန်အတွက် ကုန်ကျစရိတ်မှာ ၃/–ခွဲမျှသာ အရင်းကျ၍ ရောင်းဈေး တစ်ဂါလံ တမတ်ဈေးနှုန်းထားလျှင်ပင် ဂါလံတစ်ရာ ငွေအစိတ်ရရှိခဲ့ပေသည်။

နှစ်စဉ်နှစ်တိုင်း ဂါလံပေါင်း သန်း ၂၅၀ ကျော်မျှထွက်ရာ အမြတ်ငွေမှာလည်း နှစ်စဉ်ကုဋေပေါင်း ၅၀ ကျော်မျှ ၎င်းတို့အတွက် ရရှိလေသည်။ ၁၉၃၉ ခုနှစ် စာရင်းများအရမြန်မာပြည်မှ ရေနံဂါလံသန်းပေါင်း ၂၇၅ သန်းကျော်ကို ရေနံတွင်းပေါင်း လေးထောင်ကျော်မှ တူးဖော်ထုတ်ယူခဲ့ရပြီး နိုင်ငံခြားသို့ ကျပ်သန်းပေါင်း ၁၄၃ သန်းကျော်ဖိုးအထိရောင်းချ အမြတ်ရရှိခဲ့သည်ဆိုသည်။ ထို(၁၃၀၀)ပြည့် အရေးတော်ပုံမပေါ်မီ နောက်ဆုံးစာရင်းချုပ်တစ်ခု အဆိုအရမူ သာ၍ ရင်နာစရာ ကောင်းသေး၏

ထိုနှစ် (၁၉၃၇ ခုနှစ်) စာရင်းချုပ်အရ ငွေပေါင်း သိန်း (၇၅၀)ကျော် အမြတ်ဝင်သပိတ်ဝင် အမြတ်အစွန်းရရှိခဲ့ရာ ရေနံမြေ လုပ်သားများအတွက် လုပ်ခငွေကိုငွေ ၁၀ပုံ တစ်ပုံမျှ မရှိ (၄၆,၈၇၅၀၀)လေးဆယ့်ခြောက်သိန်းမျှသာ ကုန်ကျခဲ့သည်ဆိုသည်။ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားများအတွက် ခွင့်ရက်မရှိ၊ အိုနာစာ ရန်ပုံငွေ ပင်စင်မရှိ။ အိုမင်းမစွမ်း၍ ဆုငွေပင်စင်ငွေများ ပေးချိန်ရောက်လျှင် အကြောင်းတစ်ခုခု အပြစ်တခုခုပြ၍ အလုပ်မှ ထုတ်ပယ်ပစ်ခဲ့ရာ နေရှင်ကို ပင်းသော အစိုးရဥပဒေများကလည်း ထိုရေနံမြေဆိုင်ရာ ရေနံကုမ္ပဏီလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပေ။

သို့သော် ထိုစဉ်ကပင် မီးခဲပြာဖုံးသဘောမျိုး (လေဘာယူနီယံ)ခေါ် ရေနံမြေ အလုပ်သမားအဖွဲ့အစည်းတစ်ခုကို ၁၉၂၁ ခုနှစ်မှစ၍ တည်ထောင်ဖွဲ့စည်းထားပြီး ရှိခဲ့သည်။ ထိုအသင်းကို စတင်ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းခဲ့သူများမှာလည်း ထူးခြားချက်တစ်ခုဖြစ်ရာ ထိုပုဂ္ဂိုလ်များအကြောင်းကို ဤတွင် မဖော်ပြလျှင် မပြည့်စုံပေ။

ထိုရေနံမြေအလုပ်သမား အစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့သူမှာ အလုပ်သမားစစ်စစ်တစ်ယောက်မဟုတ်ဘဲ ခေတ်ပညာတတ် တွင်းစားမျိုးရိုးများမှ ဆင်းသက်လာသူများဖြစ်သော ဦးမျိုးညွန့်နှင့် ဦးသူတော်ဆိုသူတို့ ဖြစ်ကြသည်။ ထိုအစည်းအရုံး၏ အခြားအတွင်းရေးမှူးအမှုဆောင်များမှာလည်း ခေတ်ပညာတတ်ကျောင်းအုပ်ဆရာကြီးများဖြစ်ကြသော ဦးအေးမောင်၊ ဦးဘသီ ဆိုသူတို့ဖြစ်ကြရာ ထိုစဉ်က ရေနံမြေသခင်ခမှာ တွဲဘက်အတွင်းရေးမှူးတစ်ဦးအဖြစ်နှင့် ဘီအိုစီကုမ္ပဏီ စာရေးတစ်ယောက် ဖြစ်သည်။

ဤတွင် ရေနံမြေ အလုပ်သမားအစည်းအရုံး၏ ဥက္ကဋ္ဌများဖြစ်သော တွင်းစားမျိုးရိုး ဦးမျိုးညွန့်နှင့် ဦးသူတော်တို့နှစ်ဦးအနက်မှ ဦးမျိုးညွန့်ဆိုသူမှာ သာမညမဟုတ်ဘဲ ရှေးပဒေသရာဇ် မှူးမျိုး-မတ်မျိုးမှ ဆင်းသက်လာသူတစ်ဦးပင် ဖြစ်ခဲ့သည်။ ယင်း ဦးမျိုးညွန့်၏အဖိုးအဖွားများမှာ ဖြတိုက်သံတော်ဆင့် ဦးသက်-ဒေါ်ဒေါ်ချိုတို့ဖြစ်ကာ ၎င်းတို့သား ဦးမောင်မောင်ဘနှင့် အလုံမြို့ဝန် ဦးက-ဒေါ်မှိုနုတို့၏သမီး မမတော်တို့မှ ဦးမျိုးညွန့်ကို မွေးဖွားခဲ့လေသည်။

ငယ်စဉ်ကပင် မန္တလေးမြို့ အေတီအင်(ဗုဒ္ဓသာသနာ့နုဂ္ဂဟ)အထက်တန်းကျောင်းတွင် ပညာသင်ကြားလာခဲ့ပြီးနောက် မိဘများက မင်းစိုးရာဇာရာထူးများကို ဝင်ရောက်လုပ်ကိုင်ရန် လိုလားသောဆန္ဒကို ငြင်းပယ်ကာ ရေနံချောင်းမြို့ တွင်းစားမျိုးဖြစ်သော ဦးမောင်မောင်ပု-ဒေါ်ခင်စောလှတို့၏သမီး ဒေါ်မမကလေးနှင့် အိမ်ထောင်ကျခဲ့သည်။ ထိုနောက် ထိုရေနံမြေတွင်ပင် မိဘယောက္ခမတို့၏ အလုပ်ကို လုပ်ကိုင်ခဲ့ရာမှ နေ့စဉ်အလုပ်သမားများ၏ ဆင်းရဲနစ်နာ ဖိနှိပ်ခံရပုံများကို မခံမရပ်နိုင်ဖြစ်လာသော ဇာတိသွေးဇာတိမာန်စိတ်များဖြင့် နောက်ဆုံး အလုပ်သမားခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ပေသည်။

ဦးမျိုးညွန့်ခေါင်းဆောင်သော ထိုရေနံမြေအလုပ်သမား အစည်းအရုံးမှပင် ၁၉၂၂



ခုနှစ်တွင် ပထမဆုံးအကြိမ် ရေနံမြေ အလုပ်သမားစုအင်အား နှစ်ထောင်ကျော်ပါသော အစည်းအဝေးကြီးတစ်ခုကို ကျင်းပကာ အလုပ်သမားများ၏ နစ်နာချက်ပေါင်း (၁၃၀) ကျော်ကို တင်ပြတောင်းဆိုခဲ့လေသည်။ ထိုသို့ တောင်းဆိုရာမှ မည်သို့မျှ အကြောင်းထူးခြင်း မရှိခဲ့သဖြင့် ပထမဆုံးအကြိမ် ၁၉၂၃ ခုနှစ် ရေနံမြေသပိတ်ကို မှောက်ခဲ့ကြသည်။

ဤသို့ သပိတ်မှောက်ရာတွင် ခေါင်းဆောင်ဖြစ်သော ဦးမျိုးညွန့်အား ရေနံဘီအိုစီကိုယ်စားလှယ်များက ငွေတစ်သိန်းနှင့် ကုမ္ပဏီမှ ကန်ထရိုက်အလုပ်မှန်သမျှကို အကျိုးခံစားခွင့်ပြုမည့်အကြောင်း ဆွယ်တရားဟောလာခဲ့သည်။ ထိုသို့သွေးဆောင် ဖျားယောင်းမှုများကို ဦးမျိုးညွန့်က လက်မခံဘဲ ငြင်းပယ်လိုက်ရာ ဦးမျိုးညွန့်၊ ဦးဘသီနှင့် အမှုဆောင်လူကြီးတစ်ဦးဖြစ်သော အလုပ်သမားကြီးဦးပွဆိုသူတို့အား ရေနံမြေမှ ပုဒ်မ (၆၈)အရ ဧရာဝတီမြစ် အနောက်ဖက်ကမ်း သံကိုင်းရွာသို့ နယ်နှင်ဒဏ်ပေးခဲ့သည်။

သို့သော် ဦးမျိုးညွန့်ကား မကြောက်မရွံ့၊ နောက်မတွန့်သော စိတ်ဖြင့် ထိုသံကိုင်းရွာမှ ကူးကာ ဘီအိုစီနယ်မြေပေါ်သို့ မတက်ဘဲ ဧရာဝတီမြစ်ရေပြင်ပေါ်မှ အလုပ်သမားများအား လာရောက် တရားဟောပြန်ရာ ရေနံမြေအရေးပိုင်က ထိုသို့တရားမဟောရန် တားမြစ်ခဲ့သည်။ ထိုတားမြစ်ချက်ကို ဦးမျိုးညွန့်က 'ခင်ဗျားတို့ ရေနံမြေပေါ်တက်၍ တရားဟောခြင်းမဟုတ်၊ ကျုပ်ဧရာဝတီမြစ်ရေပြင်ပေါ်မှ ဟောခြင်းဖြစ်၍ ခင်ဗျားတို့ ဘယ်ဥပဒေနှင့် တားမြစ်နိုင်သလဲ'ဟု ပြန်၍မေးသည့်အခါမှ အရေးပိုင်နှင့် စစ်တပ်များ လက်လျှော့၍ ပြန်သွားကြသည်။ (ဤအကြောင်းကို ယခု ရေးသားဖော်ပြရခြင်းမှာ ယိမ်းယိုင်တတ်သော ပညာတတ် နေရှင်ပေါက်စ လူတန်းစားများဟု အချို့အထင်ရောက်နေသူများအဖို့ အမျိုးကို ချစ်တတ်သော ဇာတိသွေးဇာတိမာန်စိတ်မှာ တခြားတစ်ဘာသာစီဖြစ်ကြောင်း။ ယခု ဦးမျိုးညွန့်နှင့်တကွ အတ္ထုပ္ပတ္တိရှင် ဦးဘချို၏အကြောင်းများက သက်သေထူ၍နေကြောင်း ဖော်ပြလိုခြင်းပင် ဖြစ်သည်။

ယင်းသို့ဖြင့် ၁၉၂၃ ခုနှစ် ပထမအကြိမ် သပိတ်တိုက်ပွဲဆင်ပြီးနောက် ၁၉၂၆ ခုနှစ်တွင် တဖန် ဒုတိယအကြိမ် တိုက်ပွဲဆင်ကြပြန်သည်။ ထို ဒုတိယသပိတ်တိုက်ပွဲဖြစ်ရခြင်းမှာလည်း ပထမကပင် အလုပ်သမားများ မကျေနပ်မှု နစ်နာမှုများ ရှိနေသည့်အတွင်းပင် ကုမ္ပဏီက လစားအလုပ်သမားများကို နေ့စားအဖြစ် ပြောင်းလဲခန့်ထားလိုက်ခြင်းဖြင့် ဒုတိယအကြိမ် သပိတ်မှောက်မှု ပေါ်လာရခြင်းပင် ဖြစ်သည်။

အမှန်အားဖြင့် အလုပ်သမားများအား မထေမဲ့မြင်ပြုခြင်း၊ ရန်စခြင်းသဘောပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ၊ ထိုဒုတိယသပိတ်တွင် ကိုယ့်အတတ်နှင့် ကိုယ်စူးသောကုမ္ပဏီအဖို့ တစ်နေ့ဝင်ငွေ နှစ်သိန်းမျှ နစ်နာခဲ့ရသည်။ ချောက်ရေနံချောင်း၊ ခံကုန်း၊ တွင်းကုန်း ဘောမဲ့ခိုတောင်များမှ ရေနံတွင်းပေါင်း (၇၀)ခန့် မီးရှို့ဖျက်ဆီးခြင်းခံရသည်။

❐

# အခန်း (၉)

# ထောင့်သုံးရာပြည့် အရေးတော်ပုံကြီး

ဤ ဒုတိယအကြိမ်သပိတ်မှာ ပထမသပိတ်ထက် ပိုမိုပြင်းထန်၍လာကာ အလုပ်သမားများအဖို့မှာလည်း စိတ်ဓာတ်များ အထူးတက်ကြွပြင်းထန်လျက် ထိုဒုတိယအကြိမ်ရေနံမြေသပိတ်၏ ရလဒ်ကား ချောက် ရေနံမြေတွင် အလုပ်သမားအစည်းအရုံးတစ်ခု အောင်မြင်စွာ ဖွဲ့စည်းပေါ်ပေါက်လာနိုင်ခြင်းပင် ဖြစ်၏။ ထို ဒုတိယသပိတ်၏ အရှိန်အဟုန်နှင့် ထိုအစည်းအရုံးမှ စတင်၍ ပျိုးလာခဲ့သောမီးစသည်ပင် နောင်တွင် တတိယရေနံမြေသပိတ်ဖြစ်သော (၁၃၀၀)ပြည့်သမိုင်းဝင် အရေးတော်ပုံကြီး ဖြစ်ပေါ်လာရခြင်းပင်တည်း။

သို့သော် နေရှင်ကုမ္ပဏီများကမူ မလျော့သေးဘဲ တင်းမြဲတင်းမာလျက်သာ အလုပ်သမားများအား တိုး၍ ဖိနှိပ်လာခဲ့သည်။ နောက်ဆုံး (၁၉၃၈)ခုနှစ် ဇန်နဝါရီလ (၈)ရက်နေ့တွင်ကား ဖိနှိပ်လွန်းက ကြွတက်ရစမြဲအတိုင်း အလုပ်သမားအချို့ကို အပြစ်ရှာ၍ ထုတ်ပစ်ရာမှ (၁၃၀၀ ပြည့်အရေးတော်ပုံ)၏ အစ တတိယသပိတ်ကြီး ဖြစ်ပေါ်လာခဲ့ရပေသည်။

ထို တတိယအကြိမ် သပိတ်တိုက်ပွဲတွင် အဖက်ဖက်မှ နောက်ခံအားဖြည့်ကာ မျက်စိပွင့် နိုးကြားလာခဲ့သော အလုပ်သမားများကလည်း လုံးဝအလျှော့မပေးဘဲ နစ်နာချက်ကလေးပေါင်းများစွာကို အပထား၍ လတ်တလော နစ်နာချက်ကြီးပေါင်း နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကို ပြင်းပြင်းထန်ထန် မရမနေတောင်းဆိုခဲ့ကြရာမှ (၁၁)လကြာမြင့်သောအချိန် ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ရေနံမြေအလုပ်သမားပေါင်း (၂၀၀၀) ကျော်ခန့်သည် ချောက်ရေနံမြေမှ မိုင်ပေါင်း (၄၀၀) လေးရာကျော် ခရီးဖြစ်သော ရန်ကုန်မြို့ဆီသို့ နောက်ဆုံးဆန္ဒပြ ချီတက်လာခဲ့ကြခြင်းပင်တည်း။

ထိုသို့ မချီတက်မီ ဓနရှင်ကုမ္ပဏီကြီးများအား အလုပ်သမားများ၏ တောင်းဆိုချက်များကို (၇)ရက်အတွင်း လိုက်လျောပြန်ကြားရန် နောက်ဆုံးရာဇသံပေးခဲ့သည်။ ဓနရှင်ကုမ္ပဏီများကမူ အခြေအနေမဲ့ ကျောမွဲနင်းပြား အလုပ်သမားများ ဤမျှကြီးကျယ်သော အလုပ်ကို လုပ်နိုင်စွမ်းရှိလိမ့်မည်ဟု မထင်ခဲ့သော အထင်သေးမှုနှင့် ဓနရှင်တို့၏ မိမိတို့ကိုယ်ကို အထင်ကြီးမှု၊ ဘဝင်ကိုင်မှုများဖြင့် လိုက်လျောခြင်း၊ ပြန်ကြားခြင်းမပြုသည့်အပြင် အပြစ်မဲ့သော အလုပ်သမားအချို့ကိုပင် အပြစ်ရှာ၍ အလုပ်ထုတ်ပစ်ခြင်း ဖမ်းဆီးခြင်းများကို လုပ်ခဲ့သည်။

## အလုပ်သမားလယ်သမားတပ်ချီခန်း

သို့ဖြင့် အထက်ပါ (နိုဝင်ဘာ ၃၀ ရက်) နေ့ နံနက် စောစောတွင် အလုပ်သမားများ ရာဇသံပေးထားသည့်အတိုင်း သပိတ်အလုပ်သမား (၂၀၀၀) ခန့် ချောက်ရေနံမြေမှ ရေနံချောင်း၊ မကွေး၊ အောင်လံမြို့များကို ဖြတ်၍ ရန်ကုန်မြို့အရောက် ချီတက်သွားကြသည်ကို ဒိဋ္ဌမျက်မြင်တွေ့ကြရသည့်အခါမှ ဓနရှင်များ မျက်လုံးပြူးသွားတော့သည်။

သို့ရာတွင် ယင်းသို့ အလုပ်သမားများ ချီတက်ခဲ့ရသော ခရီးစဉ်ကား လွယ်ကူချောမွေ့သော ခရီးမဟုတ်ဘဲ စွန့်စွန့်စားစား အငတ်ခံ၊ အသေခံ ဆုံးဖြတ်ချီတက်ခဲ့ရသည်။ ကြမ်းတမ်းပြင်းထန်လှသော ခရီးကြမ်းကြီး ဖြစ်လေသည်။ လမ်းတစ်လျှောက်လုံးမှ ပြည်သူအများကမူ အားပေးကြိုဆိုကြသည်။ အကျွေးအမွေးမှစ၍ လိုလေသေးမရှိ ဧည့်ခံ ကျွေးမွေးကြသည်။ ရန်ကုန် ဒို့ဗမာအစည်းအရုံးဌာနချုပ်မှ အသေခံဗိုလ်များကို လွှတ်၍ ကြိုဆိုစေခဲ့သည်။ ကျောင်းသားခေါင်းဆောင်များကလည်း မကွေးသို့အရောက်လာ၍ အားပေးကြိုဆိုကြသည်။

ဤတွင် ကျောင်းသားခေါင်းဆောင်များနှင့် ဒို့ဗမာသခင်ခေါင်းဆောင်များ (ကိုဘဟိန်း၊ ကိုဘဆွေ၊ သခင်ဖေသန်း၊ ကိုစိန်ဝင်း) စသူများ ဖမ်းဆီးခံရသည်။ မကွေးမြို့အရောက်တွင် စစ်ဖက်နယ်ဖက် အရာထမ်းအမှုထမ်းများနှင့် အနုအကြမ်းမျိုးစုံတိုက်ပွဲဝင်ရခြင်း၊ မြင်းနှင့်တိုက်၊ ဒုတ်နှင့်အရိုက်ခံရခြင်းတို့နှင့်တကွ ရေနံမြေသပိတ်ခေါင်းဆောင်



များဖြစ်သော (အာဏ္ဍာဝကသခင်ဖိုးလှကြီး၊ သခင်ဗတင်၊ သခင်ခင်၊ သခင်ဘမောင်၊ သခင်ဖေကြီး၊ ဆရာတော်ဦးဝါယမသာမိ၊ ဦးဇောတိက၊ ဦးဂန္ဓ၊ ရှင်နန္ဒ)တို့နှင့် အလုပ်သမားများစွာ ဖမ်းဆီးခြင်း ခံရသည်။ ထိုသို့ ဖမ်းဆီးရာတွင် များလွန်းသဖြင့် မကွေးထောင်မဆံ့၍ ညတွင်းချင်း မြင်းခြံထောင်သို့ ပို့လိုက်ကြသည်။

သို့သော် အလုပ်သမားများကား တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း နောက်မဆုတ်အားမလျှော့ဘဲ ချီတက်ခဲ့ကြရာ ကြို့ပင်ကောက်မြို့ အရောက်တွင် ယခင်ဖမ်းဆီးခံခဲ့ရသော ခေါင်းဆောင်များကို လွှတ်ပေးလိုက်ခြင်းဖြင့် သပိတ်သမားများနှင့် ပေါင်းဆုံခေါင်းဆောင်ကာ ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော်သို့ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့တွင် ရောက်ခဲ့ကြသည်။

မှတ်သားဖွယ် ထူးခြားသောအချက်ကား ၁၃၀၀ ပြည့် အရေးတော်ပုံအမည်တွင်မည့် ထိုတတိယအကြိမ် ရေနံသပိတ်ကို စတင်ခဲ့သော အချိန်မှာ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်နေ့တွင်ဖြစ်ရာ ရန်ကုန်သို့ ရောက်သောအချိန်မှာ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်နေ့ ဖြစ်သဖြင့် တစ်နှစ်တင်းတင်း ပြည့်သောနေ့ပင် ဖြစ်သည်။ ချောက်၊ ရေနံမြေမှ ရန်ကုန်သို့ မိုင်ပေါင်း (၄၀၀)ကျော်ကို သပိတ်အလုပ်သမားများသည် ရက်ပေါင်း ၄၀ ဆင်းရဲပင်ပန်းစွာ ချီတက်လာခဲ့ကြရာ စတင်ချီတက်စဉ်က အလုပ်သမား (၂၀၀၀) နှစ်ထောင်ခန့်မှာ လမ်းခရီးတွင် ဖမ်းဆီးခြင်း၊ နာမကျန်း၍ ပြန်လွှတ်ရခြင်းများကြောင့် လူပေါင်း တစ်ထောင်ကျော် (၁၂၀၀) မျှသာ ရန်ကုန်သို့ရောက်လာနိုင်ခဲ့ကြတော့သည်။ (ဤကား ယခု အတ္ထုပ္ပတ္တိတွင် တစ်စိတ်တစ်ဒေသ သက်ဆိုင်ပါဝင်ခဲ့သော ထိုစဉ်က ရေနံမြေသပိတ် နောက်ခံနိုင်ငံရေးကားချပ်တစ်ခုကို အကျဉ်းမျှ ဖော်ပြလိုက်ခြင်းဖြစ်ရာ အကျယ်ကို ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့် အရေးတော်ပုံများတွင် ဖတ်ရှုနိုင်ကြပါသည်။)

## ကျောင်းသားသပိတ်အရေးတော်ပုံ

ယင်းကဲ့သို့ ရေနံမြေအလုပ်သမားများ ရန်ကုန်သို့ မရောက်မီကပင် မကွေး၌ ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးခြင်းခံရသည်ကို အကြောင်းပြု၍ ရန်ကုန်မြို့ရှိ ကျောင်းသားများသည် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် အတွင်းဝန်ရုံးကိုဝိုင်း၍ ဆန္ဒပြမှု၊ အရေးဆိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ဤတွင် နယ်ချဲ့လက်ပါးစေ မြင်းစီးဂေါ်ရာ ပုလိပ်များနှင့် တုတ်ကိုင် အိန္ဒိယသား စစ်ပုလိပ်များ၏ လက်ချက်ဖြင့် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည်။ ထိုသို့ ကျဆုံးမှုကြောင့် ရေနံမြေ

www.burmeseclassic.com

www.burmeseclassic.com



သပိတ်အရေးမအေးမီ ကျောင်းသားအရေးတော်ပုံကြီး တစ်ခုက ထပ်ဆင့်ပေါ်လာရပြန်သည်။

ယင်းကဲ့သို့ ပွဲကြီးပွဲကောင်းနှင့် ကြုံကြိုက်နေသောအချိန် (ဒေါက်တာဘမော် ညွှန့်ပေါင်းအစိုးရ၏ ဘေးကျပ်နံကျပ် တွေ့ကြုံနေရသောအချိန်)တွင်ပင် တိုင်းပြည်၏ ဘက်တော်သား သတင်းစာဆရာတစ်ဦးဖြစ်သော ဆရာ၏ ဒီးဒုတ်နေ့စဉ်သတင်းစာလည်း (နိုဝင်ဘာ ၂၃ ရက်နေ့တွင်) စတင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤတွင် ထူးခြား တိုက်ဆိုင်၍နေသောအချက်မှာ ဆရာ၏သတင်းစာထွက်ပြီး တစ်လမြောက်သောနေ့တွင် နယ်ချဲ့ပုလိပ်များ၏ လက်ချက်ဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် သေဆုံးရခြင်းပင်ဖြစ်သည်။

ဆရာ၏ သတင်းစာမှာ ယခင်ရေနံမြေ အလုပ်သမား သပိတ်အရေးတော်ပုံ စတင်ဖြစ်ပေါ်လာသည့်အချိန်နှင့် အံကိုက်အချိန်မီ အခါကောင်းကို ယူ၍ ထွက်ပေါ်လာသော သတင်းစာဖြစ်သည့်အတိုင်း ထိုစဉ်က သတင်းစာများအနက် ကျောင်းသားအရေး၊ ရေနံမြေသပိတ်အရေး၊ သတင်းများကို (ယခင် ဂျွန်ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံနည်းတူ) အထူးအရေးပေးဖော်ပြခြင်းဖြင့် ထိုအရေးတော်ပုံ သတင်းများတွင် အစုံလင်ဆုံး သတင်းစာတစ်စောင်ဖြစ်ခဲ့သည်။ (ထို့ကြောင့် ထုတ်ဝေပြီး တစ်လမကြာမီ စောင်ရေသောင်းကျော်သွားရာ ထိုခေတ်က စောင်ရေ တစ်သောင်းကျော်မှာ သာမည စောင်ရေမဟုတ်ပေ)။

ယင်းသို့ ရေနံမြေသပိတ်များ ရန်ကုန်သို့ ချီတက်လာသည့်အချိန်မှာပင် သထုံ၊ ဝေါ၊ ပဲခူးနှင့်မန္တလေးလမ်း ဓေယျာဝတီမြို့များမှ ယောကျ်ား မိန်းမ၊ ရဟန်း၊ သံဃာ အပါအဝင် လူပေါင်း (၇၀၀)ကျော်ပါ လယ်သမားကျောမွဲတပ်များကလည်း မိမိတို့ အနှစ်နှစ်အလလ နစ်နာမကျေနပ်ချက်များနှင့် မိမိတို့သားချင်း အလုပ်သမားများအား ထောက်ခံ ဆန္ဒပြသောအားဖြင့် ယင်းရေနံမြေအလုပ်သမားများနှင့် ပူးပေါင်းရန် ရန်ကုန်သို့ ချီတက်လာခဲ့ကြပြန်သည်။ ဤတွင် ထိုအချိန်က လယ်သမား အလုပ်သမားတပ်ကြီးများ ချီတက်လာပုံကို စာဖတ်သူများ ကွင်းကွင်းကွက်ကွက် မျက်ဝါးထင်ထင် တွေ့မြင်ရသလို ဖတ်ရှုနိုင်ရန် ထိုစဉ်က ဒီးဒုတ်သတင်းစာတွင် ပါရှိသောသတင်းဆောင်းပါးများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

## အလုပ်သမား၊ လယ်သမားတပ်ကြီးများ ချီတက်လာခြင်း

ထိုနေ့ကား (၈–၁–၃၉)တနင်္ဂနွေနေ့ နံနက်စောစော နှင်းတွေဝေလျက်ရှိသည်။



အခြားလူတန်းစားလွှာ အသီးသီးအဖို့ ချမ်းခိုက်ခိုက်တုန်ကာ စည်းစိမ်ရှိသော အိပ်ရာခုတင်ထက်၌ ကွေး၍ ကောင်းတုန်းအချိန် နံနက် ၄ နာရီတွင် သထုံနယ်၊ လယ်သမားတပ်ကြီးသည် မိမိတို့ စခန်းချရာ ရေကူးရွာမှ ထွက်ခွာ ချီတက်လာခဲ့ကြသည်။ (ပထမက ထိုသထုံလယ်သမားတပ်နှင့် အတူ ဝေါလယ်သမားတပ်များလည်း ပါရှိလာကြရာ တစ်ဖက်မှ အမှောင့်ပယောဂ အဖျက်သမားများလက်ချက်ကြောင့် ပဲခူးတွင် စိတ်ဝမ်းကွဲပြီးနောက် တပ်ပြန်ခေါက်ကာ ဝေါသို့ ပြန်သွားကြသည်။)

နံနက် ၅ နာရီတွင် ထိုလယ်သမားတပ်ကြီးသည် ကမာရွတ်လမ်းဆုံသို့ရောက်ကြရာ နှင်းတွေဝေတုန်းပင် ဖြစ်သည်။ ထိုနေရာတွင် ရေနံမြေမှ ချီတက်လာခဲ့ကြသော ရေနံမြေသပိတ်တပ်ကြီးနှင့် ပေါင်းစုံ ချီတက်ရန် ချိန်းဆိုထားသည့်အတိုင်း စောင့်ကြိုလျက်ရှိကြသည်။ ထိုအချိန်မှဲကြီးတွင်ပင် လာရောက်အားပေးကြည့်ရှုကြိုဆိုနေကြသော ပရိသတ်တို့မှာ တိုးမပေါက်အောင်ပင် ရှိနေသည်။

နံနက် ၈ နာရီတွင် ရေနံသပိတ်အလုပ်သမားတပ်ကြီးသည် စခန်းချရာ ကမာရွတ်ကျားကျောင်းတပ်စခန်းဆီမှ ချီတက်လာကြရာ ယခင် လယ်သမားတပ်နှင့် ပူးပေါင်းမိကြပြီးနောက် ရန်ကုန်သို့ ဆက်လက်ချီတက်ကြသည်။ အစီအစဉ်အတိုင်း ရန်ကုန်မှ ကြိုဆိုရေးအဖွဲ့များဖြစ်သော မလွှကုန်းရေကြည်တော်ဝတ်အသင်းနှင့် အောင်သပြေတပ်များက ဆီးကြိုရှေ့ဆောင်ကာ ကန်တော်ကလေးမီးသတ်အဖွဲ့၊ ရန်ကုန်ရဲတပ်ဖွဲ့နှင့် သံဃာတော်များ။

ထိုနောက် ရန်ကုန် ဘတ်စ်ကားသပိတ်၊ ရေကျော် ရဲတပ်နှင့်ကြီးပွားရေးအဖွဲ့၊ ကျောက်သွေးသမားများအသင်း၊ သထုံနယ်မှ လယ်သမားများနှင့်အတူ လိုက်ပါလာကြသော သံဃာတော်များ၊ ပဲခူးမြို့မှ သာသနာ့ရက္ခိတ ရဟန်းတော်အဖွဲ့များနှင့်တကွ ဖြူးနယ်မှ ချီတက်လာကြသော လယ်သမားတပ်များနှင့် ပေါင်းမိကြပြန်သည်။ ထိုသို့ ပေါင်းသောအချိန်တွင် 'ဒို့ဗမာ အရေးတော်ပုံအောင်ပါစေ'ဟု အော်ဟစ်လိုက်ကြသော ကြွေးကြော်သံများမှာ ကြားရသူများ ကြက်သီးဖြန်းဖြန်းထ နားကွဲလုမတတ် ပတ်ဝန်းကျင်တစ်ဝိုက် တုန်ဟည်းသွားလေသည်။

ထိုနောက် ဗမာ့လက်ရုံးတပ်၊ စူရတီဈေးအသင်းအမျိုးသမီးများ၊ ရန်ကုန်ကြိုဆိုရေးအဖွဲ့ လူငယ်များ၊ ဒို့ဗမာအစည်းအရုံး၊ ဖျိုင်းရေအိုးစင် ပြုပြင်ရေးအဖွဲ့၊ မီးတုတ်များကို ကိုင်ဆောင်လာကြသော စမ်းချောင်းရပ်လူငယ်များ ကာကွယ်ရေးအဖွဲ့၊ ကြည့်မြင်တိုင် ကျွန်းတောကွက်သစ်အဖွဲ့၊ လင်းလွန်းကွက်သစ်မှ လူငယ်များညီညွတ်ရေးအဖွဲ့၊ လွတ်လပ်ရေးစာဖတ်အသင်း၊ ချင်းချောင်းခြံ ဆင်းရဲသားညီညွတ်ရေးအဖွဲ့၊ ပြည်လုံးချမ်း

www.burmeseclassic.com



သာစေတီတော်ဝတ်အသင်းမှစ၍ အသင်းပေါင်းစုံ အသီးသီးက ထိုသပိတ်တပ်ကြီးများနှင့် လိုက်ပါလာကြသည်။

ထိုနောက် အလုပ်သမားအမတ် ဦးဘလှိုင်ကြီးမှူးသော အလုပ်သမားများကလည်း ကြည့်မြင်တိုင်ဗားကရာလမ်းမှ ဆီးကြိုလိုက်ပါလာကြပြန်သည်။ အထက်ပါ ရေနံတပ်၊ လယ်သမားတပ်တို့နှင့်တကွ အဖွဲ့အသီးသီးမှ အလံများမှာ တလူလူ လွှင့်ထူကာ ဒို့ဗမာအောင်တပ်မတော်ကြီးနှင့် မခြား လေကစား၍ တလွှားလွှားပါရှိလာကြလေသည်။

ထိုသို့ တပ်များအသီးသီး ချီတက်ရာ လမ်းတစ်လျှောက်တွင် ဒို့ဗမာအစည်းအရုံးမှ ခေါ်ဆောင်ထားသော မြန်မာပြည် တစ်ပြည်လုံးမှ အသေခံသခင်ဗိုလ်များက ရှေးမြန်မာတပ်မတော်ကြီးများ၏ ထုံးတမ်းစဉ်လာအရ တပ်ဦးမှ ဖြတ်သန်းခြင်းမပြုကြရန် ဟစ်အော်သိပေးလိုက်ပါလာကြသည်။ မကြာမီ ပြည်လမ်းတစ်လျှောက် ချီတက်လာကြရာမှ ဟံသာဝတီလမ်းစာက်သို့ ချိုးဝင်ကာ ကြံတောသုသာန်သို့ (ဒီဇင်ဘာ ၂၀ ရက်နေ့) ကျောင်းသားအရေးတော်ပုံတွင် ကျဆုံးခဲ့ရသော အာဇာနည်ဗိုလ်အောင်ကျော်၏ အုတ်ဂူရှိရာကို ဝင်ရောက်အလေးပြုကြသည်။

ထိုနောက် ဟံသာဝတီလမ်းတစ်လျှောက် ချီတက်လာကြပြီးနောက် ကြည့်မြင်တိုင်မကျည်းတန်းလမ်း၊ ကမ်းနားလမ်း၊ ဈေးကြီးလမ်း၊ ဗားကရာလမ်း၊ စမ်းချောင်း၊ ရှမ်းလမ်း၊ အင်းနှစ်လမ်း၊ အလုံဆူပါပင်လမ်းမှ အလုံပန်းခြံသို့ ၁ နာရီခွဲအချိန်တွင် ရောက်ရှိကြသည်။

ထိုနေရာတွင် အလုပ်သမား လယ်သမားတပ်ကြီးသည် နံနက်စာစားရန် အစီအစဉ်ရှိသဖြင့် မော်တော်ကားများ၊ လူထု ပရိသတ်များမှာ ပန်းခြံနံဘေးပတ်ဝန်းကျင်တွင် တိုးမပေါက်အောင် စည်းကား များပြားလျက်ရှိကြသည်။ သပိတ်တပ်ကြီးအတွက် ရန်ကုန်မြို့ရပ်ကွက်အသီးသီးမှ စုဆောင်းကောက်ခံ လာရောက်ပို့ထားသော ထမင်းထုပ် ပုံကြီးများမှာ တောင်ပုံရာပုံမျှဖြင့် ထမင်းထုပ်ပေါင်း ငါးထောင်ကျော်မျှ စုပုံလျက် ရှိနေသည်။

ရေနံတပ်၊ လယ်သမားတပ်များနှင့် ကြိုဆိုရေးအဖွဲ့ အသီးသီးတို့သည်လည်း 'မီးတုတ်–မီးတုတ် ရှို့ရှို့၊ သပိတ်–သပိတ် မှောက်မှောက်' စသောကြွေးကြော်သံများနှင့် ပန်းခြံတွင်းသို့ လက်သီးလက်မောင်းတန်း၍ ဝင်ရောက်လာကြသည်မှာ ကြက်သီးဖြန်းဖြန်းထဖွယ် တွေ့မြင်ရသူများအဖို့ စိတ်တက်ကြွ အားရဖွယ်ကောင်းလှသည်။

တပ်အသီးသီးတို့သည် မိမိတို့ဆိုင်ရာ ခေါင်းဆောင်တပ်ဗိုလ်များ၏စကားကို တစ်သဝေမတိမ်း နားထောင်ကြကာ မိမိတို့အတွက် ချထားသော နေရာအသီးသီးတွင် နံနက်စာများကို စည်းကမ်းတကျ စားသောက်ကြပြီးနောက် အနားယူအပန်းဖြေကြသည်။



ထိုသို့ ထမင်းထုပ်များကို လှူစေအောင် ပေးကမ်းဝေငှရာတွင် အချို့ ထမင်းထုပ်များ၌ ပိုက်ဆံများ၊ ငွေစက္ကူများ၊ စာလွှာများ အသီးသီးပါလာကြသည်ကို တွေ့ရသည်။

ထိုနောက် ညနေ ၃ နာရီတွင် အလုံပန်းခြံမှ ကမ်းနားလမ်း၊ မော်တင်လမ်း၊ ဒါလဟိုဇီလမ်း၊ ဂေါ်ဒွင်လမ်းအတိုင်း ချီတက်ကြပြန်ကာ မြို့မကျောင်းရှေ့သို့ ရောက်လျှင် သပိတ်မှောက်ကျောင်းသူကျောင်းသားကလေးများက ဝဲ၊ ယာ လမ်းတစ်ဖက်တစ်ချက်မှ ဒေါင်းအလံကြီးများကို လွှင့်ထူကြိုဆိုကြကာ ညာဘက်လက်သီးများကိုဆုပ်လျက်'အရေးတော်ပုံ အောင်ပါစေ'ဟု သံပြိုင် ဟစ်အော် ကြွေးကြော် အရိုအသေပြုကြသည်။

ထိုနေရာတွင် ရေနံတပ် ခေါင်းဆောင် သခင်ဖိုးလုကြီးက 'ယခု ချီတက်လာကြသော မိမိတို့တပ်ပေါင်းစုသည် မိမိတို့တောင်းဆိုချက်များကို မရမချင်း အသက်အသေခံ၍ တိုက်ယူမည်ဖြစ်ကြောင်း၊ ယခုပင် အာဇာနည်ကျောင်းသူကျောင်းသားများနှင့် မိမိတို့ဆင်းရဲသား အလုပ်သမား၊ လယ်သမား သပိတ်ပေါင်းစုံ တပ်ပေါင်းစုသည် အတူတကွ လက်တွဲ၍ သွေးစည်းဆောင်ရွက်သွားရန် အဓိဋ္ဌာန်ပြုပါကြောင်း' စသည်များကို ဟောပြောပြီးနောက် ဂေါ်ဒွင်လမ်းမှ ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ ချီတက်လာကြရာ ညနေ ၅ နာရီတွင် စေတီတော်ခြေရင်း တောင်ဘက် စောင်းတန်းသို့ ဆိုက်ရောက်လာကြလေသည်။

ထိုနေရာတွင်လည်း စောင့်ဆိုင်းကြိုဆိုနေကြသော လူထုပရိသတ်ကြီးမှာ ရုတ်ရုတ်သဲသဲ တိုးမပေါက်လောက်အောင် အထူးစည်းကား များပြားပြည့်နှက်လျက်ရှိသည်။ ရွှေတိဂုံစေတီတော်ကြီးတောင်ဖက်စောင်းတန်းသို့ ရောက်လျှင် အလုပ်သမား၊ လယ်သမားပေါင်းစုံ သပိတ်တပ်ကြီးသည် ရပ်နားခြင်းမရှိ။ ရှေ့ဆုံးမှ လိုက်ပါလာသော ရဲတပ်နှင့် မီးတပ်ဖွဲ့များက ရှေ့ဆောင်ကာ ကုန်းတော်ပေါ်သို့ ချီတက်ကြရာ ရဲတပ်ဘင်ခရာအဖွဲ့က စောင်းတန်းအဝ၌ စစ်တပ်များ ထုံးတမ်းစဉ်လာအတိုင်း စစ်ချီသံများကို တီးမှုတ်၍ နေကြသည်။

လယ်သမားတပ်၊ ရေနံတပ်၊ သပိတ်တပ်စသော တပ်အသီးသီးက မိမိတို့၏ တပ်ဖွဲ့ဗိုလ်များနှင့် တပ်စဉ်အတိုင်း ချီတက်သွားကြသည်မှာ စောင်းတန်းဝဲယာနှစ်ဖက်မှ စောင့်ကြိုတွေကမြင်ရသူများအဖို့ ကြေကွဲဖွယ် ရင်ဆို့ဖွယ်၊ ဝမ်းနည်းဝမ်းသာဖွယ်၊ စိတ်တက်ကြွ ကြက်သီးထဖွယ်၊ ခံစားချက်အမျိုးမျိုးကို ခံစားကြရကာ အချို့စိတ်မနိုင်သူများအဖို့ မျက်ရည်များပင် ကျဆင်းကာ တရှုံ့ရှုံ့ငိုကြွေးကြသည်ကို တွေ့ရသည်။

ထိုသို့ ဝမ်းနည်း ဝမ်းသာ လှိုက်လှဲရင်ဆို့မှုများကြားမှ 'ဒို့ဗမာ'ဟူသော အော်ဟစ်သံများ၊ 'အရေးတော်ပုံအောင်ပါစေ...အောင်ရမည်'ဟူသော ကြွေးကြော်သံများသည် ဘုရားကြီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ပွဲတင်တုန်ဟည်း မြေကြီးပြိုခမန်းဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်စောင်းတန်းအဝနှင့် အဆင့်ဆင့်နေရာများမှ ကြိုဆိုရေးအဖွဲ့ အမျိုးသမီးကြီး ငယ်များကလည်း သပြေပန်းကိုယ်စီ ကမ်းလှမ်းကာ အောင်သပြေခက်များနှင့် ညောင်ရေ များပက်ဖျန်းလျက် အချို့အမျိုးသမီးကြီးများမှာ စိတ်ကိုမထိန်းနိုင်ဘဲ ဝမ်းမြောက်ဝမ်းသာ ကခုန်ကြသည်အထိ တွေ့မြင်ရသည်။

ထိုနေ့က ထူးခြားသည်မှာ နံနက်ခင်း နှင်းတွေဝေ၍ တစ်နေ့လုံးတစ်မိုးလုံး အုံ့မှိုင်း၍ နေကာ မိုးအနည်းငယ်ပင် ရွာသွန်းချလိုက်သေးရာ အောင်မြင်အေးချမ်းမည့် နိမိတ်ဟူ၍ အချို့က ပြောဆိုနိမိတ် ကောက်ယူကြသည်။ ထို့နောက် ချီတက်ရေးအစီအစဉ်ကို အောင်မြင် စွာ ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်ပြီးနောက် တပ်အသီးသီး မိမိတို့အတွက် စီစဉ်ထား သောနေရာများသို့ သွားရောက်အနားယူ အပန်းဖြေကြလေသည်။

## လယ်သမားများ၏ တောင်းဆိုချက်

နောက်တစ်နေ့ (၉-၁-၃၉)တွင် အနောက်မုခ် အလယ်ပစ္စယံ၌ တပ်စခန်းချနေ သော လယ်သမားတပ်ကြီးသည် နံနက် ၁၀ နာရီခွဲအချိန်မှ စ၍ မြန်မာပြည်လုံးဆိုင်ရာ လယ်သမားအစည်းအဝေးကြီးကို ကျင်းပပြုလုပ်ကြသည်။ ထိုအစည်းအဝေးတွင် အောက် လွှတ်တော်အမတ် သာယာဝတီ သခင်မြက သဘာပတိပြုလုပ်ဆောင်ရွက်၍ ၇-ထောင်စီ သခင်လှမောင်(ကြီး)က အကျိုးဆောင်အဖြစ် ဆောင်ရွက်ကာ လယ်သမားများနှင့်ပတ်သက် ၍ အရေးကြီးသော အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ကြလေသည်။

## လယ်သမားအစည်းအဝေးကြီး ဆုံးဖြတ်ချက်များ

၁။ နှစ်စဉ်နှစ်တိုင်း လယ်သမားများအား အမတော်ကြေးငွေများ ထုတ်ပေးမည်ဟု ကြေညာခဲ့သော်လည်း ထိထိရောက်ရောက် ထုတ်ပေးခြင်း မပြုသဖြင့် မြေပိုင်ရှင်နှင့် ငွေချေး စားသူတို့၏ စက်ကွင်းမှ မလွတ်ကင်းနိုင်ဘဲ အတိုးကြီးကြီးပေး၍ ငွေများ ချေးငှားယူရခြင်း ကြောင့် လယ်သမားများအဖို့ ဝမ်းစာပင် မကျန်သည့် အဖြစ်မျိုးသို့ ကြုံရသည့်အတွက် အစိုးရများက အတိုးနည်းနည်းနှင့် အမတော်ကြေးငွေများ လုံလောက်စွာ ထုတ်ချေးရန်။

၂။ လယ်လုပ်သူများအား အမတော်ကြေးပေးသကဲ့သို့ စာရင်းငှားကူလီများကို လည်း ထိုနည်းတူ ၎င်းတို့အလုပ် လုပ်ကိုင်စဉ် မပူမပင်မကြောင့်မကျ စားသောက်လုပ် ကိုင်နိုင်ရန် အမတော်ကြေးများကို ထုတ်၍ ချေးရန်။

၃။ ယခုအခါ လက်သင့်ရာစားတော်ခေါ်စနစ်အတိုင်း လက်သင့်ရာ လူများသာ



လျှင် မြေငှား၍ လုပ်နိုင်ကြသဖြင့် လုပ်စားရန် မြေမရှိသော လယ်သမားများအဖို့လည်း လုပ်ကိုင်စားသောက်ရန် မြေများကို ဝေငှပေးရန်။

၄။ စပါးတင်းတောင်းကြီးကြီးနှင့် လယ်သီးစားခ စပါးများကို လယ်ပိုင်ရှင်များက ခြင်တွယ်၍ယူနေခြင်း၊ စပါးပေးအကြွေးပေးရသည့်အခါတွင်လည်း ထိုနည်းတူ တင်း တောင်းကြီးများနှင့် ခြင်၍ယူခြင်းစသော မတရားပြုမှုမှုများကို တားမြစ်ပိတ်ပင်ကာ အလေး တင်းတောင်း အချိန်အဆအမှန်ကို ကန့်သတ်ပေးရန်။

၅။ လယ်သမားများ၏ ချွေးနည်းစာဖြင့် လုပ်ကိုင်၍ရသော စပါး၊ ပဲ၊ ပြောင်း၊ ဆေး၊ နှမ်း စသော လယ်ယာကိုင်းကျွန်းထွက် ပစ္စည်းအသီးအနှံများကို နိုင်ငံခြားသို့ အမြတ်ကြီးစား၍ တစ်ဆင့်ဝယ်ယူတင်ပို့ရောင်းချစားသောက်နေသော ငွေရှင်၊ ကြေးရှင်၊ အရင်းရှင်၊ နေရှင်များ အစား အစိုးရကိုယ်တိုင် လယ်သမားများ သက်သာချောင်ချိရေးကို ရှေးရှု၍ ဈေးကောင်းရရန် တာဝန်ယူရောင်းချပေးရန်။

၆။ လယ်ငှားခယူရာတွင် အကန့်အသတ်မရှိဘဲ လယ်ပိုင်ရှင်များသဘောအတိုင်း နိုင်ထက်စီးနင်း ယူချင်သလိုယူနေသည်ကို ထိုသို့ မယူစေဘဲ လယ်ထွက်ပစ္စည်း လေးပုံ တစ်ပုံသာလျှင် ယူစေရန်။

၇။ လယ်သမားများပိုင် မြေကလေးများကို ငွေရှင်ကြေးရှင်များက သိမ်းယူခြင်း၊ အဖိုးဈေးနှုန်းအနည်းငယ်မျှနှင့် နိုင်ထက်စီးနင်း ဝယ်ယူခြင်းစသော မတရားမှုများကို ပြု နေခြင်းမှ တားမြစ်ကာ လယ်မြေများကို လယ်သမားများလက်မှ မလွတ်စေသော နည်းဥပဒေများ ရေးဆွဲအတည်ပြု လုပ်ဆောင်ပေးရန်။

၈။ လယ်သမားများ၏ လယ်မြေများကို ငွေချေးရာတွင် အပေါင်ခံအဖြစ်ဖြင့် သွင်းထားရာ ထိုလယ်မြေများကို ငွေရှင်ကြေးရှင်များက သိမ်းယူခြင်းမပြုစေဘဲ ကြွေးမြီ စေ့စပ်ရေးဥပဒေများဖြင့် ၁၀ နှစ်၊ ၁၅ နှစ်၊ အနှစ် ၂၀ စသည်အားလျော်စွာ အရစ်ကျ ပေးချေနိုင်သော စီမံချက်ဥပဒေများကို ပြုလုပ်ပေးရန်။

၉။ လယ်သမားများ၏ လယ်မြေများကို အပေါင်ခံထား၍ ငွေချေးရာတွင် ငွေ ပြန်မဆပ်နိုင်သည့်အခါ ငွေရှင်များက လယ်သမားပိုင် ပစ္စည်းများကို အားလုံးသိမ်းယူ လိုက်ခြင်းဖြင့် လယ်သမားများမှာ လုပ်ကိုင်စားသောက်ရန် မြေယာလက်မဲ့ ဖြစ်ကြရသဖြင့် အကယ်၍ ကြွေးမြီအတွက် သိမ်းလျှင် အနည်းဆုံး နေအိမ်၊ ခြံမြေနှင့် လုပ်ကိုင်စားသောက် ရန် လယ်မြေ ၁၀ ဧကကို ချန်လှပ်၍ သိမ်းယူစေရန်။

၁၀။ ကြွေးမြီအတွက် စပါးများကို သိမ်းယူရာတွင် ဝမ်းစာအတွက် ချန်လှပ်၍ သိမ်းယူရန်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ အတိုးသက်သာချောင်ချိသောနှုန်းဖြင့် ချေးငှားနိုင်ရန် မြေပေါင်ခံဘဏ်များကို နယ်တိုင်းတွင် ဖွင့်၍ပေးရန်။

၁၂။ လယ်သမားများနှင့် လယ်ပိုင်ရှင်များ မသင့်မတင့်စေဘဲ လယ်သီးစားအတွက် အချင်းများ၍နေကြခြင်းမှာ မြေခွန်တော်များ မတန်တဆ ထမ်းဆောင်ရခြင်းအတွက်လည်း အချက်တစ်ချက်ပါဝင်ရာ လယ်သမားများနှင့်လယ်ပိုင်ရှင်များ သက်သာချောင်ချိစေရန် မြေခွန်လယ်ခွန်များကို လျှော့ချပေးရန်။

အမှန်အားဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာပြည်လွတ်လပ်ရေးရခဲ့ပြီးနောက် လယ်သမားများအတွက် လုပ်ကိုင်စားသောက်ရန် တစ်အိမ်ထောင်လျှင် လယ်ငါးဧက ပြဿနာမှာ ထိုစဉ်ကပင် ပေါ်ပေါက်ခဲ့သော ပြဿနာဖြစ်သည်။ သို့သော် နယ်ချဲ့လက်အောက် ကျွန်သဘောက်ချင်းအတူတူဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယ အစိုးရအဖွဲ့ဝင်များ၏ လှုပ်ရှားထကြွလုပ်ကိုင်ကြပုံချင်းက မတူပေ။

ထိုအချိန်ကပင် အိန္ဒိယပြည်နယ် ပြည်မအစိုးရခေါင်းဆောင်ကြီးများသည် လယ်သမားများအပေါ် တင်ရှိနေသော ကြွေးမြီများအတွက် ကြွေးမြီစေ့စပ်ရေးဥပဒေ၊ လယ်သမားများပိုင်မြေများ ခနရှင်လက်သို့ ကျရောက်မသွားစေရန် လယ်မြေပြောင်းရွှေ့ရေး ဟန့်တားသည့်ဥပဒေများနှင့် လယ်သမားများ သက်သာချောင်ချိရေးအတွက် လယ်မြေများမှ ထွက်သော အသီးအနှံများကို ဈေးကောင်းရစေရန် အစိုးရများကိုယ်တိုင်က စုပေါင်းရောင်းချပေးသော ဥပဒေစီမံကိန်းများကို ရေးဆွဲချမှတ်ပေးနေချိန် ဖြစ်သည်။

လယ်မြေမရှိသော လယ်သမားများအတွက် လုပ်ကိုင်စားသောက်ရန် လယ်ငါးဧကစီပေးရန် စီမံကိန်းဥပဒေများကို ရေးဆွဲချမှတ်ကာ ထိုဥပဒေအရ လယ်မြေများ လျှောက်ထားလိုသော လယ်သမားများသည် နယ်အရာရှိရုံးများသို့ လျှောက်ထားရန်။ ထိုလျှောက်လွှာများကို သက်ဆိုင်ရာအရာရှိများက စစ်ဆေးပြီးနောက် လယ်မြေဧက ၂၀ ထက်ပို၍ ပိုင်ဆိုင်သောမြေရှင်များထံမှ လယ်ငါးဧကစီ သိမ်းယူ၍ပေးခြင်း။

ဤတွင် မလုံလောက်သေးလျှင် လယ်မြေဧက ၂၀ ထက် ပို၍ လုပ်ကိုင်စားသောက်သော လယ်သီးစားများထံမှ လယ်မြေ ငါးဧကစီ ဖဲ့ယူ၍ ပေးခြင်း၊ ထိုကဲ့သို့မှမရနိုင်သေးလျှင် ကျွဲစားကျက် နွားစားကျက်မြေများမှ လယ်မြေငါးဧကစီ ခွဲဝေ၍ပေးခြင်း။ ထိုမြေများအတွက် ကောလိပ်တော်ရုံးမှ ဆုံးဖြတ်သည့်အခွန်ကို ပေးဆောင်ခြင်းဖြင့် အခွန်ဆောင်နေသမျှကာလပတ်လုံး ထိုမြေကို မည်သူမျှ သိမ်းယူခြင်း မပြုနိုင်ဘဲ သားစဉ်မြေးဆက် လုပ်ကိုင်ပိုင်ဆိုင်ခွင့်ရှိလေသည်။



ထိုစီမံကိန်းဥပဒေများအပြင် မျိုးချစ်စိတ်ရှိသော မြေရှင်သူဌေးများကိုယ်တိုင်က မိမိတို့ပိုင်လယ်မြေများမှ တစ်စိတ်တစ်ဒေသကို ခွဲဝေ၍ အနှစ် ၂၀ အရစ်ကျပေးချေသည့် စနစ်ဖြင့် အစိုးရမှတစ်ဆင့် လယ်သမားများအား ရောင်းချခြင်းများကို စတင်လုပ်ကိုင်နေသော အချိန်ဖြစ်သည်။

သို့သော် ထိုအချိန်က နယ်ချဲ့လက်ပါးစေ အစိုးရချင်း အတူတူ မြန်မာပြည်အစိုးရအဖွဲ့ဝင် ခေါင်းဆောင်ကြီးများမှာမူ မိမိတို့ကိုယ်ကျိုး ကိုယ့်စီးပွားနှင့် ငါ့သားငါ့မယား ကောင်းစားရေးများကိုသာ လုပ်ကိုင်နေကြခြင်းဖြင့် ဆင်းရဲသားနင်းပြားလယ်သမားကျော့မွဲများ၏အရေးကို လျစ်လျူရှုဥပေက္ခာပြုခဲ့ကြရာ အထက်ပါအတိုင်း အစားမဝခါးမလှရှာသော လယ်သမားများမှာ နောက်ဆုံး ရန်ကုန်မြို့တော်အရောက် စုရုံးချီတက်ဆန္ဒပြခဲ့ကြခြင်းပင် တည်း။

ထိုစဉ်က ယင်းရေနံ့သပိတ် အလုပ်သမား၊ လယ်သမားများအကြောင်းကို သတင်းစာများအသီးသီးခေါင်းကြီးများမှ ရေးသားဖော်ပြကြရာ ထိုအချိန်က ဒီးဒုတ်နေ့စဉ်သတင်းစာမှ 'သတင်းနှင့်ထင်မြင်ချက်'ကို ဖတ်ရှုရခြင်းဖြင့် ယနေ့လက်ငင်းဖြစ်ပျက်တွေ့ကြုံနေသော အခြေအနေနှင့်အံဝင်ခွင်ကျ တိုက်ဆိုင်နေကြောင်း တွေ့မြင်နိုင်ပေသည်။

## လယ်သမားနှင့်အလုပ်သမား

ပြာသိုလဆုတ် ၄ ရက်နေ့က လယ်သမားများနှင့်ရေနံမြေအလုပ်သမားများသည် ရန်ကုန်မြို့တွင်းသို့ ချီတက် ဝင်ရောက်လာကြရာ မြို့သူမြို့သားများက အားတက်သရော ဝိုင်းဝန်းဆီးကြိုစည့်ခံကြသည်ကို တွေ့ရှိရကြောင်း။ ထိုနည်းတူ ၎င်းတို့ ခြေလျင်လျှောက်၍လာကြရာ လမ်းတစ်လျှောက်လုံးတွင် ထမင်းဟင်းများ ကျွေးမွေးခြင်း၊ ကွမ်းဆေးလက်ဖက်များ ပေးကမ်းခြင်း၊ လက်ဖက်ရည်၊ ကော်ဖီများ တိုက်ကျွေးခြင်း၊ အိပ်ရာနေရာထိုင်ခင်းများ လိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးကမ်းခြင်း စသော အကူအညီများကို အားတက်သရော အလှူက်သည်းလှိုက် ပေးကမ်းကူညီခဲ့ကြလေသည်။

ရှေးအခါများက ဆင်းရဲသားများမှာ အချင်းချင်း သဘောကွဲလွဲကာ တစ်ယောက်နှင့်တစ်ယောက် စောင်မကြည့်ရှုရမှန်းမသိအောင် စိတ်ဝမ်းကွဲပြား၍နေခဲ့ရာ ယခုမှာမူ ထိုကဲ့သို့မဟုတ်ဘဲ တပ်ချီ၍လာသော ရေနံမြေသပိတ်သမား ဆင်းရဲသားများအား ဆင်းရဲသားအချင်းချင်း ကျောချင်းကပ် ရင်ချင်းအပ်ကာ ကူညီကြလေသည်။

ဤသည်ကို ထောက်သဖြင့် ဆင်းရဲသားများသည် မည်သူနှင့်ပေါင်းလျှင် အကျိုး

www.burmeseclassic.com

www.burmeseclassic.com



အများဆုံး ခံစားရသည်ကိုသိ၍ လိုသော အသိဉာဏ်တိုးခြင်းဖြစ်ရာ ဤအတိုင်း ဆက်လက်၍ စည်းလုံးညီညွတ်ခြင်းအင်အားနှင့် အစစအရာရာ ဆောင်ရွက်သွားကြမည်ဆိုလျှင် ၎င်းတို့၏ လိုလားချက်များ၊ ရည်မှန်းတောင့်တချက်များ အမြန်ဆုံး ပြည့်စုံပေလိမ့်မည်။

ဤကဲ့သို့ ဆင်းရဲသားအလုပ်သမားများ ညီညွတ်စည်းလုံးကြမှသာလျှင် ဆင်းရဲသား မင်းဖြစ်မည့် 'ဆင်းရဲသားနိဗ္ဗာန်' (လောကနိဗ္ဗာန်)ကို ရကြမည်ဖြစ်သဖြင့် ဤနည်းအတိုင်း ရှေ့အဖို့ ဆင်းရဲသားများသည် မည်သူကပင် သွေးခွဲစေကာမူ သွေးမကွဲဘဲ ဆက်လက်ကာ မိမိတို့၏အကျိုးအတွက် ဆောင်ရွက်သွားကြရန် နှိုးဆော်တိုက်တွန်းလိုပေသည်။ (၁၃၀၀ ပြည့်)၊ ဒီးဒုတ်နေ့စဉ်၊ ပြာသိုလဆုတ် ၆ ရက် (၁၀–၁–၃၉)။

ထိုအတွင်းမှာပင် အလုပ်သမားသပိတ်တို့သည် နေ့စဉ် ရွှေတိဂုံကုန်းတော်ပေါ်သို့ တစ်ဆိုင်းပြီးတစ်ဆိုင်း တက်လာကြသည်။ ပုသိမ်ညွှန့်မီးခြစ်စက်၊ ခနောင်တို မီးခြစ်စက်၊ ကမာရွတ် ရော်ဘာစက်၊ ဒန်အိုးစက်၊ ဒေါပုံ ရေဝတီ အစိုးရသင်္ဘောကျင်းသပိတ်၊ ဒလ ဘောင်ဒရီ၊ အလုံဘောင်ဒရီ၊ ရပ်ရှေ့သင်္ဘောကြီးသပိတ်၊ ကိုမိုဒိုသင်္ဘောကြီးသပိတ်၊ စတီးစာရေးသပိတ်၊ မစိန်ညွှန့်ဆေးလိပ်ခုံ၊ မော်တော်ဘတ်(စ်)ကားများ သပိတ်များနှင့်ခနောတော ဘီအိုစီ၊ သန်လျင် ဘီအိုစီ၊ ရေနံချောင်းစာရေးသပိတ်၊ အိုင်ဘီပီစီ သပိတ်များလည်း အသီးသီး ပေါ်ပေါက်လာခဲ့ကြပြန်သည်။ သို့ဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီးသည်လည်း ရပ်မတတ်ဖြစ်ကာ တစ်ပြည်လုံး ကျိုးလန့်စာစား အခြေအနေမျိုးသို့ ဆိုက်ရောက်လာခဲ့ရလေသည်။ ကျောင်းသားခေါင်းဆောင် မိုလ်အောင်ကျော် ကျဆုံးခဲ့ရသည်မှ အစ မြန်မာပြည်တစ်ပြည်လုံး ကျောင်းသားများလည်း အုံကြွထကြွလာသည်။ ဗိုလ်အောင်ကျော်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဆန္ဒပြပွဲများ၊ သပိတ်သွတ်ပွဲများ၊ မြန်မာပြည် ရပ်ရပ် မြို့တိုင်းနယ်တိုင်းတွင် ကျင်းပပြုလုပ်ကြသည်။

ကျောင်းသပိတ်မှုလည်း မြန်မာပြည်အရပ်ရပ်သို့ တောမီးပမာ ပြန့်နှံ့သွားသည်။ နယ်မှ ကျောင်းသားခေါင်းဆောင်များ အသီးသီးအဖမ်းခံရသည်။ ပထမကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုဘဟိန်း၊ ကိုဘဆွေတို့ အဖမ်းခံရပြီးနောက် ဒုတိယခေါင်းဆောင် အာဏာရှင်ကိုလှရွှေ(ထိုခေတ်အခေါ်)တက်လာသည်။

မကြာမီ ကိုလှရွှေကိုလည်း ပုဇွန်တောင် မြူနီစပယ်ကျောင်းရှေ့ တရားပွဲတွင် တရားဟောမည့်ဆဲဆဲ အဖမ်းခံရပြန်သည်။ ကိုလှရွှေ နေရာတွင် တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်း ကြွေးကြော်သံအရ ခေါင်းဆောင်ကိုသိန်းအောင် တက်လာသည်။ ထိုသပိတ်အရေး၊ ကျောင်းသားအရေးများနှင့်ပတ်သက်၍ ဒို့ဗမာလူငယ်သခင်ခေါင်းဆောင်များဖြစ်သော



သခင်နု (ဝန်ကြီးချုပ်ဟောင်းဦးနု)၊ သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)တို့လည်း အဖမ်းခံရသည်။ ထိုစဉ်က မြန်မာပြည်လုံးဆိုင်ရာကျောင်းသားသမဂ္ဂမှ ထုတ်ပြန်ကြေညာချက်ကို ဖတ်ရခြင်းခြင်းအားဖြင့် ရန်ကုန်မြို့ပေါ်ရှိ ကျောင်းသားများသပိတ်အခြေအနေကို ခန့်မှန်းနိုင်ပေသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂမှ ထုတ်ပြန်ကြေညာချက်

(၁၆–၁–၃၉)နေ့အထိ၊ ရန်ကုန်ကျောင်း အသီးသီးမှ ကျောင်းတက်သော ကျောင်း သားဦးရေစာရင်း

၁။ ကြည့်မြင်တိုင်မြူနီစပယ်ယောကျ်ားကလေးကျောင်း၊ ဦးရေ(၃၀၀)ကျော်၊ တစ်ယောက်မျှမတက်၊ ၂။ ဆင်နင်းကွက်သစ် မြူနီစပယ်ကျောင်း (၁၅၅)ယောက်၊ ၆ ယောက်တက်၊ ၃။ အလုံမြောက်ပိုင်း မြူနီစပယ်ကျောင်း (၁၈)၊ တစ်ယောက်မျှမတက်၊ ၄။ အလုံမြူနီစပယ် ယောကျ်ားကလေးကျောင်း (၃၀၀)ကျော်၊ ၈ ယောက်တက်၊ ၅။ အလုံ မြူနီစပယ်မိန်းကလေးကျောင်း (၂၆၀)၊ ၃ ယောက်တက်၊ ၆။ လမ်းမတော် အေဘီအမ် ကျောင်း(၁၅၀)၊ ၆၄ ယောက်၊ ၇။ ၎င်းမြူနီစပယ်ကျောင်း(၅၅၀)၊ တက်သူမရှိ၊ ၈။ မက်သောဒစ် ယောကျ်ားကလေးကျောင်း (၉၀၀)ခန့်၊ ၁၂၅ ယောက်တက်၊ ၉။ မက်သောဒစ် မိန်းကလေးကျောင်း(၅၀၀)ကျော်၊ ၆၀ တက်၊ ၁၀။ ပုဇွန်တောင်မြူနီစပယ်ကျောင်း၊ (၇၅၀)ကျော်၊ တက်သူမရှိ၊ ၁၁။ ရေတွင်းကုန်း မြူနီစပယ်ကျောင်း (၂၀၀)ကျော်၊ တက်သူမရှိ၊ ၁၂။ ဗိုလ်တထောင် မြူနီစပယ်ကျောင်း၊ (၃၂၀) ၆ ယောက်တက်၊ ၁၃။ တာမွေ မြူနီစပယ်ကျောင်း၊ (၃၂၅)ယောက်၊ တက်သူမရှိ၊ ၁၄။ အရိုးကုန်း မြူနီစပယ်ကျောင်း(၂၇၀)၊ မရှိ၊ ၁၅။ငါးထပ် ကြီးမြူနီစပယ်ကျောင်း (၁၅၀)မရှိ၊ ၁၆။ ကျောက်မြောင်းမြူနီစပယ်ကျောင်း (၂၇၀)၊ မရှိ။ ၁၇။ ဦးညီပု ဆရာဖြစ်သင်ကျောင်း (၁၇၀)ကျော်၊ ၃ယောက်တက်၊ ၁၈။ ဝိတိုရိယ ဘုရင်ကျောင်း (ပိတ်ထားသည်)၊ ၁၉။ ကြည့်မြင်တိုင် ရှင်မာရီကျောင်း (၂၆၀)ကျော်၊ ၅၅ ယောက်တက်၊ ၂၀။ ကြည့်မြင်တိုင် အေဘီအမ် (၅၅၀)၊ ၉၅ ယောက်တက်၊ ၂၁။ ကြည့်မြင်တိုင်မြူနီစပယ်မိန်းကလေးကျောင်း(၂၈၀)၊ ၃ ယောက်တက်၊ ၂၂။ စိန့်ဗနဗတ်ကျောင်း၊ (၁၀၆)ယောက်၊ တက်သူမရှိ၊ ၂၃။ အစိုးရ ဟိုက်စကူးကျောင်း (၇၀၀)၊ ၁၃ တက်၊ ၂၄။ လတ္တာလမ်း ရှင်မာရီကျောင်း (၆၀၀)၊ ၅၀ တက်၊ ၂၅။ စိန့်ပြွန်းကျောင်း (၅၀၀)၊ ၁၀၇

www.burmeseclassic.com

www.burmeseclassic.com



တက်၊ ၂၆။ ဒေါ်ကြီးကြီး မိန်းကလေးကျောင်း (၅၀၀)ကျော်၊ မရှိ၊ ၂၇။ ဦးပရမကျောင်း (၄၁၀)ကျော်၊ မရှိ၊ ၂၈။ ဆရာဖြစ်သင်ကောလိပ် (၃၀၀)ကျော်၊ ၉၀ တက်၊ ၂၉။ ကူရှင်ကျောင်း (၅၀၀)ကျော်၊ ၁၀၈ တက်၊ ၃၀။ စိန်ဗင်းဆင့်ကျောင်း (၃၃၀)ကျော်၊ ၉၀ တက်၊ ၃၁/၃၂။ မြို့မယောကျ်ားကလေး/မိန်းကလေးကျောင်း (ပိတ် ထားသည်)၊ ၃၃။ ကန်တော်ကလေးမြူနီစပယ်ကျောင်း၊ (၅၀၀)ကျော် မရှိ၊ ၃၄။ စိန်ပေါလ် ကျောင်း (၁၃၀၀)ကျော်၊ ၃၀၀ ခန့်တက်၊ ၃၅။ မြန်မာမွတ်စလင်ကျောင်း၊ အနည်းငယ်တက်၊ ၃၆။ ရှင်အာဒိစ္စဝံသကျောင်း အနည်းငယ်တက်၊ ၃၇။ တက္ကသိုလ် (၁၇၀၀)ကျော်၊ ၂၈၀ ခန့်တက်။

အရေးတော်ပုံအောင်ပါစေ

တာဝန်ခံအမှုဆောင်၊ စုံစမ်းရေး ပြန်ကြားရေးဌာန

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၊

ထိုအချိန်အတွင်းမှာပင် ရွှေတိဂုံစေတီပေါ်တွင် နေ့စဉ် နိုင်ငံရေးတရားပွဲများ တခြိမ့်ခြိမ့် ကျင်းပလျက်ရှိသည်။ ဒို့ဗမာသခင် အစည်းအရုံးကြီးမှ ဦးဆောင်၍ မြန်မာပြည်လုံးဆိုင်ရာ ညီလာခံသဘင်ကြီးကို ကျင်းပခဲ့သည်။

ထိုညီလာခံကြီးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက နာယက၊ ကွယ်လွန်သူ ခေါင်းဆောင်ကြီး သခင်မြက ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။ နာယကဆရာကြီး သခင် ကိုယ်တော်မှိုင်းက ညီလာခံအဖွင့်နာယက မိန့်ခွန်း ပြောဆိုရာတွင်...

'ဒေါက်တာဘမော်မှာ နန်းရင်းဝန်မဟုတ်၊ ဗမာပြည်မှာ ကိုယ့်ဘုရင် ကိုယ့်ထီးကိုယ့်နန်းမရှိ၍ လေ့ကားရင်းဝန်သာဖြစ်ကြောင်း။ ယခု သူတို့အစိုးရအဖွဲ့တွင် စိုက်ပျိုးရေးဝန်ကြီးချုပ်ဆိုသည်မှာလည်း စိုက်ပျိုးရေးအကြောင်း ဘာမှနားမလည်၊ ကြောင်လျှာပင်ကိုပင် ခွဲခြားသိသူများ မဟုတ်ကြောင်း၊ ပညာရေးဝန်ကြီးချုပ်ဆိုသူမှာလည်း စာတစ်တန်၊ ပေတစ်ထုပ်ကို ဘာမှရေးနိုင်သူမဟုတ်ဘဲ နငယ်အမြီးကလေးတိုနေသည်ကိုပင် တပ်နိုင်ပြင်နိုင်သူ မဟုတ်ကြောင်း။ ယခု အစိုးရလက်ထက်တွင် ဝမ်းထဲက ကလေးပင် အကြွေးနှင့်မကင်းကြောင်း စသည်များကို ပြင်းပြင်းထန်ထန် မိန့်ခွန်းပြောဆိုခဲ့သည်။

ထိုအစည်းအဝေးညီလာခံကြီးများမစမီ ဒို့ဗမာသခင် အစည်းအရုံးဝင် ဂီတဆရာများဖြစ်ကြသော သခင်ဒဂုန်ဆရာတင်၊ အေဝမ်းသဟာယ သခင်ဆရာတင် စသောသူများကလည်း ဗိုလ်အောင်ကျော်သီချင်း၊ ငါသာ ရှင်ဘုရင်ဖြစ်လိုက်ချင်သည် သီချင်း၊ ဗမာဘုရင်အာဏာရှင်သီချင်း စသည်များဖြင့် ကိုယ်တိုင်သီဆို၍ အစည်းအဝေးများကိုဖွင့်ရာ ပရိသတ်



များ တဝေါဝေါသြဘာလက်ခုပ်သံများနှင့် ဆူညံသွားတော့သည်။

ထိုစဉ်က ဒီးဒုတ်သတင်းစာတွင် အေဝမ်းသဟာယ ဆရာတင် ရေး (အချို့က ဒဂုန်ဆရာတင် ရေးသည်ဟု ဆိုကြသည်။) ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်အား ချီးကျူးသော...အောင်တမန်သီချင်းကလေးတစ်ပုဒ်ကိုပင် ယခုတိုင် နှုတ်တက်ရနေသေးသည်။ (ထိုသီချင်းကလေးကို သမိုင်းမှတ်တမ်းသဘောမျိုး ဖြစ်စေရန် ယခု စာအုပ်တွင် ဖော်ပြလိုက်ပါ၏။)

'ကျောင်းသားတို့အပေါ်၊ ကောင်းစားဖို့မျှော်၊ ကြိုးစားတဲ့ ကိုအောင်ကျော်၊ သတ်ပုတ်ခိုင်းတဲ့မောင်ဘမော်၊ မြန်မာပြည်ကြီး အရေးတော်၊ သူဟာ ဖိစီးနေသနော်၊ ဒဏ်ရာရအောင် ဒို့ကျောင်းတော်တပ်ကို အုပ်ချုပ်လိုက်တဲ့ ရွှေညဏ်တော်၊ ပုလိပ်များနဲ့ စခန်းသွားတဲ့ဘမော်၊ ရာထူးဂုဏ်ခံ့မင်လို့ပဲ မှတ်ကြနော်။

(သံပြိုင်) မောင်ဘမော် နန်းရင်းဝန်ကို ဒီရာထူးပြုတ်ကျအောင်နော် ကြိုးစားကြပါအဆွေတော်၊ ဒို့ရဲဘော်အပေါင်းအဖော်တွေ ကိုအောင်ကျော်သတ္တိဂုဏ်ကို ချီးကျူးမမေ့နဲ့နော်...၂)

ပုဒ်မ၊ ပုဒ်ထီးများကို ထုတ်ဖော်၊ ဘမော်၊ ဘဦးတို့က ရှုပ်သနော်၊ တိုင်းသူပြည်သားတွေအပေါ်–၂၊ ဓာနည်သွေးနဲ့အစိုးရအပေါ်...ဒို့ကြွေးကြော်...၂၊ ထောင်ကျတဲ့ ဥက္ကဋ္ဌမပျော်၊ ကန့်ကွက်တယ်–လွှတ်ဖို့ဒို့ရဲဘော်။

ထိုနောက်သံပြိုင် (ပျိုကျေးရွာသီချင်းအလိုက်)။

ထိုအချိန်က ဆယ်သန်းဆရာ မြို့မမောင် ဦးဆောင်၍ ကျွန်ုပ်တို့ရေးဖော်ကြီး စာရေးဆရာ သုခရေးသော ဗိုလ်အောင်ကျော်သီချင်းကို ၎င်းကိုယ်တိုင် သီဆိုကာ ဒီးဒုတ်တိုက်ရှေ့တွင် လာရောက်တီးမှုတ်ခဲ့ကြသေးသည်ကို ယခုတိုင် မြင်ယောင်ကြားယောင်နေသေးသည်။

## ဗိုလ်အောင်ကျော်နှင့် (H. G. Wells) အိပ်ချ်ဂျီဝဲလ်စ်

အမှန်အားဖြင့် (၁၃၀၀)ပြည့်အရေးတော်ပုံမှာ ရေနံမြေသပိတ်မှ စခဲ့သော်လည်း ကျောင်းသားခေါင်းဆောင်များကို ဖမ်းလိုက်သောအရေးမှ စ၍ တစ်ပြည်လုံးရှိ အလုပ်သမားလယ်သမားများ ပါဝင်လာခဲ့လေသည်။ ကျောင်းသားအရေးတွင်လည်း ကျောင်းသား ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ရာ ဗိုလ်အောင်ကျော် သေဆုံးခဲ့ရခြင်းဖြင့် အခြေအနေမှာ ပို၍ဆိုးဝါးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများမှာ ပြည်သူ၏ရင်သွေး သားသမီးများဖြစ်ရာ ကျောင်းသားများပါလျှင် ကျောင်းသားမိဘများပါ နောက်ဆုံးပါဝင်လာရခြင်းဖြစ်၍ မြန်မာပြည်တစ်ပြည်လုံး ပြန့်နှံ့သွားခဲ့ရခြင်းဖြစ်၏။ ထိုအချက်က ဒေါက်တာဘမော်၏ အစိုးရအဖို့ အထိအနာကြီး နာသွားရခြင်းပင် ဖြစ်၏။

ထိုဒဏ်ရာရ ကျောင်းသားများက တဖန် ညစဉ် ဟောပြောပွဲများ ပြုလုပ်၍ တိုင်းပြည်မိဘပြည်သူတို့အား တိုင်တန်းဟောပြောကြပြန်ရာ အခြေအနေမှာ ပို၍ ဆိုးဝါးခဲ့ပြန်သည်။ ထိုသို့ ဆိုးဝါးနေစဉ်ပင် အနောက်နိုင်ငံမှ နာမည်ကျော် စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်စ်ကလည်း မြန်မာပြည်သို့ (ဖေဖော်ဝါရီလဆန်းတွင်) ရောက်လာခဲ့ပြန်သည်။

ထိုဆရာကြီး အိပ်ချ်ဂျီဝဲလ်အား တက္ကသိုလ်လေ့သင်း မြက်ခင်းတွင် တက္ကသိုလ်ကျောင်းသားကလောင်ရှင်များနှင့် ပြင်ပစာရေးဆရာများက လက်ဖက်ရည်ပွဲဖြင့် ခင်းကျင်းဧည့်ခံခဲ့ကြသည်။ ထိုဧည့်ခံပွဲတွင် စာရေးဆရာဒေါ်ခင်မျိုးချစ်က ဆရာကြီးအား ဓာတ်ပုံများနှင့်တကွ ထိုစဉ် (ဒီဇင်ဘာလ ၂၀ ရက်)ကဖြစ်ပျက်ခဲ့သော ကျောင်းသားအရေးတော်ပုံ ၂၃ ရက်နေ့တွင် ဗိုလ်အောင်ကျော် သေဆုံးရပုံနှင့် ၂၇ ရက်တွင် သဂြိုဟ်ခဲ့ရသည်အထိ အဖြစ်ပျက်စုံတို့ကို တင်ပြပြောဆိုခဲ့ရာ ထိုအဖြစ်အပျက်သည် နောက်ဆုံး ကမ္ဘာသိ ဖြစ်သွားခဲ့ရသည်။

(ဝဲလ်စ်သည် ထိုအကြောင်းများကို ဘိလပ်သို့ ပြန်ရောက်သည့်အခါ (မြန်မာပြည်၏ဒုက္ခ) ခေါင်းစဉ်ဖြင့် နယူး(စ်)ကရော်နီကယ် အပတ်စဉ် သတင်းစာတွင် ဆောင်းပါးများရေးပြီးနောက် သူ၏ အာရှအရှေ့ပိုင်းခရီးစဉ်များ၏ အမြင်အတွေ့တို့ကို စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်၊ ထိုစာအုပ် * တွင် ထိုအကြောင်းများပါလာခဲ့သည်)။

ထိုစဉ်က ထိုအရေးတော်ပုံများနှင့် ပတ်သက်၍ ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်တစ်ခုကိုလည်း အရေးပေါ် ဖွဲ့စည်းခဲ့ရာ ထိုအဖွဲ့တွင် ဆရာကတော်ကြီး ဒေါ်လှမေက ဥက္ကဋ္ဌ၊ စာရေးဆရာမ ခင်မျိုးချစ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ထိုအဖွဲ့တည်ရာကို ဒီးဒုတ်တိုက်( ၈၄၊ မောင်ဂိုမာရီလမ်း)တွင်ပင် ယာယီထားခဲ့သည်။

ထိုနောက် အယ်ဒီတာများကလည်း ဒေါက်တာဘမော်အစိုးရ ဖြုတ်ချရေးနှင့် အစိုးရပြုတ်ကျလျှင် မည်သည့်အတိုက်အခံပါတီများကမှ အစိုးရမဖွဲ့ဘဲ အုပ်ချုပ်ရေးကို

* In Search of Hot Water.



တိုက်ဖျက်ရန် ဆော်ဩရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းလိုက်ပြန်သည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌမှာ ဆရာဦးဘချိုပင်ဖြစ်ကာ အဖွဲ့ဝင်များမှာ တိုးတက်ရေး ဦးထွန်းသန်း၊ မြန်မာ့အလင်း ဦးချစ်မောင်နှင့် နယူးဘားမား ဦးတင်မောင်တို့ ပါဝင်ကြသည်။ ထိုအဖွဲ့ကိုလည်း ဒီးဒုတ်တိုက်၌ပင် ယာယီထားရှိခဲ့သည်။

**(မှတ်ချက်)**။ ထိုစဉ်က လူထုအုံကြွမှုများနှင့် သတင်းစာများ၏ ဆူပူဆော်ဩမှုများကြောင့် နောက်ဆုံး ဒေါက်တာဘမော်အစိုးရ ပြုတ်ကျခဲ့ရာ ဝတ်လုံဦးပု(ရွှေကျင်)က အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ပြန်သည်။ ထိုနောက် ဦးပုအစိုးရကို အဖွဲ့ဝင်ဖြစ်သော ဂဠုန်ဦးစောက ရှေ့ဆောင်ဖြုတ်ချပြီး ဦးစောကိုယ်တိုင် နန်းရင်းဝန်ကြီးအဖြစ် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ရာမှ ဒု–စစ်ကြီး ဖြစ်လာခဲ့သည်။ ဤကား ရှေးက နိုင်ငံရေးသမားကြီးများ၏ ကိုယ်ကျိုးရှာမှု၊ တိုင်းပြည်အပေါ် ကတိမတည် ဖောက်ပြန်မှု စသည်များပင်တည်း။

ထိုနောက် ကျောင်းသားများ နယ်ချဲ့ပုလိပ်များ၏လက်ချက်ကြောင့် သေဆုံးဒဏ်ရာရသည်များကို တရားခံအဖြစ် အစိုးရနှင့်တကွ ပုလိပ်မင်းကြီး(မစ္စတာရေးနိုးလ်)နှင့် ထိုစဉ်က ပုလိပ်အဖွဲ့ကို ဦးဆောင်သူ ဂေါ်ရာဆာဂျင်ပက်ချ်တင်(ပက်စတန်)တို့အား တရားစွဲရန် တိုင်းပြည်ကိုယ်စား ဝတ်လုံဦးအေးမောင်၊ ဦးကျော်မြင့်၊ ဦးဘစိုးတို့ကို လွှဲအပ်ခဲ့သည်။

ထိုအမှုကို ရန်ကုန်အရေးပိုင် (ဦးဘိုးစ)ရုံးမှ အရှေ့ပိုင်းတရားသူကြီး(ဦးစိန်ဒိုင်)ရုံးသို့ လွှဲပြောင်းစစ်ဆေးခဲ့ရာ အစိုးရ၏အခွင့်အမိန့်မရဘဲ ကာကွယ်ရေးတာဝန်ခံနှင့် ဂေဇက်ဝင်အရာရှိများကို တရားစွဲဆိုခြင်း မပြုနိုင်ဟု ဆုံးဖြတ်၍ အမှုရုံးနိမ့်ခဲ့ရသည်။

သို့သော် ထိုစဉ်က စီတန်းလှည့်လည်ခြင်း၊ တရားပွဲများပြုလုပ်ခြင်းမပြုရဟု ရန်ကုန်ဒိစတြိတ် တရားသူကြီးအမိန့်ဖြင့် ပုဒ်မ ၁၄၄ ထုတ်ခဲ့ရာ ထိုအမိန့်များကို အာဏာဖီဆန်ကန့်ကွက်ပြီးနောက် အရေးဆိုခဲ့သည်။ ထိုအမှုတွင်ကား ပြည်သူ့ဘက်မှ အနိုင်ရရှိကာ တရားဝန်ကြီး (ဦးဘဦး)က ထိုဒိစတြိတ်တရားသူကြီး၏အမိန့်မှာ အကြောင်းအချက်မခိုင်လုံ ယုတ္တိမတန်ဟုဆိုကာ ပယ်ဖျက်ချလိုက်သည်။

ထိုစဉ်က ဖြစ်ပျက်လျက်ရှိသော အရေးတော်ပုံများနှင့် ပတ်သက်၍ အစိုးရလုပ်ပုံနည်းလမ်းမကျ မမှန်ကန်သည့်အကြောင်းများကို ဆရာ၏ ဒီးဒုတ်နေ့စဉ်သတင်းစာမှ ပြင်းပြင်းထန်ထန် ဖော်ပြရေးသားခဲ့ရာ 'ဘမော်အစိုးရကို မောင်းထုတ်သင့်ပြီ'ဟူသော ခေါင်းစည်းဖြင့် ရေးခဲ့သော အောက်ပါခေါင်းကြီးတစ်ပုဒ်ကို ဖတ်ရှုခြင်းဖြင့် ထိုအချိန်က အရေးတော်ပုံ အဖြစ်အပျက်များကို ရိပ်စားသိမြင်နိုင်ကြသည်။

'တိုင်းပြည်၌ ယခုအခြေအနေကဲ့သို့ ဆူပူလှုပ်ရှားလျက် အရှောင်အဝယ်များ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ပျက်စီးကာ တိုင်းသူပြည်သားတို့ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် နေရသည့်အဖြစ်သို့ ရောက်ရှိနေရသော လက်သည်တရားခံကို ရှာလျှင် ဒေါက်တာဘမော် အစိုးရကြီးမှူးသော အစိုးရအဖွဲ့သာလျှင် တရားခံဖြစ်နေတော့ကြောင်း။ တိုင်းပြည် အထူးမငြိမ်မသက်မှုမှာ ကုလား–မြန်မာ အဓိကရုဏ်းမှစ၍ ဖြစ်လာခဲ့ရာ ထိုအဓိကရုဏ်း၏ အကြောင်းရင်းကို စိစစ်ပြန်က မော်လဝီနှင့် ယောဂီစာတမ်းအတွက် ဖြစ်ကြောင်း။

ရွှေဖီအယူခံမှု၌ တရားသူကြီး စီရင်ချက်တွင် အဆိုပါစာအုပ်ကို ဖတ်မိသည်နှင့် တစ်ပြိုင်နက် ဘာသာရေးဆိုင်ရာ၌ မည်မျှ ထိခိုက်သည်ကို သိနိုင်ကြောင်းဟု ညွှန်ပြပါရှိရာ တာဝန်ခံဝန်ကြီးချုပ်တို့သည် ထိုစာအုပ်ပါအချက်များကို သတင်းစာတို့မှ ၁၅ ရက်တိုင် တိုင် အော်ဟစ်ဖော်ပြနေသော်လည်း အရေးယူရကောင်းမှန်းမသိဘဲ လျစ်လျူပြုနေခြင်း သည်ပင် ၎င်းတို့အား ခွင့်မပြုနိုင်သောအပြစ်ကို ကျူးလွန်ခြင်းဖြစ်ကြောင်း။ ဤမျှ အရေး မမြင်၍ တာဝန်မဲ့သူများသည် တာဝန်ခံရာထူးများနှင့် မထိုက်တန်ကြောင်း။

ယခု ရေနံမြေကိစ္စတွင်လည်း နေရှင်နှင့်ဆင်းရဲသား စပ်ကြားတွင် မျှတအောင် စေ့စပ်မပေးဘဲ ဓနရှင်များဘက်သို့ လိုက်လျောခြင်းဖြင့် ရေနံမြေသပိတ်တပ်ကြီး ချီတက် ရေးကို ပေါ်ပေါက်စေခဲ့ပြန်ရာ ပုလိပ်အားကိုးဖြင့် ဖိနှိပ်မှု ပုဒ်ထီး ပုဒ်မတို့ကိုသာ သုံးစွဲ ပြန်ရကား ဆူပွက်မှုသည် တိုးတက်လျက် ကျောင်းသားများပင် မနေနိုင်တော့ဘဲ စွန့်စား ပါဝင်ကုန်ကြရပြန်ကြောင်း။

ဤသို့ ဖိနှိပ်မှုဖြင့် ပိုလုပ်ရှားလာသည်ကို သတိမရဘဲ ကျောင်းသားများကိုပင် ဖိနှိပ်ပြန်စေရာ ယခုနောက်ဆုံး ဆူပူမှုသည် ဒေါက်တာဘမော်၏ ညွှန့်ပေါင်းအဖွဲ့ အာဏာ နှင့် ကျောင်းသားတစ်ယောက် သေစေလျက် ကျောင်းသားကျောင်းသူ ၂၀၀ ကျော်မျှ ဒဏ်ရာရရှိအောင် ပုလိပ်တို့ကို နှိပ်ကွပ်စေသောကြောင့်သာ ဖြစ်ကြောင်း။

ဤအဖြစ်သို့ ရောက်ရှိနေသည့်တိုင်အောင် ကျောင်းသူကျောင်းသားဆင်းရဲသား တို့၏ ဆန္ဒကို လိုက်လျော်မှု တစ်စုံတစ်ရာမပြုဘဲ အမြို့မြို့ရှိ ကျောင်းအုပ်၊ ကျောင်းဆရာကြီး များအား ပုလိပ်အကူအညီကို တောင်းစေခြင်း၊ မိဘတို့အား ခြိမ်းခြောက်ခြင်း စသော ဖိနှိပ်မှု တစ်ခုတည်းကိုသာ အသုံးပြု၍နေပေရာ ယနေ့အဖို့ ပညာပိုင်းဆိုင်ရာ အုပ်ချုပ် ရေးကြီးတစ်ခုလုံးသည် ရပ်တန့်လျက်ရှိနေပြီသာမက အလုပ်သမား ဆင်းရဲသားတို့၏ လုပ်ငန်းအသီးသီးတို့မှာ သပိတ်မှောက်ခြင်းခံရလျက် ရန်ကုန်မြို့တွင် တစ်နေ့တခြား သပိတ်ဦးရေ တိုးတက်နေရုံမက နယ်များ၌ပင် အလုပ်ရုံသပိတ်မှောက်မှုများ ပေါ်ပေါက် လာကြပြီ ဖြစ်ကြောင်း။



ဘမော်အစိုးရမှာ ဆေးတစ်လက်တည်း ၉၆ ပါးရောဂါကို ကုသနေသည့် ဘူးနီ ဆရာကဲ့သို့ ပုလိပ်အားကိုးဖိနှိပ်မှုတစ်ခုတည်းကို သုံးစွဲ၍နေပေရာ မည်မျှ မလိမ္မာသော အစိုးရအဖွဲ့ဖြစ်ကြောင်း အထူးရေးသားရန် မလိုတော့ကြောင်း။

ကုလားမြန်မာ အဓိကရုဏ်းမှာ ပုလိပ်တို့၏ ကျူးလွန်မှုမှ ဖြစ်ခဲ့ရသည့်ပြင် ယခုအရေးတော်ပုံများမှာလည်း ပုလိပ်များက မောင်အောင်ကျော်ကို ရိုက်သတ်မှုနှင့် အခြားကျောင်းသူကျောင်းသားများအပေါ် ကျူးလွန်မှုတို့မှ ဖြစ်ပေါ်လျက်ရှိရကား၊ တိုင်းသူ ပြည်သားတို့၏ စိတ်တွင် မျောက်မြင်လေ ခဲနှင့်ပစ်ချင်လေသကဲ့သို့ ပုလိပ်များအပေါ် အထူးမုန်းတီးရွံရှာလျက် ရှိကြသောကြောင့် ဤသို့ ဆူပူထကြွလျက်ရှိနေသည်ကို ပုလိပ် အားကိုး ဖိနှိပ်မှုဖြင့် ငြိမ်းအေးလိမ့်မည် အထင်ရောက်ကာ ပုလိပ်ကိုပင် အားကိုးနေသော အစိုးရအဖွဲ့ထက် မိုက်မဲသော အစိုးရအဖွဲ့ ရှာ၍ရနိုင်မည် မဟုတ်တော့ကြောင်း။

ဒီးဒုတ်နေ့စဉ် ဤသို့ ပြင်းပြင်းထန်ထန် ရေးလိုက်ရုံသာမက ဒီးဒုတ်ဂျာနယ်မှလည်း (၁၂–၁၁–၃၈)နေ့ထုတ် ခေါင်းကြီးပိုင်းမှ ‘ညွှန့်ပေါင်းအစိုးရနှင့် ဖိနှိပ်ချုပ်ချယ်မှုများ’ ခေါင်းစဉ်ဖြင့် ဤသို့ ရေးလိုက်သေးသည်။

‘မြန်မာပြည်သည် ကျွန်နိုင်ငံဖြစ်သည့်လျော်စွာ လွတ်လပ်သော နိုင်ငံများကဲ့သို့ ပြည်သူ့အခွင့်အရေးများကို လုံးဝမရရှိစေကာမူ၊ အင်္ဂလိပ်ဗျူရိုကရက်တို့ စိုးအုပ်သော လက်ထက်ကပင် ရတန်သမျှသော အခွင့်အရေးများကို ရရှိခဲ့ပေသည်။ ယခု ၉၁ ဌာန ဟူ၍ ဟိန်းဟောက်သော အုပ်ချုပ်ရေးလက်ထက်တွင် အစိုးရခန့်အမတ်တို့ မပါမရှိသော အောက်လွှတ်တော်အဖွဲ့ကြီးနှင့် ဒေါက်တာဘမော်ကဲ့သို့သော ဝံသာနုအမည်ခံ ပုဂ္ဂိုလ်တို့ အစိုးရအဖွဲ့ကို ဖွဲ့စည်းထားသောအခါမှပင် ရဟန်းသံဃာများအချို့ လူဆိုးစာရင်းသွင်း ခံရခြင်း။

သတင်းစာတိုက်များ၊ အာမခံတောင်းခြင်း၊ တိုက်ကိုလည်းပိတ်၊ လူကိုလည်း တရားစွဲစသော မကြုံစဖူးသော ချုပ်ချယ်မှုတို့ ပေါ်ပေါက်လာခြင်း၊ ရန်ကုန်မြို့ကြီးအတွက် ဘုရင်ခံ၏ အက် အတည်ပြုခံရခြင်း၊ မန္တလေး၌ ရာဇဝတ်ကျင့်ထုံးဥပဒေ ပြင်ဆင်ချက်ကို ရဟန်း သံဃာတော်များအား ရည်ရွယ်လျက် အတည်ပြုခြင်း၊ စီတန်းလမ်းလျှောက်မှု တို့ကို အရမ်းမဲ့တားမြစ်သော ပုလိပ်အမိန့်များ ထွက်ပေါ်လာခြင်း။

နိုင်ငံရေး တက်လူကလေးများအား မကြာခဏတရားစွဲ၍ ထောင်ချခြင်း၊ အဓိက ရုဏ်းနှင့်စပ်လျဉ်း၍ တစ်တိုင်းပြည်လုံး မကြုံဖူးမကြားဖူးအောင် နိုင်ငံရေးသမားများကို နှိမ်လိုသောစိတ်ဖြင့် အရမ်းကာရော ဖမ်းဆီးချုပ်နှောင်ခြင်းစသော များလှစွာသော ဖိနှိပ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်မှုများ ပေါ်ပေါက်လာရခြင်းမှာ အထူးအံ့သြဖွယ်ကောင်းလှကြောင်း။

ဖိနှိပ်ချုပ်ချယ်မှုမှန်သမျှသည် အနည်းနှင့်အများ ခုခံတိုက်ခိုက်မှုကို ဖြစ်ပေါ်စေတတ်ခြင်းမှာ ဓမ္မတာပင် ဖြစ်ပေရာ ညွန့်ပေါင်းအဖွဲ့သည် မိမိတို့ရာထူးမြဲရေးကလေးကို မျှော်ကိုး၍ ဖိနှိပ်ချုပ်ချယ်သော စနစ်ကို သုံးလေလေ၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားမှု ပျက်ပြားလေလေ ဆူပူလေလေဖြစ်မည်ကို သတိပြုသင့်လှပေကြောင်း။

မြန်မာပြည်၌ အရောင်းပျက်၊ အဝယ်ပျက်၊ လူတို့ အသက်သေကြရသည့် ဝမ်းနည်းဖွယ်ကောင်းလှသော အဖြစ်အပျက်များ ဖြစ်ပွားရခြင်းသည် ညွန့်ပေါင်းအစိုး ရအဖွဲ့၏ အရေးမမြင်ခြင်းကြောင့်ဖြစ်ပေရာ ပြောတခြားလုပ်တလွဲစနစ်ကိုမသုံးဘဲ ပြည်သူတို့၏ လွတ်လပ်ခွင့်ကို ညွန့်ပေါင်းအစိုးရသည် အသိအမှတ်ပြုမှသာလျှင် တိုင်းပြည်နိုင်ငံ အေးချမ်းလိမ့်မည်ဖြစ်ကြောင်း သတိပေး ရေးသားလိုက်ရပေသတည်း။

အထက်ပါ ခေါင်းကြီးများနှင့် မရှေးမနှောင်းပင် ကျောင်းသားမိဘ ကိုယ်စားတရားပွဲတစ်ခုကျင်းပပေးရန် ကျောင်းသားမိဘတစ်ဦးထံမှ အောက်ပါ တောင်းခံစာရှည်ကြီးတစ်စောင် ပါရှိလာပြန်သည်။ ထိုတောင်းခံစာတွင် ကျောင်းသားများနှင့် မိဘများ မခံမရပ်နိုင်အောင် စော်ကားခံရချက်၊ နစ်နာချက်များ ဖော်ပြပါရှိလာသည်။

## ကျောင်းသားမိဘများ မြို့လုံးကျွတ်အစည်းအဝေး ခေါ်ပေးပါ

ရန်ကုန်မြို့ရှိ ကျောင်းများ သပိတ်မှောက်ရေး၊ သပိတ်တားရေးနှင့်စပ်လျဉ်း၍ ပညာပိုင်းဆိုင်ရာတို့မှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာများအပေါ်တွင် ပြင်းပြင်းထန်ထန် အမိန့်များ ထုတ်ထားသည့်အလျှောက် ကျောင်းအုပ်များ၊ ကျောင်းဆရာများတို့သည် ကျောင်းသူကျောင်းသား မိဘများထံ စာရေး၍ ခြိမ်းခြောက်ခြင်း၊ မြူဆွယ်ခြင်း၊ ဆရာများကိုယ်တိုင် လိုက်လံတိုက်တွန်းခြင်းစသည်တို့ကို ပြုလုပ်လျက် သားသမီးများကို ကျောင်းသို့လွှတ်ရန် ကြိုးစားလျက် ရှိနေကြပါသည်။

အစိုးရ ပြန်ကြားရေးဌာနမှမူကား ကျောင်းသားများကို နိုင်ငံရေးသမားတို့က အလွဲသုံးစားပြုနေဟန်နှင့် ထိုသို့ အလွဲသုံးစားပြုနေခြင်းကို မိဘတို့က တားမြစ်ခြင်း မပြုသည်ကို နားမလည်နိုင်ကြောင်း၊ ခွေးက အမြီးကိုလှုပ်ရမည့်အစား အမြီးက ခွေးကိုလှုပ်နေသကဲ့သို့ မိဘများမှာ ကလေးများဆွဲဆောင်ရာကို လိုက်ပါ၍ မှားနေကြောင်းများဖြင့် (မိဘရော သားသမီးများပါ ခွေးနှင့်နှိုင်းကာ) ရိုင်းပြသောကြော်ငြာများ ထုတ်ပြန်နေသည်ကို တွေ့ရပါသည်။



## ကျောင်းသားများ နွားမဟုတ်

ဤကိစ္စကို မိဘများက လျစ်လျူပြုနေခဲ့ပါမူ၊ ရန်ကုန်မြို့ရှိ ကျောင်းသားမိဘများအပေါ်တွင် အထင်အမြင်သေးကုန်ကြမည်ဖြစ်၍၊ မိဘတို့သည် တစ်စုံတစ်ရာ ပြုလုပ်ရန် အချိန်တန်ပါပြီ။ ယခုကျောင်းသားများ အရေးကိစ္စပေါ်ပေါက်ရသည်မှာ လက်နက်မရှိသော ကျောင်းသူကျောင်းသားများကို နှိုင့်ထက်စီးနင်း သေအောင်ကြအောင် ပုလိပ်တို့အား ရိုက်နှက်စေသောကိစ္စမှ ဖြစ်ပေါ်လာခဲ့ရာ၊ မြန်မာကျောင်းသားများသည် ကျွဲ နွားများ မဟုတ်၍ ပြုတိုင်းခံမည်မဟုတ်ကြောင်းကို ပြသခြင်း ဖြစ်ရကား ကျောင်းသားတို့လုပ်ငန်းသည် တရားသောလုပ်ငန်းဖြစ်သဖြင့် ကျွန်တော်တို့ မိဘများက ထောက်ခံလျက် ရှိကြပါသည်။

မိဘများကသာမဟုတ် မင်းတိုင်ပင်အမတ်များ၊ မြူနီစပယ်လူကြီးများ၊ ဒိစတြိတ်ကောင်စီလူကြီးများ၊ သမာဓိမြို့ဝန်များ စသည်တို့ပင်လျှင် ရာထူးများမှ နုတ်ထွက်ခြင်းဖြင့် ကျောင်းသားများကိစ္စနှင့် ကျောင်းသားများအား ထောက်ခံကူညီအားပေးနေသည်ကို အစိုးရ မျက်စိကန်းနေသည်မှာ အံ့သြဖွယ် ကောင်းလှပါသည်။

## မိမိရာထူးနှင့်လခတည်မြဲရေး

ကျောင်းသားများသည် ကျောင်းပြန်တက်လောက်အောင် ကျောင်းသားများအား ပုလိပ်များက ရိုက်နှက်သတ်ဖြတ်လိုက်ခြင်းကိစ္စကို အစိုးရက ဘာတစ်ခု ကျောင်းသားခေါင်းဆောင်များကိုသာ ထပ်မံ ဖမ်းဆီး၍ ထောင်သို့ပို့နေသည် မဟုတ်ပါလော။

ကျောင်းအုပ်ကြီးများ ကျောင်းဆရာများသည် ငါတို့အရိပ်ကြည့်နေသော ကျောင်းသားများကို ဤမျှရက်စက်စွာ လုပ်ရက်လေခြင်းဟု ဘယ်ခွေးတစ်ကောင်...ဘယ်ကြောင်တမြီးက ကန့်ကွက်စကား ပြောခဲ့သနည်း။ ဘယ်ကျောင်းအုပ်ကြီးက အစိုးရအား အရေးဆိုခဲ့သနည်း။ ဤကဲ့သို့ မိမိကျောင်းသားများကို ထိပ်ပေါက်ခေါင်းကွဲ ရိုက်နှက်ရုံမျှမက သေသူပင် သေရလောက်အောင် ပုလိပ်တို့ စော်ကားခြင်း ပြုသည်ကို မနာတတ်၊ မနာနိုင်။ သပိတ်တားသည်ကိုပင် ပုလိပ်အကူအညီကို တောင်းဦးမည်ဟု ခြိမ်းခြောက်နေ သော ကျောင်းအုပ်ကြီးတို့သည် ကျွန်တော်တို့ သားသမီးများအကျိုးကို ကြည့်သူများ မဟုတ်၊ မိမိတို့ရာထူး မိမိတို့လခကိုသာ ကြည့်သူများဖြစ်ကြသောကြောင့် ထိုကျောင်း များတွင် ကျွန်တော်တို့သားသမီးများကို ထားထိုက်ပါသေးသလား။

သာသနာပြုကျောင်းအုပ်များသည် ယခုကဲ့သို့အဖြစ်မျိုး ၎င်းတို့နေသော အမေရိကန်ပြည်၊ ပြင်သစ်ပြည်၊ အင်္ဂလန်ပြည်တွင်ဖြစ်လျှင် ဤသို့နေရက်ပါမည်လော။ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



သားသမီးပါလျှင် မိဘများထံ ကျောင်းတက်ရန် ခြိမ်းခြောက်စာများ ရေးနိုင်ပါမည်လော။ ဤအချက်များကို အစိုးရနှင့်တကွ ကျောင်းအုပ်ကျောင်းဆရာများ ကွက်ကွက်ကွင်းကွင်း သိရှိကြစေရန် ယခု ကျောင်းသားများအရေး၌ မိဘတို့သည် မိမိတို့သားသမီး ကျောင်းသားများနှင့် အလိုတူအလိုပါဖြစ်ကြောင်း ပြသနိုင်ရန် ကျောင်းသူကျောင်းသားများ မိဘတို့၏ မြို့လုံးကျွတ် အစည်းအဝေးပွဲကြီးတစ်ခု အမြန်ခေါ်ပေးရန် ကျောင်းသားများသမဂ္ဂအသင်းအား တိုက်တွန်းလိုက်ပါသည်။ (၁၇–၁–၃၉၊ ဒီးဒုတ်နေ့စဉ်)

ကျောင်းသားများနှင့် မိဘများကိုယ်စား

ကျောင်းသားမိဘတစ်ဦး၊ ရန်ကုန်။

ထိုသို့ တောင်းဆိုချက်များအရ မကြာမီ ရန်ကုန်မြို့လုံးကျွတ် ကျောင်းသားမိဘအစည်းအဝေးကြီးကို ရွှေတိဂုံဘုရားကြီး အနောက်ဘက်မုခ်ကွက်လပ်၌ ကျင်းပပြုလုပ်ခဲ့လေသည်။

## မြို့လုံးကျွတ်ကျောင်းသားမိဘ အစည်းအဝေးကြီး ဆုံးဖြတ်ချက်များ

ထိုအစည်းအဝေးတွင် ကျောင်းသားမိဘတစ်ဦးဖြစ်သော ဒီးဒုတ်ဦးဘချိုအား အများသဘောတူ သဘာပတိ တင်မြှောက်၍ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြသည်။

(၁) ၁၉၂၂ ခုနှစ်မှစ၍ ယနေ့အထိ မြန်မာပြည်၌ တက္ကသိုလ်မှစ၍ စာသင်ကျောင်းများ မကြာခဏ ဆူပူလှုပ်ရှားကာ မငြိမ်မသက် ဖြစ်နေရခြင်းမှာ တစ်ပြည်လုံးက မလိုလားသော ညံ့ဖျင်းသည့် ယူနီဗာစီတီ အက်ဥပဒေနှင့် ညံ့ဖျင်းလှသည့် ပညာရေးစနစ်ကြီးကို အစိုးရက ယနေ့တိုင် မပြုမပြင်ဘဲ အတင်းအကြပ်ပေးအပ်ထားခြင်းကြောင့်သာ ဖြစ်ပေါ်နေသည်ဟု ဤအစည်းအဝေးကြီးက လေးနက်စွာယုံကြည်သဖြင့် ထိုဆူပူလှုပ်ရှားမှုများပေါ်ပေါက်နေရခြင်းမှာ ကျောင်းသားများ၏အပြစ်မဟုတ်ဘဲ အစိုးရများ၏အပြစ်သာဖြစ်ကြောင်း ဤအစည်းအဝေးကြီးက လေးနက်စွာထင်မြင်ယူဆကြောင်း။

(၂) ယခု မြန်မာပြည်တစ်ပြည်လုံး ကျောင်းသားသပိတ်ကိစ္စကြီးများ ပေါ်ပေါက်ရခြင်းမှာ ယဉ်ကျေးသောတိုင်းပြည်တို့တွင် ပြုမူဆောင်ရွက်သည့်နည်းအတိုင်း ကျောင်းသားတို့သည် ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှုတို့နှင့် ပညာရေးစနစ်ပြောင်းလဲရေးတို့ကို အကြမ်းမဖက် အနုနည်းသက်သက်ဖြင့် ဆောင်ရွက်ရာတွင် ကျောင်းသားများကို ထောင်တန်းချခြင်း၊ ပြည့်အစေခံပုလိပ်များတို့က ကျောင်းသူကလေးများကိုပါမကျန် ထိပ်ပေါက်



ခေါင်းကွဲဖြစ်စေကာ ကျောင်းသူကျောင်းသား နှစ်ရာကျော်ခန့် ဒဏ်ရာအနာတရ ရစေမည့်ပြင် မောင်အောင်ကျော် သေဆုံးရသည်အထိ ရိုက်နှက်စေနိုင်ခဲ့သော ညွှန့်ပေါင်းအစိုးရအဖွဲ့၏ ဖိနှိပ်မှုများကြောင့်သာ ဖြစ်ရသည်ဟု ဤအစည်းအဝေးကြီးက ယုံကြည်ယူဆကြောင်း။

(၃) ကျောင်းသားများကို နိုင်ငံရေးသမားတို့က မိမိတို့အလိုပြည့်အောင် ခားစာခံအဖြစ် လှုံ့ဆော်ပေးသောကြောင့် ဤသို့ဆူပူလှုပ်ရှားထကြွမှုများ ဖြစ်နေရသည်ဟူ၍လည်းကောင်း၊ မိဘများသည် သားသမီးများအား ဤသို့ အလွဲသုံးစားပြုခြင်းမှာ သားသမီးများအား နှိပ်စက်ညှဉ်းပန်းမှုပင် ဖြစ်သည် ဟူ၍လည်းကောင်း၊ ခွေးက အမြီးကို လှုပ်ရမည့်အစား အမြီးက ခွေးကို လှုပ်နေသည်ဟူ၍လည်းကောင်း၊ ဆိုင်ရာတို့က အမြီးအမောက်မတဲ့သော ထုတ်ပြန်ချက်များကို ထုတ်နေခြင်းသည် ကျောင်းသားများကို ရိုက်နှက်စော်ကားပြီးနောက် မိဘများကိုပါ ဆက်လက်စော်ကား ဆဲရေးခြင်းဖြစ်သည်ဟု ဤအစည်းအဝေးကြီးက လေးနက်စွာ ယူဆကြောင်း။

(၄) ယခု ကျောင်းသားများ သပိတ်မှောက်ရခြင်းမှာ မည်သည့်နိုင်ငံရေးသမားများ၏ ကြိုးဆွဲခြင်းကြောင့်မှုမဟုတ်ဘဲ သမဂ္ဂခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်း၊ ကျောင်းသူကျောင်းသားများကို သေအောင်ကျေအောင် ရိုက်နှက်ခြင်းတို့နှင့် ပြည်သူ့လွတ်လပ်ခွင့်ကို မတရားချုပ်ချယ်ခြင်းနှင့် ကျောင်းသားတို့ဆိုင်ရာ အခြားနစ်နာချက်တို့ကြောင့် ဖြစ်သည်ဟု မိဘတို့က သေချာစွာ စုံစမ်းသိရှိကြသည့်အတိုင်း ကျောင်းသားများသပိတ်ကိစ္စကြီးကို ငွေအား၊ လူအားဖြင့် ထမြောက်အောင်မြင်သည့်တိုင်အောင် ကူညီရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းကြောင်း။

(၅) ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများထံသို့ ကျောင်းဆရာကြီးများနှင့် ကျောင်းအုပ်များက ခြိမ်းခြောက်စာများ ရေးသားပေးပို့နေခြင်းမှာ ကျောင်းသားများနှင့် ကျောင်းသားမိဘတို့၏ စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် သွေးခွဲရန်တိုက်မှုများသာ ဖြစ်သည်ဟု ဤအစည်းအဝေးကြီးက လေးလေးနက်နက် ယုံကြည်ယူဆကြောင်း။

(၆) ကျောင်းသားများ တောင်းဆိုချက်များမရ၍ ကျောင်းသားများ အမှုဆောင်အဖွဲ့က သပိတ်မလုန်မချင်း မိမိတို့သားသမီးများကို ကျောင်းသို့စေလွှတ်ခြင်း မပြုဟု ဤအစည်းအဝေးကြီးက လေးနက်စွာ ပြဋ္ဌာန်းကြောင်း။

(၇) ယဉ်ကျေးသော တိုင်းနိုင်ငံတို့တွင် မကြားဖူးသော ဖိနှိပ်ခြင်းမျိုးဖြင့် ကျောင်းသူကျောင်းသား နှစ်ရာကျော်ခန့် ဒဏ်ရာရစေလျက် ဂျက်ဆင်ကောလိပ်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ကျော် အသက်သေဆုံးလောက်အောင် ကျောင်းသားများကို ဖိနှိပ်သည့် လက်ရှိ ညွန့်ပေါင်းအစိုးရကို ဤအစည်းအဝေးကြီးက ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ၎င်းပြင် ဝတ်လုံ အဖွဲ့ကြီးက တရားစွဲဆိုခြင်းကိုလည်း လေးနက်စွာ ထောက်ခံကြောင်း။

(၈) ကျောင်းသားများ တောင်းဆိုချက်များကို အလျှော့မပေးဘဲ တင်းမာနေခဲ့လျှင် လာလတ္တံ့သော လွှတ်တော်အစည်းအဝေးတွင် ပညာရေးဌာနအတွက် အသုံးစရိတ်ရန်ပုံငွေ ဘတ်ဂျက်ကို တစ်ခါတည်းပယ်ချရန် အမတ်အသီးသီးတို့အား ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

ထိုနောက် သဘာပတိဦးဘချိုကကျောင်းသားများ၏ မိဘများသည် ယခု အစည်းအဝေးကြီးက ဆုံးဖြတ်လိုက်သည်ကို မမေ့မလျော့စေဘဲ ရပ်ကွက်တိုင်းရပ်ကွက် တိုင်း၌ ယခုဆုံးဖြတ်ချက်များတွင် ပါဝင်သော တရားပွဲများကို ဆက်ဆက်ပြုလုပ်ကြရန် များကို နိဂုံးချုပ်စကား ပြောဆိုလေသည်။

## ဦးဘချိုအားဖမ်းပြီ

ထိုနေ့က ကျောင်းသားမိဘတရားပွဲကို ကမကထပြုလုပ် ဟောပြောမှုများကြောင့် နောက်တစ်နေ့ပင် ဘုရင်ခံ၏ လုံခြုံရေး တစ်ချက်လွှတ်ဥပဒေအရ နံနက်မိုးမလင်းမီ ဒီးဒုတ်သတင်းစာတိုက်ကို တက်ရောက်ရှာဖွေကာ ထိုအချိန်က အိပ်ရာထဲတွင် အိပ်နေသော ဆရာ့အား နှိုး၍ ဖမ်းဆီးဖေါ်ဆောင်သွားခဲ့သည်။ ထိုနေ့ တစ်ချိန်တည်းမှာပင် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော သခင်နု(နောက်ဝန်ကြီးချုပ်ဦးနု)နှင့် ကြည့်မြင်တိုင်၊ အောင်ချမ်းသာလမ်းနေ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၏ အိမ်များကိုပါ တက်ရောက် ရှာဖွေခဲ့ကြသည်။ ထိုနောက် သခင်နုကို ဖမ်းဆီးခေါ်ဆောင်သွားကာ ဆရာကြီးကိုလည်း ပထမဖမ်းဆီးရန် ပြုရာမှ 'ထမင်းကလေးတစ်လုပ်လောက်တော့ စားသွားပါရစေအုံးကွာ' ဟု ထမင်းစားပြီး အိပ်ရာလိပ်ပြင်နေစဉ် အခြားပုလိပ်အရာရှိများ ရောက်လာပြီးနောက် ဆရာကြီးကို ဖမ်းဆီးရန် အမိန့်မပါဟု ပြောဆိုပြန်သွားကြသည်။

ဆရာဦးဘချိုအား ဖမ်းဆီးခေါ်ဆောင်သွားစဉ်က ဆရာကတော်နှင့်သမီးလေး ယောက်တို့မှာ အပြုံးမပျက် 'ဒို့ဗမာ'ဟူ၍ပင် အော်ဟစ်လိုက်ကြသေးကာ 'ဂျာနယ်နဲ့သတင်း စာကို တစ်ယောက်တည်း ကုန်းလုပ်နေရလို့ အဖေသိပ်ပင်ပန်းပြီး ပိန်နေတာ၊ ခုတော့ အနားရသွားတာပေါ့၊ ထောင်က ထွက်လာရင် အဖေတော့ ဝလာမှာပဲ'ဟူ၍ပင် သမီးများက ပြောလိုက်ကြသေးသည် ဆို၏။



ထိုစဉ်က ဆရာချိုသည် ထောင်ကြီးချုပ်တွင် အရက်(၂၀)ကျော်မျှ နေခဲ့ရသည်။ ဆရာတို့၏ အစာငတ်ခံ ထောင်တွင်းတိုက်ပွဲများရှိခဲ့သော်လည်း ဤနေရာတွင် ရှည်အံ့စိုး၍ မဖော်ပြတော့ပါ။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## သတင်းစာဆရာ ပီသသော ဆရာ

နိုင်ငံရေးသမားပီသသော၊ သတင်းစာဆရာပီသသော ဆရာအဖို့မှာကား အရည်ထူပြီး၊ စိတ်သဘောထား ကြီးပြီးဖြစ်ကာ အပြုံးမပျက် အထက်တွင် ဖော်ပြခဲ့ပြီး အတိုင်း မည်သူ့အပေါ်ကိုမျှ အာဃာတစိတ် မထားခဲ့ပေ။ သတင်းစာဆရာတို့၏ ဝတ္တရားအတိုင်း အရေးကြုံလာသည်တွင် တိုင်းပြည်မျက်နှာမှတစ်ပါး မည်သူ့မျက်နှာကိုမျှ မထောက်နိုင်ဘဲ မှန်ရာကိုတင်ပြရေးသားခဲ့ခြင်းသာ ဖြစ်သည်။ ဦးဘမော်၊ ဦးဘဖေစသော မိတ်ဆွေများ အပေါ်တွင်လည်း မိတ်မပျက်ဆွေမပျက် ဆက်ဆံလာခဲ့သည်။ အမှန်အားဖြင့် ဆရာသည် နိုင်ငံရေးသမားဆိုခြင်းထက် သတင်းစာဆရာပီသသူ ဖြစ်သည်ဆိုက ပို၍ မှန်ကန်မည်။ အကြောင်းမူ နိုင်ငံရေးသမားများတွင် မိမိပါတီအဖွဲ့အစည်း အတက် အကျနှင့် အစိုးရရာထူး အတက်အကျများ ရှိတတ်ကြသော်လည်း သတင်းစာဆရာ (စာရေးဆရာ)တို့မည်သည် ထိုသို့ အတက်အကျမျိုး မရှိပေ။ ထို့နောက် ဆရာမှာ ပါတီအဖွဲ့အစည်းတစ်ဂိုဏ်းတစ်ဖွဲ့သို့ စောင်းငဲ့လိုက်ပါသော ပါတီသတင်းစာ ဆရာမျိုး မဟုတ်၍လည်း သာ၍ စစ်မှန်သော သတင်းစာဆရာတစ်ဦးဖြစ်သည်။

ထို့ကြောင့် ဆရာ၏ဘဝတစ်သက်တာတွင် ချမ်းသာခြင်းကင်း၍ ဆင်းရဲခြင်းများနှင့်သာ စခန်းသွားခဲ့ရသော သတင်းစာဆရာ၊ စာပေသမားစစ်စစ်တစ်ဦး ဖြစ်ပေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့စာပေ ရေးဖော်ကြီးတစ်ဦးဖြစ်သော ဆရာတိုက်စိုး

www.burmeseclassic.com

www.burmeseclassic.com



က သူ၏ဆောင်းပါးတစ်စောင်တွင်ပင် ဆရာ့အကြောင်း ဤသို့ ရေးထားသည်ကို ဖတ်ရသည်။

'အမျိုးသားကောလိပ် ကျောင်းဆရာတို့မှာ လခမရတစ်ချက် ရတစ်ချက်ဖြစ်လာသည်။ ဆရာအချို့လည်း အငတ်ဒဏ်မခံနိုင်၍ အလုပ်မှ အလျှိုအလျှိုထွက်ကုန်ကြတော့ရာ ဆရာလွန်း၊ ဓာတုဗေဒဆရာ ဦးစံညွန့်၊ ပါဠိဆရာ ဦးလူဖေဝင်း၊ သချ်ာဆရာ ဘနာဂျီ၊ ဦးဘချိုတို့ကသာ ဇွဲကောင်းကောင်းနှင့် ကျန်ရစ်ခဲ့ကြသည်။

သားမယား တာဝန်ပိုလာသော ဦးဘချိုသည် မူလနေရင်း ၅၁ လမ်းမှ ကျောင်းနှင့် နီးအောင် ဗဟန်းရွာထဲသို့ ရွှေ့ပြောင်းနေထိုင်ရ၏။ ထို့ပြင် စရိတ်ကာမိအောင် 'ဘချို အသားလှ ကတ္တီပါရည်၊ ပန်းမြိုင်လယ်ရေမွှေး' များကို ဖော်စပ်ရောင်းချရလေသည်။

(မှတ်ချက်)။ ထိုစဉ်က မြန်မာ့ရီဗျူးဂျာနယ်တွင် ဘချို၏ကတ္တီပါအလှရည် ကြော်ငြာနှင့် အောက်ပါ ဗုံကြီးသံကဗျာလေးကို ကျွန်ုပ်တို့ ဖတ်ရဖူးသည်။ (ဗုံကြီးသံ) 'ကတ္တီပါ...ကတ္တီပါရည်ရယ်ဗျာ...ရည်ရယ်ဗျာ၊ အမည်တော်ချစ်စရာ၊ ကြည်သနော် အသစ်ပါ၊ ပြည်တော်ချစ်မဟာ၊ အသားကလေးနုဖတ်လို့ ဝင်းတဲ့အောင်၊ ယခုတစ်မတ်တစ်ပုလင်းနှင့် လက်ငင်းဝယ်တော့ဗျာ' (ဗျူနောင်...ဗျူနောင်...ဗျူနောင်...ဗေဗိန်ဗုံ) ဘချို၏ ကတ္တီပါရည်တစ်ပုလင်း ၄ပဲ၊ ဘချို၏ပွဲထိုင်အလှရည်တစ်ပုလင်း ၈ ပဲ။

မောရဝတီပုံနှိပ်တိုက်
၂၈၆–ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့။

ထိုနောက် ဆရာတိုက်စိုး၏ ဆောင်းပါးတွင်ပင် ဆက်၍ 'ကောလိပ်အပျက်တွင် ဆရာများ တကွဲတပြား လွင့်ကြပြန်ရာ ထိုအထဲတွင် ဆရာလွန်းက ဒဂုန်မဂ္ဂဇင်းတွင် ဝင်ရောက်နားလေသည်။ ဦးဘချိုမှာ မြန်မာ့ရီဗျူးဂျာနယ်တွင် အယ်ဒီတာချုပ် ဝင်ရောက်လုပ်ကိုင်တော့သည်။

ဤတွင် ပညာရေးသံယောဇဉ် မကုန်နိုင်သေးသည်နှင့် ဂျာနယ်မှ ခွင့်(၆ လ)ယူကာ သရက်တောတိုက်ရှိ အစိုးရအထောက်အပံ့မခံ အမျိုးသားကျောင်းတွင် ဆရာကြီး လုပ်ပြန်သည်။ ထိုကျောင်းလည်း ပျက်ပြန်သဖြင့် ဦးဘချိုမှာ မြန်မာ့ရီဗျူးသို့ပြန်မဝင်တော့ဘဲ ၁၉၂၅ ခုနှစ်၊ ဧပြီလတွင် ဒီးဒုတ်သတင်းစာ (ဂျာနယ်)ကို တည်ထောင်ထုတ်ဝေလေတော့သည်။

ထိုသို့ ကိုယ်ပိုင်ဂျာနယ်တစ်ခုကို ထုတ်ဝေခဲ့သော်လည်း ငွေအရင်းအနှီး ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ရှိ၍မဟုတ်ပေ။ မိမိမျက်စိရှေ့မှောက်တွင် တွေ့မြင်နေရသော



အမိနိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး ကမောက်ကမများကို စိတ်ရှိလက်ရှိ စီစစ်ဝေဖန်ရေးသားလိုခြင်းနှင့် မိမိဝါသနာပါရာ စာပေ၊ ကဗျာ၊ ဂီတ၊ ဆေးဝါး၊ ဗေဒင်စသည်များကို သဘောကျ ရေးလိုခြင်းကြောင့်ဖြစ်သည်။

## ဆင်းရဲသော ဆရာဘဝ

အထက်ပါ ဆရာတိုက်စိုး၏ ဆောင်းပါးတွင် ဖော်ပြပါရှိသည့်အတိုင်း ထိုစဉ်က ဆရာသည် ဒီးဒုတ်ဂျာနယ် တစ်စောင်လုံးလိုလိုကို တစ်ယောက်တည်းကုန်း၍ ကျုံး၍ ရေးသားထုတ်ဝေခဲ့ရခြင်းဖြင့် ပင်ပန်းလှသည်။ ဂျာနယ်၊ မဂ္ဂဇင်းတို့သဘောမှာလည်း အမြတ်အစွန်းက မရှိသလောက်နည်းပါးလှပေရာ ဆရာ၏ ဘဝတစ်လျှောက်မှာ ချမ်းသာသုခကို ခံစားခဲ့ရသည်မရှိဘဲ ဆင်းရဲသောဘဝနှင့်သာ စခန်းသွားခဲ့ရ၏။

မိမိ၏ နေ့စဉ်ဝမ်းရေးအတွက် ကိုယ်တိုင်ဖော်စပ်ခဲ့သော မဟာသုမင်္ဂ ကတိုးသွေးဆေး၊ နှင်းခူဆေး၊ ချောင်းဆိုးဆေး၊ အစာကြေဆေး၊ ယခင်အသားလှရည် ကတ္တီပါရည်များကို ကြော်ငြာကာ ဒီးဒုတ်ဆေးတိုက်အမည်ဖြင့် ရောင်းချ၍ တစ်ဖက်မှ ဖြေရှင်းရလေသည်။ သို့သော် ဆရာသည် သူ့ဘဝကို အလွန်ရောင့်ရဲကျေနပ်ခဲ့သည်။

ထိုစဉ်က ဆရာနှင့် ကျွန်ုပ်တို့ စတင်တွေ့ကဆုံသိကျွမ်းခဲ့ရာမှ ဆရာ၏ဘဝနှင့် စိတ်ထားကို ကိုယ်တွေ့သိမြင်ခဲ့ရခြင်းပင် ဖြစ်သည်။ ဆရာသည် သဘောလွယ်သူဖြစ်သည်။ သနားကြင်နာတတ်သည်။ မည်သူ့အပေါ်မဆို ညှာတာသောစိတ်ထား အမြဲရှိသည်။ တပည့်များအပေါ်တွင်လည်း သည်းခံစိတ်ရှိသည်။ သဘောထားကြီးသည်။ (ဤအကြောင်း များကို ရှေ့တွင်ဖော်ပြပါမည်)။

## သနားညှာတာတတ်သော ဆရာ

ဆရာ၏ သဘောလွယ်မှု၊ သနားတတ်မှု၊ ညှာတာမှုများမှာ တစ်ခါတစ်ရံ အတိုင်းအတာထက် လွန်နေသဖြင့် ရံဖန်ရံခါ သားမယားများ၊ တပည့်များကပင် ဆရာအား ဒေါမသသပွားကြရသည်။ မိမိအလုပ်အတွက် အရေးတကြီးငွေကြေးမလုံလောက်၍ တခြားမှ အပူတပြင်းချေးငှားလာခဲ့ရသော ငွေများကိုပင် ရင်းနှီးသူများက လာ၍ ပြောဆိုအပူကပ်လျှင် မိမိစီးပွားရေးအလုပ်အကိုင်ကို မငဲ့ဘဲ လက်ထဲရှိသမျှငွေကို ထုတ်ပေးလိုက်သူဖြစ်သည်။

ယခု ဗိုလ်ချုပ်လမ်း (ထိုစဉ်က မောင်ဂိုမာရီလမ်း)သို့မပြောင်းရွှေ့မီ ပထမလမ်း

www.burmeseclassic.com

www.burmeseclassic.com



၅၀၊ တိုက်အမှတ် ၄၃ တွင် ဒီးဒုတ်ဂျာနယ်ကို ချို့ချို့ငဲ့ငဲ့ရိုက်နှိပ်ထုတ်ဝေနေရသော အချိန်ဖြစ်သည်။ ထိုအချိန်က လန်ဒန်အတ်မဂ္ဂဇင်း(၁၂၈၈–၁၉၂၇)သည် ဆရာ၏တိုက်တွင် ရိုက်နှိပ်သည်။ ဆရာသည် သူ၏ဂျာနယ်တစ်ဖက်နှင့် မနိုင်မနင်း ထိုမဂ္ဂဇင်းကို တာဝန်ခံလုပ်ကိုင်ပေးသည်။ အယ်ဒီတာချုပ်နာမည်ကိုပင် ခံယူကာ ခေါင်းစီးကအစ ဝတ္ထုအဆုံး တစ်အုပ်လုံးလိုကို သဗ္ဗန်အားလုံးမေတ္တာရှိသော ကူညီရေးပေးလိုက်သေးသည်။

ထိုစဉ်က မစ္စတာဒီးဒုတ်အမည်ဖြင့် ခေါင်းကြီးများ၊ စပယ်အမည်ဖြင့် 'စုံထောက်အဖွဲ့ မှတ်တမ်း' ခေါင်းတပ်၍ စုံထောက်ဝတ္ထုဘာသာပြန်များကို ဖတ်ရသည်။ အုပ်ချုပ်သူ အယ်ဒီတာချုပ် ဆရာ၏ ပုံသည် မဂ္ဂဇင်းပထမမျက်နှာမှ ပါရှိသည်ကိုလည်း တွေ့ရ၏။ ထိုနောက် ဒု–စစ်ကြီးမဖြစ်မီ ဆရာမြို့မမောင်၏ ဆယ်သန်းသတင်းစာမှာ နယ်ချဲ့အစိုးရများ၏ ဖိနှိပ်မှုဒဏ်ကြောင့် ပြုတ်လုမတတ် အလူးအလှဲခံရသည်။ ထိုစဉ်ကလည်း ဆရာသည် တပည့်ဖြစ်သူ မြို့မမောင်အား အစစအရာရာ တတ်နိုင်သမျှ အကူအညီပေးခဲ့သည်။ ငွေအား လူအား ထောက်ပံ့ခဲ့သည်။ ဆယ်သန်းအချိန်မီ ထွက်နိုင်ရန် ဆရာတိုက်မှ ရိုက်နှိပ်ပေးခဲ့သည်။ နောက်ဆုံး ဆယ်သန်းမထုတ်နိုင်အောင် မှတ်ပုံတင်ပိတ်ခံရသည်။ ထိုအခါ ဆရာ၏ ဒီးဒုတ်ဂျာနယ်မှ ဆယ်သန်းအမည်ဖြင့် အခန်းတစ်ခန်းအဖြစ် ထုတ်ဝေပေးခဲ့သည်။ နဂိုဗီဇက သတင်းစာဆရာပီသသောဆရာသည် သတင်းစာ(စာနယ်ဇင်း)ကိစ္စမှန်သမျှနှင့်ပတ်သက်လာလျှင် မည်သည့်ကိစ္စကိုမဆို လုပ်ရဲ ရေးရဲသူဖြစ်သည်။

ဆရာသည် အမျိုးကို တကယ်ချစ်သူလည်း ဖြစ်သည်။ ဇာတိမာန်လည်း ရှိသည့် အမျိုးသားရေးနှင့်ကမ္ဘာ့အရေး(အင်တာနေရှင်နယ်)ကို အခါအားလျော်စွာ ခွဲခြားတတ်သူလည်း ဖြစ်သည်။ ထိုသို့သော သဘောထားတူညီမှုများကြောင့်ပင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဆရာရင်းတပည့်ရင်းပမာ သူတော်ချင်းချင်း သတင်းလွှလွှ,ရင်းနှီးခင်မင်ကြခြင်းဖြစ်သည်။

မှတ်မိသေးသည်။ ဒု–စစ်ကြီးမဖြစ်မီ စစ်ရိပ်များသန်းလာသည့်အချိန်တွင် လူမျိုးခြားလက်အောက်ခံ တစ်ပါးကျွန် ကိုလိုနီသမားများအဖို့ ထိုစစ်ကြီးကို အမှီပြု၍ မိမိတို့တိုင်းပြည်လွတ်လပ်ရေးအတွက် အမြတ်ထုတ်အရယူနိုင်ရန် အခွင့်ကောင်း အခါကောင်းတစ်ခုအဖြစ် ကြိုးစားလုံးပမ်းခဲ့ကြသော အချိန် ဖြစ်သည်။ ထိုစဉ်က နဂါးနီလက်ဝဲစာအုပ်အသင်းမှ 'ယခုစစ်နှင့် ဗမာ့အရေး' စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။

ထိုစာအုပ်တွင် အခန်းတစ်ခန်းမှ ဆရာပါဝင်ရေးသားရန် လူငယ်များ၏ ပန်ကြား



တောင်းဆိုချက်အရ မိမိလူမျိုးကောင်းစားရေးဆိုလျှင် ဘယ်အခါမျှ မငြင်းဘဲ ကျရာတာဝန်မှ ထမ်းဆောင်တတ်သော ဆရာသည် ယခုစစ်တွင် အမျိုးသားရေးကိုဦးတည်၍ ခနရှင် ဆင်းရဲသား လူမျိုးဘာသာမခွဲခြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်အင်အားဖြင့် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း ဆောင်းပါးတစ်စောင်ကို ရေးပေးခဲ့သည်။

ထိုဆောင်းပါးတွင် အချို့လက်ဝဲလူငယ်များက ခနရှင်ဆင်းရဲသား ခွဲခြားရေး ကွန်မြူနစ်ဝါဒကို ဦးတည်တိုက်ခိုက် ဆောင်ရွက်နေခြင်းအားဖြင့် အမျိုးသားစည်းလုံး ညီညွတ်ရေးကို ပျက်ပြားထိခိုက်စေနိုင်မည့်အကြောင်းများ ဖော်ပြရေးသားချက်များပါရှိသည်။ ထိုစဉ်ကလည်း (ချန်ကေရှိတ်)တရုတ်ပြည်ကြီးကို နယ်ချဲ့စစ်ဝါဒီသမားများဖြစ်သော ဂျပန်များက ကျူးကျော်တိုက်ခိုက်နေချိန်ဖြစ်သည်။ ထိုနယ်ချဲ့ဂျပန်ရန်ကို တရုတ်များသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်သောအင်အားဖြင့် မိမိတို့တိုင်းပြည် လူမျိုးတို့ လွတ်လပ်ရေးမဆုံးရှုံးရအောင် ခုခံတိုက်ခိုက်နေရသည့်အကြောင်းနှင့် ထိုသို့ ရန်သူကို တိုက်ခိုက်နေသည့် အချိန်မျိုးတွင် မိမိတို့ အမျိုးသားများ စည်းလုံးရေး အားနည်းစေနိုင်သော ခနရှင် ဆင်းရဲသား လူမျိုးခွဲခြားရေးကို မလုပ်သင့်ဘဲ တစ်မျိုးသားလုံး ကျောချင်းအပ် ရင်ချင်းကပ်ကာ စည်းစည်းလုံးလုံး ရှိသင့်သောအချိန် ဖြစ်သည့်အကြောင်း။

တရုတ်ပြည်ကြီး၏ ခေါင်းဆောင်ကြီး ဆွန်ယက်ဆင်သည် ဤသို့ ညီညွတ်ရန် (စန်မင်းချူအီ) လူမျိုးရေးအကြောင်း(၃)ပါးကို ဦးတည်၍ ဟောပြောခဲ့သည့်အကြောင်း ကိုးကားရေးသားချက်များကို ထိုစဉ်က လက်ဝဲစွန်းကျလွန်းသော အယူအဆရှိသည့် လူငယ်အချို့က ပြစ်တင်ဝေဖန်ချက်များ ရေး၍ ဆရာ၏ဆောင်းပါးအောက်ဆွယ်တွင် မှတ်ချက်အနေဖြင့် ထည့်သွင်းထားသည်ကို ဖတ်ရသည်။

## ဆရာ၏မှန်သောအယူအဆ

အမှန်အားဖြင့် ဆရာ၏ရေးသားချက်များမှာ ကာလံဒေသံကိုလိုက်၍ ဆင်ခြင်ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဆရာ၏ရေးသားချက်များ မှန်ကန်ကြောင်း ယနေ့လက်ဝဲသမားများ၏ ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သော ပြည်သူ့တရုတ်ပြည်ကြီး၏ ဥက္ကဋ္ဌမော်စီတုံးကပင် 'တိုင်းပြည်တစ်ပြည်၏ ပထမအရေးအကြီးဆုံး အချက်မှာ ထိုတိုင်းပြည်၏ လွတ်လပ်ရေးပင် ဖြစ်သည်။ တိုင်းပြည် မလွတ်လပ်က၊ သို့မဟုတ် လွတ်လပ်ရေးဆုံးရှုံးနေရသော တိုင်းပြည်တစ်ပြည်အဖို့ မည်သည့်ဝါဒကိုမျှ ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ ထိုသို့ ဆောင်ရွက်နိုင်ရန်ဝေးစွ၊ ထိုဝါဒကိုပင် လွတ်လပ်စွာ ဟောပြောဖော်ထုတ်နိုင်

www.burmeseclassic.com



ခြင်း ရှိမည်မဟုတ်ကြောင်း အဆိုအမိန့်များ ရှိခဲ့သည်။

ဒု–စစ်ကြီးမဖြစ်မီ ဖြစ်ခါနီးကလေး(၁၉၃၉ ခု၊ ဒီဇင်ဘာလ ၁၂ ရက်)တွင် တရုတ်ပြည်သို့ မိတ်ဆက်အဖွဲ့တစ်ဖွဲ့ကို မြို့မဆရာကြီး ဦးဘလွင် ခေါင်းဆောင်၍ သွားရောက်ခဲ့ကြသည်။ ထိုအဖွဲ့တွင် ဆရာဦးဘချို၊ ဒေါ်မြစိန်၊ မစ္စတာဂန်ဂါဆင်၊ မစ္စတာစောတိန်လျောင်၊ မစ္စတာ ဝီလီယံကျန်၊ မစ္စတာ လယူး၊ သခင်နု(နောက်ဦးနု) စသော လူမျိုးပေါင်းစုံကိုယ်စားလှယ်(၈)ဦးပါဝင်ကြသည်။ ထိုမိတ်ဆက်အဖွဲ့ တရုတ်ပြည်မှ ပြန်ရောက်သည့်အခါ သခင်နုသည် 'ဂန္ဓာလရာဇ်' အမည်ဖြင့် တရုတ်ပြည်တွင် ကိုယ်တွေ့မျက်မြင်များ၊ ဂျပန်ရန်ကို တရုတ်အမျိုးသားများ ညီညီညွတ်ညွတ် ခုခံကာကွယ်နေကြပုံများ၊ မော်စီတုံး ကွန်မြူနစ်များနှင့် ထိုစဉ်က ချန်ကေရှိတ်အစိုးရ (အမျိုးသားဝါဒသမားများ) လက်တွဲတိုက်ခိုက်နေကြပုံများ၊ ဂျပန်များရက်စက်ပုံများကို စာအုပ်တစ်အုပ်ရေးခဲ့သည်။ ထိုစာအုပ်ကို နဂါးနီတိုက်မှပင် အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် အထက်ပါ မော်စီတုံး၏ စကားများကိုပင် ကိုးကားဖော်ပြထားသည်ကို တွေ့ရသည်။

## မှိုင်း၊ ချို တို့၏ အမျိုးသားဝါ

အမှန်အားဖြင့် ဆရာသည် ယနေ့ အချို့လူငယ်များ စွပ်စွဲပြောဆိုလေ့ရှိကြသည့်မျက်ကန်းမျိုးချစ်သမား (နေရှင်နယ်လစ်)တစ်ယောက်မဟုတ်ပေ။ ဤနေရာတွင် အကြောင်းဆိုက်၍ ဖော်ပြလိုသည်မှာ အမျိုးကိုချစ်ရာတွင် ကျွန်ုပ်တို့ မျက်မှောက်ခေတ်၌ စံတင်လောက်သည့် စာရေးဆရာ စာပေသမားများ၏ ဘိုးအေကြီး သခင်ကိုယ်တော်မှိုင်းသည် ရှေးမြန်မာဘုရင်များ၏ ထီးသံနန်းသံ ကြွေးနှင်းဆန်ဆန် အကြောင်းအရာများကို ဆရာကြီး ရေးသမျှ စာအုပ်စာတမ်းများတွင် တွေ့ရဖတ်ရသည်။ ထိုသို့ရေးသားခြင်းကို လက်ဝဲနိုင်ငံရေးသမားတစ်ဦးဖြစ်သော ဝိဒူရသခင်ချစ်မောင်က မေးမြန်းခဲ့ရာ 'တစ်ပါးလူမျိုးလက်အောက် ကျွန်သဘောက်ဖြစ်နေရသော အချိန်အခါကိုလိုက်၍ အမျိုးသားဇာတိမာန်မပျောက်ပျက်စကောင်း၊ ထိုသို့မပျောက်ပျက်ရအောင် သွေးထိုးနှိုးဆွပေးရခြင်း ဖြစ်သည်' ဟု ဖြေဆိုခဲ့ဖူးကြောင်း သခင်ချစ်မောင်ရေး 'နိုင်ငံခြားသွား သခင်ကိုယ်တော်မှိုင်း' စာအုပ်တွင် ဖတ်ရသည်။

ထို့တူပင် ဆရာသည် ကာလံဒေသံအလျောက် အမျိုးသားဇာတိမာန် တက်ကြွစေသော စကားများကို နေရာဌာနနှင့်ညီစွာ ရှေးမြန်မာများသည် သကျသာကီဝင်မင်းများမှ ဆင်းသက်လာခဲ့သည့်အကြောင်းများကို ဟောပြောပွဲများ၌ ဟောပြောခဲ့သည်။ (မည်သည့်အတွက် ထိုသို့ ဟောပြောရသည်ကို စစ်ကြိုစစ်ပြီးခေတ် ဆရာ၏အမျိုးသားနေ့ ဟောပြောချက်များကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်)။



ထိုအချက်များနှင့် ပတ်သက်၍ ဆရာအား 'သဘောတရားရေးအမြင်နည်းသူ၊ မရှိသူ၊ မပေါက်သူ (ဝါ)အမျိုးသားရေးဝါဒသမားတစ်ယောက် ဖြစ်သည်ဟု စွပ်စွဲလိုကြ သည်။ အထက်ပါ နဂါးနီဆောင်းပါးတွင်လည်း ထိုစွပ်စွဲလိုရိပ်များပင် ဖြစ်သည်။ ဤသို့စွပ်စွဲလျှင်ကား မမှန်ပေ။ ယထာဘူတ သဘာဝလည်း ကျမည်မဟုတ်ပေ။

အချို့ကလည်းဆရာ့အား (တရားအားထုတ်သူ) တရုတ်အားထားသူ၊ လိုလားသူဟူသော စွပ်စွဲလိုချက်များရှိကြသည်။ အမှန်အားဖြင့် ဆရာသည် တရုတ်များအားအကြောင်းမဲ့ လိုလားခြင်းမဟုတ်ဘဲ ထိုစဉ်က နယ်ချဲ့ဂျပန်များ၏ ကျူးကျော်တိုက်ခိုက်ခြင်းကို ခံနေရခြင်းဖြင့် မြန်မာလူမျိုးများသည်လည်း ဤသို့ ကျူးကျော်ခံရခြင်း၊ သူ့ကျွန်ဖြစ်နေရခြင်း စသော လက်ငင်းအခြေအနေများနှင့် နှိုင်းယှဉ်ကာ ကိုယ်ချင်းစာစိတ်ဖြင့် ရေးသားထောက်ခံနေခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဂျပန်၏ နယ်ချဲ့ဝါဒကို ဆန့်ကျင်ကန့်ကွက်နေခြင်း ဖြစ်သည်။

ဤနေရာတွင် တရုတ်များနှင့်ပတ်သက်၍ ထိုအချိန်က ယခု ဤစာရေးသူကိုယ်တိုင် ခံစားခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ် နှစ်နာချက်ကလေးတစ်ရပ်ကို ဖော်ပြလိုသည်။ ဒု–စစ်ကြီးဖြစ်ခါနီး ဂျပန်များ မြန်မာပြည်တွင်းသို့ မဝင်လာမီ 'တရုတ်–မြန်မာ မိတ်ဆက်အဖွဲ့' တစ်ခု ရောက်လာသည်။ ထိုအဖွဲ့တွင် တက္ကသိုလ်ပရော်ဖက်ဆာများ၊ စာရေးဆရာ စာပေသမားများ ပါဝင်ကြသည်။ ယင်းအဖွဲ့မှာ ယခင် ဆရာတို့သွားရောက်ခဲ့သော မိတ်ဆက်အဖွဲ့ကို အပြန်အလှန်အဖြစ် လာရောက်ကြဟန်တူသည်။ ထိုစဉ်က စာရေးဆရာ အသင်းက လည်း စာပေသမားများ တာဝန်အရ ဆီးကြိုခဲ့ကြသည်။

ထိုအချိန်က စာရေးဆရာအသင်းဥက္ကဋ္ဌမှာ ဆရာချိုဖြစ်ကာ အတွင်းရေးမှူးမှာ ဤစာရေးသူဖြစ်သည်။ ထိုသို့ ကြိုဆိုခဲ့ခြင်းနှင့်ပတ်သက်၍ အချို့စာရေးဆရာများနှင့် စာနယ်ဇင်းအယ်ဒီတာအချို့၏ အထင်လွဲမှားခြင်းကို ခံခဲ့ရသည်။ ထိုစဉ်က ဗမာလူထုလူများစုသည် ဂျပန်များကို အလွန်လိုလားနေသောအချိန်ဖြစ်ရာ ဆရာနှင့် ဤစာရေးသူတို့အား (တရားအားထုတ်သူ)တရုတ်အားထားသူများဟု စွပ်စွဲလာကြသည်။ ထိုစွပ်စွဲချက် အထင်မှားချက်များမှာ ဤမျှနှင့် အဆုံးမသတ်သေးဘဲ ဤစာရေးသူ၏စာမူများကို ဂျပန်လိုလားသော စာနယ်ဇင်းတိုက်အချို့က လက်မခံဘဲ ဖြတ်တောက်ဝိုင်းပယ်ခြင်းကို ခံရသည်အထိ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com



## ဆရာ၏ မှတ်သားဖွယ်စကား

ဤတွင် စားရေးခြင်းတစ်ခုတည်းနှင့် သက်မွေးကျောင်းခြင်း ပြုနေရသော ဤ စာအရေးသူအဖို့ အတော်ကလေးထိခိုက်ကာ ကသီလင်တ ဖြစ်ခဲ့ရသည်။ ဤအကြောင်း ကိုသိသော ဆရာသည် စာပေသမားများဖြစ်လျက် သဘောထားမကြီးဘဲ ဤမျှ အမြင် ကျဉ်းမြောင်းကြသည်ကို အတော်ကလေး စိတ်မကောင်းခြင်းဖြစ်ရှာသည်။ ထိုစဉ်က ဆရာ ပြောခဲ့သော စကားကလေးများသည် စာရေးသူနားထဲ၌ ယခုတိုင် ကြားယောင်လျက် ရှိနေသေးသည်။

'ဆရာတို့က နိုင်ငံရေးသမားဆိုပေမဲ့ ကိုသခ်ါရေ၊ တိုင်းပြည်မျက်နှာတစ်ခုတည်း အပေါ် သစ္စာထားပြီး လုပ်ခဲ့တဲ့လူပါ။ တိုင်းပြည်ကိုတော့ ဘယ်တော့မှ ရောင်း မစားဘူး၊ ဆရာတို့အလုပ်လုပ်ရင် အယ်ဒီတာ (စာရေးဆရာ) အလုပ်နဲ့ နိုင်ငံရေးအလုပ် ဘယ်တော့ မဆို ခွဲခြားပြီး အလုပ်လုပ်တယ်။ ဘယ်သူ့မျက်နှာမှလည်း မထောက်ဘူး...'

ဤတွင်နိုင်ငံရေး လုပ်ဖော်လုပ်ဖက်များ ဖြစ်ကြသော ဦးဘဖေ၊ ဦးဘမော်တို့ အကြောင်းနှင့်ပတ်သက်၍ ဤသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

'ဦးဘဖေ၊ ဦးဘမော်တို့ဆိုတာ ဆရာတို့နဲ့ အလွန်ခင်မင်တဲ့ မိတ်ဆွေကြီးတွေပဲ၊ ဒါပေမဲ့ နိုင်ငံရေးမှာ သူတို့လုပ်တာမှားရင် မှားသလိုဆရာ့ဂျာနယ်ထဲက တစ်တစ်ခွခွ ဖြောင်ဖြောင့်ချ တွယ်တာပဲ၊ နောက် အပြင်မှာဆိုရင် မိတ်ဆွေရင်းချာတွေလို အခင်မင်မပျက် ဆက်ဆံတာပဲ၊ ဘယ်တော့မှ အာဃာတစိတ်မထားဘူး၊ ဆရာတို့ ဒီလိုသဘောမျိုးထား နိုင်ပါတယ်'

မည်မျှလေးနက်သော၊ အဓိပ္ပာယ်ပါရှိသော လေးစားဖွယ် ဆရာ၏စကားများပေ နည်း။ ဆရာစကားများသည် ယနေ့ခေတ် စာပေသမားများ၊ နိုင်ငံရေးသမားများ မှတ်သားသတိပြုဖွယ် ကောင်းလှသည်။ ဆရာသည် သူ့စကားအတိုင်းပင် လိုက်နာ ကျင့် ဆောင်ခဲ့သူဖြစ်သည်။ ပုဂ္ဂိုလ်စွဲ ဝါဒစွဲမထား၊ မြန်မာပြည်သား တစ်ဦးပီပီ မြန်မာပြည်ကို သာ သူအချစ်ဆုံးဖြစ်သည်။ (ဤအချက်တွင် နောင်အခါ၌ အသက်ဘေးနှင့် အလွန် နီးကပ်အန္တရာယ်များလှသော ဂျပန်များနှင့်ပတ်သက်၍ အလွန်ထင်ရှားခဲ့သော သာဓက ကြီးတစ်ခု ဖြစ်ခဲ့သည်)။

ထိုအချိန်က ဂျပန်အကြောင်းနှင့် ဝါဒကို မသိသူများက ဂျပန်အပေါ် အထင် ကြီးခဲ့ကြသော်လည်း ဆရာသည် ဂျပန်အကြောင်း ဝါဒကို ကိုယ်တိုင်မျက်မြင် ရိပ်စား သိမြင်ပြီးဖြစ်၍ ဂျပန်ကို အထင်မကြီး မလိုလားခဲ့ပေ။ ဆရာမလိုလား အထင်မကြီးခဲ့



သည့်အတိုင်းပင်လည်း မကြာမီ အရှေ့ပိုင်းစစ်မီးကြီးကူးကာ ဂျပန်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသည့်အခါ ဖက်ဆစ်အရိုင်းဇာတ်ကို ခင်းလျက် မြန်မာများ၏ နရင်းကို များများအုပ်ခဲ့ရုံမက (ယခင် ဂျပန်လိုလားခဲ့သော စာနယ်ဇင်း အယ်ဒီတာအချို့ကပင်) ဂျပန် နရင်းအုပ်ခြင်းမှ မလွတ်ခဲ့ပေ။

## နိုင်ငံခြားကို အထင်မကြီးသော ဆရာ

ဤတွင် တရုတ်ကိုလိုလားသူဟု စွပ်စွဲချက်များမှာလည်း အခြေခံအားဖြင့် မဟုတ် မှန်လှဘဲ ယခင် စစ်ကြိုခေတ် နယ်ချဲ့အစိုးရလက်ထက်က တရုတ်များအပေါ် အထင် မကြီးသည့်အကြောင်းနှင့် ပတ်သက်၍ ဆရာ၏ဂျာနယ်၊ ဒီးဒုတ် ပစ္စုရလက္ခတ်ကျမ်း အခန်း တွင် တစ်ချိန်က ဤသို့ ရေးသားထားချက်များကို ကျွန်ုပ်တို့ဖတ်ရ မှတ်ရခဲ့ဘူးသည်။

'ယခုအခါ အစိုးရ ကောလိပ်သိပ္ပံကျောင်းများ၌ မြန်မာရာဇဝင်ကို စုံစမ်းရှာဖွေ ရန် ရာဇဝင်အသင်းများ ဖွင့်ကြသတဲ့ဗျ၊ ဘုရားတန်ခိုး၊ သိကြားတန်ခိုး၊ ကြံသကာတန်ခိုး ကြောင့် ပညာမင်းကြီး မစ္စတာကောက်တို့ စီစဉ်တဲ့ မြန်မာရာဇဝင်တို့ကိုဖြင့် အခြေမပြု ကြပါနဲ့လို့ ဆုတောင်းမိသဗျ။

ထိုမှတစ်ပါး မြန်မာပြည် ရှေးဟောင်းအရပ်ရပ်တို့မှ ကောင်းမြတ်သမျှအရာများကို တရုတ်ပြည်ကချည်း ဖြစ်လာသည်ဟု ဂန္ဓာလရာဇ်ဘက်ကိုသာ တွင်တွင်ကြီးဆွဲနေတဲ့ ဟို ကျစ်ဆံနီနတ်ကြီးရဲ့ ထင်မြင်ချက်များကိုလည်း ဘုရားဟောမှတ်ပြီး မယူဆကြပါနဲ့လို့ ဆုတောင်းလိုက်ရသဗျ။

ဒါနဲ့ စကားစပ်မိလို့ ပြောလိုက်ရအုံးမယ်၊ (ဆရာ၏ဂီတသဘင် လေအတိုင်း) တစ်ခါက မန္တလေးက ကိုချစ်ဖွယ်၊ မစိန်သုံးတို့ အငြိမ့်ကရင်း ဇာတ်ကွက်ကလေး ဖော်တာ ကို သွားသတိရမိသဗျ။ ကိုချစ်ဖွယ်က ကျောက်စာဝန်လုပ်လို့ အခြားလူပြက် တစ်ယောက်က မြေတူးသမားလုပ်ပြီး ပြည်အနီး ဘုန်းကြီးကျောင်းနေရာတစ်ခုကို ကျောက်စာရှာတဲ့အခန်း ဖွင့်သဗျ၊ အဲဒီမှာ မြေတူးသမားလုပ်တဲ့ လူပြက်က တူးလို့ရတဲ့အုတ်ပြား တစ်ချပ်ကို 'သခင် ဒါကဘာလဲ'လို့ပြတဲ့အခါ 'အဲလာ–ဟိုတုန်းက ဗိမာတွေ လီဟာမျိုး မလုပ်တတ်သေးဘူး၊ လီဟာ တရုတ်ပြေကြီးက အုတ်ခဲ'လို့ ကိုချစ်ဖွယ်က ပြောသဗျ။

နောက် ရွှေဆင်းတုတစ်ဆူကို တွေ့လို့ ကမ်းပေးတော့'လီဟာ စေစေချာချာ စစ်ဆေးဖို့ ရှိလယ်၊ ငါ့အိမ်ယူသွားရမယ်'လို့အိတ်ထဲ ထည့်လိုက်သတဲ့။ နောက်တော့ ဘုန်းကြီးတို့ရဲ့ အိမ်သာနေရာကို တူးမိတော့ ကနုတ်တွေ တစ်ပုံတခေါင်းကြီး တွေ့ပါရောတဲ့၊ ဒီတော့ တူးသူက လှမ်းပေးပြီး မေးမြန်းတော့...

www.burmeseclassic.com

www.burmeseclassic.com



'လီအခါတုန်းက ဗီမာတွေ အပုံကြီးရှိင်းလယ်၊ ဘာမှမတတ်စေးဘူး ဝါးကို လီလို ချောချော မစပ်နိုင်စေးဘူး ဝါးစပ်ဖို့ ဒါးလည်း ဗီမာတွေ မလုပ်နိုင်စေဘူး၊ ဟို စီဟပတော့ မင်းလက်ထက် တီလုပ်စစ်တပ်ကီး လာလို့ ဗီမာရှင်ဘုရင် ပစိမ်ထွက်ပြေးတော့ တီလုပ်တွေ လိုက် စီနေရာ ရောက်ဟန်ရှိတယ်၊ စီနေရာမှာ တပ်စခန်းချပြီး တီလုပ်စစ်ဗိုလ်ကီးတွေ စားပွဲထိုင်ဟန်ရှိတယ်၊ စီဒုတ်တွေဟာ တီလုပ်စစ်ဗိုလ်ကီးတွေ စားပွဲထိုင်ခဲ့လို့ တူတွေနဲ့ တူလယ်'လို့ ကိုချစ်ဖွယ်က တရုတ်သံပါပါနဲ့ ပြောလိုက်တော့ ပွဲကြည့်ပရိသတ်က တအုန်းအုန်းပေါ့ဗျာ။

ဤရေးသားချက်များကို ဖတ်ရခြင်းဖြင့် ဆရာဒွေး ရှိသော အမျိုးသားစိတ်ကို ခန့်မှန်းနိုင်ပေသည်။ မြန်မာလူမျိုးများ၏ ဇာတိမာန်ဆိုင်ရာ အနုပညာစိတ်အပြည့်အဝ ရှိကြောင်းလည်း ထင်ရှားသည်။ နိုင်ငံရေးဝါဒ သဘောတရားရေး ရှိသူ နည်းသူဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ဒု–စစ်ကြီးဖြစ်လုနီးအချိန်နှင့် ထိုစစ်အတွင်းမှအဖြစ်အပျက်များကို ဇာတ်လမ်းဖွဲ့ရေးထားသော (လက်ဝဲသမားတစ်ဦးအဖြစ် ထင်ရှားသည့်)ဦးသိန်းဖေမြင့်၏ 'အရှေ့မှ နေဝန်းထွက်သည့်ပမာ' စာအုပ်တွင် ဆိုဗီယက်ရုရှားဝါဒနှင့်ပတ်သက်ကာ ဆရာ၏ ဒီးဒုတ်ဂျာနယ်ခေါင်းကြီးပိုင်းမှ ရေးသားထားချက်များ ဤသို့ကောက်နုတ်ဖော်ပြထားသည်များကိုလည်း ဖတ်ရသည်။

'ရုရှားပြည်သည်လည်း အာဏာပိုင်(အာဏာရှင်)အုပ်စိုးခြင်းဖြစ်ရကား တစ်ပါတီတည်းဖြင့် အုပ်ချုပ်ခြင်းပင် ဖြစ်၏။ သို့ရာတွင် ၎င်းပါတီမှာ ဆင်းရဲသားအလုပ်သမားပါတီဖြစ်ရာ တိုင်းပြည်တွင်း ဆူကြုံနိမ့်မြင့် မထား။ ခေနရှင်ဟူ၍ မရှိဘဲ အုပ်စိုးခြင်းဖြစ်ရကား၊ အစ်တလီ၊ ဂျာမဏီ၊ တူရကီ၊ စသောတိုင်းပြည်များ၏ အာဏာရှင်အုပ်စိုးနည်းများနှင့် များစွာကွာခြား၍ အမြဲတမ်းဆန့်ကျင့်သော အုပ်စိုးနည်းဖြစ်ပေသည်။ (၃–၁၀–၃၅)

၎င်းတို့က (အင်္ဂလန်အစိုးရနှင့် အခြားနေရှင် အစိုးရများက) ရုရှားဘုံဝါဒှာ အခြားတိုင်းပြည်များကို တိုက်ခိုက်သိမ်းယူရန် ကြံနေသည့် တိုင်းပြည်ဖြစ်၍ ထိုတိုင်းပြည်တွင် မတရားသောအလုပ်များကို အစဉ်သဖြင့် လုပ်၍နေလေဟန်ရေးသားပြောဆိုနေကြလေသည်။ အမှန်မှာ ရုရှားပြည်သည် မည်သည့်တိုင်းပြည်ကိုမျှ အနိုင်မကျင့်၊ ချက်ကိုစလိုဗေးကီးယားပြည်ကို ဂျာမနီက ဝင်တိုက်လျှင် ခုခံကာကွယ်မည်ဟု ကတိပေးထား၏။

သို့ရာတွင် စစ်မဖြစ်၍သာ မတိုက်ဘဲ နေရ၏။ ရုရှားနှင့်အလားတူ ကတိပေးထားသော ပြင်သစ်နှင့် အင်္ဂလန်တို့မှာ ကတိဖျက်ကာ ချက်ကိုစလိုဗေးကီးယားပြည်ကို သစ္စာဖောက်ခဲ့သည်။ အခြားနေရှင် တိုင်းပြည်များမှာ တိုင်းပြည်တစ်ပြည်ပြီးတစ်ပြည်



နောက်ထပ်ရရန် ကြိုးစားလုံးပမ်း၍ နေသည်သာမက လက်ရှိတိုင်းပြည်များကိုပင် မလွတ်လပ်အောင် ကြိုးပမ်းအားထုတ်၍နေလေသည်။ ရုရှားမှာမူ မည်သည့်တိုင်းပြည်ကိုမှ လက်အောက်ခံ တိုင်းပြည်အဖြစ် သွတ်သွင်းခြင်းမပြု။ (၂၃–၁၁–၃၈ ဒီးဒုတ်ဂျာနယ် ခေါင်းကြီးမှ)။

ဦးသိန်းဖေမြင့်ရေး ထိုစာအုပ်တွင်ပင် (တရားအားထုတ်) တရုတ်အားထားသူကိစ္စနှင့် ပတ်သက်၍ အောက်ပါရေးသားထားချက်များကိုလည်း ဖတ်ရသည်။ ထိုရေးသားချက်များတွင် တရုတ်များထံမှ ထောက်ပံ့ကြေးငွေများယူသည်ဟူသော စွပ်စွဲချက်များအထိ ပါရှိသည်။

## တောင်းပန်ခြင်း

ဗန္ဓုလဂျာနယ် (၂၃–၂–၃၈)နေ့ထုတ်တွင် ဒီးဒုတ်ဦးဘချိုအား တရုတ်များက ငွေတစ်သိန်းပေးသည်ဟု ခေါင်းစဉ်တပ်၍ ရေးသားပါရှိသောသတင်းမှာ အလျှဉ်းမမှန်သောသတင်းဖြစ်၍ ဦးဘချိုအား ဂုဏ်သရေကို များစွာထိခိုက်နေသည့်အတွက် ကျွန်ုပ်တို့က များစွာဝမ်းနည်းပါကြောင်း၊ ထိုသတင်းကို ရုပ်သိမ်းပါကြောင်း။

ပုံ ဘိုးမင်း

ဗန္ဓုလ။

ဒီးဒုတ်ဦးဘချိုသည် ဂျပန်စစ်ဝါဒီတို့က တရုတ်ပြည်အား ကျူးကျော်တိုက်ခိုက်နေသည်ကို ကန့်ကွက်ရှုတ်ချခဲ့၏။ ခုခံတိုက်ခိုက်နေသော တရုတ်ပြည်ဘက်မှလည်း ဒီးဒုတ်ဂျာနယ်တွင် အားပေးရေးသားရုံမက အရပ်ရပ်တရားဟောစင်မြင့်ပေါ် တက်၍လည်း ဟောပြောခဲ့သည်။

ဂျပန်ကျူးကျော်မှုကို ကန့်ကွက်သောအားဖြင့် ဂျပန်ကုန်များကို သပိတ်မှောက်ရန်လည်း လှုံ့ဆော်ခဲ့သည်။ ဗန္ဓုလဂျာနယ်မှာ ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစိန်၏ဂျာနယ်ဖြစ်သည်။ ဦးဘချိုသည် ဒေါက်တာဗမော်အစိုးရအား ကန့်ကွက်သူဖြစ်သည်။ ထိုစဉ်က ဂျပန်အားကိုး လိုလားနေကြသောသူများသည် ဂျပန်ကျူးကျော်ရေး ဆန့်ကျင်မှုလုပ်သူများကို မလိုမုန်းထားနေကြသည်။ ဂျပန်ကျူးကျော်မှုများအား မဆန့်ကျင်မကန့်ကွက်ရဲဘဲ ကျူးကျော်မှုဆန့်ကျင်သူများအားသာ

www.burmeseclassic.com



ပုဂ္ဂိုလ်ရေးစွပ်စွဲချက်များဖြင့် အမနာပရေးသားပြောဆိုကြသည်။ ဦးဘချိုအား တရားအားထုတ်သူ (တရုတ်အားထားသူ)ဟု သရော်ကြသည်။ ဗန္ဓုလကမူ တရုတ်များက ငွေတစ်သိန်းပေးသည်ဟုပင် စွပ်စွဲလေသည်။

'တွေ့လားမခင်သစ်၊ ဗန္ဓုလက ဒီးဒုတ်ဦးဘချိုကို ဝန်ချတောင်းပန်ရပြီ'

'တွေ့တယ်ဆရာ၊ သတင်းစာတွေထဲမှာလည်း ထည့်ပေးရတယ်၊ မတောင်းပန်ဘဲ နေမလားဆရာ၊ ဦးလေးဦးဘချိုတို့က အသရေပျက်မှုနဲ့ တရားစွဲလိုက်တာကိုး၊ မဟုတ်တာတွေ အသားလွတ်ရေးသားထားတော့ ဗန္ဓုလ တရားရှုံးဖို့ သေချာတယ်၊ လျော်ကြေးပေးရဖို့လည်း သေချာတယ်၊ ဒါကြောင့် တောင်းပန်တာဆရာ'

'အင်း...လူတွေဟာ လုပ်ကြံစွပ်စွဲတဲ့နေရာမှာ သိပ်လေ့ကြတာပဲ၊ ကိုယ်နဲ့သဘောအယူအဆမတူရင် အဲဒီအယူအဆ မတူကြတာကို ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည်ချေပခြင်း မပြုတတ်ကြဘူး၊ ပုဂ္ဂိုလ်စွဲ ကလော်တုတ်ဖို့ပဲ တတ်ကြတယ်၊ ခေါင်တွေးပြီး စွပ်စွဲချက်အမျိုးမျိုးလုပ်ကြတယ်' (ဦးသိန်းဖေမြင့်၏ 'အရှေ့မှ နေဝန်းထွက်သည့်ပမာ' စာအုပ်ကောက်နုတ်ဖော်ပြချက်)

အမှန်အားဖြင့်ဆိုလျှင် အထက်ပါစွပ်စွဲချက် သတင်းဂယက်တို့မှာ မြန်မာပြည်နိုင်ငံရေးအတွက်သာ မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံရေးများနှင့်လည်း ဆက်စပ်၍နေသည်ဟု ဆိုရပေမည်။ အကြောင်းမူ ထိုအချိန်မှာ ကမ္ဘာ့စစ်ရိပ်စစ်ငွေ့များကလည်း တစ်နေ့ထက်တစ်နေ့ တိုင်းပြည်တိုင်းသို့ ပြန့်နှံ့ရိုက်ခတ်စပြုလာသည်။ စစ်သတင်းများကလည်း တစ်နေ့တစ်မျိုးပြီးတစ်မျိုးဖြင့် နေ့စဉ်အပြောင်းအလဲ မြန်ဆန်လှကာ အမျိုးမျိုးဖြစ်ပေါ်နေချိန် ဖြစ်သည်။

စစ်တစ်ခုဖြစ်လာလျှင် တိုင်းပြည်တိုင်းအဖို့ အနည်းနှင့်အများ ဂယက်ရိုက်လာစမြဲဖြစ်ကာ မိမိတို့ သက်သာရာ နီးစပ်ရာ မိတ်ကောင်းဆွေကောင်းများကို ရှာကြမြဲဓမ္မတာ၊ အထက်က ရေးခဲ့သည့်အတိုင်း တရုတ် မြန်မာ မိတ်ဆက်အဖွဲ့များ ရောက်လာခဲ့ပြီးသောအချိန်(၁၉၄၁ ခု) ဥရောပ စစ်မီးတောက်သည်။ အရှေ့ဘက် ဂျပန်ဆီသို့ ကူးလုဆဲဖြစ်လာသည်။ ဤနေရာတွင် အနုပညာနှင့်ပတ်သက်ကာ ချန်လှပ်၍မထားသင့်သော ဆရာ၏ဝါသနာပါလုပ်ဆောင်ချက် ရေးကွက်ကလေးအချို့ ရှိနေသေးသည်။

## ရှေးသီချင်းကြီးများမှုမှန်ဖော်ထုတ်ခြင်း

ထိုအချိန်က ဆရာသည် သူ၏ဂျာနယ်၌ ဥရောပစစ်ကြီးနှင့် ပတ်သက်၍ ခေါင်း



ကြီးပိုင်းများ၊ စစ်မျက်နှာသတင်းများကို ကိုယ်တိုင်ရေးကာ အလုပ်အလွန်များနေချိန်ဖြစ်သည်။ ထိုအလုပ်များသည့်ကြားမှပင် အနုပညာ စာပေသမားတစ်ဦးဖြစ်သော ဆရာအဖို့ စာရေးဆရာအသင်းနှင့် ပတ်သက်သည့် အလုပ်များကလည်း ရံဖန်ရံခါ လုပ်စရာများ ရှိနေသေးရာ ဆရာဆီသို့ အတွင်းရေးမှူးဖြစ်သော ဤစာရေးသူသည်လည်း မကြာမကြာ ရောက်ရသည်။ သွားရသည်။

ဆရာသည် တစ်နေ့တွင် ဤစာရေးသူအား သူနှင့်အတူ မြန်မာပြည်သုတေသနအသင်း အစည်းအဝေးသို့ လိုက်ခဲ့ရန်မှာ မှာကြားချိန်းဆိုခဲ့လေသည်။ 'ကိုသခ်ါကို ဆရာဘာကြောင့် ခေါ်သလဲဆိုတာ အကြောင်းရှိတယ်။ ဟိုကျတော့ သိရမှာပေါ့လေ'ဟူသောအမှာစကားပင် ပြောလိုက်လေသေးသည်။ သို့သော် ထိုနေ့ ဆရာခေါ်သော အစည်းအဝေးရက်ချိန်းသို့ ဤစာရေးသူ မသွားရောက်နိုင်ခဲ့ပေ။ မသွားနိုင်သည့်အကြောင်းကလည်းရှိသည်။ ထိုစဉ်က မွဲလှသော၊ ဆင်းရဲလှသော စာရေးဆရာများ၏ဘဝ၊ ငွေ့ဝမ်းပူဆာမနေသာသော အကြောင်းကြောင့်ပင် ဖြစ်သည်။

ထိုနေ့က မြန်မာပြည်သုတေသနအသင်း အစည်းအဝေးကို ဆေးကောလိပ်အဆောက်အဦတွင် ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှာ သာမန်သင်းလုံးကျွတ် အစည်းအဝေးမဟုတ်ဘဲ၊ မြန်မာပြည်မှ ရှေးသီချင်းကြီး၊ သီချင်းခံနှင့် ရတုရကန် အဲအန်ရွတ်နည်းဆိုနည်း ဓာတ်ပြားများကို အိန္ဒိယပြည်သို့ပို့၍ အသံသွင်းကူးယူထားရာ ထိုဓာတ်ပြားများရောက်လာခြင်းဖြစ်၍ ထိုဓာတ်ပြားများကို နားထောင်ရန်အချက် တစ်ချက်လည်းပါသည်။

အမှန်အားဖြင့် စာရေးသူတွင် ထိုဂီတဝါသနာ အထုံအဆက် သိပ်မပါလှပေ။ ထို့ကြောင့် ထိုနေ့က မသွားနိုင်လည်း အရေးမကြီးလှ ယူဆကာ ဆရာမှာသည့်အတိုင်း မရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုနောက်တွင်လည်း အကြောင်းကြောင်းများကြောင့် ဆရာ့ထံသို့ အတော်ကြာမသွားရောက်နိုင်ဘဲ ရှိခဲ့သည်။ ထိုနေ့က သုတေသနအစည်းအဝေးနှင့် ဓာတ်ပြားအကြောင်းများကိုကား ဆရာ့ဂျာနယ်တွင် ဖတ်ရသည်။ ထိုဆောင်းပါးကို ဆရာကိုယ်တိုင်ပင် ရေးခြင်းဖြစ်သည်။

အမှန်တော့ ယင်းဓာတ်ပြားများမှာ သာမညမဟုတ်ဘဲ ရှေးမြန်မာဘုရင်ခေတ်နှစ်ခေတ်မီ ပညာရှိကြီး အဝေးရောက်မင်း ဦးအောင်ကြီး၏ ရှေးမူမပျက် ဌာန်ကရိုဏ်းကျစွာ ရတု-ရကန်၊ အဲ-အန်-မော်ကွန်း သာချင်းများ ရွတ်နည်း၊ ဖတ်နည်းများကို အသံသွင်းယူထားသော ဓာတ်ပြားများ ဖြစ်သည်။ ထိုနေ့က အစည်းအဝေးသို့ ကြွရောက်လာကြသော ဧည့်ပရိတ်သတ်များတွင် မြန်မာများထက် နိုင်ငံခြားသားများက များကြသည်ဆို

www.burmeseclassic.com

ရာ ထိုအချက်ကိုပင် ဤစာရေးသူအား ပြလိုခြင်းဖြစ်သည်ဟု နောက်တွင်ဆရာက ပြန်ပြော၍ သိရသည်။

ထိုနေ့က အစည်းအဝေးနှင့် ဓာတ်ပြားများအကြောင်းကို ဤနေရာတွင် ကျွန်ုပ်တို့အာဘော်ဖြင့် ပြန်လှန်ရေးသားခြင်းထက် ထိုစဉ်က ဆရာကိုယ်တိုင်ရေးသော ဆရာ၏အာဘော်ဆောင်းပါး တစ်စိတ်တစ်ဒေသကို ကောက်နုတ်ဖော်ပြလျှင် ပို၍ အဓိပ္ပာယ်တိကျရှင်းလင်း ပေါ်လွင်လိမ့်မည်ထင်သည်။ ဆရာ့ဆောင်းပါးတွင် ဤသို့ရေးသားထား၏။

**စာဖတ်နည်း။** မြန်မာတို့၏ သုခုမပညာတစ်ရပ်ဖြစ်သော ကဗျာ လင်္ကာမှုတွင် တူရိယာတို့နှင့် တွဲဖက်သီဆိုရသော သီချင်းခံ၊ ပတ်ပျိုး၊ ဘွဲ့၊ ကြိုး၊ ယိုးဒယား စသော ဂီတသီချင်းများနှင့် တူရိယာတွဲဖက်ခြင်းမရှိဘဲ ရွတ်ဖတ်ရသော ရတု၊ ရကန်၊ လူးတား၊ ဧချင်းစသော နားတော်သွင်း လင်္ကာ စာပေများ ရှိသေးရာ ထိုကဗျာစုတို့မှာ စာတစ်မျိုးလျှင် ဖတ်နည်းတစ်မျိုးစီ ရှိကြလေသည်။

မြန်မာတူရိယာပညာသည် အနောက်နိုင်ငံ တူရိယာပညာကဲ့သို့ အသံကို အထိမ်းအမှတ်လက္ခဏာများဖြင့် ရေးသားထားသော စနစ်များ မရှိသောကြောင့် ဖတ်ရွတ်သီဆိုနည်းတို့ကို တတ်ကျွမ်းသော ဆရာများထံ၌ ခဲယဉ်းစွာ နှုတ်တက်လေ့လာဆည်းပူးကြလေ သည်။ သို့ရာတွင် မြန်မာဘုရင်များ လက်ထက်တော်၌ ထိုပညာရပ်များကို အားပေးချီးမြှောက်၍ ဘုရင်မင်းမြတ်နှင့်တကွ မင်းမိဖုရားတို့အား နေ့စဉ်နေ့တိုင်း ဝေါကြီးမှုး၊ ပျော်ကြီးမှုး စသည်တို့က နားတော်သွင်းနေသဖြင့် ထိုကဗျာစုကို သီဆိုရွတ်ဖတ်တတ်သူများလေသည်။

မင်းသုံးဖြစ်၍ ဂုဏ်ထင်ရှားသော ကဗျာများဖြစ်၍လည်း အရပ်သူအရပ်သားတို့သည် 'ဂုဏဝန္တေ ယေဓနာ' ဟူသော စကားအရ အတုယူကာ လေ့ကျင့်ကြကုန်သည်။ ထိုကဗျာစုများ၏ ခြားနားခြင်းမှာ သီဆိုရွတ်ဖတ်နည်းပေါ်၌ တည်ရှိသဖြင့် ရွတ်ဖတ်နည်းသာ အဓိကဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာပြည် ထီးနန်းကွယ်ပျောက်ပြီးနောက် သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား အစရှိသော ဂီတသီချင်းတို့မှာ သဘင်ပညာဖက်မှ ဆင့်လက်သုံးစွဲနေခြင်းဖြင့် များစွာဆုတ်ယုတ်ပျောက်ကွယ်ခြင်း မရှိသော်လည်း ရတု၊ ရကန်၊ အဲအန်၊ လူးတား၊သာချင်း၊ ဧချင်း၊ တောလား၊ လေးချိုးကြီးစသော ကဗျာများကို သီဆိုရွတ်ဖတ်နည်းတို့မှာမူကား လေ့လာသူနည်းပါးသည့်အလျောက် တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရလေသည်။



**အဝေးရောက်မင်း။** ထိုကဗျာစုများ ရွတ်ဖတ်နည်းကို ကောင်းစွာတတ်ကျွမ်းသော ပုဂ္ဂိုလ်ကြီးမှာကား ရွှေဘိုမြို့မှ အဝေးရောက်မင်းပင် ဖြစ်ရာ ထိုပုဂ္ဂိုလ်ကြီး ကွယ်လွန်တိမ်းပါးသွားပါက ထိုကဗျာစု ရွတ်ဖတ်နည်းသည် မြန်မာပြည်ကြီးမှ ကွယ်ပျောက်သွားတော့မည်ဖြစ်ရကား 'ထိုစာပေများ ရွတ်ဖတ်နည်းမှုကိုပင် နောင်လာနောက်သားတို့ ရစေတော့ မပျောက်မကွယ် ကျန်ရစ်စေတော့' ဟူသော အာသီသစေတနာဖြင့် မြန်မာပြည်သုတေသန အသင်းကြီးက အသက် (၈၈) နှစ်မျှ ရှိပြီဖြစ်သော အဝေးရောက်မင်းအား ရန်ကုန်သို့ ပင့်ဖိတ်၍ ဓာတ်ပြားသွင်းခြင်းအမှုကို ပြုခဲ့လေသည်။ (မှတ်ချက်) ထိုပုဂ္ဂိုလ်ကြီးမှာ စစ်အတွင်း ဂျပန်ခေတ်တွင်ပင် ကွယ်လွန်သွားရှာသည်။

ရှေးအခါက အဝေးရောက်မင်း၏ အသံကို ကြားနာရဖူးသူတိုင်းက သာယာနာပျော်ဖွယ် ရှိလှသည်ဟု ချီးမွမ်းခဲ့ကြသော်လည်း ယခု အသက်(၈၈) နှစ်သို့ ရောက်လာသူ တစ်ဦး၏အသံမှာ ယခင်ကလို သာယာနာပျော်ဖွယ် ရှိနိုင်မည်မဟုတ်တော့ပေ။ သို့ပင်ဖြစ်လင့်ကစား အသံသည် ပဓာနမဟုတ်၊ ရွတ်ဖတ်သီဆိုနည်းသာ ပဓာနဖြစ်သောကြောင့် ထိုရွတ်ဆိုနည်းကိုသာ အဓိကရည်ရွယ်ချက်ဖြင့် သုတေသန အသင်းကြီးက အသံသွင်းယူခဲ့ခြင်း ဖြစ်လေသည်။

**ကဗျာ ၁၂ မျိုး။** သုတေသနအသင်းကြီးမှ မူရရှိစေရန် အဝေးရောက်မင်းနှင့် ဓာတ်ပြားသွင်းယူလိုက်သော ကဗျာစုတို့မှာ...'မဲဇာတောင်ခြေ(ရတု)။ လေးကျွန်းမြင်းမိုရ်(နေမိရကန်)၊ စိမ့်ကြီးမြိုင်ကြီး(နေမိရကန်)၊ ဘုန်းပဒေသာ(လူးတား)၊ ကုသိနာရုံ(အန်ချင်း)၊ နေနတ်ကယ်မှုရာဇာလေ(အဲချင်း)၊ မင်္ဂလာမဏ္ဍိုင် (မော်ကွန်း)၊ လှမြတ်ဦးစွန်း(သာချင်း)၊ စူးစူးနိဗ္ဗာန်(တောလား)၊ ဘုန်းကိုဋ္ဌေပေမို့(လေးချိုးကြီး)၊ မင်္ဂလာချက်ဘွေ(ဧချင်း)။

ပေါင်း ၁၁ ပုဒ်မျှဖြစ်ရာ စောမြအေးကြည် သီဆိုသော 'ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောက်မတို့လေ၊ ကောက်တီငယ်မှ မုယင်း၊ တို့လုပ်ခင်း ကန်သင်း မောက်ဖြိုး'အစရှိ အိုင်ချင်းနှင့်တွဲဖက်၍ ကဗျာ ၁၂ မျိုးကို ဓာတ်ပြားတစ်ချပ် (၂)မျိုးကျ ဓာတ်ပြား (၆)ချပ် သွင်းယူခဲ့လေသည်။

**သီချင်းဓာတ်ပြားများ။** ထိုဓာတ်ပြားများသာမက ဂီတဘက်ဆိုင်ရာ သီချင်း ဓာတ်ပြား

www.burmeseclassic.com

www.burmeseclassic.com



များလည်း ပါရှိသေးရာ မြန်မာတူရိယာစစ်စစ်နှင့် တွဲဖက်၍ အဆိုတော်စောမြအေးကြည် အဆိုတော်ဒေလီညွန့်တို့အား သီဆိုစေသော ဓာတ်ပြားများကိုလည်း အသံသွင်းယူခဲ့သေးသည်။ ထိုသီချင်းဂီတဓာတ်ပြားများမှာ...

(၁) ဆရာနွဲ့ကြီးနှင့်ဒေလီညွန့်တို့၏ ပတ္တလားဓာတ်ပြား၊
သည်ဆောင်းဟေမန်ဘွဲ့ - ၁။

(၂) ပုံနှန်းဝတီသာကြိုး - ၁။

(၃) မိုးလုံးပတ်လည်ပတ်ပျိုး - ၁။

(၄) ဆရာမောင်နှင့်ဒေလီညွန့်တို့၏ ပတ္တလားဓာတ်ပြား၊
ဧယျာရွှေမြေ သီချင်းခံကြီး - ၂။

(၅) ဆရာမောင်နှင့် စောမြအေးကြည်တို့၏ပတ္တလားဓာတ်ပြား၊

(၆) မြတ်ပလ္လင်တော် ရှေ့ဘွဲ့ကြီး -၁ ။

(၇) ဝတ်တော်ရုံ မှန်ညောင်သဥ္စာနှင့်ခေါ်ပါမောင် - ၁။

(၈) လွမ်းဗုန်ပို ယိုးဒယား - ၁။

(၉) ဦးအောင်လုနှင့် စောမြအေးကြည် စောင်း ဓာတ်ပြား၊
စုံနံ့သာမြိုင်လယ် သီချင်းခံကြီး - ၂။

(၁၀)မှိုင်းပြာမှုံဝေ ပတ်ပျိုးကြီး - ၃။

(၁၁)ရှမ်းပြည်သီပေါစော်ဘွား၏ နရီတော်သားများ တီးမှုတ်သည့် နရည်းဓာတ်ပြား - ၁။

(၁၂) မြောက်စည်နှင့် ဖုံကြီးသံဓာတ်ပြား -၁ ။

အားလုံးဓာတ်ပြားအမျိုးပေါင်း ၁၂ မျိုးတို့လည်း ရောက်ရှိလာရာ ရှေးမြန်မာမှု မြန်မာအနုပညာများ မပျောက်ပျက် မတိမ်ကောရအောင် ဤသို့ စတင် ဖန်တီးပေးလိုက်သော မြန်မာပြည်သုတေသနအသင်းကြီးကို ကျေးဇူးတင်ဖွယ် ကောင်းလှကြောင်း။ ဆရာ၏ဆောင်းပါးတွင် ရေးထားသည်ကို ဖတ်ရသည်။

## ရှေးနှင့်ယခု အနုပညာမြန်မာ့အသံ

ထိုနောက် အထက်တွင် ဤစာရေးသူ ရေးသားတင်ပြခဲ့သည့်အတိုင်း 'ထိုနေ့က စာရေးသူအား အစည်းအဝေးသို့ လိုက်ပါရန် ဆရာခေါ်ခြင်းမှာ အကြောင်းရှိသည်' ဟူသော အချက်နှင့်ပတ်သက်၍ နောင်တွင်'အနုပညာခေါင်းစဉ်'ဖြင့်' ကျီးသံမရောက်ကြက်သံ



မရောက် အောက်ကလီအာ တူရိယာ'ဟူသော စာခေါင်းတပ်ထားသော ဆရာ၏ဆောင်းပါး တစ်ပုဒ်ကိုလည်း ဖတ်ရပြန်သည်။ ထိုဆောင်းပါးတွင် 'ယနေ့လက်ရှိအခြေအနေကိုပင် ပြေးမြင်ကာ ကြိုတင်ရေးသား တင်ပြထားလေသလား'ဟု တွေးထင်စရာ ဆရာ၏ဂီတ ပညာအမြင်များနှင့် ယခုခေတ်ဂီတပညာရှင်များ သတိပြု သင်ခန်းစာယူဖွယ် အချက်များစွာ ပါရှိသည် ဟုတွေ့ရသဖြင့် ဤတွင် ထပ်မံကောက်နုတ်ဖော်ပြလိုက်ရပေသည်။

**အငြိမ့်လူပြက်များ။** အငြိမ့်ပွဲများတွင် ရုံဖန်ရံခါ ဗိုလ်စုတ် အဝတ်အစားများကို ဝတ်လျက် တုတ်ကောက်တစ်ချောင်းကိုကိုင်ကာ အင်္ဂလိပ်သီချင်းဆို၍ ပျက်လုံးထုတ်သည်များကို လူ တိုင်းတွေ့ဖူးကြပေလိမ့်မည်။ ဤသို့ ရုပ်ခွဲနာမ်ခွဲပြက်လုံးထုတ်သည့်အခါ ပွဲကြည့်ပရိသတ် တို့မှာ အူတက်မတတ် ရယ်ကြရလေသည်။

ထိုပရိသတ်တို့သည် အဘယ်ကြောင့်ရယ်ကြသနည်း။ အကြောင်းကိုရှာသော် ဗိုလ်ဟုဝတ်စားထားသည်မှာ အချိုးမကျ ဂိုက်မကျခြင်း၊ အင်္ဂလိပ်စကားမတတ်ဘဲ အတုခိုး၍ ဗိုလ်လေသံနှင့်ပြောလိုက်သောစကားများမှာ မဟုတ်မမှန်ဘဲ ရယ်ဖွယ်ရာဖြစ်နေခြင်း၊ အင်္ဂလိပ်သီချင်းဟုဆိုလိုက်ခြင်းမှာလည်း ဘာတစ်ခုမျှမဟုတ်ဘဲ ညာဝါးဖျန်းသမ်း၍ ထင်ရာများကို လျှောက်အော် ဟစ်ဆိုနေသောကြောင့် ဖြစ်သည်ကို တွေ့ရပေလိမ့်မည်။

**တီးလုံးသူခိုးများ။** ယခု မြန်မာပြည် တူရိယာ ဂီတဆိုင်ရာပညာတွင် ကာလသံဆန်းများကို ထွင်ရာ၌ ရှေးခေတ်များကကဲ့သို့ မြန်မာအတီးအမှုတ် ကိရိယာများနှင့် မြန်မာတီးလုံးများကို ကိုယ်ပိုင်ဉာဏ်စေစား၍ တီထွင်မှုအလွန် နည်းပါးပြီးလျှင် အနောက်နိုင်ငံက ဖြစ်သော ကော်နက်၊ ဆက်(က)ဖိုဖုန်း၊ ဂျက်(စ်)စသော တူရိယာ ကိရိယာများကို အကြီးအကျယ် သုံးစွဲပြီးလျှင် အင်္ဂလိပ်သီချင်းသွားများ တီးလုံးများကို မြန်မာစာသားထည့်သွင်းကာ သီဆိုတီးမှုတ်သော သူတစ်ပါးတီးလုံးကို လုံးဝခိုးယူနေသည့် သူခိုးသီချင်းများကိုသာ ထွင်နေကြသည်မှာ လွန်စွာစိတ်ပျက်စရာ ရှက်စရာကောင်းလှ၏။

ထိုတီးလုံးသူခိုးတို့၏ သီချင်းများ သီဆိုတီးမှုတ်နေသည်ကို အနောက်နိုင်ငံသူနိုင်ငံသားတို့နား၌ ကြားသောအခါ ၎င်းတို့အဖို့ ယခင် မြန်မာအငြိမ့်လူပြက် အင်္ဂလိပ်သီချင်းဆို၍ မြန်မာပွဲကြည့်တို့အား ရယ်ဖွယ်ဖြစ်စေသကဲ့သို့ အလွန်ရယ်စရာကြီး ဖြစ်၍ နေပေတော့၏။ တီးလုံးသူခိုးတို့မှာမူကား မျက်စိကန်းတစ္ဆေမကြောက်သကဲ့သို့ မိမိတို့ ကိုယ်တိုင်က အင်္ဂလိပ်တူရိယာအကြောင်း ဘာမှမသိသဖြင့် မိမိတို့ အတုခိုး၍ ရသလို

www.burmeseclassic.com

တီးမှုတ်နေခြင်းကိုပင် အမှန်ဟုလည်းကောင်း၊ ဟုတ်လှပြီဟုလည်းကောင်း ထင်ကာ မရှက်မကြောက် အရမ်းကြဲ၍ နေကြကုန်၏။ (ဤနေရာတွင် ဆရာသည် အတော်ကလေး ခံပြင်းသောစိတ်ဖြင့် ရေးလိုက်ဟန်တူ၏။)

မြန်မာပြည်တွင် အင်္ဂလိပ်တူရိယာကို သင်ကြားနေသော အချို့မြန်မာများ ရှိကြ၏။ ၎င်းတို့အား တီးလုံးသုခိုးတို့၏ တက်ခေတ်အင်္ဂလိပ်သံများကို မည်သို့သဘောရသနည်း ဟု မေးမြန်းကြည့်သောအခါ လူ ၁၀၀ ကို မေးလျှင် တစ်ရာလုံးက ဤအသံများမှာ မှန် လည်းမမှန် လူမျိုးကွဲများ ကြားလျှင် ရှက်စရာကောင်းလှသည်ဟု အဖြေထွက်လာ၏။

ရေဒီယိုမှ ထိုအသံမျိုးလာလျှင် ချက်ချင်းရေဒီယိုကို ပိတ်ထားလိုက်ကြ၏။ အင်္ဂလိပ်တူရိယာတတ်သူများသာ ဤသို့ပိတ်ထားကြသည်မဟုတ်ဘဲ မြန်မာတူရိယာ၏ အရသာကို သိသော သူတို့ကလည်း ထိုအသံများကို နားကလောလှသဖြင့် ပိတ်ထားကြကုန် သည်။ အင်္ဂလိပ်တူရိယာသည် အင်္ဂလိပ်တူရိယာဖြစ်၏။ မြန်မာတူရိယာသည် မြန်မာတူ ရိယာသာဖြစ်၏။

ထိုတူရိယာနှစ်မျိုးတွင် အဓိကခြားနားလျက်ရှိသော ခြားနားချက်ကြီး ၂ ရပ် ရှိ၏။ ထိုခြားနားချက် ၂ ရပ်မှာ (၁) အသံစဉ်ခြားနားခြင်းနှင့် (၂)မူ ခြားနားခြင်းတို့ဖြစ်၏။ အင်္ဂလိပ်တူရိယာ(ဝါ)အနောက်နိုင်ငံတူရိယာ အသံအစဉ် (၇)ပါးနှင့် မြန်မာတူရိယာအသံ စဉ်(၇)ပါးသည် မတူကြဘဲ အလွန်ခြားနား၏။ မြန်မာအသံစဉ်နှင့် နီးသောအသံစဉ် ကား ယိုးဒယားအသံစဉ် ဖြစ်လေသည်။

(စကားချပ်)။ ဤနေရာတွင် ဆရာသည် မြန်မာအသံစဉ်များနှင့် အင်္ဂလိပ် အသံစဉ်များ ခြားနားခြင်းကို နှိုင်းယှဉ်ကာ ဂဏန်းယူနစ်များဖြင့် တိတိကျကျ အကျယ် တဝင့် ဖော်ပြထား၏။ ထိုဖော်ပြချက်များကို ဤစာအုပ်နောက်ဆက်တွဲအခန်း (သန်လျင် မောင်မြဦးဆိုသူ၏ အမေးဆောင်းပါး)တွင် ရေးသားဖေါ်ပြထားသဖြင့် ဤနေရာတွင် စာလေးနေမည်စိုး၍ ချန်လှပ်ထားခဲ့ပါသည်။ ထို နောက်ဆက်တွဲအခန်းတွင် ဖတ်ရှုနိုင်ကြ ပါသည်။

ထိုနောက် ဆရာ့ဆောင်းပါးတွင် ဆက်လက်၍ မြန်မာခေတ်သစ် တီးလုံးဆရာတို့ သည် မြန်မာတူရိယာကို မြန်မာပီပီ တိုးတက်ရန် အားမထုတ်ကြဘဲ အနောက်နိုင်ငံတီး လုံးများကိုသာ ပုဒ်ထီး၊ ပုဒ်မလုံးစုံ ခိုးယူကြရာ၌ အင်္ဂလိပ်တူရိယာကို မသင်ကြားဖူးကြ သဖြင့် အင်္ဂလိပ်တူရိယာအစစ်ကဲ့သို့ စည်းစနစ်ကျနစွာ အဆင်ပြေအောင် အခြေအရံမှန်ကန် အောင် မထည့်တတ်သောကြောင့် ၎င်းတို့၏ တီးလုံးသံတို့မှာ ကျိုးကန်းနှင့် ကြက်



အကြောင်းပါ၍ မွေးလာသောသတ္တဝါကလေးသည် 'အာ အာ'ဟု လည်း ကျီးကဲ့သို့ မြည်တတ်၊ 'အောက်အီးအီးအွတ်'ဟု ကြက်ကဲ့သို့လည်းမတွန်တတ်ဘဲ 'အောက်ကလိအာ' ဟု တွန်ဘိသကဲ့သို့ ဖြစ်နေသည်မှာ လွန်စွာ စက်ဆုတ်ဖွယ်ကောင်း နေလေသည်။

**ပထမတရားခံ။** မြန်မာ တူရိယာပညာများကို စ၍ ဖျက်ဆီးသော တရားခံတို့မှာ နိုင်ငံ ခြားသား ဓာတ်ပြားကုမ္ပဏီများပင် ဖြစ်ပေသည်။ ၎င်းတို့၏ ရည်ရွယ်ချက်ကား စီးပွားရေး သက်သက်ဖြစ်ပေရာ၊ သီချင်းဆန်းအမျိုးမျိုး တီးလုံးဆန်းအမျိုးမျိုးကို ထွင်စေလျက် နိုင်ငံခြားတူရိယာများစွာကို ထည့်သွင်းတီးမှုတ်ခြင်းဖြင့် နိုင်ငံခြားတူရိယာကို တစ်ဖက်မှ ဝါဒဖြန့်ပေးသကဲ့သို့ ပြုလုပ်နေ၏။

မြန်မာစစ်သီချင်းကြီးများကို ရှည်လျား၍ အရောင်းရခက်သည်ဟု တစ်ဖက်မှ ဖိနှိပ်လာခဲ့၏။ ဤနည်းဖြင့် မြန်မာပြည်တွင် နိုင်ငံခြားတူရိယာများနှင့် နိုင်ငံခြားတီးလုံး များ ခေတ်စားလာခဲ့သောကြောင့် ဓာတ်ပြားကုမ္ပဏီများကို ပထမတရားခံဟု ခေါ်ထိုက် ပေသည်။

**အစိုးရတူရိယာကျောင်း။** ထိုဓာတ်ပြားကုမ္ပဏီများ၏ စီးပွားရှာမှုဖြင့် မြန်မာ့ယဉ်ကျေး မှု ဆိုင်ရာ သုခုမပညာတစ်ရပ်ဖြစ်သော မြန်မာတူရိယာအတတ်များ ပျက်စီးဆုတ်ယုတ် လာပေရာ၊ ထိုဘေးအန္တရာယ်ကို ကာကွယ်ရန် မြန်မာတူရိယာကို ချစ်မြတ်နိုးကြသော သူတို့၏ ဆူပူအားထုတ်မှုတို့ဖြင့် အစိုးရတူရိယာသင်ကျောင်းပေါ်လာခဲ့ပေ၏။ ထိုကျောင်း တွင် မြန်မာတူရိယာ အတီးအမှုတ် ကိရိယာတို့ဖြင့် မြန်မာသီချင်းဂီတစစ်စစ်တို့ကို မြန်မာ နည်းအတိုင်း သင်ကြားပေးလျက်ရှိပေ၏။ ထို့ကြောင့် ထိုကျောင်းတည်ထောင်လိုက်ခြင်း အတွက် အစိုးရကို ကျေးဇူးတင်ဖွယ်ရှိ၏။

**လက်နှင့်ရေးခြေနှင့်ဖျက်။** ဤကဲ့သို့ မြန်မာပြည် အစိုးရ တူရိယာသင်ကျောင်းက မြန်မာတူရိယာပညာကို ကာကွယ်စောင့်ရှောက်လျက်ရှိနေစဉ်၊ အစိုးရ၏ဌာနတစ်ခုဖြစ် သော အသံလွှင့်ဌာနက အထက်က ဖော်ပြခဲ့သော အောက်ကလိအာဓာတ်ပြားများကို နေ့တိုင်းလိုလို အသံလွှင့်၍ ကြော်ငြာပေးသကဲ့သို့လည်းကောင်း၊ ဝါဒဖြန့်သကဲ့သို့လည်း ကောင်း ပြုလုပ်နေသည့်ပြင် တီးဝိုင်းများတွင်လည်း ထိုအောက်ကလိအာဝိုင်းများကို မကြာခဏ လှည့်ပေးနေခြင်းမှာ လက်နှင့်ရေး ခြေနှင့်ဖျက်သကဲ့သို့ဖြစ်နေပေသည်။

www.burmeseclassic.com



အောက်ကလိအာ သီချင်းများကို မြန်မာတီးလုံးသူခိုးများက ထွင်လိုက်ရာတွင် ထိုအောက်ကလိအာအသံများကို မြန်မာပြည်တွင်း၌သာ သီဆိုကြခြင်းဖြစ်၍လည်းကောင်း၊ ထိုသီချင်းဓာတ်ပြားများကို မြန်မာပြည်တွင်းတွင်သာ ရောင်းချရခြင်းဖြစ်၍လည်းကောင်း၊ မြန်မာပြည်တွင်းတွင်သာကြား၍ မြန်မာပြည်ရှိ အနောက်နိုင်ငံသားများလောက်ကိုသာ ရှက်စရာရှိ၏။

ထိုသီချင်းများကို အစိုးရအသံလွှင့်ရုံကလွှင့်ခြင်း၊ ထိုဓာတ်ပြားများကို အသံလွှင့်ခြင်းအားဖြင့်ကား မြန်မာပြည်တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံးက ကြားစေသဖြင့် အစုတ်ထုတ်၍ ကမ္ဘာအား ဖြေ၍ပြသကဲ့သို့ ဖြစ်နေပေရာ မြန်မာတစ်မျိုးသားလုံး ဂုဏ်ယုတ်စရာဖြစ်၍ နေတော့၏။(ဤနေရာတွင် ဆရာ့ဆောင်းပါး၌ အိန္ဒိယပြည်တူရိယာအကြောင်းနှင့်ပတ်သက်သည့် ကောက်နုတ်ချက်များကို ဖော်ပြထားသေးရာ ဤအချက်များကို ယခင်နောက်ဆက်တွဲ အမေးခန်းတွင် ဖော်ပြထားပါသည်။

မကြာမီ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည်။ စစ်အတွင်း ယခင်ဆရာ၏ ဂျပန်ဆန့်ကျင်ရေးစိတ်ထား အရေးအသားများကြောင့် အခြားသူများထက် ဆရာ့အတွက် ဂျပန်၏ ရန်ဘေးအန္တရာယ် အလွန်နီးကပ်နေခြင်းဖြင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းခဲ့ရသည်။ ထိုအချက်ကို အကြောင်းသိကြသော တပည့်များကလည်းကူညီကြသည်။

စစ်ပြေးအဖြစ်ဖြင့် ဆရာသည် အဝေးရောက်မင်း ပညာရှိ ဦးအောင်ကြီးတို့ နေရာရွှေဘိုသို့ ရှောင်တိမ်းခဲ့သည်။ ထိုနေရာတွင်ပင် ဂျပန်ဆန့်ကျင်ရေးများကို ဟောပြောခြင်း၊ စာရွက်စာတမ်းများကို ရေးသားဖြန့်ဝေခြင်းများကို ပြုလုပ်သေးသည်ဆိုသည်။ (အာဂဆရာ့သတ္တိပေ) ထိုအချိန်တွင်လည်း ဂျပန်များသည် မိမိတို့ မျှော်လင့်သလို မဟုတ်ဘဲ ပါးရိုက်၊ နားရိုက်ခြင်းဖြင့် ဓာတ်ကိုပြကာ မော်လမြိုင်သို့ ရောက်လာသည်မှအစ နာမည်ပျက်စပြုလာသည်။

သို့ဖြင့် တပည့်အချို့နှင့်တိုင်ပင်ကာ တရုတ်တပ်များနှင့် ပူးပေါင်း၍ တရုတ်ပြည်ဘက်သို့ကူးကာ မြန်မာတို့၏ လွတ်လပ်ရေးနှင့် တော်လှန်ရေးကို ဆက်လက်ကြံစည်ရန် တရုတ်စစ်ဘက်အကြီးအကဲများနှင့် ဆရာက ဆက်သွယ်ပေး ကြံစည်ခဲ့ကြသေးသည်။ သို့သော် အချိန်မရဘဲ ဂျပန်များက အရောက်မြန်လှ၍ မြန်မာပြည်အထက်ပိုင်းသို့ ဖြတ်လမ်းမှ ဝိုက်ပတ်တက်လာခြင်းဖြင့် ဆရာတို့၏အကြံများပျက်သွားရသည်။ ဤတွင် ဆရာ၏အသက်အန္တရာယ်က နီးကပ်လာသည်။ ကံအားလျော်စွာ ထိုအချိန်၌ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအုပ်ချုပ်ရေးအတွက် မြန်မာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့်



ဗိုလ်လကျ်ာတို့ ရောက်လာကြခြင်းဖြင့် ဆရာ့အတွက် ကုသိုလ်ကံထောက်မသွားသည်။

သူတို့က ဆရာ၏လုံခြုံရေးအတွက် ပဲခူးတွင် ရှိသော တော်လှန်ရေးသမားတစ်ဦးဖြစ်သော အုပ်ချုပ်ရေးမှူး သခင်တင်ဆီသို့ ပို့ပေး၏။ ဆရာ၏အသက်အန္တရာယ်ကို စောင့်ရှောက်ရန် သခင်တင်အား လွှဲအပ်ပြီးနောက် ပဲခူးမှတစ်ဆင့် ထိုထက်လုံခြုံရန် ဆရာ၏ မိသားစုအား တွံတေးသို့ ပို့ထားပြန်သည်။ တွံတေးသို့ရောက်ပြီး မကြာမီတွင် စစ်အုပ်ချုပ်ရေးမှ မြို့နယ်အုပ်ချုပ်ရေးသို့ ကူးပြောင်းကာ မြန်မာပြည်(အဓိပတိဒေါက်တာဘမော်) အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုနောက် မြန်မာပြည်လွတ်လပ်ရေးကို ကြေညာခဲ့ရာမှ ဆရာသည်လည်း မချစ်သော်လည်း အောင့်ကာနမ်း သဘောဖြင့် ဒေါက်တာဘမော်အစိုးရ၏ အတိုင်ပင်ခံ လွှတ်တော်အဖွဲ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့နှင့်တကွ အခြားခေါင်းဆောင်လူကြီးများနှင့်အတူတူ အတိုင်ပင်ခံအဖွဲ့ဝင် တစ်ဦးအဖြစ် အရောင်ပြပါဝင်ဆောင်ရွက်ခဲ့ရသည်။

**ဂျပန်ခေတ်လွှတ်တော်။** ဤတွင် အဓိပတိ၏အတိုင်ပင်ခံ ပရိဗီ ကောင်စီခေါ် ဂျပန်ခေတ် လွှတ်တော်နှင့်ပတ်သက်၍ ထိုစဉ်က ဆရာချို ရေးခဲ့ဖူးသော အောက်ပါလေးချိုးကလေးတစ်ပုဒ်ကို သတိရမိသေးသည်။

'ကဿက–နာမလှိုင်စည်တဲ့၊ ရခိုင်ပြည်အမတ်မင်းရယ်လို့၊ မာန်ကင်း၍ တက်ခဲ့ပါ။ ။စည်းဝေးတွင်ဖြင့်၊ နည်းပေးမည် အမောင်ကြံ၍၊ တဘောင်သံလိုက် သမိုင်းတွေနှင့်၊ ဝိုက်သိုင်းကာ ပလ္လင်ခံမှဖြင့်၊ အင်မတန်လျှာရှည်လှတဲ့ပြင် ဆွေးနွေးပုံ မဆိုင်သပရယ်ဟု၊ နည်းဥပဒေ စည်းတွေပြပါလို့၊ တားကြခါခါ။

ဟိုရင်ခါ လွှတ်တော်တွင်းမှာဖြင့်၊ ကိုယ်ထင်ရာ ဇွတ်အော်ငြင်းနိုင်တဲ့၊ လွတ်လပ်ခြင်းသည့်ချိန်ခါ၊ ဘယ့်နှယ့်ကြောင့် မတူသတုန်း၊ ငါ့လခွေးသာပ၊ ပထွေးကို အင်္ဂလန်သို့၊ လျင်အမြန် မောင်းကာထုတ်ပါလို့၊ ဒို့ပြေကို ဒို့တတွေအုပ်ခါမှ၊ ချုပ်အချယ်သည်လောက်များလျှင်ဖြင့်၊ လွှတ်ပါးမောင် သွေ့ခွာလို့၊ ဇကစာ အနေမျိုးငယ်နှင့်၊ ရေအိုးအသာမှီတော့မယ်၊ ကပ်အလီလီ ဘယ်လိုဆိုက်စေတော့၊ သူ့ထိုက်သူ့ကံထားပါလို့၊ ထညှော်င့်ဝန်တွေကို ဘယ်လို သနားသော်လည်း ဥပက္ခာ ဗြဟ္မစိုရ် ပွားတော့မယ်၊ သွားပေါ့မောင်ဘုန်း။

ထိုလေးချိုးမှာ ရခိုင်အမတ် ကဿက ဦးဘိုးမြအား ကလိသောသဘောဖြင့် ရယ်စရာ ရေးစပ်လိုက်ခြင်းဖြစ်သည်။ ထိုလေးချိုးအကြောင်း မရေးသားမီ ထိုစဉ်ခေတ်က

www.burmeseclassic.com

www.burmeseclassic.com



အဓိပတိအတိုင်ပင်ခံ လွှတ်တော်ခေါ် ပရီဗီကောင်စီနှင့်တကွ အတိုင်ပင်ခံအမတ်များ အကြောင်းကလေးကို အနည်းငယ်ရေးရန် လိုလိမ့်မည်၊ သို့မှ ရှင်းလင်းပေမည်။

ထိုစဉ်က ဂျပန်ခေတ် မြန်မာပြည် အတိုင်ပင်ခံ လွှတ်တော်မှာ အခြားဂျပန်ပြည်နှင့် ဂျပန်လက်အောက်ခံ တိုင်းပြည်လွှတ်တော်များထက် အဆင့်အတန်းနိမ့်ကျ၍နေသည်။ အခြားတိုင်းပြည်များမှ ပရီဗီကောင်စီအတိုင်ပင်ခံ လွှတ်တော်များမှာ အလွန်အဆင့်မြင့်ကာ ဝန်ကြီးများအဖွဲ့ထက်ပင် သြဇာအာဏာကြီးကြသည်။ ထိုအချက်ကို ယခုလွှတ်တော် အမတ်များက မကျေနပ်ဘဲ အဓိပတိ အရှင်မင်းကြီးအား မေးမြန်းကြရာ၊ အရှင်မင်းကြီးကလည်း ကျေနပ်အောင် အဖြေမပေးနိုင်ခဲ့ပေ။

ထိုစဉ်က ဝန်ကြီးများ လစာမှာ (၁၂၀၀/–)ရရှိကာ အမတ်များလစာမှာမူ (လစာမဟုတ်) ဂုဏ်ထူးဆောင်ခရီးစရိတ်အဖြစ် (၄၀၀/–)သာ ရရှိကြသည်။ ထို့ကြောင့် တစ်နေ့တွင် လွှတ်တော်အမတ်များ၏ အဆင့်အတန်းအခြေအနေကို မေးမြန်းကြရာမှ အမတ်များ မကျေနပ်ဘဲ လွှတ်တော်တွင်းမှ ဆန္ဒပြထွက်ခွာသွားခဲ့ကြဖူးသည်။ ထိုစဉ်က လွှတ်တော် ဥက္ကဋ္ဌကြီးမှာ ဆာဦးသွင် ဖြစ်သည်။

ထိုသို့ ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲမှားနေကြရာ လွှတ်တော်နေ့တစ်နေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထ၍ 'ယခုအချိန် မြန်မာများအား ဂျပန်များက အထင်အမြင်သေးနေချိန်တွင် မိမိတို့အချင်းချင်း စည်းလုံးညီညွတ်ခြင်းမရှိဘဲ တစ်ဦးကို တစ်ဦးနှိမ်နေကြခြင်းမှာ ရှေးအခါက မြေခွေးတစ်ကောင် ဥပမာဖြင့် ဝန်ကြီးများအဖွဲ့နှင့် အဓိပတိဒေါက်တာဘမော်တို့အား မဲနယ်အိုးတွင်း လိမ့်ကျသွားသောမြေခွေးကဲ့သို့ မည်သို့ပင် အသွေးအရောင်တွေ ပြောင်းလဲနေသော်လည်း တစ်နေ့တွင် ဝုတ်–ဝူး အော်ကြသည့် အားလုံး ခွေးမျိုးတွေချည်း' ဖြစ်ကြောင်း ပုံကပ်ပြောဆိုခဲ့ဘူးသည်။

တစ်နေ့တွင်လည်း ဝန်ကြီးဦးသိမ်းမောင်က ခရစ်သက္ကရာဇ်ကို (နယ်ချဲ့အင်္ဂလိပ်များအား မုန်းတီးသောအားဖြင့်) ကမ္ဘာ့သက္ကရာဇ်ဟု ပြောင်းလဲခေါ်ဝေါ်ရေးသားဟန် တင်ပြပြောဆိုရာ ဆရာဦးဘချိုစသော လွှတ်တော်အမတ်များက ကန့်ကွက်ကြသည်။ ခရစ်သက္ကရာဇ်ဆိုသည်မှာ နယ်ချဲ့အင်္ဂလိပ်တစ်မျိုးတည်းနှင့် ဆိုင်သည်မဟုတ်ဘဲ ကမ္ဘာတစ်ဝှမ်းလုံး သုံးနေ၍ ကမ္ဘာ့သက္ကရာဇ်ပင် ဖြစ်ကြောင်း၊ ထိုသို့ဖြစ်သည့်တိုင် အခြားတိုင်းပြည်များက အဘယ်ကြောင့် ကမ္ဘာ့သက္ကရာဇ်ဟု မပြောင်းလဲဘဲ သုံးစွဲနေကြသနည်း။ ထိုသက္ကရာဇ်မှာ ခရစ်တော်မွေးသော သက္ကရာဇ်ကို မှတည်၍ ရေတွက်ခဲ့ခြင်းဖြစ်ကြောင်းများနှင့် ကမ္ဘာ့ပြက္ခဒိန်အကြောင်းများကို ရှင်းလင်းတင်ပြကာ ဤသို့ပြောင်းလဲခြင်းဖြင့် နောင်ကို အမှတ်အသားများ လွဲမှားနိုင်ကြောင်း ကန့်ကွက်ပြောဆိုကြသည်။



ဤတွင်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထ၍ အဆန်းထွင်လိုသော ဝန်ကြီးများအား ရှေးအခါက နာမည်ကျော်ကြား ပေါ်လွင်လိုသည့် လေငန်းရှူး ဘုန်းတော်ကြီးတစ်ပါး သစ်ပင်ကိုထ၍ ဩဘာင့်ပြသည့် ဥပမာကိုပေး၍ တင်စားပြောဆိုရာ လွှတ်တော်တစ်ခုလုံး တဝေါဝေါပွဲကျသွားတော့သည်။ ဤအခါမှစ၍ ဝန်ကြီးများအား ထဩဘာင့်ဝန်ကြီးများဟူသော နာမည်သစ်တစ်လုံး တိုးလာခဲ့သည်။

ထိုနေ့မှာပင် ရခိုင်အမတ် ကဿက ဦးဘိုးမြက ထ၍ စကားပြောဆိုသည်။ ယင်းဦးဘိုးမြမှာ ယခင်စစ်ကြိုခေတ်ဟောင်းကပင် နာမည်ကြီးအမတ်တစ်ဦးဖြစ်သည်။ စကားပြော အလွန်ရှည်ကာ ရှေးဟောင်းအတိုအထွာ ပုံတိုပတ်စများနှင့် ပြောတတ်သည်။ ယခုလည်း ဝန်ကြီးများသည် ရခိုင်ပြည်သို့ တစ်ဦးတစ်ယောက်မျှ မလာကြောင်း၊ ရခိုင်များကို ပစ်၍ထားသည့်အကြောင်း၊ အင်္ဂလိပ်ကိုမုန်းသည်ဆိုပြီး အင်္ဂလိပ်စကားကိုပင် သုံးနှုန်းရေးသား ပြောဆိုနေကြသေးသည့်အကြောင်းများနှင့် ယနေ့မြန်မာပြည်ကြီး ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းဘဲ ကပ်ဆိုက်လုနီးနီးဖြစ်နေရာ အဓိပတိ အရှင်မင်းကြီးနှင့်တကွ ဝန်ကြီးများ ဂြိုဟ်ပြေနံ့ပြေ ဥပုသ်ရက်ရှည် စောင့်သင့်ကြောင်းများကို ရှည်လျားစွာ ပုံတိုပတ်စများနှင့် ပြောဆိုနေရာ ဥက္ကဋ္ဌက အမတ်များ စကားပြောခွင့် မိနစ်(၂၀)ပြည့် သွား၍ ဘဲလ်တီးသတိပေးသော်လည်း မရပ်ဘဲ ဆက်ပြောမြဲပြောနေ၏။

ထိုနောက် ၂ ကြိမ်တိုင် ဘဲလ်တီးသတိပေးလည်း မရပ်ဘဲရှိရာ ဥက္ကဋ္ဌက ပါးစပ်မှ 'ဘယ့်နှယ်လဲ ဦးဘိုးမြ'ဟု ထုတ်၍ပင် မေးရသည်တွင် မိမိစကားပလ္လင်ခံတုန်း ရှိသေးကြောင်းဖြင့် ဒေါ်ပွကာ ယခင် ကျွန်ခေတ် လွှတ်တော်တွင် ပြောချင်ရာကို လွှတ်လွှတ်လပ်လပ် ပြောဆိုနိုင်ကြောင်း၊ ယခု ပထွေးများကို မောင်းထုတ်လိုက်ပြီး လွှတ်လပ်သောခေတ်လွှတ်တော်ကျခါမှ အချုပ်အချယ်တွေ များလှကြောင်း၊ ရှေးက အလောင်းဘုရား ဦးအောင်ဇေယျလက်ထက်က သူ့ယောက်ဖပြောသလို ရေအိုးစင် ကျောပေး၍ပင် နေတော့မည်၊ ဖြစ်ချင်ရာဖြစ် မြန်မာပြည်ကြီး ကပ်ဆိုက်မည်စိုး၍ မိမိက သတိပေးရခြင်းဖြစ်ကြောင်း၊ နားမထောင်ချင်ကြရင်လည်း ကိုယ့်ထိုက်ကိုယ့်ကံ ခံကြဖို့ပဲ ရှိကြောင်းဖြင့် ပြောဆိုရင်း လွှတ်တော်တွင်းမှ ထွက်သွားတော့သည်။

ထိုနောက် လွှတ်တော်ညွှန့်ခံခန်းတွင် ဆေးလိပ်သောက်ရင်း အိပ်ပျော်သွားရာ ဆရာဦးဘချိုက အထက်ပါလေးချိုးကလေးကို ရေး၍ အမတ်ဆရာကြီး ဦးသာခင်(ပဲခူး)က

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးမြ အိပ်ပျော်ရာအနားတွင် သွား၍ ချထား၏။ ဦးဘိုးမြ နိုးလာသည့်အခါ ထိုစာကို တွေ့ရပြီး ပထမဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ပြ၍တိုင်သည်။ ဆရာကြီးက သူမရေးကြောင်းပြောဆို၍ လွှတ်တော်တွင်းဝင်ကာ 'မိမိအား ထိခိုက်ရေးသားထားသော ရွှေပေလွှာတစ်စောင် ကျလာကြောင်း' ဖြင့် သံနေသံထားနှင့် ဖတ်ပြတိုင်ကြားရာ လွှတ်တော်တစ်ခုလုံး ပွဲကျသွားသည်။ ဤတွင် ဥက္ကဋ္ဌ 'ယခု အမတ်မင်းတိုင်ကြားချက်အတိုင်း လွှတ်တော်ထုံးစံအရ ယခုဖတ်ပြသော ရွှေပေလွှာလေးချိုးကို လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းထားရလိမ့်မည်' ဟု မိန့်ကြားပြောဆိုမှ 'ဟာ…ဒီလိုဖြင့် မိမိတိုင်ကြားချက်ကို ပြန်၍နုတ်သိမ်းကြောင်း' ကမန်းကတန်းပြန်၍ ပြောဆိုသဖြင့် ပွဲကျသွားပြန်သည်။ ယခု အထက်ပါ ဆရာချို၏ လေးချိုးကလေးကို ပြန်၍ ဖတ်လျှင် ထိုအချက်များ ပေါ်လာမည်ဖြစ်သည်။ ဤကား အပေါင်းမှား၍ မြန်မာတစ်မျိုးသားလုံး ပါးကျိုးအောင် အရိုက်အနှက်ခံနေရသော အဆိုးအပျက် အချိန်ကာလကြီးအတွင်းမှ မိမိတို့၏စိတ်ကို နေတတ်သလို သက်သာအောင် ကြံဖန်မွေးခဲ့ရသော ပျော်ကွက်ရွှင်ကွက်ကလေးများကို ကြားညှပ်ဖော်ပြလိုက်ရခြင်းပင် ဖြစ်သည်။

စစ်အတွင်း ဆရာတို့မိသားစု တွံတေးတွင်နေစဉ် ကျွန်ုပ်တို့ ရောက်သွားခဲ့၏။ စစ်မဖြစ်မီက စာရေးဆရာအသင်းတွင် ဆရာက ဥက္ကဋ္ဌ၊ ဤစာရေးသူက အတွင်းရေးမှူး လုပ်ခဲ့ဖူးရာ ယခု ဂျပန်ခေတ်စာရေးဆရာအသင်းတွင် ဆရာ့အား နာယက တင်ထားခဲ့၏။

ထိုစဉ်က စာရေးဆရာအသင်း အတွင်းရေးမှူးမှာ ပထမတစ်နှစ်တွင် ဆရာဇဝနဖြစ်ပြီး နောက်နှစ်များမှာ ဤစာရေးသူက ဆက်လက်လုပ်ကိုင်ခဲ့ရလေရာ နာယကဖြစ်သော ဆရာအား ထိုအချိန်က ထုတ်ဝေလျက်ရှိသော စာရေးဆရာအသင်းမဂ္ဂဇင်းတွင် ဆောင်းပါးများ ပါဝင်ကူညီ ရေးသားချီးမြှင့်ပါရန် ပန်ကြားခဲ့သည်။ ထိုပန်ကြားချက်များအရ မကြာမီ စာရေးဆရာမဂ္ဂဇင်းတွင် ဆရာသည် စစ်ဘေးအကြပ်အတည်း အခက်အခဲများကြားမှပင် စိတ်ပြေလက်ပျောက်လည်းဖြစ်စေ သဘောဖြင့် မြဝတီမင်းကြီးဦးစ၏ လွမ်းချလေ့ပတ်ပျိုး၊ မမြကလေး၏ ချစ်သမျှကို၊ လှိုင်ထိပ်ခေါင်တင်မင်းသမီး၏ ရေယမုန်သီချင်းကြီးများနှင့်ပတ်သက်၍ စာပေအဖွင့်အနက်ဖော် ဆောင်းပါးကြီးများကို ကူညီရေးသားပေးခဲ့သည်။

ထိုစဉ်က ဆရာရေးခဲ့သော ထိုဂီတဆောင်းပါးကြီးများသည် စာပေသမားတိုင်း လိုလို ဖတ်ဖူးတွေ့ဖူးသော ဂန္ထဝင်ရသမြောက် ကျော်ကြားလှသည့်ဆောင်းပါးများဖြစ်ရာ နောင် စစ်ပြီးခေတ်တွင် ပြန်လည်ထုတ်ဝေသော ဆရာ၏ဒီးဒုတ်ဂျာနယ်တွင်လည်းကောင်း၊



အခြားစာစောင်အချို့တွင်လည်းကောင်း အကြိမ်ကြိမ် ပြန်လည်ဖော်ပြထားသည်များကို တွေ့ရသည်။ ထိုဆောင်းပါးအချို့ကိုပင် မကြာမီက နံ့သာစာပေတိုက်မှ စာအုပ်အဖြစ် ထုတ်ဝေခဲ့ဖူးသေးသည်။

ထိုဆောင်းပါးများတွင် ဆရာ၏ဂီတပညာစွမ်းရည်နှင့်တကွ စာရေးကောင်းလှခြင်းများကိုပါ ပေါ်လွင်စွာတွေ့မြင်ရသည်။ မြဝတီမင်းကြီး၏ လွမ်းချလေ့ပတ်ပျိုးနှင့် ပတ်သက်၍ အနက်ဖွင့်ဖော်ပြရာ၌ ဆရာ၏နက္ခတ်ဗေဒင်ကျမ်းများတွင် မည်မျှ နှံ့စပ်ကြောင်းများကိုလည်း တစ်စိတ်တစ်ဒေသ ရိပ်စားခန့်မှန်းနိုင်ပေသည်။ လွမ်းချလေ့ပတ်ပျိုးအကြောင်း ယခုစာအုပ်နောက်ဆက်တွဲ အမှတ်(၁) တွင် ဖော်ပြထားပါသည်။

ထို့နောက် မမြကလေး၏ချစ်သမျှကို ပတ်ပျိုးတွင်လည်း ဂီတပညာတွင် လူတိုင်း မရှင်းမလင်း ထွေးရှုပ်၍နေသော မောင်ဘွဲ့၊ မယ်ဘွဲ့၊ သစ္စာတိုင်၊ ဘုရားတိုင်စသော သီချင်းများ ခွဲခြားပြသထားပုံများနှင့် ထိုချစ်သမျှကိုပတ်ပျိုး နှင့်ပတ်သက်၍ ဆရာ၏ အယူအဆများအပြင် ယခုခေတ်နှောင်းလူငယ် စာရေးဆရာများပင် လိုက်မမီနိုင်အောင် မေတ္တာတရား၏ နက်နဲသိမ်မွေ့ပုံ သရုပ်ဖော်ချက်များမှာ အထူးလေးနက် မှတ်သားဖွယ်ကောင်းလှသည်။ ယင်းကိုလည်း နောက်ဆက်တွဲ အမှတ်(၂) တွင် ဖော်ပြထားပါသည်။

အထူးသဖြင့်ကား ယင်းမမြကလေး၏သမီးတော် လှိုင်မြို့စားလှိုင်ထိပ်ခေါင်တင်မင်းသမီး၏နာမည်ကြီးရေယမုန်ပတ်ပျိုးနှင့်ပတ်သက်၍ သရုပ်ဖော်ပြရာတွင် ဆရာ၏ဂီတကဗျာဉာဏ် နက်နဲခြင်း၊ စာရေးကောင်းခြင်း၊ လူထုနှင့်နီးစပ်သည့် နိုင်ငံရေးခေါင်းဆောင် တစ်ဦးပီသသော ဂုဏ်အင်္ဂါအချက်အလက်များ ပေါ်လွင်၍နေသည်။

ယခုခေတ် အချို့လက်ဝဲယိမ်းစာရေးဆရာများသည် အများအားဖြင့် ရှေးခေတ်ကနန်းတွင်းစာရေးဆရာ စာဆိုများအား ဘုရင့်အကြိုက် မင်းလိုလိုက်၍ ဘုန်းတော်သမ္ဘာတော်ဘွဲ့များကိုသာ မြှောက်ပင့်ရေးသားသော ပဒေသရာဇ်စာဆိုများဖြစ်သည်ဟု ရေးသားစွပ်စွဲလေ့ရှိသည်များကို ဤရေယမုန် အဖွင့်ဆောင်းပါးတွင် အဆိုပါ လှိုင်ထိပ်ခေါင်တင်မင်းသမီးမှာ ရှေးပဒေသရာဇ်စာဆိုများနှင့် မတူဘဲ အယူအဆအားဖြင့် လူထုနှင့်နီးစပ်ကာ လူတန်းစားအမြင်များ ပေါ်လွင်နေသည့်အချက်များကို ဆရာ၏ဆောင်းပါးတွင် ထောက်ပြဖော်ညွှန်းထားသည်တို့မှာလည်း ဂီတဉာဏ်အမြင် ကျယ်ဝန်းခြင်းနှင့် နက်နဲသောအယူအဆများပင် ဖြစ်သည်။

ထိုရေယမုန်အဖွင့်ဆောင်းပါးကိုလည်း ယခုစာအုပ်နောက်ဆက်တွဲ (၃)အဖြစ် မရှုပ်ထွေးစေရန် ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ဤရေယမုန်အဖွင့်ဆောင်းပါးတွင် ဆရာ၏ဂီတစွမ်းရည်နှင့် အယူအဆများကိုသာ ထင်ရှားစေသည်မဟုတ်ဘဲ မူလစာဆိုရှင် လှိုင်ထိပ်ခေါင်တင် မင်းသမီး၏ စိတ်နေစိတ်ထားနှင့် ၎င်း၏လက်ရာ ရေယမုန်ပတ်ပျိုးကို တစ်မျိုးတစ်ဖုံ တိုး၍ ဂုဏ်မြောက်ကျော်ကြားစေအောင် ဖွင့်ဆိုချက်များ ဖြစ်သည်ဟုဆိုလျှင် မမှားပေ။

ထိုနောက် မြန်မာ့ရိုးရာ မြန်မာမှုပညာတစ်ခုဖြစ်သော စောင်းကောက်တူရိယာ အခြေခံအချက်များနှင့်ပတ်သက်၍ မန်လည်ဆရာတော်ဘုရားကြီးရေး 'မဃဒေဝလင်္ကာသစ်' ပုဒ်ရေ(၁၁)ပါ အချက်အလက်များကို အဖြေရေးသားဖွင့်ဆို ဖော်ပြထားချက်များသည်လည်း တစ်နည်းအားဖြင့် ဆရာ၏ဂီတစွမ်းရည်ကို ခန့်မှန်းနိုင်သည်။

## ဥက္ကလာ မြန်မာတလိုင်း(မွန်)သံ

ထို့နောက် ဆရာ၏ ဂီတပညာကြွယ်ဝမှု မှတ်သားဖွယ် တစ်ရပ်မှာလည်း မြန်မာရာဇဝင် ကုန်းဘောင်ဆက် ဘကြီးတော် စစ်ကိုင်းမင်း၏ ညီတော် သာယာဝတီ(ရွှေဘို) မင်းတရား အိမ်ရှေ့စံဘဝက ဥက္ကလာပ(ယခုရန်ကုန်)သို့ ခေတ္တရောက်ခဲ့စဉ် မိမိအထွဋ်အထိပ်သို့ ရောက်သည့်အခါ ဤသာယာစံပျော်ဘွယ် ဥက္ကလာပဒေသတွင် နောင်ကိုအားရအောင် စံနေပြီးနောက် ဒဂုံဆံတော်ရှင် (ရွှေတိဂုံစေတီ)ကို ရွှေသင်္ကန်းအပြည့် ကပ်လှူမည်ဟူသော အဓိဋ္ဌာန်ချမှတ်ခဲ့သည်။

ထိုအဓိဋ္ဌာန်အရ မင်းအဖြစ်သို့ ရောက်သည်တွင် ဥက္ကလာပသို့ ခြွေရံသင်ပင်း မှူးတော်မယ်တော်နှင့် စုန်ဆင်းစံနေတော်မူပြီးနောက် တိဂုံဆံတော်ရှင်မြတ်ကိုလည်း ရွှေသင်္ကန်းအပြည့် လှူဒါန်းကာ အလှူကြီးအတန်းကြီးများကို ပေးခဲ့သည်။ ဤအကြောင်းများကို စာဆိုတော်မင်းသား မောင်နဂါးအမည်ခံ ပြင်စည်မင်းသားက တလိုင်းသံစုံခေါ်နာမည်ကျော် ကောင်းကြီးသနိ ဘုန်းတော်ဘွဲ့သီချင်းကို စပ်ဆိုဆက်သွင်းခဲ့သည်။

ထိုနောက် စံတော်ရက်အချိန်များ ကြာညောင်းခဲ့ရာ မှုထမ်းခြွေရံသင်းပင်း မှူးမတ်များက မိမိတို့မြို့ရွာဒေသများကို လွမ်းဆွတ်တမ်းတခြင်းဖြင့်လည်းကောင်း၊ တိုင်းရေးပြည်ရေး နောက်ရေးမအေးသူများအတွက် တာဝန်မကင်းသော မြဝတီမင်းကြီး၏ တိုက်တွန်းအရလည်းကောင်း၊ ပြင်စည်မင်းသား မောင်နဂါးနှင့် စာဆိုတော် သူတော်ဦးမင်း၊ ဦးဘုန်းတို့က မင်းတရားကြီး ပြည်တော်ပြန်စိတ်များ ဖြစ်ပေါ်လာစေရန် စာများ အသီးသီးရေးသားဆက်သွင်းကြသည်။

ဤတွင် မြဝတီမင်းကြီးကိုယ်တိုင်ကလည်း မွန်တလိုင်းသံ စိန်ခြယ်ညီးလင်း သီချင်းခန့်ကြီးကို ဆက်သွင်းသည်။ ပြင်စည်မင်းသားက မွန်တလိုင်းဆယ့်နှစ်ခန်း (ညွှင်းညွှင်း) မွန်တလိုင်းကြာဇော့ကောက်(နှင်းယွန်းဂိမှာန်) မွန်တလိုင်း အလေးမေ့(တောင်ယံတောလေးနှင့် တောင်ယံတောကြီး) တလိုင်းပိမ္ဗာသားကျူး(စိန်ပြလျှံချယ်နှင့် သောင်းကျေးဒီပါဘွေ)သီချင်းများကို ရေးသားဆက်သွင်းခဲ့သည်။ (တောင်ယံတောလေးမှာ ပထမရေးသားစဉ် စာမူပျောက်ဆုံးမှုကြောင့် ဒုတိယ ထပ်မံရေးသားရခြင်းဖြင့် တောင်ယံတောကြီးဖြစ်လာသည်။ ယင်းနောက် ပျောက်ဆုံးသောစာမူကိုလည်း ပြန်၍ တွေ့ရသည်။)

ထိုမွန်တလိုင်းသံသီချင်းများအနက် မြဝတီမင်းကြီး၏ စိန်ခြယ် ညီးလင်းသီချင်းမှာ အားလုံးတစ်လိုင်းသံ သီချင်းများထက် အဓိပ္ပာယ်ရသနှင့် အထူးပြည့်စုံကာ လွမ်းဆွေးကြေကွဲဖွယ်၊ သာယာသိမ်မွေ့ခြင်းဖြင့် ဥက္ကလာပြန် အမည်နှင့် ဆရာစဉ်ဆက် မှတ်သားကျော်ကြားခဲ့ကြောင်း ဆရာ၏ဆောင်းပါးတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားသည်။ ထိုနောက် မြဝတီမင်းကြီး၏ စိန်ခြယ် ညီးလင်းသီချင်း၏ နောက်ဆုံးပိုဒ် နိဂုံးနားတွင် 'သောရာမြင့် သုံးဆင့်သံချိုညွှန်း၊ ယုန်ငွေဝန်း၊ ဖန်ခါခါဆွေးကြောင်း'ဟူ၍ ပဟေဠိသဘောရေးသားပါရှိရာ သောရာ(သောရီ)စနေနံသုံးဆင့်နှင့် ယုန်ငွေဝန်း(တနင်းလာ)နံများအရ အဓိပ္ပာယ်အားဖြင့် တက်တက်တူခါးခါးဟု ဆရာများက အနက်ဖွင့်ဆိုကောက်ယူကြသည်။

ဤတွင် အချို့က တစ်တီတူးငှက်သံ၊ အချို့က ခါတွန်သံစသည်ဖြင့် ဝိဝါဒကွဲနေကြရာ အောက်ပြည်အောက်ရွာ ဥက္ကလာပလို ဒေသမျိုးတွင် ရှားပါးလှသော ခါတွန်သံထက် တစ်တီတူးငှက်သံသာ ဖြစ်သင့်ကြောင်း၊ ရှေးက ယင်းမြဝတီမင်းကြီးပင် ရေးစပ်ခဲ့ဖူးသော အီနောင်ဇာတ် လူမနောချိုပတ်ပျိုးပါ အပိုဒ်များကိုလည်းကောင်း၊ တောင်သမန် လယ်စားမောင်ဖေငယ်၏ သင်းပုံ့အေးကြည်ဘောလယ်ပါ အပိုဒ်များကိုလည်းကောင်း၊ ကိုးကားဖြေရှင်းထားသည်များမှာ သုတေသီများမှတ်သားဖွယ်များနှင့် ဆရာ၏ဂီတပညာ ကြွယ်ဝမှုကို ဖော်ပြခြင်းပင်ဖြစ်သည်။ (နေရာကိုင်ရသောအားဖြင့် နောက်ဆက်တွဲတွင် အကျယ်ကိုထပ်မံမဖော်ပြလိုက်ခြင်း ဖြစ်သည်)။

ယင်းဆရာ၏ ရေးသားချက်များကို နောက်ပေါ်ဂီတဆိုင်ရာ စာအုပ်များက ကိုးကားဖော်ပြထားသည်များကိုလည်း တွေ့ရသည်။ ဘမျိုးဘိုးတူစကားအတိုင်း ဇာတိ အားဖြင့် ဆရာ၏ဘေးတော်သူမှာ ဂီတတွင် ဝါသနာထုံခဲ့သူ မွန်(တလိုင်း)အမတ်ကြီး (ဒေါကွန်ဒရို) ဆိုသူဖြစ်ကြောင်းကို ယခုစာအုပ်အစတွင် ကျွန်ုပ်တို့ရေးသားဖော်ပြခဲ့ပြီး ဖြစ်၍ အထူးထပ်မံဖော်ပြဖို့ မလိုတော့ပါ။ တွံတေး၌ ဆရာတို့မိသားစု စစ်ပြေးအဖြစ် ခေတ္တနေထိုင်ကြစဉ် ကျွန်ုပ်တို့ရောက်သွားခဲ့ကြရာမှ အမြတ်ရခဲ့သော ဟာသမြောက်စာပေ ကိစ္စလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုလည်း ချန်လှပ်ထား၍ မဖြစ်သေးပေ။ ဆရာသည် စာပေသမားတစ်ဦးဖြစ်သည်နှင့်အညီ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာကို ရောက်သည်ဖြစ်စေ၊ စာပေနှင့် ပတ်သက်ရာပတ်သက်ကြောင်း စကားစပ်မိတိုင်း ပြောတတ် ဟောတတ်သည်။ ရွတ်ဖတ်ပြလေ့ရှိသည်။ အချိန်ရသမျှ ရေးစရာလည်းရှိလျှင်လည်း ရေးတတ်သည်။ ဤကား ဆရာ့ဝါသနာပေ။

အထက်တွင် ဆရာရေးခဲ့သော ဂန္ထဝင်ဆောင်းပါးကြီးများသာမကသေး၊ ကျွန်ုပ်တို့ ရောက်သွားပြီး ဆရာတို့မိသားစုက ဧည့်ခံကျွေးမွေးရာမှ ဆရာအမှတ်မထင် ရွတ်ပြဖူးသော ဟာသကဗျာ အတိုအထွာကလေးအချို့ကို မှတ်သားခဲ့ရသည်။ သို့သော် ထိုဟာသကဗျာကလေးများမှာ အချိန်ကြာညောင်း၍ မေ့ပျောက်သလိုဖြစ်ခဲ့ရာ မကြာမီက ယခု ဆရာ၏အတ္ထုပ္ပတ္တိကို ရေးခဲ့ရာတွင် ယခင်ဆရာရွတ်ဆိုပြခဲ့သော ထိုဟာကဗျာတိုကလေး အကြောင်းများ ပေါ်ပေါက်လာခဲ့သည်။

## ဆရာ၏လက်ရေးစာမူမှ

ထိုသို့ ပေါ်လာရခြင်းအကြောင်းမှာလည်း ဆရာ၏ အတ္ထုပ္ပတ္တိကို ရေးရာမှ လိုအပ်ချက်များကို ရံဖန်ရံခါ ဆရာကတော်ကြီးနှင့် သမီးဖြစ်သူ ခင်ခင်ဦးထံ သွားရောက်မေးမြန်းခဲ့ရသည်။ တစ်နေ့ ထိုသို့ သွားရောက်မေးမြန်းရာမှ ဆရာ၏ လက်ရေးဖြင့် စာမူကြမ်း ၃–၄ ရွက်ကို ဆရာကတော်က ထုတ်ပေး၍ အမှတ်မထင်ရရှိခဲ့သည်။ ထိုစာရွက်များမှာ ဆရာရေးခြစ်ထားသော စာမူအကြမ်းများဖြစ်ပေရာ၊ ထိုစာမူအချောမှာ အစအဆုံးပြီးစီးပြီးနောက် စစ်ပြီးခေတ်တွင် ထုတ်ဝေသူတစ်ဦး (အမည်မဖော်လိုသူ)က စာအုပ်ရိုက်ထုတ်ရန် ယူသွားသည်ဆို၏။

သို့သော် စာအုပ်လည်းထွက်မလာ၊ စာမူလည်းပြန်မရဘဲ အစပျောက်ဆုံးရှုံးခဲ့ရကြောင်း သမီးဖြစ်သူ ခင်ခင်ဦးက ပြောပြ၍ သိရ၏။ (ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်၏) ထိုမူကြမ်း စာရွက်ကလေးများ၏ ခေါင်းစဉ်မှာ (၁၂ မျိုးဂျင်းသုတ်–ရေးသူ ကျွန်တော်)ဟု စာခေါင်းတပ်ထားသည်ကို တွေ့ရ၏။ မည်သည့် ကျွန်တော်ဖြစ်သည်ကိုမူ အမှန်မသိရသော်လည်း ဆရာကိုယ်တိုင်လက်ရေးနှင့် ရေးသားထားပုံကို ဖတ်ရှုထောက်ဆရခြင်းအားဖြင့် ဆရာ၏ကလောင်အမည်ဝှက်ပင်ဖြစ်ကြောင်း ခန့်မှန်းရပေသည်။

ထိုစာရွက်တွင် ယခင် ကျွန်ုပ်တို့ တွဲတေးရောက်စဉ်က ဆရာရွတ်ဆိုပြဖူးသော ကဗျာအတိုအထွာကလေးများ ပါရှိသည်ကို အံ့ဩစွာ အမှတ်မထင်တွေ့ရသည်။ ထိုစဉ်က



ဆရာသည် အချိန်အားနေခိုက် ပျင်းပျင်းနှင့်ယင်းစာမူကလေးကို ကောက်ခြစ်ထားရာမှ ကျွန်ုပ်တို့အား အခွင့်ကြုံ၍ ရွတ်ပြလိုက်ခြင်း ဖြစ်ဟန်တူပါ၏။ ယခု ထိုအရောင်ပျက်၍ ဟောင်းနွမ်းလွန်းလှပြီဖြစ်သော စာရွက်ပါအကြောင်းကလေးများကို အောက်ပါအတိုင်း ဟာသပါပါ ဖတ်ရှုကြရန်ဖြစ်သည်။

ကျွန်တော့်ဘွားအေကြီးမှာ ကျွန်တော့်ကို ဘိုးအေကြီးနှင့်တူသည်ဆိုကာ ဘိုးအေဝင်စားသည်ဟူသောအစွဲဖြင့် သွားလေရာရာ တတန်းတန်း ခေါ်သွားလေ့ရှိ၏။ (ဤတွင် ဟာသကလေးဖက်ကာ 'နေအုံးဗျို့–ပြန်တွေးရအုံးမယ်'ဟု စကားညှပ်၍...)

ဘွားအေကြီးကပဲ တတန်းတန်းခေါ်သွားတာလား၊ ကျွန်တော်ကပင် တတန်းတန်း လိုက်လာတာလား၊ တစ်နေ့ ဘွားအေကြီး မုန့်ပျားသလက်ကင်တွေစားတော့ ကျွန်တော့်အဖေတို့အမေတို့က 'ဟော နင့်ဘွားအေကြီး (ပျား)သလက်ကင်တွေ စားနေပြီ၊ ညကျရင် ဗိုက်ထဲက ပျားကောင်တွေ ထပျံရင် နင့်ဘွားအေကြီး ပါသွားတော့မယ်'ဟု ပြောကြသည်နှင့် ထိုည ကျွန်တော့်မှာ ဘွားအေကြီးထမီစကို ကျစ်ကျစ်ပါ ဆုပ်ကိုင်လိမ်ဆွဲထားပြီး အိပ်ခဲ့ရသည်ကို ထောက်သော် ကျွန်တော့်ဘွားအေကြီးနှင့်မခွဲနိုင်သည်မှာ ထင်ရှားတော့ကာ ကျွန်တော်မခွဲနိုင်တာနှင့် ဘွားအေကြီးမခွဲနိုင်တာ နှစ်ခုပေါင်းပြီး သွားလေရာရာ တန်းလန်းတန်းလန်း ပါသွားလေ့ရှိခြင်းပင်တည်း။

ရှေးအဘိုးကြီး၊ အဘွားကြီးများသည် ညနေပိုင်းကျလျှင် ယခုခေတ်အဘိုးကြီး၊ အဘွားကြီးများကဲ့သို့ ဘိုင်စကုတ် မတိုး၊ ဖိုးစိန်ပွဲမသွား၊ ပိုကာလည်း မကစားကြဘဲ 'နံနက်ရေချမ်း၊ ညနေပန်းနှင့်'ဆိုသလို ဆီမီးရေချမ်း၊ ပန်းအိုး ပန်းတံတို့ဖြင့် နိစ္စပတ်ဝတ်တက် ဝတ်ကပ်ပြု လေ့ရှိသည့်အတိုင်း ကျွန်တော်သည်လည်း ဘွားအေကြီးနှင့်အတူ လိုက်ပါလေ့ရှိ၏။

တစ်နေ့သောအခါ ထိုဝတ်တက်ရာ တန်ဆောင်းအတွင်းမှ ဆင်းတုတော်ကြီး မျက်တောင်ခတ်သည်ဟု ဥက္ကောဋ္ဌေယျဖြစ်ပြီး ဘုရားကြီး တန်ခိုးထွက်လာတော့၏။ ရှေးကရေညှိသင်္ကန်းဖြင့်သာ တင်းတိမ်တော်မူရရှိသော ကိုယ်တော်ကြီး၏သင်္ကန်းတို့မှာ ရွှေရောင်တစ်နေ့တခြား တိုးတက်လျက် ရေညှိကွက်တို့ ပျောက်ကွယ်ကုန်တော့သည်။ ဤသို့ ရပ်သူရပ်သားများနှင့် ဝတ်အသင်းသားများ အလုအယက် ရွှေသင်္ကန်းကပ်လှူနေကြသည့် အထဲတွင် ဦးထွန်းအောင်ဆိုသော ဥပသကာကြီးတစ်ဦးကား သူများနည်းတူ သင်္ကန်းတွင် ရွှေမချဘဲ ဆေးနက်သုတ်ထားသော မကိုဋ်တော်တစ်ခုလုံးလည်းမဟုတ် သျှောင်တော်၏ ရှေ့ဘက်ကိုသာကွက်၍ ရွှေဆိုင်း လေး ငါး ရွက်မျှကို ချမည်ပြုရာ စာချိုးဝါသနာပါသော ဦးဖိုးလှိုင်က–

www.burmeseclassic.com



'ခင်ဗျာဟာ သျှောင်တော်လည်းမပြည့်၊ ကွက်တိကွက်ကျားနဲ့ ကြည့်ကောင်းမယ် မဟုတ်ပါဘူး၊ မလုပ်စမ်းနဲ့ ဦးထွန်းအောင်'ဟု တောင်းပန်သည်ကို ဦးထွန်းအောင်က ဦးဖိုးလှိုင်ကို မျက်လုံး မျက်ဆံ ပြူးနှင့် 'ဟေ့ မောင်ဖိုးလှိုင်၊ ဒါ မင်းအပူမဟုတ်၊ မင်းတည်တဲ့ ဘုရားလည်းမဟုတ်၊ ကိုစီလောင်တည်တဲ့ဘုရား၊ မင်းနဲ့ ဘာဆိုင်သလဲ၊ ငါစေတနာရှိရာ ငါချမယ်'ဟုဆိုပြီး ရောင်တော်ကို ရွှေချလေတော့သည်။

နောက်တစ်နေ့ညနေစောင်း ဘုရားတန်ဆောင်းသို့ ဝတ်အသင်းသားများရောက်သောအခါ ဘုရားရှေ့ ဆီမီးခုံတန်းတွင် အောက်ပါစာများကို ရေးထားသော ကတ်ပြားတစ်ခု ဆွဲထားသည်ကို တွေ့ရတော့၏။

'ဒကာတဲ့ ထွန်းအောင်၊ ငါ့သျှောင်ရွှေတွေလူး၊ ရူးတဲ့အကောင်။ ကိုစီလောင်–ဖုန်းမောင်တန္နုန်း၊ ငထွန်းအောင် လူဗာလကို ဆုံးမပါအုံး'

ထိုစာကို ဦးထွန်းအောင်တွေ့လျှင် ဦးဖိုးလှိုင်အား 'ကမြင်းမသား၊ဒါ နင့်လက်ရာပဲ'ဟု ဆိုကာ ထ၍ နပန်းလုံးတော့သဖြင့် အတော်ဖျင်၍ ယူရလေသည်။

ထိုဦးထွန်းအောင်မှာ လူတကာထက်ထူးခြားသော စေတနာရှိကြောင်းကို ကျွန်တော်ကိုယ်တိုင်လက်တွေ့ သိခဲ့ရဘူး၏။ တစ်နေ့ ဖွားအေကြီးနှင့် ခပ်စောစော တန်ဆောင်းသို့ ရောက်သွားရာ ကလေးတို့ဘဝ မီးပူဖော်ထားသော မီးတိုင်များ ငြိမ်းနေသည်ကို လိုက်၍ထွန်း၊ ဖယောင်းတွေခွါ၊ ယိုင်နေသည်ကို ပြန်၍မတ် အစရှိသော ဗော်လံတီယာ စေတနာ့ဝန်ထမ်း အလုပ်များကို လုပ်နေကျအတိုင်း လုပ်ခဲ့ရာတွင် ဆီမီးတိုင် ခုံတန်းလျားကြီးတစ်ခုဌ် ဘုရားကြီးမျက်နှာတော်ကို ဒီဂရီ ၆၀ မှန်မှန်၊ လေယာဉ်ပျံအမြောက်များ ချိန်နည်းမျိုးဖြင့် ချိန်ကာ ဘုရားဘက်သို့ တညီတည်း ယိုင်နေသော ဖယောင်းတိုင်များကို တွေ့ရသည်။

ထို့ကြောင့် အကုန်ဖြုန်နုတ်ပြီး ဒီဂရီ ၉၀ ကိုက်အောင် တည့်တည့်မတ်မတ် ပြန်စိုက်လိုက်မိရာ အနီးတွင် ဘုရားရှိခိုးလျက်ရှိသော ဦးထွန်းအောင်သည် မျက်လုံးပြူးမျက်ဆံပြူးနှင့် ထလာကာ ပျာပျာသလဲ သူ့ဖယောင်းတိုင်များကို ယခင်အတိုင်း ဘုရားမျက်နှာတော်ဆီသို့ ဒီဂရီ ၆၀ မှန်မှန်ပြန်၍ ချိန်မိအောင် ကျွန်တော်တည့်မတ်ထားသည်များကို ပြန်၍ ယိုင်လဲစိုက်လိုက်သောအခါမှ ဖယောင်းတိုင်များ မတော်တဆယိုင်ခြင်း မဟုတ်၊ ဦးထွန်းအောင်၏ စေတနာဆန်းကြောင့် အမြောက်တန်းကြီးဖြစ်ရကြောင်း သိရတော့၏။

× × ×

ယခင် ဦးဖိုးလှိုင်ဆိုသူကလည်း လူထူးလူဆန်း တစ်ယောက်ဖြစ်ကာ စာချိုး၊



စာဆွဲဝါသနာပါသူဖြစ်သည့်အတိုင်း စာဆွဲမှု၊ ချိုးမှု ပေါ်သမျှ သူ့ခေါင်းပေါ်သို့ချည်း ကျတော့သည်။ တစ်နေ့တွင် ဦးပုနှောင်၊ ဒေါ်သီးတို့၏ အိမ်နံရံတွင် မီးသွေးဖြင့် ထင်းထင်းကြီး ရေးထားသော–

'အစားကကြီး မိသီး၊ အလုပ်ကိုရှောင် ပုနှောင်'ဟူသော စာလက်သည် တရားခံမှာ ဦးဖိုးလှိုင်ပင် ဖြစ်နေ၏။ ထိုနောက် ဈေးသည် အပျိုကလေးများ နံနက်စောစော ဆိုင်ထွက်ရန် သွားကြသည့်အခါ ဈေးဝတွင်...

'ဟိုခုန် သည်ခုန် လေးမေဘွတ်ကလုံ။ ဟိုသွား ဒီသွား၊ စိန်နက် မိပျံလွှား။ လူပျိုမြင် မသံပေး၊ မိကျော့ ကြက်တူရွေး'ဟူသော စာတစ်စောင်ကို ဆွဲထားရာ အတော်ကလေးပွက်လောရိုက်သွားရာမှ မောင်ဖွားလုပ်သူများက နမများကို ရိုက်သူရိုက်၊ စာဆွဲသူကို ရှာသူရှာဖြင့် ဦးဖိုးလှိုင်ခမျာမှာ တစ်လလောက် အိမ်တွင်းအောင်းနေရဖူးခဲ့သည်။

တစ်ခါကလည်း ရွာတစ်ရွာသို့ ဦးဖိုးလှိုင်ရောက်သွားသည်။ ထိုရွာသူကြီး ဦးတက်ပြားသည် ကြေးဆင်းတု တစ်ဆူသွန်းရာ၊ ဆင်းတုတော်ကြီးမှာ ကြီးလွန်းနေသဖြင့် အလှူခံ၍ရသမျှ ကြေးချိန်များသည် ဦးခေါင်းတော်နှင့်သာ ကုန်သွားတော့သည်။ ထို့ကြောင့် ကြေးလည်းထပ်မရ၊ နောက်ထပ်၍မလုပ်နိုင်ဘဲ ဦးခေါင်းတော်ကြီးမှာ မြေပေါ်တွင်သာ တုံးလုံးကြီးလဲနေရာ ဦးဖိုးလှိုင်သည် ထိုဘုရားကြီးဦးခေါင်းတော်တွင်...

'ဒကာတက်ပြား၊ ငါ ဒီတစ်သက် ဘုရားဖြစ်ပါတော့မလား'ဟု စာကမ္ဗည်းရေးဆွဲထားခဲ့သဖြင့် သူကြီး ဒေါ်ပွကာ ထိုရွာမှလည်း နေ့ခြင်းပြေးလာခဲ့ရလေသည်။

ဤရေးသားချက်ကလေးကား ဆရာ၏လက်ရေးနှင့် ဆရာကိုယ်တိုင်ရေးသားချက်များဖြစ်ပေရာ ယခု ဆရာ၏အတ္ထုပ္ပတ္တိတွင် အဖိုးတန်ဖြည့်ကွက်ကလေးများအဖြစ် ဖော်ပြလိုက်ရခြင်းပင်တည်း။

❐

www.burmeseclassic.com

# အခန်း (၁၁)
# စစ်ပြီးခေတ် အမှုဆောင် ဝန်ကြီး

စစ်ပြီးခေတ် ဘုရင်ခံအတိုင်ပင်ခံ အမှုဆောင်ဝန်ကြီးအဖွဲ့တွင် ဖဆပလဆုံးဖြတ်ချက်အရ ရာထူးလက်မခံမီ ဆရာတို့ တွံတေးမှ ရန်ကုန်၊ ကျောက်မြောင်းသို့ ခေတ္တပြောင်းလဲနေထိုင်စဉ် ဆရာ့ဆီသို့ စာရေးသူ ရောက်ခဲ့ တွေ့ခဲ့သေးသည်။ ထိုကျောက်မြောင်းမှာ နေစဉ်ပင် ဆရာ၏ ဒီးဒုတ်ဂျာနယ်ကို ဆက်လက်၍ထုတ်ဝေခဲ့သည်။ ထိုသို့ ထုတ်ဝေရခြင်းမှာလည်း မြန်မာပြည်နိုင်ငံရေးမှာ နေ့စဉ် အပြောင်းအလဲမြန်ကာ အရေးကြီးနေသော အချိန်ဖြစ်ကြောင်း ဆရာကပြောသည်။

ဆရာ့စကားအတိုင်းပင် ဖဆပလအလုပ်များနှင့် မအားအောင်ရှိနေရသည့်ကြားမှ ဂျာနယ်ကို အချိန်မီထွက်နိုင်ရန် တစ်ဦးတည်း ဦးစီးလုပ်ကိုင်ထုတ်ဝေခဲ့သည်။ အယ်ဒီတာနာမည်ကိုလည်း ဆရာ့နာမည်ပင်တပ်ကာ ခေါင်းကြီးပိုင်း၊ ပြည်တွင်း ပြည်ပ ကမ္ဘာ့နိုင်ငံရေးများနှင့်တကွ ဂျာနယ်တွင် အမြဲပါရှိနေသော အခန်းများဖြစ်သည့် ဆယ်လန်အာဝါး၊ ချေးဂေဇက်နှင့် ဒီးဒုတ်အမေးအဖြေခန်းများကိုပါ ဆရာတစ်ဦးတည်း ရေးရသည်။ ထိုအချိန်က စာရေးဆရာအသင်းတွင် လုပ်ကိုင်နေသော ဤစာရေးသူကိုပင် ဆရာ့ဂျာနယ်တွင် လာရောက်လုပ်ကိုင်ရန် ခေါ်သေးသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဆရာ့အား အကူအညီမပေးနိုင်၊ မလုပ်နိုင်ခဲ့ပေ။

ထိုနောက် ဆရာ ရာထူးလက်ခံပြီးသောအချိန်၊ ဗိုလ်ချုပ်လမ်းအိမ် နေရာပြောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့နေထိုင်သော အချိန်များတွင်ကား ဆရာနှင့် အတွေ့ကွဲသွားတော့သည်။ အသင်းကိစ္စနှင့် တစ်ခါတစ်ရံ တွေ့ရသော်လည်း ဆရာ၏ အလုပ်နှင့်အချိန်ကို လေးစားသောအားဖြင့် ကြာရှည်စကားပြောခွင့် မရခဲ့ရပေ။ ထိုအချိန်က ဂျာနယ်အယ်ဒီတာမှာ အမျိုးသား(ပုံနှိပ်တိုက်) ဦးလှဒင်ဖြစ်သည်ထင်သည်။ ဦးလှဒင်နှင့် ဤစာရေးသူတို့မှာ အလွန်ကြီးကျွမ်းလှသည်မဟုတ်၍ ဂျာနယ်သို့လည်း အရောက်အပေါက် နည်းသွားပြန်သည်။

ဦးလှဒင်ပြီးနောက် ဦးစန်းမောင်(စာရေးဆရာသိဟ)က အယ်ဒီတာအဖြစ် ဝင်လုပ်သည်။ ဦးစန်းမောင်လက်ထက်တွင်ကား ရှေးရေးဖော်ရေးဖက် သိကျွမ်းဟောင်းကြီးများဖြစ်၍ ဂျာနယ်သို့ကား ရောက်ပါ၏။ သို့သော် အလုပ်များလှသော ဆရာကိုကား အားနာမှု၊ လေးစားမှုများကြောင့် သွား၍ မတွေ့ပြန်သဖြင့် မတွေ့ရပြန်ပေ။ ဤနေရာတွင် အကွက်ဆိုက်သဖြင့် တပည့်များအပေါ် ဆရာ၏ သဘောထားကြီးမှု၊ သည်းခံမှုများကို ကိုယ်တွေ့ကလေးအဖြစ် ဖော်ပြလိုသည်။ ဆိုလိုသည်ကား တပည့်မှာက ဝတ္တရားပျက်နေသည့်တိုင် ဆရာအဖို့ ဆရာ့ဝတ္တရားမပျက်ပုံ၊ တပည့်များအား မမေ့ပုံများနှင့် ပတ်သက်၍ ဖော်ပြလိုခြင်းဖြစ်သည်။

## စာရေးဆရာအသင်း နာယက

ထိုအချိန်က စာရေးသူအဖို့ စာရေးဆရာအသင်း နှစ်ပတ်လည်အတွက် အလုပ်များ၍ နေသောအချိန်၊ ကန်တော်ကြီးစောင်း မြိုင်ရုံအနီးရှိ အသင်းအဆောက်အဦတွင် တစ်ယောက်တည်း အလုပ်များနှင့် ရှုပ်နေသောအချိန်၊ 'အလုပ်များနေသလား ကိုသခၤၢ' ဟူသော အသံကိုကြား၍ ခေါင်းမော်ကြည့်လိုက်ရာ မနီးမဝေး၌ မားမားမတ်မတ် ရပ်၍နေသော ဆရာကို တွေ့ရသည်။ ဤသို့ တွေ့ရ၍ အံ့အားသင့်သွားမိသည်။ စာရေးသူ၏ အရိပ်အကဲကို ခတ်မိသော ဆရာကပင် ပြုံး၍...

'စာရေးဆရာအသင်း နှစ်ပတ်လည်အတွက် ကိုယ့်လူတွေ အလုပ်တွေများနေကြပြီး ဘာအကြောင်းမှလည်းမသိရ၊ ဆရာ့ဆီလည်း ရောက်မလာ၊ ဆရာကလည်း မရောက်တာကြာလို့ ခုလမ်းကြုံတာနဲ့ ဝင်ခဲ့တယ်လေ...''

ဆရာ့စကားကြောင့် ဤစာရေးသူမှာ ဘာစကား ပြန်ပြောရမည်မသိဘဲ အားတုံ့အားနာကြီးဖြစ်သွားမိသည်။ ဆရာသည် အသင်း၏ ဘောဘီဝန်းကျင်ကို ကြည့်လိုက်ရင်း 'ကိုသခၤၢ တစ်ယောက်တည်းလား'ဟု မေး၏။ ဤတွင်မှ စာရေးသူက စကားစရှာတွေ့ကာ 'ဟုတ်တယ်ဆရာ၊ ကျွန်တော်လည်း တစ်ယောက်တည်း အလုပ်တွေကများပြီး မအားအောင်ရှိတာနဲ့၊ ဆရာကိုတော့ သတိရပါတယ်။ အကြောင်းမကြားတာကတော့ ဆရာ့ဆီ ကိုယ်တိုင်လာနိုင်မလားလို့ အချိန်အားကို စောင့်နေလို့ပါ။ သူတို့လည်း ဆရာ့ဆီ သွားကြမယ်လို့ ပြောနေကြသံ ကြားရပါတယ်' (သူတို့ဆိုသည်ကား စာရေးဆရာအသင်း အမှုဆောင်လူကြီးများကို ဆိုလိုခြင်း ဖြစ်ပါသည်)



'အေးလေ...ဆရာလည်း ဒါကြောင့် ကိုယ့်လူတွေလည်း မအားလို့ မလာနိုင်ကြဘူးထင်ပါရဲ့လေဆိုပြီး သူတို့မလာနိုင်လည်း အကျိုးအကြောင်းသိရအောင် ကိုယ်ပဲသွားလိုက်အုံးမယ်လို့ ခုလမ်းကြုံတာနဲ့ဝင်ခဲ့တယ်လေ' ဆရာက အပြုံးမပျက်ပြောရင်း ကန်တော်ကြီးစောင်း လမ်းမဘက်သို့ တစ်ချက်မျှော်ကြည့်လိုက်သဖြင့် စာရေးသူကလည်း ဆရာကြည့်ရာသို့ အသင်းရုံပြတင်းပေါက်မှ လိုက်၍ မျှော်ကြည့်လိုက်မိသည်။ ကန်တော်ကြီးစောင်း လမ်းမကြီးပေါ်တွင် ကားကလေးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ဆရာသည် ကားမှဆင်း၍ တစ်ယောက်တည်း အသင်းရုံသို့ ခြေလျင်လျှောက်လာဟန်တူ၏။

'ကျွန်တော်လည်း အသင်းအလုပ်က တစ်ဖက်၊ အသင်းမဂ္ဂဇင်းကတစ်ဖက် လုပ်နေရသေးလို့ သိပ်အလုပ်များနေတာပဲဆရာ၊ ဒါကြောင့် အလုပ်တွေများလွန်းလို့ တစ်ခါတလေတော့လည်း ငြီးငွေ့ပြီး ထွက်မယ်တောင် စိတ်ကူးမိတယ်၊ အလုပ်လုပ်ရတာ စိတ်ကုန်လာတယ်'

စာရေးသူ၏စကားကို ဆရာသည် အသာတွေး၍ နားထောင်နေရာမှ 'ကိုသခၤၢ ဒီမှာလုပ်တာ ထောက်ပံ့ကြေး ဘယ်လောက်ရသလဲ'ဟု ဖြည်းဖြည်းလေသံဖြင့် မေး၏။ ဆရာ ဤသို့ မေးခြင်းကလည်း အကြောင်းရှိသည်။ စာရေးသူအပေါ်တွင် ဆရာ၏ သံယောဇဉ်ပင်ဖြစ်ရာ ဤအချက်နှင့်ပတ်သက်၍ စစ်ကြိုခေတ် စာရေးဆရာ အသင်းတွင် ဆရာနှင့်အတူ လုပ်ခဲ့စဉ်က ဆရာသည် ဤစာရေးသူအား တတ်နိုင်သမျှ ထောက်ပံ့ကူညီမှုများ ပေးခဲ့ရှာသည်။ အထူးသဖြင့် စစ်ကြီးဖြစ်ခါနီး တရုတ်၊ ဗမာ မိတ်ဆက်အဖွဲ့များလာပြီးနောက် ဤစာရေးသူ၏ စာမူများကို ဂျပန်လိုလားသော စာနယ်ဇင်းတိုက်များက လက်မခံဘဲ ပယ်ထုတ်ခဲ့ကြစဉ်ကလည်း ဆရာသည် တတ်နိုင်သမျှ ကူညီခဲ့လေသည်။

'များတော့ များပါဘူးဆရာ၊ အသင်းအတွင်းရေးမှူး စရိတ်က တစ်ရာ၊ မဂ္ဂဇင်းအတွက် အထွေထွေထောက်ပံ့ကြေးစရိတ်က တစ်ရာ၊ အားလုံး နှစ်ရာပေးပါတယ်။ ဒါပေမဲ့ အသင်းမှာ ငွေမရှိတော့လည်း မှန်မှန်မပေးနိုင်ပါဘူး၊ ကျွန်တော်မလုပ်ချင်တာက ဒီငွေကြောင့်မဟုတ်ပါဘူးဆရာ၊ တစ်ယောက်တည်း မနိုင်မနင်း ဘယ်သူ့ဆီကမှ အကူအညီမရဘဲ လုပ်နေရတော့ လုပ်သလောက် အလုပ်မတွင်ဘူးပေါ့ဆရာ၊ ဒါကို စိတ်ကုန်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကိုသခ်ီ ဆရာ့ဂျာနယ်မှာ လာလုပ်ပါလား၊ ဆရာ ဒီလောက်တော့ ပေးနိုင်ပါတယ်'

ဤစာရေးသူက မဆိုင်းမတွပင် 'ဟာ လုပ်ချင်တာပေါ့ဆရာ၊ ဒါပေမဲ့ ဒီလိုလုပ်ပြန်ရင်လည်း ကောင်းပါ့မလား၊ အသင်းကြီး ဖရိုဖရဲဖြစ်သွားမှာကိုလည်း တစ်ဖက်က စိုးရသေးတယ် မဟုတ်လားဆရာ၊ (မှတ်ချက်) စာရေးသူသည် စာရေးဆရာအသင်း စစ်ကြိုစစ်ပြီး ခေတ်နှစ်ခေတ်တွင် အတွင်းရေးမှူး (၇)နှစ်တိုင် လုပ်ခဲ့သည်။

ဆရာကလည်း မဆိုင်းမတွပင်'အဲ–ဒါလည်းဟုတ်တာပဲ၊ အေးလေ– သည်းခံပြီး လုပ်လိုက်အုံးပေါ့ ကိုသခ်ီရယ်'ဟု သူ့စကားကို လှီးလွှဲ၍ အခြားစကားများကို ပြောကာ ဆရာအဖို့ အလုပ်များလှသည့်အကြောင်းကို ညည်းညူရင်း စာရေးသူအား နှုတ်ဆက်ကာ ပြန်သွားလေသည်။

## ဒီးဒုတ်ကြီး ပြန်လာခြင်း

ထိုအချိန်က စစ်ပြီးခေတ်တွင် ပြန်လည်ထွက်လာသော ဆရာ၏ဒီးဒုတ်ဂျာနယ်တွင် ဖဆပလအဖွဲ့နှင့် နိုင်ငံရေးများအပြင် သူဝါသနာပါလှသော အနုပညာစာပေ ဆောင်းပါးများ ကြိုကြားကြိုကြား ပါရှိနေဆဲသည်များကို ဖတ်ရသည်။

အမှန်အားဖြင့် ဆရာသည် မလွှဲမရှောင်သာ၍ နိုင်ငံရေးနှင့် ရာထူးတာဝန်များကို ထမ်းဆောင်နေရသော်လည်း ကျန်းမာရေးက ချို့တဲ့ကာ အသက်အရွယ်က တဖြည်းဖြည်း ထောက်လာခဲ့ခြင်းဖြင့် မူလဝါသနာပါရာ စာပေအနုပညာများဘက်သို့ စိတ်ဆန္ဒပို၍ ယိမ်းယိုင်လာခြင်း ဖြစ်ဟန်တူပေသည်။ ထိုအကြောင်းနှင့်စပ်၍ ထင်ရှားခြင်းကား ခေါင်းဆောင်ကြီးများ မကျဆုံးမီ ထိုလ(ဇူလိုင်) ၁၄ ရက်နေ့ တိုင်းပြုပြည်ပြု လွှတ်တော်ရှေ့ ဝရံတာတွင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဆရာဦးဘချိုတို့နှင့် စကားစုဝေး ပြောဆိုကြရာမှ 'ဆရာလည်း နိုင်ငံရေးကထွက်ပြီး အနုပညာယဉ်ကျေးမှုဘက်ကို လိုက်ချင်တယ်။ ဟောသူတို့ (ကျွန်တော်တို့ကို လက်ညှိုးထိုးပြီး)တတွေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို လှည့်လည်ပြီး လေ့လာချင်တယ်'ဟု ဆရာချိုက အမှတ်မထင် ဗိုလ်ချုပ်အား နှုတ်ဖြင့်ထွက်စာတင်စကား ပြောဆိုခဲ့သည်။

ထိုအခါ ဗိုလ်ချုပ်က နှုတ်ခမ်းထော်၍ လက်ကာပြရင်း 'ကျွန်တော်လည်း နိုင်ငံရေးက ထွက်ချင်တာပဲဆရာ၊ ထွက်ပြီး စာရေးမယ်ကြံတယ်၊ ကျွန်တော် ကျောင်းနေတုန်းက ပါဠိနဲ့ မြန်မာစာကို ယူခဲ့ပါတယ်။ မြန်မာစာမှာ ကျွန်တော် အမှတ်ကောင်းကောင်းရခဲ့



တဲ့လူပါ။ ကြိုးစားရင် ဒစ်စ်တင်ရှင်းတောင် ရနိုင်ပါတယ်။ ကျွန်တော်လည်း အနုပညာစာပေကို ဝါသနာပါပါတယ်ဆရာ'ဟု ဆရာ၏နှုတ်ထွက်လိုသောစကားကို သဘောမတူဟန် (ဤသို့)ပြောဆိုငြင်းပယ်ခဲ့ကြောင်း စသည်များကို (၁၉–ဇူလိုင်) ခေါင်းဆောင်ကြီးများ လူသတ်သမားလက်ချက်ဖြင့် ကျဆုံးချိန်တွင် ဆရာမင်းသုဝဏ်က သူ၏(ဗိုလ်ချုပ်ဆန္ဒနှင့်ဆရာ့ဝါသနာ)ဆောင်းပါး၌ ရေးထားသည်ကို ဖတ်ရှုရသည်။

## နိုင်ငံရေးမှ ထွက်ချင်ပြီ

အထက်ပါ စကားများအတိုင်းပင် ဆရာသည် ကျွန်ုပ်တို့နှင့်တွေ့တိုင်း စကားစပ်မိတိုင်း ဆရာ၏ကျန်းမာရေးကို တပည့်များအနေဖြင့် သတိပေးစကား ပြောဆိုတိုင်းလည်း ဤသို့ ပြောဆိုလေ့ ရှိခဲ့သည်။

'ဟုတ်တယ် ကိုသခ်ီရေ–ဆရာ ကျန်းမာရေး ချို့တဲ့တာတော့ အမှန်ပဲ။ တစ်ခါတလေများ ဆရာ သိပ်အားနည်းပြီး စကားများများပြောရင် မောတယ်။ ဒါပေမဲ့ ခုအချိန်မှာ ဆရာတို့ အလိုရှိနေတဲ့ လွတ်လပ်ရေးကြီးက သိပ်နီးကပ်နေပြီမဟုတ်လား။ ဒီတော့ ကိုယ်တတ်နိုင်တဲ့ဘက်က တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့က အရေးကြီးနေတယ်။ ဒီနေ့ လွတ်လပ်ရေးသာရ ဒီနေ့ နိုင်ငံရေးက ထွက်မှာပဲ။ ဘာလုပ်မလဲ၊ ရာထူးတွေဘာတွေ ဆရာ အသက်ကြီးပြီပဲ၊ မလိုချင်ပါဘူး။ ဒီနိုင်ငံရေးက အနားယူပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ သုခုမပညာရပ်တွေကို လေ့လာချင်တယ်။ ဒီပညာရပ်တွေကို လေ့လာ ဖော်ထုတ်စရာ ဆရာတို့မှာ အများကြီး ရှိသေးတယ် ကိုသခ်ီ'

ဤသို့ ဆရာသည် သူ၏ ရင်းနှီးသောတပည့်တိုင်းအား ဤယဉ်ကျေးမှု သုခုမပညာရပ်များအကြောင်းနှင့် ပတ်သက်၍ စကားစပ်မိတိုင်း ပြောဆိုခဲ့လေသည်။ အထက်ပါ ဆရာမင်းသုဝဏ်၏ စကားအတိုင်း ဆရာ့စိတ်ဆန္ဒ၌ မြန်မာတို့၏ ယဉ်ကျေးမှု အနုပညာရပ်များနှင့် ဆက်စပ်ကာ လေ့လာစရာတွေများစွာရှိနေသော အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သော ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ယိုးဒယား၊ မလေး၊ အင်ဒိုနီးရှားနိုင်ငံများသို့ ခရီးလှည့်လည်လိုသည်။ ထိုနိုင်ငံမှ အနုပညာရပ်များနှင့် မြန်မာများ၏အနုပညာများကို နှိုင်းယှဉ်လေ့လာလိုသော စိတ်ဆန္ဒ ပြင်းထန်လျက်ရှိသည်။

အထူးသဖြင့် ယခင် အရှေ့ကတောင်အာရှနိုင်ငံများဖြစ်သော မလေး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စူးမတ္တရား၊ ဂျာဗား၊ ဘိုနီယိုစသော နိုင်ငံများမှတစ်ဆင့် ပေါက်ဖွားလာခဲ့ကာ နောက်ဆုံး ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာ့အခေါ်အားဖြင့် 'ယိုးဒယားအက'

www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်နေသော မြန်မာ့ယဉ်ကျေးမှု သုခုမ ပညာရပ်တို့တွင် အထွတ်အထိပ် အညွန့်အဖူး အထူးအမြတ်ပညာရပ်တစ်ခုအနေဖြင့် သတ်မှတ်ထားသော ထိုအကပညာနှင့် ဆိုင်ရာ မူလဇစ်မြစ်နေရာဖြစ်သော အိန္ဒိယအကပညာရပ်အကြောင်းနှင့် ဆိုင်သည့် ဆောင်းပါး အချို့ကို ဆရာ့ဂျာနယ်တွင် ရေးခဲ့သည်။ ထိုဆောင်းပါးများကို ဖတ်ရခြင်းဖြင့်လည်း ဆရာ့ဆန္ဒကို ရိပ်စားသိနိုင်ပေသည်။ ယခု ထိုဆောင်းပါးအချို့ကို ကျွန်ုပ်တို့ ဖော်ပြလိုက် ပါအံ့။

**အကပညာ၏အစ။** အိန္ဒိယပြည်၌ အကပညာရပ်သည် အလွန်ရှေးကျသော ပညာတစ် ရပ်ဖြစ်၏။ နာဋက ပညာဟုခေါ်ကြ၏။ ဗြဟ္မဏဘာသာအရ ကမ္ဘာလောကဓာတ်ကို ဖန်ဆင်းသော ဗြဟ္မာကြီးသည် ရေနတ်သမီး ဒေဝီ (၇) ပါးကို ဖန်ဆင်းလိုက်၏။ ထိုဒေဝီ (၇) ဖော်သည် ရေထဲမှ ထွက်ပေါ်လာကြပြီးနောက် ပြိုင်ဖက်ကင်းသောအဆင်း၊ အလွန်သိမ် မွေ့ ယဉ်ကျေးသောအမူအရာ၊ အလွန်နူးညံ့လှပချောမောသော ကိုယ်နေကိုယ်ဟန်တို့ဖြင့် ဗြဟ္မာကြီးကို လက်ျာရစ်လှည့် ကန်တော့ပူဇော်ကြရာ ထိုဗြဟ္မာကြီး ကိုယ်တိုင်ပင် ထိုမျှ ချောမွေ့လှပ ယဉ်ကျေးနူးညံ့ သိမ်မွေ့ဟန်ရှိလှသော ထိုဒေဝီ (၇) ဖော်တို့နှင့်တကွ သူတို့ ၏အမူအရာတို့ကို မြင်ရသည့်အခါ ပီတိသောမနဿတွေ ဖြာလျက် ကမ္ဘာလောက ဓာတ်ကြီးနှင့် တဒင်္ဂပဟန် အချိန်ကာလကိုပင် မေ့လျော့သွားမိသောဟူ၏။

ဤသည်ကို ရည်၍ ဗြဟ္မဏ ဘာသာအယူတွင် မဟာဗြဟ္မာဘုရားကျောင်း၊ ဗစ်ရှနူးခေါ် ဝိဿနိုးနတ်ကြီး၏ ဘုရားကျောင်း၊ ဆီဗားဘုရားကျောင်းများတွင် ဘုရား ပူဇော်ကန်တော့နည်း အမျိုးမျိုးဆိုင်ရာ သဘောအဓိပ္ပာယ်သက်ရောက်သည့် အကအမျိုးမျိုး ကိုက၍ ဘုရားအားပူဇော်သော ဘုရားအမှုထမ်း ကချေသည် အမျိုးသမီးကလေးများကို ရှေးပဝေဏီကာလကပင် ထားခဲ့ကြလေသည်။

ထိုဘုရားအမှုထမ်း ကချေသည်တို့မှာ ရုပ်ရည်အလွန်လှပသော ကညာစင်များကို ငယ်စဉ်က ရွေးချယ်၍ အစဉ်အလာဖြစ်သော အကပညာကို သင်ကြားကာ ဘုရားအား လှူထားပေရာ ထိုအမျိုးသမီးတို့သည် အိမ်ထောင်ပြုဖို့ ဝေးစွ၊ ယောကျ်ားတို့နှင့် တစ်သက်လျှာ ကင်းရှင်းရမည့် ကညာစင်များအဖြစ် နေကြရသည့်ပြင် ဘုရားပူဇော်သော အကကို မကမီ ရေမိုးချိုးရခြင်း၊ သီတင်းသီလ ဆောက်တည်ရခြင်းတို့ကိုပင် ပြုရလေ သေးသည်။

ဤသို့ဖြင့် အကပညာသည် ဟိန္ဒူဘာသာအရ ဘုရားပူဇော်ခြင်းမှ ဆင်းသက်



လာရာ အဆိုပါအကမျိုး၏ လက်ဟန်ခြေဟန်၊ ကိုယ်ဟန်၊ မျက်နှာထားစသည်တို့မှာ အဓိပ္ပာယ်ပြည့်ဝနက်နဲသော ဘုရားပူဇော်မှုအမျိုးမျိုးတို့ ဖြစ်ပေသည်။

**သုဝဏ္ဏဘုမ္မိ။** ယခုအခါ စူးမတ္တရားဟုခေါ်သော ကျွန်းမှာ ရှေးက 'ဆုဗဏ္ဏ'ဟု ခေါ်ဆို ပေရာ မြန်မာအလို သုဝဏ္ဏဖြစ်၍ နိပါတ်တော်၊ ဇာတ်တော်များ၌ အိန္ဒိယပြည် မဇ္ဈိမဒေသမှ သုဝဏ္ဏဘုမ္မိခေါ်သော သထုံပြည်နှင့် ကုန်ကူးခြင်းမဟုတ်ဘဲ စူးမတ္တရား၊ ဂျာဗား၊ ဘာလီ စသော အင်ဒိုနီးရှား ကျွန်းများနှင့် ကုန်ကူးခြင်းများကို ဆိုခြင်းဖြစ်သည်။

မာလယာခေါ်သော ပသျှူးကျွန်းဆွယ်နှင့် ကျွန်းစုများကိုလည်း မာလာယုကျွန်းဟု ရှေးကခေါ်လေသည်။ သို့ကြောင့် အိန္ဒိယပြည်နှင့် အင်ဒိုနီးရှားကျွန်းမှာ ရှေးပဝေဏီ အစဉ်ကပင် အဆက်အသွယ်ရှိခဲ့ရုံမက ဟိန္ဒူယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာတို့လည်း ပြန့်နှံ့ လျက် ဟိန္ဒူဘုရင်များပင် အုပ်စိုးခဲ့ကြသည်။

ယနေ့အဖို့ ဂျာဗား၊ ဘာလီစသော ကျွန်းတို့တွင် ဟိန္ဒူဘုရားများနှင့် ဘုရားကျောင်း အဆောက်အဦများ၊ ဗုဒ္ဓဘာသာအဆောက်အဦ ဘုရားကျောင်းများ စသော မူလအိန္ဒိယ ယဉ်ကျေးမှု၏ သက်သေခံချက်များကို ယနေ့တိုင် တွေ့ရနေပေသေးသည်။

**အကပညာရောက်သွားခြင်း။** ထိုအင်ဒိုနီးရှားကျွန်းများတွင် ဟိန္ဒူဘာသာ ထွန်းကား သွားသောအခါတွင် ယခင်ဘုရားစောင့် ကချေသည်အစဉ်အလာများသည်လည်း လိုက် ပါရောက်သွားကာ အုပ်စိုးသော ဟိန္ဒူဘုရင်များကိုယ်တိုင်က ထိုအစဉ်အလာကို မပျက် အောင် စောင့်ရှောက်ခဲ့ကြပေရာ အိန္ဒိယအကပညာသည် ဂျာဗားသို့ ရောက်ရပေသည်။

နှောင်သောအခါ မွတ်စလင်မင်းများက ဝင်ရောက်တိုက်ခိုက်၍ ဂျာဗားကို သိမ်းယူ လိုက်သောအခါ ဟိန္ဒူတို့သည် ဘာလီကျွန်းသို့ ရှောင်တိမ်းထွက်ခွာသွားကြရာ၌ ယခင် ဘုရားကျောင်း ကချေသည်များကား ဂျာဗားတွင်ပင် ကျန်ရစ်ခဲ့ကြသည်။ သို့သော် မွတ်စလင်မင်းတို့ကလည်း ကညာစင်များသာ သင်ကြား၍ ကပြရသော ထိုအကပညာကို မြတ်နိုးကြသဖြင့် ဘုရားပူဇော်သောအကအဖြစ်မှ ထီးနန်းသုံး(ဝါ)မင်းသုံးတော်ဝင်အဖြစ် သတ်မှတ်လျက် ထိုအကမျိုးကို က,တတ်ခြင်းသည် ယဉ်ကျေးမှု၏အထွဋ်အထိပ်သို့ ရောက်ခြင်းဟု ယူဆခဲ့ကြလေသည်။

ထိုအခါမှစ၍ အင်ဒိုနီးရှားတွင် မွတ်စလင်မင်းတို့သည် မင်းညီမင်းသား မင်းသမီး များကိုသာ အဆိုပါအကမျိုးကို သင်ကြားစေလျက် 'ဆီရမ်ပီ'ဟု အမည်မှည့်ခေါ်ခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် နန်းတော်တွင်း၌ နှစ်စဉ်နှစ်တိုင်း ကပြကြရသော ထိုဆီရမ်ပီခေါ်သော အကကို အရပ်သူအရပ်သား သဘင်သည်များ မကရဘဲ မင်းသမီးလေးယောက် ကပြရသော အကမျိုးဖြစ်ကာ အသက်အားဖြင့် (၉)နှစ်အရွယ်မှစ၍ သမီးတော်ကလေးများအား လေ့လာသင်ကြားစေပြီးလျှင် အပျိုစင်အဖြစ် တည်သောကာလအတွင်းသာ ထိုဆီရမ်ပီနန်းသုံးအကကို က,ရလေသည်။

ထိုသို့မကမီ ရေချိုး၍ ကိုယ်လက်သုတ်သင်ကြရသည်။ အမွှေးနံ့သာအထုံအခိုးတို့ဖြင့် အစွမ်းကုန်သန့်ရှင်းစင်ကြယ်စေရလေသည်။ ထို့ကြောင့် ဂျာဗားတွင် အနုပညာဆိုင်ရာ ထိုအကမျိုးမှာ တော်သုံးသက်သက်ဖြစ်ကာ အဆင့်အတန်းအားဖြင့်လည်းကြီးကျယ်မြင့်မားစွာ ကန့်သတ်ချုပ်ချယ်လျက် အရပ်သူအရပ်သားများနှင့် မဆိုင်ဘဲ မင်းသားမင်းသမီးတို့သာ လေ့ကျင့်သင်ကြားရလေသည်။

**အကတိုးတက်လာခြင်း။** ဘာလီကျွန်း၌ကား ထိုအကမျိုးပင်ဖြစ်သော်လည်း ကပုံဟန်အနေအထား တိုးတက်များပြားသွားလေသည်။ ဘာလီတွင် ဟိန္ဒူအငွေ့များဝင်ကာ ရာမဇာတ်တော်ကြီးများကိုပါ ကပြခြင်းဖြင့် အကနယ် ကျယ်သွားခဲ့သည်။ ဤသို့ အကပညာသည် အင်ဒိုနီးရှားမှ ပသျှူးကျွန်းဆွယ်သို့လည်းကောင်း၊ အင်ဒိုချိုင်းနားသို့လည်းကောင်း၊ ယိုးဒယားသို့လည်းကောင်း ကူးစက်လာတော့သည်။

အီနောင်ဇာတ်၊ ရာမဇာတ်များလည်း ယိုးဒယားသို့ ရောက်ပြီးနောက် အကပညာသည် ယိုးဒယား ဇင်းမယ်တို့တွင် ပို၍ရှုပ်ထွေးကြပြန်သဖြင့် နယ်ကျယ်၍လာခဲ့ပြန်သည်။ ယိုးဒယားမှတစ်ဆင့် မြန်မာပြည်သို့ ရောက်လာပြန်သောအခါတွင် မြန်မာပညာရှင်တို့ကလည်း ထိုအကပညာကို ထပ်မံ၍ မွမ်းမံလိုက်ပြန်ရာ ယနေ့ ယိုးဒယားအကဟု ခေါ်နေသော အကသည် အနုပညာသဘော အများဆုံးပါ၍ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးအမြင့်ဆုံးရှိသော အက ဖြစ်လာလေသည်။

သို့သော် ယိုးဒယားအကဟုခေါ်ဆိုလျက်ပင် ရှိနေသောလည်း အမှန်အားဖြင့် ယိုးဒယားကထွင်သော အကမဟုတ်ပေ။ အိန္ဒိယမှ (ယခုရေးသားခဲ့သည့်အတိုင်း) ဆင့်သက်လာခဲ့သော အကပညာတစ်ရပ်သာ ဖြစ်လေသည်ဟု ဆရာ၏ အနုပညာဆောင်းပါးတစ်စောင်တွင် ဤသို့ ရေးထားသည်ကို ဖတ်ရ၏။

ဤတွင် ကျွန်ုပ်တို့ အထက်ပါ ဆရာ့ဆောင်းပါးမှ ထူးခြားစွာ မှတ်သားရသော အချက်မှာ အများက သုဝဏ္ဏဘုမ္မိသထုံပြည်ဟု ခေါ်စမှတ်ပြုနေသော သထုံပြည်သည် ဤမြန်မာပြည်မှ သထုံပြည်မဟုတ်ဘဲ ဆူမတ္တရာ၊ ဂျာဗားကျွန်းများဖြစ်ကြောင်းပင် ဖြစ်သည်။



ထိုနောက် ယနေ့ မြန်မာတို့က ယိုးဒယားအကဟုခေါ်သော အကမှာလည်း မြန်မာဘုရင် ကုန်းဘောင်ခေတ် အလောင်းဘုရားသားတော် ဆင်ဖြူရှင်လက်ထက် ယိုးဒယားကိုစစ်အောင်နိုင်ပြီးနောက် ယိုးဒယားအနုပညာရှင် သဘင်သည်များကို ခေါ် ဆောင်လာရာမှ အစပြု၍ ဖြစ်ပေါ်လာသော အကဖြစ်သော်လည်း ထိုအက၏ မူလအစ ဌာနမှာ အိန္ဒိယမှ စတင်ပေါက်ဖွားလာခဲ့သော အကပင် ဖြစ်သည်ဆိုသော အချက်ပင် ဖြစ်၏။

ယိုးဒယားမှ ပညာရှင်များကို အစွဲပြု၍ ယိုးဒယားအကဟု ခေါ်တွင်ခဲ့ခြင်းသာဖြစ်ကာ မူလပေါက်ဖွားရာ အိန္ဒိယအကပင်ဖြစ်သော်လည်း တိုင်းပြည်ဒေသရပ်ရွာ ဓလေ့ချင်း ကွဲပြားမှုကြောင့် အနုပညာရပ်များလည်း မိမိတို့ တိုင်းပြည်နှင့်လူမျိုးစရိုက်ကို လိုက်၍ တစ်စတစ်စ အနည်းအများ ကွဲပြားလာရခြင်းဖြစ်သည်။

ရာမ အီနောင် နန်းတွင်းဇာတ်များမှာလည်း ထိုနည်းတူ အိန္ဒိယမှလာသော ဇာတ်များသာဖြစ်ကြ၏။ ယနေ့ အိန္ဒိယ(ကုလား)ရာမ၊ ယိုးဒယား၊ ပသျှူးရာမ၊ မြန်မာရာမများ အချင်းချင်းမတူကြဘဲ အချို့ကကွက်, ကဟန်များ ကွဲပြားသွားသကဲ့သို့ပင် ဖြစ်သည်။

ယနေ့မြန်မာက ယိုးဒယားအကဟု ခေါ်သော်လည်း နောင်တွင် မြဝတီဝန်ကြီးဦးစ စသော မြန်မာသဘင်ပညာရှင်များ၏ ထပ်လောင်းမွမ်းမံပြုပြင်မှုများကြောင့် မူလယိုးဒယားအကနှင့် ယနေ့မြန်မာယိုးဒယားအကသည်လည်း လုံးဝတူသည်ဟု မဆိုနိုင်ပေ။ ထိုနည်းတူ ယနေ့မြန်မာအကနှင့် အိန္ဒိယအကများလည်း မတူကြပေ။

သို့သော် နောက်ဆုံးအချုပ်ကား ယိုးဒယားမှ ကူးပြောင်းရောက်ရှိလာ၍ ယိုးဒယားအကဟု ခေါ်နေစေကာမူ ယိုးဒယားအကချင်း လုံးဝတူချင်မှတူမည်။ အချို့ ကနည်း၊ ကဟန်၊ ခြေဟန်၊ လက်ထား၊ အနေးအမြန်၊ အနွဲ့အပျောင်း၊ အယူအသိမ်းများ ကွဲပြားမှုများရှိသလို ထိုနည်းတူ မူလ အိန္ဒိယအကများလည်း တိုင်းပြည်ပေါင်းများစွာ၊ လူမျိုးပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကြည့်ရှုဖြတ်သန်းလာခဲ့ရသဖြင့် တစ်ပုံစံတည်း တစ်ထပ်တည်း မတူနိုင်ဘဲ တစ်စတစ်စ ပြုပြင်ပြောင်းလဲလာခဲ့ရသည်တိုင် ထိုထိုအကပညာရပ်များမှာ မူလအနုပညာ ဗဟိုဌာနကြီးဖြစ်သော အိန္ဒိယမှစတင် ပေါက်ဖွားလာခဲ့သော အိန္ဒိယအကများသာဖြစ်ကြောင်း ဆရာ့ဆောင်းပါးများ၌ ရေးသားထားသည်များကို ဖတ်ရသည်။

သို့သော် ဆရာ့ဆန္ဒနှင့် ဆရာ့ဝါသနာပါရာ ဆရာရောက်လိုသော ဒေသများသို့ မရောက်ရှိ၊ မပြည့်ဝသွားခဲ့ရှာပေ။ ထိုသို့ မပြည့်ဝသွားရခြင်းမှာလည်း ဆရာသည် ဘဝသည့်များအပေါ် ခင်မင်တွယ်တာမှု၊ သံယောဇဉ်ကြီးမှုများကြောင့် ဖြစ်သည်ဆိုလျှင် မမှားပေ။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်၏ သဝဏ်လွှာ

စစ်ပြီးခေတ်၌ ပြန်လည်ထုတ်ဝေသော ဆရာ၏ဒီးဒုတ်ဂျာနယ် နှစ်ပတ်လည်တွင် ဆရာ့အကြောင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က အောက်ပါသဝဏ်လွှာတစ်စောင်ကို ရေးသားပေးခဲ့သည်။

'ဒီးဒုတ်ဂျာနယ် အယ်ဒီတာချုပ် ဦးဘချိုမှာ ဝါရင့်သော ဝံသာနုတစ်ဦးပင် ဖြစ်ပေသည်။ ထိုမျှမက သူ၏အယူအဆထင်မြင်ချက်များကို သဘောမတူသူများ ရှိပင်ရှိလင့်ကစား သူ့ကို အာဏာလု၊ သို့မဟုတ် ဝမ်းစာလု သို့မဟုတ် ရာထူးလု ဝံသာနုဟု မည်သူမျှ မစွပ်စွဲနိုင်ပေ။

ကျွန်တော်သည် ဆရာဦးဘချိုနှင့် (၁၉၃၆) ကျောင်းသားပိတ်နှစ်လောက်က ကောင်းစွာ သိကျွမ်းခဲ့ရာ သူ၏ဉာဏ်ရည် ဖန်ရည်နှင့်တကွ စိတ်ထားကို ကောင်းစွာ သိခဲ့ပါသည်။ ကျွန်တော်တို့နှင့် ဆရာဦးဘချို ယခု ဖဆပလခေတ်တွင်မှ နိုင်ငံရေးအားဖြင့် ရင်းရင်းနှီးနှီးပေါင်းလာခဲ့ကြသော်လည်း ၁၉၃၆ ခု သပိတ်လောက်တုန်းကပင်စ၍ အရေးရှိလျှင် ရှိသလို ဆရာဦးဘချို၏ ထိရောက်သော အကူအညီများ ရခဲ့ပေသည်။

ဂျပန်ခေတ်မတိုင်မီ ဥရောပစစ်ကြီး ဖြစ်ပွားလျက်ရှိစဉ် ကျွန်တော် တရုတ်ပြည် အမွိုင်မြို့သို့ ထွက်ခွာရန် စီစဉ်ကြစဉ် ဆရာဦးဘချိုထံမှ အရေးကြီးသော တရုတ်လူကြီးအချို့၏ လိပ်စာများ ရရှိခဲ့ပေသည်။ သို့သော် ၎င်းအဆက်များနှင့် ဆက်မိရန် ကြိုးစားနေခိုက် ဗမာပြည်မှ ကျန်ရဲဘော်များ၏ညွှန်ကြားချက်အရ ဂျပန်လာခေါ်သဖြင့် ဗမာ့လွတ်လပ်ရေးအတွက် ဂျပန်တို့နှင့် စခန်းသွားရေးအလုပ်ဖြစ်မြောက်သွားတော့သည်။

ထိုနောက် ဂျပန်နှင့် ဗမာပြည်သို့ ဝင်လာပြီးနောက် ဆရာဦးဘချိုကို ရွှေဘိုအနီး ဆိပ်ခွန်ရွာတွင် သွားရောက်တွေ့ရသည်။ ကျွန်တော်တို့လည်း ဆရာ့ကို တတ်နိုင်သမျှ ဂျပန်ဘေးမှ ကူညီခဲ့ကြသည်။ သူ့ထံမှ တရုတ်နှင့် ဆက်သွယ်ရေးကိစ္စများတွင် ကျွန်တော် တို့၏ ရဲဘော်များအတော်ပင် အကူအညီရခဲ့သည်။ ဒီးဒုတ်ဦးဘချိုသည် လူပေါင်းလူသင်း အားနာတတ်၍ အချို့ဝါဒသဘောများတွင် (ပုံဥပမာ အင်း အိုင် မန္တယား လိုက်စားခြင်း) ကျွန်တော်တို့ လူငယ်ပိုင်းက သဘောမတူနိုင်သော်လည်း ဆရာကြီးဦးဘချိုသည် အချောင်သမားလည်းမဟုတ်၊ သာယာစီးလည်းမဟုတ်၊ နေ့စပ်ရေးသမားလည်းမဟုတ်၊ မဖောက်မပြန်ခဲ့သော ရေမရှော



သည့် ဝံသာနုတစ်ဦးဖြစ်ကြောင်း။

ဝံသာနုလက်ဟောင်းကြီး ဦးဘချို ဦးစီးထုတ်ဝေသော ဝံသာနုဒီးဒုတ်ဂျာနယ်သည် ခေတ်အလိုက် သဘောတရားတွင် တိုးတက်သောဗမာပြည်၏ လွတ်လပ်ရေးနှင့် ကောင်းစားရေးတို့အတွက် ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။

(ပုံ) အောင်ဆန်း
(၁၁-၇-၄၆)

ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးထံမှ အထက်ပါစာကို ဖတ်ရှုရခြင်းဖြင့် ဆရာ၏အကြောင်းနှင့် စိတ်နေစိတ်ထား အယူအဆများကို ကောင်းစွာ သဘောပေါက်ချင့်ထောက်နိုင်လောက်ပေပြီ။

## အချို့ စွပ်စွဲချက်များ မမှန်

ဤနေရာတွင် ဗိုလ်ချုပ်၏စာပါအကြောင်းအချက်များအရ ဂျပန်နှင့်မည်သို့ မည်ပုံ ဆက်သွယ်ပူးပေါင်းရခြင်း အကြောင်းရင်းက တစ်စိတ်တစ်ဒေသကို ကျွန်ုပ်တို့တွေ့မြင်နိုင်ကြသည်။ ဤသည်ကို မသိကြသော နယ်ချဲ့အလိုတော်ရိ အချို့က လူငယ်များ ဂျပန်ဖက်ဆစ်များကို ခေါ်လာသည်။ ထိုနောက် ဗြိတိသျှတို့ အသာစီးရမှ သာယာစီးသဘောမျိုး ပူးပေါင်းကြခြင်း ဖြစ်သည်ဟု မဟုတ်မတရားစွပ်စွဲ ပြောဆိုနေကြသည်။ အမှန်မှာ ဤသို့လုံးဝမဟုတ်ပေ။

ဤစွပ်စွဲချက်များကို နောင်တွင် အမှတ်မှား အမြင်မှားနေကြမည့်အတွက် ယခု အလျဉ်းသင့်၍ ဂျပန်များနှင့်ပူးပေါင်းရခြင်း၊ ဂျပန်များအား တော်လှန်ရခြင်းအကြောင်းများကို တစ်ဆက်တည်း ဖော်ပြရန် လိုပေလိမ့်မည်။

အနောက်ဥရောပစစ်မီးကြီး အရှေ့ဖက် ဂျပန်သို့ မကူးမီအချိန်ကပင် လူငယ်နိုင်ငံရေးသမား အများစုမှာ ထောင်အတွင်းသို့ ဖမ်းဆီးခြင်းခံရပြီး ရောက်နေကြကုန်သည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်နု၊ သခင်ဗဟိန်း စသော ထောင်တွင်းအကျဉ်းခံ လူငယ်ခေါင်းဆောင်များက မြန်မာပြည် ဘုရင်ခံထံသို့...

'ကျွန်ုပ်တို့သည် ဂျပန်ဖက်ဆစ်ဝါဒကို မလိုလားပါ။ မြန်မာပြည်အား စစ်ပြီးလျှင် လွတ်လပ်ရေးပေးပါမည်ဟု ဘိလပ်အစိုးရက လူသိရှင်ကြား တိတိကျကျ ကြေညာပါ

www.burmeseclassic.com

www.burmeseclassic.com



စေ။ ထိုသို့ကြေညာလျှင် ကျွန်ုပ်တို့သည် မြန်မာပြည်လူထုများနှင့် အင်အားစုရုံးကာ ဂျပန်ဖက်ဆစ်ရန်ကို တွန်းလှန်တိုက်ခိုက် ဖြိုဖျက်ပါမည်။ ယခု အချိန်သည် မနှောင်းသေးပါ' ဟု စာတင်တောင်းဆိုခဲ့သည်။

သို့သော် ထိုသို့ လူငယ်ခေါင်းဆောင်များ တောင်းဆိုချက်ကို ဘုရင်ခံသည် လိုက်လျောခွင့်ပြု သဘောတူခြင်းမရှိခဲ့ပေ။ ထိုအချက်အားဖြင့် ဂျပန်နှင့် မည်သည့်အတွက်ပူးပေါင်းရခြင်း ထင်ရှားသည့်အချက်တစ်ချက် ဖြစ်သည်။

ထိုနောက် ဂျပန်များ ဗမာပြည်တွင်းသို့ ဝင်လာကြသည်။ ထိုအချိန်တွင် ဆရာဦးဘချိုသည် တရုတ်တပ် ဗိုလ်ချုပ်ဂျင်နရယ်ဝမ်းထံသို့ ဆက်သားတစ်ယောက် စေလွှတ်၍ ဂျပန်ဖက်ဆစ်များကို တိုက်ခိုက်ရန် ထောင်အတွင်းမှ လူငယ်ခေါင်းဆောင်များ လွှတ်မြောက်ရေးနှင့် ထုတ်ယူရေးကို စာရေးတောင်းဆိုလိုက်သည်။ မကြာမီ ဂျင်နရယ်ဝမ်း၊ ဦးဘချို၊ ဒေါ်မြစိန်တို့ မေမြို့တွင် ချိန်းဆိုတွေ့ကြသည်။ ထိုတွေ့ဆုံချက်အရ ဂျင်နရယ်ဝမ်းသည် ထောင်အတွင်းရှိ လူငယ်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး ဘုရင်ခံနှင့် တွေ့၏။ ထိုနောက် လူငယ်ခေါင်းဆောင်များအား ဂျပန်ကို တော်လှန်တိုက်ခိုက်ရန် တရုတ်ပြည်သို့ ပို့ပေးရန် စီမံကြသည်။ ထိုအချိန်မှာ ၁၉၄၂ ခု၊ ဧပြီလ ၂၅ ရက်ဖြစ်ရာ ဂျပန်များ အထက်မြန်မာပြည်သို့ မသိမ်းနိုင်သေးမီအချိန် ဖြစ်သည်။ သို့သော် ဘုရင်ခံနှင့် ဂျင်နရယ်ဝမ်းတို့ စီစဉ်ကြသောအချိန်မှာ အချိန်နှောင်းသွားပြီဖြစ်ကာ အထမမြောက်ဘဲ မေမြို့တောင်ခြေမှ လှည့်၍ ပြန်လာခဲ့ရသည်။ ထိုသို့ ပြန်လှည့်ရခြင်းမှာ ထိုအချိန်၌ ဂျပန်တပ်ဦးသည် ထိုနယ်တစ်ဝိုက်သို့ အရောက်မြန်ကာ လမ်းပိတ်၍ နေပြီဖြစ်သောကြောင့် ဖြစ်သည်။

ထိုနောက် ဆိတ်ခွန်ရွာတွင်ရှိသော ဆရာဦးဘချိုထံသို့ (ဦးကျော်ငြိမ်း၊ တက်ဘုန်းကြီး သိန်းဖေ၊ တိုင်းချစ်သိန်းဖေ)စသော လူငယ်ခေါင်းဆောင်များ ရောက်လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းထံမှ 'ဂျပန်များ ကတိမတည်ကြောင်း၊ ဖက်ဆစ်ဂျပန်ကို တော်လှန်နိုင်ရေးအတွက် မဟာမိတ်များနှင့်အဆက်အသွယ် ပြုရန်နှင့်တကွ နိုင်ငံခြားသို့ ထွက်ခွာသွားနိုင်ရန် စီစဉ်ဖို့အကြောင်း' အမှာစာပါလာသည်။ ထိုအချိန်တွင် ဗြိတိသျှနှင့် တရုတ်တပ်များ ရွှေဘိုလမ်းမှ ဆုတ်ခွာနေရပြီဖြစ်သော အချိန်ဖြစ်သည်။ ထိုတရုတ်တပ်များနှင့်အတူ တက်ဘုန်းကြီး သိန်းဖေ၊ သခင်ကျော်စိန်၊ သခင်မြသွင်တို့အား နိုင်ငံရေးအဆက်အသွယ်ပြုနိုင်ရန် လိုက်ပါသွားစေ၍ သခင်စိုးက ပြည်တွင်းမှ တော်လှန်ရေးအဖွဲ့များ ဖွဲ့စည်းနေရစ်ရန် စိုင်းပြင်းကြသည်။ သို့သော် ထို တရုတ် မြန်မာလမ်းမကြီးကိုလည်း



ဂျပန်များက ပိတ်ဆို့ကာ အဖြတ်အတောက်မြန်သွားသဖြင့် လူငယ်ခေါင်းဆောင်များ လိုက်ပါရေး မလွယ်ကူကြပြန်ပေ။

သို့ဖြင့် တက်ဘုန်းကြီးသိန်းဖေ၊ သခင်တင်ရွှေတို့ ကုန်းကြောင်းခရီးဖြင့် အိန္ဒိယသို့ တိတ်ဆိတ်ထွက်ခွာသွားကြသည်။ ဤတွင်ပင် အိန္ဒိယ စစ်တပ်အာဏာပိုင်များက လက်ခံကြသည်ကို မြန်မာပြည် စစ်ပြေးအစိုးရက ကန့်ကွက်နေသဖြင့် ခရီးရောက်သင့်သလောက် မရောက်ဘဲ အချိန်နှောင့်နှေးခဲ့ရပြန်သည်။ ထိုနောက်မှ မဟာမိတ်စစ်အာဏာပိုင်များနှင့် ဆက်သွယ်ကာ သဘောတူညီချက်ရပြီးနောက် မြန်မာပြည်တွင်းသို့ ယင်းလူငယ်ခေါင်းဆောင်များ လေထီးနှင့်ဆင်းကာ အဆက်အသွယ်ပြုနိုင်ခဲ့ကြသည်။ မကြာမီ ပြည်တွင်းပြည်ပ ဆက်သွယ်ပြီးနောက် ဂျပန်ကို တော်လှန်ရန် စီစဉ်စိုင်းပြင်းကြရာ အချိန်စောသေးသည်ဟု ဗိုလ်ချုပ် **လော့မောင့်ဘက်တန်ကိုယ်တိုင်က** ဆိုင်းငံ့ထားရကြောင်း ကန္ဒီကွန့်ဖရင့်တွင် မောင့်ဘက်တန်က ထုတ်ဖော်ဝန်ခံပြောဆိုခဲ့သည်။ ထိုနောက် ၁၉၄၅ မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့ခြင်းဖြစ်ကြောင်း ဆရာဦးဘချို၏ ဒီးဒုတ်ဂျာနယ်(၂၅–၃–၄၆)တွင် အတိအလင်း ရေးသားဖော်ပြထားချက်များကို ကျွန်ုပ်တို့ ဖတ်ရသည်။

(ဤကား ဗိုလ်ချုပ်နှင့်ဆရာတို့၏ ဂျပန်တော်လှန်ရေးတွင် မည်သို့မည်ပုံ ဆက်သွယ်ခဲ့ပုံ၊ ဆရာချိုအား ဗိုလ်ချုပ်မည်မျှ အားကိုးခဲ့ပုံများနှင့် ဆရာချိုကလည်း မည်မျှ အကူအညီပေးပုံများပင် ဖြစ်သည်။

## ဗိုလ်ချုပ်နှင့် ဆရာ၏သံယောဇဉ်

လူသတ်သမားများလက်ချက်ဖြင့် ဆရာကွယ်လွန်ရချိန်တွင် ဆရာနှင့် ကျွန်ုပ်တို့နှင့်ပါ အလွန်ရင်းနှီးသောဆရာတော်တစ်ပါးဖြစ်ကာ အရှင်စာပေမိတ်ဆွေကြီးများလည်း ဖြစ်သော 'ဆရာတော်အရှင်ဦးဝိမလ'၏စာများကို ဖတ်ရှုရခြင်းဖြင့်လည်း ဗိုလ်ချုပ်နှင့် ဆရာတို့၏သဘောထားကို ပို၍အကဲခတ်နိုင်ပေသည်။

'ဦးဘချိုသည် ဗိုလ်ချုပ်ကို အတော်အားကိုး၏။ နိုင်ငံရေးနယ်ထဲ ဝင်ကတည်းကပင် ဦးဘချိုသည် မည်သည့်အခါမျှ အမတ်အရွေးမခံခဲ့ဖူးပေ။ အစိုးရရာထူးကို လက်မခံ။ ပြင်ပအတိုက်အခံဘက်မှ အမြဲပြုလုပ်လာသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

ယခုမှာကား ဗိုလ်ချုပ်လုပ်ငန်းသည် ဗမာပြည် တကယ်လွတ်လပ်ရေးရမည်ဟု သူ ယုံကြည်သောကြောင့် ဝန်ကြီးရာထူးကိုယူ၍ အမတ်အရွေးခံခြင်းဖြစ်၏။ ယခင်ကသူ

www.burmeseclassic.com

www.burmeseclassic.com



သည် သူ၏ဂျာနယ်မှ အမြဲတမ်းလိုပင် အစိုးရကို အတိုက်အခံရေးခြင်း၊ ၎င်းအပြင် စစ်ဖြစ်ခါနီးတွင် ဂျပန်၏ယုတ်မာပုံတွေ၊ ကလိန်ကျပုံတွေကို အမြဲတမ်းရေးခဲ့၏။

သူ၏တပည့်များက ဂျပန်နှင့်ပူးပေါင်း၏။ တပည့်များနှင့် တစ်ဖက်တစ်လမ်းဖြစ်ခဲ့၏။ ဂျပန်ဝင်လာတော့ ဦးဘချိုကို သတ်ဖို့ကြံ၏။ တပည့်များက ကယ်၏။ နောက်ဦးဘချိုရေးခဲ့သည့်အတိုင်း ဂျပန် မတရားကျင့်ကြံပုံတွေပေါ်လာ၏။ ထိုအခါမှ 'ဆရာပြောတာ၊ ရေးတာတွေ သိပ်မှန်တာပဲ'ဟု ဝိုင်းဝန်းချီးကျူးခြင်းများကို ခံရ၏။

ဗိုလ်ချုပ်ကလည်း ဦးဘချိုအား အတော်ပင်အားကိုး၏။ ဆရာဦးဘချို၏ စိတ်ပြိုင်ပြင်မှန်းသိက ဆရာ့အလိုကို လိုက်နိုင်သရွေ့ လိုက်ကာ 'ဆရာ စိတ်ကျေနပ်သလိုသာလုပ်၊ ဆရာဟာ ဘာသာသာသနာရေးကို နားလည်တယ်။ ကျွန်တော်တို့က ငယ်သေးလို့ နားမလည်ဘူး။ ဆရာ့သဘော။ အများနဲ့ မဆန့်ကျင်က ဗုဒ္ဓဘာသာသာသနာရေးတွင် ဆရာသဘောကျ စီမံပါ'ဟု ဗိုလ်ချုပ်က ဆရာဦးဘချိုအား လွှဲထားသည်များကို နီးစပ်ရာပုဂ္ဂိုလ်များထံမှ ကြားရ၏။

ဦးဘချိုကလည်း 'ဒီတာဝန်တော့ ငါဟာ နိုင်ငံရေးလုပ်လာတာ အမြတ်ပဲ။ မသေမီဗုဒ္ဓဘာသာသာသနာကြီး နေလိုလလို ထွန်းလင်းရန် လုပ်ငန်းအရပ်ရပ်တွေကို ကြိုးစားမဟဲ့'ဟု အားခဲထားချိန်တွင် ကိုယ့်ကျိုးရှာအချောင်သမားတို့၏လက်ချက်ဖြင့် ဗမာ့လူထုခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရုံမက သာသနာတော်ကြီးပါ ထိခိုက်ဆုံးရှုံးရပေသည်။

ဤကား ဒီးဒုတ်ဂျာနယ်တွင် ဆရာတော်၏ ရေးသားချက်များမှ ကောက်နုတ်ဖော်ပြချက်များပင် ဖြစ်၏။ အထက်ပါ ဆရာတော်ရေးသားချက်များအတိုင်း ဆရာသည် ဗိုလ်ချုပ်နှင့်တပည့်များအပေါ် သံယောဇဉ်မဖြတ်နိုင်ပုံ၊ အားကိုးပုံများနှင့် ဗိုလ်ချုပ်တို့ကလည်း ဆရာ့အပေါ် သံယောဇဉ်ကြီးမားကာ အားကိုးကြပုံများကို ဆရာမကွယ်လွန်မီလပိုင်းမျှဖြစ်သော (၁၉၄၇ ခု၊ မတ်လအတွင်း) နောက်ဆုံးအချိန်ကလေးတွင် ဆောင်ရွက်သွားခဲ့ပုံများက မမေ့ရက်နိုင်စရာ ထင်ထင်ရှားရှား ပြသွားခဲ့ခြင်းပင် ဖြစ်သည်။

## ဆရာ၏နောက်ဆုံးဆောင်ရွက်ချက်

ဆရာမကွယ်လွန်မီ ၄ လခန့်၊ ချင်းတောင် ထီးလင်းမြို့တွင် ကျင်းပသော ချင်းဗမာ ချစ်ကြည်ရေးကျောက်တိုင်စိုက်ထူပွဲ ပွင့်လှစ်သည့်အခမ်းအနားသို့ ချင်းခေါင်းဆောင်ကြီးများဖြစ်သော ဦးဝမ်းသူမောင်တို့က ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများကို ဖိတ်ကြားခဲ့သည်။ ထိုအခမ်းအနားပွဲသို့ မူလက ဗိုလ်ချုပ်ကိုယ်တိုင် တက်ရောက်ရန် စီစဉ်ခဲ့



ပြီး ဖြစ်သည်။ သို့သော် ထိုအချိန်ကာလအတွင်းမှာပင် တောင်းတန်းနယ် အုပ်ချုပ်ရေးများကို စုံစမ်းရန်အတွက် ဘိလပ်မှ ကိုယ်စားလှယ်(ရီးစ်ဝီလျံ)တို့အဖွဲ့ ရောက်လာကာ အရေးတကြီးဆွေးနွေးရန်များ ရှိနေသဖြင့် ဗိုလ်ချုပ်မှာ ထိုအစီအစဉ်ကို ဝမ်းနည်းစွာ ဖျက်သိမ်းလိုက်ရကာ ဗိုလ်ချုပ်ကိုယ်စား အသင့်တော်ဆုံး၊ စိတ်အချရဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဖြစ်သော ဆရာ့အား ဗိုလ်ချုပ်ကိုယ်တိုင် စေလွှတ်ခြင်းပြုခဲ့သည်။

ထိုခရီးမှာ ထိုစဉ်က ဆရာ့ကျန်းမာရေးအခြေအနေ၊ ဆရာ့အသက်အရွယ်နှင့် အလွန်ကြမ်းတမ်းလှသော ခရီးကြမ်းနှင့် ဥတုရာသီကလည်း ကြမ်းတမ်းလှသည်။ သို့သော် ဆရာ မငြင်းဆန်ဘဲ ဗိုလ်ချုပ်အလိုကျ ထိုဒေသကြီးနှင့် ခရီးကြမ်းကို ဆင်းရဲပင်ပန်းမှုကို မငဲ့မူ၍ ထွက်ခွာသွားခဲ့သည်။ ထိုစဉ်က အလွန်ချမ်းအေးသောအချိန်အခါတွင်ပင် ဆရာ၏ဘယ်ခါမှ မူမပြောင်းခဲ့သော ဝတ်ဆင်နေကျ ခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ ပိန်းတန်းဖိနပ်နှင့်လည်ပင်းတွင် အအေးကာကွယ်ရန် မာဖလာကလေးတစ်ထည်မျှကိုပတ်၍ ချင်းခေါင်းဆောင်များနှင့်အတူ ဓာတ်ပုံရိုက်ကူးခဲ့သော ပုံများကို သတိထားမိသူများ စာနယ်ဇင်းများတွင် တွေ့မြင်ခဲ့ကြပေလိမ့်မည်။

ထိုအခမ်းအနားကျောက်တိုင်ဖွင့်ပွဲတွင် ချင်း၊ မြန်မာချစ်ကြည်ရေးနှင့်ပတ်သက်၍ ပြောဆိုခဲ့သော ဆရာ့မိန့်ခွန်းမှ စကားကလေးတစ်ကြောင်းမှာ ယနေ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုံအတွက် အလွန်မှတ်သားဖွယ်ကောင်းလှသည်။ ထိုစကားကလေးသည်ကား...

'ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် မည်သည့်တိုင်းပြည် နိုင်ငံတွင်ပင်မဆို အဘယ်လူမျိုးက ကြီးသည်၊ ငယ်သည်၊ မြင့်သည်၊ နိမ့်သည်ဟူ၍ မရှိဘဲ ကွာခြားချက်တစ်ခုသာရှိသည်။ ထိုအချက်မှာ ထိုလူမျိုးအဖို့ အခွင့်အရေး(ရမှု)နှင့် အလေ့အကျင့်(ရှိမှု)သာဖြစ်သည်'ဟူသော စကားကလေးပင် ဖြစ်သည်။

ဆရာ၏ ဆိုလိုချက်မှာ ထိုစဉ်က ချင်း၊ ကချင်၊ ကရင်တိုင်းရင်းသားလူမျိုးများသည် မြန်မာတိုင်းရင်းသားများနှင့်တကွ အခြားတိုင်းရင်းသားများထက် အစစအရာရာလုပ်ရည်ကိုင်ရည်မှစ၍ အောက်တန်းကျသည်မရှိဘဲ စစ်ရေးစစ်ရာတွင် မြန်မာတို့ထက်ပင်ဝါရင့်သော စစ်သားကြီးဖြစ်နေကြသည်။ ထိုအချက်များကား အခြားမဟုတ် ယခင်အခွင့်အရေးရမှုနှင့် အလေ့အကျင့်ရှိမှုအပေါ်တွင် မူတည်ခြင်းဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထိုစဉ်က ဆရာပြောခဲ့သော ထိုစကားကလေးများသည် ယခုတော်လှန်ရေးအစိုးရလက်ထက်တွင် ပြည်ထောင်စုတစ်ဝှမ်းလုံး လူမျိုးဘာသာမရွေး တိုင်းရင်းသားများအား

www.burmeseclassic.com

www.burmeseclassic.com



လုံး စည်းလုံးညီညွတ်ကြီးပွားတိုးတက်ရေးကို ရှေ့ရှု၍ လူမျိုးတိုင်း၏ အခွင့်အရေးများ တပြေးညီစွာ တန်းတူရည်တူရရှိခံစားမှုဖြင့် စည်းစည်းလုံးလုံးကျင့်သုံးလုပ်ကိုင် ဆောင်ရွက်လာသည့်အချိန်တွင် ပို၍မှန်ကန်ထင်ရှား၍နေသော စကားကလေးများဖြစ်ကြောင်း တွေ့ရသည်။

ထိုစဉ်က ဆရာသည် ချင်းဗမာ ချစ်ကြည်ရေးသာမက ချင်းတောင်ဒေသ သာယာရေး၊ ပညာရေး၊ ဘာသာရေးများကို ဆွေးနွေးဆောင်ရွက်ကာ ကလေးများအတွက် စာသင်ကျောင်းကောင်းကောင်း မရှိသေးသော ချင်းတောင်တွင် ကျောင်း(၃)ကျောင်း ဆောက်လုပ်ရန်နှင့် လောလောဆယ်အားဖြင့် ကျောင်းရန်ပုံငွေ၊ ဆရာများလစာအတွက် မိမိရရှိသော မလောက်မငလစာထဲမှ လစဉ်ငွေ တစ်ရာ လှူဒါန်းပေးပို့မည့်အကြောင်း ကတိပြုခဲ့သေးသည်။

သို့သော် အထက်ကအတိုင်းပင် ဆရာ၏ဆန္ဒ၊ ဆရာ့ဝါသနာ၊ ဆရာ၏ကတိများမှာ မပြည့်စုံသွားရရှာဘဲ ထိုမှ ၄ လအကြာ (၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်)တွင် ကံတူအကျိုးပေးဖြစ်ကြသော ဆရာနှင့်လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဘက်များဖြစ်ကြသည့် ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများမှာ မြန်မာ့သမိုင်းတွင် ထာဝစဉ် စာတင်ရိုင်းလောက်အောင် ယုတ်မာပက်စက်လှသော နယ်ချဲ့လက်ပါးစေ လူသတ်သမားများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသည်။

## ဆရာ၏ ကျဆုံးမှု

ဆရာ၏ ကျဆုံးမှုကား ယခုကဲ့သို့ လူတော်လူကောင်းတွေ အဘက်ဘက်က များစွာလိုအပ်နေသောအချိန်တွင် တိုင်းပြည်အတွက် အစားထိုးမရသော ဆုံးရှုံးနစ်နာမှုကြီး တစ်ရပ်ပင်ဖြစ်သည် ဟုဆိုရလျှင် မမှားပေ။ နိုင်ငံရေးတွင်သာမကဘဲ မြန်မာမှု၊ မြန်မာစာပေ အနုပညာ အဘက်ဘက်မှ ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်၏။ ဆရာသည် အဘက်ဘက်မှ ဘက်စုံစွယ်စုံ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထပ်၍ဆိုရလျှင် တိုင်းရေးပြည်ရေး နိုင်ငံရေးများဘက်တွင်သာမက စာပေအနုပညာ ဂီတသုခုမ၊ ဆေးဝါး၊ ဗိန္ဓော၊ နက္ခတ်၊ ဗေဒင်၊ အင်္ဂရတ်၊ လူမှု-နှုတ်မှု၊ ပေါင်းသင်းဆက်ဆံရေးမှစ၍ အဘက်ဘက် အစားထိုးမရအောင် ဘက်စုံရ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

တစ်နည်းဆိုရလျှင် ဆရာကဲ့သို့ အရေးကောင်း၊ အပြောကောင်း ပုဂ္ဂိုလ်မျိုးကား ရှားလှသည်။ အချို့ဆရာကဲ့သို့ပင် အဘက်ဘက်မှ စုံလင်ပြည့်ဝသူများ ရှိပါ၏။ သို့သော် ထိုပုဂ္ဂိုလ်များသည် ဆရာကဲ့သို့ နှုတ်မှုတွင် အပြောမကောင်းပေ။ အချို့ အပြောကောင်း၊



အရေးကောင်း စွယ်စုံပုဂ္ဂိုလ်များလည်း ရှိပါ၏။ ဆရာကဲ့သို့ ဂီတသဘင်ပညာ အဆိုအတီးဘက်တွင်လည်းကောင်း၊ ဆေးဝါးမန္တာန်အင်္ဂရတ်၊ ဗေဒင်နက္ခတ်စသည်ဖြင့် အဘက်ဘက်မှ နှံ့စပ်ကျွမ်းကျင် ဘက်စုံသူကား ရှားပေလိမ့်မည်။

စစ်ကြိုခေတ်က ကြီးပွားရေးမဂ္ဂဇင်းတွင် ဆရာ့အကြောင်းနှင့်ပတ်သက်၍ စာအုပ်တိုင်းမလွတ်အောင် စာဖတ်အလွန်များခဲ့သူဟု ကျော်ကြားခဲ့သော ဦးသန့် (ကွယ်လွန်သူကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း)က 'အင်္ဂလိပ်လူမျိုးထဲတွင် အဲ့လ်ဒစ်ဟတ်စလေဆိုသူ ပုဂ္ဂိုလ်တစ်ယောက်ရှိသည်။ ထိုပုဂ္ဂိုလ်မှာ ဘယ်ဘက်က စမ်းစမ်း ရသူဖြစ်သည်ဟုဆိုသည်။ သို့သော် ဒီးဒုတ်ဦးဘချိုလောက် ထိုပုဂ္ဂိုလ်မှာ စုံမည်မထင်ကြောင်း ဟူ၍ပင်ဝေဖန်ရေးသားထားခဲ့သည်၊ မှန်ပေလိမ့်မည်။

ဆရာကွယ်လွန်စဉ်က ဆရာ၏တပည့်ရင်းတစ်ဦးဖြစ်သူ ဦးသိန်းဖေမြင့်က ဆရာအကြောင်းကို ဤသို့ရေးခဲ့သည်။

## စွယ်စုံမကသော ဆရာ

ဆရာ့အတွက် 'စွယ်စုံ' ဆိုသောစကားသည် မလုံလောက်ပါ။ ဆရာဦးဘချိုသည် တစ်ခါတလေ (ဒီးဒုတ်)ဂျာနယ်တစ်ခုလုံးတွင် သူတစ်ယောက်တည်း ရေးခဲ့၏။ တောက်တိုမယ်ရ သတင်းအတိုအထွာက မကျန် ကိုယ်တိုင်ရေးလေ့ရှိ၏။ ဆရာသည် စကားပြေအမျိုးမျိုးကိုသာမက ကဗျာအမျိုးမျိုးကိုလည်း ရေးခဲ့၏။

တစ်ခါက ရွှေတိဂုံဘုရားလူကြီးများ ကုန်းတော်ပေါ်မှ ခွေးများကို ဖမ်းပြီး အဝေးသို့ပို့သောအခါ ခွေးအိုင်ချင်း(ခွေးနတ်သံကို ဆိုလိုသည်)ကို ရေးရာ အတော်ပင် ထင်ရှားခဲ့လေသည်။ ဆရာသည် ဆေးကျမ်း၊ အင်္ဂရတ်၊ ဗေဒင်၊ နက္ခတ်၊ ရာဇဝင်သမိုင်းစာပေ အဘိဓမ္မာတို့အပြင် ခေတ်ပေါ်ပညာအမျိုးမျိုးကိုလည်း ကျေကျေနိုင်နိုင်ကြီး တတ်ကျွမ်းပေသည်။

ပန်းချီပညာကို လေ့လာဖူး၍ ထိုပညာအကြောင်း သင်တန်းပင် ပေးနိုင်သည်။ ရုပ်ရှင်လုပ်ငန်းတွင်ပင် လုပ်ဖူးသည်။ ဓာတ်ပုံအကြောင်း ကောင်းကောင်းနားလည်သည်။ ပန်းချီးဆရာဦးဘဉာဏ် ဘိလပ်က ပြန်ရောက်ခါစ ပေါ်လွင်ထင်ရှားခြင်း မရှိသေး။ ဆရာချိုသည် ပန်းချီအသင်းတည်ထောင်ပြီး သူကိုယ်တိုင် ဥက္ကဋ္ဌလုပ်ကာ ဦးဘဉာဏ်ကို ပွဲထုတ်ခဲ့သည်။ ဦးဘဉာဏ်၏ပန်းချီကားများကို ပြပွဲလုပ်ပေးခဲ့သည်။ မြန်မာပြည်သုတေသနအသင်းက သီချင်းကြီးဟောင်းများကို ဓာတ်ပြားသွင်းခဲ့၏။ သီချင်းရေးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဆိုရွေးခြင်း၊ အတီးရွေးခြင်း၊ နောက်ဆုံး နာရီတိုက်ခြင်းတို့မှာပင် ဆရာချိုကိုယ်တိုင် ကြီးကြပ်ခေါင်းဆောင်ခဲ့၏။ (ထိုအကြောင်းများကို အထက်တွင် ကျွန်ုပ်တို့ရေးသား ဖော်ပြခဲ့ပြီ။)

မဝေးလှသောရှေးက ရတနာပုံရွှေမန်းမြို့တော်သည် ဂီတအနုပညာ၏ ဗဟိုဖြစ်ခဲ့သည်။ နောက်မှ တစ်စစ ဂီတအနုပညာသည် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ရသည်။ သို့သော် နာမည်ကျော်ပညာသည်ကြီးတို့သည် မြို့တော်သစ်သို့ မလာကြဘဲ ရှောင်ခို၍နေခဲ့ကြသည်။

ဆရာချို၏ကျေးဇူးကြောင့်သာ ဣန္ဒာဒေဝ(ဒေဝဣန္ဒာ) ဆရာဦးမောင်ကြီးနှင့် တပည့်များသည် မြို့တော်သစ်သို့ ဗမာယဉ်ကျေးမှုအမွေစသည်တို့ဖြင့် ကြွယ်ဝစေခဲ့သည်။ သီပေါဟော်တွင်သာ အပျော်တော်ဆက်နေခဲ့သော ဒေါ်စောမြအေးကြည်သည်လည်း တစ်ပြည်လုံးကို ကြည်ပြုံးစေနိုင်ခွင့်ရခဲ့သည်။

စိန်ကတုံး ကွယ်လွန်ပြီးနောက် တိမ်မြုပ်သွားတော့မည် ရှိနေသော ဒေါ်ညွန့် (ဒေလီညွန့်)သည်လည်း ဆရာချို၏ပယောဂဖြင့် အဆိုဆရာတစ်ဆူအဖြစ် နောက်လူတို့ ချီးမြှောက်ခြင်းခံခဲ့ရသည်။ မြန်မာ့ဂီတကို ခေတ်မီနည်းစနစ်ဖြင့် ပြန့်ပွားအောင် ဆရာလုပ်ခဲ့သည်။ သူကိုယ်တိုင်စောင်းကောက်ကိုသာ တီးတတ်သော်လည်း ဘယ်တူရိယာမဆို အကျိုးအကြောင်း ရှင်းပြနိုင်သည်။ ဝေဖန်နိုင်သည်။

ဥပမာ–ကြေးနောင်ဝိုင်းအကြောင်းမေးလျှင် ဘယ်နှစ်လုံးရှိ၍ ဘယ်နှစ်လုံးတီးနိုင်သည်။ ဘယ်ခေတ် ဘယ်တုန်းက ပေါ်ခဲ့သည်စသည်ဖြင့် ဘယ်သူ့ဆီကမျှ မကြားဖူးတာတွေကို ဆရာ့ထံမှ ကြားနိုင်သည်။ ထို့ကြောင့်လည်း ဂီတပညာသည်အပေါင်းတို့က သူ့ကို ဆရာ(ဂီတဖခင်ကြီး)လို့ပင် ခေါ်ကြသည်။

ဆရာသည် ဝတ္ထုတို၊ ဝတ္ထုရှည်များကို စပယ်ဟူသောအမည်ဖြင့် ရေးသားဖူးသည်။ (စပယ်အမည်ဖြင့် ဆရာ၏ဝတ္ထုတိုတစ်ပုဒ်ကို နောက်ဆက်တွဲ (၉)တွင် ဖော်ပြထားသည်)။ အင်္ဂလိပ်ဂျာနယ်မဂ္ဂဇင်းအမျိုးမျိုးနှင့် ကမ္ဘာ့စာပေအမျိုးမျိုးကို ဖတ်ရှုလေ့လာပြီး နိုင်ငံတကာ ရေးရာတွင် ခေတ်မီသူဖြစ်သည်။ ဆရာသည် လောကဓာတ်ပညာကို ကျကျနနတတ်ရုံမက လက်တွေ့လည်း လုပ်တတ်သည်။

၁၉၂၀–၂၄ ခုနှစ်ဆီတုန်းက အမျိုးသား (နေရှင်နယ်)ကောလိပ်တွင် ဆရာလုပ်ခဲ့ရာ စားစရာမပြည့်စုံ၍ ဆရာသည် ကော့စမတစ်၊ ရေမွှေး၊ ဆပ်ပြာစသည်များကို ကိုယ်တိုင် လုပ်ပြီး ရောင်းခဲ့ဖူးသည်။ ပထမဆုံး ဗမာဖြစ်ကော့စမတစ်ဟု ဆရာက ပြောဖူးသည်။



ဆရာသည် စကားပြောလည်း အလွန်ကောင်းသည်။ တစ်ခါက ကိုးထပ်ကြီးဘုရားတန်ဆောင်းတွင် ဆရာတော် ဦးဧးယျုနှင့် ဆရာချိုတို့ တရားဟောကြသည်။ ထိုသို့ ဦးဧးယျုနှင့် ယှဉ်နားထောင်ရတော့မှ ဆရာသည် မည်မျှ အာစောင်းထက်သည်ကို အကဲဖြတ်မိတော့သည်။ (တက္ကသိုလ်မြန်မာအသင်းတွင် မြန်မာ့အလင်းဦးစိန်း၊ ဂျွန်ဦးစောတို့နှင့် စကားစစ်ထိုးပွဲကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)ထို့ကြောင့် ကျွန်တော်ဆိုခဲ့သည့် ဆရာ့အတွက် 'စွယ်စုံ' ဆိုသောစကားလုံးမှာ မလုံလောက်ပါ။ (ဤကား ဦးသိန်းဖေမြင့် ဆောင်းပါးမှ ကောက်နုတ်ချက်)။

## ဆရာမဟာဆွေ၏ အမြင်

စာရေးဆရာကြီး မဟာဆွေကလည်း ဆရာကွယ်လွန်စဉ်က ဆရာ့အကြောင်းနှင့်ပတ်သက်၍ 'လောကတွင် (ဂျီနီးယပ်စ်)ခေါ် ပါရမီရှင် ပုဂ္ဂိုလ်ထူးမျိုးကား ရှာမှရှားလှသည်။ ကျွန်ုပ်၏အမြင်အားဖြင့် ဦးဘချိုကို ထိုပုဂ္ဂိုလ်ထူးစာရင်းတွင် သွင်းခဲ့၏။ ဆရာချိုကား သဘာဝလည်သည်။ မာနပယ်သည်။ ဟာသကြွယ်သည်။ ဤအရည်အချင်းသုံးမျိုးနှင့် ပြည့်စုံသူကား ရှားလှဘိကောင်း။

သဘာဝလည်ပုံမှာ ဆရာချိုသည် သုခုမအနုပညာနှင့် သက်ဆိုင်သော 'ဘုရားမတင်၊ နတ်မဝင်၊ လူတွင် ဆယ်ပွင့်ပန်း'ဟု မုံရွေးဆရာတော်စပ်ဆိုခဲ့သည့် ပန်းချီပန်းပုစသော အနုပညာသဘာဝကိုလည်းကောင်း၊ လူတို့၏သဘာဝကိုလည်းကောင်း၊ ဆရာချိုနားမလည် မသိသောအရာ အလွန်ရှားလှသည်။ (ဆရာသည် ပန်းချီပန်းပုပညာများကို ထိုက်သည့်အားလျော်စွာ ကိုယ်တိုင်ရေးဆွဲ ထုလုပ်နိုင်ကြောင်း သိရ၏။ အနုပညာခေါင်းစဉ်များဖြင့် ဆရာရေးသော (မြန်မာလူမျိုးနှင့်သုခုမပညာ)ဆောင်းပါးကို နောက်ဆက်တွဲ (၅)တွင်ကြည့်ပါ)။

မာနပယ်ပုံမှာ ဆရာချိုသည် သတင်းစာဆရာ ဘဝနှင့်သော်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီး ဘဝနှင့်သော်လည်းကောင်း ထူးခြားခြင်းမရှိ။ ပေါင်းဟောင်း သင်းဟောင်း မိတ်ဆွေများအား လေးလေးစားစားဆက်ဆံ၍ မာနမရှိခဲ့ပေ။ တစ်ခါသော်က ကျွန်ုပ်၏ တိုက်သို့ တော်ဘုရားကြီးနှင့် ဦးကိုလေး (ထိုစဉ်က မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီး)တို့ လာရောက်ကာ အသက် ၄၀ ကျော် လူကြီးများ ကျန်းမာရေးပြိုင်ပွဲတွင် ပါဝင်ရန် ပြောကြ၏။

တော်ဘုရားကြီးက 'ကျွန်တော်တို့အခုပဲ ဒီးဒုတ်ဦးဘချိုဆီက လာခဲ့တယ်။ ဦးဘချို

www.burmeseclassic.com



က ကင်းမြီးကောက်ထောင်ပြပါ့မယ်လို့ ပြောလိုက်တယ်’ဟု ပြော၏။ (ဆရာချီသည် ငယ်စဉ်ကျောင်းသားဘဝက ဂျမ်းဘား ဒိုင်ဗင် စကိတ်စီး၊ ကင်းမြီးကောက်ထောင်ခြင်း၊ အခုန်အပျံ စသောကာယပညာဘက်တွင် ထူးချွန်သူတစ်ယောက်ဖြစ်ကြောင်း အထက်တွင် ကျွန်ုပ် တို့ ရေးသားဖော်ပြခဲ့ပြီ)။

ထိုအချိန်က ဆရာသည် ဝန်ကြီးမဖြစ်သေး၊ ကျန်းမာရေးပြပွဲမှာ ၁၉၄၇ ခု၊ မတ်လ တစ်ရက်နေ့ဖြစ်၏။ ဆရာချီသည် ထိုအတွင်း ဝန်ကြီးဖြစ်သွား၏။ ထိုအတွင်းပင် ချင်း၊ မြန်မာ ချစ်ကြည်ရေးအတွက် ဗိုလ်ချုပ်ကိုယ်စား ဗိုလ်ချုပ်ကိုယ်တိုင်လွှတ်၍ ချင်းတောင်သို့ သွားရ၍ ပြိုင်ပွဲမဝင်နိုင်၊ အချို့က ‘ဦးဘချို ဟိုတုန်းကသာ ပြောတာပါ။ အခု ဝန်ကြီးဖြစ်တော့ ရာဇအင်တုံပွဲမှာစိုးလို့ ပါဝင်မှာမဟုတ်ပါဘူး’ဟု ပြောကြ၏။

ဆုပေးပွဲကို အားကစားရုံတွင် မတ်လ(၁၀)ရက်တွင် ကျင်းပ၏။ ထိုအချိန် ဆရာချီ ပြန်ရောက်လာကာ အားကစားမိန့်ခွန်း ပြော၏။ ကျွန်ုပ်က အခြားသူများ ပြောစကားကို ဆရာချီအား ပြောပြရာ...

‘ဟာဗျာ...ဝန်ကြီးမကလို့ ဘာကြီးပဲဖြစ်ဖြစ်၊ ကျွန်တော်သာရှိရင် ကင်းမြီးကောက် အဟုတ်ထောင်ပြမှာပါပဲ’ဟု ရယ်မောပြန်ပြော၏။ (ထိုအချိန်က ဆရာ့သက်မှာ ၅၀ ကျော် နေပါပြီ)

လွန်ခဲ့သော သကြံန်တွင်းက ‘ဇဝနနှင့် ညိုမြ’ တို့သည် ဒီးဒုတ်ဂျာနယ်တိုက်ရှေ့၌ သူတို့ဂျစ်ကားကို ရပ်ပြီးလျှင် ‘ဒီးဒုတ်ကြီးသော ဘာသော ညာသော ဆိတ်လစေ့–ဆိတ်လစေ့’ဟု သံချပ်ထိုးကြ၏။ ထိုအချိန်က ဗိုလ်ချုပ်သည် ‘သတင်းစာများအား ဆိတ်လစေ့ မလုပ်ပါနဲ့’ဟု ပြောသော စကားခေတ်စားနေရာ ဆရာချီ၏ ခန္တီတရားပြည့်ဝပုံနှင့် မာနတရားမရှိပုံကို သိသောကြောင့် ဤသို့ သံချပ်ထိုး နောက်ပြောင်သွားသည်ကိုပင် ဆရာချီ က သူ့ဂျာနယ်(ဆယ်လန်အာဝါး)အခန်းမှ ပြန်၍ ထည့်သွင်းရေးသားခဲ့ကြောင်း ဆရာမဟာဆွေ၏ ဆောင်းပါးတွင် ရေးသားဖော်ပြခဲ့သည်။

## ဆရာကြီးမွန်းဓာတုအမြင်

ယင်းသို့ မာနတရားနည်း၍ သည်းခံစိတ်ကြီးသည့်အကြောင်းကို ဆရာကွယ်လွန်ချိန်က ဆရာနှင့် ကျောင်းနေဘက်ဟောင်းတစ်ဦး ဖြစ်ခဲ့သူ စာရေးဆရာကြီး မွန်းဓာတု၏ ဆောင်းပါးတွင်လည်း ဤသို့ ရေးသားဖော်ပြခဲ့၏။

‘ရာမညတိုင်း တလိုင်းသုံးရပ်မှာ မုတ္တမ–တလိုင်းကိုတော့ တောတောင်ကုန်းမြင့်



စိမ့်စမ်းပေါလို့ ခြံတလိုင်း။ ပဲခူးတလိုင်းကတော့ မြေညီမြေပြန့်ပေါလို့ ကွင်းတလိုင်း။ ပုသိမ် (ပုသိမ်) တလိုင်းကိုတော့ အင်းအိုင်ချောင်းမြောင်းပေါလို့ အင်းတလိုင်း။ ဒါဖြင့် မိတ်ဆွေတို့ မြောင်းမြသားတွေဆိုတော့ အင်းတလိုင်း တံငါတွေပေါ့’ဟု မိတ်ဆွေချင်း ကျီစယ်ပြောင်လှောင် ပြောဆိုခဲ့ရာ ဦးဘချိုမှာ အပြုံးမပျက် စိတ်မဆိုးဘဲ...

‘ဒါကတော့ ပထဝီနဲ့ သဘာဝကို ကြည့်ပြီး ပြောကြတာပေါ့ဗျာ။ ကျွန်တော်တို့ ဘိုးဘွားအဆက်ဆက် မျိုးရိုးကောင်းပါတယ်။ ခင်ဗျားတို့ မော်လမြိုင်၊ သထုံက ခြံတလိုင်း တွေထက်တောင် ကောင်းပါသေးတယ်။ မယုံရင် မြောင်းမြကို အတူလိုက်ပြီး လည်ကြည့်စမ်းပါဗျာ’ဟု လေအေးကလေးဖြင့် ပြန်ပြောသည့် အကြောင်းများကို ဖတ်ရသည်။ (ဆရာတို့ ဘိုးဘွားများကား မွန်အမတ်ကြီးမျိုးရိုးမှ ဆင်းသက်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ)

ယခု စာရေးသူနှင့် ဆရာသည် ယခင်စစ်ကြိုခေတ် ပထမ စာရေးဆရာအသင်းတွင် လည်းကောင်း၊ နောက်ဂျပန်ခေတ် စာရေးဆရာအသင်းတွင်ပါ စစ်ကြိုခေတ်ဥက္ကဋ္ဌ၊ ဂျပန်ခေတ်က အသင်းနာယက ဖြစ်သော ဆရာနှင့်အတူ အချိန်ကြာမြင့်စွာ ယှဉ်တွဲလုပ်ကိုင်ခဲ့ရသည်။

## မာနပယ်၊ ဟာသကြွယ်သော ဆရာ

စစ်ကြီးအတွင်း ဆရာတို့ ခေတ္တနေထိုင်သော တွံတေးမြို့သို့ ကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ဦး ရောက်ခဲ့သည်။ ဆရာကိုယ်တိုင် ကျွန်ုပ်တို့အား ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးခဲ့သည်များကို ကိုယ်တိုင် ခံစားခဲ့ရခြင်းဖြင့် တပည့်များအပေါ် ဆရာ၏ သဘောထားကြီးပုံ၊ သည်းခံစိတ်ရှိပုံ၊ မာနတရားမရှိပုံများ ပေါ်လွင်ထင်ရှားလှသည်။

အသင်းကိစ္စနှင့် ပတ်သက်သမျှဆိုလျှင်လည်း ဆရာသည် မည်သည့်တရားဟော ပြောပွဲများတွင်မဆို ရှေ့တန်းမှ ပါဝင်စမြဲ ဖြစ်သည်။ ဆရာတစ်ဦးတည်း ခေါင်းကြီးမှ အစ ဝတ္ထုအဆုံး တစ်အုပ်လုံး သယ်နေရသော ဆရာ့ဂျာနယ်အချိန် မှန်ထွက်ရေး၊ နိုင်ငံရေးမှစ၍ အခြားအထွေထွေအရေးပေါင်းများစွာနှင့် မအားအောင် များပြားသည့်ကြားမှပင် စာရေးဆရာအသင်း စာပေဟောပြောပွဲများတွင် ဆရာ့အား သွား၍ ပင့်ဖိတ်လျှင် ဘယ်အခါမှ မငြင်းရှာ၊ အချိန်မရွေးလိုက်ပါ ရောက်လာသူဖြစ်သည်။ ဤကား ဆရာ၏ သည်းခံစိတ်နှင့် သဘောထားကြီးမားမှု၊ မာနကင်းစင်မှုများပင် ဖြစ်သည်။

အဘယ်အကြောင်း အဘယ်ကိစ္စ၊ အဘယ်ဘာသာရပ်မျိုးပင် ပြောရဟောရသည့်တိုင် ဆရာသည် အကြောင်းကိစ္စမရွေး တမုဟုတ်ခြင်း အာဝဇ္ဇန်းရွှင်ရွှင် အံ့ဖွယ်ခွင်ကျ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်သူမှန်သမျှ သဘောကျအောင် ဟောနိုင် ပြောနိုင်သူဖြစ်ရာ ဆရာ၏ဟာသ ကြွယ်ပုံနှင့် ပတ်သက်၍ မှတ်မိနေသေးသည်။

စစ်ကြီးအတွင်းက ကန်တော်ကြီးစောင်း မြိုင်ရုံအနီး စာရေးဆရာအသင်း နှစ်ပတ် လည် အစည်းအဝေးတစ်ခုတွင် ဆရာ့အား အဖွင့်မိန့်ခွန်းပေး ဟောပြောရန် ဖိတ်ကြား ထားရာ ဆရာက အချိန်မီရောက်၍ အသင်းသားများက အချိန်မီ ရောက်မလာကြဘဲ ရှိ၏။ အချိန်အတော်ကြီးနှောင်းမှ အစည်းအဝေးကို ဖွင့်ရလေရာ ဆရာ၏မိန့်ခွန်းတွင် စာရေးဆရာများ မိန်းမစကား နားအထောင်လွန်၍များ အစည်းအဝေး နောက်ကျလေ သလားသဘောမျိုး ဒဏ္ဍာရီပုံပြင်ဆန်ဆန် ရှေးကအလံနီ၊ အလံပြာ သူရဲကောင်းရွေးပုံကလေး အကြောင်းကို ဟာသဆန်ဆန် ပြောသွားရာ အသင်းသားများ တဝါးဝါးနေတော့သည်။

ဆရာပြောပုံကလေးမှာ ရှေးက ဘုရင်ကြီးတစ်ပါးလက်ထက် မိန်းမကြောက်သော သူရဲကောင်း ရွေးပွဲတစ်ခုကို ကျင်းပခဲ့သည်။ ထိုသူရဲကောင်း ရွေးချယ်ပွဲတွင် အလံအမျိုးမျိုး ကို စိုက်ထားသော မိန်းမကြောက်သောသူများက ဒီဘက်အလံပြာကိုသွား၊ မိန်းမ မကြောက်သောသူများက ဟိုဘက် အလံနီ၊ အလံဝါဘက်ကိုသွား စသည်ဖြင့် သတ်မှတ် ထားရာ လာသမျှလူတိုင်း မိန်းမ မကြောက်သော အလံပြာဘက်သို့ချည်းသွားကြသည်ကို တွေ့ရသည်ဆို၏။

ထိုအထဲမှ လူတစ်ယောက်တည်းကသာ မိန်းမကြောက်သောအလံများဘက်သို့ စိုက်စိုက်မတ်မတ် သွား၍ ငုတ်တုတ်ထိုင်လျက်ရှိသည်ကို တွေ့ရလေရာ ထိုသူကား 'အာဂ သူရဲကောင်းတစ်ယောက်ပါလား'ဟု ခေါ်ယူမေးမြန်းသည့်အခါ ထိုသူမှာလည်း မိန်းမကို အလွန်ကြောက်ရသူ တစ်ယောက်ဖြစ်ကြောင်း သိရ၏။

ထို့ကြောင့် 'ဟဲ့...မောင်မင်းက မိန်းမကြောက်တဲ့လူဖြစ်လျက် ဘာကြောင့် ဒီအလံဘက်ကို လာနေရတာလဲ'ဟု ဆိုင်ရာ မှူးကြီး မတ်ကြီးများက မေးမြန်းကြသည့် အခါ 'မှန်လှပါ...ကျွန်တော်မျိုးမိန်းမက သူများတကာတွေလုပ်တဲ့အလုပ်ကို ဘယ်တော့မှ သူများနဲ့ရောပြီး မလုပ်ပါနဲ့'လို့ မှာလိုက်တဲ့အတွက် ကျွန်တော်မျိုး၏ မိန်းမစကားကြောင့် အလံပြာမဟုတ်တဲ့ ဒီဘက်ကို တစ်ယောက်တည်း လာရောက်နေကြောင်းပါဘုရား'ဟု ပြန်ပြောသည့်အကြောင်း ဆရာပြောသောဟာသပုံကလေးကို ပရိသတ်များ တဝါးဝါး ပွဲကျနေတော့သည်။

ထိုအချိန်ကလည်း စစ်ကြီးအတွင်း ဂျပန်စစ်ဗိုလ်များ၏ အလံဖြူ၊ အနီ၊ အပြာ၊ အဝါများ ခေတ်စားနေသည်ကို ရည်ရွယ်၍ ဆရာက ဟာသဆန်ဆန် ထိုးနှက်ပြော



လိုက်ခြင်း ဖြစ်ဟန်တူသည်။ ဆရာ၏ဟာသကြွယ်ဝမှုနှင့် ပတ်သက်၍ကား ဆရာ့ ဒီးဒုတ် ဂျာနယ်တစ်ခုလုံး ဆရာတစ်ဦးတည်းလိုလို ဒိုင်ခံ၍ ရေးခဲ့သော ဆယ်လန်အာဝ ဈေးဇေဇက်၊ ဒီးဒုတ်စာတိုက် အမေးအဖြေခန်း၊ မစ္စတာဒီးဒုတ်၏ ပစ္စရလက္ခတ် ဒီပနီအခန်းများကို ဖတ်ရခြင်းဖြင့် သိနိုင်သည်။

စစ်ကြိုခေတ်က ဆရာရေးခဲ့သော ခွေးနတ်သံကဗျာမှာ ဆရာ၏လက်ရာများတွင် ဟာသအမြောက်ဆုံးဖြစ်၏။ ရှေးက မြင်းခြံဆရာခိုင်ဆိုသူက 'ကြက်နတ်သံ'ကဗျာ ကို ရေးခဲ့ရာ ဆရာက ထိုကြက်နတ်သံကဗျာကို တု၍ ခွေးနတ်သံဟု ရေးခြင်းဖြစ်၏။ ၎င်းကဗျာများကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ ထို့နောက် ဆရာ၏လူသိ နည်းသော ဟာသမြောက်လှသည့် ကဗျာတစ်ပုဒ် ရှိသေးသည်။ ထိုကဗျာမှ ဆရာ မြန်မာ့ ရီဗျူးတွင် အယ်ဒီတာချုပ်လုပ်ခဲ့စဉ်က ရေးခဲ့သော ဒီးဒုတ်ပစ္စရလက္ခတ်အခန်းမှ ဒီးဒုတ်ငှက် တပ်ကြီးချိန်း ကဗျာပင်ဖြစ်ရာ ထိုကဗျာကို ကျွန်ုပ်တို့ ခဲခဲယဉ်းယဉ်း ရှာဖွေ၍ အထက်တွင် ဖော်ပြခဲ့ပါပြီ။

## ကွန်မြူနစ် ပုံပြင်ကလေး

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် မကွယ်လွန်မီ ကွန်မြူနစ်များကို ဖဆပလ အဖွဲ့မှ ထုတ်ပယ်စဉ်က ကွန်မြူနစ်များ လူထုအပေါ် စကားအမျိုးမျိုးပြောကာ မှောက်ချည် လှန်ချည် မှန်လာဥလုပ်သည့် မိန့်ခွန်းကို ရွှေတိဂုံစေတီခြေရင်း ကန်တော်မင်ပန်းခြံတွင် ပြောခဲ့၏။ ဗိုလ်ချုပ်ပြောသော ထိုမှန်လာဥစကားနှင့် ပတ်သက်၍ ဆရာသည် တစ်နေ့၌ သူ့ဂျာနယ်တိုက်တွင် ကျွန်ုပ်တို့တပည့်များ စုမိချိန်တွင် ကွန်မြူနစ်များ မှန်လာဥ လုပ်သည့် အကြောင်း ဟာသကြွယ်ကြွယ်နှင့် ရယ်စရာ ဥပမာပုံကလေး တစ်ခုကို ပြောခဲ့ဖူးသည်။

ဆရာပြောသော ထိုပုံကလေးမှာ လူသိနည်းလှသော ဥပမာပုံပြင် ကလေးတစ်ခု ဖြစ်ရာ 'ရှေးက ဘယဆေးဆိုင်တစ်ဆိုင်သို့ သူငယ်နာလေပုတ်ထုတ်ဆေး ဖော်ရန် လူနာရှင် တစ်ဦးက 'စလင်းကို (ခို)ကြောင်ဖြူမြစ်'ဆိုသည်ကို သွား၍ မေးဝယ်သည်ဆို၏။ ဆေးဆိုင် ရှင်ကလည်း သူ့ဆိုင်တွင် ထိုအမြစ်ရှိသည်ဆိုကာ အမြစ်တစ်ခုကိုအလွယ်တကူပင် ထုတ်၍ပေး၏။

ထိုအချိန်တွင် အနီး၌လည်း မြန်မာသမားတော်ကြီး တစ်ဦးရှိရာ ထို'စလင်းကို (ခို)ကြောင်ဖြူမြစ်' ဆိုသည်ကို သူ့တစ်သက်တွင် တစ်ခါမျှ မကြားဖူး၍ ယင်းဆေးဆိုင်ရှင် ထုတ်ပေးသောအမြစ်ကို သေချာစွာကြည့်သည့်အခါမှ ဥသျှစ်မြစ်ဖြစ်နေကြောင်း တွေ့ရ၏။

အမှန်အားဖြင့်လည်း 'စလင်းကို(ခို)ကြောင်ဖြူမြစ်' ဆိုသည်မှာ အမြစ်ကို ခေါ်ခြင်း

www.burmeseclassic.com



မဟုတ်ဘဲ (စ)စမုံနက်၊ (လင်း)လင်းနေ၊ (ခို)ရှိမ်းခို၊ (ကြောင်)ကြောင်ပန်း၊ (ဖြူ)ကြက်သွန်ဖြူကို ဆိုလိုကာ ထိုဆေးမည်များကို ဆတူကြိတ် ထောင်း ဖော်စပ်ရကြောင်း ထိုဆရာကြီးက သိပြီးဖြစ်၍ ထိုအကြောင်းကို ယခင် ဘယဆေးဆိုင်ရှင်ကို ပြောပြ၏။ ယခုအမြစ်မှာ ဥသျှစ်မြစ်ကြောင်း ပြောပြရာ ယင်းဆိုင်ရှင်ဖြစ်သူက မျက်စိတ်မိုတ် အတင်းငြင်းကာ သာ...

'ရှေးအခါက စလင်းသား ကိုကြောင်ဖြူဆိုသူတစ်ယောက် ရှိ၏။ ထိုသူသည် အုတ်သျှစ်ပင်များစိုက်ခဲ့ရာ ထိုအမြစ်ကို 'စလင်းကိုကြောင်ဖြူမြစ်'ဟု ရှေးက အခေါ်ရှိခဲ့ကြောင်း။ ၎င်းမှတ်သားခဲ့ရသည့်အကြောင်း ယခင်ဆေးဆရာကြီးကိုပင် မုန်လာဥလုပ်၍ လိမ်လည်သည်ပုံကလေးကို ဟာသကြွယ်ကြွယ် ပြောပြသဖြင့် ကျွန်ုပ်တို့ တဝါးဝါးရယ်ခဲ့ရသည်။

## မြန်မာ့စွယ်စုံ အဆို

ထိုမျှ ဆရာသည် ဟာသကြွယ်ပုံ၊ မာနပယ်ပုံ၊ သဘာဝကျယ်ပုံများကို ဆရာ့အကြောင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဌာန ဘာသာပြန် စာပေဗိမာန်မှ ထုတ်သော မြန်မာ့စွယ်စုံကျမ်း၌ပင် ဤသို့ ဖော်ပြထားသည်ကို ဖတ်ရသည်။

ဦးဘချိုသည် အင်္ဂလိပ်မြန်မာ ပါဠိစာပေများတွင် နှံ့စပ်ကြွယ်ဝ၍ ဆေးကျမ်း၊ ဗေဒင်၊ လောကဓာတ်ပညာတို့ ဘက်၌လည်း အတော်အတန်ပေါက်ရောက်အောင် လေ့လာ တတ်မြောက် လိုက်စားခဲ့ဘူးသည်။ မြန်မာသီချင်းကြီး သီချင်းခံ အဲအန် အိုင်ချင်း၊ ဓချင်း စသည်တို့ကို ဟန်မာန် မှင်မောင်းကျကျနနနှင့် အဝင်အထွက် မှန်ကန်စွာ နှုတ်တက်ရွရွ ရွတ်ဆိုနိုင်သည်က များသည်။

သဘင်ပညာကိုလည်း ဆည်းပူးခဲ့သူ ဖြစ်သည်။ တူရိယာ၊ ကဗျာ၊ ဂီတတို့ကို မြတ်နိုးနှစ်သက်စွာ ဆည်းပူးခဲ့၍ စောင်းကောက်ကို ပိုင်နိုင်စွာ တီးစွမ်းနိုင်သည်။ ဦးဘချို၏ ဂီတပညာဆိုင်ရာ ဗဟုသုတတို့ ကြွယ်ဝမှုကြောင့် ဦးဘချိုထံသို့ တကယ့်ဂီတပညာသည်များ လာရောက် နည်းနာခံယူကြရသည်။ မိမိထံ တပည့်ခံ၍ ပညာဆည်းပူးလာသူတို့အားလည်း မိမိတတ်မြောက်ကျွမ်းကျင်သမျှကို ရှင်းလင်းသေချာစွာ ပို့ချ သင်ကြားပေးနိုင်ပေသည်။

သီချင်းကြီး သီချင်းခံများကို မှုမှန်အတိုင်း ဖြစ်စေရန် ဂီတ ဝိသောဓနီကျမ်းကိုလည်း တည်းဖြတ်ခဲ့သည်။ ဝါဂီနစ် သဘင်ပညာအဖွဲ့ကြီး ဖြစ်မြောက်ရေးကိုလည်း



ဆောင် ရွက်ခဲ့၍ ဂီတအရာတွင် ကျွမ်းကျင်သူ ဦးဘချိုအား ဂီတဖခင်ကြီးဟူ၍ပင် ခေါ်ဆိုကြသည်။ စာပေကို မြတ်နိုးချစ်ခင်သူ ဖြစ်သည့်အတိုင်း မြန်မာစာရေးဆရာများအသင်း ဖြစ်မြောက်ရေးကို အထူးအားပေး ဆောင်ရွက်၍ စာရေးဆရာအသင်းတွင် (စစ်ကြိုခေတ်က)ဥက္ကဋ္ဌအဖြစ် လည်း ဆောင်ရွက်ခဲ့သည်။

အထက်ပါ ရေးသားပါရှိချက်များသည်ကား ဆရာ့အဖို့ နောင်တစ်ခေတ်စာပေဂန္ထဝင်တွင်၊ မပျောက်မပျက် မော်ကွန်းတင်ကာ တည်တံ့ခိုင်မြဲနေတော့မည့်အချက်များပင်ဖြစ်တော့သည်။ (မှတ်ချက်) ဂီတပညာတွင် ဆရာ၏ကျွမ်းကျင် ပြောင်မြောက်ပုံများကို နောက်ဆက်တွဲ (၅)တွင် ကြည့်ပါ။

## တပည့် မမြယဉ်စိန် နိဂုံး

ယခုနောက်ဆုံး ဆရာ၏အတ္ထုပ္ပတ္တိကို နိဂုံးမချုပ်မီ ဆရာ၏ရှားရှားပါးပါး လက်ရာဗျာကလေးတစ်ပုဒ်ကို စာပေသုတေသီများအဖို့ မပျောက်မပျက်ကောင်း၍ ဖော်ပြလိုက်ရသည်။ မြန်မာနိုင်ငံ ခွဲရေးတွဲရေးပြဿနာပေါ်ချိန်က ဆရာနှင့်ဝတ်လုံဦးကျော်မြင့်တို့ ဦးစီးထုတ်ဝေခဲ့သော မြန်မာ့ဓေယျာသတင်းစာတွင် အယ်ဒီတာနှင့် မန်နေဂျာအလုပ်နှစ်ခုကို တွဲ၍ လုပ်ကိုင်ခဲ့ရပြီးနောက် မြန်မာ့ဓေယျာသတင်းစာ ရပ်စဲသွားသည့်အခါ ဒီးဒုတ်ဂျာနယ်တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးခဲ့သော (အမျိုးသမီးကလောင်ရှင် ဥက္ကဋ္ဌဟောင်း) စာရေးဆရာမကြီးမြယဉ်စိန် (ယခုကွယ်လွန်)၏ဆောင်းပါး၌ ဆရာကွယ်လွန်ချိန်က ဆရာ၏ ဒီးဒုတ်ဂျာနယ်တွင်ပင် ဆရာ၏အကြောင်းကို တပည့်ရင်းတစ်ဦးအနေဖြင့် ဤသို့ ရေးခဲ့သည်များကို ဖတ်ရသည်။

'ဆရာသည် တပည့်များအပေါ် အမြဲတမ်းပင် မျှတကြင်နာသော စိတ်ထားရှိသည်။ ဘယ်သောအခါမျှ မျက်နှာညိုခြင်း၊ တွန့်တိုခြင်း မရှိခဲ့ပေ။

အင်္ဂလိပ်မြန်မာ ပါဠိအစရှိသော ပညာများကို ဘယ်အခါမဆို ဆရာကို မေးလိုက်လျှင် မသိသည် မတတ်သည်မရှိသလောက် လိပ်ပတ်လည်အောင် ပြောဆိုဖြေကြားနိုင်စွမ်းရှိသူဖြစ်သည်။ ဆေးနက္ခတ်ဗေဒင် ကဗျာလင်္ကာဂီတ ပညာများဘက်၌လည်း သူတစ်ထူးနားလည်သဘောပေါက်အောင် ပြောဆိုဖြေကြားနိုင်စွမ်း ရှိသူဖြစ်သည်။

ဆရာသည် ပညာဉာဏ်အရာတွင် အံ့ဩလောက်အောင် ထူးချွန်လှကာ အင်္ဂလိပ်မြန်မာ ဘာသာပြန်ရာတွင်လည်းကောင်း၊ ကဗျာလင်္ကာများ ရေးသားရာတွင်လည်းကောင်း၊ မိမိနှုတ်တက်အရ ကျက်ထားသကဲ့သို့ အကြမ်းရေးသည်မရှိ တမုဟုတ်ချင်း အမြန်းလိလိ

www.burmeseclassic.com

www.burmeseclassic.com



ရေးချနိုင်စွမ်းရှိသည်။ ယခု စာရေးသူ ဟင်္သာတမြို့ နေရှင်နယ်ကျောင်းတွင် ဆရာမ ဘဝမှ ဆရာ့အထံ တပည့်ခံ၍ ပညာကို နည်းယူသင်ကြားလိုကြောင်း စာရေးလိုက်သည့်အခါ ဆရာထံမှ အချိန်မရွေး လာရောက်သင်ကြားနိုင်ကြောင်း ပြန်ကြားစာအဖြစ် ကဗျာတိုကလေး တစ်ပုဒ်ရေးလိုက်ရာ ယခု ဆရာကွယ်လွန်ချိန်တွင် ဤကဗျာပြန်စာကလေးကို နောက်ဆုံး အမှတ်တရအနေဖြင့် ဆရာ့အား ကန်တော့ဂုဏ်ပြုရင်း ဖော်ပြလိုက်ရပါသည်ဟု ပါရှိလေသည်။

## ဆရာချီထံမှ ပြန်စာကဗျာကလေး

'ခင်ရာတွင် မျိုးဆွေတမျှသာမို့၊ ယဉ်သာလျှင် အကျိုးအထွေထွေ လှမည်ဖြင့်၊
ရှီးမြေကျုံသာပ တည်းလှည့်ပါ။ ဧည့်စာရင်းတွင်ဖြင့် မထည့်သွင်းပါဘု၊ ညဥ့်ခြင်း
သေပါစေရဲ့၊ ဆွေသာဂီ လှပဂေးကိုဖြင့်၊ မေဓာဝီ နှမလေးသို့နှယ်၊ တွေး၍ စာနာ။
ကိုကို စာအမြင်လွဲတာကြောင့်၊ ခိုဖို့ရာ မဝင်ရဲတယ်လို့၊ ယဉ်မလွဲလိုက်ပါနှင့်၊ ရောက်
အောင်လာ၊ နောက် နောင်ခါကိုဖြင့် ကိုကိုမမှား။ သတိငယ်ချော်၊ ကဝိ ကိုမဟော်မှ၊
အလိုတော် အဖြည့်ထိမ်းပါတဲ့၊ ဇာတ်စည်ကို မှတ်ထင်၍ ထိန်းပ့ါမယ် (ယဉ်ယဉ်ရယ်)
စိမ်းနဲ့ နောင်များ။

ဤမျှဖြင့်သာ ဆရာ၏ မဆုံးမကုန်နိုင်သော ပညာဂုဏ်ကျေးဇူး အထူးထူးကို တပည့်တစ်ဦးအနေဖြင့် လက်လှမ်းမှီသမျှ ဤစာတမ်းအထွေထွေထွေကို ဤမျှဖြင့် နိဂုံးချုပ်ရာတွင် ဆရာကွယ်လွန်ချိန်က ဆရာ၏ ဆရာရင်းတစ်ဦးဖြစ်သော မြန်မာပညာရှိ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ 'ဝန်ကြီး မောင်ဘချိုဘွဲ့ တမ်းချင်းကဗျာ ဝစနာလေးချိုးကြီး ဖြင့် အဆုံးသတ်လိုက်ရပါသည်။

## ဝန်ကြီးမောင်ဘချိုဘွဲ့တမ်းချင်းကဗျာ၊ ဝစနာ လေးချိုးကြီး

၁။ တောင်တကာဗဟို ကုန်းပြဟာအကွေ့ဆီက၊ နောင်တမျှ အစ်ကိုဘုန်းဆရာ
ရသေ့မှာဖြင့်၊ မောင်ဘချို ဆုံးရှာသနေ့ရယ်က၊ အဆုံးခန္ဓာရွေ့ရှာပေါ့လို့ တမြည့်မြည့်
မှိုင်ကာ မကြည်၊ (အိုကွယ်) ပြုံးစရာမတွေ့၊ နှလုံးမှာမမေ့နိုင်ဘု၊ ယနေ့တိုင်ပါပြီ။
၂။ ဩော်...တစ်လောကြိတ်ကရော့မဟဲ့လို့၊ မနောစိတ်ကယ်နှင့်၊ ကောလိပ်
သခင်ဆိုတဲ့ ကျောင်းဆီက၊ လောချိတ်သင် ထိုထိုတပည့်အပေါင်းတို့နှင့်၊ နဂိုအဖွဲ့
ပေါင်း ဂျီစီဘီအေက၊ အမ်အေမွန်းမောင်ကြီးတို့ကလည်း အဆင်ပြေပြေ လွှမ်း



အောင်ချီးပြန်သနဲ့၊ ခရီးသည် သခင်ဆရာနှင့် သသံရာ (သံသရာ)ဘဝထိုထိုမဝေးခဲ့
တဲ့၊ အကြင်ဒါယိကာ ဘချိုကလေးတို့မှာဖြင့်၊ မြန်မာ့အလို မဝေးပြီ ထင်ယောင်မြင်
ယောင်နှင့် တစ်စင်ထောင်ကာ တစ်ရှူးနှစ်ကောင်တွဲပါလို့၊ ပွဲကသလို ဗဟန်းတွင်
ဖြင့်၊ လွှမ်းဘွဲ့တစ်လီ ပေနော်ကွယ်၊ စခန်းမတဲ့ လမ်းမတဲ့နှင့် ပန်းခဲ့တစ်ချီ။ ။
၃။ မညီပ့ါလေ ဘရမ်းပတာပွဲလိုပ၊ ဂျီစီဘီအေ နှစ်ခြမ်းနှစ်ဖြာအကွဲတွင်ဖြင့်၊
ဗဟန်းမှာ အမြဲမှူ၍ ကဝေဆရာမတည်၊ ဒေသစာရီချီဖို့ ဖန်လာအကြောင်း
(အိုကွယ်) ရွှေညာဆီက၊ ဇေယျာပြည်ကိုတဲ့ ပြန်ကာပြောင်း။ ။
၄။ ဒီးဒုတ်မှာမူ၊ အမြီးလှူပ်ကာ တစ်လူလူနှင့်၊ သီတစ်ဂူ တစ်လဆန်းသလိုပ၊
ဒီဇမ္ဗူ မြန်မာပြည်ကြွှန်းတွင်ဖြင့်၊ သမ္မတ တစ်နန်းတည်ထောင်မယ်လို့၊ ပြည်ဆောင်
ချီဆောင်တုန်းတွင်မှ၊ ဖြုန်းကနဲဆို အကြံမမြောက်မီပ၊ ကံမှောက်ကာ ကြမ္မာဆောင်
လို့၊ မာသမာကောင်တွေ မှုန်မှုန်ဆန်ဆန်၊ ပုန်ကန်တဲ့အလုပ်ကယ်ကြောင့်၊ အယုဇ္ဈ
ပူရိန် ဝတီမြတ်ကြွှန်းမှာလေ၊ ဓာတ်ပန်းပွင့်ချိန် ကျရော့သလ (အမယ်မင်း) ဘဝ
မနေဖို့ အခြေညို့တဲ့ မစံစမာ ကံကြမ္မာနဲ့၊ သံသရာအကြောင်းပေထင့်၊ (ဩော်)
မြန်မာပြည် အဖို့နှင့်တကွ မလှမေတို့ကံဟာမကောင်း။ ။

(မှတ်ချက်)။ ။ အထက်ပါဆရာကြီး၏ တမ်းချင်းလေးချိုးကြီးနှင့်အတူ အောက်ပါ 'အမျိုးသားသစ္စာဖောက်မှုကြီး' ဆောင်းပါးကို အမိပွာယ်ပြည့်စုံထင်ရှားစေရန် ဘစ်ပါတည်း ဖော်ပြလိုက်ပါသည်။

## အမျိုးသား သစ္စာဖောက်မှုကြီး

မိုးသက်မုန်တိုင်းဒဏ်ကြောင့် တစ်ညတာမျှ ချောင်းတစ်ဖက်တစ်ချက်စီ ကွဲကွာသွားရသည့်အဖြစ်ကို သတိရတိုင်း အနှစ် ၇၀၀ တိုင် မမေ့နိုင်ဘဲ ငိုကြွေးမဆုံးနိုင်သော ကိန္နရီမောင်နှံ ပုံပမာကလေးကား ယခု အဆ ရာထောင်မကကြီးမားသော အမျိုးသားသစ္စာဖောက်မှုကြီးနှင့်နှိုင်းစာလျှင် အသေးအမွှားကလေးလောက်သာပင်။

ဤတွင် တစ်မျိုးသားလုံး သစ္စာဖောက်မှုဆိုက ပို၍မှန်ပေမည်။ တစ်မျိုးသားလုံး လွတ်လပ်ရေးကြီးကို ကြိုးပမ်းနေဆဲ၊ တစ်မျိုးသားလုံး၏ အားကိုးချစ်ခင်ကြည်ညိုရာ ခေါင်းဆောင်ကြီး(များ)အား ပက်စက်ယုတ်မာသောအကြံဖြင့် တစ်ကိုယ်ကောင်းဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းကား တစ်မျိုးသားလုံးအား စော်ကားရာ သစ္စာဖောက်ရာပင် ဖြစ်သည်။ ဤတွင် တစ်ကိုယ်ကောင်းဆန်မှု (ကိုယ်ကောင်းကြံမှု)သည် အမျိုးသားရေးတွင်

www.burmeseclassic.com

www.burmeseclassic.com



မည့်မျှ ကြီးမားသော သစ္စာဖောက်မှု ရာဇဝတ်မှုကြီးတစ်ခုဖြစ်သည်ကို သင်ခန်းစာ ယူဖွယ်တစ်ရပ်လည်း ဖြစ်သည်။

ဤသစ္စာဖောက်မှု၏ အရှိန်ဂယက်သည် ယနေ့လက်ရှိ ဖြစ်ပျက်နေသော နိုင်ငံ၏ အရေးအခင်းပေါင်းများစွာနှင့် ဆက်စပ်လျက်ရှိနေသည်ဆိုက မမှားနိုင်၊ မည်သူမျှငြင်းနိုင်မည် မဟုတ်ပေ။ ယခုအနေသာ ယင်း ကွယ်လွန်ဆုံးရှုံးသွားခဲ့ရသော နိုင်ငံခေါင်းဆောင်ကြီးများရှိနေလျှင် ဤ မြန်မာပြည်၏ ယနေ့အခြေအနေသည် ဧကန်မုချ တစ်မျိုးတစ်ဖုံ ပြောင်းလဲရမည်သာ ဖြစ်သည်။

ဆိုလိုသည်ကား ယနေ့ မြန်မာပြည် အခြေအနေသည် ယခုလက်ရှိ ထက်ကား ယုတ်နိမ့်ဖွယ်ရာမရှိ။ တစ်နည်းတစ်ဖုံအားဖြင့် ပြောင်းလဲတိုးတက်သော ဘဝမျိုးသို့ ဧကန်မုချရောက်ရမည်ကိုမူ မည်သူမျှငြင်းနိုင်မည်မထင်ပေ။

ထို့ကြောင့်လည်း (၁၉ ဇူလိုင်၊ မမေ့နိုင်သော)ဤနေ့သို့ရောက်တိုင်း တစ်မျိုးသားလုံးအဖို့ ယူကျုံးမရ သတိတရရနှင့် တမ်းတပူဆွေးမိကြခြင်းပင် ဖြစ်သည်။ ထိုနေ့သို့ ရောက်တိုင်း အမျိုးသားသစ္စာဖောက် နယ်ချဲ့လက်ပါးစေ လူသတ်သမားများကိုလည်းကောင်း၊ သူတို့၏ အကြံပက်စက်ယုတ်မာမှုကြီးကိုလည်းကောင်း၊ ဗိုလ်ချုပ်တို့၏ ကြေကွဲဖွယ် ကျဆုံးရခြင်းကိုလည်းကောင်း၊ ထို့ထက် သွေးအလိမ်းလိမ်း အပွက်ပွက် အိုင်ထွန်း၍ တိုင်းပြည်နှင့် တစ်မျိုးသားလုံးအတွက် အသက်ဆက်သွားခဲ့ကြသော ရင်ကျိုးကြေကွဲဖွယ် မြင်ကွင်းကြီးကိုလည်းကောင်း၊ တစိမ့်စိမ့်တွေး၍ တရေးရေး ထင်ယောင်မြင်ယောင်လျက်သာ ရှိကြသည်။ အဘယ်မှာ မေ့နိုင်ပါမည်နည်း။

ယင်းအဖြစ်အပျက်များနှင့် အကြောင်းအရာများကား ဤဗမာ့သမိုင်းတွင် ရိုင်းစိုင်းယုတ်မာမှု၊ အကြံပက်စက်မှုအပိုင်း၌ နှိုင်းစရာမရှိအောင် ဇာတဒ်ဆောင်လောက်သော အကြောင်းများဖြစ်ရာ (တတ်နိုင်လျှင်) ယခု လက်ရှိ အာဇာနည်ဗိမာန်လောက်သာ မဟုတ်ဘဲ လူသတ်တို့၏လက်ချက်ဖြင့် ကျဆုံးကြရသော ခေါင်းဆောင်ကြီးများ၏ ထိုစဉ်က ရင်နာဖွယ်မြင်ကွင်း တိတိကျကျကို ရုပ်လုံးပေါ်အောင် နောင်လာနောက်သားတို့အဖို့ သင်ခန်းစာယူဖွယ် အမှတ်တရထုလုပ်ဖော်ထုတ်၍ပြသော ပြခန်းကြီးတစ်ခုကိုပင် သီးသီးခြားခြား ပြုလုပ်ထားသင့်လှပေသည်ဟု ကျွန်ုပ်တို့ထင်မိသည်။

နောင် နှစ်ပေါင်းပရိစ္ဆေဒ ကြာညောင်းသွားသည့်အခါ ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများ မည်သို့မည်ပုံ ကျဆုံးရပုံအကြောင်းများကို စမ်းတဝါးဝါးဖြင့်သာ တိတိကျကျသိမှီသူ ပြောနိုင်သူများ နည်းပါးသွားလိမ့်မည်။ ကာလကြာရှည်မှုကြောင့်



ထိုစဉ်က ကိုယ်တွေ့မျက်မြင် ပုဂ္ဂိုလ်များလည်း သေဆုံးကုန်ကာ အမှတ်သညာယုတ်လျော့ နည်းပါးမှုများကြောင့် အကြောင်းရင်းအမှန်ကို တိကျမှန်ကန်စွာ ပြောနိုင်သိနိုင်ရန်လည်း ခဲယဉ်းသွားလိမ့်မည်။

ယခုပင် ထိုစဉ်က ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ မည်သို့မည်ပုံ ကျဆုံးရသည့် မြင်ကွင်းများကို ကျွန်ုပ်တို့ အမျိုးမျိုး ဖတ်နေမှတ်နေရသည်။ အချို့က ဗိုလ်ချုပ်တို့အား ထိုနေ့က ဝင်ရောက်ပစ်ခတ်သော လူသတ်သမား ၂ ယောက်၊ အချို့က ၃ ယောက် စသည်ဖြင့် ထိုသို့ပစ်ခတ်စဉ် ဗိုလ်ချုပ်က နေရာမှ ထ၍ ရှောင်တိမ်းပြေးလွှားရင်း ထိုင်ချလိုက်သည်။ လူသတ်သမားကလည်း လိုက်၍ထိုင်ရင်း ပစ်ခတ်သည်။ ထို့နောက် ဗိုလ်ချုပ် လဲကျသွားသည် စသည်ဖြင့်လည်းကောင်း အမျိုးမျိုးဖတ်ရသည်။

အခင်းဖြစ်ပွားစဉ်က ဝန်ကြီး ဦးအောင်ဇံဝေ၊ ပျော်ဘွယ် ဦးမြ၊ အတွင်းဝန် ဦးရွှေဘော်တို့ ၃ ဦးက ဦးရွှေဘော်၏ ရုံးခန်းတွင်းသို့ လှဲအိပ်ရှောင်တိမ်း လိမ့်ဝင်သွား၍ အသက်မချမ်းသာရာ ရကြသည်ဟူ၍လည်းကောင်း၊ တနှစ်က အင်ဖိုင်းခန်းမတွင် ပြသထားသော ထိုစဉ်က လူသတ်များ လက်ချက်ဖြင့် ဗိုလ်ချုပ်တို့ ကျဆုံးရသည့်မြင်ကွင်း တွင်ပင် ကျွန်ုပ်တို့ ဖတ်မိမှတ်မိသမျှနှင့် ကွဲလွဲချက်များကို တွေ့ရကာ အချို့က ထိုမြင်ကွင်းကို ဓာတ်ပုံများ ရိုက်သွားကြသည်ကို တွေ့ရခြင်းဖြင့် နောင်အမှတ်လွဲစရာများ ရှိနိုင်သည်။

ထို့ကြောင့် ထိုစဉ်က ကိုယ်တွေ့ကြုံခဲ့ရသော ပုဂ္ဂိုလ်များ၏ ပြောပြချက်များကို ကျွန်ုပ်တို့ မှတ်သားရသမျှ ယခုဆောင်းပါးတွင် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်သည်။ ထိုသို့ မရေးမီ ထိုစဉ်က ဗိုလ်ချုပ်၏ရုံးခန်းနေရာကို ပထမဖော်ပြလျှင် ပို၍ရှင်းပေမည်။

ထိုနေ့က နိုင်ငံတော်လုပ်ကြံမှုကြီး ဖြစ်ပွားရာ ဗိုလ်ချုပ်၏ရုံးခန်းမကြီးမှာ မျက်နှာစာ လှူဝင်ပေါက်တံခါး ၃ ပေါက်ရှိသည်။ ထိုနေ့က ၁၂ နံပါတ် ခြသေ့်စစ်တပ်အဝတ်အစားနှင့် လူသတ်သမားများ (၄ ယောက်။) စိုးကြီး၊ မောင်စိန်၊ ရန်ကြီးအောင်၊ သက်နှင်း)သည် မြောက်ဘက် အစွန်ဆုံးအပေါက်မှ ဝင်လာကြခြင်းဖြစ်သည်။ ဗိုလ်ချုပ်၏အခန်း လက်ယာဘက်တွင် အတွင်းရေး အတွင်းဝန် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) အခန်း၊ လက်ဝဲဖက်တွင် အတွင်းဝန် ဦးရွှေဘော် အခန်းများရှိသည်။ ထိုအခန်းများသို့ အခန်းကူးတံခါးများ အသီးသီး ရှိကြသည်။

ဗိုလ်ချုပ်အခန်းတွင် ဗိုလ်ချုပ်အလုပ်စားပွဲနှင့် ဝန်ကြီးများ အစည်းအဝေးလုပ်သော စားပွဲများရှိသည်။ ဗိုလ်ချုပ်၏ အလုပ်စားပွဲမှာ အခန်း၏အရှေ့မြောက်ထောင့်တွင်ရှိရာ ယခင်လူသတ်များ ဝင်လာသော မြောက်ဘက်အစွန်ဆုံး တံခါးပေါက်နှင့် တည့်တည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



လောက်တွင် ရှိသည်။ အစည်းအဝေးစားပွဲများမှာ အခန်းတောင်ဘက်ယွန်းယွန်း နံရံဘက်တွင်ရှိ၏။ စားပွဲများကို ပစောက်သဏ္ဌာန် စားပွဲရှည်ကြီးသုံးခု ဆက်ခင်းထားသည်။

ထိပ်မှ ဗိုလ်ချုပ်ထိုင်သော စားပွဲ၊ လက်ဝဲလက်ယာမှ ဝန်ကြီးအသီးသီးထိုင်သော စားပွဲရှည်ကြီးနှစ်ခု၊ ဗိုလ်ချုပ်စားပွဲရှေ့တည့်တည့်မှာ ပစောက်ပုံ ပါးစပ်ပေါက်ဖြစ်ရာ ထိုရှေ့တည့်တည့်မှပင် ထိုနေ့က လူသတ်များ ရှောင်တခင်ဝင်လာပြီး ပထမ မတ်တတ်၊ နောက်ဒူးထောက်ထိုင်ချ၍ သေနတ်များနှင့် ပစ်ကြခြင်း ဖြစ်သည်။ ထိုနေ့က ဗိုလ်ချုပ်စားပွဲတွင် ဗိုလ်ချုပ်နှင့်လက်ဝဲဘက်က အတွင်းဝန်ဦးရွှေဘော် ရှိသည်။

လက်ယာဘက် ဝန်ကြီးများစားပွဲတွင် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ လက်ဝဲဘက်စားပွဲတွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ အသီးသီးထိုင်ကြသည်။ ထိုနေ့က လက်ယာဘက်စားပွဲမှ ဝန်ကြီးများအားလုံး (ဦးဘချိုမှလွဲ၍) လူသတ်များလက်ချက်ဖြင့် နေရာတွင် ကျဆုံးကြရသည်။ ဆရာဦးဘချိုမှာ ဆေးရုံရောက်ပြီး ခွဲစိတ်ခန်းတွင်မှ အသက်ပျောက်ရရှာသည်။

လက်ဝဲဖက်စားပွဲမှ ဗိုလ်ချုပ်စားပွဲနှင့် ကပ်လျက် ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေ နှစ်ဦးမှာ လူသတ်များဝင်လာပြီး သေနတ်များနှင့်ပစ်သည်နှင့် လှဲအိပ်ချလိုက်ခြင်းဖြင့် အသက်ချမ်းသာရာရသွားခြင်းဖြစ်သည်။ (ဝန်ကြီးဦးဘဂျမ်းကိုယ်တိုင် ဤစာရေးသူအား ပြောပြချက်)ဝန်ကြီး ပျော်ဘွယ်ဦးမြနှင့် အတွင်းဝန် ဦးရွှေဘော်နှစ်ယောက်မှာ အစည်းအဝေးခန်းကျောဖက်ရှိ (ပြတင်း ၃ ပေါက်အနက်မှ) တောင်ဘက်အစွန် ပြတင်းပေါက်ကို အပြေးအလွှားကျော်တက်ကာ တိုက်နံရံစွန်းကို တွယ်ကပ်ဝပ်တွား၍ ဦးရွှေဘော်အခန်းသို့ ကူးပြေးသဖြင့် လွတ်သွားကြသည်။

အတွင်းဝန် ဦးအုံးမောင်မှာ လူသတ်များ ဝင်မလာမီ မိနစ်ပိုင်းကလေးတွင် အခန်းတွင်းသို့ စာရင်းများရှင်းလင်းပြောဆိုရန် ဝင်ရောက်လာကာ သခင်မြနံဘေးတွင် ထိုင်လိုက်စဉ် လူသတ်များလက်ချက်ထိ၍ သခင်မြတို့နှင့်အတူ သေဆုံးခြင်းဖြစ်သည်။ ထိုနေ့က မိုင်းပွန်စော်ဘွားကြီးမှာ ပါးစပ်နှင့်မေးရိုးတွင် ထိမှန်သွားကာ ပါးစပ်ကိုပိတ်၍ ဗိုလ်ထွန်းလှအခန်းဖက်သို့ပင် ဝင်သွားသေးရာ ဗိုလ်ထွန်းလှက ထိုင်ခိုင်းလိုက်ရကြောင်း သိရသည်။ စော်ဘွားကြီးမှာ ဆေးရုံရောက်ပြီး နောက်တစ်နေ့တွင် ကွယ်လွန်ရှာသည်။

လူသတ်များသည် ဝင်ဝင်ချင်း ခေါင်းဆောင်လုပ်သူ (စိုးကြီး)က ဗိုလ်ချုပ်အား ရှေ့တည့်တည့်မှ ပထမဆုံး စတင်ပစ်လေသည်။ ဗိုလ်ချုပ်က မတ်တပ်ရပ်လိုက်ကာ လက်ကာပြရင်း 'ဟေ့...ဟေ့၊ နေပါဦး။ ကျုပ်...'ဟု တစ်စုံတစ်ခု ပြောမည်လုပ်စဉ် သေ



နတ်ထိမှန်၍ စားပွဲကို အကာအကွယ်ယူလျက် ထိုင်ချလိုက်သည်။ လူသတ်သမားကလည်း ထိုင်ချရင်း သဲသဲမဲမဲလိုက်ပစ်သည်။ ဤတွင် ကုလားထိုင်ရော ဗိုလ်ချုပ်ပါ လဲကျသွားသည်။

အခြားလူသတ်များကလည်း အခြားဝန်ကြီးများကို ပစ်ကြသည်။ ထိုနေ့က မြင်ကွင်းမှာ အထူးကြေကွဲ ရှုရက်စရာမရှိဖြစ်ရာ ဝန်ကြီးသခင်မြမှာ ကုလားထိုင်မှ ကြမ်းပြင်သို့ လဲကျကာ လက်ယာဖက်လက်ပေါ်တွင် ပါးတင်၍ ကွေးကွေးကလေး အသက်ပျောက်ရှာသည်။ သခင်မြအနီးတွင် ထိုင်သော အတွင်းဝန်ဦးအုန်းမောင်မှာ အရှေ့မြောက်ဘက်သို့ ဦးခေါင်းပြု၍ ပက်လက်သေဆုံးရသည်။

ဝန်ကြီးဦးရာဇတ်မှာ ကုလားထိုင်ပေါ်တွင် လက်ရမ်းနှစ်ဖက်၌ လက်နှစ်ဖက်တွဲလောင်းကျ၍ နောက်သို့မှီလျက် ခေါင်းငိုက်စိုက်ကျရင်း ခပ်စောင်းစောင်းကွယ်လွန်ရှာသည်။ မန်းဘခိုင်မှာမူ လူသတ်များနှင့် အနီးဆုံးဖြစ်၍ မရှောင်တိမ်းသာဘဲ ၎င်းကုလားထိုင်ပေါ်တွင်ပင် အသက်ပျောက်ရရှာသည်။ ဦးဘချိုမှာ အသက်မသေသေးဘဲ သတိမေ့မြောကာ ကုလားထိုင်ကိုမှီလျက် လက်ရမ်းတစ်ဖက်သို့ ခပ်စောင်းစောင်းခေါင်းငိုက်စိုက်ကျနေသည်။

အထက်ပါ အသည်းထိတ် ကြေကွဲဖွယ်မြင်ကွင်းတို့ကား ထိုနေ့ကလုပ်ကြံမှုကြီးမှ သီသီလွတ်ခဲ့သော ကျွန်ုပ်တို့မိတ်ဆွေကြီး (ဝန်ကြီး)ဦးဘဂျမ်း၏ ကိုယ်တွေ့ပြောပြချက်များကို မှတ်မိသမျှ ရေးသားလိုက်ရခြင်းဖြစ်ရာ တစ်သက်ဘယ်ခါမေ့နိုင်ပါမည်နည်း။

(နောက်ဆက်တွဲများကို ဆက်လက်ဖတ်ရှုပါ)

❒

www.burmeseclassic.com

www.burmeseclassic.com

# ဒီးဒုတ်ဦးဘချို အတ္ထုပ္ပတ္တိ

## နောက်ဆက်တွဲများ

(မှတ်ချက်)။ ဆရာ၏ အတ္ထုပ္ပတ္တိ ယခု နောက်ဆက်တွဲအခန်းမှာ အခန်းစာမျက်နှာ ပြည့်အောင် (ဝါ) များအောင် (ဝါ) စာမျက်နှာဖြည့်သောအခန်းမျှ မဟုတ်ဘဲ၊ ဆရာ၏အတ္ထုပ္ပတ္တိမှာ ဘဝအထွေထွေ၊ နိုင်ငံရေး၊ လူမှုရေး၊ စာပေ ကဗျာဂီတအနုပညာရေးမှစ၍ ဖြစ်ရပ်မျိုးစုံလှသဖြင့် စာဖတ်သူများအဖို့ ဖတ်ရှုရာတွင် မရှုပ်ထွေးစေရန်လည်းကောင်း၊ တစ်နည်းအားဖြင့် အတ္ထုပ္ပတ္တိ တွင် ငြီးငွေ့ရှည်မျော မသွားစေရန်လည်းကောင်း၊ ဤရည်ရွယ်ချက်များ ဖြင့် ယခုနောက်ဆက်တွဲအခန်းအဖြစ် ဆရာ၏မိန့်ခွန်းများနှင့် အခြား ကဗျာဂီတကဏ္ဍများကို ရှင်းလင်းစွာ ဖတ်ရှုစေရန် သီးသန့်အခန်း ဖွင့်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ယခု နောက်ဆက်တွဲ အခန်းများ ကို ဖြည့်စွက်ဖော်ပြထားခြင်း၊ ဖတ်ရခြင်းအားဖြင့် ဆရာ၏အတ္ထုပ္ပတ္တိမှာ ပို၍ပြည့်စုံသထက် ပြည့်စုံစေကာ အကယ်၍ နောက်တစ်ကြိမ် ထပ်မံရိုက်နှိပ်ရသည့်အခါများတွင်လည်း ဆရာ့အတ္ထုပ္ပတ္တိရေးသားချက်များကို ထပ်မံပြင်ဆင်ရခြင်းမရှိဘဲ နောက်ဆက်တွဲအဖြစ် အလွယ်တကူထည့်သွင်း ဖြည့်စွက်ဖော်ပြနိုင်ရန် ရည်ရွယ်ခြင်းတစ်ရပ် ဖြစ်ပါသည်။

မြို့စုသူ

www.burmeseclassic.com

www.burmeseclassic.com

# ဒီးဒုတ်ဦးဘချို အတ္ထုပ္ပတ္တိ

## နောက်ဆက်တွဲ (၁)

## မြဝတီမင်းကြီးဦးစ၏ လွမ်းမလေ့ပတ်ပျိုး အဖွင့်ဆောင်းပါး

မြဝတီမင်းကြီး၏ လွမ်းမလေ့ပတ်ပျိုးကို မရေးမီ သုတေသီများ မသိရသေးသော မင်းကြီး၏ တိမ်မြုပ်နေသည့် ငယ်စဉ်က အတ္ထုပ္ပတ္တိအချို့ကို ဆရာ့ဆောင်းပါးတွင် ဤသို့ ဖော်ပြထားသည်များကို ဖတ်ရ၏။

### ကြေးတီးဆရာ မောင်စ

ဦးစမှာ ဝန်စုမျိုးရိုးပင်မှန်သော်လည်း အစောင်စောင်သော အတ္ထုပ္ပတ္တိတို့တွင် တွေ့ရှိရသကဲ့သို့ အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် ရိုးရာအလိုက် မင်းမှုထမ်းမဖြစ်ခဲ့ ရရှာချေ။ ရွှေနန်းတော်တွင်း အသုံးတော်ခံ ဝဲဆိုင်း ယာဆိုင်းတို့တွင် လက်ဝဲအမှုတော်ထမ်းဖြစ်သည့် ရှာစား ဦးတာလုပ်၏ ဝဲဆိုင်းတော်တွင် ကြေးတီးဆရာအဖြစ်နှင့် မိခင်မုဆိုးမကို လုပ်ကျွေးခဲ့ရရှာသူ ဖြစ်၏။

အလောင်းဘုရား၏ ဒုတိယသားတော် မြေဒူးမင်းခေါ် ဆင်ဖြူရှင်လက်ထက် မဟာနော်ရထာနှင့် နေမျိုးသီဟပတေ့တို့ ယိုးဒယားပြည်လုံးကို တိုက်ခိုက်အောင်မြင်၍ မင်းမိဖုရားနှင့်တကွ သိမ်းယူကာ လက်တော်ရောက် ဆက်သရာတွင် ယိုးဒယားဇာတ်တော်ကြီး ပါရှိလာ၏။ ယိုးဒယားဘာသာဖြင့် ရေးသားထားသော အီနောင်ခေါ် လူ့ဘွဲ့ဝုံဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်းပါရှိလာပေရာ ထိုအီနောင်ဇာတ်ကို ယိုးဒယားဇာတ်တော်ကြီးသားများ နန်းတွင်း၌ ကပြကြရကုန်၏။ နောက်နှောင်းသောအခါ အဆိုပါဇာတ်ကို ယိုးဒယားဘာသာမှ မြန်မာဘာသာသို့ ဝန်ထောက် ဦးမှိုကလေးတို့ ပြန်ဆိုကြရာ ဇာတ်ချင်းများ(ဝါ) ဇာတ်ကြောင်းနှင့် သက်ဆိုင်သော သီချင်းစုရေးသားနိုင်မည့်သူကို စုံစမ်းရှာဖွေကြသောအခါ ကြေးတီး မောင်စသည် သီချင်းအရေးအသားကောင်းသည်ဟု ကြားသိရသဖြင့် မောင်စကို ခေါ်၍ အီနောင်ဇာတ်ဆိုင်ရာ ဇာတ်ချင်းများကို ရေးသား စီကုံးစေ၏။ ထိုအခါမှ မောင်စ၏ အရည်အချင်းကို သိရှိကြသဖြင့် မျိုးရိုးစစ်ဆေးပြီးနောက် ရှေးဦးစွာ ဝန်စာရေးအဖြစ် ခန့်ထား၏။ ထိုရာထူးမှ နာခံသံတော်ဆင့် စသည်ဖြင့် အဆင့်ဆင့်ရာထူး တိုးတက်သွားရရှာ၏။ ထိုစဉ်က အီနောင်ဇာတ် ဘာသာပြန်မှာ ကြက်တိုက်ခန်းအထိသာ ရှိ၏။ ဘကြီးတော် ရွှေလက်ထက်သို့ ရောက်မှပင် မြဝတီမင်းကြီးဦးစသည် အမိန့်တော် နှင့် အဆိုပါဇာတ်ကို အဆုံးတိုင် ကျောက်ကောက်ခန်းအထိ ဆက်လက်ရေးသားရ၏။

## ရည်းစားပူမိနေသောမောင်စ

ထိုနောက် လွမ်းဓလေ့ပတ်ပျိုးဖြစ်ပေါ်လာပုံ ဆရာ၏ ဆောင်းပါးတွင် ဤသို့ ဆက်လက်ရေးသားထားပေသည်။ 'မောင်စသည် ဝန်စာရေးအဖြစ်နှင့် အမှုတော်ကို ထမ်းရွက်နေစဉ် တော်ကြီးဘုရား မင်းကွန်းသို့ ထွက်တော်မူရာတွင် အခြားအမှုထမ်း အရာထမ်းတို့နှင့်အတူ လိုက်ပါသွားရ၏။ ထိုသို့ လိုက်ပါသွားရသောအခါ လူပျိုကာလသားတို့ဘာဝ ချစ်စခင်စဖြစ်သော ရည်းစားသည်နှင့် ခွဲခွာ၍သွားရသော မောင်စမှာ ရည်းစားပူမိလျက်ရှိသဖြင့် 'တစ်တိုင်းစီနေ...တစ်ပြည်စီခြားတဲ့မိရယ်၊ ဖိုးလမင်းမှာတဲ့ မျက်နှာချင်းဆုံစို့ကွယ်'ဟူသော ရည်းစားပူမိသူတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ တစ်ညသောအခါ ဝင်းဝင်းဝါဝါ ကောင်းကင်၌ သာလျက်ရှိသော ဖိုးလမင်းကို မျှော်ရှုလျက် ခုနေအခါ ကျန်ရစ်ရှာသော အချစ်ဦးကလေးသည်လည်း ဤဖိုးလမင်းကြီးကိုပင် မော်ကြည့်နေရှာပေလိမ့်မည်ဟု ထွေထွေလီလီတွေးတောရင်း တိမ်ပုပ်တိမ်ခဲတို့သည် လရောင်ကို မကြာမကြာ ဖုံးအုပ်၍ သွားသဖြင့် မောင်တစ်ခါ သာတစ်လှည့်ဖြစ်၍နေသော လကိုလည်းကောင်း၊ ထိုဖိုးလမင်းကြီးကို ခြံရံလျက်ပေါ်ထွက်နေကြသည့် ကြယ်တာရာနက္ခတ်တို့ကိုလည်းကောင်း တစိမ့်စိမ့်ရှုကြည့်ရင်း ရတိဋ္ဌာယီဘာဝဟူသော ချစ်စိတ် ကြောက်စိတ်တို့ သာလျှင် အရင်းခံရှိသော ဝိပ္ပယောဂသိင်္ဂါရ ရသတို့ ဖြစ်ပေါ်လာသဖြင့် ထိုရသဆိုင်ရာ အလွမ်းဘွဲ့ပတ်ပျိုးကို ရေးစပ်ခဲ့ခြင်း ဖြစ်သည်။



(ဤနေရာတွင် လွမ်းဓလေ့ပတ်ပျိုးကို ရှည်အံ့ဆို၍ မဖော်ပြတော့ဘဲ ဆိုင်ရာဂီတစာအုပ်များကို ဖတ်ရှုနိုင်ကြပါသည်။)

## လကိုမြင်ကြယ်စင်ဟုတ်ဘူး

ဝန်စာရေး မောင်စသည် အထက်ပါသီချင်းကို ပုရပိုက်ငယ်တွင် ရေးသား၍ အမှတ်မဲ့ထားမိရာ ထိုပုရပိုက်ကို တွေ့ရှိသူတို့သည် သီချင်းကို ဖတ်ရှုသောအခါ (လကိုမြင်ကြယ်စင်ဟုတ်ဘူး)ဟူသော စာသားကို တွေ့ရှိကြလျှင် ဤစာကို ရေးသူသည် စိတ်မှကောင်းလေစွ၊ လနှင့်ကြယ်ကို လူတွေ ခွဲခြမ်း၍ မသိသကဲ့သို့ လကိုမြင် ကြယ်စင်ဟုတ်ဘူးဟု ရေးအား တတ်ပါလေ၊ လကိုမြင်လျှင် ကြယ်မဟုတ်ကြောင်း သူပြောမှ သိရမည်လောဟု ဆိုကြ၏။ အချို့ကလည်း စာသွားစာလာ ချောမွေ့သဖြင့် ဤစာမှာ ပညာရှိသူရေးဟန် ရှိသည်။ ရေးသူ၏အာဘော်ကို မသိခင် အပြစ်တင်မစောသင့်ဟု ဆိုကြ၏။

ဤသို့ အငြင်းအခုံဖြစ်ပွား၍ တော်ကြီးဘုရား၏ ရွှေနားတော်ပေါက် ကြားသွားသောအခါ ပုရပိုက်ကို ဆက်စေလျက် ရေးသူကို စုံစမ်းရှာဖွေစေသော် ဝန်စာရေးမောင်စ၏ ပုရပိုက်ဖြစ်နေရကား ရှေ့တော်သို့ ခေါ်တော်မူ၍ ထိုစာပိုဒ်ကို ရှင်းလင်းဖြေကြားစေ၏။ မောင်စကလည်း 'မှန်လှပါ ကျွန်တော်မျိုး ကောင်းကင်သို့ မျှော်ကြည့်ရာတွင် ဖိုးလမင်းမှာ စင်စင်ကြယ်ကြယ် မထွန်းလင်းရဘဲ မိုးသားတိမ်တိုက်တို့ မကြာခဏ ဖုံးအုပ်နေပါသောကြောင့် လမင်းမှာ စင်ကြယ်ခြင်းမရှိသည်ကို ကဗျာရံကာငဲ့သောအားဖြင့် ဓေယာနန်းကို ယာဓေနန်းဟု ရေးစပ်သိသကဲ့သို့ စင်ကြယ်ကိုလည်း ကြယ်စင်ဟု ရေးစပ်ထားရိုး အမှန်ဖြစ်ပါကြောင်း' ဖြင့် လျှောက်ထား သံတော်ဦးတင်သော ဟူ၏။

## နှောင်လာ နောက်သားတို့မှာ

ဤသီချင်းကား အဓိပ္ပာယ်ကို နက်နဲသောသီချင်းဖြစ်ပေ၏။ နှောင်လာနောက်သားတို့သည် သီချင်းအဓိပ္ပာယ်ကို မဆင်ခြင်မိကြသဖြင့် အချို့ ဤသီချင်းကို သီဆိုရာ၌ (လကိုမြင် ကြယ်စင်တွေဟုတ်ဘူး)ဟု'တွေ'ဟူသော စာလုံးကို ထည့်၍ဆိုကြ၏။ ဤစာတစ်လုံးထည့်ခြင်းဖြင့် မူလအဓိပ္ပာယ် မည်မျှပျက်ပြား၍ ဆိုလိုရင်းအာဘော်နှင့် မည်မျှကွာခြားသွားသည်ကို မသိရှာကြပေ။ ထိုမှတစ်ပါး (စိုင်ရှုးငယ်တန်ဆောင်၊ ကြေးမုံမင်းနှင့် ဟသာံတောင်)ဟူသော အပိုဒ်၌လည်း 'ကြေးမုံမင်း'ဟူသော အဓိပ္ပာယ်ကို နားမလည်ကြသောကြောင့် (စိုင်းရှူးငယ် တန်ဆောင်၊ ကြယ်မောင်မင်းနှင့် ဟသာံတောင်)ဟူ၍ ယခု

www.burmeseclassic.com

www.burmeseclassic.com



သီဆိုလျက်ရှိကြပေ၏။ ဤသည်လည်း မဟာအမှားတော်ပုံကြီးတစ်ရပ်ပင် ဖြစ်ပေ၏။

## လွမ်းမလေ့၏ အဓိပ္ပာယ်

'လွမ်းမလေ့၊ မျှော်၍ငယ်စဉ်ပင်၊ မိုးယံဝဝယ်၊ လကိုမြင် ကြယ်စင်ဟုတ်ဘူး၊ လွမ်းသည့်မောင်၊ စောရွှယ်လူး'ဟု မောင်စ ရေးသားခြင်းမှာ ချစ်သူတို့နှင့် ကွဲကွာနေကြသော ချစ်သူအား လွမ်းတလျက် ရှိကြသူတို့၏ ဓလေ့မှာ ညဉ့်အချိန် ဖိုးလမင်းထွန်းလင်းလာလျှင် ဖိုးလမင်းကို မျှော်ကြည့်လိုက်သောအခါ ရွှယ်လူးတန်စို လုလင်ပျို(ဝါ) လူငယ်ကာလသားဖြစ်သော ချစ်သူရည်းစားကို လွမ်းနေရသည့် ဤသီချင်းကိုရေးသည့်သူဖြစ်သော ဤလွမ်းသည့်မောင်မှာ၊ မိုးယံဝတွင် မိုးသားတိမ်တိုက်တို့ ဖုံးအုပ်နေသောကြောင့် စင်ကြယ်စွာ မထွန်းလင်းနိုင်သော ဖိုးလမင်းကို မြင်ရသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

'ရွှယ်လူး'ဆိုသောစကားမှာ ပေါရာဏဖြစ်၍ လူပျိုလူရွယ်ကို ဆိုလိုသည်။ သို့ကြောင့် မြဝတီဝန်ကြီးသည် ဤသီချင်းကို ရေးသားစဉ်က လူပျိုလူရွယ် ဝန်စာရေး မောင်စမျှသာ ဖြစ်သေးသည်ကို သိနိုင်လောက်ပေသည်။

'စိုင်ရှူးတန်ဆောင်၊ ကြေးမုံမင်းနှင့် ဟသ်ာတောင်၊ ညီနောင်ကြက်ကယ်၊ မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းလယ်၊'ဟူရာ၌ ထက်ကောင်းကင်တွင် ဖိုးလမင်းထွက်ပေါ်လာသောအခါ နက္ခတ်တာရာအပေါင်းတို့သည် ဖိုးလမင်းအား ဝန်းရံ၍ ထွက်ပေါ်လျက်ရှိကြကုန်၏။ ထိုနက္ခတ်တာရာများအနက် မြင်းခေါင်းသဏ္ဌာန်ရှိသော အဿဝဏီနက္ခတ်အစ မြီးသဏ္ဌာန်ရှိသော ရေဝတီနက္ခတ် ၂၇ လုံးသောနက္ခတ်တို့ကား သိသူများကြ၏။ အဘိဇိနက္ခတ်ကို ထည့်သွင်း၍ နက္ခတ် ၂၈ လုံးဟုလည်း ခေါ်ထုံးရှေးထုံးပြုကြ၏။ ဤနက္ခတ်တို့ကိုမူ လူသိများ၍ စကားမဖွဲ့လောက်'ဟူသောသဘောဖြင့် မောင်စသည် မိမိသီချင်းတွင် ထည့်သွင်းခြင်းမပြုဘဲ ပေယျာလကန်ဝကွက်၍ ချန်ခဲ့၏။ ထိုနက္ခတ် ၂၇ လုံးနှင့်ယှဉ်၍ လိုက်ကုန်ကြသော 'ကျီးနှင့်ဟသ်ာ၊ ရောင်ဝါကလွန်၊ ပုစွန်ရောင်ရှိန်၊ ချိန်နှင့်ဆံကျင်၊ မိုးပြင်သိသာ၊ တံငါဆင်မြင်း၊ ဥဗျိုင်းမင်းဟု အတွင်းကိုးဖြာ'ဟူသော အတွင်း တာရာကြီး ၉ လုံးကိုလည်း ရာသီဘွဲ့ကဗျာတို့တွင် သူ ငါထည့်သွင်း ဖွဲ့ဆိုရေးသားခြင်း ပြုနေကြသဖြင့် သူတကာနောက်လိုက် အဖြစ်မခံ၊ ဝကွက်၍ ချန်ခဲ့ပေ၏။ အာကာ သသျှုတ္တရကျမ်း၌ အတွင်းတာရာ ၉ လုံးတို့မှ တစ်ပါး အဌဂီသာပြင်တာရာ ဟူ၍ အပြင် တာရာ ၂၈ လုံး ဖြစ်၏။ ထိုမှတစ်ပါး နက္ခတ် ၂၇ လုံးအား ဝန်းရံ၍ လိုက်သော တာရာ အများ ရှိသေး၏။ ထိုတာရာတို့အနက်–



'ရောဟိဏီတွင်၊ စိုင်နတ်ရှင်ကား၊ အမြင်သာလှ၊ တစ်လုံးမျှတည့်၊ အာဒြာကဟုတ်၊ ၆ လုံးထုတ်၍၊ ဖုဿျှအဿလိဿ်၊ ရောင်မြိတ်ကွန့်ကွန့် ဝေးမလွန့်သူ၊ ပုစွန်အပ၊ ပြင်ဆီက ရှင့်'ဟူသော အာကာသသျှုတ္တရကျမ်း စကားအရ စိုင်ရှူးကြယ်ဟု ခေါ်သော ရောဟိဏီတာရာသည် အမြင်၌ အလွန်ထွန်းလင်းတောက်ပ၏။ လုံးရေ ၁ လုံးသာရှိ၏။ လုံးရေ ၆ လုံးရှိသော အာဒြာက တာရာနှင့်အတူ၊ ဖုဿျှနက္ခတ်နှင့် အဿလိဿနက္ခတ်အနီး၊ ပုစွန် တာရာဖြစ်သော စိုင်ရှူးကြယ်ကိုရည်၍ 'စိုင်ရှူးငယ်တန်ဆောင်'ဟု ရေးလိုက်ခြင်းဖြစ်၏။ 'ကြေးမုံမင်းနှင့် ဟသ်ာတောင်'ဟူရာ၌ ပြင်တာရာဖြစ်သော မြောက်ဘက်တာရာ ၆ လုံးအနက်၊ ကြာရွက်ရှိပုံရှိသော ကြေးမုံခွက်တာရာဟု ရှိ၏။ တာရတာရာဟုလည်း ခေါ်၏။

'တာရထွေမည်၊ တွင်သည်တစ်လုံး၊ ခုံးနှစ်ဘက်မှာ၊ ကြာရွက် ရိုးပုံ၊ ကြေးမုံခွက်သော်၊ ဆိုဝေါ်ဟာရ'ဟု ကျမ်း၌ပြ၏။ ထို့ပြင် တောင်ဘက် တာရာ ၉ လုံးအနက် ပေါစောကိတာရာဟု ခေါ်သော ဟသ်ာလည်ယှက် တာရာရှိ၏။

'ပေါစောကိမူ၊ ယူလော့အာ၊ ဟသ်ာလည်ယှက်၊ ငှက်သဏ္ဌာန်ပြ၊ ရာမညတိုင်း၊ တလိုင်းသုံးရပ်၊ ကပ်လျက်တိတ်ရောက်၊ ရှေ့နှင့်နောက်တည့်၊ ယှဉ်ပြိုင်ရှိ၏'ဟု အာကာသသျှုတ္တရတွင် ဆို၏။

ဤသို့ မြောက်မျက်နှာတာရာ ၆ လုံးအနက် ကြေးမုံခွက်တာရာနှင့် တောင်မျက်နှာတာရာ ၉ လုံးအနက် ဟသ်ာလည်ယှက်တာရာကို ရည်၍'ကြေးမုံမင်းနှင့် ဟသ်ာတောင်'ဟု စပ်ဆိုခြင်းဖြစ်၏။

'ညီနောင်ကြက်ကယ်'ဟူရာ၌ အနောက်ဘက် တာရာ ၇ လုံးအနက်၊ ကြက်၏သဏ္ဌာန်ပင်ရှိသော လုံးရေ ၅၀ ရှိသည့် ပညာသတ်တာရာတစ်လုံး၊ ကြက်၏သဏ္ဌာန်ပင်ရှိ၍ လုံးရေ ၇ လုံးရှိသော ဥတ္တရတာရာတစ်လုံး ရှိ၏။ ထိုပညာသတ်တာရာနှင့် ဥတ္တရတာရာကို ကြက်ညီနောင်တာရာဟု ခေါ်ဆိုကြ၏။

'ပညာသတ်မည်၊ တာရာသည်ကား ခန့်ရှည်လုံးမှာ ငါးဆယ်သာတည့်၊ ဇဝါလူမျိုး နှမ်းညိုးထွန်းလက်၊ အကျိုးပျက်လိမ့်၊ ရွှေကြက်ရုပ်လှ၊ ပမာကျ၏။ ဥတ္တရစိစစ်၊ ဖြစ်၏သတ္တ၊ ကြက်လှရုပ်ဆောင်'ဟု စပ်ဆိုထားလေသည်။

ဤအနောက်မျက်နှာ တာရာ ၂ လုံး ရည်၍ ညီနောင်ကြက်ကယ်ဟု ရေးသား စီကုံးထားခြင်းဖြစ်၏။

'မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းလယ်'ဟူရာ၌ 'မောင်ရှင်တနိုင်း၊ ဆိုင်းနှင့်ဆိုကြ၊

www.burmeseclassic.com



သိင်္ဂါတာရာ၊ သချ်ာသုံးလုံး၊ ထုံးလည်းတာ'ဟု ကျမ်း၌ ဆိုသော မောင်ရင်ဆိုင်းထမ်း ရေမှုတ်ကမ်းဟု လူတို့ခေါ်ဝေါ်ကြသည့် သရဏီနက္ခတ်အနီးမှ တာရာကို ရည်ရွယ်၍ ရေးသားခြင်း ဖြစ်လေသည်။

ဤသီချင်းတစ်ပုဒ်တည်းဖြင့် မြဝတီဝန်ကြီးသည် ငယ်ရွယ်စဉ် လုလင်ပျိုဘဝကပင် အာကာသသျှတ္တရကျမ်းကို ကောင်းစွာ ကျွမ်းကျင်ကြောင်း သိနိုင်လောက်ပေ၏။ သီချင်း၏ အဓိပ္ပာယ်ကို မြန်မာစကားပြန်ဖြင့် အလွယ်သိသာအောင် ရေးသားရမည်ဆိုသော်...

ချစ်သူကို လွမ်းလျက်ရှိသော အကျွန်ုပ် လုလင်ပျိုသည် လွမ်းသူတို့၏ ဓလေ့ ထုံးစံအတိုင်း ကောင်းကင်မှ လကြီးကို မျှော်၍ကြည့်လိုက်ရာ ဖိုးလမင်းကြီးမှာ စင်စင် ကြယ်ကြယ်မရှိဘဲ မိုးသားတိမ်လိပ်တို့ဖြင့် ဖုံးလွှမ်းနေသည်ကို တွေ့မြင်ရပေတော့သည်။

ထက်ကောင်းကင်၌ လှိုင်းရိပ်ကဲ့သို့ တစ်လိပ်လိပ်လွင့်ပါ သွားလာနေသော တိမ် လိပ်တိမ်လှိုင်းတို့အလယ်မှ တန်ဆောင်ဆီမီးကဲ့သို့ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းနေသော ရောဟိတတာရာခေါ် စိုင်ရှူးကြယ်ကြီးကိုလည်းကောင်း၊ အပြင်တာရာ ၂၈ လုံးအနက် မြောက်ဘက်တာရာ ၆ လုံးအပါအဝင် ကြေးမုံခွက်တာရာခေါ် တာရတာရာကိုလည်း ကောင်း၊ တောင်ဘက်တာရာ ၉ လုံးအပါအဝင် ဟသာ်လည်ယှက် တာရာခေါ် ပေါစောကီ တာရာကိုလည်းကောင်း၊ အနောက်ဘက်တာရာ ၇ လုံးအနက်၊ ပညာသတ်တာရာနှင့် ဥတ္တရတာရာဖြစ်သော ကြက်ညီနောင် တာရာတို့ကိုလည်းကောင်း၊ ရောဟဏီနက္ခတ် အောက်နားဆွယ်တွင်ရှိသော မောင်ရင်ဆိုင်းထမ်း တာရာတို့ကိုလည်းကောင်း၊ မြင်ရပြန် သောအခါ ဘယ့်နှယ်များလွမ်းသည်မသိ၊ အတန်တန်အရည်ရည် စိတ်ကို ဖြေဆည်သော် လည်း မရနိုင်လောက်ပင် ရှိရတော့၏။

အချိန်အခါ သမယသည်ကား ရွက်သစ်လောင်း၍ ရွက်ဟောင်းကြွေသည့် ရာသီ ဖြစ်ပေရာ ကြွေကျမည့်အရွက်တို့မှာ အပင်နှင့်မမျှလောက်အောင်ပင် အပင်ထက်၌ ရွှေ အလျှုံ ရေးသားထားသကဲ့သို့ ရင့်ရော်ဝါထိန်လျက် ရှိကြပေ၏။ ဖိုးခေါင်ငှက်တို့လည်း ကြင်ဖော်လျှ၍ တမ်းတနေကြပေ၏။ အေးပတ်ဝန်းကျင်ကို ရှုမျှော်လိုက်သော် မြင့်မြင့်သွန်း သွန်း ရုံဆီး၍နေသော မင်းဝံတောင်ကြီးကို မြင်ရပေ၏။ ထိုတောင်ကြီးကို ပတ်ချာလှည့် ၍ ရစ်ဝိုက်သော ဖေ့တိုက်သော လေတို့သည် တိမ်တို့အား မောင်းနှင်သွားသဖြင့် တိမ် တလိုက် လေတစ်ဝိုက်ဖြစ်လျက် သပြေပင်တို့မှာလည်း အကိုင်းအညွန့်ရွက်သစ်များလောင်း သဖြင့် အရိပ်ဝေဝေဆာဆာ ရှိနေကြပေ၏။

ဤအရပ်ဒေသကား ထီးနန်းနှင့်မနီးသော မြိုင်ကြီးများ ဝန်းရံကာဆီးထားသည့်



တောရပ်ထီးထီးဖြစ်၍ လွမ်းဆွတ်ဖွယ် ကောင်းလှ၏။ ဤမျှလွမ်းဆွတ်ဖွယ်တို့နှင့် ဆုံ ဆီးခိုက်ကို အဘယ်သို့သောဘုန်းရှိသည့်အရှင်တို့ စေခိုင်းလိုက်၍ မိုးနတ်ရှင်သည် ရွာဟန်ပြု၍ လာပြန်သနည်း။ ထွေထူးလှစွာ မိုးစင်၍ မိုးသားတိမ်လိပ်တို့ သင်တိုင်းခြုံ ဖုံးလွှမ်းလာသည်များကို တစ်ဖန်ပြန်၍ ဖြေတော်မူပါမှ သက်သာရာ ရပါတော့မည်။

ယခုကဲ့သို့ အဖြစ်ဆန်းစွာ မိုးများအုံ့နေခြင်းမှာ လူတို့ ပင်ပန်းစေဖို့သာ ဖြစ်တော့၏။ ရှစ်မျက်နှာ ဝန်းရံရစ်ဆို့၍ မှိုင်းမှိုင်းမို့မို့ မိုးသားတိမ်လိပ်တို့သည် ဖေယျန်အောင်ဘုံ ဖြစ်သော ဖေယျပူရတိုင်း စစ်ကိုင်းဘက်မှ ဘယ်နတ်ဖန်၍ လွမ်းသူတို့အပူမျိုးရအောင် တက်၍ လာဘိ သနည်း။ ယခု အချိန်အခါမှာ မရွာကောင်းသဖြင့် အရှင်မိုးနတ်သားသည် ပျော်တော်ကြူးပြီး မရွာဘူးထင်မိပါတော့သည်။ သည်အတိုင်းသာ မှန်ပါလျှင် နွေရာသီ ခေါင်ခေါင်မှာ လေဆောင်သည့်မိုးမျိုး ဖြစ်နေပါလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

## မြဝတီ၏ကျေးဇူး

ဤသီချင်းတစ်ပုဒ်ဖြင့် မြဝတီဝန်ကြီး ဦးစ၏ ငယ်စဉ်ကပင် ဉာဏ်အမြင် ကျက် စားသော ပညာနယ်ကျယ်ကြောင်းကို သိနိုင်လောက်ပေ၏။ မြန်မာတို့၏ ယဉ်ကျေးမှု အစုစုဆိုင်ရာ သီချင်းကဗျာများကို ယခု တွေ့မြင်ကြရသည်မှာလည်း မြဝတီဝန်ကြီး၏ ကျေးဇူးပင် ဖြစ်ပေ၏။

တူရိယာပညာ၌လည်း မြဝတီ၏ကျေးဇူးကြီးလှပေသည်။ ဘိုးတော်လက်ထက် အထိ မြန်မာတို့၏စောင်းတွင် ကြိုး (၇)ချောင်းမျှသာ ရှိသေး၏။ ပုန်းမဲဇာသားကို လုပ်၏။ ဘိုးတော်ဘုရားက 'မောင်စ–မောင်မင်း စောင်းပညာကို သည်ထက်ထူးအောင် မကြံနိုင်ဘူး လား'ဟူသော အမိန့်တော်ကို ဦးထိပ်ရွက်ရသဖြင့်–

'ပိတောက်ကိုတဲ့ မတည်၊ ရှားကောက်ခွေခွေနှင့်၊ သမင်ရေ နှာနှာဖုံးပါလို့၊ ဆယ့်သုံး ပင် ခင်ဝါပိုးကို၊ မှင်ရိုးမှာကွယ်။ ။ မြီးဖျားက ပန်းပွားသွယ်၊ ခြယ်လှယ်စု ပေါင်း။ ဒူးတေးထံတျာနှင့်၊ မြည်ရှာလေပြည့်စုံမက်တယ်၊ နန်းတော်ထက်စောင်း...'

ဟူသော ၁၃ ကြိုး တပ်ပိတောက်သားစောင်းကို ထွင်ခဲ့ပေ၏။ ဤသို့ ဂီတ တူရိယာဘက်တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော မြဝတီဝန်ကြီးအား အနုအယဉ်များ ကို ရေးသားနေသူဖြစ်၍ လူပျော့လူညံ့ဟု မမှတ်ရာ။ ဘကြီးတော်လက်ထက် စစ်တကောင်း ပန်းဝါတွင် အင်္ဂလိပ်တို့နှင့် တိုက်ရာ၌လည်းကောင်း၊ မဏိပူရ၊ အာသံတိုက်ပွဲတို့၌လည်း ကောင်း အောင်ပွဲများ အကြိမ်ကြိမ်ရခဲ့သော စစ်ဘုရင်ကြီးမှာလည်း မြဝတီကြီးပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေ၏။ ဤသို့ စွယ်စုံပြည့်စုံသူ ဖြစ်ပေ၏။

ကဗျာ စာနှ စာယဉ်တို့ကို ရေးသားလျှင် လက်ရုံးရည်ညံ့သော လူနုလူပျော့ လူညံ့ကလေးများ ဖြစ်လိမ့်မည်ဟူသော အယူဝါဒ မှားကြောင်းကို လက်ဝဲသုန္ဒရအမတ်ကြီးနှင့် နဝဒေးကြီး၊ မြဝတီဝန်ကြီးစသော ပုဂ္ဂိုလ်တို့က ထင်ရှားစေတော့၏။ လက်ရုံးရည် နှလုံးရည် စွယ်စုံဖြင့် ဤသို့ ပြည့်စုံသော မြဝတီဝန်ကြီး၏ဂုဏ်ကို အကျွန်ုပ် ချီးကျူးပါ၏။ နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာဘဝ၌ ဤပုဂ္ဂိုလ်ကြီးကဲ့သို့ လက်ရုံးရည်ဖြင့် စွယ်စုံပြည့်စုံရပါလို၏။

ဤတွင် မြဝတီမင်းကြီး ဦးစ၏ လွမ်းချင်းပတ်ပျိုးအဆုံး၌ ဤဆုတောင်းဖြင့် နိဂုံးချုပ်ထားရာ တစ်နည်းအားဖြင့် ထူးဆန်းသလို ထင်ရသော်လည်း ဆရာသည် မိမိဘဝနှင့် နှိုင်းယှဉ်ကာ မိမိအလိုရှိသောဆုကို တောင်းလိုက်ခြင်းသာ ဖြစ်ဟန်တူ၏။ အထက်ပါ ဆရာ၏စွယ်စုံပြည့်ဝသော ဘဝစုံအဖြစ်စုံ အတ္ထုပ္ပတ္တိကို ဖတ်ခဲ့ရပြီးသော စာဖတ်သူများအဖို့မှာလည်း အထူးအံ့သြခြင်း ရှိလိမ့်မည်မထင်ပေ။ ထိုနောက် ယခု လွမ်းချင်းပတ်ပျိုး၏ မူလစာကိုယ် အဓိပ္ပာယ်ကို ဤမျှ ကျယ်ကျယ်ဝန်းဝန်း ပြည့်စုံစွာ ခြုံမိ၊ ငုံမိအောင် နိုင်နိုင်နင်းနင်း အကျယ်ဝိတ္ထာရ ဖွင့်ဆိုရေးသားခြင်းမှာလည်း ဆရာ၏ စာပေကဗျာဉာဏ်များသာမက နက္ခတ္တဗေဒ၊ အာကာသ သျှုတ္တရ ပညာရပ်များတွင် ကျွမ်းကျင်ကြောင်း ခန့်မှန်းနိုင်ပေရာ အကြောင်းမသိသူများအဖို့ အံ့သြကောင်း အံ့သြမည်ဖြစ်သော်လည်း ဆရာဖွင့်ဆိုရေးသားခဲ့သော 'ကပ္ပာလင်္ကာရ ဝဏ္ဏနာ'ခေါ် စမ အဖွင့်ကျမ်းကြီးကို ဖတ်ရဖူးသူတို့အဖို့ အထူးအံ့သြကြမည် မထင်ပေ။

□

# နောက်ဆက်တွဲ (၂)

# အနောက်နန်းမိဖုရား မမြကလေး၏ ချစ်သမျှကိုပတ်ပျိုး အဖွင့်ဆောင်းပါး

'ချစ်သမျှကို'ဟူသော ပတ်ပျိုးသီချင်းကို အချို့က မယ်ဘွဲ့၊ သစ္စာတိုင်ပတ်ပျိုးဟု အမျိုးမျိုး မိမိတို့ယူဆချက်အတိုင်း ပြောဆိုနေကြပေရကား၊ ထိုသီချင်းသည် မယ်ဘွဲ့လော၊ မောင်ဘွဲ့လောဟု စောဒကမဝင်သာအောင် တစ်ခါတည်း ဝိနိစ္ဆယချသင့်သည်။ ယနေ့ လူအများတို့ ခေါ်ဆိုသုံးစွဲထင်မှတ်နေကြသော သစ္စာတိုင်ကဏ္ဍတွင် ထည့်သွင်းအပ်သည့် သစ္စာတိုင်ပတ်ပျိုး ဟုတ်မဟုတ်ကိုလည်း စစ်ဆေးဆုံးဖြတ်ရန် လိုပေတော့သည်။ ထိုသို့ ဆုံးဖြတ်နိုင်ရန်မှာလည်း ထိုပတ်ပျိုးကို မည်သည့်စာဆိုသည် မည်သို့သောအချိန်အခါတွင် မည်သည့်အဖြစ်အပျက်တို့ကို အကြောင်းပြု၍ ရေးသားစီကုံးပါသနည်းဟူသော ထိုပတ်ပျိုးဆိုင်ရာ အတ္ထုပ္ပတ္တိတို့ကို မိမိရရသိရှိရန် လိုအပ်တော့သည်ဖြစ်ရကား 'ချစ်သမျှကို' ဖြစ်ပေါ်လာရသောအကြောင်း အတ္ထုပ္ပတ္တိကို ပထမ ရေးသားဖော်ပြပါအံ့။

## စာဆိုတော် မမြကလေး

'ချစ်သမျှကို' ပတ်ပျိုး၏စာဆိုတော်မှာ ကုန်းဘောင်မင်းသည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် အိမ်ရှေ့မင်းဘဝ သာယာဝတီမြို့စားမင်းအဖြစ် အောက်ပြည်သို့ မြို့နယ်သိမ်း စုန်ဆင်းတော်မူခဲ့ရာတွင် ကောက်တော်မူ၍ အိမ်ရှေ့ မိဖုရားအဖြစ်သို့ တင်မြှောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ခံရသော ဟသ်ာတ၊ သာရဝေါမြို့သူ ပွဲနင်းမင်းပျံချီ၊ မယ်အိတို့၏ သမီး မမြကလေးပင်ဖြစ်သည်။

ကုန်းဘောင်မင်းဟူ၍လည်းကောင်း၊ သာယာဝတီမင်းဟူ၍လည်းကောင်း၊ ထင်ရှားသော အိမ်ရှေ့မင်းသည် မမြကလေးကို ကောက်ယူစဉ်အ အလွန်မြတ်နိုးတော်မူ၍ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသောအခါ ရွှေဂူကြီးဘုရားတွင် ချစ်မေတ္တာတွေ မပျက်ဘဲ၊ ရာသက်ပန်ပေါင်းပါမည်ဟူသော သစ္စာကျမ်းကို ထမ်းရွက်ဖူးလေသည်။

မြန်မာတို့ ထီးနန်းတည်ဆောက်ရာ၌ အစဉ်အလာအားဖြင့် အိမ်ရှေ့မင်း၏ စံတော်အိမ်ကို နန်းတော်၏ မြောက်ဘက်၌ ဆောက်ရမြဲဖြစ်လေရာ အိမ်ရှေ့မင်းတို့၏ စံတော်ကို မြောက်အိမ်တော်ဟူ၍လည်း ခေါ်လေ့ရှိလေသည်။ အိမ်ရှေ့စံ ကုန်းဘောင်မင်းသည် နောင်သောအခါ မင်းသားတို့ဘာဝ အပျော်ကြူးတော့သဖြင့် မမြကလေးမှာ မိမိ၏ထံသို့ ဆောင်တော်မကူးသော လင်တော်မောင်ကို စောင့်မျှော်တမ်းတသော ကဗျာသီချင်းများစွာတို့ကို ရေးသားဆက်သွင်းပေရာ၊ ထိုသီချင်းကဗျာစုတို့အနက် အလွမ်းဘွဲ့ 'ရှစ်စုံရွက်ကြာ' ပတ်ပျိုးသည် ဂီတပညာသည်တို့ အထူးနှစ်သက်မြတ်နိုးသော ထင်ရှားသည့်ပတ်ပျိုးတစ်ပုဒ်ဖြစ်၍ မြောက်အိမ်တော်သံပတ်ပျိုးဟုလည်း ခေါ်စမှတ်ပြုကြရလေသည်။

သို့ကြောင့် အဆိုပါ ပတ်ပျိုး 'မြောက်အိမ်တော်ဆောင်ရိပ်မှာ လွမ်းစိတ်နှင့်ဆွေး' ဟူသော အပိုဒ်ကို ကေစိဂါဒအချို့က မမြကလေးမှာ အနောက်နန်း မိဖုရားဖြစ်သောကြောင့် 'နောက်အိမ်တော်ဆောင်ရိပ်မှာလွမ်းစိတ်နှင့်ဆွေး' ဟုဆိုမှ မှန်သည်ဟု ပြောဆိုယူဆနေကြခြင်းမှာ အိမ်ရှေ့မိဖုရားအဖြစ်က ရေးခဲ့သောသီချင်း ဖြစ်သည်ကိုလည်းကောင်း၊ ထိုပတ်ပျိုးကို မြောက်အိမ်သံဟု ခေါ်ဆိုကြသည်ကိုလည်းကောင်း၊ မသိရှာကြသည့်အပြင် မမြကလေး အနောက်နန်းမိဖုရားအဖြစ်မှ ရေးသားစီကုံးခဲ့လျှင်လည်း အနောက်နန်းကို အိမ်ဟု ဟိနတ္တက ဒေါသသင့်အောင် ရှုံ့ချရေးသားလိမ့်မည် မဟုတ်ကြောင်းကို သတိမမူမိကြသောကြောင့်သာ ဖြစ်ပေသည်။

ထိုနောက် ကုန်းဘောင်မင်းသည် အနောက်နန်းမိဖုရား မမြကလေးကို ပထမအကြိမ် မျက်တော်မူ၍ အကျဉ်းတိုက်သို့ ချထားသောအခါ ဤကဲ့သို့ မောင်တော်က အထင်လွဲမှား၍ ရာဇဝတ်ဒဏ်ထားသော်လည်း မိမိအချစ်မှာ အနည်းငယ်မျှ မလျော့ပါးဘဲ ဆထက်ထမ်းပိုးတိုး၍ ချစ်ကြောင်း၊ မောင်တော်ကသာ ရွှေဂူကြီးဘုရားအတွင်း၌ သစ္စာပြုခဲ့သည်များကို မေ့လျော့ပြီး နုမလေးအပေါ်၌ အချစ်ပြယ်ကြောင်း၊ မောင်တော်သည် ထားခဲ့သောသစ္စာ၊ ဝန်ခံခဲ့သော ကတိစကားတို့ကို မေ့လျော့ခဲ့ပြီဖြစ်ရာ၊ ဘုရားရှင်



တန်ခိုးတော်ကြောင့် ထိုမေ့လျော့သော စကားတို့ကို ပြန်လည်သတိရပါစေသော် စသည်ဖြင့် ဘုရားရှင်အား တိုင်ကြားလျှောက်ထားဟန် အကျဉ်းတိုက်အတွင်းမှ အဆိုပါ 'ချစ်သမျှကို' ဟူသော ပတ်ပျိုးကို ရေးသား ဆက်သွင်းလေသည်။

[(မှတ်ချက်) မမြကလေးရေး 'ချစ်သမျှကို' ပတ်ပျိုး စာကိုယ်များကိုကား ရှည်အံ့စိုး၍ ချန်လှပ်ထားခဲ့ပါသည်။ မဟာဂီတစာအုပ်များတွင် ဖတ်ရှုနိုင်ကြပါကြောင်း။]

ဤပတ်ပျိုးတွင် ရေးထားသော စကားလုံးတို့မှာ ယောကျ်ားမိန်းမတို့၏ ချစ်မှုကြိုက်မှုတို့တွင် ကမ္ဘာ့အချစ်စံချိန်ကို ချိုးလိုက်သော စကားများဖြစ်သောကြောင့် သစ္စာတိုင်ပင်ပျိုးဟု မှတ်ယူသုံးစွဲနေကြခြင်းကို အပြစ်မဆိုသာတော့ပေ။

ဤပတ်ပျိုးထူးခြားချက် ၃ ချက်မှာ (၁)ရေးသူသည် မိန်းမသားဖြစ်ခြင်း၊ (၂) အခြားဂီတများကဲ့သို့ သာမညအချိန်အခါတွင် ရေးသားထားသော သီချင်းမဟုတ်ဘဲ၊ အသက်ဘေးကြီးနှင့် ပက်ပင်းပါ တွေ့နေစဉ်ရေးသားခြင်း၊ (၃)ချစ်မှုကြိုက်မှုတို့ဆိုင်ရာ ရတိဋ္ဌာယီဘာဝ၌ သင်္ဂါရရသတို့ အလွန်ပြည့်ဝသည့် နက်နဲသော အဓိပ္ပာယ် ရသတို့ပါရှိခြင်းတို့ပင် ဖြစ်ပေသည်။ မမြကလေးသည် ရာဇဝတ်သင့်၍ အကျဉ်းတိုက်တွင်း၌ စံနေရသည့်အခိုက်၊ ဤအချစ်စံချိန်ပြ ပတ်ပျိုးသီချင်းကို ရေးသားပေရာ ဤသီချင်းကို ရေးဖြစ်အောင် လှုံ့ဆော်ပေးသော မမြကလေး၏ ထိုစဉ်အခါက စိတ်ထားကို ဝေဖန်မှန်းဆ၍ကြည့်ရသော်...

'ငါ၏အပေါ်၌ ငါ၏မောင်တော်သည် အထင်လွဲလေပြီ၊ ငါ၏အချစ်ကိုမယုံဘဲ သုန်တော်မူလေပြီ၊ ရွှေဂူကြီး စိန္တေယျာတွင် ကြိမ်သစ္စာတူဆင်မြန်းခဲ့ကြသော နေ့မှစ၍ မိမိ၏အချစ်ပန်းမှာ ညှိုးနွမ်းသည်မရှိ ပကတိအတိုင်းထက်ပင် ဆထက်ထမ်းပိုးတိုးလျက်ရှိကြောင်း၊ မောင်တော် ဘယ်ကဲ့သို့အပြစ်ပေး၍ ဘယ်လိုပင် အမုန်းရှာသော်လည်း မောင်တော်အပေါ်၌ မုန်းစိတ်ဟူ၍ တစ်ဆံချည်မျှ မရှိကြောင်းကို မောင်တော်ဘုရားသိတော်မူရလျှင် သေပျော်ပြီ' ဟူသော စိတ်ထားဖြင့် မိမိ၏ချစ်သမျှကို တစ်တစ်ခွခွကြီးသိစေတော့ဟူ၍ ရေးသားလိုက်ဟန် တူပေရာ မမြကလေး၏ လင်အပေါ်၌ ချစ်အပ်သော စိတ်ဓာတ်တို့သည် 'ချစ်သမျှကို' ဟူသော သီချင်း၏ အက္ခရာစာလုံးတို့တွင် စုရုံးပြည့်ကျပ်လျက် တဖျပ်ဖျပ်တလှပ်လှပ် ပေါ်နေတော့၏။

သို့ကြောင့်ပင် ဤသီချင်းသည် လောကတံထွာ ဓမ္မတာအရ မိန်းမ၊ ယောကျ်ားတို့ အချစ်ဓာတ်ဖွင့်သမျှ၌ အချိန်စံချိန်ပြ ပြဒါးတိုင်ကြီးသဖွယ် အမြဲတည်နေတော့မည်ဖြစ်၏။ ဤသီချင်း၏အချစ်စံချိန်ပမာဏကို သိရှိတော်မူရသောအခါ ကုန်းဘောင်မင်းကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်သောမင်း၏ သံခဲကဲ့သို့သောစိတ်သည် 'ချစ်သမျှကိုပတ်ပျိုး'တည်းဟူသော ပန်းပဲဖို၏ ချစ်မီးရှိန်တို့တွင် ပျော့ပြောင်းနူးညံ့၍ သွားရတော့သဖြင့် 'မိဖုရား မမြကလေးကို အချုပ်ကျဉ်းတိုက်မှ လွှတ်စေ'ဟု ချမ်းသာခွင့် ပေးတော်မူရလေသည်။

## ချစ်သမျှကို ငိုကာ

ဤသီချင်း၏ အဓိပ္ပာယ် ကျယ်ဝန်းနက်နဲပုံတို့ကို စစ်ဆေးကြည့်ရှုသောအခါ မမြကလေးသည် မောင်တော် ကုန်းဘောင်မင်း အပေါ်၌ မည်မျှချစ်သည်၊ မည်မျှစုံမက်သည်ဟူသော ချစ်သမျှကို အတိုင်းအထွာပမာဏနှင့် ပြလိုက်ရာ၌ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်နှင့် မိမိ၏အချစ်ကို ချိန်စက်လျှင် မြင့်မိုရ်တောင်ကို မဆိုထားနှင့် မြင့်မိုရ်တောင်ကြီးဘက်မှ သတ္တရဘန်တောင်စဉ် ၇ ထပ်၊ သီတာ ၇ တန်၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီးလေးကျွန်းတို့ကိုပါ ဖြည့်စွက်ထည့်သွင်း၍ ရေဆုံးမြေဆုံးအထိ ချိန်စက်စေကာမူ မိမိ၏ အချစ်က သာလိမ့်ဦးမည်ဖြစ်ကြောင်းကို 'ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပလေး၊ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့လေး'ဟူသော အပိုဒ်ဖြင့် ပြဆိုလေသည်။

ဤသို့ တိုင်းအထွာပမာဏနှင့် ပြလိုက်သောအချစ်သည် မြဲပါမည်လော။ ဘယ်သောအခါ ပယ်မည်နည်းဟု စောဒကဝင်ဖွယ်ရှိသေးသဖြင့် ဤသို့ စောဒကကို တားမြစ်လိုသော မမြကလေးသည် မိမိ၏အချစ်မှာ တစ်ရေခံအချစ်မျိုးမဟုတ်၊ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ်ဟု ဆိုအပ်သော မဟာကပ်ကြီးလေးကပ် အနက် လူနေကပ်ဖြစ်သော အန္တရကပ် ၆၄ ကပ်တို့ဖြင့် ပိုင်းခြားအပ်သော ဝိဝဋ္ဋဋ္ဌာယီကပ်ဟု ခေါ်ဆိုသည့် မဟာကပ်ကြီးတစ်ကပ်လုံးကုန်ဆုံး၍ ကမ္ဘာမီးလောင်သွားသည်တိုင်အောင် မိမိ၏အချစ်ပန်းဆိုင်သစ္စာတိုင်သည် မယိုင်မလဲဘဲ ခိုင်မြဲမည်ဖြစ်သောကြောင့် ဘယ်သောအခါမျှ မုန်းစိတ်တို့ ပေါ်လိမ့်မည်မဟုတ်ကြောင်းကို ပြလိုသဖြင့် 'အို…ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင်'ဟု ဖွဲ့ဆိုလိုက်လေသည်။

မမြကလေးသည် လင်တော်မောင်အပေါ်၌ ကပ်ကမ္ဘာအလုံးပျက်စေတော့ မုန်းဘက်သို့ယိုင်မည်မဟုတ်ဘဲ အချစ်မြဲလျက်ရှိကြောင်းကို ဤကဲ့သို့ ပြဆိုလိုက်ခြင်းသည် လင်တော်မောင်အပေါ်၌ သူတစ်ထူးတို့အကြံအစည်ရှိခဲ့လျှင် မိမိမှာ ကြံရာပါမည်သည့် နည်းနှင့်မျှ မဖြစ်နိုင်ကြောင်းကို သွယ်ဝိုက်၍ ပြဆိုလိုက်ခြင်းပင် ဖြစ်၏။ မိမိက ဤမျှလောက် ချစ်ရိုးမှန်ပါလျက် မိမိအပေါ်၌ အထင်တော်လွဲပြီး ရာဇဝတ်အပြစ်ဒဏ် ကျဉ်းတိုက်သို့



ချထားခြင်းမှာ မောင်တော်ဘက်ကသာ သစ္စာသွေကွက် မေတ္တာပျက်ခြင်း ဖြစ်၍ မောင်တော်၏ကတိစကား သစ္စာထားခဲ့သည်များကို ပြန်ကြားလျှောက်တင်လိုသဖြင့် မောင်ဘုရားသည် အိမ်ရှေ့စံဘဝနှင့် နှမလေးကို မြတ်နိုးတော်မူသည့်အလျှောက် ကောက်ယူ စဉ်အခါက နောင်ကို မောင်ဘုရား အထွတ်အထိပ်သို့ ရောက်တော်မူလျှင် နှမလေးအား အဂ္ဂမဟေသီဒေဝီညာထား တောင်နန်းမိဖုရားကြီးအဖြစ်ဖြင့် မြှောက်စားချီးမြှင့်တော်မူပါမည်။ နှမလေးကို ဘယ်တော့မှ မပစ်ဘဲ ရိုးမြေကျပေါင်းမည်ဟု ရွှေဂူကြီးဘုရားရှေ့တော်တွင် သစ္စာထားခဲ့ပါသည်။ ထိုသစ္စာစကားတို့ကို မောင်တော်ဘုရား မေ့လျော့သွားပြီလောဟု ပြန်လည်လျှောက်တင်သောအနေဖြင့် 'ရိုးညာပိုင် အုံးပြိုင် သဥ္စာကွေ့မှာလလေ၊ ကြိုးမည့်နောင်ကာ၊ ရိုးပြာမြေဝယ် မြှေ့စေတော့လေ'ဟု သီကုံး ပြန်လေသည်။

ဤကဲ့သို့ ကတိစကားတို့ကို ပြန်ကြားလျှောက်တင်ပြီးနောက် မောင်တော်သည် ထိုသစ္စာစကားတို့ကို မေ့လျော့သဖြင့် ယခု ငါ့အပေါ်တွင် မုန်းစိတ်တွေပွားပြီး ကျဉ်းတိုက်သို့ ချထားလေသည်။ ထိုကတိသစ္စာစကားတို့ကို မောင်တော်အား ပြန်ကြားလျှောက်ထား၍ ဘုရားကိုလည်း တိုင်တည်ရတော့မည်ဟု မောင်ဘုရားသည် ဟုတ်တိုင်းမှန်ရာတို့ကို စေ့စေ့စပ်စပ် ပြန်လည်ရေတွက် စဉ်းစားတော်မူပါ။ ဂုဏ်တော်ကိုးပါးသခင် ရွှေဂူကြီးမွေတော်ရှင် ရှေ့တော်မှောက်၌ သည်မယ်(မမြကလေး)နှင့် ဘယ်အခါမျှ သွေမကွဲပါရစေနှင့်ဟု ပတ္ထနာဆိုမြွက် သစ္စာပန္နက်ခဲ့သည် မဟုတ်ပါလား။

ဤသို့ လှစ်ကြူမြွက်ကြား လျှောက်ထားခဲ့သည့် သစ္စာစကားတို့သည် ယခုအခါ တိမ်မြုပ်ပျောက်ကွယ်နေသောအလား မောင်တော်ဘုရား သတိမထားမိဘဲ၊ မေ့လျော့နေခဲ့ပါလျှင် ရှင်တော်ဘုရား၏ တန်ခိုးတော်အားဖြင့် ထိုဝှက်ကွယ်တိမ်မြုပ်နေသောစကားကို မော်တော်ဘုရားသည် မကွဲမပြား မူလကတိစကားအတိုင်း လုံးစေ့ပတ်စေ့ ပြန်လည်သိရှိ သတိရတော်မူစေရန် အရှင်ဘုရားအား တပည့်တော်မ မမြကလေးက ခညောင်းပန်ထွာ လျှောက်ထားပါသည်ဟု ဘုရားကို တိုင်တည်သောအနေဖြင့်'မှန်သရွေ့ကိုလ၊ ဖန်စေ့စေ့ရေ၊ ကိုးဂုဏ်ရှင် ဂူတော်မွေ၊ တူမသွေပါစေ မယ်နှင့်သား၊ လှစ်ကြူမြွက်ကြား ၄က်စကား၊ မြတ်ရှင်ပင် တန်ခိုးတော်အား မခြားသိစေကြောင်း၊ ပန်ထွာသည့် ခဝပ်ညောင်း'ဟု ဖွဲ့ဆိုပြန်လေသည်။

မောင်ဘုရားသည် 'တူမသွေပါစေနှင့်လား'ဟု ဆုတောင်းပတ္ထနာ ပြုပြီးသည့်နောက် အတုမရှိ အသဒိသဘုန်း၊ ပြိုင်နှုန်းဘက်ကင်း၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတည်းဟူသော လူသုံးပါးတို့၏မှန်ကူ သယမ္ဘူထွတ်ထား၊ ခြောက်ပါးသောရောင်ခြည်တော်နှင့်အရှင် ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ၊ ဝိသုဒ္ဓိနုတ် ဘုရားမြတ်ဟု လောကဓာတ်အဝှမ်း ပြန့်မွှန်းလှိုင်ကြူသည့် ရွှေဂူကြီးဘုရားရှေ့တော်မှောက်၌၊ လှိုဏ်ပေါက်တွင် နှစ်ယောက်တူပြိုင်၍ သစ္စာတိုင်စကား မြွက်ကြား လျှောက်တင်ခဲ့ကြသည်မှာလည်း သံသရာတွင် ကြည်လင်သမျှ ဘဝဆက်တိုင်းတို့၌ ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း နားပါရစေ၊ သံသရာကမ်းတစ်ဖက် တည်းဟူသော အသခ်ံတဓာတ် မြတ်သောနိဗ္ဗာန်သောင်ကမ်းသို့ တက်လှမ်းကူးမြောက်ရာ၌ပင် မကွဲမကွာဘဲ အတူယှဉ်ပြိုင်၍ ကူးနိုင်ရပါလို၏ (ဝါ)နိဗ္ဗာန်သို့အတူ ဝင်ရပါလို၏။

တစ်ဦးနှင့်တစ်ဦး (အချစ်)တို့သည် နိဗ္ဗာန်သို့မရောက်မချင်း ချစ်၍မဝနိုင်ပါစေသတည်း၊ ဝသုန္ဓရေ ဤမြေသည် ငါတို့၏သစ္စာကို သိစေသတည်းဟု ဘုရားအား ပန်ကြားလျှောက်ထားကာ၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးကို သက်သေညွှန်းခဲ့ပါသည်ဟူသော နှစ်ဦးယှဉ်ပြိုင်၍ သစ္စာတိုင်ခဲ့ကြခြင်းကို ပြလိုသော မမြကလေးသည် 'တူပြိုင်ဂူလိုဏ်၊ စကားသစ္စာခိုင်၊ သံသာလေကမ်းတိုင်၊ တူပြိုင်ကူးမယ်၊ ဆုထူးငယ်ပန်ရှုယ်သွန်း။ ချစ်လို့ငယ်မကုန်၊ ဝသုန်ဤမြေ သိကြားစေသက်သေညွှန်း၊ ပြန့်မွှန်း မွှေးလှိုင်ကြူလေတည့်မှ သုံးလူ့ထွဋ်မှန်ကူ၊ မတူလေပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံရောင်ဖြိုးလင်း'ဟု စီကုံးဖွဲ့နွဲ့ပြန်လေသည်။

ဤကဲ့သို့ အတိတ်ကာလ အဖြစ်အပျက်တို့ကို ဇာတ်ကြောင်းပြန်ပြီးသည့်နောက် ယခု ပစ္စုပ္ပန်တွင် မည်သူက သစ္စာတည်၍ မည်သူက အချစ်သာသနည်း၊ အချစ်ချင်းပြိုင်ရအောင်ဟု မိမိ၏သစ္စာတည်ပုံနှင့် မိမိ၏အချစ်ကို (ကောက်ပင်ရိတ်လှီး)အပြီးအပြတ်ပြလိုသောကြောင့် မမြကလေးသည် 'ချစ်ချင်းငယ်ပြိုင် မြစ်မင်းပိုင်အဏ္ဏဝါက ပြန်မသာကဲ'ဟု သဖြန် ပထမပိုဒ်ကို ချီးလိုက်လေသည်။

ဤစကား၌ မြစ်မင်းငါးသွယ်၊ မြစ်ငယ်ငါးရာတို့ စီးဝင်ရာဖြစ်၍ မြစ်အပေါင်းတို့ကို ပိုင်စိုးသော အရှင်ဖြစ်သည့် အဏ္ဏဝါဟု ခေါ်ဆိုရာသမုဒ္ဒရာသည် မြစ်အပေါင်းတို့မှ နာရီဗီဇနာမလပ် စီဆင်းသော ရေတို့ဖြင့် ပြည့်သည်ဟူ၍မရှိ၊ ရောင့်ရဲသည်ဟူ၍မရှိ၊ ဤမျှ ရောင့်ရဲခြင်းမရှိ၊ ဖြည့်၍မပြည့်နိုင်သော၊ မဝနိုင်သော သမုဒ္ဒရာ၏ရေနှင့် မမြကလေးက ကုန်းဘောင်မင်းအပေါ်တွင် တဖွားဖွားသက်ရောက်စီးဆင်းလျက်ရှိသော မေတ္တာရေနှင့် ပြိုင်မည်မည်ဆိုလျှင် သမုဒ္ဒရာက မသာနိုင်ဘဲ မမြကလေး၏ အချစ်ဓာတ် မေတ္တာရေက တစ်ပြန်သာ၍လွန်ကဲမည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

'ယွင်းစေ့ဝသုန် ငွေစန်းသော်တာယုန်သို့၊ ကမ္ဘာကုန်ကျယ်ခလေ့မှာ ဘယ်မေ့လိမ့်မလဲ'ဟု အခံပိုဒ်ကို အုပ်လိုက်ရာ၌ ဝသုန္ဓရေဟု ဆိုအပ်သော ဤမြေသည် ကမ္ဘာမီးလောင်



၍ ပျက်ဆုံးသွားသော နေ့သို့တိုင်အောင် လစိမာန်အတွင်းမှ ယုန်ရုပ်သည်တည်ရှိနေမည်ဖြစ်ရာ ကမ္ဘာတည်မည့် အရုပ်(ဝါ) ကပ္ပဋ္ဌီတစ်ပါးဟု ထုံးတမ်းခလေ့ ထင်ပေါ်ခဲ့ပေ၏။ ဤကဲ့သို့ပ ထင်ပေါ်ကျော်စောလှသောခလေ့အတိုင်း ယုန်ရုပ်အရေးသည် မြဲသကဲ့သို့ မမြကလေး၏အချစ်မှာလည်း ကမ္ဘာတည်မည့် ကပ္ပဋ္ဌီ(အချစ်)ဖြစ်၍ ဘယ်တော့မျှ မေ့နိုင်မည်မဟုတ်၊ ကမ္ဘာဆုံးအောင် တည်နေမည့်အချစ် ဖြစ်သည်ဟု ဆိုလိုက်ခြင်း ဖြစ်ပေသည်။

## မောင်ဘွဲ့ ဘုရားတိုင်

သို့ကြောင့် အထက်ဖော်ပြရာပါ အတ္ထုပ္ပတ္တိတို့နှင့်တကွ 'ချစ်သမျှကို'၏ အဓိပ္ပာယ်ယတ္တတို့ကို သတ္တုချလိုက်သောအခါ မိန်းမသားဖြစ်သူ မမြကလေးက မောင်တော်ကုန်းဘောင်မင်းအား ရေးသားဆက်သွင်းသော သီချင်းဖြစ်၍ မယ်ဘွဲ့မဟုတ်၊ မောင်ဘွဲ့သီချင်းဟု တစ်ထစ်ချ မှတ်ယူအပ်သည့်ပြင်၊ အကျဉ်းတိုက်တွင်း၌ အကျဉ်းခံနေရစဉ် လင်တော်မောင်၏ သစ္စာစကားတို့ကို ဘုရားအား ပြန်လှန်လျှောက်ထားတိုင်တည်သော အနေဖြင့် ဖွဲ့ဆိုထားသောကြောင့် သစ္စာတိုင်စာရင်းတွင် ထည့်သွင်းခြင်းမပြုဘဲ ဘုရားတိုင်ပတ်ပျိုးဟု ကမ္ပည်းထိုးထိုက်ပေသည်။

ဤ 'ချစ်သမျှကို'မှာ ဘုရားတိုင် ပတ်ပျိုးပင် ဖြစ်လင့်ကစား မမြကလေးပင် ရေးသားသော 'တိမ်မှောင်ဝေကင်း၊ မြူမှေးရှင်' အစချီသည့် လောကနတ်သံ ဘုရားတိုင်ပတ်ပျိုးကဲ့သို့ လွမ်းမှု၊ ပူမှု၊ စိတ်နာမှု၊ လင်၏ရက်စက်မှုတို့ကို ဖော်ပြသော စကားလုံးတို့မပါမရှိရကား။ ဘုရားတိုင်မှန်း အသိခက်၍ သစ္စာတိုင်ဟု ထင်မှတ်မှားနေကြပေသည်။

'တိမ်မှောင်ဝေကင်း'ကို ရေးစဉ်အခါ၌ကား ဤသို့ ရာဇဝတ်သင့်နေသောအခါမဟုတ်သဖြင့် 'မရှင်ပါလားလား ပျော်ပါး ခုရောက်ပဲ၊ ဖင့်နွဲ့ကြာတင် ကျွမ်းဝင်ကြင်သက်ထား၊ လှည့်လည်ပျော်ပါးသူများနှင့်သာ ငါမင်းကိုကား စိတ်ထားမှတ်စွဲရာ၊ တင်းတင်းစိတ်အာသာ' စသည်ဖြင့် ရန်တွေ့တီးလုံးများနှင့် လင်ကို ခနဲ့နိုင်သောအခါ ဖြစ်၏။

'ချစ်သမျှကို'ကို ရေးရသောအခါသည်ကား ရာဇဝတ်ဘေးကြီးကို ခံနေရသောအခါဖြစ်ပေရာ လင်အပေါ်၌ မိမိ၏အချစ်တည်မြဲကြောင်းကို ထင်ရှားမှသာလျှင် အသက်ဘေးမှ ချမ်းသာရာရနိုင်တော့မည်ဖြစ်၍၊ ရန်တွေ့တီးလုံးများကို ဖယ်ရှားကာ အချစ်ကို လက်စွမ်းကုန် ပြလိုက်ရပေတော့သည်။ အချို့မဟာဂီတစာအုပ်တို့တွင်'ချစ်သမျှကို'ပတ်ပျိုးကို ပုံနှင်း ဦးနေဦး ရေးသော မယ်ဘွဲ့ပတ်ပျိုးဟု မှားယွင်းဖော်ပြထားပေသည်။ စင်စစ်ကား မမြကလေးရေးသော ပတ်ပျိုးအစစ်အမှန်ဖြစ်ပေသည်။

www.burmeseclassic.com



(မှတ်ချက်) ဤချစ်သမျှကိုပတ်ပျိုးတွင် မယ်ဘွဲ့၊မောင်ဘွဲ့၊အချစ်ဘွဲ့များနှင့် ပတ်သက်သည့် နမူနာကဗျာများကို ဆရာ့ဆောင်းပါးတွင် ဖော်ပြထားရာ ရှည်အံ့စိုး၍ ထိုကဗျာမျိုးမည်များကို ဖြုတ်ထားခဲ့ပါသည်။ အထက်ပါပတ်ပျိုး၏ အဖွင့်ဆောင်းပါးတွင် ဆရာ၏ ရေးသားထားချက်များကို ကွက်ကွက်ကွင်းကွင်း ဖတ်ရခြင်းဖြင့် ယင်းအချစ်မေတ္တာနှင့် ပတ်သက်သည့်ခေတ်ကာလ ကဗျာဉာဏ်တွင် ဆရာသည်မည်မျှချက်ပိုင် နိုင်နင်းကျွမ်းကျင်ကြောင်းကို ဖော်ပြခြင်းတစ်ရပ်ပင် ဖြစ်သည်။

ထိုသို့ နိုင်နင်းကျွမ်းကျင်မှုကြောင့်ပင် စပယ်အမည်ဖြင့် ဆရာရေးခဲ့သော ချစ်သောအာရုံဝတ္ထုရှည်ကြီးများ၊ ဗွေသီဟာ ရာဇဝင်ဝတ္ထုရှည်ကြီးများမှာ မည်မျှကျော်ကြားကာ လူကြိုက်များခဲ့ရခြင်းအကြောင်းကိုလည်း ခန့်မှန်းနိုင်ပေသည်။ (ဤသို့ ကျွန်ုပ်တို့လို တပည့်တစ်ဦးအနေဖြင့် ဆရာ့အား ချီးကျူးနေခြင်းသည်ပင် အပြစ်ဒေါသများ သင့်နေမည်လားဟု စိုးရိမ်မိကာ စာဖတ်သူများ ခွင့်လွှတ်ကြစေလိုကြောင်း တောင်းပန်အပ်ပါသည်)။

မည်သို့ဆိုစေ၊ ဆရာ၏ ယခု'ချစ်သမျှကို' အဖွင့်ဆောင်းပါးတွင် ကျွန်ုပ်တို့အထူးသတိပြုလေ့လာအပ်သော အချက်တစ်ခုမှာကား မူလစာကိုယ်ရှင်၏ ချစ်မေတ္တာကြီးမားခြင်း အနက်အဓိပ္ပာယ်အာဘော်ကို လိုက်မှီအောင်ပိုင်နိုင်စွာ ဖွင့်ဆိုထားသော အချက်ပင်ဖြစ်ကာ ဤ'ချစ်သမျှကို'နှင့် ပတ်သက်၍ ဝိဝါဒကွဲပြားချက်များကို ဖွင့်ဟရှင်းလင်းထားသော အချက်များမှာလည်း ဆရာ၏နှံ့စပ်ကျယ်ဝန်းလှသော ဂီတကဗျာဉာဏ်ကို အထူးလေးစားသမှု ဂရုပြုဖွယ်အချက်ပင် ဖြစ်ပေသည်။

□

## နောက်ဆက်တွဲ (၃)
## လှိုင်ထိပ်ခေါင်တင်၏ ရေယမုန် ပတ်ပျိုးဆောင်းပါး

'ရွှေဖျိုင်းညို၊ ရေကန်ရိုး၊ ထိုးတဲ့ငါးရှင်၊ ကျောင်းအောက်ကိုဝင်တယ်လေမှ၊ မကြီးငယ် ရွှေစာသင်'

'ကြောင်ဖားကြီးရယ်တဲ့...မြီးတံတို၊ အဆီကိုစားပါလို့ အသားကိုမျို၊ ကြောင်အိုပေမေ့း၊ ကိုက်လိမ့်မယ်လေး...'

'ဟီးလေးရယ်တဲ့ ပေါက်ပင်၊ ရေပေါ်လွှမ်းတဲ့ ကန်စွန်းပင်၊ နေဝင်ခါနီး၊ ကန်စွန်းသီး...'

အထက်ပါ တေးသီချင်းကလေးများကို မကြားဘူးသူကား ရှားပေလိမ့်မည်။ မိမိတို့ကိုယ်တိုင် အသက်အရွယ် အလွန်နုနယ်သော နို့စို့ကလေးအရွယ် ငယ်စဉ်ကာလက မိခင်၏ရင်ခွင်ထက်တွင် လက်မောင်းကို ခေါင်းအုံးလျှက်ဖြစ်စေ၊ သို့တည်းမဟုတ် အိမ်ထုတ်မှ တွဲလျားချ၍ ဆင်ထားသော စောင်ပုခက်ကလေးအတွင်း၌ဖြစ်စေ၊ သစ်သားဖြင့် ပြုလုပ်ထားသော ဆောင်ပန်းပုခက်အတွင်း၌ဖြစ်စေ မိခင်သိပ်၍မအိပ်နိုင်ဘဲ နွဲ့ဆိုးဆိုးကာ တအာအာ တအီအီ ငိုမြည်ကန်ကျောက်၍နေသောအခါ မိခင်တို့သည် သားသွင်ငယ် အိပ်ပျော်စေကြောင်းဖြင့် ဖျားယောင်းချော့မော့ကာ အထက်ပါသီချင်းကလေးမျိုးကို သီဆို၍ အငိုတိတ်အောင် သိပ်ခဲ့ဖူးကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မိမိတို့ကိုယ်တိုင် ကလေးဘဝတွင် အထက်ပါ သီချင်းမျိုးဖြင့် မိခင်တို့က ချော့မော့သိပ်၍ အိပ်ပျော်ခဲ့ကြဘူးသည်ကို မမှတ်မိကြစေကာမူ မိမိတို့၏တစ်သက်လျာတွင် သားသည်မိခင်တို့သည် အဆိုပါတေးသီချင်းတို့ဖြင့် ပုခက်လွှဲ၍ ကလေးသိပ်နေကြသည်ကို ကြိမ်ဖန်များစွာ တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးကြပေလိမ့်မည်။ သို့ကြောင့် ဤတေးသီချင်းမျိုးကို (သားချော့သီချင်း)(ကလေးချော့သီချင်း)ဟု အမှတ်ထားကြကုန်၏။ ခေါ်ဝေါ်သမုတ်ကြကုန်၏။

ထီးနန်းစဉ်လာ မဟာဂီတဆိုင်ရာ သီချင်းစုတို့၌ကား ကလေးချော့သီချင်းများကို 'ပိမ္မာကျူး'ဟူ၍လည်းကောင်း၊ 'ပိမ္မာလွှဲချင်း'ဟူ၍လည်းကောင်း၊ 'ဧယဉ်တော်ချင်း'ဟူ၍လည်းကောင်း ခေါ်ဆိုကြကုန်၏။ ကဗျာဂီတကိုဏ်းတွင် ထိုသို့ဝေါဟာရအမည်များ ထင်ရှားရှိလင့်ကစား အရပ်သူ အရပ်သားတို့အစဉ်အလာ သုံးစွဲကြသည့် အထက်ဖော်ပြပါ တေးသီချင်းကလေးမှာ 'ကျူးချင်း၊ လွှဲချင်း၊ ဧချင်း'စသော အမည်များကို မရရှာကြပေ၊ ထီးသုံးနန်းသုံးမဟုတ်သော အရပ်သုံး တေးသီချင်းများသာ ဖြစ်ကြသောကြောင့် (ကလေးချော့သီချင်းကလေးများ)ဟူသော သာမညအမည်၊ သေးနုတ်သောအမည်၊ ခန့်ညားထည်ဝါခြင်း မရှိသောအမည်ဖြင့်သာ နေကြရရှာပေ၏။ မျက်နှာငယ်ကြရှာပေ၏။

(ဤနေရာတွင် ဆရာသည် ဧချင်းအစောင်စောင်တို့၏ အမည်များကို ဖော်ပြထားရာ ရှည်အံ့လွန်းမည်စိုး၍ ခြွင်းချန်ထားခဲ့ပါသည်။)

ရွှေနန်းစဉ်လာ မဟာဂီတစာရင်း၌ သားချော့ဆိုင်ရာပတ်ပျိုးသီချင်း၊ ယိုးဒယားသီချင်း၊ တလိုင်းသံသီချင်းတို့ ပါရှိပေရာ၊ ယခုအခါတွင်း သိင်္ဂါပတ်ပျိုးဟူသော အမည်ဖြင့် ထင်ရှားသည့် 'သိင်္ဂါရွှေရောင်' အစချီပတ်ပျိုးသည် ပုဂံထိပ်ထား မြပုခက်တင်မင်္ဂလာတွင် ပြင်စည်မင်းသား ရေးဆက်သော ပိမ္မာလွှဲချင်းပတ်ပျိုးပင် ဖြစ်ပေသည်။ မြဝတီမင်းကြီးရေးသော 'ရွှေဘုန်းသမ္ဘာန်ရှိန်လေတည့်မှ နေနှုန်းအသမ္ဘိန်' အစချီပတ်ပျိုးမှာ အိမ်နောင်ဇာတ်တွင် အိမ်နောင်မင်းသား၏ ကျူးချင်းပတ်ပျိုးဖြစ်သည်။ ဝက်မစွတ်မြို့စား မင်းကြီးမင်းထင် မဟာစည်သူရေးသည့်'မန်းအောင်မြေခင်း' ချီပတ်ပျိုး၊'စိန်ခြူးအုံမှုံညာရွှေ' ချီယိုးဒယားတို့သည်လည်း ဧယဉ်တော်ချင်းများဖြစ်ကြ၍ ပြင်စည်မင်းသားရေးသည့် 'စိန်မြရံခြယ်သနင့်သောင်းကျေးဒီပါဒွေ'အစချီ တလိုင်းသံနှစ်ပိုဒ်မှာ ပိမ္မာလွှဲချင်းဟူသော အမည်ဖြင့် ဂီတနယ်တွင် ကျော်စောသော သီချင်းများ ဖြစ်လေသည်။

ဤသို့လျှင် သားချော့သီချင်းများအနက် အရပ်သုံး သီချင်းတို့မှာ မျက်နှာငယ်ကြလျက် ထီးတွင်း-နန်းတွင်းမှ သားချော့သီချင်းတို့မှာ ဧချင်း၊ ကျူးချင်း၊ လွှဲချင်း၊



ဧယဉ်တော်ချင်း၊ ပိမ္မာလွှဲချင်းဟူသော ထည်ဝါခန့်ညားသော အမည်နာမတို့နှင့် မျက်နှာကြီးကြကုန်၏။ ဂုဏ်မောက်ကြကုန်၏။ အဘယ်ကြောင့် အရပ်သုံးကလေးချော့တို့မှာ မျက်နှာငယ်ကြရှာ၍ ထီးသုံးနန်းသုံးတို့မှာ မျက်နှာကြီးရပါသနည်းဟု ထိုတေးသီချင်းနှစ်မျိုးနှစ်စားတို့၏ ခြားနားခြင်းကို လက်ဦးစွာတွေ့ရှိ စဉ်းစားမိသူမှာ 'လှိုင်ထိပ်ခေါင်တင်' ဟု ကဗျာဝင်တွင် ထင်ရှားကျော်ကြားခဲ့သော အိမ်ရှေ့ မိဖုရားဖြစ်ပေသည်။

လှိုင်ထိပ်ခေါင်တင်မှာ ကုန်းဘောင်မင်း၏ အနောက်နန်း မိဖုရားမမြကလေးတွင် မြင်သော သမီးတော်ဖြစ်ပေရာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ရွှေလက်ထက်တော်တွင် ညီတော် မင်းတပ်မြို့၊ ကနောင်မြို့စား အိမ်ရှေ့မင်း၏ မိဖုရားဖြစ်၍ အိမ်ရှေ့ထိပ်ခေါင်တင်ဟူ၍လည်းကောင်း၊ လှိုင်မြို့ကို စားရသဖြင့် လှိုင်ထိပ်ခေါင်တင်ဟူ၍လည်းကောင်း ထင်ရှားလျက် 'သီရိသုမြတ်စွာ ရတနာဒေဝီ'ဘွဲ့ကို ခံယူရသူဖြစ်ပေသည်။

သို့ရာတွင် အဆိုပါ လှိုင်ထိပ်ခေါင်တင်၏ မယ်တော် မမြကလေးမှာ ရွှေလင်ပန်းနှင့် အချင်းဆေးရသော မဟာဆီမဟာသွေးမဟုတ်၊ သာရဝေါပဲ့နင်းပျံချီနှင့် မယ်အိတို့၏ သမီး အရပ်သူကလေးမျှသာဖြစ်၏။ သို့ကြောင့်ပင် သမီးတော် လှိုင်ထိပ်ခေါင်တင်မှာ ထီးလယ် နန်းလယ်၌ ကြီးပြင်းလာရစေကာမူ မယ်တော်အရပ်သူ မမြကလေးက အရပ်သားချော့တေးသီချင်းကလေးများဖြင့်လည်း ရံဖန်ရံခါ ချော့မော့၍ နှစ်သိမ့်ခြင်းကို ငယ်စဉ်က ခံယူခဲ့ရပေလိမ့်မည်။ ထိုတေးသီချင်းအချို့ကိုလည်း မှတ်မိတန်သလောက် မှတ်မိခဲ့ပေလိမ့်မည်။

မိမိကိုယ်တိုင်ကလည်း ထီးတွင်း နန်းတွင်း၌ ကြီးပြင်းလာရစေကာမူ အရပ်သူမှ မွေးခဲ့ရကား အရပ်သွေးမကင်းသည့်အလျောက် ထီးနန်းတို့၏ ကျပ်တည်းကျဉ်းမြောင်းလှသော ထုံးတမ်းစဉ်လာ မင်္ဂလာမင်းခမ်းတို့အတွင်း၌သာလျှင် စိတ်ဝင်စားခြင်းမပြုနိုင်ဘဲ အရပ်သူတို့၏ အသုံးအနှုန်း၊ ထုံးတမ်းစဉ်လာတို့ကိုလည်း သက်ညှာမြတ်နိုးဟန်ရှိပေရာ အရပ်သုံး သားချော့တေးသီချင်းကလေးတို့၏ သာယာနာပျော်ဘွယ်ရှိပုံ၊ အမြောက်အပင့် အဖွဲ့အနွဲ့မပါ ရိုးတာတာကလေးများဖြစ်၍ ချစ်စရာ တစ်မျိုးကောင်းပုံ စသည်တို့ကို နှစ်သက်လှသဖြင့် ထိုအရပ်သုံး သားချော့တေးသီချင်းများကို အရပ်သုံးမှ ထီးသုံးနန်းသုံးဖြစ်အောင် မျက်နှာငယ်ဘဝမှ မျက်နှာကြီးဘဝသို့ ရောက်အောင် အဆင့်အတန်း မြှင့်တင်ပေးတော့မည်ဟူသော စိတ်ထားဖြင့်...

မိမိ၏ ထန်းတစ်ပင်မင်းသားဟူသော သားတော်တစ်ပါး ဖွားမြင်တော်မူရာ၌ မြပုခက်တင် မင်္ဂလာအခမ်းအနားတွင် အထိန်းတော်၊ အချီတော်တို့အား ချော့မှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



အရပ်သူကမွေးခဲ့သော အရပ်သွေးပီပီ အရပ်သုံးဖြစ်သည့် (ရွှေဖျိုင်းညို လွဲချင်း၊ ကြောင်ဖားမြီးတံတို လွဲချင်း၊ ဟီးလေးပေါက်ပင် လွဲချင်း) ဟူသော အထက်ပါကလေးချော့ တေးသီချင်းသုံးပုဒ်ကို ပေါင်းစည်း၍ အရပ်သုံးဘဝမှ ပြင်စည်မင်းသားရေးသည့် ‘ပိမ္မာလွဲချင်း’ ‘သိင်္ဂီရွှေရောင်’တို့နှင့် တစ်တန်းတစ်စားတည်း ထားလောက်အောင် ထီးသုံး နန်းသုံးဘဝသို့ ရောက်အောင် ရွှေဘုံနိဒါန်း မင်းခမ်းဆိုင်ရာ အလင်္ကာဂုဏ်တို့ဖြင့်(ရေယမုန်)ဟူသော ပိမ္မာလွဲချင်းပတ်ပျိုးတစ်ပုဒ်ကို ကဗျာဉာဏ်ကျက်စားသလောက် ကိုယ်တော်တိုင် စီကုံးရေးသားလိုက်ခြင်းပင် ဖြစ်ပါသည်။

ယင်းအထက်ပါ ပိမ္မာလွဲချင်းပတ်ပျိုးကလေးမှာ သီဆိုရာ၌ အထစ်အငေါ့မရှိ ကာရန်စဉ် အသံစဉ် အလွန်ကျစ်လစ်ပြေပြစ်ပေရာ ရေးသားသူမှာ တူရိယာဂီတ အတီးအဆိုဖက်တွင် မည်မျှကျွမ်းကျင်သူဖြစ်ကြောင်းကို သီချင်းက သက်သေခံလျက် ရှိလေသည်။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်မှာ ကိုယ်တော်တိုင် စောင်းတီးတတ်သူဖြစ်ပေရာ မိမိစီကုံးဖွဲ့နွဲ့ရေးသားသော တေးသီချင်းများကို မိမိအပါးတော်၌ ခစားရသော ‘ခင်အို’အား တေးသွားချပေးပြီးနောက် သီဆိုစေလျက် ကိုယ်တော်တိုင်စောင်းဖြင့် လိုက်၍ တီးလေ့ရှိသော ဟူ၏။

ဤ‘ရေယမုန်’ပတ်ပျိုးအစတွင် (ငှက်လိမ္မာ၊ မကြာခေါင် စေခိုင်းမယ်ပါ့လေး)ဟု ‘ခေါင်’ဟူသော စကားတစ်လုံးထည့်၍ သုံးထားပေရာ ထီးနန်းတို့ဓလေ့ထုံးစံ ဝေါဟာရ အသုံးအနှုန်းတို့အရ အိမ်ရှေ့ထိပ်ထားသည် မိမိကိုယ်ကိုယ်‘ခေါင်’ဟူ၍ သုံးနှုန်း ပြောဆိုမြဲ ဖြစ်သည့်အတိုင်း ‘ခေါင် စေခိုင်းလိုက်မည်’ဟု ရေးသားထားခြင်း ဖြစ်လေသည်။

ဤပတ်ပျိုးတွင် အိမ်ရှေ့ထိပ်ထားသည် ‘ရွှေဖျိုင်းညို–ရေချိုကန်ရိုး၊ ထိုးတဲ့ငါးရှင့်၊ ကျောင်းအောက်ကိုဝင်’ စသော ပထမဆုံးအရပ်သုံး ကလေးချော့သီချင်းကို အရပ်သုံးမှ နန်းသုံးစာရင်းသို့ သွတ်သွင်းနိုင်လောက်အောင် ဖွဲ့နွဲ့ချဲ့ထွင် တန်ဆာဆင်ထားပုံမှာ များစွာ အတုယူဖွယ်၊ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ယမုန်သီတာ စသော စကားမှာ မြစ်ချောင်းဟော ပရိယာယ်တို့ဖြစ်၍ အမ္ဗုန်မှာ ရေဟောပရိယာယ်ဖြစ်ပေရာ ‘မြေချမ်းကြည်သော ရေအယဉ်သို့ တသွင်သွင်စီး၍နေသည့် မြစ်ချောင်းကြီးများရှိရာအရပ်သို့ မေမေ့သားကြီးအား ပေးဖို့ ငါသွားကောက်ရန် ဖျိုင်းလိမ္မာကလေးကို ခေါင်က မကြာခင် စေခိုင်းလိုက်ပါ့မည်။ ဖျိုင်းလိမ္မာကလေးသည် အတောင်ကလေးနှစ်ဘက်ကို ဝိုင်းနေအောင် စုံခတ်၍ အဇတာနဘံ တိမ်ယံခရီးမှ ရေအယဉ်တသွင်သွင်စီးနေသော မြစ်ကြီး၏ ငွေသဲသောင်ပြင်သို့ အလျင်အမြန် ပျံ၍



သွားပါလေ’ဟူသော အဓိပ္ပာယ်ဖြင့် ‘ရေယမုန်၊ အမ္ဗုန်သီတာ တိုင်းငယ်သို့လေး၊ ငှက်လိမ္မာ မကြာခေါင် စေခိုင်းမယ်ပါ့လေး။ တောင်ဝိုင်းစုံလွှင့်၊ မြင့်တိမ်ယံဘွေ၊ ရေယဉ်စီးပါတဲ့ မြစ်ကြီးငယ်သောင်ခြေ’ဟု ဖွဲ့နွဲ့လိုက်သော အိမ်ရှေ့ထိပ်ထား၏ ကဗျာဉာဏ်၊ စဉ်းစားဉာဏ်တို့မှာ အတုယူလောက်ပေ၏။

ထိုမြစ်ကြီး၏ သဲသောင်ခုံသို့ရောက်သောအခါ ရေမျက်နှာပြင် ရေအယဉ်တို့ အပေါ်၌ မြရည်လိမ်းသကဲ့သို့ စိမ်းစိမ်းလန်းလန်း ဖုံးလွှမ်းနေကြသည့် မှော်ပင်များအကြား၌ ဘာသာဘာဝ ပျော်ပါးမြူးတူးစွာ ကူးခတ်သွားလာနေကြသည့် ရွှေအရောင် ရွှေအဆင်းရှိသော ငါး၊ ငွေအရောင်ငွေအဆင်းရှိသော ငါးကလေးများကို ဖျိုင်းလိမ္မာကလေးသည် ကမ္ဗုထီးရှင် နတ်သွင်တမျှ လှပသော အိမ်ရှေ့ထိပ်ထား‘ခေါင်’၏ သားကလေးဖို့ မိမိ၏ နှုတ်သီးဝါဝါကလေးအကြားတွင် ကိုက်ချီယူဆောင်လာခဲ့ပြီး ပန်းလွှာချပ်ကလေးကဲ့သို့ နုဖတ်လှသော ‘ခေါင်’၏ရွှေသွေး ‘ခေါင်’၏သားကလေးကိုပေးပါ။ ငွေအဆင်းကဲ့ သို့သော ကိုယ်မွေးဖွေးဖွေးဖြူလှသည့် ဖျိုင်းလိမ္မာကလေးသည် ကျောင်းအောက်သို့ ဝင်ခဲ့ပါဟူသော တီတီတာတာ ပလီပလာ ချစ်စရာအဓိပ္ပာယ်တို့နှင့် ‘ရွှေ ရွှေ ရွှေရောင်သား၊ ငွေ ငွေ ငွေရောင်သား၊ မြရေယဉ် မှော်ပင်ကြား၊ မြူးစံတဲ့ငါး၊ လေးမယ့်ခင် နတ်သွင်ထား ဘုန်းမယ် ရို့သား၊ နှုတ်ဖျားဝါဝါ ပန်းလွှာငယ်ရွှေသွေး၊ ချီကာယူလို့ပေး၊ ကိုယ်မွေးတဲ့ သိင်္ဂါ၊ ဖြူစွာ ငွေသွေး ကျောင်းဝင်ခဲ့လေး’ဟု စသည်ဖြင့် ဖွဲ့နွဲ့ရေးသားထားလေသည်။

သားတော် ရွှေသွေး လူကလေး၏ အချီတော် အချော့တော်များဖြစ်ကြသည့် မန္တလာဇေယျ ရွှေဘုံနန်းသူကလေးတို့သည် ချိုအေးသာယာ ချောင်းစွာ ဖျိုင်းလိမ္မာကလေးထံမှ ငါးကလေးကို မရ ရအောင် ရှိခိုးဦးတင်တောင်းယူခဲ့ကြပါဟူသော အဓိပ္ပာယ်နှင့် ‘ရွှေဘုံသူကလေးငယ်တို့ ချိုအေးသံသာ စုံဆယ်လီ ရှိရင်ညောင်းတယ်လေး တောင်းယူခဲ့ပါ’ဟု ဆက်လက်သီကုံးထားပြန်ရာ (ရေယမုန်)ဟူသောအပိုဒ်မှ (တောင်းယူခဲ့ပါ)ဟူသော အပိုဒ်အထိ ကဗျာအဖွဲ့အနွဲ့တို့မှာ ပထမ (ရွှေဖျိုင်းညို)သားချော့ လွဲချင်းကလေးတစ်ပုဒ်တည်းကိုပင် ချဲ့ထွင်ထားသော အဖွဲ့အနွဲ့များ ဖြစ်ပေတော့သည်။

ထိုမှတစ်ဖန် ဆက်လက်၍ ဒုတိယမြောက်ဖြစ်သော ‘ကြောင်ဖားကြီး မြီးတံတို’ လွဲချင်းကို အဆင့်အတန်းမြင့်လိုသော အိမ်ရှေ့ ထိပ်ထားသည် ဂေါ်သဇင်အညှာကဲ့သို့ နုနယ်လှသော သားတော်မောင်ကလေးသည် မယ်တော်၏အချစ်ကို အားကိုးပြီး မယ်တော့် အပေါ်၌ နွဲ့ဆိုးဆိုးကာ မျက်ရည်အသွယ်သွယ် ကျလုမတတ် ငို၍နေပြန်လေပြီ။ မိန့်ကြိုး သွယ်ကဲ့သို့ ရှုချင့်စဖွယ်တင့်တယ်လှသော အမေ့သားကြီး အငိုတိတ်ပါတော့၊ မတိတ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဖားကြီးလာပြီး ကိုက်စားလိမ့်မယ်'ဟူသော အဓိပ္ပာယ်မျိုးတို့ဖြင့်'နွဲ့နွဲ့မာန်ကိုးငယ်နှင့် (အို) ဆိုးလိုက်တာ၊ မြမျက်ရည် ဝေါဇင်ညှာက ငိုရှာလုနီး၊ မေ့မောင်ကြီးရယ်တဲ့ စိန်ကြိုးသွယ်၊ ဟာ တီတ်ပါကွယ်၊ ကြောင်ညိုဖားငယ်လေး စားတတ်လှတယ်' စသော အသုံးအနှုန်းတို့ဖြင့် ဆက်လက်သီကုံး ဖွဲ့နွဲ့ပြန်လေသည်။

ထိုမှတစ်ဖန် (ဟီးလေးရယ်တဲ့ပေါက်ပင်၊ ရေပေါ်လွှမ်းပါတဲ့ ကန်စွန်းပင်၊ နေဝင်ခါနီး ကန်စွန်းသီး)ဟူသော တတိယအရပ်သုံး လွဲချင်းကို အဆင့်အတန်းမြင့်တင်ရာ၌ ထီသံနန်းသံဆန်ဆန်ကြီးဖြင့် (ရေပေါ်မှာ လွှမ်းပါတဲ့ ကန်စွန်းနွယ်၊ ဒေါင်းဖလ်ဝါရောင်စုံကွယ်တော့၊ ခိုင်ရွှေနွယ်သီး၊ ဇမ္ဗူရည်ထီးမှာတော့ အငြီးတော်ပြေ၊ ယိုလေးသံသာ၊ စိန်ရီးညှာလွဲမယ်လေး၊ နွဲ့ဟန်လို့သာ)ဟု ဖွဲ့နွဲ့လိုက်ပြန်ရာ နေဝင်သည်ကို (ဒေါင်းဖလ်ဝါရောင်စုံကွယ်တော့) ဟူ၍လည်းကောင်း၊ ကန်စွန်းသီးကို (ခိုင်ရွှေနွယ်သီး)ဟူ၍လည်းကောင်း ရေးသားထားပုံမှာ ထီးနန်းသံပါလှပေသည်။ ထိုကဗျာပိုဒ်မှာ 'စိန်ရီးစိန်ရွက် အခက်အညှာကလေးနှင့်တူလှသော မေ့သားကြီးကို ရွှေနန်းတော်အတွင်း၌ အငြီးတော်ပြေဖို့ရန် မေမေက (ဟီးလေးပေါက်ပင်) သီချင်းဖြင့် ယိုးယီးလေး ယီးဆိုကာ မြပုခက်ကို လွှဲ၍ သိပ်ပါမည်။ မေ့သားကြီး အိပ်ပါတော့'ဟူသော အဓိပ္ပာယ်ဖြင့် ဖွဲ့နွဲ့ထားသော ကဗျာပိုဒ်ဖြစ်လေသည်။

သီချင်းအဆုံး သဖြန်သံထောက်၌ 'သားသက်လျာကလေးသည် ရန်ရှာပြီး အလကားဆိုးမနေပါနှင့် အငိုတိတ်ပါတော့ အာဒိစ္စဗန္ဓု၊ အာဒိစ္စကုလ ဖြစ်သော ကပ်ဦးမဟာ သမ္မတမင်းမှ နန်းရိုးမပျက် ဆင်းသက်လာခဲ့သဖြင့် နေနတ်မျိုးဖြစ်သည့် နန်းညွှာက်နန်းလျာ ရှင်ဘုရင်လောင်းကလေးဖြစ်သော မေမေ့သားကြီးသည် ပင်တိုင်မြနန်း စံမြန်းလာခဲ့သောမေမေ စိတ်မကောင်းအောင် ပူမနေစမ်းပါနှင့်' ဟူသော အဓိပ္ပာယ်ဖြင့် (တိတ်ပါတော့ သက်လျာငယ်၊ ရန်ရှာလို့ဆိုး၊ မေ့မောင်ကြီးပူပါနှင့် ပင်တိုင်သူစိတ် မကောင်းအောင် လောင်းနေနတ်မျိုး)ဟု ဖွဲ့ဆိုခြင်း ပြုထားလေသည်။

(မှတ်ချက်)။ အမှန်အားဖြင့် အထက်ပါလိုင်ထိပ်ထား၏ ရေယမုန်ပတ်ပျိုးမှာ မူလစာကိုယ်ထက် ဆရာ၏အဖွင့်ဋီကာက တစ်နည်းအားဖြင့် ပို၍ အဓိပ္ပာယ်လေးနက်ပေါ်လွင်ကာ စိတ်ဝင်စားဖွယ်ဖြစ်သွားရသည်ဟုဆိုလျှင် မမှားနိုင်ကြောင်း၊ ယခုစာဖတ်သူများနှင့် ဂီတပညာရှင်အားလုံး ရိပ်စားဝန်ခံရပေလိမ့်မည်။



သို့သော် ဆရာသည် မူလစာဆိုရှင်၏ ဂုဏ်ပုဒ်နှင့် လေးစားမှုကို မထိခိုက် မပျက်စီးစေဘဲ ယခုကဲ့သို့ မြန်မာပြည်သစ်နှင့် မြန်မာခေတ်ကို ပြန်လည် ထူထောင်လျက်ရှိသော အချိန်မျိုးတွင် မြန်မာ့စာပေ ကလောင်ရှင်စာဆို ကဗျာထိုရ်ပုဂ္ဂိုလ်အများသည် ယခုလိုင်ထိပ်ခေါင်တင်နှင့် ရေယမုန်ပတ်ပျိုးကို စံနမူနာရှေ့သွား မှိုင်မြင်းထားလျက် အောက်တန်းစားဘဝသို့ နိမ့်ကျနေသော မြန်မာစာပေအဆင့်အတန်းကို တင့်လျှမ်းမြင့်မောက် ထိပ်တန်းရောက်အောင် ချီးမြှောက်နိုင်ပါစေကြောင်း နိဂုံးစကားဖြင့် ဂုဏ်ပြုရေးသားထားခြင်းမှာ ဆရာ၏ နှိမ့်ချသော ပညာရှင်ပီသသည့် မွန်မြတ်လှသော စိတ်ထားကို ဖော်ပြထားခြင်းပင် ဖြစ်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၄)

## ဂီတပညာဆိုင်ရာ လေးနက်သော အမေးများ

သန်လျင်မြို့
၁၈–၄–၄၆

ဦးမင်းခင်ဗျား၊

အကြောင်းမှာ အောက်ဖော်ပြပါ ဂီတပညာနှင့်သက်ဆိုင်၍ မရှင်းလင်းသော အချက်ကလေးများကို ကျွန်တော် များစွာလေ့လာမှတ်သားဆည်းပူးလိုပါသဖြင့် ဦးမင်း အားလပ်သောအချိန်တွင် ကျေးဇူးပြု၍ ရှင်းလင်းပြသပါရန် ရှိသေစွာ တောင်းပန်ပါသည် ခင်ဗျား။

၎င်းအချို့အချက်များကို ကျွန်တော်၏ဆရာရင်း ကွယ်လွန်သူ ဦးထွန်းဖေ (ထို ဦးထွန်းဖေမှာ စောင်း ဦးထွန်းဖေဖြစ်၏)နှင့်တကွ အချို့ တတ်သိနားလည်သော ဆရာကြီးတို့ကို မေးကြည့်ခဲ့ဖူးပါသည်။ သို့သော် ကျွန်တော်ကား ကောင်းစွာ မရှင်းလင်းခဲ့သည်လည်း တစ်ကြောင်း၊ ယုံမှားသံသယမကင်း ဖြစ်ခဲ့သည်လည်းတစ်ကြောင်းကြောင့် ထပ်မံ၍ ဦးမင်းကို တောင်းပန်ခြင်းဖြစ်ပါသည်ခင်ဗျား။ ကျွန်တော်မေးခဲ့သော ဆရာကြီးများမှာ ဂီတပညာတွင် အတော်ပင် ခရီးရောက်သူများ ဖြစ်ကြသော်လည်း ဦးမင်းလောက် ဂီတပညာဗဟုသုတ ရှိကြလိမ့်မည်မဟုတ်ဟု ကျွန်တော်ယုံကြည်ပါသည်။

ကျွန်တော် မရှင်းလင်းသောအချက်မှာ–

၁။ မြဝတီမင်းကြီး ဦးစ အစရှိသော ရေးစာဆိုတော်ကြီးများသည် သီချင်းခံပတ်ပျိုး



ယိုးဒယားသီချင်းကြီးများကို မည်ကဲ့သို့သော နည်းစနစ်ကို အမှီပြု၍ စပ်ဆိုသီကုံးရေးသားကြပုံ၊

(က) သီချင်း၏ အသွားကို မည်ကဲ့သို့ အမှတ်အသားဖြင့် အလိုရှိသော အသံများကို မှတ်သားပုံ၊

(ခ) ယခု နိုင်ငံခြားသားများ အသုံးပြုသော (Note နုတ်)ခေါ် အသံကို မှတ်သား၍ ရသောနည်းမျိုး ရှေးအခါက ရှိ/မရှိ၊ သုံး/မသုံး။

(ဂ) သီချင်းသားကိုရေးပြီးမှ တီးကွက်အလိုက်ရှာသည်၊ သို့မဟုတ် တီးကွက်အလိုက်ရှာပြီးမှ သီချင်းသား ထည့်သွင်းသည်။

(ဃ) တောအတွင်း တောင်အတွင်းမှနေ၍ စပ်ဆိုသော သီချင်းများမှာ မည်သို့မည်ပုံ နည်းဖြင့် သီချင်းအလိုက် ဖြစ်ပေါ်လာအောင် ဖန်တီး တန်ဆာဆင်ပုံ။

၂။ မြန်မာသံစစ်စစ်အသံ (၇)ပါးမှာ မည်ကဲ့သို့သောနည်းစနစ်အရ အမျိုးအစားအလိုက် ဝေပုံချထားသည်–

(က) ပတ္တလားကြေးဝိုင်းများတွင် အသံကိုမှူ၍ ညှိထားသော အသံသေ ကီရိယာမျိုးရှိ အသံစဉ်များမှာ မြန်မာသံစစ်စစ် အသံ(၇)ပါးဟု ဆိုလိုသည်(သို့မဟုတ်)၊

(ခ) စောင်းပတ်ဝိုင်းများတွင် တီးသော သူ၏ နားအရ အသံစွဲဆောင်ညှိထားသော အသံရှင်ကီရိယာမျိုးရှိ အသံစဉ်များကိုမှ မြန်မာသံစစ်စစ် အသံ(၇)ပါးဟူ၍ ဆိုလိုသည်။

(ဂ) ဘင်ဂျိုကီရိယာမျိုးရှိ လက်နှိပ်ခလုပ်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံခြားသားများ အသုံးပြုသော အသံဝေခွဲပုံစနစ်ကို သိရှိရသလို ရှေးမြန်မာသုံး မည်သည့် ကီရိယာကို ကြည့်ခြင်းအားဖြင့် မြန်မာသံစစ်စစ် အသံ(၇)ပါး ခွဲဝေပုံစနစ်ကို သိရှိနိုင်သည်။

၃။ မြန်မာသီချင်းကြီးများကို အသံ(၇)ပါးစလုံးဖြင့် သံမှန် (Key ကီး)မှုတည်၍ ပိုင်းခြား သီဆိုတီးမှုတ်ကြရာတွင် အောက်ဖော်ပြပါ ကျန်ရှိသောအသံ (၃)ပါးနှင့်မည်ကဲ့သို့သော သီချင်းမျိုးများကို သီဆိုတီးမှုတ်ကြသည်။

(စီ) – ညှင်းလုံး၊ ကြိုးဘွဲ့၊ သီချင်းခံ။

(အက်ဖ်) – အောက်ပြန်၊ ပတ်ပျိုး၊ လောကနတ်၊ လေးထွေသံထပ်။

www.burmeseclassic.com

www.burmeseclassic.com



(ဘီ) – ပုလဲ၊ ယိုးဒယား၊ တလိုင်း၊ ဘောလယ်၊ ရှေးသံဆန်း။
(အီး) – မဥ္စိုင်း၊ တေးထပ်၊ ရှစ်ဆယ်ပေါ်၊ ဒိန်းသံ။

**ကျန်သောအသံ (၃)ပါး**

(ဒီ) – ခြောက်သွယ်ညွန့်
(အေ) – ဒူရက
(ဂျီ) – ပြည်တော်ပြန်

(က) ကျန်သောအသံ(၃)ပါးကို ညွှင်းလုံး ညှိထားသော စောင်းအသံစဉ်မှ မည်သည့်ကြိုးများကို မည်သည့်အသံ ပြောင်းယူညှိသည်–

(ခ) ပတ်ပျိုးတိုင်းကို အောက်ပြန်နှင့်မတီးဘဲ အချို့ပတ်ပျိုးများကို (ဥပမာ)ပြည်တော်ပြန်အစရှိသောအသံ (ကီး)တစ်မျိုးဖြင့် ပြောင်း၍ ခွဲခြားတီးရသည်ဟူသော စနစ်မျိုး ရှေးကသုံး/မသုံး။

(ဂ) သုံးက မည်သည့်သီချင်းများကို ကျန်သော အသံ(၃)ပါးဖြင့် ပြောင်း၍ ခွဲခြားသီဆိုတီးမှုတ်ကြသည်။

၄။ စောင်း၏စည်းကမ်းစနစ်အတိုင်း သံမှန်(ကီး) ခွဲခြား၍ မြန်မာသီချင်းကြီးများကို စန္ဒယား(နိုင်ငံခြားအသုံးပြုသော အသံညှိထားသည်)ဖြင့် သီဆိုတီးမှုတ်ခြင်း အလေ့အထပြုလုပ်ပါက မြန်မာဂီတပညာအဆင့်အတန်း ပိုမို၍ တိုးတက်ကောင်းမွန်လာမည် (သို့မဟုတ်) ပိုမို၍ ဆုတ်ယုတ်စေမည်ကို ဦးမင်း၏ဝေဖန်အကြံဉာဏ်ပေးခြင်းနာခံလိုပါသည်ခင်ဗျား။

မောင်မြဦး
(၁၁) ပန်းတိမ်တန်း၊ သန်လျင်မြို့။

အထက်ပါ အမေးရှင် မောင်မြဦးဆိုသူမှာ ယခု ဦးမြဦး၊ အနုပညာဦးစီးဌာန၊ သုတေသန အထက်တန်းအရာရှိ (ယခင် အနုပညာကျောင်းအုပ်)ပင် ဖြစ်သည်။ ထိုအမေးရှင်နှင့် အမေးများကို ကြည့်ခြင်းအားဖြင့် ဆရာဦးဘချို၏ ဂီတပညာအရည်အချင်းကို ထောက်ချင့်ခန့်မှန်းနိုင်ပေသည်။



## မြန်မာသီချင်းများ မည်သို့ ဖြစ်ပေါ်လာသနည်း

သံလျင် မောင်မြဦး၏အမေး ၁–မြဝတီမင်းကြီး အစရှိသော ရှေးစာဆိုကြီးများ အကြောင်းနှင့် ပတ်သက်၍ ဆရာ၏အဖြေ ဆောင်းပါးမှာ မှတ်သားဖွယ် ကျယ်ဝန်းစုံလင်လှသည်။ ကမ္ဘာလောက၌ သီချင်းများ စတင်ဖြစ်ပေါ်လာပုံမှ အစချီကာ ယဉ်ကျေးသော လူများသာမဟုတ်၊ စာပေမရှိ ယဉ်ကျေးမှုအောက်ဆုံးတန်း လူရိုင်းများနှင့် တိရစ္ဆာန်များတွင်ပင် သီချင်းဂီတရှိကြောင်း၊ ထိုသီချင်းများသည် ခေတ်အဆက်ဆက် ကူးပြောင်းလာပြီးနောက် မြန်မာနိုင်ငံ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ မြင်စိုင်းခေတ်များသို့ ဆင်းသက်လာခဲ့ကြောင်း။ ထိုနောက် အိန္ဒိယပြည်ကြီးနှင့် တရုတ်ပြည်ကြီး နှစ်ပြည်အကြားရှိသော မြန်မာပြည်သည် ထိုပြည်များမှ ယဉ်ကျေးမှုများ ရိုက်ခတ်ဝင်ရောက်လာခြင်းခံရခြင်းဖြင့် မြန်မာသီချင်းသံများတွင် အိန္ဒိယဘင်ခရာ ကြေးခရာသံ၊ ကုလားဘရင်ဂျီသံ၊ တရုတ်ကောင်းတုံသံ၊ ယိုးဒယားသံ၊ ကရင်သံ၊ တလိုင်းသံ၊ ထားဝယ်သံ စသည်များ ရောယှက်ပါရှိလာခြင်းအကြောင်းများကို ကျယ်ဝန်းစွာ ဖော်ပြထားလေသည်။ (ဤနေရာတွင် စာမျက်နှာကို ငဲ့၍ အကျဉ်းချုံး ဖော်ပြလိုက်ရပါသည်။

မြဝတီမင်းကြီး ဦးစအကြောင်းနှင့်ပတ်သက်၍ 'မြဝတီမင်းကြီးကား ပဒုံမင်းတရားကြီးခေါ်သော ကုန်းဘောင်ဆက် အမရပူရ ပထမမြို့တည် နန်းတည် ဘိုးတော်ဘုရားလက်ထက်မှစ၍ ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် ထိုထက်လွန်မင်းစွာ ရှေးကျသော ပုဂံခေတ်ကပင်လျှင် သီချင်း ဂီတများမှာ မြန်မာပြည်၌ရှိနှင့်လေပြီ၊ ပုဂံကျောက်စာများ၌ 'ကုလားပန်တျာ၊ မြန်မာပန်တျာ'စသည်ဖြင့် ကုလားတူရိယာသည်၊ မြန်မာတူရိယာသည်များ ရှိကြောင်းကိုလည်းကောင်း၊ စောင်းညှင်းတူရိယာဖြင့် အသက်မွေးသော 'ရကင်း'သည်များရှိကြောင်းကိုလည်းကောင်း၊ သီချင်းသည်များရှိကြောင်းကိုလည်းကောင်း အခိုင်အမာဖော်ပြထားသည်။

သို့ကြောင့် သီချင်းဂီတသည် မြဝတီမင်းကြီးတို့ လက်ထက်ကျမှစ၍ ပေါ်သည်ဟု မမှတ်အပ်ပေ။ ကုန်းဘောင်ခေတ်ထက် စောသော ဒုတိယအင်းဝခေတ်၊ စနေမင်းလက်ထက်တွင် ဝန်ကြီးပဒေသရာဇာသည် ကြိုးသီချင်းများ သီချင်းခန့်များ၊ တျာချင်းများကို ရေးခဲ့လေပြီ၊ ထိုထက်အလွန်ရှေးကျသော ဟန်လင်းကြီးခေတ်က ဟန်လင်းစည်တော်ရုံတီးနည်းတို့တွင် သီဆိုသော စည်ချင်းတို့မှာ–

'တေလေချောင်၊ တေလေချောင်၊ တေလေဘုံမြင့်၊ ရှစ်ဘုံမြင့်၊ ရှစ်ဘုံမြင့်ခံ၊ ဘုံမြင့်ခံ၊ ဘယ်သူထုံးသည်၊ လုံးကောက်ကျစ်၊ ရှင်ထွေးထုံးသည့် လုံးကောက်ကျစ်၊ ဘယ်သူလာလို့

www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်တယ်၊ တောကျောင်းရှင်သို့၊ နားရွက်ကျိုးနှင့် ရှင်သိုးလာလို့ ခွေးဟောင်တယ်၊ ငါးကြင်းသုံးကောင်၊ အိုးနှင့်လှောင်၊ တစ်ကောင်ယူရစ်၊ တူမချစ်' စသောသီချင်းမျိုး ဖြစ်ပေသည်။

## နတ်ပွဲသက်သေခံများ

ဘိုးတော်ဘုရားလက်ထက် ၁၁၆၇ ခုနှစ်တွင် (၃၇)မင်းနတ်များကို အစဉ်အလာ အတိုင်း ပူဇော်ပသခဲ့ဖူးရာ၊ ရေး က တီးမှုတ် သီဆိုနည်းအတိုင်း ဆိုင်ရာဆိုင်ရာ နတ်သံ နှင့် တီးချက်များကို သီဆိုတီးမှုတ်ကြရလေသည်။

ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် ဘိုးတော်လက် ထက်က ကျင်းပသော နတ်ပွဲအစီအစဉ်များနှင့်ရှေးတီးချက်များကို စုဆောင်းရေးမှတ်ထား ရမည်ဟု မိန့်တော်မူသဖြင့် မြဝတီမင်းကြီးသည် နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ရာဇဝင်နေ၊ ဆိုင်းတော်တီး ငမြတ်သား၊ ငတေရုတ်တို့နှင့် တိုက်ဆိုင်၍ မှတ်သားစုထားသော (၃၇)မင်း နတ်များဆိုင်ရာစာတမ်း၌ သိကြား နတ်တွင် ပတ်ဆိုင်း ကြေး နဲ့များက' တုသိတာ၊ တုသိတာ သာမော၊ တုသိတာ'စသော နတ်ချင်းများကို တီးမှုတ်ရသည်ဟု ဖော်ပြပါရှိ သည်။ (ထိုနောက် ဆရာအဖြေတွင် ရွှေနော်ရထာ နတ်ချင်း၊ သုံးပန်းလှ နတ်သံ တလိုင်း ချင်းများအကြောင်း ရေးထားသည်။)

ဤအချက်များကိုထောက်လျှင် မြဝတီမင်းကြီး လက်ထက်မတိုင်မီကပင် သီချင်း အမျိုးမျိုးပေါ်နှင့်ပြီးသည်ကို ယုံမှား မရှိအပ်၊ တလိုင်းသံများမှာ ပြင်စည်မင်းသား အရေး များသဖြင့် ကုန်းဘောင်မင်း လက်ထက်မှစ၍ ခေတ်စားခဲ့သော်လည်း အထက်ဖော်ပြပါ နတ်ကန္နားပွဲတို့၌ တလိုင်းချင်းများ တီးရသည်ကိုထောက်သော် ပထမ အင်းဝမင်းခေါင်တို့ လက်ထက်ကပင် မွန်သုံးရပ်နှင့် မြန်မာပြည်ဆက်ဆံကူးလူးမှုတို့ ထင်ရှားနေသဖြင့် တလိုင်း ချင်းများ ထိုခေတ်ကပင်-သီဆိုတီးမှုတ်လျက် ရှိပြီဟု ဆိုရပေမည်။

ထိုထက်ကျော်၍ ကြည့်ပြန်လျှင် အနော်ရထာမင်းစော သထုံမနူဟာမင်းကို ဖမ်းဆီး ၍ မွန်လူမျိုးပညာသည်များကို သိမ်းယူလာသော ပုဂံခေတ်ကပင် တလိုင်းချင်း၊ တလိုင်း တူရိယာများ ပါရှိခဲ့သည်ဟု ယူဆလျှင်လည်း မမှားပေ။ သို့ကြောင့် မြဝတီမင်းကြီးဦးစ အစရှိသော ရှေးစာဆိုတော်ကြီးများသည် ရှေးခေတ်မှသည် ၎င်းတို့ခေတ်အထိ ပေါ်ပေါက် လျက်ရှိပြီးဖြစ်သော သီချင်းဂီတအတီးအမှုတ် နည်းစနစ်များကို အခြေပြုလျက် (ဝါ) မှီး လျက်၊ ထိုရှိပြီးတို့ထက်သာလွန်အောင် မိမိတို့ဉာဏ်ဖြင့် ချဲ့ထွင်ကာ သီချင်းခန့်ပတ်ပျိုး၊ ယိုးဒယားသီချင်းကြီးများကို စပ်ဆိုသီကုံး ရေးသားကြခြင်းသာဖြစ်သည်။



## ရှေးကိုမှီသော သာခကေ

ရှေးခေတ်က ရှိပြီးတို့ကို မှီး၍ရေးကြောင်း၊ သို့ရာတွင် ပိုမိုချဲ့ထွင်ကြောင်းကို ထင် ရှားစေသော သာခကေတစ်ရပ်မှာ အလောင်းဘုရားလက်ထက်တွင် ရေးသော သာနိုးပျော် ဖွယ်ကြီးဟောင်းဟု (ကြောက်ဖွယ့်ဘုန်းတန်းဖြစ်ခဲ့ထူးဆန်း) အစချီသော ကြိုးတစ်ပုဒ် ယခုတိုင် ထင်ရှား၏။ ထို ကြိုးမှာ အလောင်းဘုရား မုဆိုးဖိုမှ ရွှေနန်းတော်ရောက် မူးချောင်း ဆည်မြောင်း ဖောက်လုပ်တော်မူသည်ကို ဖွဲ့ဆိုသော ကြိုးဖြစ်လေသည်။ သီချင်းစာသား များ၌ပင် (ဂိမ္မာန်ကာ ကူးပြောင်း၊ ပေါက်လှ မူးချောင်း၊ မူးမြစ်သီတာ၊ ချစ်အေးကြည်စွာ၊ နန်းရာကမ်းသို့ ရောက်ချည့်လေး။ ပြွန်ဘာရည်ဆောင်၊ ကုန်းဘောင်ပြည်သို့ ပေါက်ချည့် လေး) စသည်တို့ ပါရှိခြင်းဖြင့် အဓိပ္ပာယ် ထင်ရှားလှ၏။

ရွှေဘိုမင်းလက်ထက် မဂ်လာကျောက်မြောင်းမြို့ကို ဖန်ဆင်းစံနေတော်မူစဉ် မြဝတီ မင်းကြီးသည် (စံရာတောင်ကျွန်းလုံး)အစချီ သာနိုးပျော်ဖွယ်ကြိုး (၅)ပုဒ်ကို ရေးသား ဆက်သွင်းခဲ့လေသည်။ အလောင်းဘုရားလက်ထက် ဆရာနှုန်းရေးသားသော သာနိုးကြိုး ဟောင်းထက် မည်မျှတေးသွား ချဲ့ထွင်၍ ဝေဝေဆာဆာ စီကုံးထားသည်ကို နှိုင်းယှဉ်၍ တီးမှုတ်သီဆိုကြည့်က သိနိုင်လေသည်။

ရှေးကရှိပြီး သီချင်းမျိုးတိုင်းကို ချဲ့ထွင်၍ရေးသလောဟု မေးလျှင်ကား မဟုတ်ဟု ဖြေရပေမည်။ ရှေးကရှိပြီး တေးသွားအလိုက်များကိုလည်း ရေးသားသည်ပင်။ ထင်ရှား သော သာခကေမှာ မြဝတီမင်းကြီးရေးသည့် (ဘုံဆောင်မြင့်စိန်ကြောင်ဖလ်ရှိန် ညီးလို့ လင်းလင်း) အစချီသည့် ဘောင်လားကြိုးမှာ အလောင်းဘုရားလက်ထက်က ရေးခဲ့ပြီးသော မူးမြစ်ကို ဖောက်ရာ၌ ရေးသားဆက်သွင်းသော (ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာတွင်၊ ကြားရ ဖူးပဲ) အစချီ ဘောင်လားကြိုးဟောင်းကို ရေးသားထားခြင်းမျှ ဖြစ်သည်။

အသွားမှာ ထပ်တူထပ်မျှ ဖြစ်သည်၊ နောင်ရေးသော သီချင်းက စကားလုံးပြည့် သည်၊ အသွားပို၍ ချောမောပြေပြစ်သည်။ သည့်မျှသာထူးသည်၊ အလောင်းဘုရား မူးမြစ် ကို ဆည်တော်မူစဉ် ရေးသော အထက်ဖော်ပြရာပါ (ဘယ်ဘယ်တဲ့ဘယ်ကမ္ဘာတွင်) ဘောင်လားကြိုး(ကမ်းကစွာ)ဘောင်ငင်ကြိုး (ဖျော်ဖြေလို့ နေပါရင်လေ)ဟူသော ကြိုး ၃ ပုဒ်ကို ယခုခေတ် အချို့သော ဂီတစာအုပ် မြန်မာစာညွှန့်ပေါင်းကျမ်း စသည်တို့၌ တကောင်း ကောင်းစားစဉ်က ရေးသော ကြိုး(၃)ပုဒ်ဟု မှားယွင်းထည့်သွင်း ဖော်ပြထား သည်များကို တွေ့ရကြောင်းဖြင့် ဆရာ၏ အဖြေတွင် ကျယ်ဝန်းစွာ ဖော်ပြထားပေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အမေး (က–ခ–ဂ–ဃ)တို့မှာ တစ်ခုနှင့်တစ်ခု ရောထွေးဆက်စပ်နေသဖြင့် တစ်ခုစီခွဲခြားဖြေဆိုရန် မလိုအပ်၍ ဆရာ၏ဆောင်ပါးတွင် ဤသို့စုပေါင်းဖြေဆိုထားပေသည်။

မြန်မာတူရိယာဂီတတွင် အနောက်နိုင်ငံ တူရိယာဂီတကဲ့သို့ စနစ်တကျ(နုတ်)ခေါ်သော အသံပြအမှတ်အသားများ (တူရိယာသင်္ကေတ)များ မရှိပေ။ မြန်မာတူရိယာဂီတမှာ အနောက်နိုင်ငံမှာကဲ့သို့ အမှတ်အသားစာပေတို့ကို မျက်စိကကြည့်၍ သင်ကြားလာခဲ့ကြသည်ဟူ၍မရှိခဲ့၊ အနောက်နိုင်ငံ၌ မျက်စိဖြင့် တူရိယာဂီတကို သင်ကြားပေးကြ၏။ မြန်မာလူမျိုးတို့၌ကား မျက်စိဖြင့် မသင်ကြ၊ နားဖြင့်သာ သင်ခဲ့ကြသည်။

သို့ပင်ဖြစ်စေကာ အသံပြ အမှတ်အသားတို့အား လုံးလုံးလျားလျား မရှိဟူ၍ကား မပြောနိုင်၊ လေခနယကျမ်းတွင် တူရိယာဂီတဆိုင်ရာ'တေဒူဟောတျာတ'စသော တူရိယာဆိုင်ရာအသံပြ ဝေါဟာရတို့ပါရှိလေသည်။ စောင်းအတတ်ကို သင်ရာ၌ (တျော)ဆိုလျှင် ကြိုးမည်မျှ ဆွဲသွားရသည် စသည်တို့ကို မှတ်သားနာယူရခြင်းဖြင့် ဆရာက (တျော)ဟု ပြောလိုက်လျှင် တပည့်သည် စောင်းတွင် မည်သို့တီးရမည်ကို သိရလေသည်။

စောင်း၏လေ့ကျင့်ခန်းဖြစ်သော ရှေးကြိုးသီချင်းကြီးများကို ကြည့်လျှင် စာသားထက် အသံပြတေးသွား အများပါရှိနေပေရာ ထိုအသံပြများကို ရှေးက နားလည်ကြပေလိမ့်မည်၊ နားမလည်လျှင် ရှေးက အသံပြများကို ထည့်ထားဖွယ် မရှိပေ။ ဥပမာအားဖြင့် စိတြဂီဝါနိမင်းကြီးမှာ 'ချန့်တျောထင်တျာထပ်တျာ၊ တျောထပ်တျာ ငယ်စွာငယ်စွာကွေးလေး၊ ဓောင်းဖွေးဖွေး'စသည်ဖြင့် ရေးသားထားလေသည်။

ဗောဓိရွက်သံကြိုး၌ တစ်ပုဒ်လုံး စာသားမပါ အသံပြသက်သက်ဖြင့် 'တေတလေ တေတလေ၊ ထံချန့်ချန့်တေ၊ တေလေတေလေ တေလေ၊ တေလေ တေလေ၊ ချန့်ချန့်တေ' စသည်ဖြင့် ရေးထားသည်ကို တွေ့ရပေမည်။ ထံတျာတေရှင်ကိုကား လူတိုင်းသိနေကြသဖြင့် အထူးဖော်ပြရန် မရှိပေ။ ဤအချက်များကိုကြည့်လျှင် အနောက်နိုင်ငံကဲ့သို့ (နုတ်)ခေါ်သော စနစ်တကျ အသံပြမရှိစေကာမူ သီချင်းအသွားကိုပြရန် သင်တပည့်များအား လက်ကမပြဘဲ နှုတ်ကပြောပြလိုက်ရုံဖြင့် တီးနည်းတီးကွက်ကို နားလည်စေသည့် အထက်ဖော်ပြရာပါ'တေတျောညွန့်ထံ' အစရှိသော အသံပြအမှတ်အသားတို့ကား မြန်မာတူရိယာပညာ၌ ရှိခဲ့လေသည်။

ယခုလူတို့ကား အလေ့အလာနည်းကြသဖြင့် ထိုတီးနည်းတီးကွက် အသံပြအမှတ်အသားများကို ကောင်းစွာ နားမလည်ကြတော့သဖြင့် ထိုအသံပြအမှတ်အသားတို့လည်း အသုံးမဝင်သောအခြေသို့ ဆိုက်ရောက်နေကြတော့သည်။ သို့ကြောင့် သီချင်းအသွားကို



မည်ကဲ့သို့ အမှတ်အသားဖြင့် အလိုရှိသောအသံများကို မှတ်သားရသနည်းဟူမူ လေခနယကျမ်းတွင်ပါရှိသည့် အထက်ဖော်ပြပါ'ထံတျာတေတျောချန့်ထံ' အစရှိသော အမှတ်အသားတို့ဖြင့် သီချင်းသွားများကို မှတ်သားလေ့လာခဲ့ကြသည်ဟု ဖြေရမည်ဖြစ်၏။

၎င်းတို့သည်ပင် ရှေးမြန်မာဂီတတို့၏ အက္ခရာများ (နုတ်)ဖြစ်ခဲ့သည်၊ ထိုအမှတ်အသားများသည် ရှေးကလည်းရှိကြ၍ ၎င်းတို့ကို ရှေးက သုံးလည်းသုံးခဲ့ကြသည်။ ဂဠုန်မင်းတောင်သံ ကြိုး၊ ရွှေဥဒေါင်းမင်း ကြိုး၊ ခါမင်း ကြိုး၊ ငါးကြင်းရေဆန် ကြိုး စသည်တို့တွင် ထိုအမှတ်အသားများပါရှိကြသည်။

## သီချင်းသားနှင့်တီးကွက်

သီချင်းသား ရေးပြီးမှ တီးကွက်ရှာသလော၊ တီးကွက်ရှာပြီးမှ သီချင်းသွားကို ရေးသလောဟူသောအမေး၌ သီချင်းသွားကို ရေးပြီးမှ တီးကွက်ရှာခြင်းမှာ အစဉ်အလာလည်းမဟုတ်၊ ဖြစ်လည်းမဖြစ်နိုင်။ စာသားတွင် သံတိုသံရှည်များရှိရာ စာသားရေးပြီးမှ တီးကွက်နှင့် ဟပ်၍မရပေ။ တီးကွက်ကိုသာလျှင် အရင်ရှာရခြင်းဖြစ်၏။

ရှာ၍ရသောတီးကွက်တွင် စာသားကို တီးကွက်နှင့်လိုက်အောင် သံတိုသံရှည်၊ ရသဒီဋ္ဌအဆင်ပြေအောင် ထည့်သွင်းရ၏။ ဉာဏ်လျှင်မြန်သူတို့အဖို့၌ကား တီးကွက်နှင့် စာသားကို မခွဲခြားတော့ဘဲ တစ်ပါးတည်း စီကုံးသွားနိုင်ကြလေသည်။ ယခုကာလ တီးလုံးဆရာများ သီချင်းရေးစပ်သည့်အတိုင်းပင် ဖြစ်ပေသည်။ တီးကွက်ရှာရာ၌လည်း အချို့ပါးစပ်တွင် ညည်း၍ ရှာ၏။ အချို့လည်း တူရိယာတစ်ခုခုကို တီးခေါက်၍ ရှာကြသည်။

တောအတွင်း၊ တောင်အတွင်းမှနေ၍ စပ်ဆိုသောသီချင်းများအတွက် သီချင်းအလိုက်ကို မည်သို့ဖြစ်ပေါ်လာအောင် ဖန်တီးသနည်းဟု မေးရာ၌မေးသူသည် ပခန်းမင်းသားကြီး မဲဇာသို့ပို့ရာတွင် အောင်မြေသာစံပတ်ပျိုး ရေးသားဆက်သွင်း၍ ဘုရင်အား သီဆိုနားတော်သွင်းရာ၌ ပြန်၍ခေါ်ယူတော်မူသည်ဟူသော အောင်မြေသာစံပတ်ပျိုးကို စိတ်က တွေးပြီးလျှင် တောထဲမှ ရေးပေးလိုက်သောပတ်ပျိုးတေးသွားကို နန်းတော်တွင်းမှ အဆိုတော်များက မည်သည့်နည်းဖြင့် သိရှိသီဆိုနိုင်သနည်း၊ တူရိယာအက္ခရာနုတ်များပင် ရှိလေသလော၊ မရှိလျှင် အဆင်ပြေအောင် ဆိုတတ်မည်မဟုတ်ဟူသော စဉ်းစားချက်ဖြင့် မေးဟန်တူလေသည်။

ပခန်းမင်းသား ရေးသားသော ပတ်ပျိုးကို နန်းတော်တွင်း ရောက်မှ အဆင်ပြေအောင် တေးသွားထည့်သည်မဟုတ်၊ ဘုရင်နားတော်သွင်းရန်အတွက် မဲဇာမှ အတီးအဆို

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ယူသင်ကြားပေးပြီးနောက်မှ အဆိုတော်များအား တစ်ဆင့်သင်ကြားကာ နားတော်သွင်းစေသည်မှာ တစ်ထစ်ချ မှတ်အပ်၏။ ကိုယ်တိုင်ရေးသားသော သီချင်းမဟုတ်လျှင်လည်း နေပြည်တော်တွင် ရေးတတ်သူတို့အား ရေးသားစေလျက် အဆိုတော်များအား သင်ကြားပြီးမှ နားတော်သွင်းစေသည်ဟု မှတ်အပ်ပေသည်။

(တောအတွင်း တောင်အတွင်းမှ ရေးသော သီချင်းများမှာလည်း ဤနည်းအတိုင်းပင် တောတောင်တွင်းမှလည်းကောင်း၊ တောတောင်တွင်းသို့ သွားရောက်ပြီးမှလည်းကောင်း ရေးသားခြင်းမဟုတ်ဘဲ စိတ်ကူးဉာဏ် (အင်ပရက်ရှင်း)ချဲ့ထွင်ရေးသား ခြင်းဖြစ်ကြောင်းများနှင့် 'သောင်းရွှေလယ်ပတ်ပျိုး၊ သည်းလောင်ကြွေကျွမ်းပတ်ပျိုး၊ မှိုင်းမှုန်ပြာဝေပတ်ပျိုးကြီးများ'မှာလည်း ထိုနည်းတူ နန်းတော်တွင်းမှာပင် ရေးသားခြင်းဖြစ်ကြောင်းများကို ဥပမာများပေး၍ ဆရာ၏အဖြေဆောင်းပါးတွင် ဖော်ပြရေးသားပါရှိရာ နေရာကိုငဲ့၍ အကျဉ်းချုံးဖော်ပြလိုက်ပါသည်။ ထိုအဖြေများကို ကြည့်၍ ဆရာ၏ဂီတ ဗဟုသုတအခြေကို ခန့်မှန်းထောက်ချင့်နိုင်ကာ ရှေ့အဖြေများကို ဆက်လက်ဖတ်ရှုရန် ဖြစ်ပါသည်။)

## မောင်မြဦး၏ အမေး-၂ မြန်မာ့အသံ (၇)ပါး

ဂီတနှင့်ပတ်သက်လျှင် ရှေးဦးစွာ အသံစဉ် (၇)ပါးကို မဖော်ပြ၍ ရှင်းလင်းမည်မဟုတ်ပေ။ မြန်မာအသံစဉ် (၇)ပါးကို မာဃဒ္ဒီကာ၊နာဠိကသတ္တစသော တူရိယာကျမ်းများတွင် ပြဆိုထား၏။ ထိုကျမ်းများမှာ အိန္ဒိယမှဆင်းသက်သော ကျမ်းများဖြစ်ရကား အိန္ဒိယတူရိယာဆိုင်ရာ အသံစဉ်(၇)ပါးကို မူလက မူတည်ခဲ့၏။ အိန္ဒိယအသံစဉ် ၇ ပါးကို အတိုအားဖြင့်'ဆာ၊ ရီ၊ ဂါ၊ မာ၊ ပါ၊ ဓာ၊ နီ'ဟု ခေါ်၏။ အရှည်၏အဓိပ္ပာယ်မှာ–

| အတိုခေါ် | အိန္ဒိယ | မြန်မာ | အသံခွဲခြားချက် |
|---|---|---|---|
| ဆာ | ဆာဒ်ဇ | ဆဇ္ဇ | ဥဒေါင်းသံ |
| ရီ | ရဆဘ | ဥသဘ | နွားလားသံ |
| ဂါ | ဂန္ဓရ | ဂန္ဓာရ | ဆိတ်သံ |
| မာ | မာဓျမ | မဇ္ဈိမ | ကြိုးကြာသံ |
| ပါ | ပန်ချမာ | ပဥ္စမ | ဥဩသံ |
| ဓာ | ဒေဝတ | ဒေဝတ | မြင်းသံ |
| နီ | နီဆာဒ | နီဆာဒ | ဆင်သံ |



ထိုအသံ (၇)ပါးကို မြန်မာတို့က နဲ့ကြိုးပေါက် – ၇ ပေါက်ဖြင့် အောက်ပါအတိုင်း ဟပ်၍ထားလေသည်။

| | | | |
|---|---|---|---|
| ၁–ပေါက် | ပုလဲ | မဇ္ဈိမ | ကြိုးကြာသံ |
| ၂– ။ | ဒူရက | ဂန္ဓာရ | ဆိတ်သံ |
| ၃– ။ | ပြည်တော်ပြန် | ဥသဘ | နွားလားသံ |
| ၄– ။ | အောက်ပြန် | ပဥ္စမ | ဥဩသံ |
| ၅– ။ | မြင်စိုင်း | ဆဇ္ဇ | ဥဒေါင်းသံ |
| ၆– ။ | ခြောက်သွယ်ညှနံ့ | ဒေဝတ | မြင်းသံ |
| ၇– ။ | ညှင်းလုံး | နိသာဒ | ဆင်သံ |

မြန်မာလို အတိုခေါ်သောအခါ အသံ(၇)ပါးကို 'ညှင်း–ခြောက်–မြင်–အောက်–ပြည်–ဒူ–လဲ'ဟုခေါ်ကြသည်။ ဤသို့မူလက အိန္ဒိယမှ လာသောအသံ (၇)ပါး၏ အသံစဉ်များမှာ အသံသေမဟုတ်ပေ၊ အသံရှင်များဖြစ်ကြသည်။

## ဂါမ သုံးပါး

စောင်းများ ကြိုးညှိရာ၌ စောင်းလက်ရှန်းကို (သုံးဖို့) ပြုရာ၌ 'အထက်ဆဇ္ဇ၊ အလယ်မဇ္ဇ၊ အောက်ဂန္ဓာရ'ဟု ဂါမ သုံးပါးရှိရာ သံမှန်၊ သံကျကို ဂါမတစ်ခုထားသော အသံစဉ်နှင့် အခြားဂါမတစ်ခု၌ထားသော အသံစဉ်ချင်းမတူပေ။ ဂါမသုံးပါးအလိုက် အသံစဉ်လည်း ၃ မျိုး ပြောင်း၏။ ထို့ကြောင့် မြန်မာအသံစဉ် (၇)ပါးမှာ အသံသေမဟုတ်၊ အသံရှင်ဟု သိအပ်သည်။

ဤသို့ အသံအနည်းငယ်စီ ပြောင်းလဲသွားခြင်းကို သုတိပြောင်းလဲခြင်းဖြင့် သိနိုင်၏။ သုတိပြောင်းလဲခြင်းကို ဤအခန်း၌ ရေးရလျှင် ကျယ်လွန်းမည်ဖြစ်၍ မရေး တော့ပြီ။ အလွယ်သိရန်မှာ စောင်းကို ညှင်းလုံးညှိထားသောအသံ(၇)ပါးနှင့် အောက်ပြန် ညှိထားသော အသံ(၇)ပါး၊ ပုလဲညှိထားသော အသံ (၇)ပါးတို့ မတူကြပေ။ အချို့သောအသံများတွင် အနိမ့်အမြင့် အနည်းငယ်စီ ကွာခြားသွားကြသည်။

## စောဒကတက်ဖွယ်

ဤသို့ အသံသေမဟုတ်ဘဲ အသံရှင်ဖြစ်လျှင် အဘယ်ကြောင့် မြန်မာ့အသံစဉ်

www.burmeseclassic.com

www.burmeseclassic.com



(၇)ပါးကို နဲ့ကြီးပေါက်နှင့်ဟပ်၍ ခေါ်သနည်း။ နဲ့ပေါက်နှင့်ဟပ်လိုက်က နဲ့ပေါက်မှာ အသေဖြစ်၍ အသံသေဖြစ်မသွားပါလောဟု စောဒကတက်ဖွယ်ရှိ၏။ ဤစောဒကကို ဖြေရန်ကား နဲ့ပေါက်မှာ အသံသေ မဟုတ်ပေ။ လေပြင်း၊ လေပျော့ လက်ပိတ်ကို မေးခြင်း၊ ဖိခြင်းစသည်ဖြင့် နဲ့သံကို ပြုပြင်ရသည်။ ပြွေ(ပလွေ)လည်းဤအတိုင်းပင်။ စောင်းနှင့်တွဲ၍ မှုတ်က စောင်းသံနှင့်လိုက်အောင် ကြိုးပြောင်းတိုင်းမေး၍ မှုတ်နိုင်လေသည်။

## အိန္ဒိယနှင့်မြန်မာအသံ-မတူ

အထက်က ဖော်ပြခဲ့သည့်အတိုင်း အိန္ဒိယတူရိယာကျမ်းများတွင်လာရှိသော အသံစဉ်(၇)ပါးတို့ကို မြန်မာတူရိယာကျမ်းများက ယူကြပြန်သည်၊ ဤသို့ပင် ယူသော်လည်း မြန်မာပြည်၌ ယခုသုံးစွဲနေသော အသံစဉ် (၇)ပါးနှင့် ထပ်တူမဆိုနိုင်ပေ။ မယူဆနိုင်ပေ။

မူလက တူခဲ့စေကာ ဘာသာစကားကွဲပြားခြားနားခြင်း၊ ဥတု၊ ဒေသ၊ ပယောဂတို့ ခြားနားခြင်း စသည်တို့သည် တူရိယာအသံများအပေါ်သို့ အရှိန်အငွေ့သက်ရောက်ခြင်းဖြင့် ကွဲပြားမှုများဖြစ်ပေါ်လာခဲ့ရသည်။ အခြားအကြောင်းတစ်ရပ်မှာ မြန်မာပြည်၏ အရှေ့ဘက် တရုတ်နိုင်ငံတို့တွင် မူလကရှိသော တူရိယာဂီတတို့သည် အသံစဉ် ၅ ပါးကို အဓိကထားကြသည်။

ထိုအရှေ့နိုင်ငံ၏ အသံစဉ် ၅ ပါးနှင့် အိန္ဒိယမှ အသံစဉ် (၇)ပါးတို့သည် ရှေးအခါကပင် မြန်မာပြည်တွင် တွေ့ဆုံမိကြပြန် ရှိကြသည်။ ထိုအသံစဉ် ၅ ပါး၏ အရှိန်အငွေ့များ ဝင်ရောက်ရောနှောခြင်းဖြင့်လည်း မြန်မာပြည်ရှိ မူလ အိန္ဒိယမှ ဆင်းသက်သော အသံစဉ်(၇)ပါးတို့သည် အနည်းငယ် ပြောင်းလဲဖောက်ပြန်ကုန်ကြ၏။ သို့ကြောင့် အိန္ဒိယအသံစဉ်နှင့် အခေါ်ပင်တူစေကာ အချို့အသံတို့တွင် အလေးအပေါ့၊ အနိမ့်အမြင့် ကွာခြားလျက် ရှိသည်ကို အိန္ဒိယအတီးအမှုတ်များကို နားထောင်ကြည့်က သိနိုင်ပေသည်။

## နားတတ်သည်

ထိုကြောင့် မြန်မာအသံစဉ်(၇)ပါးကို မည်သည့်နည်းစနစ်အရ အချိုးအစားအလိုက် ဝေပုံချထားသနည်း ဟုဆိုရာ၌ အသံစဉ် (၇)ပါး ယခုလက်ရှိအခြေအနေသို့ ရောက်လာရခြင်းမှာ အိန္ဒိယအသံစဉ် (၇)ပါးမှ သဘာဝအလိုက် ပြောင်းလဲတတ်သော သဘောရှိသည့်



အတိုင်း ပြောင်းလဲရာတွင် အရှေ့နိုင်ငံ အသံစဉ် (၅)ပါး၏ ပြုပြင်ခြင်းကိုပါ ခံယူကာ ယခုအခြေသို့ ရောက်ခဲ့၏။ နည်းစနစ် တိတိကျကျတစ်ခုကိုစွဲ၍ ခွဲဝေပိုင်းဖြတ်ထားခြင်းဟု မဆိုသာပေ။

အိန္ဒိယစနစ်က စခဲ့သည်။ ယခုအခြေအနေသို့ တရွေ့ရွေ့ရောက်ခဲ့သည်ဟုသာ ဆိုရန်ရှိ၏။ မည်ကဲ့သို့ အချိုးအစားအလိုက် ဝေပုံချထားသနည်းဆိုရာ၌ အရှေ့တိုင်းပြည်တွင် တူရိယာဂီတပညာကို အစဉ်အဆက်အားဖြင့် မျက်စိနှင့်သင်ကြားခဲ့သည်မဟုတ်ဘဲ နားဖြင့် သင်ကြားခဲ့ကြ၏။ အချိုးအစားဝေပုံချမှုမှာ အသံကိုတိုင်းထွာသော ကိရိယာတို့ဖြင့် ဝေပုံချခြင်းမဟုတ်ပေ။ နားကတတ်၍ နား၏ဆုံးဖြတ်မှုသာ အဓိကဖြစ်၏။ အသံစဉ် (၇)ပါးဝေပုံချမှုမှာ နားသာလျှင် အစရာဖြစ်၏။

## အမေးနံပါတ် ၂ (က နှင့် ခ)

ပတ္တလား ကြေးဝိုင်းစသော အသံသေကိရိယာမျိုးရှိ အသံစဉ်သည် မြန်မာသံစစ်သောအသံစဉ် (၇)ပါးလော၊ သို့မဟုတ် စောင်းပတ်ဝိုင်းများတွင် တီးသောသူ၏ နားအရ အသံစွဲအောင်ညှိထားသော အသံရှင်ကိရိယာတို့မှ အသံစဉ်တို့ဖြင့်သာ မြန်မာသံစစ်စစ် အသံစဉ် (၇)ပါးဟု ခေါ်မည်လောဟူသော အမေးကို အောက်ပါအတိုင်း ဖြေလိုက်၏။

## စောင်းသံသည် မြန်မာသံအစစ်ဆုံး

မြန်မာအသံစဉ် (၇)ပါးမှာ အသေမဟုတ်၊ အရှင်ဖြစ်ကြောင်းကို ပြဆိုခဲ့ပြီးဖြစ်ရာ အသံသေကိရိယာများဖြစ်သော ပတ္တလား ကြေးဝိုင်းတို့မှ အသံစဉ်သည် မြန်မာ့အသံများပင် ဖြစ်သော်လည်း တိတိကျကျမှန်သောအသံဟု မဆိုနိုင်ပေ။ သံမှန် သံကျပြောင်း (ဝါ) ဂါမပြောင်း(ဝါ)ကီး Key ပြောင်းလျှင် အသံစဉ် (၇)ပါးမှာလည်း အနည်းငယ်ပြောင်းခြင်းသည် အိန္ဒိယနှင့်မြန်မာ တူရိယာပညာ၌ ရှိ၏။ ပြောင်းမှ အသံမှန်သည်ဟု ဆိုရမည်။

ထို့ကြောင့် ပတ္တလားကြေးဝိုင်းသံတို့မှာ မည်သည့်မြန်မာသံစဉ်နှင့်မဆို တီး၍ဖြစ်အောင် အသံကိုမျှ၍ အမှန်နှင့်နီးနိုင်သမျှနီးအောင် စီစဉ်ထားသောအသံများဖြစ်သည်ဟု ဆိုရပေမည်။ ပတ်ပျိုးတီးလျှင် ပတ်ပျိုးအသံစဉ်မှန်မှ နားတွင်စွဲသည်။ သီချင်းခံတီးလျှင် သီချင်းခံအသံစဉ်မှန်မှ နားတွင်စွဲသည်။ ထိုနည်းတူ ပုလဲတီးလျှင်လည်း အသံစဉ်မှန်မှ စွဲသည်။

ဤသို့နားစွဲအောင် အသံပြုပြင်ပေးမှုမှာ စောင်းတွင်ရှိ၏။ သို့ကြောင့် စောင်းသံသည် မြန်မာအသံစဉ် အစစ်ဆုံးဟု ဆိုရမည်။ စောင်းသံဟုဆိုရာ၌လည်း ကြိုးတစ်မျိုး

www.burmeseclassic.com



တည်း အသေညှိထားသည်ကို မဆိုလို၊ သံရိုး(ဝါ)ညွင်းလုံး အသံစဉ်၊ အောက်ပြန်အသံစဉ်၊ သံဖျားတယောအသံစဉ် စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။

## ဆိုင်းသဘော

ဤတွင် မေးသူက ပတ္တလားနှင့်ကြေးဝိုင်းကို အသံသေ အတူထား၍လည်းကောင်း၊ စောင်းနှင့်ဆိုင်းကို အသံရှင်အတူထား၍လည်းကောင်း မေး၏။ ဖြေသူက စောင်းသံသည် အမှန်ဆုံးဟု ဆိုင်းကိုချန်လှပ်၍ ဖြေခဲ့၏။ အဘယ်ကြောင့် ချန်ခဲ့သနည်းဟူမူ၊ ဆိုင်းသည် အသံရှင်ကိရိယာပင်ဖြစ်စေကာ၊ ပတ်စာတပ်ရာ၌ ကြေးဝိုင်းနှင့်ညှိ၍ တပ်၏။ အသံသေနောက်ကို လိုက်မှုရှိနေသေး၏။

လက်ရင်း၌ ခြောက်လုံးတွဲမှာ စောင်းသံသဘော ဝင်၏။ လက်ဖျားကား ရှစ်လုံးတွဲ ပတ္တလားသဘော၊ ကြေးဝိုင်းသဘောဝင်၏။ ပတ်စာအဖြည့် အနုတ်ရှိသဖြင့် အသံရှင်ပင် ဖြစ်စေကာ ကြေးဝိုင်းကို ငဲ့ရသဖြင့် စောင်းလောက်အသံမှန်နိုင်မည်မဟုတ်ပေ။ အသံစဉ်ပြောင်းကား ဆိုင်း၌ရှိ၏။ (ခုနစ်သံချီ) အသံစဉ်နှင့် သံလတ်အသံစဉ်၊ ပတ်စာပိုးအသံစဉ်တို့မှာ ခြားနား၏။

## မြန်မာသံစစ် တည်တံ့ရေး

အသံသေကိရိယာများ ပေါ်လာခြင်းသည် မြန်မာအသံရှင်များ နားတွင်စွဲမှုကို ဖျက်ဆီး၍ အသံသေများဆိုင်ရာ အသံစဉ် (၇)ပါးသာလျှင် နားတွင်စွဲလာစေမည့် အကြောင်းခံကြီးဖြစ်၏။ စောင်းမကိုင်သူတို့မှာ အသံသေ အသံစဉ်(၇)ပါးသာလျှင် နားစွဲနေလေပြီ။ သို့ကြောင့် မြန်မာအသံရှင်များ မပျောက်ပျက်စေရန် ရေဒီယိုဝန်မင်း ဦးခင်ဇော်သည် ယခု အသံလွှင့်အစီအစဉ် အတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများနှင့် အသံစဉ်ခြားနားသည့် စောင်းသံနှင့် အတိအကျ ညှိစေမည့် သံရိုးပတ္တလားတစ်မျိုး၊ အောက်ပြန်ပတ္တလားတစ်မျိုး၊ မုလဲပတ္တလားတစ်မျိုးကို စမ်းသပ်သောသဘောဖြင့် စတင်စီမံလျက်ရှိနေသည်။

× × ×

## မောင်မြဦး၏အမေး

နံပါတ် ၂(ဂ) မှာ ဘင်ဂျိုကိရိယာမျိုး၌ ရှိ လက်နှိပ်ခလုတ်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံခြားသားများ အသုံးပြုသော အသံခွဲဝေပုံစနစ်ကို သိရှိရသလို ရှေးမြန်မာသုံး မည်သည့်တူရိယာကိုကြည့်ခြင်းအားဖြင့် မြန်မာသံစစ်စစ်(၇)ပါး ခွဲဝေပုံစနစ်ကို



သိနိုင်ပါမည်နည်းဟူသော အမေးပင်ဖြစ်သည်။

ဤအမေးသည် မေးခွန်းအတွင်း၌ပင် ဆန့်ကျင်ဘက် ဝိရောဓိပါရှိသော အမေး ဖြစ်နေ၍နေသည်၊ ဘင်ဂျိုတွင်လက်နှိပ်ခလုတ်များမှာ အရှင်မဟုတ် အသေဖြစ်၍ နိုင်ငံခြားသားများ အသံခွဲဝေထားပုံမှာ အသံရှင်ဖြစ်၍နေပေရာ အသံရှင်ကို ပုံသေကားချ မည်သည့်တူရိယာကမျှ ပြသခြင်းငှာ စွမ်းနိုင်မည်မဟုတ်ပေ။

သို့ကြောင့် ဘင်ဂျိုခလုတ်ကဲ့သို့ အသံခွဲဝေပုံမျိုး မြန်မာသံစစ်စစ်အတွက် မရှိနိုင်သော်လည်း မြန်မာသံစစ်စစ်နှင့်အနီးကပ်ဆုံးအသံများကို ခွဲဝေ၍ပြသော တူရိယာကား မြန်မာ၌ရှိ၏။ ထိုတူရိယာတို့မှာ နှဲ–ပြွေလက်ပေါက်အားဖြင့် ရှေးက မြန်မာအသံများကို ခွဲဝေ၍ ပြသောကြောင့် မြန်မာအသံစဉ် (၇)ပါးကို ခေါ်ဝေါ်သော ဝေါဟာရများကို 'နွားလားသုံးပေါက်၊ မြင်းသံခြောက်နှင့်' အစရှိသော လင်္ကာဖြင့် မဃဒေဝပျို့တွင် မန်လည်ဆရာတော် စပ်ဆို၍ ပြခဲ့သည်။

အောက်ပြန်ကို လေးပေါက်၊ မြင်စိုင်းကို ငါးပေါက်ဟု ခေါ်ဆိုနေကြခြင်း၊ ဒူရကာ်ဒွေးကို ဒူရကာဒွေး(ဒွေးမှာနှစ်ဖြစ်သည်)ဟု ခေါ်ဆိုနေကြခြင်းတို့မှာ ထင်ရှားသော သက်သေခံများဖြစ်လေသည်။ ထို့ကြောင့် မြန်မာအသံစဉ် (၇)ပါးကို ခွဲဝေ၍ ပြသောစနစ်ကို နှဲ–ပြွေလက်ပေါက်တို့ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်ဟု ဖြေရမည်။ သို့ဖြစ်ရာ၌ မြန်မာသံ တိတိကျကျစစ်စစ်ကို မဆိုလိုပေ။ အနီးဆုံးဟုသာ ဆိုရပေမည်။

## မြန်မာသံစစ်စစ် မည်သို့ခွဲဝေသနည်း

ဤသို့ မြန်မာသံစစ်စစ်ကို ခွဲဝေပြသသော တူရိယာမရှိဟုဆိုလျှင် အသံရှင်များ ညှိရာ၌ မည်သည့်စနစ်အရ ခွဲဝေသနည်းဟု မေးဖွယ်ရှိပြန်၏။ အမေးနံပါတ် ၂ တွင် ရေးသားပြီးခဲ့သည့်အတိုင်း ရှေးဆရာကြီးများသည် အသံကိုတိုင်းထွာသော ကိရိယာတစ်စုံတစ်ရာဖြင့် တိုင်းထွာခွဲဝေခြင်းပြုကြသည်မဟုတ်၊ မိမိတို့နားသည်ပင် အသံခွဲဝေသော ဆရာကြီးများ ဖြစ်ကြ၏။

နားဖြင့်သာ တူရိယာဂီတကို အစဉ်အလာအားဖြင့် သင်ကြားခဲ့ကြသောကြောင့် နားက တတ်လေသည်။ အသံမှန်မမှန်ကို နားက ချိန်ဆကြလေသည်။ စောင်းညှိရာ၌ နားသည် အခရာဖြစ်၏။ နှဲ၊ ပြွေတို့မှ သံမှန်သံကျ တစ်သံတည်းကိုမူတည်ပြီး ကျန်သော အသံစဉ်များကို နားဖြင့် ညှိသွားကြလေသည်။

စောင်း၊ ပြွေတို့မှာ အသံသေဟုပင်ဆိုရငြားသော်လည်း စင်စစ် အသံသေမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ လက်မောက်ကို မေးခြင်းဖြင့် စောင်း၏အသံရှင်ကို ကိုက်အောင် လိုက်ကြလေသည်။ သို့ကြောင့် မြန်မာအသံစစ်စစ်ကို ခွဲဝေပုံစနစ်မှာ အထူးမရှိ၊ နားဖြင့်ခွဲဝေ၏။ ထိုအသံစဉ်များနှင့်အနီးဆုံးဖြစ်အောင် နဲ့၊ ပြွေများကို ဖောက်ကြ၏။

မြန်မာသံစစ်စစ်ဟု (စစ်စစ်)ဟူသော စကားကို မထည့်ဘဲ မြန်မာအသံ (၇)ပါးကို ခွဲဝေပိုင်းဖြတ်သည့်စနစ်ကို သိရှိရန် မည်သည့်တူရိယာကို ကြည့်ရမည်နည်းဟု ဆိုလျှင် နဲ့၊ ပြွေဖောက်နည်းမှာလည်း အရမ်းဖောက်လုပ်သည်မဟုတ်၊ အပေါက်တစ်ခုနှင့်တစ်ခု အကွာအခြား၊ အပေါက်အထက်မှသေး၍ အောက်ဖက်မှ ကျယ်လာပုံများမှာ ၁၇ နည်း ရှိပေသည်။

## ဘင်ဂျို၏ ခလုတ်စနစ်

အနောက်နိုင်ငံ၏ အသံခွဲဝေပုံစနစ်ကို ဘင်ဂျိုလက်နှိပ်ခလုတ်များကိုကြည့်၍ သိနိုင်သည်။ မြန်မာ၌ နားကိုသာ အားကိုးနေရသည်မှာ ညံ့လွန်းဖျင်းလွန်းလှသည်၊ နားကို အားကိုးသည်ဟု ဖြေကြားခြင်းမှာ ဟုတ်ပါလေစဟု မေးသောသူ၌ သံသယဖြစ်ဖွယ်ရှိ၏။ သို့သော် အနောက်နိုင်ငံတူရိယာရာဇဝင်ကိုကြည့်လျှင် ၁၁ ရာစုနှစ်အထိ တူရိယာမှာ မြန်မာပြည်မှာကဲ့သို့ နားဖြင့်သင်ကြားလေ့လာခဲ့ကြလေသည်။ နှုတ်တက် သင်ကြားပို့ချပေးလာခဲ့ကြလေသည်။

တူရိယာများမှာလည်း ယခု မြန်မာတူရိယာများကဲ့သို့ တစ်သံချင်း သီဆိုတီးမှုတ်ကြလေသည်။ ဟာမိုနီခေါ်သော အသံအဆင်ပြေအောင် ဖက်စပ်မှုတို့ မပေါ်သေးပေ။ အသံ၏သာယာခြင်းဖြစ်သော မယ်လိုဒီကိုသာ အဓိကထားကြလေသည်။ ဟာမိုနီဆိုသော သဘောကို မြန်မာတူရိယာဆရာတို့ ယခုတိုင်မလေ့လာကြသေးသဖြင့် အနည်းငယ်ရှင်းလင်းပြလို၏။

ဥပမာ(C) စီ–သံကို သံမှန်ထား၍ ပန်းမြိုင်လယ်သီချင်းကို လူ (၃)ယောက်ပြိုင်တူဆိုအံ့။ မြန်မာဆိုနည်းအတိုင်းမှာ လူသုံးယောက်စလုံး (စီ)သံကို သံမှန်ထား၍ ပြိုင်တူဆိုကြပေမည်။ ဤသို့ဆိုခြင်း၌ မယ်လိုဒီခေါ် သာယာမှုကား ပြည့်စုံ၏။ ဟာမိုနီခေါ်သော အဆင်ပြေသည့်အသံ ဖက်စပ်မှုမပါပေ။

အနောက်နိုင်ငံတူရိယာသမား သုံးယောက်ကို အဆိုခိုင်းလျှင် တစ်ယောက်က (စီ)သံ၊ ပုလဲကို သံမှန်ထား၍ ဆိုမည်။ တစ်ယောက်က (E) အီးသံ၊ ခြောက်ပေါက် ကို သံမှန်ထား၍ဆိုမည်၊ ကျန်တစ်ယောက်က (ဂျီ)သံ လေးပေါက် အောက်ပြန်ကို သံမှန်ထား



၍ ဆိုမည်၊ ဤသို့ဖြင့် သီချင်းတစ်ပုဒ်ကို တစ်ပြိုင်တည်း (၃)သံခွဲ၍ ဆိုကြမည်။ ဤနည်းအားဖြင့် အသံတိုင်းမှာ အသံတူမထွက်တော့ဘဲ ဖက်စပ်ထားသော အဆင်ပြေသည့် အသံခွဲသုံးသံ ထွက်၍လာမည်။

ဤဆိုနည်းမှာ ဟာမိုနီဖြစ်အောင်ဆိုနည်းဖြစ်သည်။ ဤကားအကြမ်း ဥပမာပြအဖြစ်ဖြင့် ဟာမိုနီ၏သဘောကို သိလွယ်အောင်ရေးလိုက်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ဟာမိုနီကို လေ့လာသောအခါ တူရိယာအက္ခရာ မရှိလျှင် ခဲယဉ်းသောကြောင့် ၁၁ ရာစုနှစ်တွင်မှ တူရိယာအက္ခရာကို စ၍ထွင်ကြလေသည်။

## စန္ဒယားတွင် အနက်လုံး ရှိရပုံ

အနောက်နိုင်ငံ အသံစဉ်နှင့် အရှေ့နိုင်ငံ အသံစဉ်တို့မှာ ယခုအခါ အတော်ပင်ခြားနားလျက်ရှိကြသည်။ အနောက်နိုင်ငံ တူရိယာဆိုင်ရာ အသံစဉ်တို့မှာ ရှေးက မြန်မာအသံစဉ်များကဲ့သို့ပင် ခြားနားမှုများ ရှိခဲ့၏။ မု(ဒ်)ခေါ်သောနည်းတို့ဖြင့် ရှစ်နည်းခန့်လည်း ပြောင်းလဲတီးမှုတ်မှုတို့ ရှိခဲ့၏။ သို့သော် နောင်သောအခါ တူရိယာကို သင်ယူလေ့ကျင့်၍ လွယ်စေခြင်းငှာလည်းကောင်း၊ တစ်ယောက်တစ်မျိုး အသံစဉ်ချင်းကွဲပြားခြားနားခြင်း မရှိစေရအောင် သံစဉ် (၇) ပါးကို စနစ်သစ်အရ သတ်မှတ်၍ စံပြုထားလိုက်သည်။ ဤစံပြုအသံစဉ် (၇)ပါး၏ အသံအနိမ့်အမြင့်ကို အသံတိုင်းကိရိယာဖြင့် တိုင်းထွာကြည့်မည်ဆိုက အနောက်နိုင်ငံ တူရိယာအသံစဉ်၌ တစ်သံနှင့်တစ်သံ မည်မျှခြားသည်ကို အောက်ပါအတိုင်း တွေ့ရမည်။

## မြန်မာအသံစဉ်နှင့်အင်္ဂလိပ်အသံစဉ်

မြန်မာတို့ သံမှန်ထား၍ တီးမှုတ်လေ့ရှိသော အသံမှာ အင်္ဂလိပ်တူရိယာတွင် များသောအားဖြင့် (စီ)သံနှင့် တူ၏။ အင်္ဂလိပ် အသံစဉ် (၇)ပါး၏ အနိမ့်အမြင့် အကွာအဝေးကို တိုင်းထွာကြည့်သောအခါ (စီ)သံကို သုညထား၍ တိုင်းထွာလျှင် အောက်ပါအတိုင်းတွေ့ရမည်။

| | | | | |
|---|---|---|---|---|
| (စီ) | သံမှ | (ဒီ) | သံအထိ | ယူနစ် ၂၀၀ |
| (ဒီ) | သံမှ | (အီး) | သံအထိ | ယူနစ် ၂၀၀ |
| (အီး) | သံမှ | (အက်ဖ်) | သံအထိ | ယူနစ် ၁၀၀ |
| (အက်ဖ်) | သံမှ | (ဂျီ) | သံအထိ | ယူနစ် ၂၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| (ဂျီ) | သံမှ | (အေ) | သံအထိ | ယူနစ် ၂၀၀ |
| (အေ) | သံမှ | (ဘီ) | သံအထိ | ယူနစ် ၂၀၀ |
| (ဘီ) | သံမှ | (စီ) | သံအထိ | ယူနစ် ၁၀၀ |

အထက်ပါ ဘယ်စီသံမှ ညာစီသံအထိ အသံ ၇ ပါး၏ ယူနစ်ပေါင်းမှာ ၁၂၀၀ ဖြစ်၍ ယူနစ် ၂၀၀ ခြားသော အသံ ၅ သံနှင့် ယူနစ် ၁၀၀ ခြားသောအသံ ၂ သံပါလေသည်။ ၂၀၀ ခြားသောအသံများတွင် ထက်ဝက်သံများထားနိုင်သဖြင့် (စီ)နှင့် (ဒီ)အကြား အနက်လုံးတစ်လုံး။ (ဒီ)နှင့် (အီး)အကြား အနက်လုံးတစ်လုံး ထား၏။

အီးနှင့်အက်ဖ်မှာ ယူနစ် ၁၀၀ သာကွာသဖြင့် ထက်ဝက်သံမထားနိုင်၊ သို့ကြောင့် အနက်လုံးဝမရှိဘဲ (အက်ဖ်)နှင့်(ဂျီ)အကြား၌ ၁ လုံး၊ (ဂျီ)နှင့်(အေ)အကြားတွင် တစ်လုံး ထားရှိလေသည်။ (ဘီ)နှင့်(စီ)အကြားမှာ ယူနစ် ၁၀၀ သာရှိပြန်သဖြင့် အနက်လုံး ထက်ဝက်သံမရှိနိုင်တော့ပေ။

## အသံစဉ် ခြားနားခြင်း

အနောက်နိုင်ငံ၏ အသံစဉ်မှာ ဤသို့ယူနစ် ၂၀၀ တိတိ ငါးသံ၊ ယူနစ် ၁၀၀ တိတိ နှစ်သံရှိရာ ဤအသံများနှင့် မြန်မာပတ္တလားသံ ခြားနားခြင်းကို သိရန် အောက်တွင် ယှဉ်ပြလိုက်ပါသည်။

| အင်္ဂလိပ်သံ | | မြန်မာသံ |
|---|---|---|
| (စီ) | – | ပုလဲ |
| ၂၀၀ | – | ၁၉၉ |
| (ဒီ) | – | ညှင်းလုံး |
| ၂၀၀ | – | ၁၇၃ |
| (အီး) | – | ခြောက်ပေါက် |
| ၁၀၀ | – | ၁၆၃ |
| (အက်ဖ်) | – | မဒ္ဒိုင်း |
| ၂၀၀ | – | ၁၈၂ |
| (ဂျီ) | – | အောက်ပြန် |



| | | |
|---|---|---|
| ၂၀၀ | – | ၁၇၂ |
| (အေ) | – | ပြည်တော်ပြန် |
| ၂၀၀ | – | ၁၄၆ |
| (ဘီ) | – | ဒူရကာ |
| ၁၀၀ | – | ၁၆၅ |
| (စီ) | – | ပုလဲ |
| စုစုပေါင်း ၁၂၀၀ | | ၁၂၀၀ |

အထက်ပါ ဇယားကိုကြည့်လျှင် မြန်မာတူရိယာ၌ ထက်ဝက်သံများ မရှိနိုင်သည်မှာ ထင်ရှားပေလိမ့်မည်။

## အမေးနံပါတ် ၃

ဤအမေးမှာ ညှင်းလုံးတွင် ကြိုးတွဲ့သီချင်းခန့်ကို တီး၏။ အောက်ပြန်တွင် ပတ်ပျိုး လောကနတ် လေးထွေသံကပ် တီး၏။ ပုလဲတွင် ယိုးဒယား တလိုင်း ဘောလယ် သံဆန်းများတီး၏။ မဒ္ဒိုင်းတွင် တေးထပ် ရှစ်ဆယ်ပေါ် ဒိန်းတို့ တီး၏ဆိုလျှင် ကျန်သော ခြောက်သွယ်ညွန့်၊ ဒူရကာနှင့် ပြည်တော်ပြန်တွင် မည်သည့်သီချင်းမျိုး သီဆိုတီးမှုတ်ကြသနည်းဟူသော အမေးပင် ဖြစ်၏။

ခြောက်သွယ်ညွန့်တွင်ကား ရှေးက ငှက်ညည်းသံများကို သီဆိုတီးမှုတ်ကြ၏။ ရှေးပုရပိုက်ကြီးများတွင် ဒူရကာသံဟူသောအမည်ဖြင့် သီချင်းအတိုအစများ တွေ့ဖူး၏။ သို့သော် သီချင်းများကို သီဆိုတတ်သူ မတွေ့ရပေ။ စောင်းညှိရာတွင်လည်း စောင်းဆရာကြီး မောင်မောင်လတ်သည် ဒူရကာသံကို မည်သို့ညှိရမည်ဟု ၎င်း၏ဆရာ ဒေဝဣန္ဒာကပြခဲ့ဖူးကြောင်းဖြင့် တစ်ကြိမ်က ညှိ၍ ပြဖူး၏။ အနည်းငယ်ကြိုးစမ်း၍ ပြခြင်းမှတစ်ပါး ဒူရကာသံတွင် သီချင်းတစ်ပုဒ်မျှ တီး၍ မပြနိုင်ခဲ့ပေ။

ဒူရကာသံ ကြိုးညှိနည်းကို ၎င်း၏တပည့်ဆရာ ဦးထွန်းဖေအား ပြထားကြောင်းဖြင့်လည်း ပြော၏။ ပြည်တော်ပြန်တွင်ကား သက်သက်သီချင်း သီဆိုမှုများကို မတွေ့ဖူး၊ မကြားဖူးပေ။ အဆိုတော် အဆိုကျော်များ အသံပြောင်းနှင့် သီချင်းဆိုရာ၌ကား အသံ (၇)သံလုံးသို့ အမျိုးမျိုးပြောင်းသွားအောင် သီဆိုကြလေသည်။ နောက်ဆုံး၌ စ၍ဆိုသော အသံနှင့် ပြန်၍ပေါင်းနိုင်အောင် ဆိုရလေသည်။ ပြန်၍ မပေါင်းနိုင်က အသံပြောင်းခြင်းမှာ အဓိပ္ပာယ်မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## (၇) သံလည်ကြိုး

'ဘုန်းတော်တေဇာ ဝေဖြာတိုးလို့' အစချီသော ကြိုးတစ်ပုဒ်ကား ပုလဲမှစ၍ တီးလိုက်လျှင် မဒ္ဒိုင်းသို့ ရောက်သွား၏။ ထိုမှ ဆိုပြန်သောအခါ ဒူရကသို့ ရောက်၏။ ထိုမှ ဆိုပြန်သောအခါ ခြောက်သွယ်ညွန့်သို့ ရောက်၏။ သီချင်းတစ်ပုဒ်တည်းဖြင့် အသံ(၇)သံ ပြောင်းသွား၏။

ရှေးက ထိုအသံများဆိုင်ရာ သီချင်းမျိုး ရှိကောင်း ရှိပေလိမ့်မည်။ သို့သော် ကောင်းသောအရာသည် ယေဘုယျအားဖြင့် အရှည်ခံသည်၊ မကောင်းသောအရာသည် ခဏချင်း ပျောက်ပျက်သွားတတ်သည်ဖြစ်ရာ ထိုအသံတို့ကို သံမှန်သံကျထား၍ တီးမှုတ်မှုများမှာ အကြိုက်နည်းပါးသဖြင့် တိမ်ကောသွားသည်ဟု ယူဆလျှင် သာ၍ သင့်တော် ပေလိမ့်မည်။ သို့ကြောင့် အမေး(ဘီ) အမှတ် ၃ (က)ကို ဖြေကြားရန် အထူးမရှိတော့ပေ။ သီချင်းလည်း မရှိ၊ တီးတတ်သူလည်း မရှိသော ကြိုးညှိနည်းသည် ဟုတ်ချင်မှဟုတ်မည်။ မှန်ချင်မှ မှန်မည်။

### အမေး-၃၊ က-ခ-ဂ

ခြောက်သွယ်ညွန့်၊ ဒူရက၊ ပြည်တော်ပြန်ဟူသော အသံ ၃ ပါးကို ညှိလျှင် ညှင်းလုံး ညှိထားသော စောင်းအသံစဉ်မှ မည်သည့်ကြိုးများကို မည်သည့်အသံပြောင်းယူ ညှိသနည်းဟူသော အမေးနှင့်စပ်လျဉ်း၍ ယခင်အပတ်က ဖြေကြားချက်များတွင် အန္တက ဖြစ်ပြီးဖြစ်၍ အထူးဖြေကြားရန်ပင်မလိုတော့ပေ။ ခြောက်သွယ်ညွန့်ညှိနည်း၊ ပြည်တော်ပြန် ညှိနည်း ရှိသည်ဟူ၍ စောင်းဆရာကြီး ဒေဝဣန္ဒာကိုယ်တိုင်ပင်လျှင် မပြောဖူးခဲ့ပေ။ ညှိ၍လည်း မပြဖူးခဲ့ပေ။ သို့ကြောင့် ဒေဝဣန္ဒတို့လက်ထက်ကပင် စောင်း၌ ခြောက်သွယ် ညွန့်ညှိနည်း၊ ပြည်တော်ပြန်ညှိနည်း မရှိဟုသာ မှတ်ယူသင့်ပေသည်။

### ကြိုးညှိခြင်း၏ အခြေခံသဘော

စောင်း၌ ကြိုးပြန်ညှိခြင်း၏အခြေခံသဘောကို သတိပြုမိလျှင် ဤမေးခွန်းကို မေးဖွယ်မရှိပေ။ စောင်းတူရိယာသည် ၁၃ ကြိုးမျှသာရှိသဖြင့် အသံ ၁၃ မျိုးသာ ထွက်၏။ တူရိယာတို့တွင် အသံ ၇ သံရှိရာ ထို ၇သံကို မူလသံ ၇၊ ဘယ်သံ ၇၊ ညာသံ ၇ဟု ခွဲလိုက် အယုတ်အားဖြင့် အသံ ၂၁ သံ ရှိရမည်။



စောင်းတွင် ၁၃ သံမျှ ရှိပေရာ လိုသောအသံများကို လက်သည်းနှင့်ကြိုးကိုထောက်၍ တီးရလေသည်။ သို့ကြောင့် အသံ ၁၃ သံကို စီစဉ်ရာ၌ အထောက်နည်းနိုင်သမျှ နည်းအောင် စီစဉ်ရ၏။ ဥပမာ ပုလဲညှိ၍ထားသော စောင်းတွင် ပတ်ပျိုးသီချင်းကိုတီးသော အခါ လိုသောကြိုးဖက်များကိုလည်း မရ၊ လိုသောအသံများကိုလည်း မရဘဲ အလွန်အထောက် များလေသည်။

သို့ကြောင့် လိုသော ကြိုးဖက်ရရန်နှင့် အထောက်နည်းရန်အတွက် အောက်ပြန် ညှိနည်းဟု ထွင်ရလေသည်။ အသံစဉ်စကေး ပြောင်းသော အကြောင်းတစ်ရပ်တည်းကြောင့် ကြိုးပြောင်းရသည်ဟု မမှတ်အပ်ပေ။ သီချင်းသံများကို အောက်ပြန်တွင် သုံးမည်ဆိုက အတီးရ ခက်ပြန်သည်။ သို့ကြောင့် တစ်မျိုးပြောင်း၍ ညှင်းလုံးညှိနည်းကို ထွင်ရလေသည်။

တီး၍လွယ်စေမှုနှင့် လိုသော ကြိုးဖက်များကို ရစေမှုသည် ကြိုးညှိနည်း၏ အခြေခံသဘောများဖြစ်လေသည်။ ဤသဘောကို နားလည်လျှင် ၆ ပေါက်ကို သံမှန်သံကျထား၍ တီးရန်အတွက်သော်လည်းကောင်း၊ ၃ ပေါက် ပြည်တော်ပြန်ကို သံမှန်သံကျထား၍ တီးရန်သော်လည်းကောင်း၊ မိမိဖာသာ စမ်းသပ်၍ ကြိုးညှိနည်း ထွင်မည်ဆိုက ဖြစ်နိုင်ပေသည်။ သို့သော် ထိုအသံများကို သံမှန်သံကျထား၍ တီးခြင်းသည် ယခင်အပတ်က ရေးသားပြီးခဲ့သည့်အတိုင်း အခြားအသံစဉ်များလောက် မသာယာ၍ အသုံးအစွဲ နည်းပါး တိမ်ကောသွားရသည်ဟု မှတ်ယူစေလိုသည်။

### ကြိုးပြောင်းတီး၍ ရ-မရ

ပတ်ပျိုးတိုင်းကို အောက်ပြန်နှင့်မတီးဘဲ အချို့ပတ်ပျိုးများကို (ဥပမာ–ပြည်တော် ပြန်အစရှိသော အသံ (Key) ကီးတစ်မျိုးဖြင့် ပြောင်း၍ ခွဲခြားတီးရသည်ဟူသော စနစ် မျိုး) ရှေးက သုံး/မသုံး၊ သုံးက မည်သည့်သီချင်းများကို ကျန်သောအသံ(၃)ပါးဖြင့် ပြောင်း၍ ခွဲခြားတီးမှုတ်ကြသနည်းဟူသော အမေး၌ 'စနစ်' ဟူသောစကားကို ကျွန်ုပ်တို့ မနှစ်သက်ပေ။

စနစ်မှာ သူ့ဂိုဏ်းနှင့်သူ့သီချင်း ရှိပြီးဖြစ်သည်။ ပြောင်းလဲတီးမှုတ်ခြင်းသည် စနစ်ကို ဖောက်ဖျက်လိုက်ခြင်းဖြစ်သည်။ သို့ကြောင့် ပတ်ပျိုးကို အောက်ပြန်နှင့်မတီးဘဲ ပြည်တော် ပြန်နှင့် တီးရမည်စသော စနစ်မျိုး မရှိနိုင်ပေ။ ကြိုးပြောင်း၍တီးလျှင်ကား ဖြစ်နိုင်၏။ သို့သော် စနစ်ကျသည်ဟူ၍ကားမခေါ်နိုင်ပေ။

ယခု ပတ္တလားတီးနေသည် များသည်။ များသောအားဖြင့် တစ်သံတည်းက ခံ၍ တီးနေကြ၏။ (စီ)သံပတ္တလားကို တီးနေသူသည် ယိုးဒယား၊ တလိုင်းသံများကို ဆိုလျှင်

www.burmeseclassic.com



လည်း ထို(စီ)သံကိုပင် သံမှန်သံကျထား၍ တီးသည်။ ပတ်ပျိုးကို ဆိုလာသူကလည်း ၎င်း(စီ)သံကိုပင် သံမှန်သံကျထား၍ တီးလေ့ရှိကြသည်။ ယခု ပတ္တလားတီးသူများအနက် ပတ်ပျိုးကို ပတ္တလားတွင် အောက်ပြန်ပြောင်း၍ တီးတတ်သူရှားလေသည်။ တစ်သံတည်း ခံ၍ တီးကြသူသာ များကြ၏။

ဤသဘောကို ကြည့်လျှင် ယခုပတ္တလားတီးသူများသည် ပတ်ပျိုးကို အောက်ပြန်တွင်မတီးဘဲ ပုလဲတွင်တီးနေကြ၏။ စနစ်မှန်သလားဟုမေးလျှင် မမှန်ဟုဆိုရပေမည်။ သို့သော် အများဆုံးဖြစ်နေ၏။ စောင်းနှင့်ပတ္တလားတွဲ၍ တီးသောအခါ စောင်းကြိုးပြောင်းတိုင်း ပတ္တလားလည်း သံမှန်သံကျကို ပြောင်း၍ စောင်းနှင့်ညီအောင် တီးရပေမည်။ ထိုအခါ စနစ်မှန်သည်ဟု ဆိုနိုင်၏။ ဤကားစနစ်ဟူသော စကားကို ပေါ့ပေါ့ယူဆမည်စိုး၍ ရှင်းလင်းရခြင်း ဖြစ်၏။

## ရှေးကပြောင်းလဲတီးကြပုံ

တီးမှုတ်ရာ၌ကား စနစ်အတိုင်း တိတိကျကျမလိုက်ဘဲ အဆင်ပြေမှု၊ လွယ်ကူမှု၊ သို့မဟုတ် သမားဂုဏ်ပြမှုတို့အတွက် ဖောက်ပြန်မှုတို့ကား ရှေးကပင် ရှိခဲ့လေသည်။ ဥပမာအားဖြင့် ပုလဲပတ်ပျိုးဟူသော ပတ်ပျိုးကလေးများတွင် ပတ်ပျိုးသဘောက နည်းပါး၍ ပုလဲသဘောများသောကြောင့် ပုလဲကြိုး၌ တီးကြ၏။ အောက်ပြန်၌ မတီးပေ။

စိန်ဗေဒါကိုယ်တိုင်ပင် 'မျှော်ယောင်ကာ'ပတ်ပျိုးကို စောင်း၌ ပုလဲကြိုးတွင် တီးလေ့ရှိ၏။ ဟသ်ာတ၊ အင်္ဂပူတို့၌ စောင်းဆရာကြီး ဦးဘိုးမြစ်၏ ဂိုဏ်းမှာ ပတ်ပျိုးများကို ပုလဲ၌သာ တီး၏။ စနစ်မဟုတ်၍ ကြိုးဖက်များ မခန့်ညား၊ ဌာန်များမမှန်ဘဲ တီးကွက်အလွန် နုတ်သွားလေသည်။

## ခွဲခွဲခြားခြား

ခွဲခွဲခြားခြား အစချီသော အတွင်းတီးဖြေကြိုးကို ဂီတလိုက်စားသူတိုင်း သိ၏။ ကြိုးသီချင်းဖြစ်၍ စောင်းတွင် ညှင်းလုံး(ဝါ)သံရိုး၌ အမြဲတီးကြ၏။ ဤသို့တီးခြင်းမှာ စနစ်အရ ဖြစ်၏။ သို့သော် ရှေးဆရာကြီးမှာပင် ဤစနစ်ကို ဖောက်ဖျက်၍ ခွဲခွဲခြားခြားကို လေးပေါက်အောက်ပြန်၌ တီးကြသေး၏။

သို့ တီးရာ၌ အောက်ပြန်တွင်သီဆိုသော လောကနတ်သံ ဖြစ်သည်။ အနောက်နန်းမိဖုရားမမြကလေးရေးသော တိမ်မှောင်ဝေကင်း သီချင်းတွင် 'ဘုန်းတော်ခြောက်ပါး ပြိုင်



ဘက်ရှား၊ တေဇာလေတိုင်းသိညား' ဟူသော အပိုဒ်မှ ဆက်၍ 'ခွဲခွဲခြားခြား လားလားမုန်းထား မယ့်မှာလေ မိန်းမသား'ဟု နရီစည်းနှင့် သီဆိုတီးမှုတ်ကြလေသည်။

ဘုရားတိုင် သီချင်းဖြစ်သော တိမ်မှောင်ဝေကင်းနှင့် အမိပွာယ်၌လည်းကောင်း၊ ကာရန်၌လည်းကောင်း၊ အသံစဉ်၌လည်းကောင်း အလွန်ဟပ်မိလေသည်။ ဤသို့ အဆင်ပြေသောကြောင့်လည်း ကြိုးသီချင်းပင်ဖြစ်စေကာ အောက်ပြန်တွင် စောင်းဆရာကြီး ဦးအောင်လှတီးလေ့ရှိသည်။ ထိုမှတစ်ပါး ပဟဝန်စုံမြိုင် ဟူသော ကိန္နရီချောင်းခြားကြီး ပတ်ပျိုးကို ဆရာကြီးဦးအောင်လှ သံရိုးတွင် သမားဂုဏ်ပြအဖြစ် တီးပြသည်။ စောင်းဆရာကြီးဒေဝဣန္ဒာမှာ စောင်းကြိုးတစ်ကြိုးတည်းကို ထောက်၍ ပန်းမြိုင်လယ်တစ်ပုဒ်လုံးဆုံးအောင် ဒေါ်စောမြကြည်တို့အား တီးပြဖူးသည်။ ဤသည်လည်း သမားဂုဏ်ပြပင် ဖြစ်သည်။ နားထောင်၍ကား ကောင်းသည်မဟုတ်ပေ။

## နောက်ဆုံးအမေး

စောင်း၏ စည်းကမ်းစနစ်အတိုင်း သံမှန်(ကီး)ခွဲခြား၍ မြန်မာသီချင်းကြီးများကို စန္ဒယား(နိုင်ငံခြားအသုံးပြုသော အသံညှိထားသည်)ဖြင့် သီဆိုတီးမှုတ်ခြင်းအလေ့အထ ပြုလုပ်ပါက မြန်မာဂီတပညာ အဆင့်အတန်း ပိုမို၍ တိုးတက်ကောင်းမွန်လာသည်။ သို့မဟုတ် ပိုမို ဆုတ်ယုတ်စေသည်ကို ဦးမင်း၏ ဝေဖန်အကြံပေးခြင်းကို နာခံလိုပါသည် ခင်ဗျား။

ဤအမေးကား သန်လျင်မောင်မြဦး၏ တူရိယာဂီတဆိုင်ရာ အမေး၏နောက်ဆုံးပုစ္ဆာ ဖြစ်၏။ ထိုအမေး၏သဘောမှာ အင်္ဂလိပ် အသံစဉ်အတိုင်းညှိထားသော စန္ဒယားတွင် မြန်မာစောင်း စည်းကမ်းဖြင့် ယိုးဒယား၊ တလိုင်း ဘောလယ်များကို (စီ)သံဖြင့် သံမှန်ထား၍ တီးမည်။ ကြိုးဘွဲ့သီချင်းခံများကို ဒီသံနှင့် သံမှန်ထား၍ တီးမည် စသည်ဖြင့် (ကီး)ပြောင်း၍ တီးခဲ့လျှင် မြန်မာဂီတပညာအဆင့်အန်း ပိုမိုကောင်းမွန်လာမည်လား သို့မဟုတ် ဆိုးသွားမည်လား ဟူ၍ပင် ဖြစ်၏။

အနောက်နိုင်ငံ အသံစဉ် (၇)ပါးနှင့် မြန်မာအသံစဉ် (၇)ပါး ကွာခြားပုံကို ဇယားနှင့် ပြဆိုခဲ့ပြီးဖြစ်ရာ ယခုအမေးကိုမဖြေမီ အိန္ဒိယပြည် တူရိယာနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံ တူရိယာပါရဂူကြီးတစ်ဦးဖြစ်သူ အေ–အိပ်ချ်–ဖော့စ်စတရင်းဝေး* ဆိုသော ပုဂ္ဂိုလ်ကြီး စီစဉ်ရေးသည့် ဟိန္ဒူစတန်တူရိယာ** ခေါ်စာအုပ်နိဒါန်းမှ စာတစ်ပိုဒ်ကို ဖော်ပြလိုပေသည်။

---

* A. H. Fox Strangways.

** Music of Hindostan.

www.burmeseclassic.com

www.burmeseclassic.com



## အငှားဆိုလျှင်မကောင်း

တူရိယာဂီတ ပြုပြင်ပြောင်းလဲရေး၌ လက်မခံသင့်သော အချက်များလည်း ရှိသေးသည်။ အိန္ဒိယပြည် ရာဇာဇော်ဘွားများ နယ်ပယ်ရှိ ကုလားရာဇာစိုးမင်းတို့သည် မိမိတို့နန်းတော်တွင် အင်္ဂလိပ်ဘင်ခရာ တီးဝိုင်းများကို ထောင်ထားသဖြင့် မိမိတို့၏ အိန္ဒိယတူရိယာ ဂီတပညာတစ်ရပ်ကို အသေသတ်ပစ်နေခြင်းဟု အမှန်အတိုင်း သိရှိလာကြမည်ဆိုလျှင်–

အစိုးရအမှုထမ်း စာရေးတစ်ဦးသည် ရုံးဆင်းလာသောအခါ မိမိနားထောင်လိုသော ကုလားသီချင်းတစ်ပုဒ်ကို ဓာတ်စက်သီချင်းဖွင့်၍ နားထောင်ခြင်းဖြင့် ထိုသီချင်းကို မည်မျှ ဂုဏ်သရေဖျက်ပစ်လိုက်ရာ ရောက်သည်ကို သိလျှင်–

မဟာမေဒင် အဆိုတော် အဆိုကျော်တစ်ဦးသည် ဟာမိုနီယာနှင့် တွဲဖက်၍ သီချင်းဆိုခြင်းဖြင့် မိမိ၌ အဖိုးအတန်ဆုံးဖြစ်သော (တူရိယာနား) ပျက်စီးသွားစေသည်ကို သိလျှင်–

အင်္ဂလိပ် စန္ဒယားကို သင်သော ဘင်္ဂါလီအမျိုးသမီးတစ်ဦးသည် အင်္ဂလိပ် စန္ဒယား အတီး တိုးတက်သလောက် တစ်ခါတည်း ပင်လယ်ရပ်ခြားတိုင်းခြားပြည်ခြားသို့ ထွက်ခွာသွားဘိသကဲ့သို့ မိမိ၏အမျိုးဇာတ်ကို စွန့်ပယ်ရာကျရောက်ခြင်းကို သိလျှင်–

ထိုဆိုခဲ့ပြီးသော ပုဂ္ဂိုလ်တို့သည် တိုင်းရင်း'သွာရသတီ'သီချင်းကို နိုင်ငံခြားတူရိယာနှင့် တီးကြလိမ့်မည် မဟုတ်ပေ။ ထိုသို့ ပြုလုပ်ခြင်းများအတွက် ဆင်ခြေဆင်လက်တို့ကား ပေးကြလိမ့်မည်။ မည်သို့ပင် ဆင်ခြေပေးစေကာ မခိုင်လုံသောအကြောင်းများမှာ ၎င်းတို့ သုံးစွဲသည့် တူရိယာတို့မှာ တိုင်းရင်းမဟုတ်ဘဲ အငှားတူရိယာများ ဖြစ်သောကြောင့်တည်း။

ဤအထက်ပါ စာပိုဒ်ကို ကြည့်လျှင် မြန်မာသီချင်း ဂီတများကိုလည်း မြန်မာတူရိယာများနှင့် တွဲဖက်တီးခြင်းသာလျှင် နည်းလမ်းမှန်ကန်ပေမည်။ စန္ဒယားအစရှိသော တိုင်းခြားတူရိယာ၊ တိုင်းခြားအသံစဉ်တို့နှင့် တီးလျှင် ကိုယ့်အနုပညာတစ်ရပ်ကို ကိုယ်ပင် သတ်ပစ်သည် မည်လေတော့၏။

## အခြေခံကွာခြားခြင်း

အဘယ်ကြောင့် တိုင်းခြားတူရိယာတို့နှင့် မတီးအပ်သနည်းဟူမူ အခြေခံချင်းကပင် ကွဲလွဲခြားနားလာခြင်းကြောင့် ဖြစ်သည်။ တူရိယာဂီတတို့ ဖြစ်ပေါ်လာကြခြင်း အကြောင်းရင်းများအနက် ပြောဆိုသောစကား၊ ဥတုရာသီ၊ တိုင်းပြည်နိုင်ငံ အကျယ်အပြန့် စသည်များလည်း ပါရှိပေသည်။



သီချင်းသည် စကားမှ ဖြစ်လာသည်။ အနောက်နိုင်ငံသုံး ဘာသာစကားတို့မှာ အလေးအပေါ့ရှိ၏။ အိန္ဒိယစကား၊ မြန်မာစကားတို့၌ကား အလေးအပေါ့များစွာမရှိ၊ အသံနိမ့်အသံမြင့် ရှိနေ၏။ သို့ကြောင့် အလေးအပေါ့မှုခြင်းကို ဂီတ၏စည်းဝါးနရီ အခြေခံအဖြစ်ဖြင့် အနောက်နိုင်ငံတွင် သုံး၏။

မြန်မာတူရိယာ၊ အိန္ဒိယတူရိယာတို့၌ သံတို၊ သံရှည် မကြာ အနည်းအများကို စည်းဝါးနရီ အခြေခံပြု၍ သုံး၏။ အလွယ်ပြောရလျှင် ဘာသာစကားမူခြားသလောက် တူရိယာဂီတသဘောလည်း ခြားနား၏။ အိန္ဒိယ၊ မြန်မာပြည်တို့၌ကား နေရောင်၊ လရောင်တို့ကို အမြဲတစေရသော နိုင်ငံများဖြစ်၏။ အိမ်တွင်း၌ မနေဘဲ သဘာဝတောတောင် ရေမြေများ၌ အမြဲတွေ့၍ နေနိုင်သော ရာသီဥတုရှိ၏။

သို့ကြောင့် သဘာဝ၏ ကြည်နူးဖွယ်ရှိသလောက် သီချင်းသီဆိုမှုတို့ ရှိနိုင်၏။ အနောက်နိုင်ငံတို့၌ နေရောင်လရောင် နည်းပါး၏။ ဆောင်းတွင်း၌ အိမ်တွင်းဝယ် ချမ်းအေးစွာ ပိတ်ဆို့နေ၏။ ထိုမှတစ်ပါး အနောက်နိုင်ငံတို့သည် တိုင်းပြည် ကျဉ်းမြောင်း၍ လူနေ များ၏။ အဆက်အသွယ် များ၏။ အိန္ဒိယပြည်၊ မြန်မာပြည်တို့ကား လူနေပါး၍ နယ်မြေ ကျယ်ပြန့်၏။ အဆက်အသွယ် နည်းပါး၏။

## ပတ်ဝန်းကျင်အလိုက် ဖြစ်ပေါ်ခြင်း

ဤသို့ အခြေခံ သဘောတရားများ ကွာခြားနေပေရာ မြန်မာနိုင်ငံတွင် တီးမှုတ်သော တူရိယာထက် 'ဂီတ'ဟူသော အဆိုက ပိုမို၍ များပြားတိုးတက်ခဲ့ပေသည်။ တီးမှုတ်သောတူရိယာ နည်းပါး၍ နှုတ်ကဆိုခြင်းကိုသာ အဓိကထားမည်။ အသံသာယာမှုကို အသံအများ အဆင်ပြေအောင်ပေါင်းစပ်မှုထက် အရေးထားမည်။ လွမ်းဆွေးသံ ပိုမိုများပြားမည်၊ ဤကဲ့သို့ သဘာဝနှင့်အလိုက်သာလျှင် ဖြစ်ပေါ်လာရပေမည်။

အနောက်နိုင်ငံတို့၌ သာယာမှုထက် အများပေါင်းစပ်၍ အဆင်ပြေမှုသည် ပိုမိုအရေးကြီး၏။ သို့ကြောင့် အသံစဉ် (၇) ပါးချင်းကစ၍ အနောက်နိုင်ငံ အသံစဉ်နှင့် ကွာခြားလေသည်။ သူ့ပတ်ဝန်းကျင်ကြောင့် သူ့အသံစဉ် ဖြစ်လာ၏။ ကျွန်ုပ်တို့၌လည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်အလိုက် ကျွန်ုပ်တို့အသံစဉ် ဖြစ်လာ၏။

သို့ဖြစ်ပေရာ အင်္ဂလိပ်အသံစဉ် ညှိထားသော စန္ဒယားတွင် စောင်းစည်းကမ်းနှင့် တီးသည်ဖြစ်စေ၊ မတီးသည်ဖြစ်စေ မြန်မာသီချင်း တီးမှုတ်ခြင်းသည် တီးသောသူအား မြန်မာတူရိယာနား ပျက်စေသည်။ တီးသောသီချင်းကိုလည်း ဖျက်ဆီးပစ်ရာ ကျနေသည်။ မိမိတူရိယာ ဂီတအနုပညာကို သတ်ပစ်ခြင်းတစ်ရပ်ဟူ၍ပင် ယူဆအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (၅)

# မြန်မာလူမျိုးနှင့် သုခုမပညာ

## ပန်းချီပြပွဲ

မကြာမီက စစ်ဘက်ဆိုင်ရာ အနုပညာအသင်းနှင့် မြန်မာပြည် အနုပညာအသင်းတို့က ကြီးမှူး၍ မြူနီစပယ်ခန်းမကြီးတွင် ပန်းချီပြပွဲတစ်ရပ် ကျင်းပခဲ့၏။ ထိုပြပွဲသို့ လာရောက် ကြည့်ရှုသူများအနက် ဥရောပတိုက်သား လူမျိုးကွဲများသာ များပြား၏။ မြန်မာ လူမျိုးကား နည်းပါးလှ၏။ လာရောက်ကြသော ဥရောပတိုက်သူ၊ တိုက်သားတို့ကား များသောအားဖြင့် ပန်းချီကားများကို အနုပညာသဘောဖြင့် အကျိုးအပြစ် ဝေဖန်ကြလျက် သုခုမအတတ်ဆိုင်ရာ စည်းမျဉ်းဥပဒေ သဘောတရားများကို သူတို့ နားလည်ကြ၏။ အနုပညာပါသော ကားများကို သတ်မှတ်သော အဖိုးစားနားပေး၍ ဝယ်ယူသွားကြ၏။

ယေဘုယျအားဖြင့် မြန်မာတို့ကား ပန်းချီကားများကို ကလေးများ အရုပ်စာအုပ်ကြည့်သည့် သဘောမျိုးနှင့် လာ၍ ကြည့်ကြသည်များ၏။ အနုပညာသဘောဖြင့် ကြည့်ရှုမရှိဟုကား မဆိုလို၊ ရှိကြပါသည်။ သို့ရာတွင် နည်းပါးလှ၏။ ပန်းချီဆီဆေးကားတစ်ချပ်ကို အဖိုးငွေ ၂၀၀ိ/– ဟု ရောင်းဈေးတပ်ထားသည်ကို မြင်သူအချို့ အံ့အားသင့်သွားကြ၏။ များသောအားဖြင့် မြန်မာလူမျိုးတို့သည် ပန်းချီကားကို မကြည့်တတ်ကြ၊

www.burmeseclassic.com

www.burmeseclassic.com



မဝေဖန်တတ်ကြ၊ တန်ဖိုးမဖြတ်တတ်ကြ၊ ပန်းချီပညာဆိုင်ရာ အနုသဘောများကို မသိကြ။ (ဝါ) ပန်းချီကားတွင် ရုပ်ကိုကြည့်တတ်ကြသော်လည်း နာမ်ကို မရှာတတ်ပေ။

မြန်မာပြည်၏ အနုပညာတို့တွင် ဗိသုကာအတတ်၊ ပန်းပုအတတ်၊ ပန်းချီအတတ် စသော ပန်း ၁၀ မျိုးသည်လည်းကောင်း၊ တူရိယာဂီတ စသည်လည်းကောင်း၊ အကပညာသည်လည်းကောင်း၊ စာပေတို့သည်လည်းကောင်း ပါရှိကြ၏။ အနုပညာသည် ကမ္ဘာလုံးဆိုင်ရာ ပညာဖြစ်၏။ အနုပညာသဘောကို နားလည်သောသူသည် လူမျိုးတစ်ရာ့တစ်ပါး၏အတီးအမှုတ်ထဲ၌ပင် အနုပညာကို ရှာတတ်၏။ အကောင်းအဆိုးကို သိ၏။

သို့ပင်ဖြစ်စေကာ၊ လူမျိုးအလိုက်အားဖြင့် သုခုမပညာတို့သည် သူ့လူမျိုးသဘော၊ သူ့လူမျိုးဓလေ့ ပါရှိကြ၏။ မြန်မာလူမျိုးတို့၏ သုခုမပညာသည်လည်း မြန်မာသဘောသန့်သန့်တို့ ပါရှိ၏။ အနောက်နိုင်ငံ၏ အနုပညာနှင့် အရှေ့နိုင်ငံ၏ အနုပညာတို့သည်လည်း ပုံသဏ္ဌာန်အားဖြင့် ကွဲပြားကြသေး၏။ အရှေ့နိုင်ငံ၏အနုပညာများကို အနောက်နိုင်ငံသားများက သိမ်းရုံး၍'အိုရီယင်တယ်လ်အတ်*' ဟု ခေါ်စမှတ်ပြုကြ၏။

ထိုအရှေ့နိုင်ငံအနုပညာကို ဤသို့သိမ်းကြုံး၍ ခေါ်စေကာ၊ အိန္ဒိယအနုပညာ၊ မြန်မာအနုပညာ၊ ယိုးဒယားအနုပညာ၊ တရုတ်အနုပညာ စသည်ဖြင့် ကွဲပြားကြပြန်သေး၏။ မြန်မာလူမျိုးတို့သည် မိမိတို့၏အနုပညာစစ်စစ်ကို ပြနိုင်ခြင်းဖြင့် မြန်မာပြည်နှင့် မြန်မာလူမျိုးကို ထင်ရှားစေနိုင်၏။ သို့ကြောင့် မိမိတို့၏ အနုပညာစစ်စစ်များကို အခြားသော လူမျိုးတို့၏ အနုပညာတို့နှင့် ပေါင်းစပ်၍ ကပြားမဖြစ်စေဘဲ သီးသန့်ထားရှိရန်မှာလည်း အရေးကြီးလေသည်။

## အနုပညာကို စောင့်ရှောက်ရန်

အနုပညာသဘောကို နားမလည်လျှင် အနုပညာများ ပျက်စီးကာ တန်ဖိုးလျော့ကျတတ်သည်ကို သတိမြုသင့်၏။ သိလွယ်မြင်လွယ်သော နမူနာတစ်ရပ်ပြရမည်ဆိုသော် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးနှင့် အရံစေတီတန်ဆောင်းစသော ရှုမျှော်ခင်းကြီးသည် မြန်မာစစ်သော အနုပညာ၏ပြတိုက်ကြီးသဖွယ်ဖြစ်၍ အနောက်နိုင်ငံသား ခရီးသည်တို့ ဝင်ရောက်ကြည့်ရှုကာ ဓာတ်ပုံအမျိုးမျိုးရိုက်ကူးသွားကြ၏။ ထိုရှုမျှော်ခင်းကို ပန်းချီအနုပညာနှင့် ဝေဖန်မည်ဆိုက၊ ပန်းချီကားတစ်ခုတွင် 'ပက်တန်*' ခေါ်သော အဆင်ပုံစံပါရမြဲဖြစ်၏။

---

* Oriental Art,

* Patent



မြန်မာတို့၏ ဗုဒ္ဓဘာသာ အဆောက်အဦတို့သည် ဗိသုကာအတတ်ဆိုင်ရာ အနုပညာ၌ (သုံးထောင့်ပုံ)သည်သာလျှင် အဆင်ပုံစံဖြစ်၏။ စေတီတော်ကြီးသည် တြိဂံသဏ္ဌာန်ဖြစ်၏။ သို့ရာတွင် မြင်းဖြောင့် တြိဂံမဟုတ်ပေ။ သွယ်၍ အထက်သို့ ရှူးသွားသဖြင့် အမြင်၌ ပျော့၏။ တန်ဆောင်းများမှ ပြဿဒ်ဆောင်တို့သည်လည်း တြိဂံခေါ်သော သုံးထောင့်ပုံများပင် ဖြစ်ကြ၏။ စေတီရံတို့သည်လည်း ထိုနည်းပင် အောက်မှ ကား၍ ကောင်ကင်၌ အချွန်နှင့်သာ ဆုံးကြ၏။

ဤသုံးထောင့်အဆင်ပုံစံနှင့်တကွ ပန်းနွယ်ပန်းခက် မုခ်ဦးတို့ဆိုင်ရာ အနုပညာများသည် မြန်မာစစ်စစ် အနုပညာများဖြစ်၏။ ထိုရှုမျှော်ခင်းတို့သည် အလွန်အဆင်ပြေ၍ ပုံစံညီညွတ်၏။ သို့ရာတွင် ရင်ပြင်တော်ပေါ်၌ ခေတ်ဆန်သည့် မြို့တွင်းလူနေတိုက်အိမ်ကဲ့သို့ လေးထောင့်ပုံစံရှိသော တိုက်ခေါင်းတုံး(တိုက်ကတုံး)များကို ထိုသုံးထောင့်အဆင်ပုံစံများအကြားတွင် ဘုရားလူကြီးများ ဆောက်ခွင့်ပြုလိုက်ခြင်းအားဖြင့် တြိဂံများအလယ်တွင် စတုရန်များပါဝင်နေခြင်းသည် ဘုရားကြီး၏ ရှုမျှော်ခင်းကို တစ်ခါတည်း ဖျက်ဆီးပစ်လိုက်တော့၏။ လှပသော ပဝါဆင်-ပန်းပြောက်အလယ်တွင် မင်စက်ကြီး ပေကျံနေသကဲ့သို့ ဖြစ်တော့၏။ အနုပညာသဘောတို့သည် တစ်ခါတည်း ပျက်စီးသွားတော့၏။

## မြန်မာတို့ လေ့လာသင့်ပြီ

ဤသို့အားဖြင့် အနုပညာသဘောကို နားမလည်မှုတို့ကြောင့် မြန်မာပြည်တို့၏ ရှေးအနုပညာပြတိုက်ကြီးသဖွယ် ဖြစ်ကြသော အဆောက်အဦကြီးတို့မှာ ချွတ်ယွင်းကုန်ကြရ၏။ မြန်မာလူမျိုးတို့သည် ကမ္ဘာသူကမ္ဘာသားတို့နှင့် ရင်ဘောင်တန်းလိုက်ကြလျှင် ယဉ်ကျေးမှုဆိုင်ရာ အနုပညာ၏သဘောကို နားလည်အောင် ကြိုးစားသင့်ကြပြီ။ ပန်းချီ ပန်းပု၊ သီချင်း ဂီတ၊ တူရိယာ စာပေ စသည်တို့တွင် ရုပ်တရားများသာမဟုတ် နာမ်တရားကိုပါ တွေ့အောင်ရှာတတ်ကြရန် လေ့လာကြပါဟု တိုက်တွန်းလို၏။

(၁၃-၅-၄၆) ဒီးဒုတ်ဂျာနယ်။

www.burmeseclassic.com

# နောက်ဆက်တွဲ (၆)

## ဆရာဦးဘချို၏ အမျိုးသားနေ့ ဟောပြောချက်

လူကြီးမင်းတို့ခင်ဗျား– ကျွန်တော်လည်း ဆရာကြီးဦးဘလွင် မိန့်ကြားသွားသကဲ့သို့ပင် အတော်ပင် စိတ်ပျက်သောကြောင့် ယခုနှစ် အမျိုးသားနေ့တွင် မည်သည့်တရားပွဲတို့၌မှ တရားဟောရန် စိတ်မရှိတော့ဘဲ ဥပုသ်စောင့်နေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထားလိုက်ပါသည်။ ယခုကဲ့သို့ အရေးကြီးလှသော စစ်ကာလ အချိန်အခါကြီးများမှာ ကျွန်တော်တို့ မြန်မာတစ်မျိုးလုံး၏ စည်းလုံးညီညွတ်ခြင်းကို ပြရန် အလွန်ပင်၊ အရေးကြီးပါသည်။

သို့ကြောင့် အမျိုးသားနေ့ပွဲကြီး ကျင်းပရေးသည် မည်သည့်ဂိုဏ်း မည်သည့်ပါတီ၏ အလုပ်မျှမဟုတ်ဘဲ မြန်မာလူမျိုး တစ်မျိုးလုံး၊ မြန်မာတိုင်းရင်းသားတို့၏အလုပ်၊ အားလုံးတို့နှင့် သက်ဆိုင်သော နေ့ဖြစ်သည့်အလျောက် ဤကိစ္စကို စဉ်းစားတိုင်ပင်ကြရာ၌ ပါတီစိတ်၊ ပါတီစွဲများမထားဘဲ မြန်မာလူမျိုးတစ်ယောက်အနေနှင့် စဉ်းစားကြပါရန် အကြိမ်ကြိမ် တောင်းပန်ခဲ့ပါသည်။

သို့ရာတွင် တောင်းပန်၍ မရဘဲ မပြောပလောက်သော အလံကိစ္စနှင့် စိတ်ဝမ်းကွဲကြသည်မှာ အလွန်ရှက်စရာကောင်းပါသည်။ စိတ်ပျက်စရာလည်း ကောင်းလှပါသည်။ ယခု ဒေါက်တာစိန်၏ ညှိနှိုင်းပွဲတွင် ယခုကဲ့သို့ အနည်းငယ်ဟောပြောရန် ဝန်ခံလိုက်ခြင်းများမှာ အမျိုးသားနေ့ကို ကျောင်းသားများနှင့် နိုင်ငံရေးသမားများနေ့ဟူသော အမှတ်နှင့်



သာ အရပ်သားတို့က မိမိတို့နှင့်မဆိုင်သကဲ့သို့ လက်ပိုက်ကြည့်လာခဲ့သောကြောင့်ဖြစ်ပါသည်။

ဒေါက်တာစိန်မှာ ဤသို့မဟုတ်ဘဲ အရပ်သားထဲမှာ ဤနေ့ကို အသိအမှတ်ပြုကာ ချီးမြှင့်လာခဲ့သူတစ်ဦးဖြစ်၍ အားပေးလိုသည် တစ်ကြောင်း၊ ယမန်နှစ်က ဟောပြောလက်စရှိခဲ့သည် တစ်ကြောင်း၊ အမျိုးသားနေ့မတိုင်မီ တစ်ရက်က ကြိုတင်ကျင်းပခြင်းသည် တစ်ကြောင်းတို့ကြောင့် ယခုကဲ့သို့ ဟောပြောရခြင်း ဖြစ်ပါသည်။

### စိတ်ပျက်ဖွယ်ရာများ

အမျိုးသားနေ့နှင့်စပ်လျဉ်း၍ စိတ်ပျက်ဖွယ်များ တွေ့ရှိပြီးသကာလ အဘယ်ကြောင့် ဤသို့ စိတ်ပျက်ဖွယ်များ တွေ့ရှိရပါသနည်းဟု ကျွန်တော်သည် အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်ပါသည်။ ဤသို့စဉ်းစားကြည့်ရာ၌ ကျွန်တော် စဉ်းစားမိသမျှတို့ကို ယနေ့ည အစီရင်ခံလိုပါသည်။ ကျွန်တော်၏ ထင်မြင်ယူဆချက်တို့မှာ မှန်လျှင်လည်း မှန်ပေမည်၊ မှားလျှင်လည်း မှားပေမည်၊ သို့ရာတွင် ကျွန်တော်စဉ်းစားမိသမျှ အစီရင်ခံပါမည်။

ကျွန်တော်တို့ ယနေ့ ကျင်းပကြမည့် အမျိုးသားနေ့သည် ၂၁ ကြိမ်မြောက်ဖြစ်၍ ကျွန်တော်တို့သည် အနှစ်(၂၀)တိုင်တိုင် ဤနေ့အထိမ်းအမှတ်ပွဲကို ကျင်းပလာခဲ့ကြရာ၌ ယခုတိုင် များသောအားဖြင့် အရပ်သူအရပ်သားတို့ ပါဝင်ဆောင်ရွက်မှု နည်းပါးခြင်း၊ အမျိုးသားနေ့ ကျင်းပရေးအတွက် စိတ်ဝမ်းကွဲပြားခြင်းများကို တွေ့ရှိနေရသည်မှာ ကျွန်တော်တို့ ကျင်းပလာခဲ့သော စည်းကမ်းနည်းလမ်းများ မှားယွင်းနေ၍သာ ဤသို့ ဖြစ်နေရသည်ဟု ကျွန်တော်တွက်ဆမိပါသည်။ ကျွန်တော်သည် ပထမအကြိမ် အမျိုးသားအောင်ပွဲနေ့ ကျင်းပခဲ့ရာ၌ ပါရှိသူတစ်ဦးဖြစ်ပြီးလျှင် နှစ်စဉ်နှစ်တိုင်းလို ပါဝင်လျက် အမျိုးသားနေ့တရားပွဲများ ဟောပြောခဲ့သူဖြစ်ရာ ဤမှားယွင်းမှုတို့တွင် ကျွန်တော်သည်လည်း အပြစ်ရှိသူတစ်ဦးဟုပင် ဆိုရပါလိမ့်မည်။

### ကျောင်းသားနေ့

ပထမအကြိမ် အမျိုးသားအောင်ပွဲနေ့ကြီးကို သပိတ်မှောက်ပြီးနောက် တည်ထောင်လိုက်သော အမျိုးသားကျောင်းသား ကျောင်းသူများတို့ စုပေါင်း၍ ကျင်းပကြပါသည်။ ထိုအခါ တစ်တိုင်းပြည်လုံးက ဤနေ့ကား ကျောင်းသားကျောင်းသူတို့ စိတန်းလမ်းလျှောက်သော နေ့(ဝါ)ကျောင်းသားနေ့ဟု မိမိတို့နှင့်မဆိုင်သကဲ့သို့ သာမည အသိအမှတ်ပြုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့တို့မှာ အောင်ပွဲနေ့ဟု ခေါ်ခြင်းကိုပင် 'မင်းတို့ ဘာအောင်လို့ အောင်ပွဲနေ့ ခေါ်ရသလဲ'ဟု မေးခွန်းထုတ်ကြသဖြင့် ကျွန်တော်တို့မှာ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းများကို ခွဲခြားဖြေဆိုရလျက် ခါးဝတ်တစ်ထည်တည်းသာရှိသော ဇကာတက ပုဏ္ဏား လင်မယား အထည်ကို မလှူနိုင်ဘဲရှိရာမှ နောက်ဆုံးလှူရန် စိတ်ပိုင်းဖြတ်သောအခါ 'အောင်ပြီ–အောင်ပြီ'ဟု ကြွေးကြော်ဘိသကဲ့သို့လည်းကောင်း၊ ပေါက်တူး သံယောဇဉ်ကြောင့် မကြာမကြာ လူထွက်လာသော ရသေ့သည် နောက်ဆုံး၌ ပေါက်တူးကို အဆုံးစွန်စွန့်ပစ် နိုင်သောအခါ 'အောင်ပြီ–အောင်ပြီ'ဟု အော်သကဲ့သို့လည်းကောင်း၊ ကျွန်စိတ်ကြောက်စိတ်တို့ကို အဆုံးစွန်အောင်မြင်သောနေ့ဖြစ်၍ အမျိုးသားအောင်ပွဲနေ့ဟု ခေါ်ဆိုကြောင်းဖြင့် ဖြေကြားခဲ့ကြရပါသည်။

## ကျောင်းသားနှင့် နိုင်ငံရေးသမားနေ့

ထိုနောက် အမျိုးသားနေ့ အထိမ်းအမှတ်ပွဲများကို ကျောင်းသားများသာ မဟုတ်ဘဲ နိုင်ငံရေးဂိုဏ်းဂဏအချို့တို့ ပါဝင်စွက်ဖက် ဆောင်ရွက်လာကြပါတော့သည်။ ထိုအခါ၌လည်း တိုင်းပြည်က ဤနေ့သည် ကျောင်းသားများနှင့် နိုင်ငံရေးသမားလူဆူများ၏ စီတန်းလမ်းလျှောက် ဟစ်အော်သောနေ့ဟူ၍သာ သာမညအသိအမှတ်ပြုကြပါသည်။ ငါတို့နှင့်ဆိုင်သောနေ့ဟု သတိမမူကြပါ။ ဤသို့ သတိမမူမိကြခြင်းမှာလည်း အရပ်သူအရပ်သားတို့၏ အပြစ်လုံးလုံးဟု မဆိုနိုင်ပါ။

အမျိုးသားနေ့ကျင်းပပွဲတွင် ပါဝင်စွက်ဖက်လာကြကုန် သော နိုင်ငံရေးသမားတို့သည် များသောအားဖြင့် ထိုအမျိုးသားနေ့ကို မိမိကိုယ်ကျိုးအတွက် ပါတီကျိုးအတွက် ဆိုသကဲ့သို့ အလွဲသုံးစား လုပ်ကြပါသည်။ အမျိုးသားနေ့ တရားပွဲများတွင် မိမိတို့ကိုယ်ရည်သွေး လူကြော်ငြာတရားများကို ဟောပြောကြခြင်း၊ မိမိတို့ ပါတီဝါဒဖြန့်ကြခြင်းများကို ပြုလုပ်ကြလေ့ ရှိပါသည်။ ထို့ကြောင့်ပင် အရပ်သူအရပ်သားတို့က ထိုနေ့မှာ နိုင်ငံရေးသမား လူဆူများ၏နေ့ဟု ယူဆနေကြပါသည်။

## ဇာတိမာန်တရားများ

အမျိုးသားနေ့မှာ မြန်မာလူမျိုးတို့၏ ဇာတိသွေးဇာတိမာန် ထက်သန်အောင် လှုံ့ဆော်နိုးကြားပေးသောနေ့၊ မြန်မာလူမျိုးတို့သည် ကျွန်လူမျိုး မဟုတ်သည့်အတိုင်း လွတ်လပ်ရေးကို ရရှိအောင် တိုင်းပြည်အား တိုက်တွန်းနိုးဆော်ပေးရမည့်နေ့ဟု ယူဆ



စေလိုသည့်အတိုင်း ကျွန်တော်တို့လည်း တရားပွဲများတွင် ဇာတိမာန် ထက်သန်စေမည့် တရားမျိုးချည်း ရွေး၍ လွန်ခဲ့သော အနှစ်(၂၀)လုံးလုံး ဟောကြားခဲ့ကြပါသည်။

မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်ကြီးကြောင်းကို ငါတို့ မြန်မာလူမျိုးများသည် သာကီမျိုးမှ ဆင်းသက်လာကြသည်။ သာကီမျိုးဆိုသည်မှာလည်း အာဒိစ္စဗန္ဓု၊ အာဒိစ္စကုလ၊ နေမင်း၏အဆွေ၊ နေမင်း၏အမျိုးဖြစ်သော ကပ်ဦးမဟာသမ္မတမင်းမှ ဆင်းသက်လာခဲ့သည့် လူမျိုးတကာတို့ထက် မြတ်သောနေမျိုးနေနွယ်များ ဖြစ်ကြကြောင်းဖြင့် ဟောခဲ့ပါသည်။

မြန်မာတို့၏ မျိုးချစ်စိတ်ကို စာမရီ သားကောင်သည် မုင်ဆံတစ်ပင်အပြတ်မခံ အသက်ကို အသေခံသည်။ မိမိ၏မုင်ဆံကို အသက်နှင့် စောင့်ရှောက်လာသော စာမရီသားကဲ့သို့ ငါတို့သာကီမျိုးတို့သည်လည်း မိမိတို့အမျိုးကပြားမျိုးအဖြစ် သွေးအရောမခံ၊ အသက်ကိုပင် အသေခံကြကြောင်းကို ကပ္ပိလပြည်နှင့် ပဉ္စာလရာဇ်ပြည်တို့ သမီးကညာ တောင်းမှုမှစ်ဖြစ်၍ အဘိရာဇာတို့ မြန်မာပြည်ဘက်ပြေးခဲ့ရပုံ၊ ဝိဋ္ဋူဘသည် သာကီမျိုးများကို သတ်ဖြတ်သော ဝတ္ထုသက်သေတို့ဖြင့် ထင်ရှားလှပါသည်ဟု ကျွန်တော်တို့ ဟောခဲ့ပါသည်။

မြန်မာလူမျိုးတို့၏ သာသနာ ချစ်မြတ်နိုးပုံများကိုလည်း မင်းကြီးရန်နောင်နှင့် ရှမ်းသိုဟန်ဘွားတို့ အဖြစ်အပျက်ဖြင့် ဟောခဲ့ပါသည်။ မြန်မာလူမျိုးတို့မှာ လူညံ့များ မဟုတ်ဘဲ တိုင်းပြုပြည်ပြုလူမျိုးများ ဖြစ်ကြောင်းကိုလည်း မြန်မာအင်ပါယာနိုင်ငံကို ချဲ့ထွင်ခဲ့ကြသည့် ဘုရင့်နောင်၊ ဆင်ဖြူရှင်အလောင်းဘုရားတို့၏ ရာဇဝင်များဖြင့် ကျွန်တော်တို့ ဟောကြားခဲ့ပါသည်။

မြန်မာလူမျိုးတို့သည် ယဉ်ကျေးသော လူမျိုးများဖြစ်ကြောင်းကိုလည်း အနှစ်(၂၀၀၀)ကျော်ကပင် ကိုယ့်မင်းကိုယ့်ချင်း ထီးနန်းစိုက်ထူ၍ လာခဲ့သောလူမျိုးများဖြစ်ကြောင်း၊ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ မန္တလေးစသော မင်းနေပြည်ကြီးတို့ရှိ ထီးရာနန်းရာတို့က သက်သေခံလျက် ရှိကြောင်းကို ကျွန်တော် ဟောပြောခဲ့ပါသည်။

မြန်မာတို့၏ ရဲသွေးရဲစိတ် သတ္တိဗျတ္တိတို့ကိုလည်း အသက်(၁၆) နှစ်သားအရွယ်၌ပင် ရန်သူတို့၏အလယ်သို့ သွားရောက်ပြီး နားထွင်းသဘင် ဆင်ယင်တော်မူတဲ့ တပင်ရွှေထီး။ အသက် (၁၇)နှစ်သားအရွယ်ကပင် ဆင်ဦးမှစီး၍ တလိုင်းစစ်သူကြီးများနှင့် စစ်ထိုးခဲ့သော မင်းရဲကျော်စွာတို့၏ အဖြစ်အပျက်တို့က သက်သေခံလျက်ရှိကြောင်းကို ဟောပြောခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခြောက်တိုက် သွေးကြီးနေကြခြင်း

ဤကဲ့သို့ ဇာတိသွေးဇာတိမာန် ထက်သန်စေရန် အမျိုးသားနေ့တရားပွဲတိုင်း ကျွန်တော်တို့ အနှစ်(၂၀)တိုင်တိုင် ဟောပြောလာခဲ့ခြင်းများ၏ အကျိုးကို ယနေ့စစ်ဆေး ကြည့်ရှုလိုက်သောအခါ မြန်မာလူမျိုးတို့ဟာ မိမိတို့ ဘိုးဘေးဘီဘင်များ ရှေ့ထီးဆောင်ခဲ့ရသည်များကို ဂုဏ်ယူပြီး အခြောက်တိုက် သွေးကြီးကာ ဘာမျှမလုပ်ဘဲ အတွေးအခေါ် နှင့် ရှေးခေတ်ကို လွမ်းနေကြသည်တို့ကိုသာ များသောအားဖြင့် တွေ့ရပါသည်။

ဒါတို့ပြည် ဒါတို့မြေနှင့် ပါးစပ်က အော်နေကြသော်လည်း ချစ်တီးမြေနှင့် သူများ မြေဖြစ်နေသည်ကိုသာ တွေ့ရပါသည်။ မြန်မာလူမျိုးတို့ တစ်မျိုးလုံးမှာ တိုင်းပြည်ကြီး ပွားရေး၊ တိုင်းပြည်ထူထောင်ရေးများကို ထိထိရောက်ရောက် မလုပ်ကြဘဲ အပြောသမား ချည်းဖြစ်၍ အခြောက်တိုက် သွေးကြီးနေကြသောကြောင့် မြန်မာပြည်မှာ အဘက်ဘက်က ချွတ်ယွင်းနေသည်ကို တွေ့ရပါသည်။

## သဘာဝဓမ္မ

ဒါဝင်ဆရာကြီး၏ သဘာဝဓမ္မပြောင်းလဲပုံ* ကိုကြည့်လျှင် ကမ္ဘာလောကကြီး အတွင်းမှာ အတော်ဆုံးသူတို့သာလျှင် တည်တံ့ကျန်ရစ်လျက် အနုံအချာတို့မှာ တိမ်ကော ပျောက်ပျက်သွားရခြင်းဟာ ဓမ္မတာ ဖြစ်ပါသည်။ (National Selection) သို့မဟုတ် (Survival Of The Fittest) ဆိုသော အတော်ဆုံးလူ ကျန်စမြဲဆိုသည့် တရားအရ ကမ္ဘာပေါ်မှာရှိကြသည့် လူအမျိုးမျိုးတို့အနက် တော်သောလူမျိုးတို့မှာ ရှေ့တန်းသို့ ရောက် နေကြပြီး၊ နုံချာသောလူမျိုးတို့မှာ တိမ်ကောပျောက်ကွယ်ကာ လူမျိုးပါတုံးသွားကြပါပြီ။

ထို့ကြောင့် ကျွန်တော်၏ အယူအဆမှာ အမျိုးသားနေ့သည် ရှေးကမြန်မာတို့ ကြီးကျယ်ခဲ့ကြသည်ကို လွမ်း၍ အခြောက်တိုက် သွေးကြီးနေကြသည်နှင့် မပြီးကြဘဲ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေဆိုသကဲ့သို့ တည်တံ့နေနိုင်ဖို့ ကမ္ဘာ့လူမျိုးများနှင့် ရင်ဘောင်တန်း လုပ်နိုင်ရေးအတွက်သာ ရည်ရွယ်ပြီး ပညာသင်ကြားစေပါသည်။

အရာရှိ သားသမီးကလည်း လခစားအလုပ် မှန်းသဖြင့် အစိုးရအမှုထမ်းနှင့် လခစားဘက်ကိုချည်း ဝင်ကုန်ကြသောကြောင့် ထိုဘက်၌လည်း နေရာမလောက်တော့ဘဲ ပညာရှိ အလုပ်လက်မဲ့ဟူသော လူစားမျိုးပေါ်၍ နေပါသည်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်

* Law of Evolution



တစ်ပြည်သည် လခစားမင်းမှုထမ်းသမားချည်းသက်သက်နှင့် မဖြစ်နိုင်ပါ။ လူတို့အဆင့် အတန်းအလိုက် အဆက်ဆက်တွင် ပညာရှိတို့က ခေါင်းဆောင်၍ ခေတ်မီအောင် ပြုပြင် ပေးရန် လိုပါသည်။

## ခေတ်မမီခြင်း

မြန်မာပြည်၌ အဘက်ဘက်တွင် ခေတ်မမီဘဲ ချွတ်ယွင်းနေပုံများကို အနည်းငယ် အစီရင်ခံလိုပါသည်။ ဥပမာအားဖြင့် ဗေဒင်ပညာကို စစ်ဆေးကြည့်ရှုကြပါစို့၊ ဗေဒင်ပညာ သည် အရှေ့နိုင်ငံက ပညာဖြစ်ပါသည်။

အနောက်နိုင်ငံသားတို့သည် ထိုအရှေ့နိုင်ငံပညာများကို ယူသွားပြီးနောက် တိုးတက်ရာတိုးတက်ကြောင်းကို ဆက်လက်ကြံစည်ကြသဖြင့် မြန်မာဗေဒင်ကဲ့သို့ ဂြိုဟ်ကြီး ၈ လုံးသာမဟုတ်တော့ဘဲ မျက်စိနှင့်ကြည့်၍ မမြင်ရသော်လည်း မှန်ပြောင်းနှင့် ကြည့်၍ မြင်ရသည့်'နက်ပကျွန်း'* ခေါ်ဂြိုဟ်တစ်လုံးနှင့် 'ယူရေးနပ်(စ်)'** ခေါ်သော ဂြိုဟ်တစ်လုံး တို့လည်း ကမ္ဘာလောကကြီးနှင့် လူသတ္တဝါတို့၏ ကြမ္မာကို ဖန်တီးမှု၌ ပါဝင်ကြောင်းကို တိုးတက်သိရှိလာကြသည့်ပြင် ဗေဒင်ကိုလည်း လူတို့၏အကောင်းအဆိုးကို ဟောသည့် 'နေတယ်ဗေဒင်' *** နိုင်ငံရေးကို ဟောသော 'မန်းဒိန်'**** ဗေဒင်၊ လူတို့၏ ရောဂါ ဝေဒနာကပ်ရောက်ရေးကို သီးခြားဟောသည့်'**မယ်ဒီကယ်**'ဗေဒင်၊ လျှင်လှုပ်မှု၊ ရေကြီးမှု၊ မိုးခေါင်မှု စသည်တို့ကို တင်ကြိုဟောပြောသ**ည့် 'မီတီယာလာဂျီကယ်**' ဗေဒင်စသည်ဖြင့် ခွဲခြား၍ ဟောပြောနိုင်အောင်ပင် တိုးတက်လျ**က် ရှိ**နေကြပါသည်။

ကျွန်တော်တို့ မြန်မာပြည်မှာ ရှေးကမ္ဘာ**မြေပုံ အ**လွန်ကျဉ်း၍ အရှေ့ဘက်ဆိုလျှင် ယူနန်ပြည်၊ အနောက်ဘက်ဆိုလျှင် အာဖဂန်နစ္စ**တန်ပြည်**။ ပါရှားပြည် လောက်ကိုသာ သိရှိသေးသောခေတ်က ဗေဒင်ကျမ်းများနှင့် အင်္ဂလန်ကိုဟော၊ အမေရိကန်ကိုဟော၊ ဂျပန် ကိုဟောနှင့် ဗေဒင်ကျမ်းများနှင့် အင်္ဂလန်ကိုဟော၊ အမေရိကန်ကိုဟော၊ ဂျပန်ကိုဟောနှင့် ဗေဒင်ဟောနေကြပါတော့သည်။ ခေတ်မီအောင် တိုးတက်မှု မကြံစည်ကြပါ။

ဆေးပညာကို ကြည့်မည်ဆိုကလည်း အခြားနိုင်ငံတို့တွင် အကယ်၍ရောဂါပိုး

* Neptune.
** Uranus.
*** Natal Astrology.
**** Mundane Astrology

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးအကြောင်း ခေါင်းပိုင်းကို အင်္ဂလန်ပြည်က စုံစမ်းသိရှိ၍ အလယ်ပိုင်းကို ဂျာမနီ၊ အမြီးပိုင်းကို ဂျပန်က စုံစမ်းသိရှိရလျှင် ထိုလောကဓာတ် ဆရာကြီးများ စုပေါင်း၍ ခေါင်းမြီးစုံအကြောင်းကို သိလာအောင် ဆောင်ရွက်လျက် ရှိနေကြပါသည်။ မြန်မာပြည်၌မူ အခြားတိုင်းပြည်နှင့် ညှိနှိုင်းဖို့ မဆိုထားနှင့် မြန်မာဆေးဆရာအချင်းချင်းပင် တောင်သာဂိုဏ်း၊ ရသေ့ဂိုဏ်း၊ သမားတော်ဂိုဏ်းစသည်ဖြင့် အငြင်းပွား၍ ရန်ဖြစ်နေကြပါသည်။

ဤနည်းများနှင့်နှင့်ပင် စီးပွားရေး၊ လက်မှု၊ စက်မှု ကုန်စည်ကူးသန်းရေး၊ စာရိတ္တတရား၊ ပေါင်းသင်းဆက်ဆံမှု အဘက်ဘက်တွင် ခေတ်မမီကြဘဲ တစ်ဦးနှင့်တစ်ဦး အသာယူလိုမှု၊ ဂိုဏ်းပြိုင်မှု၊ စည်းကမ်းမသေဝပ်မှု၊ တာဝန်မဲ့မှုတို့ ပေါများနေသည်ကို တွေ့ရပါသည်။ ဤကဲ့သို့ အဘက်ဘက်က ချွတ်ယွင်းနေခဲ့ပါလျှင် လွတ်လပ်ရေးကိုရရှိစေကာမူ မြေခံမကောင်းက အပင်ကောင်း မပေါက်နိုင်ပါ။ ဤအတိုင်း မြန်မာလူမျိုးများသည် လူညံ့များဖြစ်နေကြပါလျှင် အနာဂတ်ကာလအတွက် လူမျိုးတည်တံ့ရေးပင် စိုးရိမ်ရပါသည်။

ထို့ကြောင့် အမျိုးသားနေ့ကျင်းပသော ဤပွဲသို့ ကြွရောက်ကြသော မြန်မာလူမျိုးဖြစ်ကြကုန်သော လူကြီးမင်းအပေါင်းတို့သည် မြန်မာပြည်ကြီး ထူထောင်ရေးကို မိမိတတ်နိုင်သောဘက်မှ ဝင်ရောက်၍ ကူညီထမ်းရွက်ရန် တာဝန်များ လူတိုင်းလူတိုင်းမှာ ရှိကြသည့်အတိုင်း မြန်မာပြည်ဆစ် ထူထောင်ရေးကို ဤအမျိုးသားနေ့ အချိန်အခါတွင် အဓိဋ္ဌာန်ပြုကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

(မှတ်ချက်) နှစ်စဉ်နှစ်တိုင်းမပျက် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားနေ့ ဟောပြောပွဲအခမ်းအနားကို ရန်ကုန်မြို့ ရွှေဂုံတိုင်၊ ဗဟန်းရပ် ဒေါက်တာစိန် (မြို့မဆေးတိုက်)က ကမကထပြုလုပ်ကျင်းပရာ၌ စစ်ကာလအတွင်း ဒီးဒုတ်ဦးဘချို ဟောပြောချက်များ ဖြစ်ရာ ထိုနေရာတွင်ပင်က စစ်ပြီးကာလ ဦးဘချို၏ အမှတ်တရ ဟောပြောချက်များမှာ လည်း အောက်ပါအတိုင်း ဖြစ်သည်။

## အမျိုးသားနေ့နှင့် အမျိုးသားအလံကိစ္စ

'ကျွန်တော်ကတော့ ဘွိုင်ကော့တာ တစ်ဦးမဟုတ်ပါ၊ ထိုစဉ်အခါက အစိုးရပညာပိုင်းတွင် အမှုထမ်း၍ (၈)နှစ်မျှ ရှိနေပါပြီ။ သွားလေသူ ဦးထွန်းရှိန်(ဒယ်လီဂိတ်က)'ခင်ဗျားအစိုးရကျွန် မခံနေပါနဲ့၊ ကျွန်တော်တို့ အမျိုးသားကောလိပ် သခင်ပညာသင်ကြားရေးကိုလာရောက်ကူညီပါ'ဟု ဆိုသဖြင့် မိမိရာထူးမှ နုတ်ထွက်ခဲ့ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာပေ ကထိကအဖြစ် ထမ်းရွက်ခဲ့ပါသည်။



သို့ကြောင့် ထိုစဉ်အခါမှစ၍ ယနေ့အထိ အမျိုးသားနေ့ပွဲတိုင်း ပါဝင်ခဲ့သူ တစ်ဦးဖြစ်သည့်အတွက် အမျိုးသားနေ့ရာဇဝင်ကို ကောင်းစွာသိပါသည်။ သပိတ်မှောက်၍ နှစ်ပတ်လည်တိုင်သောအခါ ဘွိုင်ကော့ တစ်နှစ်စေ့မြောက်သော အထိမ်းအမှတ်ပွဲကို ကျင်းပကြပါသည်။ ထို ပထမကျင်းပခဲ့သောပွဲမှာ အမျိုးသားနေ့ ကျင်းပခဲ့ခြင်းမဟုတ်ပါ။ သပိတ်မှောက် နှစ်ပတ်လည်ပွဲမျှသာ ဖြစ်ပါသည်။ အမျိုးသားပညာရေးအဖွဲ့နှင့် ကျောင်းသားများချည်း လှည့်သောပွဲဖြစ်ခဲ့ပါသည်။

ထိုအချိန်ကပင် အမျိုးသားအလံကိစ္စ၊ အလံပြဿနာပေါ်ခဲ့ပါသည်။ ထိုစဉ်က မန္တလေးမြို့တွင် ဝက်မစွတ်ဝန်ထောက်မင်းတို့၊ ရွှေတိုက်စိုးမင်းတို့ ရှိကြပါသေးသည်။ သို့ကြောင့် သခင်ကိုယ်တော်မှိုင်းဘွဲ့ခံ ဆရာလွန်းကြီးနှင့် ကျွန်တော်တို့လူကြီးများ အဆိုပါ ပညာရှိကြီးများကို သွားရောက်တိုင်ပင်၍ ၎င်းတို့ညွှန်ကြားချက်အရ အလျားခုနစ်ထောင်၊ အနံသုံးတောင်၊ အမြီးသုံးခွရှိသော ဥကင်ရာဇပလ္လင်ရှေ့တွင် စိုက်ထူထားလေ့ရှိသည့် မင်းခမ်းမင်းနားဝင် သူရဲကြီး အောင်လံတော်ကြီး စီရင်၍ ထိုအလံတော်ဖြင့်ပင် လှည့်ခဲ့ကြပါသည်။

ထိုအောင်လံတော်နှင့် ပတ်သက်၍ သုတသောမပျို့တွင်'ဥကင်မြင့်ဖျား၊ ရှေ့တော်ပါးဝယ်။ သားသားရွက်ချွန်၊ ရွှေတံခွန်ကား၊ အလွန်တင့်ထွေ၊ တက်ရောင်နေသို့၊ အရွှေမဏ္ဍူ၊ သုပဏ္ဏမူ၊ ဖြူဆွရောင်မှာ၊ ယက္ခဝါလျက်၊ မောရာမည်းစွ၊ ရောင်ခြည်ပ၍၊ သီဟစိမ်းရောင်၊ ဆင်ပြောင်နီထွေး၊ အသွေးဖျော့ဖျော့၊ နဂါးမော့လည်း၊ ကြော့ကြော့ရှင်းရှင်း၊ ရွှေရောင်ဝင်းလျက်၊ နေမင်းထွက်ဟန်၊ ရွှေတံခွန်လည်း၊ အလွန်တင့်ထွေ ဘိ၏တည်း'ဟူ၍ ရေးသား စီကုံးထားပါသည်။

မြန်မာစကားပြေ လွယ်လွယ်နှင့်ဆိုရင်တော့ ဖဲပိတ်အနီအလယ်တွင် ရွှေပိန်းချစက်ဝိုင်း၊ ထိုစက်ဝိုင်းအတွင်း လက်ျာရစ်အစဉ်အတိုင်း(၁)နဂါးရုပ် အရောင်ဖျော့၊ (၂)ဘီလူးအဝါရောင်၊ (၃)ဆင် အနီရောင်၊ (၄)ဂဠုန် အဖြူရောင်၊ (၅)ခြင်္သေ့ အစိမ်း၊ (၆)မြောက်ရွှေရောင်၊ (၇)ဒေါင်း အနက်စသော အရုပ် (၇)ရုပ်ကို သူ့အရုပ်နှင့် သူ့အရောင် ညီမျှမှန်ကန်အောင် ထည့်ရမည် ဖြစ်ပါသည်။

ထိုနောက် မကြာမီမှာပင် မြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ)၏ နဝမကွန်ဖရင့်ကြီးကို မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ အခြားနိုင်ငံများကဲ့သို့ အမျိုးသားနေ့တစ်နေ့ ရှိအပ်သည်ဟု ဆုံးဖြတ်ကာ အမျိုးသားနေ့ကို ရွေးချယ်ခဲ့ကြပါသည်။ ဤတွင် အချို့က မြန်မာဘုရင် ပါတော်မူသောနေ့၊ အချို့က ဦးဥတ္တမထောင်ကျသောနေ့များကို အသီးသီး

www.burmeseclassic.com



အဆိုသွင်းကြပါသည်။ နောက်ဆုံး ကျောင်းသားများ သပိတ်မှောက်သောနေ့မှာ ဗျူရိုကရက်တို့၏ဥပဒေကို တော်လှန်ဖြိုခွင်းသောနေ့ဖြစ်သဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့များအား တော်လှန်ရန် ဓာတ်သွေးဓာတ်မာန်ထိုးသွင်းသော ထိုနေ့ကို အမျိုးသားနေ့အဖြစ် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထိုအခါမှစ၍ ကျောင်းသားများ သပိတ်မှောက်ခဲ့သော (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)ကိုပင် အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ ကျောင်းသားနေ့၊ ပညာရေးနေ့မှ မြန်မာတစ်မျိုးလုံး လူကြီးလူငယ်၊ ကျောင်းသား၊ အရပ်သား မရွေး မြန်မာတစ်မျိုးလုံးနှင့်ဆိုင်သည့် နေ့ကြီးအဖြစ် ပြောင်းလဲလာခဲ့ပါသည်။

ကျွန်တော် အထက်တွင် အစီရင်ခံသည့်အတိုင်း ပထမသပိတ်မှောက် နှစ်ပတ်လည်ပွဲမှစ၍ ပေါ်လာခဲ့သော အလံပြဿနာမှာ အမျိုးသားနေ့ကျင်းပချိန်ရောက်တိုင်း အလံအတွက် အငြင်းအခုံ ဖြစ်ခဲ့ရပါသည်။ အချို့က မြန်မာမင်းလက်ထက်က ဒေါင်းလံကို သုံးခဲ့သဖြင့် ဒေါင်းအလံကို အမျိုးသားအလံအဖြစ် သုံးလိုကြသည်။

အချို့က ဒေါင်းအလံမှာ မြန်မာဘုရင်များ သက်ဦးဆံပိုင်အုပ်စိုးခဲ့စဉ်က မြန်မာမင်းတို့သည် နေမျိုးနေနွယ် အာဒိစ္စဗန္ဓု၊ အာဒိစ္စကုလဖြစ်သည်ကို ထင်ရှားစေရန် နေတွင် ဒေါင်းရုပ်ရှိသည်ဟူသော သင်္ကေတအရ ဒေါင်းအလံကို သုံးခဲ့သဖြင့် ထိုဒေါင်းအလံမှာ အမျိုးသားအလံမဟုတ်၊ ဘုရင်၏ကိုယ်ပိုင်အလံသာ ဖြစ်သည်။ ဒီမိုကရေစီခေတ်နှင့် မလျော်ဟု ကန့်ကွက်ကြပါသည်။

အချို့ကလည်း ဒေါင်းမှာ နသောအဓိပ္ပာယ်ရှိသည်။ ပကာသနဖြင့် ကြွားဝါသော သတ္တဝါဖြစ်သည်ဟု ကန့်ကွက်ကြပြန်သည်။ အချို့က သူရဲကြီးအောင်လံကို နှစ်သက်ကြပါသည်။ သို့သော် အရုပ်တွေရှုပ်သည်ဟု ကန့်ကွက်ကြပြန်ပါသည်။ မြန်မာပြည်မှာ လွတ်လပ်ရေးရသဖြင့် (ဂျပန်ခေတ် လွတ်လပ်ရေးကို ဆိုလိုဟန်တူပါသည်)။ (မှတ်ချက်) ဘာဆေးမှမချယ်ဘဲ အလံဖြူလုပ်ရမည်ဟု ဆိုသူကဆိုကြပါသည်။ သို့သော် အလံဖြူမှာ လက်နက်ချ၍ အညံ့ခံသော အဓိပ္ပာယ်မျိုးရှိသဖြင့် မကြိုက်ဟု ကန့်ကွက်ကြပြန်ပါသည်။

သခင်များက ၎င်းတို့အလံဖြစ်သော သုံးရောင်ခြယ်ကို တိုက်တွန်းကြပြန်ပါသည်။ ကျောင်းသားများကလည်း ဒေါင်းကို လျှော့မပေးကြပါ။ ဤသို့ ဝိဝါဒကွဲနေသောကြောင့် ယာယီသဘောအားဖြင့် သခင်နှင့်ကျောင်းသားကို စေ့စပ်သောအနေဖြင့် သုံးရောင်ခြယ်နှင့် ဒေါင်းကို စစ်မဖြစ်မီ နောက်ဆုံးအမျိုးသားနေ့တွင် သုံးစွဲခဲ့ကြပါသည်။ ဤနေရာတွင် သုံးရောင်ခြယ် အဝိုင်းထဲသို့ ဒေါင်းသွတ်သူနှင့် သုံးရောင်ခြယ်ကန့်လန့်စင်းထဲသို့ ဒေါင်း



သွတ်သူဟု ကွဲပြားကြသေးရာ၊ ဒေါင်းတွင်လည်း ကဒေါင်း၊ ခွပ်ဒေါင်းဟု ကွဲကြသေးသည်။

ယခုနှစ် (စစ်ပြီးခေတ်)အမျိုးသားနေ့ အဖွဲ့ပေါင်းစုံ ကော်မတီက စိတ်ဝမ်းမကွဲဘဲ ကြယ်တစ်ပွင့်အလံနီကို သဘောတူဆုံးဖြတ်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ယခင် သုံးရောင်ခြယ် ဒေါင်းအလံကို အမျိုးသားနေ့လှည့်လည်ပွဲတွင် တပ်ဦးမှတင်၍ မလှည့်သင့်ဟု ဆုံးဖြတ်ကြခြင်းမှာ ဂျပန်လက်ထက်က ဘီ-အိုင်-အေ တပ်သည် ဂျပန်တို့၏ သွေးခွဲမှုကြောင့် ကရင်နှင့် မြန်မာ တိုင်းရင်းသားအချင်းချင်း ဝမ်းနည်းဖွယ် စိတ်ဝမ်းကွဲမှု၊ သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ရာ ထိုသုံးရောင်ခြယ် ဒေါင်းအလံသည် နာမည်ပျက်ခဲ့ပါသည်။

ကရင်အမျိုးသားများသည် ထိုသုံးရောင်ခြယ်အလံကို မကြည့်လိုကြဘဲ စိတ်နာနေကြပါသည်။ ယခု ဖ-ဆ-ပ-လသည် တစ်မျိုးသားလုံး ညီညွတ်ရေးတပ်ဦးကြီးဖြစ်သဖြင့် ကရင်အမျိုးသားများသည်လည်း ဖ-ဆ-ပ-လ အဖွဲ့ချုပ်တွင် ပါဝင်ပူးပေါင်းလျက်ရှိနေပါသည်။ ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ဝါဒမှာလည်း တိုင်းရင်းသားအားလုံး စည်းလုံးရန်ဖြစ်သဖြင့် တိုင်းရင်းသားတစ်ဦးစိတ်နာနေသောအလံကို တပ်ဦးမှတင်၍ မည်သည့်နည်းနှင့်မျှ မလှည့်ထိုက်ဟု ယူဆပါသည်။

ထိုမှတစ်ပါး ဂျပန်တစ်လက်ထက်လုံး သုံးရောင်ခြယ်ဒေါင်းကိုသာ သုံးစွဲလာခဲ့ကြပြန်သဖြင့် ထိုသုံးရောင်ခြယ်ဒေါင်းလံနှင့် ဂျပန်ပေးသော အတုအယောင်လွတ်လပ်ရေး တွဲဖက်နေသည့်အတွက်လည်း လူတွေ၏ စိတ်မှာ တစ်မျိုးတစ်ဖုံ ဖြစ်နေကြပါသည်။ ထို့ကြောင့် သုံးရောင်ခြယ်ဒေါင်းကို ပယ်ခဲ့ရပါသည်။ ယခင်ကြယ်တစ်ပွင့်အလံနီမှာ လည်း စင်စစ်အားဖြင့် ဖ-ဆ-ပ-လ အလံ မဟုတ်ပါ။ တစ်သင်းတစ်ဖွဲ့၊ တစ်ပါတီ၏ အလံလည်း မဟုတ်ပါ။

ဖက်ဆစ်ဂျပန်ကို တော်လှန်ရန်အတွက် ကွန်မြူနစ်ပါတီ မြန်မာ့မျိုးချစ်တပ်မတော်နှင့် မြန်မာပြည်တော်လှန်ရေးပါတီတို့အားလုံး သဘောတူ အညီအညွတ် တော်လှန်ရေးအတွက် သတ်မှတ်ခဲ့သော တော်လှန်ရေးအောင်လံတော်ဖြစ်ပါသည်။ ထိုအလံဖြင့် ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာ တော်လှန်ခဲ့ကြပါသည်။ ဤတော်လှန်ရေး အောင်လံတော်သည်သာ ယခု မြန်မာပြည်၏ လက်ရှိအခြေအနေနှင့် သင့်တော်သော အလံဖြစ်သည့်အတိုင်း နယ်ချဲ့စနစ်ကို တော်လှန်ရန် သွေးထိုးပေးသော ဤအမျိုးသားနေ့ကဲ့သို့ နေ့ထူးရက်ထူးမျိုးတွင် အောင်လံတော်အဖြစ် တပ်ဦးမှ ချီတက်စေခဲ့ပါသည်။

သို့ရာတွင် ပါဝင်လှည့်လည်သော အသင်းအဖွဲ့များသည် မိမိတို့ကြိုက်နှစ်သက်

www.burmeseclassic.com



ရာအလံများဖြင့် လိုက်ပါနိုင်ကြောင်းကိုလည်း ကော်မတီအစည်းအဝေးတွင် အတိအလင်း ပြောဆိုပြီး ဖြစ်ပါသည်။ အမျိုးသားအလံဆိုသည်မှာမူ ယခုအခါ မရှိသေးပါ။ မည်သည့် ပါတီအသင်းအဖွဲ့ကမှ ဆုံးဖြတ်ပိုင်ခွင့်လည်း မရှိပါ။ တိုင်းပြုပြည်ပြု လွှတ်တော်ကြီး ခေါ်ပြီးသောအခါမှ အမျိုးသားအလံအစစ် ပေါ်ပေါက်လာနိုင်မည်ကို ရှင်းလင်းအစီရင် ခံပါသည်။ (စစ်ပြီးခေတ် အမျိုးသားနေ့နှင့် အလံပြဿနာအကြောင်း ဒီးဒုတ်ဦးဘချို ဟောပြောချက်များမှ ကောက်နုတ်ဖော်ပြချက်)။

❐

## နောက်ဆက်တွဲ (၇)

# တက္ကသိုလ် မြန်မာအသင်း စကားစစ်ထိုးပွဲ

ကနေ့ည စကားအချေအတင်ပြောပွဲမှာ မြန်မာပြည်က သတင်းစာတွေရဲ့ စည်းကမ်းနဲ့ မညီတာတွေကို ဖွင့်ပြောဖို့ အခွင့်ကောင်းရတဲ့အတွက် တက္ကသိုလ်မြန်မာ အသင်းကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

'မြွေမြွေချင်းမှ ခြေမြင်တယ်' ဆိုတာလို ကျွန်တော်တို့ သတင်းစာဆရာအချင်းချင်း မှ သတင်းစာဆရာတွေရဲ့အကြောင်းကို သိပါတယ်။ ဒါကြောင့် မြန်မာသတင်းစာတွေက အကျိုးထက် အပြစ်က ပိုပြီးများပါတယ်လို့ ကျွန်တော်က ပြောချင်ပါတယ်။

သတင်းစာဆိုတာ မြန်မာနိုင်ငံက စတာမဟုတ်ပါဘူး၊ တခြားနိုင်ငံတွေမှာ စတင် ပေါ်ပေါက်ခဲ့တာပါ။ သတင်းစာမှာ သတင်းစာဆရာတွေစောင့်ထိန်းရမယ့်ဝတ္တရား ငါးမျိုး ရှိပါတယ်။ အဲဒီ ငါးမျိုးက (၁) မိမိတို့တာဝန်၊ (၂) လွတ်လပ်ခြင်း၊ (၃) မှန်ကန်သော သတင်းကိုပေးခြင်း၊ (၄) တရားမျှတစေခြင်း၊ (၅) ဟိရိဩတ္တပ္ပတရား စောင့်ရှောက်စေသည့် အကြောင်းအရာကို ရေးခြင်းဆိုတဲ့ ဝတ္တရားတွေပါပဲ။ မြန်မာသတင်းစာတွေဟာ ဒီဝတ္တရား ငါးပါးနှင့် ဘယ်လောက်ကိုက်ညီသလဲလို့ စစ်ဆေးကြည့်လိုက်ရင် အများကြီးချွတ်ယွင်း ပျက်ကွက်နေကြတာကို တွေ့ရှိကြရပါလိမ့်မယ်။ ဒီလို မိမိဝတ္တရားတွေကို မစောင့်ထိန်းတဲ့ သတင်းစာတွေက တိုင်းပြည်အကျိုးကို ဖြစ်ထွန်းစေမယ်ဆိုတာ ယုံနိုင်စရာရှိပါ့မလား။

သတင်းစာမှတစ်ဆင့် အစိုးရကို တိုင်ကြားခြင်းအားဖြင့် တိုင်းသူပြည်သားများ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးရှိတယ်လို့ တစ်ဖက်အဆိုရှင်ပုဂ္ဂိုလ်များက ပြောသွားပါတယ်။ ဒီတော့ အခု အဆိုသွင်းတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ သတင်းစာမှာ ရေးအခါက အယ်ဒီတာတစ်ဦးကို လူငှားသတ်နိုင်းတဲ့အတွက်ကြောင့် ဗိုလ်တထောင် ငမိုးကို တစ်ကျွန်းထောင် ပို့ခဲ့ရတာ အများအသိပဲ။ ဒါဟာ သတင်းစာတွေက မိမိစောင့်ထိန်းရမယ့် ဝတ္တရားကို မစောင့်ထိန်းဘဲ ရေးတဲ့အတွက် ငမိုးဟာ အလဟဿကြားထဲက အချောင်ခံသွားရတာပဲ မဟုတ်လား။

ဝါလတာဝီလျှံဆိုတဲ့ သတင်းစာဆရာက သတင်းစာဆရာများ လိုက်နာအပ်တဲ့ စည်းကမ်းတွေကို ရေးခဲ့ဖူးပါတယ်။ ဘယ်လိုရေးသလဲဆိုတော့ သတင်းစာဆိုတာ 'တိုင်းပြည်ရဲ့ ယုံကြည်အားထားရာ ဖြစ်ရမယ်၊ တိုင်းသူပြည်သားများကို ကြည့်ရှုစောင့်ရှောက်ရမယ်၊ တိုင်းသူပြည်သားများရဲ့ အကျိုးကိုမကြည့်ဘဲ တစ်ဦးတစ်ယောက် တစ်ပါတီ၏အကျိုးကို ကြည့်မယ်ဆိုရင် သတင်းစာဆရာရဲ့ ဝတ္တရား ပျက်ကွက်တယ်'လို့ ရေးထားပါတယ်။

မြန်မာပြည်က သတင်းစာတွေကို ကြည့်မယ်ဆိုရင် တိုင်းပြည်ရဲ့အကျိုးထက် တစ်ဦးတစ်ယောက် တစ်ပါတီရဲ့အကျိုးကို ဦးစားပေး ရေးသားနေတာကို တွေ့ကြရပါလိမ့်မယ်။

ဥပမာ– ၅၀၀၀ိ/–စား ဝန်ကြီးတစ်ဦးက သတင်းစာတစ်စောင်ကို တည်ထောင်ထုတ်ဝေနေပါတယ်။ အဲဒီသတင်းစာမှာ အဲဒီဝန်ကြီးရဲ့ ဓာတ်ပုံကြီးနဲ့ယှဉ်တွဲပြီး ဘယ်ခရီးသွားထွက်တယ်၊ ဘယ်အစည်းအဝေးမှာ မိန့်ခွန်းပြောတယ် စတဲ့ ၅၀၀၀ိ/–စား ဝန်ကြီးရဲ့ သတင်းတွေကို အမြဲထည့်နေတယ်။ အဲဒါဟာ လူကြော်ငြာနေတာကို ၅ ပြား ပေးဝယ်ဖတ်နေရတာပဲမဟုတ်လား၊ အဲဒီသတင်းစာကိုကြည့်ရင် နိုင်ငံရေးသတင်းတွေမှာလည်း မှန်တာကို မရေးဘဲ ကိုယ်ဖြစ်စေချင်တာတွေနဲ့ ကိုယ့်ပါတီ အကျိုးရှိမှာတွေကို ရေးနေတာတွေ့နေရတယ်။ မြန်မာပြည်က သတင်းစာမှန်သမျှဟာ နိုင်ငံရေးပါတီနဲ့ တယ်မကင်းကြပါဘူး။

သတင်းစာဆိုတာ မှန်တာကိုရေးဖို့လိုပါတယ်။ လိုရင် လိုသလို၊ မလိုရင်မလိုသလို မရေးရပါဘူး။ ဒါနဲ့ပတ်သက်လို့ ကိုယ်တွေ့တစ်ခု ပြောပါရစေ၊ တစ်နေ့မှာ နံပါတ်(၁)ရုံးထဲကနေပြီး မိတ်ဆွေတစ်ယောက်ခေါ်လို့ ကျွန်တော်ဝင်သွားတယ်၊ နောက် တစ်နေ့ထုတ်သတင်းစာတစ်စောင်မှာ 'ဦးဘချို နံပါတ်(၁) ရုံးမှာထိုင်နေတယ်'လို့ ပါလာတယ်။ နံပါတ်(၁)ရုံးဆိုတာ စားစရိတ်တောင်းတဲ့ရုံး ဖြစ်ပါတယ်။ ဒါဟာ မှန်တာကို ရေးတာလား၊ စေတနာကောင်းနဲ့ ရေးတာလားဆိုတာ စဉ်းစားကြည့်ကြပါ။

အဲဒီလိုသတင်းစာတွေက တိုင်းပြည်အကျိုးရှိအောင် လုပ်မယ်ဆိုလို့ ယုံရမှာလား။

သတင်းဆိုတာ မှန်ရုံတင်မဟုတ်ဘူး၊ ထူးလည်းထူးဖို့လိုတယ်။ ခွေးက လူကိုကိုက်တယ်ဆိုရင် ဒါဟာ သတင်းမဟုတ်ဘူး။ လူကခွေးကို ကိုက်တယ်ဆိုမှ သတင်း...။



သတင်းထူးဆိုပေမယ့် အရှုးမပေါက်ကျော်သတင်းမျိုးကို ပုံကြီးချဲ့ရေးတာမျိုးကိုတော့ မလိုလားအပ်ပါဘူး၊ အရူးမပေါက်ကျော်ဟာ သူ့ဟာသူ ဘုရားကလေး တည်တာကိုပဲ စကြာမင်းပေါ်သလို သတင်းစာတွေက ချဲ့ရေးကြတယ်။ လူတွေကလည်း အဟုတ်မှတ်ပြီးသွားကြတယ်။ အရူးမပေါက်ကျော်ဘုရားကို ကန်တော့ကြတယ်။ စည်လိုက်တာကြိတ်ကြိတ်တိုးနေတာပဲ။ သတင်းစာတွေဆိုတာလည်း ရောင်းလို့မလောက်ဘူး။ နောက်အရူးမပေါက်ကျော်က ရည်းစားနှစ်ယောက်နဲ့ ဓားထိုးမှုဖြစ်တော့မှ သတင်းစာတွေဟာ အရေးရပ်သွားတယ်။

ဒီတော့ ကနေ့မြန်မာပြည်က သတင်းစာတွေဟာ တိုင်းပြည်အကျိုး ဖြစ်ထွန်းဖို့ထက် သူတို့သတင်းစာ ရောင်းကောင်းဖို့ စောင်ရေတိုးဖို့ကို ဦးတည်နေတယ်ဆိုတာ မထင်ရှားဘူးလား။

ဟိုတလောတုန်းကလည်း မောင်စည်သူနဲ့ မခင်ရီတို့ဟာ အလွန်ဝမ်းနည်းစရာကောင်းအောင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြတယ်။ အဲဒီသတင်းကို နောင်ဒီလို အဖြစ်မျိုးမဖြစ်အောင် ကာကွယ်ရေးရမည့်အစား သတင်းစာတွေက သူတို့သတင်းစာ စောင်ရေတိုးအောင်၊ ဖတ်ကောင်းသည်ထက်ကောင်းအောင် ပုံကြီးချဲ့ရေးကြတဲ့အတွက် နောက်မကြာခင်ဘဲ ဟင်္သာတက မောင်ညိုမောင်နဲ့ ကုလားမကလေးဟာ အဆိပ်သောက်ပြီး သေသွားရတယ်။

နောက်ပြီးတော့ သတင်းစာဆိုတာ လူအများနားလည်တဲ့ စကားလုံးမျိုးနဲ့ ရေးဖို့လိုတယ်။ အခုတော့ ခေတ်စမ်းကဗျာနောက်ကို လိုက်သလားမဆိုနိုင်ဘူး။ 'သတင်းတွေစုံ–မြို့ရွှေဂုန်'၊ 'သတင်းတွေများ–မြို့ရွှေနား' ဆိုတဲ့ ခေါင်းစဉ်တွေကို ဖတ်နေရတယ်။ ဒါဟာ ကဗျာဘက်မှာ အကျိုးရှိကောင်းရှိပေမယ်လို့ သတင်းစာအနေနဲ့ မလိုလားအပ်ပါဘူး။

ကြော်ငြာတွေဆိုလို့ရှိရင်လည်း ကြောငြာခမျှားများရတဲ့အရက်ကြော်ငြာကြီးတွေ၊ သေနတ်ကြော်ငြာကြီးတွေကို ဦးစားပေး ထည့်နေတာတွေ့ရပါတယ်။ အဲ့ဒါဟာ တိုင်းပြည်ရဲ့အကျိုးကို ဘယ်လောက်ဖြစ်ထွန်းစေသလဲလို့ မေးချင်ပါတယ်။ ကနေ့မြန်မာပြည်မှာ နိုင်ငံရေးပါတီတွေ အစိတ်စိတ်အမြွှာမြွှာကွဲနေတာဟာ သတင်းစာတွေရဲ့ ပယောဂဆိပ်တန်းကပါနေတယ်ဆိုတာ ငြင်းနိုင်ကြမယ် မဟုတ်ပါဘူး။

ဒီလို အကျိုးထက် အပြစ်ကပိုပြီးများနေတဲ့အတွက်ကြောင့် မြန်မာသတင်းစာများ

www.burmeseclassic.com

www.burmeseclassic.com



သည် တိုင်းပြည်၏အကျိုးကို ဖြစ်ထွန်းစေတယ်ဆိုတဲ့အဆိုကို ကျွန်တော်တို့က လေးလေးနက်နက် ကန့်ကွက်ရခြင်းဖြစ်ပါတယ်။

(မှတ်ချက်)။ အထပ်ပါ စကားရည်လုပွဲမှာ ၁၂၉၇ ခု တော်သလင်းလဆန်း ၉ ရက် (၅-၉-၃၅) ရန်ကုန်တက္ကသိုလ် မြန်မာအသင်း ခန်းမဆောင်တွင် ကျင်းပကာ သဘာပတိအဖြစ် ဝတ်လုံဦးပုက ဆောင်ရွက်ခဲ့သည်။ 'မြန်မာသတင်းစာများသည် တိုင်းပြည်အကျိုးဖြစ်ထွန်းစေသည်' ခေါင်းစဉ်ဖြင့် အဆိုဖက်မှ မြန်မာ့အလင်း ဦးစိန်း၊ ဂျွန်ဦးစော၊ အချေဖက်မှ ဒီးဒုတ်ဦးဘချို၊ ဝတ်လုံ ဦးချန်ထွန်းတို့ဖြစ်သည်။ အထက်ပါ နောက်ဆက်တွဲကို ဖတ်ရခြင်းဖြင့် ဆရာသည် ဦးသိန်းဖေမြင့် ဆောင်းပါးအရ မည်သည့်ဘက်မှ စမ်းစမ်းစကားပြောကောင်းသူ၊ လက်တန်းနိုင်သူဖြစ်ကြောင်း ထင်ရှားပေသည်။

❐

# နောက်ဆက်တွဲ (၈)

# ကြက်နတ်သံနှင့် ခွေးနတ်သံကဗျာ

ရှေးတုန်းက 'မြင်းခြံဆရာခိုင်' အမည်ရှိ ကဗျာဆရာကြီးတစ်ဦးသည် ကြက်နတ်သံ အမည်နှင့် ကဗျာကြီးတစ်ပုဒ်ကို ရေးခဲ့သည်။

ယင်းကြက်နတ်သံ၏ အစဖြစ်ပုံမှာ 'ရှင်ပြာမ'အမည်ရှိသော ကြက်မကလေး အကြောင်းဖြစ်၏။ ရှင်ပြာမသည် ရှေးကုသိုလ်ကံ အကြောင်းအားလျော်စွာ ရေနံချောင်းမြို့ ကြက်ငှက်မွေးမြူရောင်းချစားသောက်သူတစ်ဦးအိမ်တွင် ကြက်မကလေးသွား၍ ဖြစ်ရာမှ တစ်ခြံတည်းပေါက် 'ဖင်ယော်'အမည်ရှိ ကြက်ဖကလေးနှင့် အကြောင်းပါကြ၏။

ထိုသို့ ကြက်မောင်နှံ တပျော်တပါးနေကြရာမှ မန္တလေးမြို့သို့ဆန်တက်လာသော 'စကြာပျံ' သင်္ဘောသည် ရေနံချောင်းသို့ ဆိုက်ကပ်လာကာ ရိက္ခာဝယ်ခြမ်းရာတွင် ကြက်မွေးမြူသူက ထိုရှင်ပြာမ ကြက်ကလေးကို ရောင်းချလိုက်သဖြင့် သူ့ကြင်ဖော်နှင့်ကွဲကြရလေသည်။

ထိုကဲ့သို့ လွမ်းလွမ်းဆွေးဆွေးနှင့် ခွဲခွာလိုက်ပါသွားရာမှ မြင်းခြံသို့ ရောက်သည့်အခါ မြင်းကွန်းဝန်မင်းက သနားသောအားဖြင့် ကြက်အကောင် (၆၀)ကို ဝယ်၍ အားလုံးဆားမဲ့လွှတ်ကာ ဘုန်းကြီးကျောင်းသို့ လှူလိုက်၏။ ဤတွင် အသက်ဘေးမှ လွတ်ခဲ့ရသော်လည်း ဘုန်းကြီးကျောင်း၌ မွေးထားသောခွေးကြောင်မတစ်ကောင်ကိုက် သတ်၍ အသက်သေဆုံးရကာ နတ်သံနှော၍ ပြန်ပြောသောအကြောင်း ကဗျာဆရာက ဖွဲ့ဆိုထားခြင်းဖြစ်၏။

ထိုကြက်နတ်သံကဗျာကို ကွယ်လွန်သူ ဆရာဒီးဒုတ်ဦးဘချိုသည် စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဇေယျထံမှ ရရှိကာ အလွန်သဘောကျခြင်းဖြင့် သူ၏ ဒီးဒုတ်ဂျာနယ်တွင် အစအဆုံး ထည့်သွင်းဖော်ပြခဲ့သည်။ ထိုနောက်တွင်ကား ထိုကြက်နတ်သံကို တု၍ဆရာသည် သူ၏ဒီးဒုတ်ဂျာနယ်တွင်ပင် 'ခွေးနတ်သံ'ကဗျာရှည်ကြီးတစ်ပုဒ်ကို ရေးခဲ့သည်။

ထိုခွေးနတ်သံကဗျာမှာလည်း အလွန်လူကြိုက်များလှကာ စာအုပ်များအဖြစ်ဖြင့် ထုတ်ဝေခဲ့ကြပြီးဖြစ်သည်။ ယင်းခွေးနတ်သံ၏အစဖြစ်ပေါ်လာပုံအကျဉ်းကို ဖော်ပြရလျှင် 'ရန်ကုန်မြို့ ရွှေတိဂုံစေတီကြီးအနီး ကန်တော်မင်စစ်မြေနှင့် ဗဟန်းရပ်ကွက်တွင် ခွေးများကျက်စားခဲ့ရာ ထိုစဉ်က ကန်တော်မင်မှာ စစ်မြေဖြစ်၍ ခွေးများဆူပူသည်ဟု မြူနီစပယ်ကို တိုင်ကြားခဲ့သည်။

ထိုတိုင်ကြားချက်အရ မြူနီစပယ်က ခွေးများကို သေနတ်နှင့်ပစ်သတ် နှိမ်နင်းခဲ့၏။ ထိုအခါ ခွေးခပ်များများ နေစရာမရှိဘဲ ရွှေတိဂုံဘုရားကြီး ကုန်းတော်ပေါ်သို့ခိုကပ်နေကြရသည်။ ထိုခွေးများအနက် ခွေးနီမလေးတစ်ကောင်မှာ ထိုသို့ပြေးရင်းလွှားရင်း ဒုက္ခအကြားမှ 'ခွေးနဖူးစာ ရွာလည်'စကားအတိုင်း ဘုရားပေါ်မှ ကိုဂုတ်ကြားအမည်ရှိ ခွေးထီးတစ်ကောင်နှင့် အိမ်ထောင်ကျကြသည်။

သို့သော် မကြာမီ သူတို့ခမျာ ကံဆိုးမိုးမှောင်ဖြစ်လာပြန်သည်ကား ဘုရားလူကြီးများကလည်း ဘုရားရင်ပြင်တော်ပေါ်တွင် ခွေးတွေ သောင်းကျန်းဆူပူ ညစ်ပတ်သည်ဟုဆိုကာ ခွေးများကို ဖမ်းဆီးကြပြန်သည်။ ထိုသို့ ဖမ်းဆီးသော်လည်း သတ်ဖြတ်ခြင်းမပြုဘဲ တစ်စုတစ်ဝေးတည်း မော်တော်ကားပေါ်တင်ပြီးလျှင် ရန်ကုန်–ပဲခူး ရွှေညောင်ပင်စခန်းဆီသို့ သွား၍လွှတ်လိုက်ကြသည်။

ဤတွင် ခွေးနီမကလေးနှင့် ကိုဂုတ်ကြားတို့ ချစ်ဦးမောင်နှံမှာ တကွဲတပြားစီဖြင့် စလယ်ဝင်ဖင်မမဲမီ ကွဲကြကာ ရှုးမတတ်ဖြစ်ကြရသည်။ ချစ်လင်သည် ကိုဂုတ်ကြားကား ဘယ်ရောက်သည်မသိ၊ ခွေးနီမလေးခမျာမှာမူ ပဲခူး ရွှေညောင်ပင်ရွာသို့ ရောက်ခဲ့သည်။ ထိုနေရာတစ်ဝိုက်တွင်လည်း ရွာခံခွေးများ၏အကိုက်ကို ခံရပြန်သဖြင့် အစာကို ရဲရဲမထွက်ရာဝံ့ဘဲ အငတ်ငတ်အပြတ်ပြတ်ဖြစ်နေရာမှ တစ်နေ့တွင် ထိုရွှေညောင်ပင်ရွာအပြင်ဖက် ကားလမ်းဆီသို့ စွန့်၍ အစာရှာထွက်ခဲ့ရာ ဧည့်သည်အစိမ်းသက်သက်မို့ လမ်းကလည်းမသိ။ စမ်းတဝါးဝါးဖြင့် နောက်ဆုံး ကားကြိတ်သေဆုံးကာ ခွေးနတ်စိမ်းမကလေး ဖြစ်ရှာသည်။

ဤတွင် လင်တော်မောင် ကိုဂုတ်ကြားအား သတိရလွမ်းဆွတ်သောအားဖြင့် ဘုရားပေါ်အလာ ဆရာ(ဒီး)နှင့်အတွေ့ ခွေးနတ်သံနှော၍ သူ့အဖြစ်အပျက် သနားစရာ



များကို ပြန်ပြောခန်း ရေးသားထားခြင်းဖြစ်၏။ ယင်းကြက်နတ်သံနှင့် ခွေးနတ်သံကဗျာများကို ဖတ်ရသူများက ပထမကြက်နတ်သံထက် ဆရာချို၏ခွေးနတ်သံက ပို၍ သနားစရာ ကရုဏာရသပါကြောင်း ပြောကြသည်။ ဤကား ဓမ္မတာပင်ဖြစ်ကာ နောက်လူက ရှေးဦးလူထက် သာစမြဲဖြစ်တတ်သော်လည်း ခွေးနတ်သံ၏ဆရာမှာ ကြက်နတ်သံဖြစ်ကြောင်းကိုမူ မမေ့သင့်ပေ။ ယခု ဆရာခိုင်၏ ကြက်နတ်သံနှင့် ဆရာချို၏ ခွေးနတ်သံများကို စာဖတ်သူများ ယှဉ်ပြိုင်ဖတ်ရှုရန်ပင် ဖြစ်သည်။

## ဆရာခိုင်၏ ကြက်နတ်သံ

ဝဋ္ဋ်ဟောင်းရယ်မှ ကြမ္မာလေ၊ မယ့်ဖြစ်ဟန်ကို ပြန်ကာကြားခဲ့၊ ရွှေနားနာကြ၊ ယုတ်စွငယ်မှဇာတိ၊ နွယ်တိရစ္ဆာန်၊ အဟိတ်ကံ၊ စိတ်သန်မိလို့၊ ကတိငယ်မှ နှမ်းညှိုး၊ အထက်ဝရဇိန်၊ လက်နက်ကယ်ချိန်၊ ရန်နှိမ့်ဖျက်ပါတဲ့၊ ကြက်မျိုးရှင်။ တန်ခိုးငယ်မှ နုပ်ငယ်။ သတင်းမထွက်၊ဟင်းစားကြက်တို့၊ ဆက်အနွယ်၊ မယ်မှာဖြစ်ရ၊ မယ့်သညာမှာ ရှင်ပြာမတဲ့၊ ဌာနမှာမူ၊ ရေနံချောင်းမှာတဲ့ ပျော်အောင်းသူ၊ လူတို့ဘုံမှာ ၊ ပါယ်အမျိုးဆက်၊ သွယ်ကြိုးရယ်ယှက်လို့ ကြက်ဖြစ်လာလျှင်၊ မေတ္တာရယ်မှမမျှ၊ ဖားကိုရှင်စေ၊ မြွေကိုသေဆိုလေကြလို့၊ ယုတ်စွစည်းစိမ်၊ သားမယားရေး၊ ကြက်ဝက်မွေးလို့၊ ကျွေးတဲ့အိမ်မှာ၊ ရှိန်မေတ္တာရစ်၊ ကိုဇင်ယော် ကြင်ဖော်စစ်နှင့်၊ ချစ်ကြင်စနှော်၊ ခလာသီများ၊ သဘော်သားတို့၊ ဝယ်ငြား သော်လျှင်၊ ကြင်ဖော်ခွဲခွာ၊ ကြက်အပေါင်းနှင့် ရောင်းငယ်ပါ၊ ကြံရာမသိနိုင်ဘုကွယ်၊ မယ် ဘယ့်နှယ် မျက်ရည်သိမ်းနိုင်ပါ့၊ စီးရလွယ်။

## ငိုလေးချိုး

ခုတစ်ခေတ်တွင်ဖြင့်၊ သူ့ချစ်ကိုတဲ့ မဖျက်ပါ၊ လေးနှစ်မှာလ၊ တွေးဆကာ မျှော်မြင်သေးရင်ဖြင့်၊ ရှေးကမှာ ကြင်ဖော်နှင့်ဝေးအောင်လို့၊ ရေးပြုသူ ဇကန္တပေထင့်၊ ရွှေမေတ္တာ ဆုံကာမျှရယ်နှင့် ကွဲရသည့်တာ၊ ဆွေညောင်ပြန် ဆောင်ရန်သိုက်မှာလ၊ ဆွေမောင်နှံ၊ တောင်ပံပိုက်ပါလို့၊ ကြက်စရိုက်ကြက်ဘာသာ၊ လည်ယှက်ကာတဲ့ စက်ပါဘုန်း၊ တရားငယ်ဖိ၊ ကုလားခလာသီတို့၊ အစာမို ဝယ်ယူသိမ်းခါမှ၊ ရှောင်တိမ်းတယ် မယ်မဆုတ်သာဘု၊ တုတ်တုတ်ကယ်ခေါ်၊ စုတ်သပ်ဟန် တကျော်ကျော်နှင့်၊ ဖေဇင်ယော် ဆောင်ပေါ်ဆီက၊ ကတော်ကာ–မျှော်ရှာဆဲတွင်၊ (အမယ်လေး)ခွဲရ နှစ်ဘုန်း။

နှလုံးငယ်မှနောက်ကျူ၊ ဆွေကြင်ဖော်ကို၊ မျှော်ကာရှုလျက်၊ တစ်စုတည်းပင်။ ဟိုဘုလားမွဲ၊

www.burmeseclassic.com



ခြေကိုတွဲလို့၊ ဆွဲကာငယ်ငင်။ လျှင်တဆောသာ၊ မြင်သူမောဖို့ သဘော်သို့၊ မယ်ရို့ရယ်ပါ ကြင်ယာကြောင့်ကွယ်။ ရှည်ကြာလျှင် ဆည်ယူမသိမ်းနိုင်ဘု၊ သေပါလျှင် သည်ပူကြိမ်းလေရဲ့ ကြိမ်းမိတယ်။

## ငို-လိုက်

ပူလို့သာပူ၊ လူတို့မှာ ရှေ့ဉာဏ်ကူလို့၊ ဖြေရန်မူအေး။ အပါယ်သားဟာမို့၊ မယ်ဘွားမှာ ဉာဏ်မယှဉ်လို့၊ သမ္မဇဉ် ဖြေမပိုင်းနိုင်ဘု၊ ပူမြင်ရင် ပူချင်တိုင်းသာပ၊ အမယ်လေး–ဂိုဏ်းအုပ်လို့ ဆွေး။

တွေးဆငယ်မှ ပူပင်၊ တရေးရေး ဆွေးစငင်လျက်၊ ယဉ်စကြာပျံ၊ စုံစုံတင့်ဆန်း၊ ဘုံရွှေမန်းသို့၊ မြန်းကာငယ်ဆန်၊ ရွှေခြံသို့ရောက်၊ စုန်ဆန်ကျေညာ၊ ဝေဝေဖြာ တေဇော တောက်ပါတဲ့၊ မြင်းကွန်းဝန်က၊ လွန်သနားရှာ၊ ကုလားလက်မှာ၊ ကြက်ခြောက်ဆယ်၊ ဝယ်ကာလွှတ်လို့၊ လွတ်ပြန်ပါ ချမ်းသာရပဲ၊ ကျားကိုကြောက်လို့၊ ရှင့်အောက်ကိုခို၊ ရှင်ညို သာလို့ ကဲပြန်သို့၊ မလွဲငယ်မှခုပင်၊ ကျောင်းကိုမှီကပ်၊ ခွေးမငတ်ကယ်က၊ ကိုက်ဟပ် ကယ်ကင်၊ ဝိညာဉ်ယွင်းလစ်၊ အယူငယ်တိမ်း၊ နတ်စိမ်းဖြစ်လို့၊ ကိန်းသစ်ကယ် တစ်ဖန်၊ စကားဝါနန်း၊ သာကြွင့်နန်းမှာတဲ့ တစ်ခန်းရယ်စံ၊ ပူရန် မငြိမ်းနိုင်ဘုးကွယ်။ သက်လယ်ငယ် မှကြင်ဖက်၊ ရောင်လျှံညီးတဲ့၊ တောင်ကြီးထက်က၊ ညည်းလျက်ကယ်ခုနှယ်၊ မျှော်ကာတစ် ရေး၊ ဖော်ကွာဝေးသူမို့၊ ဆွေးလိမ့်မယ်၊ ဘယ့်နှယ်ရယ်ကြံဖန်၊ ရေနံချောင်းက မောင်ကောင်း ထံသို့ ပြန်ရမလေ။ ကံကြမ္မာဖန်ကာ ခွဲခွာတာမို့၊ ကွဲရချေ သက်ဝေရယ်မှ ကြင်ဟောင်း၊ အန္တရာယ် စင်ကြယ်ကြောင်းနှင့် တောင်းဆုမိဋ္ဌာန်၊ တရားမို့ညွှန်၊ ငါးမြို့ဝန်လည်း၊ အလွန်ကျေးဇူး၊ တင်ရှိဖူးသူမို့၊ ဆုထူးရယ်ပန်၊ ဘေးရန်ကင်းကြောင်း၊ ဘုန်းတော်ကြီးစေ၊ သက်တော်ရှည်အောင်၊ မေဆုတောင်းပါရဲ့၊ အပေါင်းရယ်မှ များစွာ၊ သတင်းမချို့၊ မင်းမင်း တို့ကိုလည်း ပို့သွန်းပါ။ မေတ္တာခံတော်မူကြလား၊ ပွဲတော်တောင်၊ ဂုဏ်ရောင်လင်းပါတဲ့ မင်းမင်းများတို့။

## ငိုလေးချိုး

ကုလားလက်မှာတော့၊ ဓားစက်ကယ်နှင့် မယ်မသေ၊ ရွှေခြံရောက်ခါမှ ဉာဏ် ထောက်စာသွယ် မဝိုင်းနိုင်ဘု၊ ကံမှောက်တာတွယ် ကသိုဏ်းမှာလ၊ ရိုင်းကံကခေ။ အမြင် မှောင် ရှင့်ကြောင်မရယ်က၊ မရှင်ပေါင် မှင်စောင်က ကြွသနှင့်၊ မြင်ယောင်မျှ မာန်မျက်ဝေ၊



သက်သေအောင်ပ ကွဲပြုနိုင်လွန်း၊ ပြေးမလွတ်သာဘု၊ ရှေးဝဋ်ကယ် ဝေဖန်လို့၊ ရွှေမြီမှာ သေကံရိုင်းရတယ်၊ အမယ်မင်း တိုင်းသိမော်ကွန်း။

## နတ်ကွန်းတက် သဖြန်

ဆက်မပြတ်နိုင်လို့၊ ကြက်နတ်ကယ့် အမည်တွင်။ ကြားမဝံ့သာဘု၊ နားရှို့ဖွယ် သည်မော်ကွန်းရယ်၊ ထွန်းချည့်အစဉ်၊ ဆောင်ကြီးတွင် ပျော်မအားနိုင်ဘု၊ မောင်ကြီးဇင်ယော် တစ်ပါးကိုလ၊ မျှော်စားလို့ နေမရှင်၊ ဖြေရင်တဲ့ သာလေကဲ။ ကွန့်ညောင်းငယ်ဖြာ၊ ညွှန့်ပေါင်းဝေဝေဆာတဲ့၊ ရွှေစကားဝါ ပင်ပျိုနန်းကို (ရှင်) မြန်းလေမှာဲ။ ။

## ဆရာချို၏ခွေးနတ်သံ

ကြောင်းကျိုးငယ်မှ ကုန်စင်လေ (ဂိန်–ဂိန်)မယ့်ဖြစ်အင် စီစဉ်ကြားခဲ့၊ ရွှေနားနာကြ။

ယုတ်စွငယ်မှဇာတိ၊ နွယ်တိရစ္ဆာန်–အဟိတ်ကယ်ဖန်၊ တိတ်ကံရှိမို့၊ ဂတိနွမ်းညှိုး၊ အကိုက်ကယ်ခံ၊ မိုက်ဉာဏ်မြေးသည့်၊ ခွေးအမျိုးရှင့်။

တန်ခိုးငယ်မှနတ်ငယ်၊ လည်ပတ်မတင်၊ နယ်ရပ်ခွင်မှာ အရှင်မဲ့တဲ့ ကဲ့ရဲ့ဖွယ်၊ မယ့်မှာဖြစ်ရပ်။ မယ့်အမည်မှာ၊ ရှင်နီမပါတဲ့။

ဌာနငယ်မှအမှန်၊ ရွာဗဟန်းတွင်း၌၊ ခွေးချင်းကိုက်ကာ၊ လုကာငယ်ယက်၊ တုကာ ဖက်လို့၊ သူ့ထက်ငါနှင့်၊ ဖွေရှာရပြန်၊ သည်ဇမ္ဗူနယ်တစ်လွှားမှာဖြင့်၊ ကြည်ဖြူသူ တကယ် ရှားပါရဲ့မယ်များ...ကံ။

## လေးဆစ်ငိုချင်း

လေးနှမမှာဖြင့်၊ ခွေးဘဝကြုံရပြန်။ ဖေးလှည့်ကူ သခင်ရင်းရယ်လို့၊ ကျွေးမယ့် လူ အရှင်ကင်းတော့တယ်ရှင်၊ ဖျင်းတဲ့ရွှေကံ။ ပတ်ပတ်ချာ ရွာဗဟန်းမှာလ၊ ထပ်ထပ်သာ စာရှာမြန်းပါလို့၊ တစ်ဝမ်းတွက် အရိုက်ခံ(အိုရှင်)ထိုက်မတန်တဲ့ပုပ်အသိုး။ အနားကိုသီ၊ အစားတစ်ဖန် ချီကာ၊ ရန်စီစီ မာန်ဖီခိုင်းပါလို့၊ လေးပျိုကို ခွေးအိုရိုင်းတို့ငယ်၊ (အမယ်မင်း) ဝိုင်းကိုက်မယ်ကျိုး။ ။

အဆိုးငယ်မှ ထပ်တူ၊ တွေတွေဆွေးတဲ့ ရေနွေးပူ၊ ဆူတစ်ကျိုက်ကျိုက်၊ ပက်ပေါ ငယ်ဖြန်း၊ အရမ်းမိုက်တဲ့၊ စရိုက်မမှန်၊ တရုတ်များနှင့် ရှောင်ရှားပြန်လျှင်၊ သေကံငယ်မှ တစ်ရပ်၊ ကန်တို(တော်)မင်မှာ၊ ခွေးတကာကို၊ မြန်စွာသတ်စေဖို့၊ သေနတ်လိုင်စင်၊ ထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ အရေးတွင်မှာ၊ သခင်မဲ့ကင်း၊ ခွေးတတွေမှာ၊ သေစာရင်းမို့၊ ရင်တွင်းလှိုက်ဖို၊ သခင်ရှိငြား၊ ခွေးအလားသို့၊ လူနားကပ်၍ ရပ်ကာခို၊ မေပျိုအသည်း ထိတ်ပေါ့ကွယ်၊ ဘယ်ဝင့်နှောင်ကြမ္မာ မိုက်ကယ်က၊ လာဆိုက်တယ်။

သွယ်သွယ်ငယ်မှအခက်၊ ဥပါဒ်သားဒဏ်၊ ထောင်သောင်းငယ်ရဲ့ ခေက်ညှိုး–ဆိုးတဲ့ချက်ကယ်ကြောင့်၊ သက်မသေချင်၊ ခွေးဘဝပေမယ့် ကျွန်မခင်၊ ရန်လျှင်ကွာရေး၊ လေးခရာတော်ပုံ၊ ရွှေတိဂုံကို၊ ခိုလှုံဖို့ပြေးခဲ့မှ၊ အေးကွက်ကြိုက်ကြုံ။ စား အစာဘယ်မရှားပါဘု၊ ဘုရားဂုဏ်။

ခိုလှုံငယ်မှနေခိုက်၊ ပန်းသည်မွေးမြူ၊ အရေးငယ်ယူ၊ လူမကိုက်တဲ့၊ စရိုက်ခန့်ညား။ အကွက်ကယ်ပြေ၊ နားရွက်ရှည် အနေဟုတ်သည့်၊ ကိုဂုတ်ကျားနှင့် စုလျားရယ်မှ ပိုင်ပိုင်၊ လက်ထပ်ပွဲကိုဖြင့်–ယှဉ်နွဲ့ငယ်ပြိုင်၊ ပွဲထိုင်နေ့မြတ်က တော်သတင်း၊ တော်သလင်း စာရင်းမှတ်၍၊ ဖိတ်ကပ်ကိုဝေ၊ ခွေးဘာသာအစုံပူးပါတဲ့၊ ဂုဏ်ထူးချွေ။

သက်ဝေငယ်မှ ကြင်ဖက်၊ ကိုဂုတ်ကျားနှင့် နှစ်ပါးစက်ခဲ့၊ လ,ရက်ရှည်ကြာ၊ တစ်နေ့ခါသော်၊ ကြမ္မာယွင်းဖောက်၊ ဖားကိုရှင်စေ၊ မြွေကိုသေ၊ အနေရောက်အောင်၊ မထောက်မညာ၊ ခွေးသေမင်းငယ်ကို၊ စကင်းငယ်ဖြာ၊ ခိုမှာလွတ်စေ၊ ခွေးမှာဖမ်းစေဖို့၊ ဝရမ်းငယ်ချွေ၊ စိန္တေစောင့်ကြပ်၊ ပုလိပ်သားနှင့် ကုလားတွေ၊ တွေတွေညှပ်လို့၊ မပြေးတတ်နိုင် ရိုက်နှက်ကာကြိုးနှင့်ဆွဲတာကြောင့်၊ ခွေလဲ–ယိုင်။

## လေးဆစ်ပိုဒ်

ခွေးအမျိုးပေမို့၊ ဘေးဆိုးရယ်တဲ့ ဖြာဖြာလိုင်။

ရင်ပြင်ဦးမှာလ၊ ပေလူးတယ် ရန်ရှာလို့၊ သတ္တဝါခွေးကိုမဲလို့ငယ် ဆဲကြဖြိုင်ဖြိုင်။

လူတတွေ မောင်နှံအိပ်တဲ့ပြင်၊ ထိတ်စဖွယ် မိလ္လာအိုးတွေက၊ ဆိုးသမျှအနံ့လှိုင်၊ အိုင်ပါတဲ့ သေးကွက်များ။

သို့စင်ပေ၊ သူရှိမှာ လူတတွေမို့၊ ပရမေဘဏ္ဍာထိန်းငယ်တို့၊ ပြစ်မတင် ချစ်ဝင်မှိန်းပါလို့၊ ခွေးခမျာကို ရွှေးကာစိမ်းတော့တယ်(အမယ်မင်း)ကိန်းတွက်အမှား။

ဘုရားရယ်မှ–ယင်ပြင် မယ့်ကိုဆွဲလို့ ကားထဲကို တင်၊ ဖေလင် မသိရှာဘုကွယ်၊ နေဆယ်ဆူ ပြိုင်မနှုန်းသာဘု၊ ပူးလုံးကြွယ်။



## နှစ်ဆစ်ပိုဒ်

အင်အားရယ်ငယ်၊ ခင်ထားငယ် ချူချူပြပါလို့၊ အူရတယ် ဖေလင်မောင်ရဲ့၊ နေဝင်အောင်ပဲ။

လူမဟုတ်လေတော့၊ မူရုပ်မှာ ဘယ်မပေါ်ဘု၊ တကယ်နော် လူသာဖြစ်ခဲ့လျှင်၊ မယ်ပဏ္ဍာ ဆယ်ခါသစ်လို့ငယ်(အမယ်မင်း)လူဟာစ်ဝိုင်ပွဲ။ ။

ကွဲရငယ်မှ ဖြစ်အင်၊ တရေးရေး ဆွေးစငင်လျက်၊ လင်ကိုတလွမ်း ကားပေါ်တွင် ပျိုခင် နွမ်းခဲ့၊ စခန်းချထောက်၊ ဖောင်းလင်မည်သာ။ လှည်းကူးရွာကို၊ မြန်မကြာရောက်တော့မှ၊ အထောက်မတန်၊ ပြန်မလိုက်စေဖို့ အရိုက်ကယ်သန်၊ ရှေ့နှံနှစ်ဖက်ကျိုးပြီလု။

တစ်စုငယ်မှတဝေး၊ သောင်တင်ခွေးငယ်တို့၊ ပြေးမလိုက်သာ၊ မော်တော်ဘတ်(စ်)ကား၊ ပြန်အသွားတွင်ဖြင့်၊ မျှော်စားခါငယ်၊ စီးတွေတွေမျက်ရည်ကျပါလို့၊ အူကြရှာ။

ဂါမာရယ်မှရပ်ခြား၊ ရောက်ခဲ့ပြန်သော်၊ ရွာခံခွေးတွေက၊ မနေ့လိုက်၍၊ ကိုက်ပါများလို့၊ အစားအစာ၊ ဖွေရှာမဝ့်၊ မေမှာတွန့်လို့ ရွံ့ပါရ၊ ရွာအပြင်ဘက်၊ ပကိုး(ပဲခူး)လမ်းသာ၊ ဆိုးငြမ်းငယ်ဖြာ၊ ကြိုးပမ်းခါထွက်ခဲ့လို့၊ နေ့တွက်စီရေး၊ ခရီးသည်များ၊ စွန့်ပစ်ထားတဲ့၊ ဖက်များကို လွေးရ၊ မေးလှမယ့်ကံ၊ ဘတ်(စ်)မော်တော် ရှင်သေမင်းရယ်က၊ ကြိတ်နင်းပြန်။

## လေးဆစ်ပိုဒ်

ညဏ်မဖက်ပြီဘု၊ မာန်တက်တဲ့ ထောင်စာတွေ။ ဒရိုင်ဘာအမည်ရလျှင်၊ ရမ်းကြမသွေ။ အနိုင်သာပြိုင်ခါ မောင်းတာကြောင့်၊ လမ်းကြောင်းမှ ဘတ်ကားတွေ၊ တမင်ကိုတဲ့ ကြိတ်ခါနင်း။

တိမ်းအယူ၊ နတ်စိမ်းအမည်ကြူရ၊ ချစ်တဲ့သူပျို့သက်ထားကိုရှင်၊ (အမယ်မင်း) ကြားပါ့သတင်း။ ။

ယိုယွင်းရယ်မှ ကံဟောင်း၊ သနပ်စုံကို ကုန်ပြန်ပြောင်းလို့၊ အောက်မေ့ပြန့်သော်၊ ကံကိုသာညို့၊ ဘယ်သူ့အပေါ်၊ အပြစ်တော်၊ မယ်ဖော်လို့ ဖို့ချင်ဘု၊ ချင်းတို့ဘာသာ၊ ဝိပါတ်မြဲမည်ကြောင့်၊ အားခ်ကာ၊ လွှတ်ရာလွတ်ကြောင်း၊ မယ်ဆုတောင်းပါရဲ့၊ အပေါင်းရယ်တဲ့များစွာ၊ သတင်းမချို့၊ မင်းမင်းတို့ကိုလည်း ပို့သွန်းပါ။ မေတ္တာခံတော်မူကြလား၊ ပွဲတော်တောင် ဂုဏ်ရောင်လင်းပါတဲ့။မင်း…အများတို့။

www.burmeseclassic.com

www.burmeseclassic.com



## နတ်ကွန်းတက် သဖြန်

မတွေးတတ်အောင်ပဲ၊ ခွေးနတ်ကတဲ့ ဖြစ်ရအင်။

မခံစိတ်ဟာမို့၊ အံကြိတ်ကာ ဘဏ္ဍာထိန်းတို့ကို၊ ဟိန်းမိသရှင်။

စာချိုးဖွယ်အဟုတ်များအောင်ပဲ၊ လာနိုးငယ်–ကိုဂုတ်ကြားကိုဖြင့်၊ မျှော်စားလို့ နေမရှင်၊ ဖြေရပ်ပ သာလို့ကဲ။

ကွန့်ညောင်းရယ်ဖြာ။ ညွန့်ပေါင်းငယ် ဝေဝေဆာတဲ့၊ ရွှေစကားဝါ ပင်ပျိုနန်းကို (ရှင်) မြန်းလေမှပဲ။

❒

# နောက်ဆက်တွဲ (၉)

## ထမင်းလုံးတစ္ဆေ

ရေးသူ- စံပယ်

ညနေ ၃ နာရီခန့်မှစ၍ ရွာသွန်းချနေသော မိုးသည် စဲသည်မရှိဘဲ ဖွဲ၍နေရာ၊ ညစဉ်ညတိုင်း ထမင်းစားပြီးလျှင် ထွက်၍ လည်ပတ်သွားလာခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ဖြင့် အပျင်းဖြေလေ့ရှိသော ကျွန်တော့်မှာ ထိုနေ့အဖို့၌ စွတ်စိုလွန်းသည့်အတွက် အပြင်သို့ထွက်ရန် ခက်နေတော့၏။ အိမ်တွင်နေရန်ကလည်း ငြီးငွေ့ဖွယ်ကောင်းလှ၍ သံချိုင့်တွင်းသို့ ရောက်နေသော ကျားကဲ့သို့ ဆောက်တည်၍ မနေနိုင်တော့ဘဲ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ စိတ်အိုက်နေမိပါတော့သည်။

ပြတင်းပေါက်သို့ ရောက်တိုင်း ရောက်တိုင်း အပြင်သို့ မျှော်ကြည့်လိုက်သောအခါ လမ်းပေါ်သို့ တဖြောက်ဖြောက်ကျနေသော မိုးသံများသည် ကျွန်တော့်အား ပိုမိုစိတ်ညစ်စေ၏။ အချိန်မှာ ၈ နာရီ ထိုးပြီ။ မိုးလည်း စဲတော့မည့်လက္ခဏာ မရှိတော့သဖြင့် ထိုနေ့အဖို့ မိုးကို အရှုံးပေးရတော့မည်။ အပြင်သို့ ထွက်နိုင်တော့မည်မဟုတ်ဟု စိတ်ကို ဒုံးဒုံးချလျက် မအိပ်မီ အပျင်းပြေစေရန် အိမ်ခန်းတွင်း၌ စာအုပ်များကို လိုက်၍ရှာသောအခါ စုံထောက်ဝတ္ထု၊ အမေရိကန်လူဆိုးဂိုဏ်းဝတ္ထုနှင့် မဂ္ဂဇင်းတစ်စောင်ကို တွေ့ရှိသဖြင့် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ၊ အဆင်သင့်ရာ ဖွင့်၍ ဖတ်တော့၏။ ကျွန်တော် လှန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သော ဝတ္ထုတို့မှာ သတ်မှုဖြတ်မှု၊ လူဆိုးများ၊ စုံထောက်များ၊ ဂတ်များ၊ ထောင်များ အကြောင်း ပါရှိသည့် သွေးထွက်သံယို ဝတ္ထုတို့ချည်းဖြစ်၍ နေတော့၏။ နာရီလည်း ညနာရီပြန်တစ်ချက်တီး လေပြီ။

ဤသို့ အာရုံတွင် ကြမ်းသောဝတ္ထုချည်း ဖြစ်နေသောကြောင့် စာအုပ်များကို ပိတ်၍ မီးမှုတ်ပြီးလျှင် အိပ်ရာထဲသို့ဝင်၍ အိပ်တော့၏။ အိပ်ပျော်သွားသည်နှင့်တစ်ပြိုင်နက် အိပ်မက် မက်တော့သည်။ အိပ်မက်ထဲတွင် အိပ်၍မပျော်နိုင်သည့်အတွက် မိုးရွာနေ၍ အပြင်ကို မထွက်နိုင်သည်ကို အရှုံးမပေးလိုတော့ဘဲ၊ တရုတ်တန်းသို့သွား၍ ဆန်ပြုတ်သောက်ဦးမည်ဟု အိမ်မှ ည ၃ နာရီအချိန်လောက်တွင် ထွက်ခဲ့၏။ လမ်း၌ မိုးသည် တဖြောက်ဖြောက်ရွာလျက်ပင်ရှိ၏။ လမ်းပေါ်၌ အသွားအလာတို့လည်း မရှိတော့ဘဲ အိမ်တို့မှာ တိတ်ဆိတ်လှ၏။

ဆိုက်ကား၊ လံချား စသည်တို့လည်း မရှိတော့ပေ။ ရုပ်ရှင်ရုံများအနီးသို့ ရောက်သောအခါ မိုးမှာ ဖွဲရာမှ တစ်ဖန် ရွာချလာပြန်သောကြောင့် ရုပ်ရှင်ရုံတစ်ရုံ၏ ဆင်ဝင်အောက်သို့ မိုးဝင်ခိုရလေ၏။ ထိုအခိုက်တွင် မိုးရိပ်ကြောင့် ကောင်းစွာမလင်းသော လမ်းမီး၏အရောင်ဖြင့် လူတစ်ယောက်သည် ကျွန်တော်ရှိရာ ရုပ်ရှင်ရုံဘက်သို့ ယိမ်းထိုး၍ လာနေတော့၏။ ၎င်းကိုကြည့်ရခြင်းအားဖြင့် မဟန်နိုင်အောင် အရက်မူးလာသူမှန်း သိရ၏။ ၎င်း၏ခြေထောက်များမှာ ၎င်းလိုရာသို့ကား မလိုက်ပါဘဲ အခြားသွားချင်ရာဘက်ကို သွားနေသောကြောင့် တစ်ချက်တစ်ချက် 'သည်မအေခြေထောက်က ဘာဖြစ်ရတာတုန်း'ဟု ဆဲသံကိုကြားရ၏။

ဤသို့ ယိမ်းထိုးလျက်ပင် ရုပ်ရှင်ဆင်ဝင်အောက်သို့ ရောက်လာသောအခါ ထိုအမူးသမားကို ကြည့်၍ ရှောင်ရန် ကျွန်တော် သတိထားနေသော်လည်း အမူးသမားသည် ကျွန်တော်ရပ်နေရာသို့ ဖမ်းထိုး၍ လာတော့၏။ ကျွန်တော်က တစ်ဖက်ကို အရှောင်တွင် သူကလည်း တစ်ဖက်ကိုပြန်၍ ယိမ်းထိုးလိုက်ရာ လူချင်း တစ်အားဝင်တိုက်မိတော့၏။

ဤသို့ တိုက်မိသည်နှင့်တစ်ပြိုင်နက် ထိုအမူးသမားက–

'ဟေ့– မင်းလူတစ်ယောက်လုံးကို မမြင်ဘူးလား၊ မျက်စိကန်းနေသလား'ဟု ဆဲတော့၏။

ကျွန်တော်က 'ခင်ဗျားမူးပြီးဝင်တိုက်တာ၊ ကျွန်တော်က ဝင်တိုက်တာမဟုတ်ဘူး'ဟု ပြောလိုက်ရာတွင် သူ့ကို မူးတယ်ပြောရပါမည်လောဟု ဆဲဆိုပြီး ကျွန်တော့်အား အတင်း



ဝင်၍ ထိုးတော့၏။ ကျွန်တော်လည်း ဒေါသထွက်သွားတော့ရာ ခါးကြားတွင်ပါသော ဓားမြှောင်ကိုထုတ်ပြီး အချက်ပေါင်းများစွာ ဆင့်ထိုးတော့ရာ ဓားအောက်၌ပင် တစ်ချက်မျှ မအော်နိုင်တော့ဘဲ ခွေလဲ၍ ကျသွားတော့၏။

လူသူလေးပါးများ မြင်သလားဟု တာင်မြောက်လေးပါး အသာကြည့်ပြီးနောက် မည်သူမျှမရှိသဖြင့် ဆန်ပြုတ်သောက်ရန် ဆက်မသွားဝံ့တော့ဘဲ ရင်တဖိုဖိုနှင့်အိမ်သို့ ပြန်ပြေးခဲ့တော့၏။ အိမ်ရောက်သောအခါ အခန်းဓာတ်မီးကိုဖွင့်လျက် သွေးစက်များစင်နေသော လုံချည်နှင့်အင်္ကျီကိုချွတ်ကာ ခုတင်ဘေးရှိတန်းပေါ်တွင် တင်ပြီးနောက် အိပ်ရာထဲသို့ ပြန်ဝင်၍ အိပ်တော့၏။

နံနက်နေအတန်မြင့်မှ ကျွန်တော်၏တပည့်ဘသိန်း လက်ဖက်ရည်ပွဲထိုးရန် တံခါးခေါက်သောအခါမှ အိပ်ရာမှနိုး၍ တံခါးဖွင့်ပေးရလေ၏။ ဘသိန်းသည် လက်ဖက်ရည်ပွဲနှင့် သတင်းစာကိုထားခဲ့ပြီးနောက် ပြန်ထွက်သွားတော့၏။ ကျွန်တော်လည်း လက်ဖက်ရည်သောက်ရင်း ငါ ညက မဟုတ်တဲ့ သတ်ဖြတ်တဲ့ဝတ္ထုတွေကိုဖတ်မိလို့ ဒါလောက်ကြောက်စရာကောင်းတဲ့အိပ်မက်ကို မက်တာပဲဟု စဉ်းစားမိရင်း အိပ်မက်ထဲ ဆဲသံများကို နားက ကြားယောင်မိလျက် မိမိက ဒေါသနှင့် အရက်သမားကို ဓားမြှောင်နှင့် အချက်ပေါင်းများစွာ တအားထိုးသည်တို့ကို စိတ်ထဲက ပြန်မြင်လာပြန်တော့သဖြင့် အိပ်မက်ကို အစအဆုံး ပြန်လည်စဉ်းစားမိတော့၏။ ဤအာရုံပျောက်စေရန် သတင်းစာကို ဖတ်မည်ဟု လှမ်း၍ ဆွဲယူလိုက်၏။

ထိုအခါ အိမ်ခန်းအတွင်းရှိ ဓာတ်မီးမှာ လင်းနေသည်ကို သတိပြုမိတော့၏။ ညက မိမိအပ်ရာတွင်းမဝင်မီ မီးပိတ်လိုက်၏။ ထိုနောက် မီးကို ပြန်မဖွင့်မိချေ။ သို့ရာတွင် အိပ်မက်တွင်း၌ကား အရက်မူးသမားကို သတ်ပြီးပြန်လာခဲ့ရာ၌ မီးဖွင့်ပြီးပြန်မပိတ်ဘဲ အိပ်ရာထဲသို့ ဝင်အိပ်တော့၏။ ယခု မီးဖွင့်လျက်ရှိနေ၏။ ငါ၏အိပ်မက်သည် ငါ့အား အိပ်ရာမှ ယောင်၍ထစေပြီး လူသတ်ခဲ့စေသလော၊ အိပ်မက်မဟုတ်ဘဲ လူသတ်ခဲ့ခြင်းမှာ တကယ်ပဲလောဟု သံသယရှိလာတော့၏။

ဤသို့ အိပ်မက်ကို သံသယရှိနေစဉ် ဘသိန်းသည် အခန်းတွင်းသို့ ဝင်လာပြီးနောက် ဆရာ ထမင်းခူးပြီးပြီဟု ပြော၍ နေ့တိုင်းကဲ့သို့ အဝတ်ဟောင်းများကို ဒိုဘီပေးရန် စုဆောင်းတော့၏။ ကျွန်တော်မှာ မီးလုံးပွင့်နေသည်ကို ဘသိန်း သတိပြုမိမည်စိုး၍ 'ဟေ့–ဘသိန်း၊ ဒီကနေ့ အဝတ်တွေ ဒိုဘီမပေးနဲ့၊ နက်ဖြန်မှစုပေး၊ ငါအလုပ်သွားဖို့ ဖိနပ်ကိုသာ ဆေးမြန်မြန်တိုက်လိုက်'ဟု ပြောပြီးနောက် 'ဒီကနေ့ ဘာသတင်းထူးသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်ရာ' ကျွန်တော် ဈေးနားသွားရင်း ရုပ်ရှင်ရုံရှေ့မှာ ညက လူတစ်ယောက် သတ်သွားလို့ အလောင်းကို ခုမနက်တွေ့ရကြောင်းနဲ့ သတင်းကြားခဲ့တယ်'ဟု ပြောပြီး ပြန်ထွက်သွားရာ ကျွန်တော့်မှာ မနည်းပင် အိမ်ခြေ့လုပ်၍ နေရ၏။

ဘသိန်းထွက်သွားပြီးနောက် ညက အိပ်မက်ထဲတွင် ချွတ်ထားသော အင်္ကျီ လုံချည်များကို တန်းမှ ဆွဲကြည့်သောအခါ သွေးစက်များ စွန်းနေသည်ကို အသေအချာ မြင်ရသောအခါ ဓားရွှေးများပြန်လျက် အိပ်မက်မှာ တကယ်ဖြစ်နေသည်ကို လေးလေး နက်နက် သိရတော့၏။

စိတ်ထဲ၌ 'ငါသည် လူသတ်ခဲ့ပြီ၊ သို့ရာတွင် ငါမဖော်ဘဲ ပေါ်မည်မဟုတ်၊ သက်သေ မည်သူမျှ မရှိသဖြင့် ဒီသွေးစွန်းသောအဝတ်တို့သာ ဖျောက်ပစ်ရန် အရေးကြီးတော့ သည်'ဟု လက်ဆွဲသားရေအိတ်တစ်လုံးအထဲသို့ ထိုအင်္ကျီနှင့်လုံချည်ကိုထည့်၍ အခြား ပစ္စည်းအနည်းငယ်ထည့်ပြီးနောက် အဝတ်အစားလဲလျက် ဓာတ်မီးပိတ်ခါ သားရေအိတ်နှင့် တကွ အခန်းမှထွက်၍ ထမင်းစားပါသည်။

ဘသိန်းက 'ဆရာအလုပ်သွားမယ်ဆို၊ သားရေအိတ်ကြီး ဘာလုပ်ဖို့လဲ'ဟု မေးရာ ဟာ ဒီကနေ့ အလုပ်မသွားတော့ဘူး၊ အရေးကြီးတဲ့ကိစ္စတစ်ခု သတိရလို့ အင်းစိန်အမိန့် တော်ရ ဦးဖော့တို့အိမ်ကို သွားလိုက်ဦးမယ်။ တစ်ရက် နှစ်ရက် ကြာချင်ကြာလိမ့်မယ်ဟု ပြောပြီး ထမင်းကမန်းကတန်းစားကာ တက္ကစီတစ်စင်းငှားပြီး အင်းစိန်ကိုသွားပါသည်။

အင်းစိန်သို့ ရောက်သောအခါ ဦးဖော့အား ဗေဒင်က တစ်ညအိပ်ခရီးထွက်ရမည် ဟော၍ အဝေးကိုမသွားလိုသောကြောင့်လာခဲ့ကြောင်း' ပြောပြီး လူအလစ်တွင် အင်္ကျီနှင့် လုံချည်ကို အုတ်ခဲနှင့်လိပ်ပြီး အပေါ်က စက္ကူနှင့်သေသေချာချာထုပ်၍ ပါဆယ်ထုပ် သဏ္ဌာန် ပြုလုပ်ထားပါသည်။

နေ့လယ်အချိန်တွင် ပါဆယ်ထုပ်ကို အိမ်နှင့်မဝေးလှသော လှူပြတ်သည့် ရေကန် တွင်းသို့ချရန် အိမ်မှ ထွက်သောအခါ ဦးဖော့၏ဇနီး ဒေါ်မယ်က ဘယ်သွားမလို့လဲဟု မေးသဖြင့် စာတိုက်ကို ပါဆယ်တစ်ထုပ် ပို့စရာရှိလို့ဟု ပြောခဲ့ပြီး ရေကန်သို့သွားပါတော့ သည်။ လူပြတ်သည်နှင့် အဆင်သင့်မနသဖြင့် ကန်ထဲသို့ ပစ်ချခဲ့ပြီးနောက် ပြန်လာပါ သည်။ စိတ်ထဲ၌လည်း အတော်ပေါ့သွားပါသည်။

အင်းစိန်တွင် တစ်ညအိပ်ပြီးနောက် နံနက်အိပ်ရာထတွင် ရန်ကုန်သို့မီးရထားနှင့် ပြန်ခဲ့ပါသည်။ ဘူတာရုံတွင် တွေ့သမျှသတင်းစာများကို ဝယ်၍ တွဲထဲတွင်ဖတ်သွားရာ ရုပ်ရှင်ရုံရှေ့လူသတ်မှုမှာ သတင်းစာတိုင်းတွင် ပါလျက် ပုလိပ်တို့က လက်သည်တရားခံ



ကို စုံစမ်းလျက်ရှိကြောင်း အလောင်းတွင် စိုက်လျက်ကန်ရစ်သော ဓားမြှောင်မှတစ်ပါး အခြား သဲလွန်စ မရှိဘဲ ဓားမြှောင်တွင် 'ပျော်ဘွယ် ဆရာရှိန်'ဟူသော ဓားလုပ်သူ၏ အမည်ပါရှိကြောင်းတို့ကို ဖော်ပြပါရှိလေသည်။ ကျွန်တော့်မှာ ဓားမြှောင်ကို ကြောက် အားလန့်အားထားပစ်ခဲ့မိသည်ကို မှားလေခြင်းဟု အောက်မေ့မိသော်လည်း ဤဓားမြှောင် မှာ ဆတ်ပါးမိုင်းနားတပ်သားများကို ယမန်နှစ်က ဝေငှသော ဓားမြှောင်ဖြစ်၍ ဓားပေါင်း ၁၀၀ ကျော်သဖြင့် မည်သူ့ပစ္စည်းဟု သိနိုင်လိမ့်မည်မဟုတ်ဟု ဖြေရလေတော့သည်။

ထိုနောက် အမှုနှင့် စပ်လျဉ်း၍ ဘာသတင်းမျှ မကြားရတော့ဘဲ ငြိမ်သက်သွား တော့ရာ ကျွန်တော်လည်း စိတ်အေးသွားပြီး ထိုကိစ္စအတွက် စိတ်ချနေပါတော့သည်။ ဤသို့ (၁၀)ရက်ခန့်နေပြီး နောက်တစ်နေ့တွင် စုံထောက်ဌာနမှ ကျွန်တော့်အား အခေါ် ရောက်လာသဖြင့် ကျွန်တော်လိုက်သွားသောအခါ အင်စပက်တော်က 'ကိုခင်အောင် ခင်ဗျား လာတာ ကျေးဇူးတင်သဗျာ၊ ကျွန်တော်တို့မှာ ရုပ်ရှင်ရုံရှေ့ လူသတ်မှုအတွက် အခက် အခဲတွေ့နေရလို့ ခင်ဗျားအကူအညီကို တောင်းချင်လို့ပါ'

'ဟုတ်ကဲ့ ကျွန်တော်ကူညီနိုင်တာ ရှိရင် ကူညီပါ့မယ်'

'ဒီအမှုမှာ ဓားမြှောင်မှာပါတဲ့ ဓားဆရာနာမည်ကစပြီး စုံစမ်းလိုက်တော့ ဒီဆရာထံမှာ အစိုးရက ဓား(၁၀၀)မှာဖူးတယ်။ အဲဒီဓား(၁၀၀)မှာ ဆရာ့နာမည်တွေ ပါတာချည်းပဲ၊ ဒီဓား(၁၀၀)ကို မနှစ်က ဆတ်ပါးမိုင်းနားတပ်သားများကို ထုတ်ပေးတဲ့ အခါမှာ ခင်ဗျားတို့ရုံးက ခင်ဗျားပဲ ထုတ်ပေးရတယ်။ ဓား ၂၅ ချောင်း ပိုနေတာကို ခင်ဗျားတို့ရုံးသားတွေ ဝေယူကြတယ်လို့ သိရတယ်။ တပ်သားတွေမှာ သူတို့ ဓားများရှိ တော့ အခုထိုးတဲ့ဓားဟာ အပို ၂၅ ချောင်းထဲက ဖြစ်ရမယ်။ ဒီတော့ ကျွန်တော်တို့ စုံထောက်တို့ဟာ လူ ၂၅ ယောက်ပဲ ကျန်တော့တယ်။ အဲဒီ ၂၅ ယောက်ဟာ ဘယ်သူတွေ လည်းဆိုတာ ခင်ဗျားမှတ်မိသလောက် ပြောစမ်းပါ'ဟု မေးပါသည်။

ကျွန်တော်လည်း မှတ်မိသလောက်ပြောရာတွင် ကျွန်တော်၏နာမည်ကို ထည့် မပြောပါ။ အင်စပက်တော်က 'ကျေးဇူးတင်ပါတယ်ဗျာ' ဓားရှင်တွေရဲ့လက်ပုံစံကိုယူပြီး ယခုလူသတ်တဲ့ဓားမှာ ကျန်ရစ်တဲ့သွေးစေးနဲ့ ထင်နေတဲ့ လက်ပုံစံကိုကြည့်ရလျှင် တရားခံ ပေါ်စရာရှိရဲ့လို့ ဒီတစ်လမ်းပဲ လိုက်နေရတယ်။ ခင်ဗျားရဲ့လက်ပုံစံကလေးလည်း တစ်ဆိတ် ယူထားလိုက်ပါရစေဟု ဆိုသောအခါ ကျွန်တော့်မှာ ခေါင်းကြီးသွားပြီးလျှင် 'ခင်ဗျား၊ ကျွန်တော့်ကို လူသတ်တယ်လို့ စွပ်စွဲတာလား။ ကျွန်တော့်ကိုခေါ်ပြီး ဒီလိုလုပ်တာ ဟာ စော်ကားတာနဲ့တူတယ်။ ကျွန်တော့် လက်ပုံစံလိုချင်လျှင် ခင်ဗျား ယူနိုင်တဲ့အာဏာ

www.burmeseclassic.com

www.burmeseclassic.com



ရှိအောင် ကျွန်တော့်ကို အမှုဖွင့်ဦး'ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်ရာ အင်စပက်တာက 'စိတ်မဆိုးပါနဲ့ဗျာ၊ အတင်းယူဖို့လည်း အာဏာမရှိပါဘူး ခင်ဗျား။ တရားခံမဟုတ်သေးဘဲ၊ ကျွန်တော်က အခြားလူများလက်ပုံစံကိုယူတော့ နမူနာပြရလျှင် လွယ် မလားလို့ပါ'ဟု ကျွန်တော့်ကို ချော့၍ လွှတ်လိုက်၏။ ကျွန်တော်လည်း အမှုအတွက် စိတ်မအေးဘဲ ရုံးသို့သာ အလုပ်ဆင်းသွားရတော့၏။

ညနေအိမ်ပြန်လာသောအခါ၊ ဘသိန်းက 'ဆရာ ဒီကနေ့ စုံထောက် ၂ ယောက် အိမ်ကိုလာပြီး ကျွန်တော့်ကို စစ်မေးကြတယ်၊ မေးလိုက်တာစုံလို့၊ အဆရာအင်းစိန်သွားတဲ့ရက်ဆီကပေါ့၊ ကျွန်တော်က ဒီမှာနေတဲ့အကြောင်းပြောပြီး ဆရာမရှိတဲ့တစ်ရက်ပဲ ဒလကိုကူးတဲ့အကြောင်းကို ပြောလိုက်တယ်၊ ဆရာမရှိဘူးဆိုတာ မယုံလို့ အင်းစိန်ဦးဖော့တို့အိမ် ဆရာသွားကြောင်း ပြောလိုက်ရသေးတယ်။

ကမန်တော့်မှာကား ဝမ်းထဲ၌ ကမ္ဘာမီးလောင်စ ပြုလာတော့၏။ စုံထောက်များသည် အင်းစိန်သို့သွား၍ ဦးဖော့ အိမ်သားများကို စစ်ကြ၏။ ကျွန်တော် နေ့လည် အိမ်မှ ပါဆယ်လုပ်ရန် ထွက်သွားကြောင်း ဦးဖော့၏ဇနီးထံမှ သတင်းရ၏။ ထိုနေ့က စာတိုက်တွင် ထိုအချိန်၌ ပါဆယ်မလုပ်ရကြောင်း စာတိုက်က သက်သေခံ၏။ ဦးဖော့ အိမ်နှင့်စာတိုက်အကြားတွင် အထုပ်တစ်ထုပ် ဖျောက်ဖျက်နိုင်သောနေရာကို ရှာရာတွင် ရေကန်ကို တွေ့၏။ ရေကန်ကို ပိုက်ဆွဲရှာသောအခါ အထုပ်ကိုရသဖြင့် ဖြေသောအခါ သွေးစွန်းသောအဝတ်များကို တွေ့ရုံမက ရုပ်အင်္ကျီတွင် ကျွန်တော်၏နာမည်ထိုးထားသော တံဆိပ်ကလေးကို ကျွန်တော် မဖြုတ်မိခဲ့ချေ။

ကျွန်တော့်မှာ ပုလိပ်ဖမ်းခံရပြီး လက်ပုံစံယူလိုက်သောအခါ ဓားတွင်ကျန်ရစ်သော လက်ပုံစံနှင့်ကိုက်နေတော့သဖြင့် ကျွန်တော့်မှာ လူသတ်မှုထင်ရှားသောကြောင့် ရုံးမှကြီး ဒဏ်စီရင်လိုက်တော့၏။ ကြိုးစင်သို့ ရောက်သောအခါ ကျွန်တော်၏မျက်နှာကို အဝတ်စီး၍ လည်ပင်းကို ကြိုးကွင်းစွပ်တော့၏။ ထိုအခါ ကျွန်တော်သည် ရုန်းတော့ရာ ကျွန်တော်၏ကိုယ်မှာ ထွေးလုံးရစ်ပတ်ဖြစ်ပြီး လန့်၍နိုးလာတော့၏။ တစ်ကိုယ်လုံးလည်း ချွေးများရွှဲနေတော့၏။ ဘသိန်းလည်း ရုံးချိန်နီး၍ ကျွန်တော့်ကို လာနှိုးသည်နှင့် ကြုံကြိုက်နေတော့၏။

ထိုအခါမှ ကျွန်တော်သည် ညက အိပ်မက်မက်ပြီးနောက် နံနက်လက်ဖက်ရည်သောက်ပြီး သတင်းစာဖတ်မည်အလုပ်တွင် ထပ်မံအိပ်ပျော်သွားပြီး ညကအိပ်မက်ကို ဆက်၍မက်နေပြန်ကြောင်း သိရတော့၏။ သတင်းစာကို လှမ်း၍ကြည့်လိုက်သောအခါ



ရုပ်ရှင်ရုံရှေ့လူသတ်သွားခြင်းဟူသော ခေါင်းစဉ်ကိုမြင်ရသောအခါ သာ၍အံ့အားသင့်သွားတော့၏။

အသေအချာ ယူ၍ကြည့်သောအခါမှ သတင်းစာမှာ အင်္ဂါနေ့ထုတ် သတင်းစာဖြစ်နေ၍၊ ကျွန်တော် အိပ်မက်မက်နေသည်မှာ ဗုဒ္ဓဟူးနေ့မနက်ဖြစ်၏။ အင်္ဂါနေ့က အမှတ်မဲ့ ဖတ်သွားသဖြင့် သတိမရသော လူသတ်မှုကို တစ်ညလုံးနှင့် တနံနက်လုံး အိပ်မက်လျှောက်မက်နေသည်ကို ထိုအခါမှ စဉ်းစားမိတော့၏။ သို့ကြောင့် နောင်အိပ်ရာဝင်ခါနီးတွင် စာဖတ်လိုက ရွေး၍ဖတ်မှဟု သတိပြုမိပါသည်။

စံပယ်

မှတ်ချက်။ ။ ၁၆–၈–၄၁ ခုနေ့ထုတ် ဒီးဒုတ်ဂျာနယ်၊ အတွဲ ၁၈၊ အမှတ် ၁၅ တွင် 'စံပယ်' ကလောင်အမည်ဖြင့် အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို ရေးသားခဲ့သည့် လျှို့ဝှက်သည်းဖို ဝတ္ထုတို ဖြစ်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## အထောက်အထားပြုသော စာအုပ်စာတမ်းများ



| | |
|---|---|
| အစိုးရပြန်ကြားရေးထုတ် | တောင်သူလယ်သမား အရေးတော်ပုံ |
| ဦးဘခိုင် | မြန်မာပြည် နိုင်ငံရေးရာဇဝင် |
| တိုးတက်ရေးဦးထွန်းသန်း | မြန်မာပြည် နိုင်ငံရေးရှင်တမ်း |
| ရေနံမြေ သခင်ဗတင် | ၁၃ဝဝပြည့် အရေးတော်ပုံ |
| ဦးသန့်(ကုလ အတွင်းရေးမှူးချုပ်ဟောင်း) | ပြည်တော်သာခရီး(၁) |
| သခင်ချစ်မောင်(ဝိရှူရ) | ကျွန်ဘဝ ဗမာပြည် |
| ဆရာကြီး သခင်ကိုယ်တော်မှိုင်း | ဘွိုင်းကောက်ဋီကာ |
| ဆရာကြီး သခင်ကိုယ်တော်မှိုင်း | လေးချိုးပေါင်းချုပ် |
| ဗိုလ်မှူးဘသောင်း(မှော်သုတ) | စာဆိုတော်များ အတ္ထုပ္ပတ္တိ |
| စာပေဗိမာန်ထုတ် | မြန်မာစွယ်စုံကျမ်း အုပ်တွဲ(၈) |
| နဂါးနီစာအုပ်တိုက် | ကမ္ဘာစစ်နှင့် ဗမာ့အရေး |
| သခင်နု | ဂန္ဓာလရာဇ် |
| တက်ဘုန်းကြီးသိန်းဖေ | အရှေ့ကနေဝန်း ထွက်သည့်ပမာ |
| ကြီးမောင်(ကြေးမုံ) | သီးခြားစာဝက်ပါ (အမျိုးသားစာပေဆုရ) |
| ဆရာဦးဘချို | ကိုယ်တိုင်ပြောပြချက်နှင့် လက်ရေးစာမူများ |
| 〃 | ဂီတဝိသောဓနီကျမ်း |
| 〃 | အလင်္ကာဂီတ(နံ့သာတိုက်) |
| 〃 | မြန်မာ့ရိုးရာဂျာနယ် |
| 〃 | ဒီးဒုတ်ဂျာနယ်များ |
| ဂျီ–စီ–ဘီ–အေ | ဝံသာနုသတင်းစာများ |
| မြန်မာနိုင်ငံ စာရေးဆရာအသင်း | မဂ္ဂဇင်းများ (ဂျပန်ခေတ်) |
| လုပ်သားကြေးမုံ သတင်းစာ | အထူးထုတ် စာစောင်များ |
| ဟံသာဝတီသတင်းစာ (မန္တလေး) | ဆောင်းပါးကဏ္ဍ |


မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်မဂ္ဂဇင်းများမှ ကောက်နုတ်ချက်များ


★



ထီးလင်းမြို့တွင် ကျင်းပသော ချင်း မြန်မာ ချစ်ကြည်ရေးပွဲတော်ဖရင့်တွင်
ချင်းခေါင်းဆောင်များနှင့်အတူ မြန်ကြားရေးဝန်ကြီး ဆရာဦးဘချိုအား အမှတ်တရ




ထီးလင်း ချင်းတောင်တန်း ကွန်ဖရင့်အပြီး ချင်းရဲဘော်များအား
ချင်းခေါင်းဆောင်များနှင့်အတူ ပြန်ကြားရေးဝန်ကြီး ဦးဘချို စစ်ဆေးကြည့်ရှုနေပုံ




တပ်မတော်နေ့ပြခန်းတွင် အမှတ်တရပြသခဲ့သော ကျဆုံးခဲ့သည့်အာဇာနည်
ခေါင်းဆောင်ကြီး ဦးဘချိုနှင့် မိသားစုများပုံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ကြရသော ဆရာဦးဘချို၏ ဇနီးဒေါ်လှမေ(ကွယ်လွန်)နှင့် သား၊ သမီး မြေးများပုံ



သမီးများဖြစ်သောမင်းတိုင်ပင်အမတ်
မခင်ပု(ကွယ်လွန်)နှင့်
ယခုလက်ရှိသမီး ခင်ခင်ဦး(ယာ)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်က သတင်းစာတွေကို
ကြည့်မယ်ဆိုရင်
တိုင်းပြည်ရဲ့အကျိုးထက်
တစ်ဦးတစ်ယောက်
တစ်ပါတီရဲ့အကျိုးကို
ဦးစားပေး ရေးသားနေတာကို
တွေ့ကြရပါလိမ့်မယ်။
ဥပမာ – ၅၀၀၀ စား
ဝန်ကြီးတစ်ဦးက
သတင်းစာတစ်စောင်ကို
တည်ထောင် ထုတ်ဝေနေပါတယ်။
အဲဒီသတင်းစာမှာ အဲဒီဝန်ကြီးရဲ့
ဓာတ်ပုံကြီးနဲ့ ယှဉ်တွဲပြီး
ဘယ်ခရီးသွား ထွက်တယ်၊
ဘယ်အစည်းအဝေးမှာ
မိန့်ခွန်းပြောတယ် စတဲ့
၅၀၀၀ စား ဝန်ကြီးရဲ့ သတင်းတွေကို
အမြဲထည့်နေတယ်။
အဲဒါဟာ
လူကြော်ငြာနေတာကို
ရုပြား ပေးဝယ်ဖတ်နေရတာပဲ
မဟုတ်လား။

ဦးဒုတ်ဦးဘချို



BURMESE CLASSIC

စွယ်စုံရ အနုပညာရှင်
ဂီတသမား
ယဉ်ကျေးမှုအမွေအနှစ်ထိမ်းသိမ်းသူ
စာနယ်ဇင်းသမား
စာရေးဆရာ
ကုန်ထုတ်လုပ်သူ
နိုင်ငံရေးသမား
မျိုးချစ်စိတ်အပြည့်အဝရှိသူ
အာဇာနည်တစ်ဦး၏
လေးစားဖွယ်
ဖြောင့်မတ်သောပုံရိပ်ကို
ဖော်ကျူးခြင်း။

www.burmeseclassic.com

tk 0001 / 4500